

www.burmeseclassic.com
BURMESE CLASSIC .com
မဟူရာ
(လှိုင်ကြေး)
ချစ်မိစေသား သစ္စာထားမည်
www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လှိုင်ကော်)

ချစ်မိစေသား သစ္စာထားမည်

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၁၉၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၁၃၃၀၂၁၁

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မဟူရာ(လှိုင်ကော်)

ချစ်မိစေသားသစ္စာထားမည်/မဟူရာ(လှိုင်ကော်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁။

၃၈၄- စာ၊ ၁၂×၁၈ စင်တီ။

(၁) ချစ်မိစေသားသစ္စာထားမည်

စေတနာစာပေ၏ အမှတ်တရအစီအစဉ်

# မဟူရာ (လှိုင်ကော်)

## ချစ်မိစေသား သစ္စာထားမည်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ အချစ်နဲ့
ကိုကြီးရဲ့ ဘဝကို
ထာဝရ မြတ်နိုးစွာ
သိမ်းထားရမယ်...။
ဘယ်မှာသိမ်းထားရမလဲ
သိလား ဟင်...
မိဆယ်ရဲ့ နှလုံးသားထဲမှာ
သိမ်းထား...။



ငါ့သားရဲ့ မာနကို
ငါမသိခဲ့ဘူး...။
ငါသိတာက
ငါ့ညစွာ ခနရဲ့
ကြွယ်ဝမှုက
ဖြစ်တည်လာတဲ့
မာနကိုပဲသိခဲ့တာ...။



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုချစ်ရတဲ့
အချစ်တွေဟာ မြတ်နိုးစွာ
ရက်လကြာရှည်လွန်းခဲ့ရပါပြီ...။
မြို့သိပ်ထားရတဲ့
နှလုံးအိမ်ဟာ
ပင်ပန်းမွန်းကျပ်လွန်းလှပါပြီ...။
မင်းဟာငါ့ဘဝမှာ
ငွေလဝါဝါလေးပါ...။
မောင့်ဘဝ...
ငွေလမင်းလေးရယ်ပါ...။



အပယ်ခံဘဝတွေ
အနှိမ်ခံဘဝတွေရဲ့
ရင်ထဲက...
ကြေကွဲနာကျင်မှုတွေ
ခါးသီးနာကျည်းမှုတွေ
ခံပြင်းတုန့်ပြန်လိုမှုတွေကို
အဲသလိုအနှိမ်ခံ
အပယ်ခံတွေသာ
နားလည်စာနာနိုင်ကြတာပါ...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချစ်စိတ်သည်
အတိုင်းအဆမဲ့
ဖြစ်တည်ရပါသည့်
အချစ်မို့ ...
မြတ်နိုးခြင်းဖြင့်
အရာရာကို
ဖြေသိမ့်ယူတတ်ဖို့
နှလုံးအိမ်မဲက
အလိုလိုကြိုးစားလာတတ်သည်။



မင်းသိပ်လှတယ်ဆိုတာ
ပန်းလေးတွေသိကြပါတယ်...။
သဘာဝတရားများနဲ့
လှကြတဲ့ပန်းလေးတွေတောင်မှ
မင်းကိုဦးညွှတ်ကြရတာပါ...။
အရှုံးပေးလိုက်ကြရတာပါ...။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖြင့်...
တည်အပ်ပါသော
အချစ်သည်....
အချစ်ကိုသာ
တုန့်ပြန်ဖြစ်တည်စေနိုင်စွမ်းချေသည်...။



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# မဟူရာ
## (လှိုင်ကော်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com









ဖြူလဲဖြူဆွေး၊ ပွင့်လှာမွေးဥ
ပြိုင်ဘက်တုကင်း၊ လှအဆင်းမှာ
ပန်းရွှေကြာနှယ်၊ နုပွင့်သွယ်ရစ်
လွန်ပျိုမျစ်ပေါ် ...။

ဝါလဲ့ဝါသွေး၊ စံတားမွေးနှယ်
ထွန်းလင်းကြွယ်နူ၊ ရွှေစင်ဥသို့
မြမြိုတ်စို့နှင့်၊ ပျိုမျစ်တင့်တယ်
အလှကြွယ်ပေါ် ...။

တစ်ယောက်တည်းသာ၊ ချစ်မိပါသည့်
ငါပေါ်အချစ်၊ သစ္စာဖြစ်သော်ဝ်
ဆင်းလှတော်ဝင်၊ လှသခင်သည်
ရင်မှာတည်သည့်၊ သူ့ပေါ်အချစ်
တုံ့ပြန်လှစ်ကာ ချစ်မိပါစေ
ချစ်မိစေသား၊ သစ္စာထားမည် ...
ဪ ...
ချစ်မိစေသား သစ္စာထားမည် ...။ ။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ပန်းရုံ။

မိဆယ်၏ဘဝကို မြုပ်နှံမိခိုလိုက်ရချေမည့် ပန်းရုံသည် ထည်ဝါခြင်းများဖြင့် ကြိုလင့်ချေသည်တကား။

မိုးငွေ့များယှက်ဖြာနေသည့် အုံ့ဆိုင်းမှိုင်းညို့နေသော နံနက်ခင်းမှာ မိဆယ် ဆိုသည့် ဖြူနွဲ့နွဲ့မိန်းကလေးသည် နည်းပါးလှသော အဝတ်အထည်များ ထည့်ထားရာ သားရေအိတ်ညိုလေးကို ပိုက်ပွေ့လျက် မာစီးဒီးကားနက်နက်ကြီးထက်မှ ဆင်းသက်ခဲ့ရပါသည့်အဖြစ်။

ပြောင်လက်နေသော မာစီးဒီးကားကြီးအတွင်းမှာ ဆိုဖာအိစက်စက်ကြီးထက်၌ နောက်ခန်းမှာ ထိုင်ခဲ့ရစဉ်က ချွေးခြမ်းရနံ့တစ်မျိုးကို ကားတွင်းမှာပဲ ရှူရှိုက်ခံစားခဲ့ရသည်။ ကားထဲမှာ ရေမွှေးများ ဖျန်းထားသလားဟု မိဆယ် တွေးမိရသည်ပါပဲ။

ကားရှေ့ခန်းမှာ မောင်းနေပါသည့် ဦးကြီး ဦးထင်အောင်ကလည်း တိတ်ဆိတ်စွာပဲ မောင်းနှင်ခဲ့သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက ခေါ်လွတ်လိုက်သည်ဟု ပြောတာပဲရှိသည်။ ဘွားဘွားဆိုတာကို မိဆယ် တစ်ခါဖူးမျှ တွေ့မြင်ခဲ့ရဖူးတာ မရှိ။

တကယ်တော့ ပန်းရဂုံဆိုတာရော၊ ဘွားဘွားဆိုတာရော ဖေဖေ ပြောပြခဲ့ဖူးသည့် ပန်းရဂုံမှာရှိသော ဖေဖေ့မောင်နှမများ ဆိုတာကိုရော မိဆယ် ဘယ်တုန်းကမျှ တွေ့ဖူးခဲ့တာမရှိ။

အားလုံးသည် မိဆယ်အတွက် သူစိမ်းများနှယ်ပင်ရှိခဲ့သည့်အဖြစ်။

ယခုတော့ ထိုပန်းရဂုံဆိုသည့်အရပ်။ ဖေဖေ မွေးဖွားကြီးပြင်းခဲ့သည်ဆိုသော နေရာသို့ မိဆယ်သည် တစ်ယောက်တည်းသောအင်အားဖြင့် ‹ရောက်ရှိခဲ့ရချေပြီတကား။

“ပန်းရဂုံကိုရောက်ရင် ဘယ်တော့မှ၊ ဘယ်သူ့ကိုမှ အရှုံးမပေးရဘူးနော်၊ ကြားလား သမီး၊ မိဆယ် ဆိုတာ ဘယ်တော့မှ မြုပ်သွားရတယ်ဆိုတာ မရှိတဲ့ သဘောကိုဆောင်တာ၊ သူများတွေ နစ်နေ မြုပ်နေရင်တောင်မှ မိဆယ်က ဆယ်တင်ပေးတယ်ဆိုတဲ့ သဘော၊ သူများကို ဆယ်ပေးရတဲ့သူက ကိုယ့်ဘဝကို အမြုပ်ခံလို့ ဘယ်ဖြစ်မလဲ၊ ဖေဖေ့သမီးဟာ ဖေဖေ့သွေးနဲ့ ဖေဖေ့မာနကို အမွေအဖြစ် ယူထားရမှာ၊ ဖေဖေမရှိလို့ဆိုပြီး အားမငယ်ရဘူး၊ ဘယ်သူ့ကိုမှလဲ မကြောက်ရဘူး၊ ပန်းရဂုံဟာ ဖေဖေ့မိဘတွေရဲ့အိမ်၊ မိဆယ်ရဲ့ဘွားဘွားရှိနေတဲ့အိမ်”

ဟု ဖေဖေ မဆုံးခင် တစ်ညမှာ ပြောခဲ့တာကို မိဆယ် မမေ့။



အဆုတ်ကင်ဆာဟူသော ဝေဒနာသည် ဖေဖေ့ထံမှ ဝိညာဉ်တစ်ခုကိုသာ နုတ်ယူသွားနိုင်ခဲ့ပေမယ့် ဖေဖေ့ထံမှ မာနနှင့် အားမာန်များကိုမူ အရှုံးပေးသွားခဲ့ရသည်ပဲ။

သေအံ့မူးမူး ဝေဒနာသည်းနေသည့် အချိန်တွေပင် ဖေဖေ့မျက်ဝန်းများသည် မှိန်းဖျော့ခဲ့ခြင်း အလျဉ်းမရှိ။ တောက်ပနေဆဲ။ မျက်နှာထက်တွင် တည်ငြိမ်ခြင်းနှင့်အတူ သေမင်းကိုရင်ဆိုင်နိုင်စွမ်းသည့် အားမာန်တွေရှိနေဆဲ။

သေရမည်ကို ကြောက်ရွံ့ချောက်ချားရိပ်များ ဖေဖေ့မျက်နှာထက်မှာ ရှာမတွေ့။

ပြုအပ်သည်ကို ပြုခဲ့မည့်သူ တစ်ယောက်၏ တည်ငြိမ်ခြင်းများဖြင့်သာ မိဆယ်၏ နောင်ရေးနှင့် ရပ်တည်မှုအတွက်ကို ဖေဖေ စီစဉ်ပေးခဲ့သေးသည်။

ဘယ်တုန်းကမှ ဘွားဘွားနှင့် ပန်းရဂုံဆိုတာကို ပြောပြခဲ့ဖူးခြင်း မရှိသည့် ဖေဖေသည် မောင်နှမများနှင့် ပတ်သက်၍ နှုတ်ဆိတ်ခဲ့သည်။ ဒါပေမဲ့ သေရမည်ကို နားလည်ထားသည့်ကာလတွင် ဆယ့်တစ်နှစ်အရွယ် သမီး မိဆယ်ကို စိတ်ချစွာထားနိုင်ခဲ့မည့် နေရာမှာ ပန်းရဂုံ၏အရိပ်၊ ဘွားဘွား၏အရိပ်ဆိုတာကို ဖေဖေ နားလည်ထားသည်မို့ ...။ ပန်းရဂုံသို့ မိဆယ်ကိုပို့ဖို့ ဆုံးဖြတ်စီမံခဲ့သည်ပါပဲ။

“သမီးရဲ့ဘွားဟာ ဖေဖေနဲ့ မေမေ့ကို သဘောမမျှခဲ့ဘူး၊ အထူးသဖြင့် ဖေဖေ့အစ်မကြီးနဲ့ ဖေဖေ့အစ်ကိုကြီးတို့က ပိုပြီး တူးတူးခါးခါး ဖြစ်ခဲ့တယ်၊ သမီးရဲ့မေမေဟာ ပန်းရဂုံရဲ့ အစေအပါး ဖြစ်နေတာကိုး၊ ဒါကြောင့် ဖေဖေချစ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းမကို၊ ဖေဖေ ယူခဲ့တယ်၊ သူတို့က အဆက်ဖြတ် အမွေဖြတ်တော့လည်း ဖေဖေ ဘာမှမခံစားခဲ့ရဘူး၊ သမီး မေမေ သမီးလေးနှစ်သမီးအရွယ်မှာ ဆုံးခဲ့တုန်းကလည်း ဖေဖေ သမီးလက်ကိုဆွဲပြီး ပန်းရုံကို ပြန်မသွားခဲ့ဘူး ...

"ဒါပေမဲ့ သမီးရယ်၊ အခုက ဖေဖေ သွားရတော့မှာ၊ တမလွန်ဆိုတဲ့ အရပ်ကို ဖေဖေ သွားရတော့မှာ၊ သမီးကို ဖေဖေ ပန်းရုံကိုပဲ ပို့ခဲ့ထားခဲ့ရမှာ ဖြစ်တော့မှာ၊ ဒါပေမဲ့ အဲဒီအဖြစ်ဟာ ဖေဖေ သေပြီးမှပဲ ဖြစ်ရမယ် သမီး၊ ဖေဖေ အသက်ရှင်နေသရွေ့ ဖေဖေ့သမီးဟာ ဖေဖေ့ဆီမှာပဲ ရှိနေခဲ့တယ် ဆိုတာကိုတော့ ဖေဖေ့ယောကျ်ား မာနနဲ့အတူ ဖေဖေ့တမလွန်ဘဝထိကို သယ်ယူသွားချင်တယ်"

ဟု ဖေဖေ ပြောခဲ့သမျှတွေကို မိဆယ် မျက်ရည်များ ပြည့်သိပ်လျှံလှဆဲ ဝေဒနာဖြင့် နားထောင်ခဲ့ရသည် မဟုတ်ပါလား။ ဖေဖေမကြိုက်သည့် မျက်ရည်ကျခြင်းမျိုးကို ဖေဖေ့ရှေ့မှာ မိဆယ် မပြုခဲ့ပါ။ ဒါပေမဲ့ ဖေဖေသေမှာကို မိဆယ် အရမ်းချောက်ချားခဲ့ သည်မှာ အမှန်ပါ။

မိဆယ်မှာ ဖေဖေပဲ ရှိတာပဲလေ။ ဒါပေမဲ့ ကင်ဆာ ဆိုသော ရောဂါသည် သေမင်းကို အံတု၍မရကြောင်း ဖေဖေ သေချာရှင်းပြခဲ့သည် မဟုတ်ပါလား။

အိပ်ရာထက်မှာ ဖေဖေ လဲလျောင်းရင်း မိဆယ်ကို ဖေဖေသည် သူ၏နောက်ဆုံးအချိန် နီးကပ်လာချိန်ကျမှ ထိုရောဂါ နှင့် ထိုရောဂါ၏ ဆိုးရွားမှုကို မိဆယ် နားလည်အောင် အေးဆေး ညင်သာစွာပဲ ရှင်းပြခဲ့သည်။



ပထမ မိဆယ် ငိုတော့ ဖေဖေ မိဆယ်၏ဆံစလေး များကို သပ်တင်ပေးကာ ...

"မငိုရဘူး သမီး၊ လူအားဖြင့် ဖေဖေ မရှိတော့ပေမယ့် ဖေဖေ့စိတ်ဝိညာဉ်က သမီးကို စောင့်ရှောက်မှာပေါ့။ ကိုဒေါင်း ကလေးကို အသိပေးမှ ဖြစ်မှာမို့ အသိပေးလိုက်ရပြီဗျာ၊ ကျွန်တော် ပြောတဲ့ လိပ်စာအတိုင်းသာ ကျွန်တော့်ရက် လည်ကိစ္စပြီးရင် အကြောင်းကြားပေးပါ၊ ကျွန်တော်ပေး ထားတဲ့စာကို ကျွန်တော့်အမေ့လက်ထဲ ရောက်ဖြစ်အောင် ကြိုးစားပေးပါဗျာ၊ အမေဟာ သူ့မြေးကိုတော့ ရက်စက် ဖြတ်တောက်ရက်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်နား လည် ယုံကြည်ထားပါတယ်၊ မိဘမဲ့ မြေးလေးကို စောင့် ရှောက်မှာပါ"

ဟု ဖေဖေအိပ်ရာထက်မှာ နံရံကိုကျောမှီ၍ ခပ်လျော့ လျော့ထိုင်ရင်း ပြောလည်းပြော၊ ချောင်းလည်း အရမ်းဆိုးချလိုက် ပြီး ထွေးခံထဲသွေးတွေအန်ခဲ့တာကို မိဆယ် ငိုရင်းကြည့်။ ဖေဖေ့ကို မွေ့ကာ သွေးတွေ သုတ်ပေးခဲ့တာကို နာကျင်ကြေကွဲနေသော ရင်ဖြင့် တစ်သက်တာ မေ့နိုင်တော့မှာ မဟုတ်။

"အမေဟာ ပန်းရုံက ဒေါ်မမကြီးရဲ့ မြေးတစ်ယောက်၊ တွယ်ရာမဲ့ ဖြစ်နေတယ်၊ သူများကို အားကိုးနေရတယ်ဆို တဲ့ အဖြစ်မျိုးကိုတော့ ဘယ်နည်းနဲ့မှ အဖြစ်ခံမှာ မဟုတ် ဘူး ကိုဒေါင်း၊ မျိုးရိုးဂုဏ်မာနနဲ့ပဲဖြစ်ဖြစ်၊ အနည်းဆုံး တော့ သမီးလေး မိဆယ်ကို ပန်းရုံမှာ ခေါ်ကိုခေါ်ထား မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိဆယ်၏မျက်နှာလေးကို အတန်ကြာကြည့်ကာ ပြောခဲ့သည့် ဖေဖေ။

"သေသွားပြီဖြစ်တဲ့ သားကို ချစ်တဲ့စိတ်နဲ့ ကြေကြေကွဲကွဲ ခံစားရင်းလည်း မိဆယ်ကို အသနားပိုပြီး ဂရုစိုက်မယ် လို့လည်း ကျွန်တော် နားလည်ထားတယ်၊ မေမေ့မှာမာန ရှိသလို၊ မေတ္တာလည်း ကြီးတယ်ဆိုတာ ကျွန်တော် သိ ထားတာကိုး၊ အမေက သူသဘောမတူတဲ့ အကျင်ကို ယူ ခဲ့လို့သာ မာနကြီးကြီးနဲ့ ကျွန်တော့်ကို ပစ်ပယ်ခဲ့ပေမယ့် ကျွန်တော့်ကို မေ့နိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိ တယ်"

ဟု ဖေဖေ ဦးကြီးဒေါင်းကို ပြောခဲ့သည်လေ။

နောက်တစ်နေ့ နေ့လယ်မှာ ဖေဖေသည် မိဆယ်၏ လက်ကို တင်းနေအောင် ဆုပ်ထားကာ၊ အိမ်နီးချင်း ဦးကြီးဒေါင်း ရွတ်ဆိုပေးနေသည့် တရားစာကိုမှတ်ရင်း ပြင်းထန်ဆိုးရွားသော ကင်ဆာရောဂါ၏ ဝေဒနာကို ခံစားရင်းဖြင့်ပင် မိဆယ်ကို ထား ရစ်ခဲ့သည်။ ဖေဖေ ပြောခဲ့သော တမလွန်ဆိုသည့် အရပ်သို့ ဖေဖေ ထွက်ခွာ သွားခဲ့ပါ၏။

ဖေဖေ့ ရက်လည်ဆွမ်းကိစ္စကို ဦးကြီးဒေါင်းနှင့် ဒေါ်ကြီးမြမေတို့ အစစလုပ်ကိုင်၊ ဦးဆောင်စီမံပေးခဲ့သည်ပါပဲ။

ဖေဖေ့ ရက်လည်ဆွမ်းကိစ္စကို ဦးကြီးဒေါင်းနှင့် ဒေါ်ကြီးမြမေတို့ အစစလုပ်ကိုင်၊ ဦးဆောင်စီမံပေးခဲ့သည်ပါပဲ။

ဖေဖေ မှာထားသည်မို့ မိဆယ် အော်ဟာစ်ငိုယိုတာမျိုး လည်း မလုပ်ခဲ့။



ဖေဖေ၏ဓာတ်ပုံကြီးကို နံရံမှာ မော့မော့ကြည့်ရင်း ရင်ထဲမှာပဲ အရမ်းကို အော်ငိုနေမိခဲ့ရသည့်အဖြစ်။

တကယ်လည်း ဦးကြီးဒေါင်းသည် ဘွားဘွားထံသို့ သွားတွေ့ခဲ့နိုင်ခဲ့သည်ပါပဲ။

ယခုတော့ မိဆယ်သည် အနက်ရောင် မာစီးဒီးကား ကြီးထက်မှာ သားရေအိတ်ဟောင်းလေးနှင့် ဖေဖေ့ဓာတ်ပုံကြီး ကို ပိုက်၍ ပန်းရဂုံသို့ ဘွား၏အစီအမံဖြင့် ရောက်ခဲ့ရချေပြီ တကား။

ရေပန်းများ လှပစွာ မိုးယံသို့ မော့မော့ကြီး ထိုးတက်၊ ဖွားဖွားကျနေသည့် ရေကန်ငယ်။

လှပအသွေးစုံသော ပန်းဥယျာဉ်ကျယ်ကြီးနှင့် မြက် ခင်းကျယ်ကြီးများ။

အုံ့ဆိုင်းစွာ ပေါက်နေသည့် စိမ်းမြမြ အပင်တန်း များ။ ဖွေးဆွတ်နေသောပန်းများ ဖူးပွင့်ဝေနေရာ စံကားဖြူ ပင်တန်းများ။

နီရဲခံ့ထည်သော နှစ်ထပ်အဆောက်အအုံမြင့်မြင့်ကြီး နှင့် ရှိနေသော ပန်းရဂုံ၏ ကြီးမားခံ့ထည်ခြင်းများ။

တိုင်လုံးကြီးများ ကြီ [illegible] ားမားဖြင့် ရှိနေသော ဆင်ဝင်ကြီးအောက်မှာ အနက်ရောင်ကားကြီး ငြိမ့်ခနဲ ထိုးရပ်လိုက် မှုများ။

အားလုံးသည် မိဆယ်အတွက် အသစ်အဆန်းတွေ ချည်း ဖြစ်နေသည့် ကြုံကြိုက်ဖြစ်တည်ရမှုများသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင်ဖြင့် ကြိုဆိုသူ အလျဉ်းမရှိ။ ကြီးမားနေပိတ်နေသော မှန်တံခါးရွက်ကြီးသည် ငြိမ်သက်ခြင်းနှင့်အတူ မိဆယ်ကို ကြိုလင့်၏။

ဤကား မိဆယ်၏ပန်းရဂုံခရီးအစ ရောက်ရှိရခြင်း၏ ဘာဝသာတည့်။

မှ



## အခန်း(၂)

မှန်တံခါးရွက်ကြီးဆီမှ လျှပ်စစ်ခေါင်းလောင်းခလုတ်ကို ဦးတင်မောင် နှိပ်လိုက်တော့ ခဏပဲကြာသည်။ မှန်တံခါးရွက်ကြီး ပွင့်လာလျက် တုတ်ဖိုင့်ဖိုင့်နှင့် အဒေါ်ကြီးတစ်ယောက်၏ ပြုံးချိုသောမျက်နှာနှင့် စတင်ကြိုလင့်မှုကို မိဆယ် ဆုံစည်းကြုံကြိုက်လိုက်ရပါ၏။

အဝတ်အစားတွေက ချည်ချောထည်များပေမယ့် သပ်ရပ်သန့်ရှင်းသည်။ နက်မှောင်သော ဆံပင်တွေကို လိပ်ခွဲဘီးကြီးဖြင့် ဘီးကျော့ပတ်ထား၏။

မိဆယ် ရောက်လာမည်ဆိုတာကို ကြိုတင်သိထားပုံမျိုးဖြင့် ပြုံး၍လည်း မိဆယ်ကို ကြည့်သည်။ အကြည့်တွေထဲမှာ ချစ်ရိပ်တွေပြည့်လျက် မျက်ဝန်းတွေမှာ မျက်ရည်သည်လည်း ဆွဲဝေ့သီသီရှိသည်။

"ကိုလေးရဲ့သမီးလေး လာမယ်ဆိုတာ အစ်မကြီးက ကျွန်မကို မနက်ကတည်းက ပြောပြထားတာ၊ ခုလို ကလေးကို မြင်လိုက်ရပြန်တော့လည်း ကိုလေးကို လွမ်းလိုက်တာ ကိုတင်မောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လွမ်းလွမ်းတတ ပြောသည်။ နောက်တော့ မျက်တောင်ကို ဖျတ်ခနဲ ခတ်လိုက်ကာ နှုတ်ခမ်းမှာ ပြုံးရိပ်သန်းစေလျက် မိဆယ်၏လက်လေးကို လှမ်းဆွဲသည်။ လက်တွင်းမှ သားရေအိတ်ကို ယူသည်။

"ဒေါ်ကြီးက ကလေးကို မျှော်နေတာ၊ မိုးတွေရွာတော့မှာမို့ တံခါးပိတ်ထားရပေမယ့်၊ မြည်လာမယ့် လူခေါ်ဘဲလ်အသံကို စောင့်နေတာ၊ ကဲ ... ကလေး၊ လာ ... လာ၊ ကလေးရဲ့ဘွားဘွားဆီ သွားကြရအောင်"

ဟု ပြောပြီး မိဆယ်ကိုခေါ်တော့၊ နောက်ပါးဆီမှ ဦးတင်မောင်လည်း လိုက်လာသည်။

မိဆယ်၏လက်တွင်းမှာ ပွေ့ပိုက်ထားသည့် ခတ်ပုံကြီးကို ဒေါ်ကြီးမှ အကဲခတ်သလို တစ်ချက်ကြည့်၏။ ဖေဖေ့ကို ထိုဒေါ်ကြီး သိထားခဲ့ပြီး၊ ပန်းရဂုံမှာ အတူတကွ နေခဲ့ကြချေမည်ဟု မိဆယ် တွေးမိလျက်မှ ...

"ဖေဖေ့ကို ဒေါ်ကြီး သိလား"

ဟု တစ်ချက်မေးတော့ ဒေါ်ကြီးမှ မျက်ရည်ဝဲလျက် ...

"ကိုလေးက သဘောကောင်း စိတ်ဖြူတဲ့လူပဲ၊ ဒေါ်ကြီးဖြင့် သတိရလိုက်တာကွယ်၊ ကိုလေး ပန်းရဂုံက ထွက်မသွားခင်ကတည်းက ဒေါ်ကြီးက ဒီအိမ်မှာ အလုပ်လုပ်နေခဲ့ပြီပဲ"

ဟု ခပ်တိုးတိုး ပြောပြသည်။

ဖေဖေနှင့်ပတ်သက်တဲ့တွေ တော်တော်များများကို ဒေါ်ကြီးထံမှာ မိဆယ် မေးရ၊ ကြားရချေဦးတော့မည်ဆိုတာကို



နားလည်လျက် ဖေဖေ့ကို တမ်းတစိတ် လွမ်းစိတ်ဖြင့် တစ်ချက် မျက်ရည်ဝဲချင်သည်။

"လာ ... လာ ... ကလေးရဲ့ဘွားက ကလေးကို စောင့်နေတယ်"

ဟု ပြောပြီး ဒေါ်ကြီးမှ ဦးဆောင်၍ အပေါ်ထပ်သို့ တက်သော လှေကားကြီးအတိုင်း ခေါ်သွားတော့ မိဆယ် နောက်မှလိုက်လာခဲ့ပါ၏။

ဦးကြီးဦးတင်မောင်ကတော့ ယခုတိုင် ဘာမျှမပြောသေး။ နှုတ်နည်းစွာပဲ နောက်ပါးမှ လိုက်လာသည်။

အိမ်ကြီးမှာ ကြီးမားခံ့ထည်သည်နှင့်အမျှ အခန်းခန်း အဆောင်ဆောင်နှင့် ရှိနေပေမယ့် မိဆယ်ကို ကြိုဆိုသူဟူ၍ လောလောဆယ်မှာတော့ ဒေါ်ကြီးပဲ ရှိနေသည်။

ပြီးတော့ မိဆယ်ကို ကြိုခဲ့ ခေါ်ခဲ့သူ ဦးကြီး ဦးတင်မောင်ပဲ ရှိနေသည်။ အိမ်နှင့်မမျှအောင်ပဲ အရမ်းကို တိတ်ဆိတ်လွန်းနေသည့် ပန်းရဂုံသို့ စတင်ရောက်ရသည့် ခရီးအစသည် မိဆယ်၏ရင်ကို အားအင်မဖြည့်စွမ်းနိုင်ခဲ့။

ဖေဖေနှင့် နေခဲ့ရပါသည့် အိမ်ငယ်လေးကိုသာ လွမ်းတနေစေသည်ပါပဲ။

ပန်းရဂုံသို့ ရောက်ရှိလာရခြင်းသည် အထီးကျန်ဘဝကို အစပျိုးရခြင်း၏ ပထမဆုံးနေ့တစ်နေ့အဖြစ် မိဆယ်၏ရင်ထဲသို့ ခံစားနားလည်နေစေသည့်နှယ်ပါတကား။

"လာ ... လာ ကလေး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ကြီးလှည့်ခေါ်ကာ ကျွန်းတံခါးရွက်ကြီးကို အညင်အသာပဲ ဒေါ်ကြီး တွန်းဖွင့်သည်။ ထိုစဉ်အခိုက်မှာပဲ မိုးက ဖြိုကျလာသည့်အလား တဝေါဝေါ ရွာချလာသည့်အဖြစ်။ သွပ်မိုးထက်သို့ မိုးတွေသွန်ချသည့်အလား သဲာသော ဖြိုင်ဖြိုင် ရွာချလာပါ၏။

မှန်ပြတင်းများအားလုံး ပိတ်ထားလျက် အပြာနုရောင် ပိုးခန်းဆီးများ ချထားရာ အခန်းကျယ်ကြီးတွင်းဝယ် ဇီဇဝါပန်း၏ ရနံ့က မွှေးမြစွာ လွှမ်းခြုံနေ၏။

ရင်ကိုအေးမြစေသော ပန်း၏ရနံ့။

မှို့ရပ်မိုးမှောင်တို့ကြောင့်ထင့်။ စောစောကတည်းက မည်းညို့နေသော မိုးရိပ်တွေကြောင့် လျှပ်စစ်မီးကို အခန်းကျယ်ကြီးထဲမှာ ထွန်းထားခဲ့ဟန်တူသည်။ အခန်းသည် လင်းလင်းချင်းချင်းဖြင့် ရှိနေ၏။

အခန်းကျယ်ကြီး၏ ဘယ်ဘက်နံရံဘက်မှာ ရှေးလက်ရာခုတင်ကြီးတစ်လုံး ရှိနေလျက် ခုတင်ထက်မှာ ခေါင်းအုံးတွေကို ဆင့်မှီထိုင်နေပါသည့် ဘွားကို မိဆယ် ပထမဆုံးအကြိမ် စတင်တွေ့မြင်လိုက်ရပါချေပြီတကား။

ဖြူဖွေးနေသော ငွေရောင်ဆံနွယ်မျှင်များကို ဘီးကျောပတ်ထားလျက် ထူထဲသော ကတ္တီပါအနက်ထည်ကြီးကို ဝတ်ထားလျက် ဖြူဖျော့နေသော အသား အရေဖြင့် ရှိနေပါသည့် ဘွား။

နက်မှောင်လျက် တောက်ပနေသော မျက်ဝန်းများကျတော့ ဖြူဖျော့ဖျော့ အသားအရေနှင့် ဆန့်ကျင်စွာ လက်တောက်နေသည်ပါပဲ။



ထိုမျက်ဝန်းများကို မိဆယ် မြင်ဖူးသည်။ ဟုတ်သည်။ မြင်ဖူးသည်။ ဖေဖေ့ထံမှာ။

ပြီးတော့ မှန်ရိပ်မှာ ထင်တတ်ပါသော မိဆယ်၏ မျက်ဝန်းများမှာ။

ထိုသို့ လက်တောက်လျက် တဖိတ်ဖိတ် အရောင်ပြေးနေသော မျက်နက်ဝန်းများကို မိဆယ် တွေ့ခဲ့ရသည်ပဲလေ။

“မြေးလေးကို ခေါ်ခဲ့ပါကွယ်၊ ဘဲလ်သံကြားလိုက်ကတည်းက ရောက်လာပြီဆိုတာ သိတယ်၊ ဒါကြောင့် လှဲအိပ်မနေတော့ဘဲ ထိုင်စောင့်နေမိတာ၊ မလှိုင် ကလေးကို ခေါ်ခဲ့ပါဦး၊ မြေးလေး ဘွားဆီ လာပါဦးကွယ်”

ဟု ခေါ်သံသည် အားအင်မရှိလှပေမယ့် တုန်တုန်ခါခါ ဖြစ်မနေ။ တည်ငြိမ်နေသည်။

မိဆယ်ကို မျက်တောင်မခတ်ဘဲ ငေးငေးစိုက်စိုက်လည်း ကြည့်နေသည်ပါပဲ။

ဖေဖေ့အမေ ...။ မိဆယ်၏အဘွား ...။

မိဆယ်ဘဝမှာ ပထမဆုံးအကြိမ် စတင်တွေ့ဆုံရပါသည့် မြေးအဘွား၏ဆုံစည်းခြင်းသည် ပျော်ရွှင်ဖွယ်အတိဖြင့် ရှိမနေနိုင်စွမ်းခဲ့။

အဖေဆုံးပါးခဲ့ရပါသည့် သမီးငယ်တစ်ဦး၏ဖခင်ကို တမ်းတ ကြေကွဲနေရပါသော ခံစားမှုများဖြင့် အိပ်ရာထက်မှာရှိနေပါသော အဘွားဖြစ်သူထံ သွားရပါသည့် မိဆယ်၏ခံစားမှုသည် မည်သို့ပေါ့ပါးကြည်စင်စွာ ပျော်ရွှင်ဖွယ်အတိဖြင့် ရှိနိုင်စွမ်းပါမည်တဲ့လဲ။

www.burmeseclassic.com



မြေးကို စတင်တွေ့မြင်ရပါသည့် ဘွားသည်လည်း သား၏ဆုံးပါးခဲ့သည့်အဖြစ်ကို ရင်မှာပိုက်လျက် ကြိုလင့်ရသည်ပဲ။

ပြင်ပတွင် မိုးကလည်း သည်းသည်းထန်မှု လေနှင့်ရောလျက် ပြိုကျသလို သွန်ချရွာနေဆဲ။

"မြေး ..."

နူးညံ့သော ဘွား၏ခုတင်ထက်မှာ မိဆယ်ကို ထိုင်စေလျက် မိဆယ်၏လက်တွေကို ထွေးဆုပ်ကာ ဘွားခေါ်သည်။ နောက်တော့ ဆံစလေးများကို သပ်တင်ပေး၏။

မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်၍ တစိမ့်စိမ့်ကြည့်၏။

"အင်း ... မျက်လုံးနဲ့နှုတ်ခမ်းကဖြင့် သားငယ်အတိုင်းပါပဲလား မလွှိုင်ရယ်၊ ကြည့်စမ်း ... အဖေတူသမီးလေး"

ဟု တစ်ချက် ခပ်ညည်းညည်းပြောသည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်သည်။ မျက်ရည်ကိုမချ။ ဝဲနေသည့် မျက်ရည်ကို ထိန်းထားနိုင်သည်။

"ရက်လည်ကိစ္စတောင်မှ ပန်းရဂုံကို တာဝန်မပေးဘဲ သူ့နည်းနဲ့သူ့ဟန်၊ စီမံခဲ့တာကိုက မာနကို သေတဲ့အထိယူသွားတာပါလား သားငယ်ရယ်၊ အင်း ... မထူးပါဘူး မလွှိုင်ရယ်၊ ငါတို့ကလည်း မာနပြိုင်ခဲ့ကြတာပဲလေ၊ အမေဖြစ်တဲ့ ငါတောင်မှ သူ ပြန်လာမှ ပန်းရဂုံတံခါးကိုဖွင့်ပေးလိုက်တဲ့အဖြစ်ပဲ ဖြစ်စေမယ်လို့ မာနကြီးနေမိခဲ့တာကလား၊ ခုတော့ သားလုပ်သူကလည်း သေစရိတ်တာဝန်တောင်မှ



မပေးဘဲ ကင်းအောင်နေပြသွားခဲ့တာ၊ အေးလေ သူ့အစ်ကိုနဲ့ အစ်မတွေကို နာလွန်းဘာကြောင့်လည်း ဖြစ်မှာပေါ့လေ"

ဟု တစ်ယောက်တည်း ညည်းသလို ခပ်ညည်းညည်း ပြောနေသမျှ ဒေါ်ကြီးလှိုင်မှမျက်ရည်ကျရင်း နားထောင်နေရှာသည်။

ဘွားကတော့ ခန်းဆီးစများချထားရာ ပြတင်းဘက်ကို ခပ်ငေးငေး ကြည့်နေဆဲ။

"အင်း ... ပန်းရဂုံက အိမ်သားတစ်ယောက်တော့ဖြင့် လျော့ပါပေါ့လား သားငယ်ရယ်၊ မင်း လျော့သွားပါပေါ့လား၊ မာနကြီးတဲ့ သား၊ ပန်းရဂုံရဲ့အရိပ်မှာ မသေဘဲ၊ မင်း ပြတ်သားသွားခဲ့ပါပေါ့လား"

ဟု ပြောနေခိုက် ဒေါ်ကြီးလှိုင် ဘယ်လိုမှ ထိန်းမရနိုင်စွာ မျက်ရည်ကျနေသည်။

ဘွား၏အသံက ဆို့ဆို့နင့်နင့်နိုင်၏။ မျက်တောင်ကို တဖျပ်ဖျပ် ခတ်နေသည်။ ဒါပေမဲ့ မျက်ရည်များ ဖြာခနဲကျလာကြပါချေ၏။

မိဆယ် ခေါင်းကလေး ငုံ့ကျလိုက်ကာ တိတ်ဆိတ်စွာပဲ မျက်ရည်ကျနေမိပါ၏။

မျက်ရည်မကျရဘူးလေ သမီးရဲ့ ... ဟု ဖေဖေပြောချင်နေလေမည်လား။

ဖေဖေ့ကို လွမ်းစိတ်ဖြင့် မိဆယ် မျက်ရည်ကျပါရစေ ဖေဖေရယ် ... ဟု တောင်းပန်ချင်ပါသည် ဖေဖေ။ ဖေဖေပြောထားသည်လေ။ ဝိညာဉ်အားဖြင့် ဖေဖေသည် မိဆယ်ကို စောင့်ရှောက်နေမည်ဟု။ မိဆယ် အပါးမှာ ရှိနေမည်ဟု။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ဘွားထံမှာ မိဆယ်ရောက်လာနိုက်။ ဖေဖေ့ကို ဘွားမှ တမ်းတပြောနေသမျှကို ဖေဖေ ကြားချေမည်ဟု မိဆယ် ယုံကြည်နေမိသည်။

ဖေဖေ ရှိနေမည်ဟု ယုံကြည်ထားစိတ်ကြောင့်လည်း ထိုယုံကြည်ခြင်းသည် ပို၍ ခိုင်မာလာရပါသည် ဖေဖေ။

"ဒီမနက်မှ မြေးလေး ဘယ်မှာရှိနေတယ်၊ ပြီးတော့ မြေးရဲ့ဖေဖေ၊ ဘွားရဲ့သားငယ် ဆုံးခဲ့ရှာပေါ့ ဆိုတာတွေကို ဘွားသိခဲ့ရတာ၊ ချက်ချင်းပဲ တင့်မောင်နဲ့ သွားခေါ်နိုင်းခဲ့တာ၊ ကဲ ... ကဲ ... မြေးလေးကို အနားယူစေဦး မလှိုင်၊ ခေါ်သွားပါကွယ်၊ ကလေးကို အားမငယ်စေနဲ့၊ ကလေးဆီမှာ အဖော်လုပ် ကြားလား၊ မြေးလေး ဘွားကိုကြည့်စမ်း"

ဟု ဒေါ်ကြီးလှိုင်ကို ပြောနေရာမှ မိဆယ်ကို တစ်ဆက်တည်း ပြောလာတော့ ဘွားပြောသလိုပဲ မိဆယ် ဘွားကို ကြည့်မိရပါ၏။ ဘွား ပြုံး၍ မိဆယ်ကိုကြည့်သည်။

ဆံစလေးများကို တယုတယ သပ်တင်ပေးသည်။ နဖူးလေးကို ငုံ့နမ်းသည်။

"ဘွားဟာ မြေးလေးရဲ့ ဖေဖေကို မွေးခဲ့တယ်၊ မြေးရဲ့ဘွားဘွားပဲ၊ အားမငယ်ရဘူး၊ မြေးမှာ ဖေဖေမရှိတော့ပေမယ့် ဘွားရှိတယ်၊ ဟုတ်လား ... အခု မြေးရဲ့အခန်းကို မလှိုင် လိုက်ပို့ပေးလိမ့်မယ်၊ လိုက်သွား၊ ရေနွေးနဲ့ရေချိုး၊ ညနေစာကို ဘွားနဲ့ မြေးနဲ့ တူတူစားကြတာပေါ့"

ဟု ပြောသည်။ နောက်တော့ ဒေါ်ကြီးလှိုင်ကိုကြည့်လျက် ...



"မလှိုင် ... ငါ့ ဆေးတစ်လုံးယူပေးစမ်းပါ၊ ရေဖန်ချိုင့်ထဲက ရေလည်းယူခဲ့၊ ဆေးသောက်မှဖြစ်မှာ"

ဟု ရင်ကိုတစ်ချက်နှိပ်၍ ပြောတော့ ဒေါ်ကြီးလှိုင် ချက်ချင်းစိုးရိမ်ပုံဖြင့် ...

"နလုံးက အောင့်နေတာ သိပ်ဆိုးနေသလား အစ်မကြီးရယ်၊ စိတ်ကိုထိန်းမှပေါ့၊ ကလေးလည်း ရောက်နေပြီပဲ"

ဟု ပြောတော့ ရင်ကိုတစ်ချက် ဘွားဖိလျက်မှ ခေါင်းကို ခပ်လေးလေးယမ်းသည်။

"ငါက သားငယ်ကို အမွေပြတ်ကြေညာခဲ့တာ မလှိုင်၊ ခုတော့ သူက ငါ အထင်တကြီးနဲ့ ကြေညာခြိမ်းခြောက်ခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို ပြက်ရယ်ပြုပြီး ထွက်သွားခဲ့ပြီလေ၊ ငါဟာ ... ငါမွေးခဲ့တဲ့ ငါ့သားရဲ့အကြောင်းကိုတောင်မှ နားမလည်နိုင်တဲ့ ခပ်ညံ့ညံ့ အမေတစ်ယောက်ဖြစ်နေတယ် မလှိုင် ...

"ဥစ္စာမနေဟာ အဓိကလို့ထင်ပြီး အမွေပြတ်တောင် ငါ ကြေညာခဲ့တာ၊ သူက ပန်းရဂုံက ပစ္စည်းတွေကို လာယူဖို့မဆိုထားနဲ့၊ သူ့နောက်ဆုံးခရီးရဲ့ ရက်လည်ကိစ္စအထိ ငါ့ကို တာဝန်မပေးခဲ့၊ ပန်းရဂုံကငွေကို မထိခဲ့အောင် အမွေပြတ်ခံ သားအဖြစ် ပြတ်သားပြခဲ့တာ၊ ငါ့ရင်ထဲ မချိလိုက်တာ မလှိုင်ရယ်၊ ငါ့သားရဲ့မာနကို ငါ မသိခဲ့ဘူး၊ ငါသိတာက ငါ့ဥစ္စာမနေရဲ့ကြွယ်ဝမှုက ဖြစ်တည်လာတဲ့ မာနကိုပဲ သိခဲ့တာ ... သိခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန်အက်နေသော အသံဖြင့် မချိတရိပြောရင်းမှ ဘွား မျက်ရည်များ ပြိုကျလာရှာပါပြီတည်း။

"ခုတော့ သူ့သမီး ငါ့မြေးကိုစိတ်ချနိုင်မယ့်နေရာ ပန်းရဂုံပဲရှိတာမို့ သူ အပ်ခဲ့တာ၊ အမေဖြင့် သားရဲ့နောက်ဆုံးခရီးကိုမှ ပို့ခွင့်မရ၊ သိခွင့်မရတာ ရင်ထဲအထိဆုံး၊ မချိရဆုံးပါပဲ သားငယ်ရယ်"

ဟု ပြောရင်းမှ မိဆယ်ကို တင်းနေအောင် ပွေ့၍ ရှိုက်ကြီးတငင် ငိုရှာခိုက်မှာ မိဆယ်သည်လည်း ဖေဖေ့ကိုလွမ်းစိတ်၊ ဖေဖေနှင့်အတူ ပြန်နေလိုစိတ်၊ ဖေဖေ့ရင်ခွင်မှာ တိုးဝင်ရလိုစိတ်များဖြင့် ဘွား၏ရင်မှာ ခေါင်းဝင်တိုးရော့ ဖက်တွယ်မိလျက် ငိုကြွေးမိရပါပြီတည်း။



## အခန်း(၃)

"ကိုလေး သမီးလေးက မျက်နှာထားလေးကိုက ကိုလေးပုံအတိုင်းပါပဲကွယ်၊ သမီးလေးနာမည်က ဘာတဲ့လဲ၊ ဒေါ်ကြီးကိုလိုတာပြောနော်၊ ဗိုက်ဆာနေပြီလား"

ပါးဖောင်းဖောင်းအိအိတွေ စုံ့စုံ့တက်အောင် ပြုံး၍ ကြင်နာစွာပြောသည့် ဒေါ်ကြီး၏လက်တွေကတော့ဖြင့် မိဆယ်ကို ရှင်မီးအကျီဖြူဖြူလေးကို ဝတ်ပေးနေလျက် အလုပ်ရှုပ်နေသည်ပါပဲ။

ရေနွေးဖြင့် မိဆယ်ကို ရေချိုးဖို့ ဒေါ်ကြီးပဲ စီမံပေးသည်။ လက်ကိုင်လေးပါလျက် အဖျားပိုင်းမှာ ရေပန်းထွက်နိုင်ရာ အပေါက်လေးများပါသည့် ကော်သားနှင့်တူသော ရေချိုးလက်ကိုင်ပစ္စည်းလေးသည် မိဆယ်အတွက် အထူးအဆန်းဖြစ်ခဲ့ပေမယ့် မထူးဆန်းသလိုပဲ ခပ်တည်တည်လေး နေခဲ့သည်လေ။ ဒေါ်ကြီးကတော့ မိဆယ်၏အမူအရာလေးတွေကို ရေချိုးပေးနေရင်းဖြင့်ပင် သဘောတကျကျဖြင့် ရှိခဲ့သည် မဟုတ်ပါလား။ ရေပေါက်ရေဖွားတွေ အရှိန်နှင့်ထွက်ရာ လက်ကိုင်ပါသည့် ရေချိုးရ

www.burmeseclassic.com

www.burmeseclassic.com



သည့်ပစ္စည်းသစ်တစ်ခုကို မြင်ဖူးနေကျပုံလေးဖြင့် မျက်နှာလေး တည်နေသည့် မိဆယ်မှာ ရင်ထဲကတော့ ရေမွှေးတွေ ထွက်ကျ လာသည့်အဖြစ်ကို အံ့သြခံစားနေမိရတာ အမှန်ပါ။

ယခုတော့ ရေမိုးချိုး အဝတ်အစားလဲပြီးခဲ့ပြီ။

"ဒီအဝတ်တွေက အစ်မကြီးက သွားဝယ်နိုင်းထားတဲ့ အဝတ်တွေပေါ့ ကလေးရဲ့၊ သမီးရဲ့ဘွားက သမီးလေးကို ကိုတင်မောင် သွားခေါ်ဖို့ အခေါ်လွှတ်ချိန်မှာ ဒီခြံက ကိုသိန်းနဲ့ ဂါဝန်တွေ အဝယ်လွှတ်လိုက်တာ၊ ကိုသိန်းရဲ့ မိန်းမ ခင်ထွေးတောင် ပါသွားရဲ့၊ ခင်ထွေးပဲ ဝယ်ခဲ့ရတာ ခပ်ပွပွ ဝယ်ခဲ့တာတဲ့၊ ခင်ထွေးက ကလေးရဲ့ပုံပဟန်ကိုမှ မတွေ့ဖူးသေးဘဲကိုး၊ အင်း ... ခုတော့ဖြင့် အတော်ကြီး ပွတတတော့ရှိသား၊ ဒါပေမဲ့ ဒီအဖြူရောင်ဂါဝန်လေးက တော့ဖြင့် သမီးလေးနဲ့ လိုက်နေတာ အမှန်ပဲ"

အားငယ်နေမည့် ကလေးကို အတန်အတင့် အား တက်လာအောင် ကြိုးစားပမ်းစားပဲ ဒေါ်ကြီး ပြောနေရှာခြင်းပါ။

ကလေး၏အာရုံမှာ အားရှိလိုနှင့် နေတတ်ထိုင်တတ်၊ နေရဲထိုင်ရဲလာအောင် ရင်းနှီးမှု ရယူနေသည့် သဘော။

"ဟော ... မှန်ထဲ ကြည့်လိုက်စမ်းပါဦး၊ လှလိုက်တာကွယ်၊ ခုလို ပွပွဖားဖားကြီး ဆိုတော့လည်း တစ်မျိုး ဘိုဆန်တာ ပေါ့ ကလေးရဲ့၊ ရှေးခေတ်ကိုပြတဲ့၊ အဲ ... ရိုက်ထားတဲ့ ဗီဒီယိုကားထဲမှာဖြင့် မင်းသမီးလေးတွေက ခုလိုပဲ ပွပွဖား ဖား ရှည်ရှည်ကြီးတွေ ဝတ်ကြတာကွယ့်၊ အဲ ... စကား ကောင်းနေမိလိုက်တာ၊ ကလေးရဲ့နာမည်က ဘာတဲ့၊



အစ်မကြီး အခန်းက ထွက်ခါနီးမှာ ကလေး ပြောခဲ့သေး တာပဲ၊ ဒါပေမဲ့ နာမည်ကို မေ့နေမိပြန်ပြီ"

ဟု ပြောတော့ မိဆယ် မှန်ထဲမှအရိပ်ကို တစ်ချက် ကြည့်မိသည်။

"မိဆယ်"

ခပ်တိုးတိုး မိဆယ် ဖြေ၏။ မှန်ထဲမှ အဖြူရောင် ပိုးဂါဝန်ပွပွကြီးကို ဝတ်ထားသည့် မိဆယ်၏အသွင်သည် ဖြူနွဲ့နွဲ့ နှင့် အထူးအဆန်းလို ဖြစ်နေသည်။ အဖြူရောင် ပိုးဂါဝန်ဆိုတာ မျိုးကို ဘယ်တုန်းက မိဆယ် ဝတ်ရဖူးလို့လည်းလေ။

မိဆယ်မှာက ကျောင်းစိမ်းထဘီနှင့် အင်္ကျီဖြူနှစ်စုံ။

ပါတိတ်စဖြင့် ချုပ်ထားသော ဂါဝန်တစ်ထည်။ ချည်သားထဘီနှင့် ပွင့်ရိုက်ချည်သားအင်္ကျီလေးက ခပ်နွမ်းနွမ်း နှစ်ထည်။ ဒါမျိုးပဲရှိသည်။

ယခုလို လှပပျောင်းအိလျက် နူးညံ့လွန်းသည့် ပိုး ဂါဝန်လေးကို ဝတ်ထားရတာကိုက ထူးဆန်းနေသည်။

မိဆယ်၏မျက်နှာလေးကို မှန်ထဲမှာ မြင်နေရပေမယ့် မိဆယ် မဟုတ်သလိုပဲ ခံစားရသည်လေ။ အစလေးက ပိုးသား မို့လားမသိ။ ပေါ့ပေါ့ပါးပါး နိုင်သည်။ ဝတ်ထားရတာကိုက ပျောင်းအိပေါ့ပါးလျက်ရှိနေ၏။

"သြော် ... ဟုတ်ပါရဲ့ မိဆယ်၊ အင်း ... လှတယ်၊ နာမည် လေးက ချစ်စရာလေး ကောင်းတယ် ကောင်းတယ်"

ဟု ဒေါ်ကြီး ပြောတော့ မိဆယ် တစ်ချက်အကဲ ခတ်သလိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်၏ အမည်ကိုများ လှသည်တဲ့။ တကယ် ပြောခြင်းမှ ဟုတ်ချေရဲ့လားလေ။

မိဆယ်၏ အတန်းဖော်သူငယ်ချင်း နွဲ့နွဲ့ယဉ်ကဖြင့် မိဆယ် ဆိုတာ ဘာမှန်းလဲ မသိဘူးဟု ပြောင်နောက်နောက် လုပ်ခဲ့ချင်သည်ပဲ။ မလှပသော နာမည်တစ်ခုအဖြစ် ပြောချင်သည် လေ။

ခုတော့ ဒေါ်ကြီးက မိဆယ်၏အမည်ကို လှသည်တဲ့။

"အဖေက ပြောတယ်၊ မိဆယ် ဆိုတာ အရှုံးမပေးဘူး ဆိုတာတဲ့"

ဟု ပြောပြချင်နေပေမယ့် ဒေါ်ကြီးကို မိဆယ်မပြော ပြမိတော့။

ဒေါ်ကြီးက လူကြီးပဲလေ။ ဖေဖေ ဤနာမည်လေး ကို ပေးခဲ့တာကို ဒေါ်ကြီး သဘောပေါက် နားလည်ချေမည်ပေါ့။

"ဆာပြီလား မိဆယ်၊ ဘာဟင်းကြိုက်လဲဟင်၊ ဒေါ်ကြီး ဒီနေ့ ပုစွန်တုပ် ချက်ထားတယ်၊ မိဆယ်ရဲ့ဖေဖေ ကိုလေး ကဖြင့် ပုစွန်တုပ်ကို သိပ်ကြိုက်တာ၊ အကျင်ကလည်း အချက်ကောင်း၊ မိဆယ်ရဲ့မေမေက ဟင်းချက်ကောင်း ကွယ့်"

ဟု ဒေါ်ကြီး ပြောနေခိုက်မှာပင် တံခါးဝမှာ လူရိပ် လာထင်၏။

"ကဲ ... ဒေါ်လှိုင်၊ အဲဒီကလေးကိစ္စနဲ့ပဲ ပြီးမနေနဲ့ဦး၊ အိမ် ပြန်ရောက်တော့ ခင်ထွေးပဲ မီးဖိုထဲမှာ အလုပ်များနေတာ တွေ့ရတယ်၊ နွားနို့ပူပူတစ်ခွက် မောင့်အတွက် လုပ်ပို့ပေး



ဦး၊ ဒီကလေးတစ်ယောက်တည်းကိုပဲ လူရေးလူရာသွင်း အချိန်ဖြုန်းမနေနဲ့ဦး"

အသားဖြူဖြူ ကိုယ်ဟန်နွဲ့နွဲ့နှင့် မျက်ဝန်းများ လက်တောက်နေသော မျက်နှာထားမာသည့် အမျိုးသမီးတစ်ဦး။ လေသံက မာဆတ်ဆတ်နိုင်၏။ မိဆယ်ကို ကြည့်သည့်အကြည့် တွေထဲမှာ နှစ်လိုကြင်နာရိပ် ကင်းစင်၏။

"ရုပ်ကိုက အကျင် အတိုင်းပဲ၊ မျက်လုံးနဲ့ပါးစပ်ကတော့ ခေါင်းမာတဲ့ သူ့အဖေအချိုး၊ ခုမှလာကောင်းစားနေလိုက် တာ"

တစ်ချီတည်းနှင့် မိဆယ် ရင်ထဲမှာ စွဲသွားအောင် နားလည်လိုက်ရသည်က ဤအမျိုးသမီးကြီးသည် မိဆယ်ကို မချစ်ဟူ၍ပါ။

"ကလေးခများ အားငယ်နေရှာမှာပါ ခင်မညိုရယ်၊ အစ်မ ကြီးက ကလေးကို စိတ်ထဲ နေတတ် ထိုင်တတ်အောင် နေရဲအောင် တရင်းတနှီးနေဖို့ မှာထားတာ"

ဟု ပြောတော့ ဒေါ်ကြီးကို ခင်မညို၊ နှုတ်ခမ်းလေး တွန့်ရုံမျှ ခပ်ကွေးကွေးလေး ပြုံးကြည့်လျက် မျက်ခုံးကိုတွန့် သည်။

"မေမေက ဖြတ်ပြီးသားကြိုးကို ပြန်ဆက်နေတာကိုး၊ အလကား ... သူ ရှိနေတာ ပန်းရဂုံရဲ့မျိုးဂုဏ် နိမ့်တယ် ဒေါ်လှိုင်ရဲ့"

ဟု တိုဆတ်ဆတ် ပြောပြီး ချာခနဲ လှည့်ထွက်တော့ ဒေါ်ကြီး ခေါင်းခါသက်ပြင်းရှိုက်ကျွန်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မိဆယ်ကို ငဲ့ကြည့်သည်။

မျက်နှာငယ်လေးနှင့် ဖြစ်မနေဘဲ ခပ်စူးစူးလေး နံရံကို စိုက်ကြည့်နေသည့် မျက်ဝန်းစူးလက်လက်လေးတွေကို အတန်ကြာ ဒေါ်ကြီး ကြည့်၏။ နှုတ်ခမ်းက တင်းနေသည်။ မျက်ဝန်းမှာ မျက်ရည်မရှိ။ မာကျောကျောနိုင်သည့် အကြည့်တွေဖြင့်ပဲ နံရံကို စုပြုံကြည့်နေသည့် ကလေး။

ဒေါ်ကြီး အတန်ကြာ ကြည့်နေရာမှ စတင်၍ ခပ်တိုးတိုး ရယ်သည်။

မိဆယ်၏ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့၍ ...

"တကယ့် ကိုလေးရဲ့သွေး အစစ်ပဲဟေ့၊ ကောင်းတယ်၊ ကောင်းတယ်"

ဟု ရယ်လျက် ပြောလည်းပြော။ မိဆယ်၏ကိုယ်လေးကို ခပ်တင်းတင်းလည်း ပွေ့၏။

ပွေ့နေရင်းမှာ ဒေါ်ကြီးသည် တိုးတိတ်စွာပဲ မျက်ရည်ကျလာပြန်သည်။

ကိုလေး အတိုင်းပါပဲလား၊ စိတ်ကြီးလိုက်တဲ့ ကလေး ဟု တိုးတိုးပြောနေသံကို မိဆယ် ကြားနေရဆဲပါ။ ဖေဖေ့ကို ဒေါ်ကြီး အတော်ကြီး ချစ်ရှာချေလိမ့်မည်ဟု နားလည်မိပြန်၏။ မငိုရဘူးလို့ ဖေဖေက မှာထားတယ်ဟု နောင်မှ ပြောပြလိုက်တော့မည်လေ။

❁ ❤ ❁



## အခန်း(၄)

ဘွားအခန်းသို့ မိဆယ် ခြေဖျားထောက်ပုံစံလေးဖြင့် ခြေသံမကြားအောင် ဝင်ကြည့်စဉ်ခိုက်မှာ ဘွားသည် မျက်ဝန်းများ မှေးပိတ်ကျလျက် အိပ်ပျော်နေပြီ။

ဘွား နိုးသွားမှာစိုးစိတ်ဖြင့် ခြေသံမကြားအောင်ပဲ မိဆယ် အခန်းတွင်းမှ ပြန်ထွက်ခဲ့ပါ၏။ ဒေါ်ကြီးကတော့ဖြင့် အောက်ထပ်သို့ ဆင်းသွားပြီ။

စောစောက တွေ့ခဲ့ရသည့် ဒေါ်ခင်မမညို ဆိုတာ ဖေဖေ့အစ်မဟူ၍ ဒေါ်ကြီးက ခပ်တိုးတိုး ပြောပြသွားခဲ့၏။ ကြီးကြီးဟု ခေါ်ပေါ့ဟု ဒေါ်ကြီးက ပြောခဲ့ပေမယ့် ထိုဒေါ်ခင်မမ ညို ဆိုသည့် အမျိုးသမီးကြီးကို [illegible]ဟုပင် မခေါ်ချင်ဘဲ ရင်ထဲမှာ မုန်းနေမိတာ အမှန်ပါ။

ဒေါ်ကြီး မီးဖိုဆောင်ထဲမှာ ရှိနေမှာ သေချာသည်။

ကြီးကြီး ဒေါ်ခင်မမညို မှာထားသည့် နှင်းနို့ပူပူပို့ပေးဖို့ သွားလုပ်ကိုင်နေချေမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဆင်းနေဖို့ ဒေါ်ကြီးက ပြောသွားခဲ့တာမို့ မိဆယ် အပေါ်ထပ်မှ လက်တောက်နေသော လက်ရန်းများဖြင့် ပွတ်လုံးလှလှများရှိသည့် လှေကားကြီးအတိုင်း ဆင်းလာခဲ့သည်။

စောစောက ရွာချထားသော မိုးသည်လည်း တိတ်သွားခဲ့ပြီ။

မိုးရေများ စိုစွတ်နေသော ခြံဝင်းကျယ်ကြီးမှ မြက်ခင်းကျယ်ကြီးထက်မှာ မိဆယ် ဆက်လျှောက်လာမိပါ၏။ မြက်ခင်းက စိမ်းမြလျက် ကော်ဇောကြီးနှင့် တူနေသည်။ မိဆယ်တို့နေထိုင်ရာ အိမ်ရှေ့လမ်းဘေးမှာ ပေါက်နေသည့် မြက်များနှင့် မတူ။ ထိုးထိုးထောင်ထောင်နှင့် ရှိမနေ။ အားလုံးသည် ညီညာလျက် စိမ်းစိမ်းပိတ်မျှ ဖြစ်နေကာ အရမ်းကို နူးညံ့နေသည်။

ကလေးပီပီ မိဆယ်မှာ စိတ်ထဲရှိသည့်အတိုင်း ဖိနပ်လေးချွတ်၍ မြက်ခင်းထက်မှာ နင်းနေမိရင်း နူးညံ့သော မြက်ခင်း၏ အထိအတွေ့ကို နှစ်သက်ကြည်နူးနေမိရပါ၏။

ခြံထဲမှာ နှင်းဆီခင်းတွေက အခင်းလိုက် အသွေးစုံစွာရှိနေ၏။

ပန်းတိမ်ငိုပန်းဖြူတွေကလည်း အခင်းလိုက် ပေါင်လိုက် လှပစွာ ရှိနေကြသည်။

ပြီးတော့ ... ဇီဇဝါပန်းဖြူတန်းသည်လည်း ဥယျာဉ်လေးကို ပေါင်ခတ်သလို စိတ်ကူးတရ ကန့်ကာထားသော ပုဏ္ဏရိက်ပင်တန်းအနီးမှာ စီတန်းစွာ ပေါက်နေကြလျက် ဖွေးဆွတ်မွေးပျံ့စွာ ခဲနေအောင် ပွင့်ဝေနေကြချေ၏။



ပန်းတိမ်ငိုပန်းနှင့် ဇီဇဝါပန်းကို ဖေဖေ အရမ်းနှစ်သက်သည်။ ဘုရားပန်း ပူဇော်တတ်စမြဲ။

ဖေဖေ ချစ်နှစ်သက်သော ပန်းများသည် ဤပန်းရဂုံ အိမ်ကြီးရှိရာ ဥယျာဉ်မှာ ပွင့်နေ ရှိနေကြချေသည်တကား။

ဖေဖေ့ကို တမ်းတစိတ်ဖြင့် ဥယျာဉ်လေးရှိရာသို့ မိဆယ် လျှောက်ခဲ့မိပါ၏။

ဇော်မွှားပန်းများ၊ ဟော်လန်သစ္စာပန်းများ၊ မြေစိုက်သစ်ခွပန်းလှလှများထက် ဇီဇဝါပန်းခင်းတန်း ရှိရာသို့ မိဆယ် လျှောက်လာမိရပါ၏။

မိုးရေများ စိုစွတ်သည် ဆိုခြင်းထက် စိုနစ်နေသော ဥယျာဉ်ထက်မှ ပန်းခိုင်လေးများက ညွတ်ညွတ်နွဲ့နွဲ့ ရှိနေပါ၏။

ဖွန်ပန်းရုံကြီးအနီးမှာ ခါးတကုန်းကုန်းနှင့် မြေဆွနေသည့် ဦးလေးကြီးတစ်ယောက်ကို မိဆယ် ထိုအခါမှ တွေ့ရသည်။ စောစောက မိဆယ် လှမ်းကြည့်ရာဘက်မှဆိုလျှင် အုံကောင်းလွန်းသည့် ဖွန်ပန်းရုံကြီး၏တစ်ဖက်မှာ ရှိနေတာမို့ မမြင်နိုင်ခဲ့။

မိဆယ်၏ခြေသံကြောင့်ထင့်။ ဦးလေးကြီး လှမ်းကြည့်သည်။ မိဆယ်ကိုတွေ့တော့ ပြုံးလာလျက်မှ ...

"အံမယ် ... မိန်းကလေးက ငါ့မိန်းမ ရွေးဝယ်လာတဲ့ အဝတ်တွေနဲ့ တယ်ချောနေပါလားကွ၊ ဟော ..."

ဟု တရင်းတနှီး နှုတ်ဆက်လာတော့ မိဆယ်မှာ ဂါဝန်လေးကို ရှက်စနိုးလေး ငုံ့ကြည့်မိလျက်မှ ပြုံးမိရပါ၏။

"ငါ့ကိုလေးသမီးကတော့ဖြင့် ချောလိုက်ချက်ကွာ၊ အရုပ်လေး သော့ခပေးထားသလိုပဲဟော့၊ တကယ့် ကြွေရုပ်လေးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အေး ... ညည်း ဒီနေ့ရောက်လာမယ်ဆိုလို့ ငါတော့ ဝမ်းသာမိနေတာ၊ စောစောက မိုးကြီးနေတာမို့ ခြံနောက်ကတန်းလျားထဲ ရောက်နေလို့ ညည်းကို မတွေ့လိုက်ရတာ၊ အေး ... ပန်းတွေ လိုချင်ရင် ဦးကြီးကိုပြော ဟုတ်လား၊ ခု ပန်းလိုချင်လို့လား၊ ဘာပန်းခူးမလဲ၊ ခူး ... နှင်းဆီဆိုရင်သာ လက် ဆူးစူးမစိုးလို့ ဦးကြီး ခူးပေးမယ်"

ဟု ပြောနေတော့ မိဆယ် ရင်ထဲမှာ ဦးကြီးကို ခင်သွားမိရသည်ပါပဲ။ ဤဦးကြီးအကြောင်းကို စောစောကပဲ ဒေါ်ကြီးပြောပြထားသည်။ မိဆယ်၏အဝတ်ကို သွားဝယ်ပေးသည်က ဒေါ်ခင်ထွေး။ ကားဖြင့်လိုက်ပို့သည်က ဦးသိန်း။ ဟုတ်သည်။ မိဆယ် မှတ်မိသည်။ ဤဦးကြီးသည် ဦးသိန်း။ ဦးကြီးသိန်းဟု မိဆယ် ခေါ်မည်။

ဖေဖေ့ကို ဦးကြီးသိန်း ချစ်လိမ့်မည်ဟု မိဆယ် ထင်သည်။ မိဆယ်ကို ကြည့်သည့်အကြည့်တွေထဲမှာ ချစ်ခင်ရိပ်တွေ ပြည့်နေသည်ပဲ။

စောစောက မိဆယ်တွေ့ခဲ့ရသည့် ကြီးကြီး ဒေါ်ခင်မမညို၏ မျက်လုံးတွေနှင့် တခြားစီ။

"မိဆယ် ... ဇီဇဝါပန်းတစ်ပွင့် ခူးမယ်နော် ဦးကြီး"

ဟု ပြောတော့ ဦးကြီးသိန်း ခေါင်းညိတ်သည်။

"ဖေဖေက ဇီဇဝါပန်းကို သိပ်ကြိုက်တာ"

မိဆယ် ပြောပြမိစဉ်ခိုက် ဖေဖေ့ကို တမ်းတစိတ်ဖြင့် ရင်ထဲမှာ ငိုနေချင်မိသည်။ ဒါပေမဲ့ ဖေဖေမှာထားသလိုပင် မျက်ရည်မကျအောင် တင်းထားမိရပါ၏။



မိဆယ်ကို ဦးကြီးသိန်း တစ်ချက်ကြည့်၏။ သက်ပြင်းရှိုက်လိုက်တာကို မြင်ရသည်။ နောက်တော့ ခပ်လေးလေးကြီး ...

"ဦးကြီး သိတာပေါ့ ကလေးရယ်၊ ကိုလေး ဇီဇဝါပန်းကြိုက်တာ၊ ညည်းအမေ အကျင်လည်း ဇီဇဝါပန်း ကြိုက်တာပဲ"

ဟု ရီဝေသော မျက်ဝန်းများဖြင့် ဇီဇဝါပန်းရုံတန်းကိုကြည့်ရင်း အသံတုန်အက်အက်ဖြင့် ပြောရှာသည်။

မေမေသည်လည်း ဇီဇဝါပန်းကို ကြိုက်သည်တဲ့။

မေမေနှင့် ပတ်သက်၍လည်း မိဆယ် ထပ်ကြားရပြန်ပြီ။ ဖေဖေသည် မေမေ့ကို အရမ်းချစ်လျက် တမ်းတစွာပဲ မေမေ့ဓာတ်ပုံကို မှန်ပေါင်သွင်းကာ အရိပ်ကြည့်သလို ကြည့်တတ်ခဲ့ပေမယ့် မိဆယ်ကို မေမေနှင့် ပတ်သက်တာတွေ သိပ်မပြောပြတတ်ခဲ့။

မေမေနှင့်ပတ်သက်၍ တစ်ခါတစ်ခါမှာ ...

"သမီးမေမေက အဝါရောင်သိပ်ကြိုက်တာ၊ သမီးအတိုင်းပါပဲ၊ သမီးက အမေတူနေတယ်"

ဟု ပြောဖူးပြီးတာနှင့် မျက်ရည်ဝဲတက်လာကာ ချက်ချင်း အခန်းတွင်းသို့ ဝင်သွားတတ်သည်။ မေမေ့အကြောင်းပြောမိတိုင်း ဖေဖေ မျက်ရည်ဝဲဝဲလာတတ်တာကို မိဆယ် မှတ်မိနေမိရ တတ်သည်ပဲ။ နောက်ဆုံးတော့ ဖေဖေသည် မေမေ့အကြောင်းတွေကို ပြောပြနိုင်ရန် ကြေကွဲသည့်ဒဏ်ကို မခံနိုင်တော့တာမို့ မပြောဘဲ ထားလိုက်ပုံရသည်။ အိမ်နီးချင်း ဦးကြီးဒေါင်း၏ မိန်းမ ဒေါ်ကြီးမြမေမှ ...

www.burmeseclassic.com



"ညည်းအမေက အကျင်ကို သိပ်ချစ်တာ၊ သူ့အကြောင်း စကားဆုံလို့ စပ်မိတာနဲ့ မျက်ရည်ဝဲလာရော၊ သူ့ခမျာချစ်ရလွန်းလို့ ကြေကွဲတမ်းတရတဲ့ဒဏ်ကို မခံနိုင်ဘဲ ဖြစ်နေရှာတာ၊ အကျင်ရဲ့အကြောင်းတွေကိုတောင် မပြောနိုင်တော့တာကြည့်"

ဟု ပြောခဲ့တာမို့ ကြေကွဲသည့်ဒဏ်ဆိုသည့် စကားကို ရင်ထဲမှာ မိဆယ် စွဲသွားမိရသည်ပါပဲ။ မိဆယ် လေးနှစ်သမီးမှာ မေမေ အပြင်းဖျားပြီး ဆုံးသည်တဲ့။

ဖျားသည်မှ နှစ်ရက်ပဲကြာသည်တဲ့။ ရုတ်ခနဲ ကောက်ဖျား။ အရမ်းကို အဖျားကြီးပြီး ရက်မကြာဘဲ ရုတ်ခနဲ ဆုံးပါးသည်အထိ ဖြစ်ခဲ့တာမို့ ဖေဖေ့ခမျာ အရူးကြီးလို ဖြစ်သွားခဲ့ရသည်ဟု ဒေါ်ကြီးမြမေက မိဆယ်ကို ပြောပြောပြတတ်ပါ၏။ ညဘက် ရေချိုးမှားပြီး ဖြစ်တာကို ဒေါ်မြမေ ပြောပြ၍သာ မေမေဆုံးပါးရခြင်းသည် ဖျား၍ဆိုတာ မိဆယ် သိခဲ့ရသည်။ ဖေဖေကတော့ သေသည်အထိ မေမေ့ဓာတ်ပုံလေးကို မြတ်နိုးစွာ တကြည့်ကြည့်နှင့် နေသွားခဲ့ပေမယ့် မိဆယ်ကို မေမေ့အကြောင်း သိပ်မပြောပြခဲ့တော့။

ယခုတော့ဖြင့် ဖေဖေနှင့် မေမေ ချစ်သော ဤဇီဇဝါပန်းများ ပွင့်လန်းရာ ပန်းရုံတွင် မိဆယ်သည် ဖေဖေနှင့် မေမေတို့အကြောင်းကို ကြားရချေဦးတော့မည်။ ဦးကြီးသိန်းမှ ဇီဇဝါပန်းဖြူဖြူလေးကို ရိုးတံရှည်နှင့် အရွက်စိမ်းမြမြတို့ပါအောင် ပန်းညှပ်ကတ်ကြေးဖြင့်ဖြတ်၍ မိဆယ်ကိုပေး၏။



အပွင့်ကြီးကြီးဖြင့် အရမ်းကိုလှသော ဇီဇဝါပန်းဖြူဆွတ်ဆွတ်တစ်ပွင့်။ ဇီဇဝါပန်း၏ ပွင့်ဖတ်လွှာသည် အရမ်းကိုနုးညံ့ထွေးအိချောသည်ပဲ။

ရနံ့သင်းသင်းသည် ဝန်းကျင်ဝယ် လွှမ်းမိုးနိုင်စွမ်းချေသည့်အဖြစ်။

ထိုအခိုက်မှာပဲ တဘုတ်ဘုတ်အသံကို ကြားရတာမို့ မိဆယ် နောက်ဘက်ကို လှည့်ကြည့်တော့ အနက်ရောင်ဒူးဆစ်ဖုံး ဘောင်းဘီတိုနှင့် အဖြူရောင်စပို့ရှပ်ကို ဝတ်ထားသည့်ကောင်လေးတစ်ယောက်၊

မိဆယ်ထက် နည်းနည်းတော့ ကြီးမည်ထင်သည်။ မျက်နှာတွင် ခပ်လျှောင်လျှောင် အပြုံးတစ်ခုကို မြင်ရ၏။

မိဆယ်ကိုကြည့်ပြီးမှ မိုးရေကြောင့် ပေကျံနေသော ရွှံ့ပေဘောလုံးကို မြေပြင်မှာ အဆက်မပြတ်ပုတ်နေရင်းမှ ဦးကြီးသိန်းကို ကြည့်လျက် ...

"ဒီနေ့ရောက်တဲ့ ကောင်မလေး မဟုတ်လား၊ အခန်းထဲမှာ ဖေဖေနဲ့ မေမေတို့ ပြောနေတာ ဘိုဘို ကြားခဲ့ရတယ်၊ သူက အစေခံမရဲ့သမီးဆို၊ ဘိုဘို့ဦးလေးရဲ့သမီးဆို၊ ရှိုးတွေမိုးတွေနဲ့ပါလား ဦးဦးသိန်းရ၊ ဘွားက ဦးလေးကို အမွေဖြတ်ထားတာတဲ့၊ မေမေ ပြောနေတာပဲ"

ဟု ပြောတော့ ဦးကြီးသိန်းမှ ....

"ဒီလို မပြောရဘူးလေ၊ ဘိုဘိုနဲ့ မိန်းကလေးနဲ့က မောင်နှမပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်မကောင်းသလို ပြောတော့ ကောင်လေး ခေါင်းခါသည်။

"မောင်နှမ မတော်ချင်ပါဘူး။ သူက အစေခံရဲ့သမီးပဲ၊ အောက်တန်းစား"

ဟု ပြောနေရင်းမှ မျက်ခုံးကိုတွန့်၍ မိဆယ်ကိုကြည့်သည်။ မိဆယ် ဘာမှပြန်မပြော။ ခပ်စူးစူးလေးပဲ ဘိုဘိုကို တုံ့ပြန်ကြည့်သည်။ ဖေဖေ မှာထားသည့်စကားကို မိဆယ် မမေ့။

ပန်းရဂုံကိုရောက်ရင် ဘယ်သူ့ကိုမှ ဘယ်တော့မှ အရှုံးမပေးရဘူးဟု ဖေဖေ မဆုံးခင်က အသေအချာကြီးကို မှာခဲ့သည်ပဲ။

ဤကောင်လေးကို မိဆယ်က ဘာကြောင့် အရှုံးပေးရမည်တဲ့လဲ။

တည်စူးစူးလေး ပြန်ကြည့်နေသည့် မိဆယ်ကို ဘိုဘို တစ်ချက် စိုက်ကြည့်သည်။ နောက်တော့ ဟက်ခနဲ လှောင်ရယ် ရယ်သည်။ လက်ထဲမှာ ထိလိုက်၊ မြေပြင်မှာကျလိုက်နှင့် တဘုတ်ဘုတ် ပုတ်နေသည့် ဘောလုံးကို ဖျတ်ခနဲ မိဆယ်ထံသို့ ပေါက်လွှတ်လိုက်တော့ မိဆယ်၏ရင်ကို အရှိန်နှင့် လာမှန်၏။

ယိုင်ခနဲ တစ်ချက် မိဆယ်နောက်သို့ လန်သွားပြီးမှ ပြန်၍ မိဆယ် ကိုယ်ကိုမတ်ဖို့ ကြိုးစားသေးသည်။ ဒါပေမဲ့ ဖင်ထိုင်လျက် မိဆယ် ကျသွားရသည်ပါပဲ။

မိုးရေများစိုနေသော မြေပြင်မှာ လက်နောက်ပြန် ထောက်မိလျက် လက်ဖဝါးနှစ်ဖက်မှာလည်း မြေကြီးတွေပေကုန်သည်ပါပဲ။



မိဆယ်၏ရင်ဘတ်မှာလည်း မြေကြီးတွေ ပေကျံကုန်လျက် ဖင်ထိုင်ကျသည်မို့ ဂါဝန်နောက်ပိုင်းမှာလည်း ရွှံ့တွေပေကုန်သည်ပါပဲ။

ရုတ်ခနဲ ဖြစ်လာသည့် အဖြစ်မို့ ဦးကြီးသိန်းပင် ကြောင်သွားကာ ဘာမျှလုပ်မပေးနိုင် မအော်နိုင်ဘဲ ဖြစ်သွားရစဉ်ခိုက် ...။

"အလကား ... ငပျော့၊ ဘောလုံးမှန်တာလေးနဲ့ ဖင်ထိုင်ကျတယ်လို့၊ ဟား ဟား ဟား၊ ပေကုန်တာပဲဟဲ့ မျောက်ဖြူမလေး ကျနေတာပဲ"

ဟု ကျယ်ကျယ်လောင်လောင် ရယ်လျက် နိုင်စားစွာ လှောင်နေသည့် ဘိုဘို့ကို စူးစူးလေး မိဆယ်ကြည့်သည်။ နှုတ်ခမ်းက တင်းနေအောင် စေ့ပိတ်ကျနေသည်ပါပဲ။ ခပ်လှမ်းလှမ်းမှာ ရှိနေသည့် ဘောလုံးကို မိဆယ် သွားကောက်သည်။

နောက်တော့ အားယူ၍ လွှဲပစ်လိုက်သည်က ဘိုဘို၏ မျက်နှာတည့်တည့်ကိုပါ။

ဘုန်းခနဲအသံကို ကြားလိုက်ရသည်။ ဘိုဘိုမှာ မထင်မှတ်ဘဲ ခံလိုက်ရတာမို့ ဇက်လန်သွားလျက် ဖင်ထိုင်လျက် ကျ၏။ နှာခေါင်းမှ သွေးတွေရဲနေအောင် ဖြာကျသည်။ မျက်နှာ တစ်ခုလုံးမှာလည်း မြေကြီးတွေ ပေကုန်၏။

ဝူးဝါးနှင့် ဘာတွေမှန်းမသိ ဘိုဘို့နှုတ်မှ ထွက်လာနေသည်။ မျက်နှာကို လက်ဖြင့် နာနာကျင်ကျင် ဖိအုပ်ထားတာကိုလည်း မိဆယ် ရပ်လျက် တိတ်ဆိတ်စွာပဲ ငုံ့ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယံခုလည်း ဦးကြီးသိန်းမှာ ဘာမျှဝင်မတားလိုက်နိုင်အောင် မှင်တက်တက်ကြီး ဖြစ်နေဆဲ။

နောက်မှ ရှူးရှူးဝါးဝါး အော်ငိုလိုက်သည့် ဘိုဘို့အသံကြားမှ သတိဝင်လာဟန်ဖြင့် ဦးကြီးသိန်း ဘိုဘို့ကို ပြေးထူ။ ကယောင်ကတမ်းဖြင့် ခေါင်းပေါင်းစကို ခေါင်းမှပြုတ်၍ သွေးတွေကို သုတ်ပေးနေသည်။

ယခုတိုင် ဘာစကားမျှလဲ မပြော။ တိတ်ဆိတ်စွာ တည်ရူးရူးလေးဖြင့် ရှေ့တည့်တည့်မှာရပ်၍ ဘိုဘို့ကို စိုက်ကြည့်နေသော မိဆယ်ကို ဦးကြီးသိန်း တစ်ချက်မော့ကြည့်သည်။

အံ့ဩရိပ်နှင့် နှစ်သက်ကျေနပ်ရိပ်ကို ဦးကြီးသိန်း၏ မျက်ဝန်းတွေမှာ မိဆယ် တွေ့ရသည်ဟု ထင်သည်။ နောက်တော့ ဘိုဘို့ကို ဦးကြီးသိန်း ပြန်ငုံ့ကြည့်စဉ်ခိုက်မှာ စိုးရိမ်ရိပ်တွေ ပြည့်သိပ်လာပြန်ပါ၏။

ဘိုဘို၏ အော်ငိုသံကြောင့်ထင့်။ အပေါ်ထပ်မှ ပြတင်းနေရာမှ ကြီးကြီး ဒေါ်ခင်မမညိုကို တွေ့လိုက်ရသည်။

"ဘုရားရေ ... မောင်ရေ ... မောင် ... လုပ်ပါဦး၊ သားမျက်နှာမှာ သွေးတွေနဲ့၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ဦးသိန်း"

ဟု မေးခိုက်မှာ ဘိုဘိုမှ ...

"ဒီကောင်မလေး သားကို လုပ်တယ်၊ လုပ်တယ်"

နှင့် အော်ငိုတိုင်တောနေတာမို့ ...

"ဟင် ... အစေခံမ သမီး၊ ရောက်တာနဲ့ ငါ့ကလေးကို သွေးထွက်အောင်လုပ်တဲ့ ဂြိုဟ်ကောင်မ၊ သိမယ်၊ သိမယ်၊ ငါ့အကြောင်း သိမယ်"



ဟု ဒေါသနှင့် ပြောလည်းပြော။ ပြတင်းမှ အရိပ်လေးပျောက်သွားခိုက်မှာ မိဆယ်မှ ကြီးကြီး ဒေါ်ခင်မမညို ရပ်အော်နေရာ ပြတင်းဘက်ကို ခေါင်းမော့ကြည့်ရင်း နားထောင်နေရာမှ မျက်နှာတည်တည်လေးဖြင့် ပြန်၍ ဘိုဘိုကို ကြည့်သည်။

နောက်တော့ ဘာတစ်ခွန်းမျှ မပြောဘဲ နေရာမှ ခပ်တည်တည်လေးပဲ ထွက်သွားပါ၏။

ဘာဆိုဘာမျှ ပြောမသွား။

ဦးသိန်းကတော့ ခေါင်းခါ၍ ကျန်ခဲ့ပါသတည်း။ မျက်ဝန်းရိပ်မှာတော့ နှစ်သက်သဘောကျရိပ်တွေ ပြည့်လာလျက်မှ ...

"ခြသေ့်မလေးပဲဟေ့"

ဟု ခပ်တိုးတိုး ပြောလိုက်ပါချေသတည်း။

တအီအီနှင့် အော်ငိုနေသည့် ဘိုဘို့ အသံကတော့ ဥယျာဉ်လေးထဲမှာ ကျန်ရစ်ခဲ့ပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

စာအုပ်တွေ ပြည့်နေသော မှန်ဗီရိုကြီးများ နံရံများမှာ ရှိနေသည့် စာကြည့်ခန်းကျယ်ကြီးထဲမှာ မိဆယ် လက်ပိုက်၍ ရပ်နေရသည်။

ရှေ့တည့်တည့်မှာက ဦးထွန်းမြတ်ကို မျက်နှာတည်ကြီးနှင့် တွေ့ရ၏။ မိဆယ် ဘေးမှာဖြင့် စိတ်နောက်ကျိနေပုံကြီးဖြင့် စိတ်ပျက် လက်ပျက်ကြီး ရပ်နေသည်က ဦးကြီးသိန်း။ ဦးထွန်းမြင် ဆိုတာ ဖေဖေ့အစ်ကိုကြီး ဟူ၍ စောစောကပဲ ဦးကြီးသိန်း ခပ်တိုးတိုး ပြောပြထားသည်လေ။ ဒါပေမဲ့ ဦးထွန်းမြတ်၏ မျက်ဝန်းအကြည့်တွေထဲမှာဖြင့် ညီတစ်ယောက်၏သမီးကို ကြည့်နေသည့် အကြည့်မျိုးကို မမြင်ရ။ နှစ်လိုခြင်း ကင်းနေသည့် ခက်ထန်သော အကြည့်များကိုပဲ မိဆယ် မြင်နေရသည်ဟု နားလည်ခံစားမိရသည့်အဖြစ်။

ညနေပိုင်းမှာ မိဆယ်ကို ဦးကြီးသိန်းမှ စာကြည့်ခန်းသို့ ခေါ်လာခဲ့ပါ၏။



မိဆယ်နှင့်ဘိုဘိုတို့ ဖြစ်ပျက်ကြတာတွေကို ဘွားဘွား မသိစေခဲ့ရ။

ဘွားက နေမကောင်း ဖြစ်နေသည်လေ။ ဖေဖေ့အိမ် ငယ်လေးဆီမှ မိဆယ်ကို အခေါ်လွှတ်စဉ်က ဘွား ပန်းရုံမှာ ကျန်ခဲ့ရသည်ပဲ။ လိုက်မလာနိုင်ခဲ့။

ဘိုဘိုနှင့် မိဆယ်တို့ ဖြစ်ပျက်ခဲ့ကြပြီးသည့်နောက်မှာ ဘိုဘို့ကို ဆရာဝန်ပင့်ပြရ။

ငိုယိုဒေါသဖြစ်နေသည့် ဒေါ်ခင်မမာညို၏ ကျိတ်ဒေါသကို အသံမကျယ်အောင် ဘိုဘို့ဖေဖေ ဦးဒိပမှ ထိန်းပေးရနှင့် ဖြစ်နေခဲ့တာတွေကို ဒေါ်ကြီးက မိဆယ်အတွက် နေ့လယ်စာကို မိဆယ် နေရမည့်အခန်းထဲ လာပို့ပေးရင်း ခပ်တိုးတိုး ပြောပြသွားခဲ့သည်လေ။

မိဆယ်ကိုလည်း အခန်းပြင် ထွက်မနေဖို့ မှာခဲ့သေးသည်။

ဒါပေမဲ့ မိဆယ်၏ ခေါင်းလေးကို ချစ်စနိုးလေး ပွတ်သပ်ခဲ့ကာ ပြုံး၍ ...

"ကိုလေးအတိုင်းပါပဲလား ကလေးရယ်၊ စိတ်ဓာတ်ကိုက တစ်ထေရာတည်း"

ဟု ပြောခဲ့တာကို ထောက်လျှင်ဖြင့် မိဆယ်ကို ဒေါ်ကြီး စိတ်ဆိုးပုံ မရတာကို နားလည်လိုက်မိရသည်ပါပဲ။

ညနေပိုင်းကျတော့ ဒေါ်ဆယ်က ညနေစာ မစားသေးမီမှာပင် မိဆယ်ကို လာခေါ်ခဲ့၏။ ပြီးတော့ ဦးကြီးသိန်းနှင့်အတူ စာကြည့်ခန်းသို့ လိုက်သွားဖို့ ခပ်တိုးတိုး ပြောပြသည်။ ဘိုဘိုနှင့် ဖြစ်ပျက်ခဲ့သည့် အဖြစ်ကို စစ်ကြောမေးမြန်းမည်တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်ကတော့ ဘာကိုမဆို ရင်ဆိုင်ဖြေပေးလိုက်ဖို့ အသင့်။

ဖေဖေက မှာထားသည်ပဲ။ ဘယ်သူ့ကိုမှ ဘယ်တော့မှ အရှုံးမပေးရတဲ့။

စာကြည့်ခန်းထဲမှာ ဘိုဘို ရှိနေသည်။ ပြီးတော့ ဒေါ်ခင်မမညို။

မျက်နှာထား တင်းနေသည့် ဦးထွန်းမြတ်။ နောက် ဦးကြီးသိန်း။ ဒါပဲရှိသည်။

ဦးထွန်းမြတ်က မိဆယ်ကို ခပ်တည်တည်ကြည့်၏။ မျက်ခုံးထူကြီးက ပိန်းနေအောင် နက်မှောင်လျက် မျက်ဝန်းတွေက စူးရှ လက်တောက်နေသည်။

ကြည့်နေရင်းမှ တစ်ချက် ပြုံးလိုက်ကာ ...

"ရုပ်ကိုက မထိတရိပါလား ခင်မမ"

ဟု ပြောလာတော့ မိဆယ် အပေါ် အမြင်မကြည် တာကို ပို၍နားလည်လိုက်ရပါပြီ။

"အဲဒါ ပြောတာပေါ့ ကိုကို၊ ခင်မမဖြင့် ဒီလို ဂျစ်တစ်တစ် နဲ့ မိုက်ရိုင်းတဲ့ ကလေးမျိုးနဲ့ ပန်းရုံမှာ ဆက်နေရမယ့် ကိစ္စကို စိတ်အပျက်ဆုံးပဲ၊ ဘိုဘိုက နုနုနယ်နယ်ကလေး၊ သူ့လိုစိတ်ဓာတ်က ရိုင်းတာမဟုတ်ဘူး၊ လက်ရဲဇက်ရဲလည်း ရှိတာမဟုတ်ဘူး၊ ခင်မကလေးကိုများ နှာခေါင်းထဲက သွေးကျအောင် ရောက်တဲ့နေ့မှာကို လက်သွက်ခဲ့တာ၊ ကိုကို့တူ အနိုင်ကျင့်ခံရတာ ရက်ရက်စက်စက်ကြီးပါ ကိုကို ရယ်"



ဟု ပြောပိုတော့ ဦးထွန်းမြတ် တစ်ချက် မိဆယ်ကို ကြည့်သည်။

ဦးထွန်းမြတ် ညနေ အလုပ်မှ ပြန်ရောက်လာတော့ အစ်ကိုကြီးလုပ်သူကို ခင်မမညိုမှ ငိုယို၍ တိုင်သည်တဲ့။ ဘွားကို တော့ အသိမပေးရဲသေး၍ မပေးဖြစ်ပေမယ့် ကြာရှည်လျှင် မိဆယ် ရောင့်တက် ဆိုးသွမ်းလွန်းမှာကြောက်၍ အစ်ကိုကြီးလုပ် သူကိုပဲ ဦးတည်တိုင်တန်းရသည်ပါတဲ့။

ဦးထွန်းမြတ်ကလည်း စာကြည့်ခန်းသို့ မိဆယ်ကို ခေါ်ခဲ့ဖို့ ဒေါ်ကြီးကို ခိုင်းသည်တဲ့။

အစစ မြင်ထားသည့် ဦးကြီးသိန်းကိုလည်း ခေါ် သည်တဲ့။ ဒါတွေကို ဒေါ်ကြီးက မိဆယ်ကိုလာခေါ်စဉ် အခန်းထဲမှာ တိုးတိုးလေး ပြောပြသွားခဲ့သည့်အဖြစ်။

ကလေးတစ်ယောက်ကို မေးမြန်းတာမျိုးနှင့်မတူဘဲ အပြစ်ကျူးလွန်ထားသူ လူကြီးတစ်ယောက်ကို မေးသလိုပုံမျိုးဖြင့် ကြည့်နေသည့် ဦးထွန်းမြတ်မှ ...

"ကဲ ... လက်စွမ်းထက်တဲ့ သူငယ်မ၊ ညည်းနာမည်က မိဆယ် ဟုတ်လား"

မေးပုံကိုက လက်စွမ်းထက်တဲ့ သူငယ်မတဲ့လေ။ မိဆယ် တစ်ချက်မော့ကြည့်ကာ [illegible]လေးကိုပိုက်၍ ...

"ဟုတ်ကဲ့ ... မိဆယ်ပါ"

"ဘာဖြစ်လို့ ဘိုဘို့ကို ဒီလို သွေးထွက်အောင် လုပ်ရတာလဲ မိဆယ်၊ ညည်းက ဒီနေ့မှ ရောက်တာ၊ ဘိုဘိုက ဒီအိမ်က ကလေးကွ"

www.burmeseclassic.com

www.burmeseclassic.com



မိဆယ် ဘိုဘို့ကိုကြည့်သည်။ အကြည့်တွင် မဝံ့မရဲ ဖြစ်ရိပ်မရှိ။ ခပ်တင်းတင်း ကြည့်သည့်အကြည့်။

"သူ နောက်ထပ် အဲသလိုလုပ်ရင် နောက်ထပ် ဒီလိုပဲ မိဆယ် လုပ်မှာပဲ"

ဟု ပြတ်သားစွာဖြေတော့ ဒေါ်ခင်မမညို ရင်ကို လက်ဖြင့်ဖိ၍ ...

"အလိုလေးလေး ဖြေပုံများ ထောင့်မကျိုးလိုက်တဲ့ ကလေး ပါလား ... ဟင်၊ မိုက်ရိုင်းလိုက်တာ၊ မောင့်ကို ပြောသား ကိုယ့်ကလေးကိစ္စ ပြောတာဆိုတာ လိုက်နားထောင်ပေးပါ၊ ဒီကလေးရိုင်းသမျှကြည့်ပြီး နောက်ကို ဘယ်လိုပြုပြင် ကွပ်ညှပ်ပေးရမယ်ဆိုတာ နည်းလမ်းရှာကြည့်နိုင်အောင် လိုက်ခဲ့ပါဆိုတာ မလိုက်ဘူးလေ၊ ခု ကိုကိုမြင်တဲ့အတိုင်းပဲ ဖြေပုံကိုကြည့်၊ ဒါတောင်မှ ဒီနေ့မှရောက်လို့၊ ကြာရင် ဘိုဘို နေစရာတောင် ရှိမှာမဟုတ်ဘူး၊ နိုင်စားမှာ၊ အစေခံမ သမီးပီပီ စရိုက်ကြမ်း စိတ်ကြမ်းကြီးနဲ့"

ပေါက်ပေါက် ဖောက်သလို တောက်လျှောက်ကြီး ပြောနေသမျှ မိဆယ် ခံပြင်းစွာ ကြားနေရပါပြီ။ ဖျတ်ခနဲ မိဆယ် ဒေါ်ခင်မမညိုကို ကြည့်သည်။ မျက်ဝန်းနက်နက်လေးတွေက ဖိတ်ဖိတ်လက်နေ၏။

"မိဆယ်အမေက အစေခံဖြစ်တာ ဘာဖြစ်လဲ၊ သူများပစ္စည်း ခိုးတာမှ မဟုတ်ဘဲ၊ မေမေ့ကို ထည့်မပြောပါနဲ့"

မိဆယ် တိုပြတ်ပြတ်ပြောပြီး ဒေါ်ခင်မမညို၏ ပြူး၍ကြည့်လာသော ဒေါသမျက်ဝန်းနှင့်အပြိုင် တုံ့ပြန်ကြည့်သည်။



နှုတ်ခမ်းကို တင်းတင်းစေ့ထားလျက် ဖြူနုသော အသားအရေ၊ မျက်ဝန်းရွှန်းတောက်တောက်၊ မျက်ခုံးနက်နက်ခုံး ခုံးလေးနှင့် အရုပ်လေးနှယ် ချောလွန်းသည့် ဤကလေး၏ သတ္တိစွမ်းကိုတော့ဖြင့် ဦးသိန်း နှစ်သက်ကျေနပ်နေမိရပါပြီ။

"ကျွန်တော် ပြောပါရစေ ကိုကြီး၊ ဒီကလေးကိစ္စ၊ ကျွန်တော့် ရှေ့ ဖြစ်တာပါ"

ဟု ဦးသိန်း ပြောခိုက်မှာ ဒေါ်ခင်မမညိုမှ ...

"ဘိုဘိုက ပြောပြပါတယ်၊ မတော်တဆ ဘောလုံးနဲ့ထိ သွားတာတဲ့၊ အဲဒါကို တမင်လုပ်ထည့်လိုက်လို့ ဘိုဘို့မှာ ခေါင်းထိပြီး သွေးကျရတာတဲ့"

ဟု ဝင်ပြောတော့ ...

"ဘိုဘို ဆိုတာ ကျွန်တော့်လက်ထဲ ကြီးလာတဲ့ ကလေးပါ ခင်မမညို၊ အဖြစ်က ဘိုဘိုက တမင်လုပ်တဲ့သဘောဖြစ် ခဲ့တာ၊ မိဆယ်က နောက်မှ ပြန်လုပ်တာပါ"

ဦးသိန်း ပြောတော့ ဒေါ်ခင်မမညို ဒေါသဖြင့် ဦးသိန်းကို ကြည့်သည်။

"ထားပါ ... ထားပါ၊ ခင်မမ ပါ့စပ်ပိတ်ထားစမ်း၊ ဘိုဘို နောက်ကို အဲသလို မလုပ်ရဘူး ကြားလား"

ဟု လက်ကာ၍ ဒေါ်ခင်မမညို ဘာမျှမပြောအောင် တားပြီး ဘိုဘို့ကို ဦးထွန်းမြတ် ပြောတော့ ဘိုဘို မိဆယ်ကို မျက်စိစွေ၍ကြည့်သည်။ နောက်တော့မှ ...

"ဟုတ်ကဲ့ ... ဘဘထွန်း"

ဟု ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ် … မင်းက ခုလို သွေးထွက်သံယိုဖြစ်အောင် လုပ်တဲ့အတွက် အပြစ်ရှိတယ်၊ တကယ်ဆိုရင် ဘိုဘိုရဲ့ ဘောလုံးကြောင့် မင်း တစ်ခုခု အနာတရဖြစ်ခဲ့ရင် လူကြီးတွေ ရှိတာပဲ တိုင်ပြောပေါ့၊ ခုလို ကိုယ့်သဘောနဲ့ကိုယ် ကိုယ်ထိလက်ရောက် သွေးထွက်အောင် ပြန်လုပ်တာမျိုးကို ဘဘ မကြိုက်ဘူး၊ ဒီတော့ ဟိုအခန်းထောင့်နေရာမှာ နှစ်နာရီတိတိ ဒူးထောက်ဒဏ်ခံရမယ်၊ ဒူးသွားထောက်"

မိဆယ် မျက်လွှာတစ်ချက်ပင့်၍ ဘဘထွန်းကို ကြည့်သည်။

ဟုတ်သည်။ ဘဘထွန်း။

သူ့ကိုယ်သူ ဘဘဟူ၍ခေါ်ပြီး နာမ်စားသုံးသည့် ဘဘထွန်း၏ အဆုံးအဖြတ်ကို မိဆယ် ရင်ထဲမှာ ခံစားမှော်ကြည့် မိသည်က မတရားဘူးဆိုသည့် အသိဖြင့်ပါ။

ဒါပေမဲ့ မိဆယ် ပြန်မပြောတော့။

ဒူးထောက်ဒဏ်ခတ်ခံရသည့်အတွက် ပြုံး၍ ကြည့်နေသည့် ဘိုဘို၏လှောင်ရိပ်ပြည့်နေသော အကြည့်ကိုလည်း မိဆယ် ခပ်တည်တည်ပဲ ပြန်ကြည့်သည်။

"နောက်ကို နင် ငါ့ကို နာအောင်လုပ်မယ်၊ ငါ့အဝတ်တွေ ပေအောင် လုပ်မယ်ဆိုရင် နင့်ကို တွေ့တဲ့ဥစ္စာနဲ့ ကောက်ထုမှာပဲ၊ နောက်တစ်ခါဆိုရင် နင့်သွားတွေ ကျိုးကုန်မယ် သိလား"

ဟု ခပ်တင်းတင်းရယ်၍ ဘိုဘို၏မျက်နှာကိုသာ လက်တောက်စူးရှနေသော မျက်ဝန်းများဖြင့် တည့်တည့်ကြီးကြည့်



၍ ပြောချပြီးတာနှင့် နေရာမှ ချာခနဲလှည့်ကာ အခန်းထောင့်သို့ လျှောက်သွားသည်။

နောက်တော့ ကြမ်းပြင်မှာ ဒူးထောက်နေလိုက်ပါ၏။

ပေးသည့်အပြစ်ဒဏ်ကို မိဆယ် မငြင်းဘဲ လိုက်လုပ်နာခံလိုက်ပေမယ့် နောက်နောင်ကို အနိုင်သာကျင့်လျှင် တုံ့ပြန်မည်ဖြစ်ကြောင်းကိုတော့ အတိအလင်းပဲ ပန်းရုံမှ အိမ်သားများ အပါအဝင် ဘိုဘို့ကိုပါ အသိပေးလိုက်သည့်သဘောဆောင်သည့် စကားကိုဖြင့် မိဆယ် တင်းပြတ်ပြတ် ပြောချခဲ့သည်ပဲ။

"တွေ့တယ်မဟုတ်လား ကိုကို၊ ဒီကလေးဟာ ဘယ်လောက်ထိ အကြောက်တရားကင်းပြီး မိုက်ရိုင်းသလဲဆိုတာ သူ့အဖေအတိုင်းပဲ၊ မျက်လုံးကိုက မာကျောကျောနဲ့"

ဟု ဒေါ်ခင်မမညို ပြောခိုက်မှာဖြင့် မိဆယ် ခေါင်းလေးကိုမော့၍ နားထောင်ပစ်လိုက်သည်ပါပဲ။

ဖေဖေ့သမီးပဲ ဥစ္စာ။ ဖေဖေနှင့် တူတာကိုများ အထူးအဆန်းလာလုပ်နေသည်။ ကြီးကြီး ဒေါ်ခင်မမညိုကတော့ ဘိုဘို့ကိုလက်ဆွဲ၍ အခန်းတွင်းမှ ထွက်သွား၏။ ဘဘထွန်းကတော့ မိဆယ်ကို ဆေးပြင်းလိပ်ကြီးဖွာရင်း ခပ်ငေးငေး တစ်ချက်ကြည့်သည်။

နောက်တော့ ခေါင်းတစ်ချက်ခါ၏။

"တော်တော့ကို သွန်သင်ယူရဦးမယ့် ကလေးပဲ၊ မေမေက ဒီကလေးကို ပြန်မခေါ်ရင်လည်း မဖြစ်တော့တာမို့ ပန်းရုံမှာ လက်ခံခေါ်ထားပေးလိုက်ရတာပဲဆိုတာ … နားလည်တယ် ဦးသိန်း …

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒီကလေးဟာ ပန်းရဂုံကို စိတ်ညစ်အောင် လုပ်မယ့် ကလေးပဲဗျ၊ ကျွန်တော့်သမီး အေးမြတ်ဖြူကို တော့ ဒီလိုနိုင်စားဖို့ စိတ်ကူးတောင် ထည့်ခွင့်မရဘူးဆို တာ၊ ဒီကလေးမ နားလည်အောင် ပြောပြထားလိုက်ပါဦး၊ ကဲ ... ကျွန်တော် သွားမယ်"

ဟု ပြောပြီးတာနှင့် နေရာမှထွာ၏။

"နှစ်နာရီကြာတဲ့အခါ သူ့ကို ညနေစာ ထမင်းကျွေးလိုက် ပါ ဦးသိန်း၊ ကျွန်တော် မေမေ့အခန်း သွားလိုက်ဦးမယ်၊ ဒီအဖြစ်ကို မေမေ မသိရင် ကောင်းမယ်၊ ရောဂါပိုဆိုးလာ မှာဗျ၊ မိဆယ် ညည်း ... ညည်းရဲ့ဘွားဘွားကို တိုင်လိုက် တောလိုက် လုပ်မနေနဲ့ဦး၊ ဘွားက ရောဂါသည်၊ ညည်း ကြောင့် ရောဂါမတက်ပါရစေနဲ့ ကြားလား"

ဟု ပြောပြီး ထွက်သွားတော့ မိဆယ် တည်စူးစူး ပုံလေးဖြင့် အခန်း၏နံရံကို ထုံပေပေမျက်နှာထားဖြင့် ငေးကြည့် ကျန်ခဲ့ပါ၏။

နွေးထွေးမှုကင်းမဲ့လွန်းသော သူစိမ်းတို့၏အလယ် မှာ နေရသည့်နယ်ပါတကား။

ပန်းရဂုံသည် မိဆယ်အတွက် အရမ်းကို သူစိမ်းပြင် ပြင် နေသူတို့နှင့် အတူတကွ နေရဖို့အတွက် ဖြစ်တည်လျက် ရပ် တည်နေသည့်နယ်သာတည့်။

✿❤✿



## အခန်း(၆)

ဆေးရှိန်ဖြင့် အိပ်နေရှာသော ဘွားကို မိဆယ် ကြမ်းပြင်တွင် ပျပ်ဝပ်စွာဖြင့် ကန်တော့သည်။ ဖေဖေ့ကို မိဆယ် ညအိပ်ရာမဝင်မီ အမြဲကန်တော့နေကျ။ ပြီးတော့ မေမေ့ဓာတ်ပုံကို လည်း မိဆယ် ကန်တော့နေကျ။

ညအိပ်ရာမဝင်မီ ဘုရားရှိခိုးကန်တော့ပြီးလျှင် ထို သို့ ဖေဖေနှင့် မေမေ့ကို မိဆယ် ကန်တော့နေကျပါ။

ယခုတော့ မိဆယ်၏ဘွားကို ကန်တော့ရချေပြီ တည့်။

ဘေးတွင် တိတ်ဆိတ်စွာ ရပ်စောင့်နေသည့် ဒေါ်ကြီး ကတော့ဖြင့် မိဆယ်၏ မျက်နှာလေးကို ငေးကြည့်နေရှာသည်ပါပဲ။

ဘွား၏အခန်းမှာ နှစ်ယောက်သား ခြေသံဖွဖွဖြင့်ပင် ပြန်ထွက်ခဲ့ကြပါ၏။

မိဆယ်၏အခန်းသည် ကျယ်လွန်းလျက် မှန်ဗီရိုတစ် လုံး စာကြည့်စားပွဲနှင့် စာကြည့်မီးတိုင်တစ်ခု၊ ကုလားထိုင်တစ် လုံး၊ ညအိပ်မီးသီး ပြာပြာလေးတပ်ထားသည့် မီးတိုင်တစ်ခု၊ စာ

www.burmeseclassic.com

www.burmeseclassic.com



အုပ်များထားရန် စာအုပ်စင်ငယ်လေးတစ်ခုဖြင့် သပ်ရပ်နေသည်။ အခန်းထောင့်ဘက်မှာ တစ်ယောက်အိပ် ခုတင်သည် ဖြူဖွေးသော ဇာခြင်ထောင်နှင့် ပန်းရောင်အိပ်ရာခင်းလှလှ၊ ဇာနားသတ်ပန်းရောင် ခေါင်းအုံးစွပ်လေးနှင့် လိုက်ဖက်သည့် ယုန်မွေးစောင်ပန်းရောင် လေးကလည်း ရှိသည်။

အိပ်ရာကိစ္စ ခင်းကျင်းတာကို ဒေါ်ကြီးပဲ လုပ်ကိုင်ပေးခဲ့သည်လေ။

"ထမင်းစားကောင်းရဲ့လား ကလေး"

ဒေါ်ကြီး မေးတော့ မိဆယ် ခေါင်းညိတ်ပြသည်။ ခုတင်ထက်မှာ မိဆယ် ခြေတွဲလောင်းချ ပုံစံလေးဖြင့် ထိုင်စဉ်ခိုက် ဒေါ်ကြီးက စာကြည့်စားပွဲမှာရှိသည့် ကုလားထိုင်မှာထိုင်သည်။ အိပ်ရာခင်းလေးကို လက်ဖြင့်ဖွဖွလေး မိဆယ် ပွတ်ကြည့်၏။ အရမ်းကို နူးညံ့သည်ပဲ။ မိဆယ်၏ အိပ်ရာခင်းလေးကတော့ဖြင့် ချည်ထည်အစင်းလေးပါ။ ပါးလည်း ပါးသည်။ ပြီးတော့ ဟောင်းလည်းဟောင်းလွန်းလှပြီ။ လောလောဆယ်မှာတော့ ထိုအိပ်ရာခင်းလေးသည် အခန်းနံရံမှာကပ်လျက် တည်ရှိနေသည့် ဗီရိုထဲမှာ ရောက်နေပြီ။

မိဆယ်၏မများလှသော အဝတ်အစားနှင့် ဟောင်းလုပြီဖြစ်သော အိပ်ရာခင်းနှင့် ခေါင်းအုံးငယ်လေးတစ်လုံး၊ စောင်ဟောင်းလေးတစ်ထည်သည် ဗီရိုထဲမှာ ချောင်ချိလွန်းစွာပဲ ရှိနေသည်။

"ဒီအခန်းက သမီးလေးရဲ့ဖေဖေ့အခန်းပေါ့၊ ကိုလေး ပန်းရုံမှာရှိတုန်းက ဒီအခန်းမှာပဲ နေခဲ့တာ၊ ကိုလေးက သန့်သန့်



ရှင်းရှင်းရှိမှ ကြိုက်တာ၊ ပစ္စည်းဆိုရင်လည်း လိုအပ်တာလောက်ပဲ သူ့အခန်းထဲ သွင်းတယ်၊ ကိုကြီးတို့ ခင်မမညိုတို့လို ပစ္စည်းများများစားစား အခန်းထဲမှာ မထားချင်ဘူး"

ဟု ပြောတော့ အခန်းတွင်းမှ ပစ္စည်းများကို မိဆယ် ဝေ့ကြည့်သည်။

ဤပစ္စည်းများသည် ဖေဖေ အသုံးပြုခဲ့သော ပစ္စည်းများပေလား။

ဟုတ်သည်။ ဖြစ်နိုင်သည်။ ပစ္စည်းများသည် သစ်လွင်မနေ။ ဒါပေမဲ့ ပေါလစ်ရောင်ဖြင့်တော့ တောက်ပနေကြသည်။ ပစ္စည်းများသည် ကာလကြာရှည်စွာ ဤအခန်းတွင်းမှာ ရှိခဲ့ပြီးသည့် အသွင်ကိုဆောင်သည့် ပစ္စည်းဟောင်းများ။

လက်ရာများကလည်း ရိုးရှင်းလျက် ဗီရိုအနားသတ်တွေမှာတော့ ပန်းကနုတ်လက်ရာများက ကြွကြွရွရွရှိသည်။

"ဒါ ... ဖေဖေ့အဝတ်ထားခဲ့တဲ့ ဗီရိုလားဟင် ဒေါ်ကြီး"

ဟု မေးတော့ ဒေါ်ကြီး ခေါင်းညိတ်သည်။

"ဟုတ်တယ် ကလေး၊ ကိုလေး သုံးခဲ့တဲ့ ဥစ္စာတွေပဲ၊ အစ်မကြီးက သူ့သားငယ်ရဲ့ပစ္စည်းတွေကို ဘာတစ်ခုမှ ဒီအခန်းထဲက သယ်ထုတ်မသွားစေခဲ့ဘူးလေ၊ အဝတ်အစားတွေကိုတော့ အစ်မကြီး ယူထားခဲ့တယ်၊ အင်း ... ကိုလေးက ကလေးရဲ့မေမေ့ကို အတော်ကြီးချစ်တာ၊ အကျင့်ကိုလက်ဆွဲပြီး သတ္တိရှိရှိနဲ့ ပန်းရုံက ဆင်းသွားခဲ့တာပဲ၊ ဒီစည်းစိမ်တွေကို စွန့်ပစ်ခဲ့တာ ကလေးရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ အိပ်တော့ မိဆယ်လေး၊ ဒေါ်ကြီးဖြင့် ကလေးကို ဘာတွေလျှောက်ပြောနေမိပါလိမ့်မလဲ၊ ပြီးတဲ့ အဖြစ်တွေပဲ၊ ကလေးကို ပြန်ပြောမနေသင့်တော့ပါဘူး လေ၊ အိပ် ... အိပ်"

ဟု ပြောတော့ မိဆယ် ခေါင်းခါသည်။

"မိဆယ် မအိပ်ချင်သေးဘူး ဒေါ်ကြီး"

ဟု ပြောတော့ ဒေါ်ကြီးပြုံး၍ ကြည့်ပါ၏။

"ဘဘထွန်းတို့၊ ကြီးကြီးညိုတို့၊ ဘိုဘိုနဲ့ ဘဘထွန်းရဲ့မိန်းမ သွယ်လှယဉ်၊ သူတို့ရဲ့သမီးလေး အေးမြတ်ဖြူတို့ဆိုတာ ကို မိဆယ် တတ်နိုင်သမျှ လိမ်လိမ်မာမာ ပြန်ပြောပြန်ဖြေ ဆက်ဆံရမယ် ကြားလား မိဆယ်လေး၊ ဒါမှ မဟုတ်ရင် ကလေးကို ရိုင်းတယ်လို့ ပြောကြမှာ၊ ကိုလေးရဲ့သမီးဟာ အရိုင်းလို့ အပြောမခံရဘူးလေ"

ဟု ပြောတော့ မိဆယ် ခေါင်းခါသည်။

"မိဆယ်ကိုလုပ်ရင် ပြန်လုပ်မှာပဲ"

ဟု လေသံမာကျောကျောလေးနှင့် ဖြေတော့ ဒေါ်ကြီး ရယ်သည်။ ခေါင်းလေးကိုပွတ်၍ ချစ်စနိုးလေးဖြင့် ...

"ဒါပေမဲ့ ဒီနေ့ပဲရောက်၊ ဒီနေ့ပဲ ဘိုဘိုကို အုပ်ထည့်လိုက် တော့၊ ကလေးက အဆိုးဖြစ်သွားတာပေါ့၊ ဘိုဘိုလေးက မူလ စိတ်ထားလေး ကောင်းပါတယ် ကလေးရဲ့၊ သူ့ဖေဖေ နဲ့မေမေက အရမ်းကို အလိုလိုက်လို့ ဆိုးနေတာပါ၊ တည့် အောင်ပေါင်းနော်"

ဟု ပြောတော့ မိဆယ် ခေါင်းခါသည်။



"မိဆယ် မခင်ချင်ပါဘူး၊ မေမေ့ကို အစေခံမလို့ ပြော ထားတာ၊ ဖေဖေက မှာထားတယ်၊ ပန်းရုံမှာ ဘယ်သူ့ကို မှ အရှုံးမပေးရဘူးတဲ့၊ ဘယ်တော့မှ အရှုံးမပေးရဘူးတဲ့"

ဟု ပြောတော့ ဒေါ်ကြီး တစ်ချက်ငိုင်၏။ မိဆယ် ၏ မျက်နှာနုနုဥဥလေးကိုလည်း ကြည့်သည်။ ဤကလေး ပန်း ရုံသို့ရောက်လျှင် အနိုင်မခံရချေလိမ့်မည်ဟု ကိုလေး ကြိုတင်မျှော် လင့်ထားခဲ့ပြီး ဖြစ်ချေမည်ဟု ထိခိုက်စွာ တွေးမိလိုက်ရပါ၏။

"ကိုလေး ... အဲ ... ကလေးရဲ့ဖေဖေက ဘာလုပ်လဲဟင်"

"ရုံးမှာ အလုပ်လုပ်တယ် ဒေါ်ကြီးရဲ့၊ ပြီးတော့ စာရေး ဆရာလည်း လုပ်တယ်၊ ညညဆို ဖေဖေ စာတွေထိုင်ထိုင် ရေးတာ"

ဟု ဖြေခိုက်မှာတော့ မိဆယ်၏မျက်ဝန်းလေးတွေ ပို၍ ရွှန်းလဲ့လာသည်။ အရောင်ပိုတောက်သောလျက် နူးညံ့ပျောင်း နှဲ့သော အရိပ်လေးတွေ ပြည့်သိပ်လာကြသည်ပါပဲ။

ဒေါ်ကြီးလှိုင်မှာ မိဆယ်၏ ပို၍လှပချစ်စရာကောင်း လာသည့် အရိပ်လေးများ ပြည့်သိပ်[illegible]နေသည့် မျက်နှာလေးကို ငေးကြည့်နေမိရပြီ။ မိန်းမသားဆန်သော ပျောင်းနွဲ့နွေးသည့် နူးညံ့ရိပ်လေးများ ယှက်ဖြာလာတော့လည်း ဤကလေးမ ငယ်ငယ် လေးသည် အရမ်းကို ချစ်စရာကောင်းလာသည်ပါပဲ။

မာကျောကျောနှင့် ထိမထင်သလို ထုံပေပေလေးရှိ နေတတ်သည့် ဟန်ပန်မူရာလေးတွေနှင့်တုန်းကလည်း ချစ်စရာ လေးပါပဲ။ ဒါပေမဲ့ ခုလို မိန်းကလေးပိုဆန်လာသော မျက်နှာအမူ အရာလေးက ပို၍ ချစ်ဖို့ကောင်းနေသည်။

www.burmeseclassic.com



"ဖေဖေရေးတဲ့စာ မဂ္ဂဇင်းထဲ ပါလာတဲ့အခါမျိုးဆိုရင် မိဆယ်အတွက် လိုနေတဲ့ အင်္ကျီထူ အစလေးတွေ၊ မိဆယ် ကစားဖို့ အရုပ်ငယ်ငယ်လေး၊ နောက် ခေါက်ဆွဲကြော်၊ အဲဒါမျိုး၊ ဖေဖေ ဝယ်လာတတ်တယ် ဒေါ်ကြီးရဲ့၊ နောက် နေ့ကျရင် ရွှေတိဂုံဘုရားသွားပြီး မေမေ့အတွက် အလှူခံ ပုံးထဲမှာ ငွေလှူတယ်၊ ပန်းဆီမီးလှူတယ်၊ ဆုတောင်းပေး တယ်၊ ဘုရားကန်တော့ အမျှဝေတယ် ဒေါ်ကြီးရဲ့"

ဟု လှိုက်လှိုက်လှဲလှဲလေး မိဆယ် ပြောနေမိသည်။

ပြောနေခိုက်မှာ ဖေဖေနှင့် အနီးတကပ် နေနေရ သည့်နှယ် မိဆယ် ခံစားရသည်။ ပြောနေရင်းမှ ဖေဖေ့ကို လွမ်း တစိတ် ဖြစ်ရပြန်၏။ ဖေဖေ မရှိတော့ပါလားဟု ခံစားရင်း မိဆယ် ရင်ထဲ ဆို့တက်လာရရင်းမှ ဖေဖေရေဟု အော်ခေါ်ချင် စိတ်တွေ ရင်ထဲ ပြည့်ကျပ်လာကြပြန်သည်ပါပဲ။

မျက်လွှာလေး ပြန်ချလိုက်ရင်းမှ ကြမ်းပြင်ကို ငေး ကြည့် ငြိမ်ကျသွားသည် မိဆယ်၏ကိုယ်လေးကို ဒေါ်ကြီးလာပွေ့ သည်။ ဒေါ်ကြီးရင်ခွင်ထဲမှာ မိဆယ် တိတ်ဆိတ်စွာ ငြိမ်ငြိမ် သက်သက်လေး အတန်ကြာရှိနေ၏။

မိဆယ်၏အာရုံထဲမှာ ဖေဖေ့ကို ခေါ်သွားစဉ် ခွမ်း ခနဲ ခွဲလိုက်သော ရေလုံအိုးနှင့်ရေများ။

ဖေဖေ့ကို ရေချိုးပေးခဲ့သော၊ ဖေဖေ့ခြေရင်း၌ ထောင် ထားသောကပ်ကို ဖေဖေ့အလောင်း သယ်ယူသွားရာနောက်မှ ယူ သွားခဲ့သည့် ပုံရိပ်များ။

ဖေဖေ့ခေါင်းပေါ်မှာ ပါသွားသည့် ထမင်းထုပ်။



နောက် ဖေဖေ့ကို လိုက်ပို့သည့်လူများ။

မျက်ရည်ပေါက်များ ကျနေလျက် ဖေဖေ့ကို မခွဲ နိုင်စိတ်ဖြင့် ဖေဖေ့နောက်မှ ပါသွားသည့် ခိုကိုးရာမဲ့၊ ဆွေမျိုးမဲ့ နေသည့် မိဆယ်၏ခံစားရမှုများ။

အားလုံးသည် ဘာမှမကြာသေးသော ရက်ပိုင်းတွင်း က အဖြစ်အပျက်များသာတည်း။

ထိုအဖြစ်များသည် မိဆယ်၏ရင်တစ်ခုလုံးကို ခြွေ ယူသွားသည့် အဖြစ်များ။

ဘယ်တော့မှ မေ့နိုင်မည် မဟုတ်သည့် အဖြစ်များ။

ငြိမ်သက်နေသည့် မိဆယ်၏ ဆံစလေးများကို ဒေါ်ကြီးမှသပ်ပေးနေမှုန်း နောက်မှ မိဆယ် သတိထားမိလာလျက် မော့ကြည့်မိသည်။

ကြင်နာစွာ ငုံ့မိုးကြည့်နေသည့် ဒေါ်ကြီး၏မျက်ဝန်း များနှင့်ဆုံသည်။

"ဒေါ်ကြီး ကလေးနဲ့ အတူအိပ်မယ်၊ အစ်မကြီးကလည်း တူတူအိပ်ဖို့ ဒေါ်ကြီးကို မှာထားတယ်၊ ကလေးမှာ ကလေး ရဲ့ဘွား ရှိတယ်၊ ဒေါ်ကြီးရှိတယ်၊ အားမငယ်ရဘူး၊ ဝမ်း မနည်းရဘူးနော် ... ဟုတ်လား"

ဟု ပြောတော့ မိဆယ် ခေါင်းညိတ်ပြသည်။ ခက်နှာလေးထက်မှာ ထင်နေသည့် ကြေကွဲရိပ်ကို ပြန်ထိန်းလိုက် ရင်းမှ ...

"မိဆယ် ... ဘာမှမဖြစ်ပါဘူး"

ဟု ဖြေသည်။ အားမငယ်ပါဘူး ဆိုသည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးပြောသည့် စကားတွေထဲမှာ ဘဘထွန်းတို့၊ ကြီးကြီးညိုတို့ ရှိနေတာပဲဟူသည့် စကားတွေ ဘာကြောင့်မပါလာခဲ့ပါသလဲလေ။ နှစ်လိုရိပ်မရှိသည့် သူစိမ်းများနှယ် ရှိပါသည့် အကြည့်များကို မိဆယ် တွေ့မြင်ခဲ့သည်ပဲလေ။

"မိဆယ် တစ်ယောက်တည်း အိပ်ရဲပါတယ် ဒေါ်ကြီး၊ ဖေဖေက မိဆယ်ကို သတ္တိမရှိတဲ့ မိဆယ် မဖြစ်စေချင်ဘူး ဒေါ်ကြီးရဲ့၊ သတ္တိရှိတဲ့ မိဆယ်ပဲ ဖြစ်ရမယ်လို့ မှာထားတာ၊ ပြီးတော့ ဒါက ဖေဖေ့အခန်းပဲ၊ မိဆယ် ဖေဖေနဲ့အတူတူ နေနေရတာပဲ ဥစ္စာ"

ဟု ပြောတော့ ဒေါ်ကြီး ထိန်းမရနိုင်စွာ မျက်ရည်ကျလာရှာပါပြီ။

ပန်းရဂုံ၏ အစေအပါးဖြစ်သော ဒေါ်ကြီးသည် မိဆယ်၏ဖေဖေ့အပေါ်မှာ သွေးသားရင်းနှယ် ချစ်ရှာကြောင်း မိဆယ် နားလည်မိလျက် ပို၍ အချစ်တိုးမိရသည်မှာ အမှန်ပါ။

ကလေးရှေ့မှာ မျက်ရည်ကျမိတာမို့ ဒေါ်ကြီးလှိုင်မှာ စိတ်ကိုပြန်ထိန်းရ၊ မျက်ရည်ကို ကမန်းကတန်း သုတ်ရနှင့် ဖြစ်သွားရပြီး အားယူ၍ ပြုံးရှာ၏။

မိဆယ်၏သတ္တိခဲပုံလေးကိုလည်း နှစ်သက်ပုံဖြင့် ပြုံးကြည့်ကာ နဖူးလေးကိုနမ်းသည်။

"ဒါပေါ့၊ ကိုလေး သမီးပဲ၊ သတ္တိရှိရမှာပေါ့၊ ပန်းရဂုံမှာ မိဆယ် ဘာကြောက်စရာ ရှိလို့လဲ၊ မိဆယ် အခန်းမှာ မိဆယ်အိပ်တာပဲ၊ အို ... အို ... မဟုတ်သေးဘူး၊ မိဆယ်ရဲ့



အခန်းဖြစ်သလို မိဆယ်ဖေဖေ့အခန်းလည်း ဖြစ်တာပဲ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ မိဆယ် အိပ်၊ တစ်ယောက်တည်း အိပ် ... ဟုတ်လား"

ဟု ပြောပြီးမှ ...

"ဒီမှာ ကလေးဆာရင်စားဖို့ မုန့်ပုံးတွေ၊ ဒါက ရေဖန်ချိုင့်၊ ဒါက ဖျော်ပြီးသား၊ ကော်ဖီထည့်ထားတဲ့ဓာတ်ဘူး၊ ဒါက ကော်ဖီထည့်သောက်ဖို့ ဖန်ကိုင်းခွက်"

ဟု ပြောရှာ၏။

မိဆယ် ကြမ်းပြင်တွင်ထိုင်၍ ဒေါ်ကြီးကို ကန်တော့မည်လုပ်တော့ ကြည်နူးစွာ ကြည့်ရှာသည်။ သွေးသားရင်းနှယ် ဒေါ်ကြီးကို မိဆယ် ချစ်ကြောင်း နားလည်လိုက်ရပြီလေ။

"သာဓု ... သာဓု ... သာဓုပါ မိဆယ်လေးရယ်၊ မိဆယ်လေးရဲ့ဘဝ အေးချမ်းပါစေ၊ ပညာထူးချွန် လူရည်မွန်လေး ဖြစ်ပါစေ ကလေးရယ်"

ဟု ဆုတောင်းပေးရှာသည်။

"မိဆယ် ... ဘယ်နှတန်း ရောက်ပြီလဲ"

"ခြောက်တန်းပါ ဒေါ်ကြီး"

ဟု ဖြေတော့ ...

"ဘိုဘိုနဲ့ အတန်းတူနေတာပဲ၊ အေးမြတ်ဖြူထက်တော့ တစ်တန်းငယ်တယ်"

ဟု ဒေါ်ကြီးပြောပြီး ပြုံး၍ မိဆယ်၏ဆံစလေးကို သပ်တင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးပေမီးချောင်း မီးခလုတ်ကို ပိတ်ပေးခဲ့သည်။ ညအိပ်မီးတိုင်လေးကတော့ ပြာလဲ့လဲ့ အရောင်လေးကို အခန်းထဲမှာ ဖြန့်ဝေပေးနေပါ၏။

ဒေါ်ကြီးမှ အခန်းတွင်းမှ ထွက်သွားတော့ မိဆယ် ဗီရိုလေးဆီသို့ လျှောက်လာခဲ့သည်။ ဗီရိုတံခါးရွက်ကိုဖွင့်တော့ ဖေဖေနှင့်ပို၍ နီးကပ်လာသည့်နှယ် ခံစားရ၏။

ဖေဖေ့အဝတ်အစားများ ထည့်ထားခဲ့ဖူးသော ဗီရို ထဲမှာ ယခုတော့ မိဆယ်၏မမျှားလှသော အဝတ်အစားနှင့်ပစ္စည်း လေးတွေ ရှိနေချေသည့်အဖြစ်။

ဖေဖေ့ဓာတ်ပုံကြီးနှင့် မေမေ့ဓာတ်ပုံလေး ထည့်ထား ရာ မှန်ပေါင်ငယ်လေးကို မိဆယ် ယူသည်။

ဖေဖေ့ဓာတ်ပုံနှင့် မေမေ့ဓာတ်ပုံကို စားပွဲထက်မှာ ယှဉ်၍ ထောင်ထားပြီး ကြမ်းပြင်တွင် မိဆယ် ကျုံ့ကျုံ့ထိုင်သည်။

ဖွင့်ထားသော ပြတင်းဆီမှ လေပြည်နုသည် ခန်းဆီး စကို တလွင့်လွင့် ဖြတ်၍ အခန်းတွင်းသို့ တိုးဝင်၏။

မိဆယ် ပျပ်ဝပ်စွာ ဖေဖေနှင့် မေမေ့ကို ကန်တော့ သည်။

"မိဆယ် ... ပန်းရဂုံကို ဒီနေ့ စ,ရောက်ပါပြီ ဖေဖေ၊ မိဆယ်ကို နိုင်စားတဲ့ ဘိုဘို့ကို မိဆယ် ပြန်ပြီး ဘောလုံးနဲ့ ပေါက်ထည့်လိုက်တာ၊ နှာခေါင်းထဲက သွေးတွေထွက်ကျ လာတယ် ဖေဖေ၊ ဒါကြောင့် မိဆယ် နှစ်နာရီကျော်ကျော် ဒူးထောက် ဒဏ်ပေးခံခဲ့ရတယ်၊ မိဆယ် ဖေဖေ့ကိုသိပ် လွမ်းတာပဲ ဖေဖေရယ်"



ဟု တိုးတိုးလေး ပြောပြမိရင်းမှ မိဆယ် ထိုအခါမှ ဖေဖေ့ကို တမ်းတစိတ်၊ ဖေဖေနှင့်အတူ နေလိုစိတ်များဖြင့် လွတ် လပ်စွာ၊ တစ်ယောက်တည်း ငိုကြွေးမိပါ၏။ အသံမထွက်စေရ။ မျက်ရည်များသာ လွတ်လပ်စွာ ဖြိုင်နေအောင်ကျစေသည့်နည်းပါ။

အခြားသူတစ်ယောက်ယောက်မှ မိဆယ်၏ငိုရှိုက် သံကို ဖေဖေ ကြားစေချင်မည်မဟုတ်။ ဤသို့ မိဆယ် ထင်သည် လေ။

"ဖေဖေ ဘယ်တော့မှ မိဆယ်ဆီကို ပြန်မလာနိုင်တော့ဘူး ဆိုတာ မိဆယ် သိပါတယ် ဖေဖေ၊ ဒါပေမဲ့ ဖေဖေနဲ့ပဲ မိဆယ် အတူတူနေချင်ပါတယ် ဖေဖေ၊ ဖေဖေ့ကို မိဆယ် လွမ်းတယ်၊ ဖေဖေနဲ့ မိဆယ် အရင်တုန်းကလိုပဲ စကား တွေ ပြောချင်တယ်၊ ဖေဖေ့ရင်ခွင်ထဲမှာ မိဆယ် ဝင်နေချင် တယ် ဖေဖေ၊ မိဆယ် ဖေဖေ့ကို သိပ်ချစ်တာပဲ"

ဟု တိုးတိုးဖွဖွ ပြောနေမိရင်းမှ မိဆယ် ထပ်ငိုမိ ပြန်ပါပြီ။

အခန်းလေးကတော့ တိတ်ဆိတ်နေ၏။ ဟုတ်သည်။ ဖေဖေ နေခဲ့ဖူးသော အခန်းလေးကတော့ ဘိတ်ဆိတ်နေသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

နံနက်စောစောထနေကျ အကျင့်လေးအတိုင်း မိဆယ်မစောစော အိပ်ရာမှနိုးသည်။ ကိုယ်လက်သန့်စင်ပြီးတာနှင့် အိပ်ရာလေးကို သေသေသပ်သပ် ခေါက်သည်။

အခန်းပြတင်းတွေကို ဖွင့်လည်းဖွင့်၊ ခန်းဆီးစများကို ပြန့်နေအောင် ဖြန့်လည်းဖြန့်၊ ခြံကျယ်ကြီးကိုလည်း အပေါ်စည်းမှ ကြည့်လည်းကြည့်မိရပါ၏။

ခြံကြီးက ကျယ်လွန်းသည်။ ပြီးတော့ ပန်းဥယျာဉ်လှလှနှင့် အပင်ဆိုင်းဆိုင်းတွေ စေမြိုင်နေအောင် ရှိနေကြသည်ပဲ။

ငှက်ကလေးများ၏ ကျီကျီကျာကျာ မြည်ကြွေးသံလေးတွေကို နံနက်ဦးမှာ ကြည်နူးစဖွယ် ကြားနေရပါ၏။

ထိုအခိုက်မှာပဲ အခန်းတံခါးရွက်ကို တွန်းဖွင့်လျက် အဝတ်တစ်ထပ်နှင့် ဒေါ်ကြီးအခန်းတွင်းသို့ ဝင်လာ၏။ အသွေးစုံသော နူးညံ့အိထွေးနေသည့် အဝတ်တစ်ထပ်ကြီးသည် ဒေါ်ကြီးလက်ထဲမှာ တစ်ပွေ့တစ်ပိုက် ပါလာသည်။



"ဟော ... မိဆယ်လေး နိုးနေပြီကိုး၊ အံမယ် ခေါင်းတွေဘာတွေတောင် ဖြီးထားမှပဲ၊ သနပ်ခါးလေးလည်း လူးထားလိုက်ရင် ပိုကောင်းမှာ၊ နေဦး ... နောက်မှ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးလေး ယူလာဦးမယ်၊ မှန်တင်ခုံတစ်လုံးကို ဒီနေ့ပဲသွားဝယ်ဖို့ အစ်မကြီးက ကိုတင်မောင်ကိုမှာနေသံကြားတယ်"

ဟု ပြောပြောဆိုဆိုပဲ ခုတင်ထက်မှာ အဝတ်ထပ်ကိုတင်သည်။

"မနေ့က ဝယ်လာတဲ့ အဝတ်တွေလေ၊ သန့်နေအောင် ပြန်လျှော်ပြီး မီးပူတိုက်နေရတာမို့ ခုမနက်မှာပဲ မိဆယ်လေးကို ဝတ်ဖို့လာပေးထားနိုင်တော့တယ်၊ ကဲ ... ရေမိုးချိုးထားပြီးပြီ မဟုတ်လား၊ ဒီပန်းရောင်ဂါဝန်လေး ဝတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

ဟု ပြောနေတော့ မိဆယ် ခေါင်းလေးခါပြသည်။

"ဟင့်အင်း ... မိဆယ် ရေမချိုးရသေးဘူး၊ မျက်နှာသစ်ပြီး ခေါင်းဖြီးထားတာပဲ ရှိတာ"

ဟု ပြောတော့ ဒေါ်ကြီးရယ်သည်။ ခေါင်းကို ညွတ်၍ ...

"ရေချိုးထားတဲ့အတိုင်း ဖွေးဥသန့်စင်နေတာပါပဲတော်၊ အေးလေ ... မနေ့က နှစ်ခေါက်တောင်မှ ချိုးထားရတာပဲ၊ ဘိုဘိုကြောင် ရွှံ့တွေပေကုန်တာနဲ့ အဝတ်လဲရ၊ ရေချိုးရနဲ့ကိုး၊ ကဲပါကွယ်၊ ဒီပန်းရောင်ဂါဝန်လေးကို ဝတ်လိုက်ပါတော့တော်၊ ဒီဂါဝန်လေးကဖြင့် ညက ဝတ်အိပ်ထားတော့

www.burmeseclassic.com



တွန့်ကြေနေချင်ပြီ၊ မိဆယ်လေး ညအိပ်ဝတ်ထားတဲ့ အဝတ် တွန့်ကြေကြေနဲ့ မနက်စောစောမှာ အိမ်ထဲသွားလာနေတာ မျိုးကို ဘွားက မကြိုက်ဘူးကွယ့်"

ဟု ပြောတော့ မိဆယ် ပန်းရောင်ဂါဝန်လေးကို ဝတ်လိုက်ရပါ၏။ အသားလေးက နုနေလျက် အိအိထွေးထွေး နိုင်သည့် ဂါဝန်လေးမို့ မိဆယ် သဘောကျသည်။ ဂါဝန်လေးကို ကျောဘက်မှခါးနေရာ၌ စုချည်ဖို့ တစ်ဖက်တစ်ချက်စီမှာ အပြားကြီးကြီးနှင့် ဖဲကြိုးချည်သလို လှလှလေး ပုံဖော်စည်းနှောင်ချည် ထားလိုက်တာမို့ ခါးနေရာလေးမှာ ဖားဖားကားကားကြီး ဖြစ်မနေ။ သပ်သပ် ခပ်ခပ်လေးနှင့် အရမ်းကို လှနေတာကို မှန်ထဲမှာ မိဆယ် ကြည့်ရင်း စိတ်လွတ်ကိုယ်လွတ်လေးပဲ နောက်ဘက်ကို ကိုယ်လေးလှည့်၍ လှည့်၍ ကြည့်နေမိရသည့်အဖြစ်။

စာကြည့်စားပွဲထက်မှာ လတ်တလောကြည့်ဖို့ မှန်ကြီးတစ်ချပ်ကို အခန်းနံရံကို မှေးမှီထောင်ထားသည်လေ။ ဒေါ်ကြီးမှ မိဆယ် ရောက်မလာသေးခင် ကြိုတင်စီစဉ်ပေးထားတာ ဖြစ်မည်။

ဒေါ်ကြီးမှ မိဆယ်၏ ဂါဝန်လေးကို တကြည့်ကြည့်နှင့် ကျေနပ်နေပုံလေးကို ကြည့်ရင်း ကြည်နူးသဘောကျနေပုံရပါ၏။ အဝတ်အစားတွကို ဗီရိုထဲ ဒေါ်ကြီးကိုယ်တိုင်ပဲ သေသေသပ်သပ် သွားထည့်သည်။ နောက် ... မိဆယ်ကိုကြည့်၏။

"ကဲ ... အခု မိဆယ် အခန်းထဲမှာ နေချင်နေ၊ ခြံထဲဆင်းချင်ဆင်း၊ ခုနစ်နာရီထိုးမှ အိမ်အောက်ထပ် ထမင်းစားခန်းမှာ လက်ဖက်ရည် သောက်ကြရမယ်၊ နေ့စဉ် ခုနစ်နာရီ



ဟာ ပန်းရဂုံရဲ့ လက်ဖက်ရည်သောက်ချိန် သတ်မှတ်ချက်ပဲ မိဆယ်လေးရဲ့၊ ဘွားဆီ သွားချင်နေတယ် မဟုတ်လား၊ နေဦး မသွားသေးနဲ့ဦး၊ ဘွားပုတီးစိပ်နေသေးတယ်၊ လက်ဖက်ရည်သောက်ပြီးမှပဲ ဘွားဆီကိုသွား၊ ဟုတ်လား၊ ကဲ ... ဒေါ်ကြီး လုပ်စရာရှိတာတွေ လုပ်ချေဦးမယ်"

ဟု ပြောတော့ မိဆယ်မှ ...

"မိဆယ် လုပ်ကူမယ်လေ၊ ဒေါ်ကြီးကို မီးဖိုဆောင်မှာ လုပ်ကူမှာပေါ့၊ မိဆယ့်ကို ခိုင်း၊ ခိုင်းတာ လုပ်ပေးမယ်လေ"

ဟု ပြောခိုက် လက်ကာ၍ ဒေါ်ကြီးမှ ...

"ဒီပန်းရဂုံမှာ တစ်ယောက်တစ်မျိုး စားကြတာ ကလေးရဲ့၊ ပေါင်မုန့်ထောပတ်သုတ်၊ တစ်ယောက်က ကြက်ဥခေါက်ပြီး သကြားနည်းနည်းနဲ့ ပေါင်မုန့်ကို ထောပတ်နဲ့ကြော်ခိုင်း၊ ဟော ... တစ်ယောက် ထမင်းကြော်၊ တစ်ယောက် ကိတ်မုန့်နဲ့စားမယ်၊ ဟော ... နို့ကြက်ဥ၊ ကော်ဖီ၊ လက်ဖက်ရည်၊ အဲဒါ တစ်ယောက်တစ်မျိုးသောက်တာ၊ တစ်ယောက်က သစ်သီးဖျော်ရည်နဲ့မှသောက်တယ်၊ အခု အခု မိဆယ်လေး ရှုးသွားမယ်၊ တဖြည်းဖြည်းမှ မိဆယ်လေး လုပ်ကိုင်ကူ ဟုတ်လား"

ဟု ပြောပြီး ခြေလှမ်းသုတ်သုတ်ဖြင့် အခန်းတွင်းမှ [illegible]ာက်သွားရှာ၏။ ကြည့်ရတာ မိဆယ်၏ဂါဝန်လေးတွေကို မနေ့[illegible]ာ မီးပူအပြီးတိုက်ပြီး မနက်စောစော လာပို့ပေးတာဖြစ်မည်။ [illegible]က်ပိုင်းမှာဖြင့် အမည်စုံလှသော လုပ်ကိုင်ပေးစရာ တစ်သီ

www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းကြီးအတွက် ခပ်သွက်သွက် ဆင်းသွားရရှာတာ ဖြစ်ချေမည်တည်း။

မိဆယ်မှာ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေတာထက် ခြံထဲဆင်းပြီး နေရတာကမှ ပိုကောင်းချေမည်မို့ အခန်းတွင်းမှ ထွက်ခဲ့ရပါ၏။

မိဆယ် ဖြတ်သန်းလာရာ အပေါ်ထပ်စင်္ကြံရှည်ကြီး တစ်လျှောက်မှာရှိသည့် အခန်းတံခါးရွက်တွေက ပိတ်စေ့နေကြဆဲ အိပ်ရာမှ ထကြသေးဟန်မတူ။

ဘွား၏အခန်းတံခါးရွက်ကတော့ အနည်းငယ်ဟ နေသည်။ ဒါပေမဲ့ ဘွား ပုတီးစိပ်နေတာ အာရုံမပျက်ရအောင် မိဆယ် ဝင်မနေတော့။

အောက်ထပ်သို့ ဆင်းလာခဲ့မိပါ၏။

ဂါဝန်လေးက တော်တော်လေးရှည်သည်။ မိဆယ်၏ ခြေသလုံးအောက်မှာ ဝဲနေ၏။

ခြေမျက်စိ နေရာသို့ ရောက်လုရောက်ခင်။ ရင်ဘတ် နေရာလေးမှာလည်း ပန်းနုရောင်ဖာထပ်ထပ် ဖွားဖွားလေးတွေ လှပစွာ ပုံဖော်ချုပ်ထားတာမို့ အရမ်းကို လှနေတာ အမှန်။

ဂါဝန်လေးကို မိဆယ် ကြိုက်သည်။ မြက်ခင်းကျယ် ကိုဖြတ်။ သစ်ပင်တန်းရှိရာသို့လျှောက်။ အုံ့ဆိုင်းသော ကုံကော်ပင် အောက်သို့ရောက်တော့ မိဆယ် ဂါဝန်လေးကို တနွဲ့နွဲ့ ဟိုသည် ဝှေ့ဝဲလှုပ်နေအောင် ချာလပတ်လေးလည်၍ လည်၍ လက်နှစ်ဖက် ကို ဘေးသို့ဖြန့်ကားကာ ဂါဝန်သစ်လေးနှင့် ပျော်နေမိရသည် အဖြစ်။



"အဟင်း ... ဟင်း"

တစ်ဖက်ခြံဆီမှ လွင့်လာသည့် ရယ်သံကြောင့် မိဆယ် ကိုယ်လေးကို ပတ်ချာလည်လှည့်နေရာမှ တန့်ခနဲရပ်၍ ကြည့်မိတော့ ကောင်လေးတစ်ယောက်။ အသားဖြူဖြူ၊ မျက်ခုံး ထူလေးနှင့် ကာကီရောင်ဘောင်းဘီတိုနှင့် အဖြူရောင်အင်္ကျီလေး ကို ဝတ်ထားသည်။

လက်ထဲမှာ လေးခွတစ်လက်ကို ကိုင်ထား၏။ မိဆယ် တစ်ယောက်တည်း အထင်နှင့် စိတ်လက်လွတ်စွာ နေမိခဲ့သမျှ ခုလို တစ်ဖက်ခြံက ကောင်လေးက ကြည့်ပြီးပြောင်သလို ရယ်နေတော့ အနေတစ်ချက်ခက်။ ရှက်အမ်းအမ်းလေးလည်းဖြစ်ပြီးမှ ကိုယ်လေးကို ပြန်မတ်၍ ထုံးစံအတိုင်း မျက်မှောင်လေး တွန့်ကွေးကာ ...

"ဟေ့ ... ဘာရယ်တာလဲ"

ဟု စွာတော့ ကောင်လေး ထပ်ရယ်သည်။

"နင် က,တာ လှလို့ကြည့်တာ၊ ရယ်မိတာတော့ ရယ်ချင်လို့၊ နင်က မင်းသမီးပုံစံနဲ့ က,နေတာကိုးဟ"

ဟု ပြောပြီး မိဆယ်ကို ကြည့်သည်။

"နင့်ပုံလေးက ငါကြည့်တဲ့ ဟိုဗီဒီယိုခွေထဲကလိုပဲ စနိုးဝှိုက် မင်းသမီးလေး တောထဲမှာ ပျော်ပြီးက,နေတဲ့ပုံမျိုး၊ အဲဒီ ကာတွန်းကားထဲက မင်းသမီးလေးက နင့်လိုပဲ အသားဖြူတယ်၊ က,တာလည်း လှတယ်၊ နင် သိတယ် မဟုတ်လား၊ စနိုးဝှိုက်နဲ့ လူပုလေး ခုနစ်ယောက်လေ"

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကိုတော့ ကြားဖူးသည်။ ဗီဒီယိုကားကိုတော့ ဘယ်က ဗီဒီယိုစက်နှင့် မိဆယ်က ကြည့်နိုင်ပါမည်တဲ့လဲ။ ဒါပေမဲ့ မှုပိုင်ဟန်လေးအတိုင်း ဘာမျှမထူးဆန်းသည့် ပုံမျိုးဖြင့် ...

"ဘာလို့မကြည့်ဖူးရမှာလဲ၊ ကြည့်ဖူးတယ်"

ဟု ပြန်ပြော ထည့်လိုက်သည်ပါပဲ။

"ငါ့နာမည်က စိုးနောင်၊ နင်နာမည်ကကော ဘာလဲ"

ဟု မေးတော့ ...

"မိဆယ်"

ဟု ပြန်ဖြေသည်။ စောစောပိုင်းက စွာတာတာလေး ပြန်မေးခဲ့သည့် အဖြစ်သည် ပျောက်သွားလျက် ခင်မင်အော ပြောတတ်သော မျက်နှာလေးချိုသော စိုးနောင်၏ပုံစံလေးကြော မိဆယ်နှင့် စကားပြော အဆင်တပြေ ဖြစ်လာသည့်အဖြစ်။

"နင့်ကို ငါ မမြင်ဖူးပါဘူး၊ ငါ တွေ့နေတာက ဟိုဝိုကြေ ရှည်ပြီး အသံသေးကြောင်ကြောင်နဲ့ အိုက်တင်များ အသားဖြူဖြူ ကောင်မလေးတစ်ယောက်ပဲ၊ ငါနဲ့ တ ကျောင်းတည်း၊ ငါ့ထက် တစ်တန်းတော့ ကြီးတယ်၊ ဒီ ထဲမှာ သူ နင်ရှိနေတဲ့ နေရာလောက်ရောက်ရင် ကံ့ကော ပန်းတွေ တက်တက်ခူးခိုင်းတာကို ငါ မြင်နေရပြီ၊ ဦးကြ သိန်းက ခူးပေးရတာ၊ ဘိုဘိုနဲ့ ရန်ဖြစ်တဲ့အခါကျရင်လည် ငိုရော"

ဟု အတင်းအုပ်နေသည့် စိုးနောင်ကို မိဆ ကြည့်ရင်း ပိုခင်လာမိသည်။ ဘိုဘိုနှင့် အေးမြတ်ဖြူတို့အကြော ပြောနေပုံက သိပ်ပြီးသဘောတွေ့ပုံမှ မရဘဲလေ။



"ဘိုဘိုနဲ့ ငါနဲ့က တစ်တန်းတည်းကွ၊ သိပ်ကြွားတာပဲ၊ ငါနဲ့ လေးခွပစ်ပြိုင်တာ သူ ဘယ်တုန်းကမှ မနိုင်ဘူး၊ ငါ က လက်သိပ်ဖြောင့်တာ"

ကြွားဟု ပထမဆုံး မိဆယ် စိတ်ထဲမှနေ၍ စိုးနောင် ကို ခေါ်မိ၏။ သူများအတင်း အုပ်နေပေမယ့် သူကလည်း ဘာ ထူးသည်လဲ။ လက်တည့်ကြောင်း မိဆယ်ကို လာကြွားနေချေသည် ပဲလေ။

ဒါပေမဲ့ ဘိုဘို့ မျက်လုံးတွေမှာတွေ့ရသည့် လှောင် ရိပ်မျိုးကို စိုးနောင်ထံမှ မတွေ့ရ။ ပြုံးချိုနေသော မျက်နှာနှင့် ရယ်မောပျော်ရွှင်ရိပ်များဖြင့် ပြည့်သိပ်ကြည်စင်နေသည့် မျက်လုံး များကြောင့် သဘောကောင်းသည့်ပုံလေး ဖြစ်နေသည်။

"မိဆယ်လည်း လက်ဖြောင့်တာပဲ၊ အဲဒီလောက်ခွ ခဏ ပေး"

ဟု ပြောတော့ အံ့သြသလို စိုးနောင် မိဆယ်ကိုကြည့် သည်။ ခြစ်ည်းရိုးနားကပ်၍ မိဆယ်ကို မယုံသလို ထပ်ကြည့်ပြီး လက်တွင်းမှ လေးခွကို ကမ်းပေး၏။

"တကယ် ပစ်တတ်လို့လား ... နင်က"

ဟု မေးတော့ မိဆယ် ရယ်သည်။

"မိဆယ်တို့နေတဲ့ ရပ်ကွက်မှာ ကျောင်းက သုံးလမ်းကျော် မှာရှိတာ၊ ကျောင်းသွားရင် ခွေးတွေကများတယ်၊ တချို့ ခွေးတွေက ခြစ်ည်းရိုးအပေါက်အပြဲတွေကြားထဲက တိုးထွက် ပြီး ကိုက်ချင်ဆွဲချင်တယ်၊ မိဆယ်ရဲ့ဖေဖေက လေးခွနဲ့ ပစ်ထည့်ခိုင်းတာ လက်ကိုတည့်ရော၊ အိမ်နောက်ဖေးမီးဖို

www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ ဝင်ဝင်ပြီး ငါးခြောက်ပြားဆွဲချင်တဲ့ ကျားဘိုဆိုတာ အီစိမ့်နေအောင် လောက်စာလုံးစာ မိတာ"

ဟု ပြောတော့ မယုံသလိုဖြင့် စိုးနောင် ပြုံးစိစိကြည့်သည်။

မိဆယ် ပြောတာကို ယုံချင်ပုံမရပေမယ့် မယုံဘဲလည်း နေရဲပုံမရ။ လောက်ခွကို တောင်းတာကိုက အပိုင်အနိုင်ပုံစံမျိုးဖြင့်ကိုး။

မိဆယ် လောက်ခွကိုယူသည်။ ကျောက်ခဲတစ်လုံးရှာကောက်သည်။ နောက်တော့ လေးခွညှို့ကြိုးကို သေချာဆွဲ၍ ပစ်မှတ်ကိုချိန်သည်။ ချိန်သည်က စိုးနောင် လက်ထိထားရာ ခြစည်းရိုး သစ်သားတန်း ဖြစ်နေတာမို့ ချက်ချင်းကြီး ကိုယ်ကိုနေရာရွှေ့လိုက်သည့် စိုးနောင်ကိုကြည့်ပြီး မိဆယ် တစ်ချက်ရယ်သည်။

နောက်တော့ မိဆယ် ပစ်ထည့်လိုက်သည့် ကျောက်ခဲလေးသည် လောက်ခွမှနေ၍ သစ်သားခြံစည်းရိုးတန်းကို တောက်ခနဲ ထိမှန်သည်။

"နို့ဆီခွက် ထောင်ပစ်လည်းရတယ်၊ ဘီယာဘူးခွံဟောင်းတွေ၊ နို့ဆီခွက်တွေ လေးငါးလုံး စီထောင်ထား၊ အားလုံးကို လောက်စာတစ်လုံးပြီးတစ်လုံးနဲ့ ချိန်ချိန်ပစ်လိုက်တာ ဒေါင် ... ဒေါင် ... ဒေါင် ဆိုပြီး မှန်တာချည်းပဲ၊ ကဲ"

ဟုပြောတော့ စိုးနောင် သဘောတကျကျနှင့် မိဆယ်ကိုကြည့်သည်။ အံ့ဩရိပ်ထင်သော မျက်နှာမှာ ခင်မင်နှစ်လိုရိပ်ပြည့်နေသော အပြုံးကိုလည်း တွေ့ရပြန်၏။



ပန်းရောင်ဂါဝန်လေးနှင့် ဖူးဥဖြူနွဲ့သော မိန်းကလေးတစ်ယောက်က လေးခွကို ဟန်ကျပန်ကျကိုင်ပြီး လက်တည့်စွမ်းပြသည့် အဖြစ်ကို စိုးနောင် အံ့ဩနေမိတာလည်း အမှန်။

"မိဆယ်က သိပ်တော်တာပဲ"

ဟု စိုးနောင် ပြောလာတော့ မိဆယ် ရင်ထဲမှာ ကျေနပ်သွားသည်။

"မနက်ဖြန် နင်နဲ့ မိဆယ် လေးခွနဲ့ လက်တည့်ပြိုင်မယ်လေ၊ နို့ဆီဘူးခြောက်လုံးကို တန်းစီထားပြီး ဆက်တိုက်ပစ်ပြိုင်မှာ"

ဟု မိဆယ် ပြောတော့ စိုးနောင် ကျိတ်လန့်နေပြီ။

ဘယ့်နှယ် နို့ဆီဘူးခြောက်လုံးကို ဆက်တိုက်ပစ်ပြသည်ဆိုတော့ အရှုံးပေးလိုက်ရတော့မလို ဖြစ်နေချေပြီကိုး။

ဂျပန်ဆံတောက် မည်းနက်နက် ပျော့အိအိလေးတွေသည်ကုပ်လေးထက်မှာ ဝဲကျနေလျက် နဖူးပြင်ထက်မှာလည်း အတိလေး ပျော့နွဲ့စွာကျနေသည့် ပန်းရောင်ဂါဝန်လေးနှင့် ကောင်မလေးက လေးခွနှင့် နို့ဆီဘူးခြောက်လုံးကို ပစ်ပြိုင်ပြမည်တဲ့။

"တကယ် ... မပစ်တတ်ပါစေနဲ့"

ကလေးပီပီပဲ စိုးနောင် ရင်ထဲ ရှိတာကို ကျိတ်၍ ဆုတောင်းမိသည့်အဖြစ်။

ထိုနေ့က မိဆယ်ဆိုသည့် ကောင်မလေးနှင့် စိုးနောင်ဆိုသည့် ချာတိတ်လေးတို့ စတင် ဆုံစည်းရချိန်လေးမှာ စိုးနောင်ဘက်က အရှုံးပေးရမည့် နိမိတ်ဦးသည်လည်း တစ်ပါတည်းပါခဲ့သည်ပေါ့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တစ်တစ်နိုင်သည့် ပုံလေးတွင် လက်တောက်နေသော မျက်ဝန်းအကြည့်စူးစူးလေးတွေနှင့် လွှမ်းမိုးအနိုင်ယူတတ်သည့် အသွင်လေးဖြင့် ရှိပါလေသော မိဆယ်ကို ဖိုစဉ်ကတည်းကလည်း စိုးနောင်၏ရင်ထဲမှာ ခင်ခင်မင်မင်ကြီး ဖြစ်သွားခဲ့မိတာလည်း အမှန်ပါ။



## အခန်း(၈)

လက်ဖက်ရည်ပွဲတွင် ဆောင်းတစ်ဖက် ထိပ်နေရာ၌ ဘဘထွန်း ထိုင်သည်။ ဘဘထွန်း ဘေးမှာက အသားဖြူဖြူနှင့် ချောချောခန့်ခန့် အမျိုးသမီးကြီးတစ်ဦး ထိုင်နေ၏။

ထိုသူသည် ဘဘထွန်း၏ဇနီး ဒေါ်သွယ်လှယဉ်။

နောက် ... အသားဖြူဖြူ ရုပ်ချောချောနှင့် ကောင်မလေးတစ်ယောက်။

နှာခေါင်းကို လက်ဖြင့် အလကားနေရင်း တို့ထိပွတ်တိုက်သုတ်နေတတ်သည့် ကောင်မလေး။

ပြီးတော့ မျက်နှာလေးကလည်း မှုန်တေတေ။

ဘဘထွန်း၏တစ်ဖက်၊ ခုံ၏ဘယ်ဘက်စွန်းထိပ်မှာက ဦးဒီပနှင့် ဒေါ်ခင်မမညို။

နောက် ဒေါ်ခင်မမညို၏ဘေးမှာ ဘိုဘို ထိုင်နေသည်။ ဘိုဘိုက အဖြူရောင်ရုပ်အင်္ကျီလက်တိုနှင့် အပြာရင့်ရောင်ဘောင်းဘီလေးကို ဝတ်ထား၏။ မိဆယ်ကို လှမ်းကြည့်သည့် အကြည့်တွေထဲမှာ ခင်မင်လိုရိပ်မရှိ။ ဘိုဘို့ မျက်နှာကလည်း တည်တင်းတင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်ကိုကြည့်သည့် အကြည့်တွေအားလုံးမှာ တူညီသည့်အရာတစ်ခု ပါနေသည်။ စိမ်းသောအကြည့်များပါ။ နှစ်လိုရိပ်မရှိ။ လှိုက်လှဲပျူငှာမရှိ။ အပြုံးရိပ်မရှိ။

မျက်နှာတွေအားလုံးသည် ခပ်တည်တည် ဖြစ်နေကြသည်ပါပဲ။

ပန်းရဂုံမိသားစုမှ ကိုကိုလေး၏သမီးငယ် မိဆယ်ဟူ၍ အဖက်လုပ်ဖော်မရှိ။ ကိုယ့်ရှေ့က လက်ဖက်ရည်ခွက်၊ ဖျော်ရည်ခွက်တို့ကို ခပ်တည်တည်ပဲ ယူသောက်ကြသည်။ ထမင်းကြော်စားနေသည့် အေးမြတ်ဖြူက မိဆယ်ကို သရဲတစ်ကောင်ဝင်လာတာကို မြင်သလို မျက်လုံးပြူးလေးနှင့် ကြည့်နေ၏။

“သမီးလေးက ဘိုဘို့အဖြစ်ကို မြင်ထားပြီး ခုကတည်းက သူ့ကို ကြောက်နေတာ မောင်”

ဟု အေးမြတ်ဖြူ၏ မေမေကပြောတော့ မိဆယ်မျက်နှာလေး ပိုတည်လာရပြီ။

ကလေးအပေါ်မှာ ကြင်နာရိပ် ကင်းလွန်းနေသည့် မြင်ကွင်းကို ဒေါ်ကြီးလှိုင်မှာ ကြည့်ရင်း ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်။ အဘွားဖြစ်သူကလည်း နှလုံးရောဂါကြောင့် လောလောဆယ်မှာ အောက်ထပ် လက်ဖက်ရည်ပွဲသို့ ဆင်းမသောက်နိုင်သေး။ အခန်းထဲမှာပဲ စားသောက်နေရဆဲကာလ။

ထိုအချိန်လေးမှာ လူကြီးလုပ်သူတွေက ဤကလေးအပေါ်မှာ လိုလားမှု ကင်းစင်လွန်းစွာပဲ အတိအလင်း ဆက်ဆံပြနေကြချေသည်ပါပဲ။



မိဆယ်ကို ဒေါ်ကြီး ကြည့်တော့ ခပ်တည်တည်လေးပဲ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ နှုတ်ဆက်သူ မရှိသည့် အကြင်နာကင်းသော မျက်နှာများကို ဂရုမစိုက်သလိုပဲ ထမင်းကြော်ပန်းကန်ကို ရှေ့ဘက်မှာ ဆွဲယူ၍ စတင်စားသောက်၏။

ဘယ်သူ့ကိုမှလဲ မိဆယ် နှုတ်မဆက်။ ပြုံးမပြ။ ပြုံးပြခြင်းမရှိသည့် သူများကို မိဆယ် မျက်နှာချိုမသွေး။ မျက်လုံးနက်နက်တွေက ပိုတောက်နေသည်ဟု ဒေါ်ကြီး ထင်သည်။

ထိုအခါမျိုးမှာ ကိုကိုလေးကို ပို၍ ဒေါ်ကြီးလှိုင် အမှတ်တရဖြစ်ရ လွမ်းမိရသည်ပါပဲ။ ကိုကိုလေး ဆိုတာကလည်း ဘာထူးလို့လဲနော်။ ခုလို မျက်လုံးတောက်တောက်လေးတွေနှင့် လုပ်ချင်တာကို ဇွတ်လုပ်တတ်သည့် ကောင်လေး။

ဒေါ်ကြီးလှိုင် ပန်းရဂုံသို့ရောက်တော့ ကိုကိုလေးက လူပျိုပေါက်အရွယ် ဖြစ်နေပြီ။

“သမီး ... သူနဲ့ မကစားနဲ့နော်၊ လက်သံပြောင်တဲ့ ကောင်မလေးနဲ့ ကင်းကင်းနေ”

ပေါ်တင်ကြီး ပြောနေသံကြောင့် ဒေါ်ကြီးလှိုင် အတွေးနှင့် နစ်နေရာမှ မိဆယ်ကို ကြည့်မိရပါပြီ။ ဒေါ်သွယ်လှယဉ်မှာ သမီးငယ်၏ ဆံစလေးများကို သပ်တင်ပေးရင်း မှာနေခြင်းပါ။

မိဆယ် မျက်နှာတည်လေးနှင့် ဒေါ်သွယ်လှယဉ်ကို ကြည့်သည်။

“ဟုတ်တယ် ယဉ်၊ ခင်မမလည်း ဘိုဘို့ကို မှာထားတယ်၊ ဒီကောင်မလေးနဲ့ မကစားနဲ့လို့၊ ဒီမှာ မိဆယ် ညည်းကို

www.burmeseclassic.com

www.burmeseclassic.com



မှာထားပါရဲ့၊ ငါတို့သားသမီးတွေနဲ့ နင် ဘယ်တော့မှ မကစားနဲ့၊ နင့်ကို မေမေက သနားလို့ အိမ်မှာခေါ်ထားတာကို လူပါးဝမနဲ့၊ နင့်အမေမျိုးရိုးလိုက်ပြီး အောက်တန်းမကျနဲ့ ကြားလား"

အဖြေထွက်မလာ။ လက်တွင်းမှ ခက်ရင်းသည် လေမှာဝဲ၍ အရှိန်နှင့် ဒေါ်ခင်မမညို၏ မျက်နှာကို မှန်သည်။ ခက်ရင်းသွားနှင့် မစိုက်ဘဲ လက်ကိုင်ဘက်က ထိတာမို့ တော်သေးသည့်အဖြစ်။

"မိဆယ်ရဲ့မေမေ့ကို မထိပါနဲ့၊ ဖေဖေ့သမီးမို့ ဘွားက မိဆယ်ကို ခေါ်ထားတာ၊ သနားလို့ ခေါ်ထားရအောင် မိဆယ် သူတောင်းစား မဟုတ်ဘူး"

မိဆယ်၏ မျက်ဝန်းလေးတွေ ဖိတ်ဖိတ်လက်နေပုံမှာ စိန်ပွင့်လေးများလိုပါ။ ဒေါ်ခင်မမညို ဒေါသထွက်လာပြီး မိဆယ်ကိုရိုက်တော့ မိဆယ်၏လက်လေးတွေက တွန်းထုတ်ဖို့ ကြိုးစားရင်းဖြင့်ပင် ရုတ်ခနဲ လက်မောင်းကို သွားဖြင့်ကြိတ်ကိုက်ပစ်တာမို့ လူတွေ ရုတ်ရုတ်သဲသဲဖြစ်ကြ။ လက်ဖက်ရည်ပွဲလည်း ပျက်ရသည်ပါပဲ။

"ဟဲ့ ... ကလေး ... မိဆယ် ... မိဆယ်၊ လွှတ်လိုက်ပါ၊ လွှတ်လိုက်ပါ"

ဒေါ်ကြီး ဆွဲပေမယ့် မရ။ ဦးဒီပမှ မိဆယ်၏ခေါင်းကို ဒေါသဖြင့် လွှဲရိုက်လိုက်တာကို ခံရရင်း ဂျပန်ဆံတောက်ပျော့အိအိလေးတွေ ဖွာခနဲ လန်လွင့်သွားပေမယ့် ဒေါ်ခင်မမညို၏လက်မောင်းကို ကိုက်ထားတာကိုမလွှတ်။



ဒေါ်ခင်မမညိုမှာလည်း နာလွန်း၍ မျက်ရည်များကျနေကာ ငယ်သံပါအောင် အော်နေပြီ။ ဒေါ်ခင်မမညို၏ လက်တွေကလည်း မိဆယ်၏ခေါင်းကို တွန်းနေသည်။

ဒါပေမဲ့ မိဆယ်၏ကိုယ်ထဲမှာ စီးဝင်ဖြစ်တည်နေသည့် ခံပြင်းနာကြည်းခြင်းမှဖြစ်တည်သော ဒေါသမီးနှင့် ကူးစက်ပျံ့ဝင်သော အားအင်များကို ဘယ်လိုမှ တွန်းထုတ်၍ မရနိုင်ဘဲဖြစ်နေသည်။

ဘဘထွန်းမှ နောက်မှ အတင်းဆွဲနေပေမယ့်လည်း မိဆယ်၏ လက်လေးတွေက ဒေါ်ခင်မမညို၏ကိုယ်ကို ခိုင်မြဲစွာ ဖက်တွယ်ထားတာမို့ ဘယ်ကိုဆွဲဆွဲ မိဆယ်ကိုယ်လေးရော၊ ဒေါ်ခင်မမညို၏ကိုယ်ပါ ရောထွေးပါနေလျက် ဘယ်လိုမှ လူချင်းမကွဲဘဲ ဖြစ်နေကာ။ ကိုက်ထားသည့် လက်သည်လည်း မလွှတ်ဘဲ ဖြစ်နေရသည့်အဖြစ်။

မိဆယ်၏အသွင်လေးက ကျားပေါက်မလေးနှင့် တူနေသည်။

ဦးဒီပမှလွှဲရိုက်၊ ဘဘထွန်းမှအတင်းဆွဲ၊ ဒေါ်သွယ်လှယဉ်မှ ဆံပင်ကို ဆွဲထားနေပေမယ့် မိဆယ် ကိုက်ထားသော လက်မောင်းကိုမလွှတ်။ ဖက်ထားသော လက်တွေကလည်း သံမှိုနှင့် ရိုက်ကပ်ထားသလို ဖြစ်နေသည်။

မြင်ကွင်းသည် ကြည့်ရက်ဖို့မကောင်း။ ကလေးတစ်ယောက်ကို ဝိုင်းဆွဲဝိုင်းရိုက် နေကြတာကလည်း မတန်တဆကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း ဘယ်လိုမှမလွှတ်။ ဆူညံပွက်ထလျက် ရှိနေသော အခန်းတွင်းသို့ သွားရောက်လာလျက်မှ ...

"ဘယ်လိုဖြစ်နေကြတာလဲ"

ဟု မေးတော့ ...

"မေမေ့မြေး၊ ရှိင်းနေ ကြမ်းနေတာလေ၊ မေမေ ခေါ်ထားတဲ့မြေး"

ဘဘထွန်း ပြောနေခိုက် ...

"မြေး ... မိဆယ်၊ ဘွားပြောနေတယ်၊ ကြီးကြီးရဲ့လက်ကို လွှတ်ပေးလိုက်"

ဟု ပြောတော့မှ ဘဘထွန်း ဆွဲသည့် လက်ထဲသို့ အပါခံသည်။ ဖက်ထားသော လက်တွေကို ဒေါ်ခင်မမညို၏ကိုယ်ထက်မှ ဖြေသည်။ ဘဘထွန်းမှ တစ်ချက် နှားရင်းအုပ်ထည့်ကာ ဆောင့်တွန်းလိုက်တော့ ကြမ်းပြင်မှာ ခွေခနဲကျ၏။

"အထွန်း၊ ဘာလို့ ဒီလိုလုပ်ရတာလဲ ကလေးကို"

ဟု ဘွားအော်ခိုက်မှာ ...

"ဒါ ကလေးမဟုတ်ဘူး မေမေ၊ ဂျိုဟ်ကောင်၊ မှင်စာကောင်၊ ဒီလောက်ကြမ်းတမ်းတဲ့ စရိုက်တွေနဲ့ ပန်းရံုမှာ ပေးနေဖို့ဆိုတာ မဖြစ်နိုင်လောက်အောင်ပဲ မေမေ၊ သူ့ကို ဘော်ဒါတစ်ခုခုမှာထားရင် ကောင်းမယ်၊ ကြည့်ပါဦး၊ ခင်မမရဲ့ လက်ကို ညီမလေးလက်မှာ သွေးတွေချည်းပဲ"

ကလေးသွား၊ ခွေးသွားစကားနှင့်အညီ တကယ့်ကို သွေးတွေထွက်လျက် ဒေါ်ခင်မမညိုမှာ နာလွန်း၍ မျက်နှာမှာ သွေးရောင်ပင် ဖျော့ကျနေပြီ။



"မိဆယ်ရဲ့မေမေ့ကို အောက်တန်းစားလို့ ပြောတယ်၊ သူတို့နဲ့ မကစားရဘူးလို့လည်း ပြောတယ်၊ မိဆယ်ကိုလည်း အောက်တန်းစားလို့ ပြောတယ်၊ ဘွားက သနားလို့ ခေါ်ထားတာကို လူပါးမဝနဲ့လို့ပြောတယ်"

မိဆက် ထရပ်လိုက်ကာ ဘွားကိုကြည့်လျက် မျက်နှာလေးရဲနေကာ ပြောပြသည်။

ဘွား ဘာမှမဟန့်။

နှုတ်ခမ်းပြင်နေသည့် သားသမီးတွေကိုလည်း လက်ကာပြသည်။ ဝင်မပြောစေရ။

ဘွား၏မျက်ဝန်းတွေက မိဆယ်၏ မျက်နှာလေးကိုသာ မမိုတ်မသုန် ကြည့်နေသည်။

"မိဆယ် လာတာကို ဘဘတို့ ကြီးကြီးတို့ ဘယ်သူကမှ မကြိုက်ဘူးဆိုတာ မိဆယ် သိတယ်၊ ဖေဖေလည်းသိတယ်၊ ဖေဖေ မသေခင်ကတည်းက မိဆယ်ကို မှာထားတယ်"

တစ်ချက် မိဆယ် အသံလေး တိမ်ဝင်ချင်၏။ ဖေဖေ့ကို လွမ်းသည်လေ။ တမ်းတသည်လေ။ ဖေဖေမှာသလို လာဖြစ်နေသည့် ဘဝကို ကြုံရတော့ ဖေဖေ့ကိုပို၍ တမ်းတမ်းတတဖြစ်ရသည်။ ရင်ထဲမှာ ကျဉ်ခနဲဖြစ်လျက် ...

"ဖေဖေရေ"

ဟု အော်ခေါ်ပစ်ရင်း ငိုချပစ်လိုက်ချင်သည်။

ဒါပေမဲ့ မိဆယ်မငို။ ဖေဖေ မှာထားသော စကားကြောင့် မိဆယ် မငို။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ ဘာမှ မတော့မှ၊ မိဆယ် အရှုံးမပေးရဘူးတဲ့၊ မိဆယ် ပန်းရဂုံမှာ နေရမယ်တဲ့၊ ဘွားခေါ်ထားတဲ့ ပန်းရဂုံမှာ မိဆယ်နေရမယ်၊ ပြီးတော့ ဘယ်သူ့ကိုမှ အရှုံးမပေးရဘူး၊ ဖေဖေမှာခဲ့တာ အဲဒါပဲ၊ မိဆယ် ပြောမယ်၊ မိဆယ်ကို လာမနိုင်စားနဲ့၊ ဘာမှမလုပ်ရင် မိဆယ် ဘာမှမလုပ်ဘူး၊ မိဆယ်ကို လုပ်ရင် ပြောရင် မိဆယ် ပြန်လုပ်မယ်၊ မိဆယ်ဟာ ဖေဖေ့သမီး မိဆယ်"

မိဆယ်ပြောသမျှတွေကို ဘွား နားထောင်နေရင်းမှ မျက်နှာလေးကို မျက်တောင်မခတ် ကြည့်သည်။ တဖြည်းဖြည်း မိဆယ်အနီးသို့ တိုးကပ်လာသည်။ မိဆယ်၏ကိုယ်လေးကိုပွေ့၍ မျက်နှာကို ရင်မှာကပ်ထားသည်။

"တကယ် ... သားငယ်ရဲ့ သွေးပါလား မြေးရယ်၊ သားငယ်ကို ငယ်ငယ်တုန်းက ပုံမျိုးနဲ့ မြင်နေရသလိုပါလား"

ဟု တိုးဖွဖွ ညည်းသည်။ ဖွား၏လက်ဖျားတွေ တုန်နေကြတာ မိဆယ် သိနေရပါ၏။

ဘွား ... သားနှင့် သမီးဘက်ကိုလှည့်သည်။ သမက်နှင့်ချွေးမကိုလည်း ကြည့်သည်။

"ကလေးအပေါ်မှာ နာကြည်းအောင် ပြောတဲ့အတွက် ခံရတဲ့ဒဏ်ကို ကျေကျေနပ်နပ်ခံပါ ခင်မမ၊ ဒါ ... ညည်းရဲ့ တူမအရင်းခေါက်ခေါက်ပဲ၊ အောက်တန်းစားဆိုတဲ့စကားနဲ့ ငါ့မြေးကို ဦးမချိုးလိုက်ပါနဲ့ အေရယ် ...

"တစ်ချိန်က ငါ မာနကြီးခဲ့လို့ ငါ့သားငယ်ဟာ မျက်ကွယ်မှာ ဆုံးခဲ့ရပြီ၊ အေး ... ကိုလေးရဲ့သွေးကို ညည်း



ငယ်ကတည်းက အတူနေခဲ့ကြတာ ညည်းတို့ သိမှာပေါ့၊ အဲဒီစရိုက်သွေးဟာ ဒီကလေးမှာလည်း အပြည့်ပါနေတယ်၊ စော်ကားရင်တော့ ခံမှာမဟုတ်ဘူး၊ အဲဒါ သိထားကြ"

"မေမေလုပ်တာနဲ့ ဒီကလေးမ ရောင့်တက်ပြီး ပိုသောင်းကျန်းတော့မှာပဲ၊ မြှောက်ပေးသလိုကြီး ဖြစ်နေပြီ မေမေ"

ဘဘထွန်း ပြောခိုက်မှာ ဘွား၏မျက်နှာ တည်သွားတာကို မိဆယ် မြင်လိုက်ရပါ၏။ ပါးပါးလှပ်လှပ်နှင့် ရောဂါဖိစီးခြင်း ခံနေရပါသော ဤရင်ခွင်ဖက်တိုင်းသည် မိဆယ်၏ဘဝမှာ အရေးပါစွာ ခိုင်မာရပ်တည်သွားချေမည်ပဲဟု မိဆယ် နားလည်ရပါ၏။

"စောစောက ကလေးပြောခဲ့တဲ့ အထဲမှာပါတယ် အထွန်း၊ သူ့ကို ဘာမှမလုပ်ရင် သူကလည်း ဘာမှလုပ်မှာမဟုတ်ဘူး၊ ကလေးတစ်ယောက်က ဒီလူကြီးတစ်ယောက်ကို သဲကြီးမဲကြီး ပြန်လုပ်တယ်ဆိုတာက တော်ရုံနာကြည်းမှုနဲ့ မဟုတ်ဘူးဆိုတာ ငါ နားလည်တယ်၊ ဒီကလေးရဲ့ရင်ထဲမှာ နောက်ထပ်နာကြည်းတဲ့ ဝေဒနာတွေ အမွေဆက်အဖြစ် ပန်းရဂုံမှာ မဖြစ်စေချင်ဘူး၊ ငါ့သားရဲ့ရင်ထဲမှာတော့ အဲဒီ နာကြည်းခြင်းဆိုတဲ့ အရာဟာ ပါသွားခဲ့ပြီးပြီ၊ နင်တို့လိုပဲ ငါ တစ်ချိန်က မာနထားမိခဲ့လို့ ငါ့သားလေးကို ငါ မမြင်ခဲ့ရဘဲ ငါ ကျန်ခဲ့ရပြီ၊ ဒီကလေးမကို ငါ ... ငါ့ရဲ့မာနကြွေး ပြန်ဆပ်ရမယ်၊ နင်တို့ ငါ့ကို ဘာမှထပ်မပြောကြနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘွားရဲ့အသံတွေ တုန်လာတော့ အားလုံး ကိုယ်ရှိန်သတ်ကုန်ကြရသည်။

ဘွားမှာ ရောဂါရှိသည်လေ။ ဘွား တစ်ခုခုဖြစ်သွားမှာ စိုးရိမ်ကြသည်။

ဘွား ... မိဆယ်၏ကိုယ်လေးကို ပွေ့ပိုက်ထားရာမှ ပြုံး၍ငုံ့ကြည့်သည်။ ဖြူဥသော ဘွား၏မျက်နှာသည် မိဆယ်၏ရင်ကို ငြိမ်းအေးချမ်းမြေ့စေပါ၏။

"ဆူညံလွန်းလို့ ဘွား ဒီအသံတွေကြောင့် ဆင်းခဲ့တာ၊ အေး ... ဘယ်တော့မှ မတရားတာကို ခေါင်းငုံ့မခံနဲ့၊ ပြီးရင် ဘွားကို လာတိုင်၊ ဟုတ်လား"

ဟု အတိအလင်းကြီး ပြောချလိုက်တော့ အားလုံး မိဆယ်၏မျက်နှာလေးကို မှုန်းတီးစွာပဲ ကြည့်ကြ၏။ ဒါပေမဲ့ နှုတ်ဖျားဆီမှတော့ ဘာသံမျှ ထွက်မလာတော့။ ဘယ်သူ့ ဘယ်သူမှ ပြောမလာကြတော့။ အခန်းသည် ရုတ်ခြည်းငြိမ်ကျသွား၏။

ဘွားမှ မိဆယ်၏လက်လေးကိုဆွဲ၍ ပန်းခြံထဲသို့ ဆင်းသွားတော့၊ မိဆယ်၏လက်လေးတွေက ဘွားကိုချစ်ခင်အားကိုးစွာပဲ ဆွဲကိုင်ထားမိလိုက်ရပါပြီတည်း။

✿ ❤ ✿



## အခန်း(၉)

"သူတို့နဲ့ မိဆယ်ကလည်း မကစားချင်ပါဘူး ဦးကြီးရာ၊ မျက်နှာကြောကြီးတွေ တင်းနေတဲ့ဥစ္စာ၊ သူတို့သားနဲ့သမီးက ရွှေနဲ့လုပ်ထားတာ ကျနေတာပဲ"

ဦးတင်မောင်မှာ ကားရေဆေးနေသည့် မိဆယ်ကို ပြုံး၍ကြည့်သည်။ ရေပိုက်ကို ကိုင်ထားလျက် ကားအောက်ပိုင်းကို ဒူးလေးမြေမှာထောက်၍ ရေပိုက်မှ ပန်းထွက်နေသည့်ရေဖြင့် ထိုးဆေးနေသည့် မိဆယ်၏အသွင်လေးမှာ တကယ့်အရုပ်လေးနယ်ပါ။

စကတ်အပြာရင့်လေးနှင့် အဖြူရောင်ဘလောက်အင်္ကျီလေးကို ဝတ်ထားသည့် မိဆယ်မှာ ဂျပန်ဆံတောက်နွဲ့နွဲ့အိအိလေးတွေ ဟိုသည် တနွဲ့နွဲ့ ပြိုကျလျက် ကားရေဆေးသည့်ဓာပဲကပ်နေသည်။ ဟိုဘက်ငဲ့လိုက်လျှင် ဆံပင်နက်ပျော့ပျော့လေးတွေက အိပါသွားလိုက်၊ တစ်ဖက်ပြန်ငဲ့လိုက်လျှင် ဆံနွယ်အိအိလေးတွေက ပြန်နွဲ့၍ ပါလာလိုက်နှင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်လေးတွေ ထူပိန်းနေလျက် မျက်ခုံးလေ ကလည်း နက်နက်မှောင်မှောင်။

"မဟုတ်ဘူး သမီးလေးရဲ့၊ သူတို့နဲ့ တည့်အောင်ပေါင်း ပေါ့၊ ခင်မင်ကြတော့ ကောင်းတာပေါ့၊ သွေးသားရင်းတွေ ပဲဥစ္စာ၊ မောင်နှမတွေပဲ"

လူကြီးမို့ လူကြီးစကား ပြောရပေမယ့် ဘိုဘိုနှင့် အေးမြတ်ဖြူတို့မှ မိဆယ်ကို အရမ်းရှောင်ကြဥ်ထားကြတာ ဦးတင် မောင်လည်း အသိပါ။ ဧနီးလုပ်သူ ဒေါ်လှိုင်မှလည်း ပြောပြော တတ်သည်။ ဦးတင်မောင် ကိုယ်တိုင်လည်း ထိုသို့ မိဆယ်ကို ဘိုဘိုနှင့် အေးမြတ်ဖြူတို့ ရှောင်လာကြတာ မြင်မြင်နေရသည်ပဲ

"အံမယ်လေး ... မိဆယ်တို့ကတော့ ချော့မပေါင်းနိုင်ပါ ဘူး ဦးကြီးရာ၊ မိဆယ်မှာ သူငယ်ချင်းရှိတယ်၊ ဟိုဘက် ခြံက သူ့နာမည်က စိုးနောင်တဲ့၊ သူနဲ့တောင် မိဆယ် လေးခွပစ်ပြိုင်ဖို့ ပြောထားတယ်၊ သူ ရှုံးမှာပါ"

ဟု ပြောတော့ ဦးတင်မောင် မျက်လုံးတစ်ချက်ပြူ ၏။ မိဆယ်မှာ ဘလောက်အင်္ကျီပွပွ ဖားဖားလေး ဖုံးအုပ်ထာ သည့် လေးခွကို ခါးကြားထဲမှ ထုတ်ပြသည်။ အင်္ကျီလေးကိုဖယ် လိုက်မှ ခါးကြားထဲမှ လောက်ခွကို ဦးတင်မောင် တွေ့လိုက်ရသည် အဖြစ်။

"မိဆယ်က ဦးကြီးကို ကားဆေးကူမယ်၊ ကားပြင်တဲ့အခ မျိုးမှာ လုပ်ကိုင်ကူမယ်၊ ဒေါ်ကြီးကို မီးဖိုမှာ၊ ချက်ပြုတ် နေရာမှာ လုပ်ကူမယ်၊ ဦးကြီးသိန်းကို ခြံထဲမှာ လုပ် မယ်၊ မိဆယ်မှာ အချိန်တွေနဲ့ လုပ်စရာတွေပြည့်လို့၊



တို့နဲ့ ကစားမှ မဟုတ်ပါဘူး ဦးကြီးရာ၊ စိုးနောင်နဲ့ ကစားမှာပေါ့"

ရေဆေးပြီးသည့် ကားဘော်ဒီပိုင်းတွေကို အဝတ် ခြောက်ဖြင့် မိဆယ် စိတ်ပါလက်ပါ ပွတ်ပေးနေရင်း အားပါးတရ ပြောတော့ ဦးတင်မောင် တစ်ဖက်သို့ မျက်နှာကို ကလေးမသိအောင် လွှဲယူရသည်။ မျက်ရည်ဝဲချင်လာ၍ပါ။

မိဆယ်၏ဖေဖေ ကိုလေးဆိုတာကလည်း ဤသို့ ဤနှယ်ပင်၊ အိမ်မှအလုပ်သမားများနှင့် လက်ပွန်းတတီးနေတတ် ပြောဆိုတတ်သည် မဟုတ်ပါလား။

အကျင် ဆိုသည့် ချောမွေ့လွန်းသော အိမ်ဖော်မိန်း ကလေးနှင့် ကိုလေးတို့ ချစ်ကြ၊ နောက်တော့ ခင်မမည်မှ သိ၍ အကျင့်ကို ပါးရိုက်ခဲ့သည့်နေ့မှာပင် ကိုလေးမှ အကျင့်လက်ကို ဆွဲ၍ ပန်းရဂုံမှ ထွက်သွားခဲ့ကြသည့်အဖြစ်သည် ယနေ့တိုင် ဦးတင်မောင်၏ရင်ကို ထိခိုက်စွာ မှတ်မိနေစေဆဲပါ။

အစ်မကြီး ဒေါ်မမကြီးမှ သားကို အမွေပြတ်ကြေညာ ခဲ့သည်မို့လည်း ဤအိမ်မှ အလုပ်သမားဘဝမို့ ကိုလေးတို့ ဘင်မယားကို ဘယ်တုန်းကမှ သွားမေ...တွေ့ရှိနိုင်ခဲ့။

ခိုး၍တွေ့လျှင်လည်း ကိုလေးက လက်ခံတွေ့ဆုံမှာ မဟုတ်တာကို ကိုလေး၏မာနကို သိထားတာမို့ မသွားဖြစ်ခဲ့တာ လည်း ပါပါသည်။

သေသည့်တိုင်အောင် ပန်းရဂုံနှင့် ကင်းအောင်နေပြ သွားခဲ့သည့် ကိုလေး၏အတွင်းမနောလေးတွေသည် ယခုတော့ ငယ်ကြောင့် ပန်းရဂုံမှာ ပြန်၍ဖြစ်တည်ခဲ့ချေပြန်ပြီသည့်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေနှင့် ရောရောနှောနှော ဆွေမျိုးရင်းချာနှယ်နေသည်။ လုပ်ကိုင်သည်လေ။

အဝတ်ခြောက်နှင့် ဦးတင်မောင်လည်း ကားကိုလိုက်ပွတ်နေလိုက်ရင်းမှ မိဆယ်၏ချစ်စရာမျက်နှာလေးကို ငုံငုံကြည့်မိရသည်ပါပဲ။ သတ္တိရှိတာလေးကိုတော့ ဦးတင်မောင် သဘောကျသည်။ ဤသို့ သတ္တိမရှိလျှင်လည်း ဘိုဘိုနှင့် အေးမြတ်ဖြူတို့နိုင်စားတာကို ခံရဖို့ သေချာသည်။

ပြီးတော့ ဦးထွန်းမြတ်တို့စုံတွဲရော၊ ခင်မမညိုတို့စုံတွဲပါ မိဆယ်ကို လိုလိုလားလား မရှိကြဘဲ၊ နိုင်စားချင်တိုင်းနိုင်စားကြမှာ သေချာသည်။

ယခုတော့ မိဆယ် တုံ့ပြန်လုပ်တတ်တာတွေကိုကောင်းကောင်းကြီး ခံလိုက်ရတာမို့ အသားလွတ်ဝင်ပြီး အနိုင်မကျင့်ရဲကြ။

မာစီးဒီးကားနက်ကြီးကတော့ မိဆယ်၏ ပွတ်တိုက်နေသည့်အောက်မှာ တဖြည်းဖြည်း ပို၍ လက်တောက်လာနေရသည့်အဖြစ်။

"တစ်အောင့်နေရင် ကားကို ပေါလစ်ပါတင်မှာနော်"

ဟု စိတ်ပါလက်ပါကြီး မိဆယ် ပြောတော့ ဦးတင်မောင်မှ မိဆယ်၏ခေါင်းလေးကို ဖွဖွလေးပုတ်၍ ...

"တော်ပါပြီ ကလေးရယ်၊ ဦးကြီးပဲ လုပ်ပါမယ်"

ဟု တားနေရသည့်အဖြစ်။

ထိုအခိုက်မှာပဲ ...

"ဟော့ ... ဟော့ မိဆယ်"



ဟု ခေါ်သံပေါ်လာတာမို့ မိဆယ် လှည့်ကြည့်ကော ခြံစည်းရိုးတန်းမှာ လက်တင်၍ ခေါ်နေသည့် စိုးနောင်။

"ဟယ် ... စိုးနောင်၊ ဟုတ်ပြီ ပြိုင်ကြမယ်၊ နင် ဒီခြံထဲကူးခဲ့ပါလား"

ဟု ပြောတော့ စိုးနောင် ခေါင်းခါပြသည်။

"ဟင့်အင်း ... မလာချင်ပါဘူး၊ အဲဒီအိမ်က ဘိုဘိုနဲ့အတန်းထဲမှာ စိုးစိုး ရန်ဖြစ်ထားတယ်"

ဟု ပြောတော့ မိဆယ် ခြံစည်းရိုးနားသို့ ကပ်သွား၏။

"မိဆယ်က ကျောင်းထွက်လက်မှတ် ယူရမှာ၊ ကျောင်းပြောင်းရဦးမှာမို့ ဒီရက်ပိုင်းအတွင်း ကျောင်းမတက်သေးနဲ့ဦးလို့ ဘွားက ပြောထားတာ စိုးနောင်ရဲ့၊ မကြာခင်မိဆယ် ကျောင်းတက်ရတော့မှာပါ"

ဟု ပြောပြီး ခြံစည်းရိုးကို ကျော်ခွ၍တက်တော့ ...

"ဟဲ့ ... မိဆယ်ကလေး၊ အဲသလို ဟိုဘက်ခြံကို အရမ်းမကူးနဲ့လေ၊ ဘွားကို ခွင့်တောင်းရမှာပေါ့၊ ပြီးတော့ ဟိုဘက်ခြံက ဒီကလေးရဲ့ဖေဖေနဲ့မေမေကိုလည်း ခွင့်တောင်းအသိပေးပြီးမှ ဝင်ရမှာပေါ့၊ အဲသလို လက်လွတ်စပယ်မဝင်ရဘူး ကလေးရဲ့"

ဦးတင်မောင် လှမ်းတားခိုက်မှာပဲ ...

"ဖေဖေနဲ့မေမေက အလုပ်သွားကြပြီ ဦးကြီးရဲ့၊ ဒီအိမ်မှာစိုးစိုးနဲ့ လေးလေးခိုင်ပဲရှိတာ၊ လေးလေးခိုင်ကိုတောင်စိုးစိုးက ပြောပြထားတယ်၊ မိဆယ်နဲ့ စိုးစိုး လောက်စွပ်ပစ်ပြိုင်မှာလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မိဆယ်ကို သူ့ခြံဘက်ရောက်အောင် လက်ဖြင့်ဆွဲကိုင် ကူညီနေတော့ ဦးတင်မောင် ခေါင်းပဲယမ်းလိုက်ရသည်ပါပဲ။

မိဆယ်ကတော့ ခါးကြားထဲ လောက်ခွကိုပြန်သွင်းပြီး ခြံစည်းရိုးကို ကျော်ခွ၍ တစ်ဖက်ခြံသို့ ရောက်သွားပြီ။

"သွား ... နင် နို့ဆီဘူးခွံတွေ သွားယူ၊ ဒီမှာပဲ လောက်ခွပစ်ပြိုင်မယ်၊ နင့်အိမ်နားထိ မသွားချင်ဘူး၊ ဘွားကဆူမှာ၊ ဒါက ခြံစည်းရိုးစပ်နေရာဆိုတော့ နှစ်ဖက်စလုံး မြင်နေရတဲ့နေရာ"

ဟု ပြောတော့ စိုးနောင် မငြင်းဘဲ နို့ဆီဘူးခွံယူဖို့ ထွက်သွားသည်။

တစ်အောင့်ကြာတော့ အသက်သုံးဆယ်အရွယ် လူတစ်ယောက်နှင့် စိုးနောင် ပြန်လာ၏။ လက်ထဲမှာ နို့ဆီဘူးခွံတွေ ကိုင်လာသည်။

"လေးလေးခိုင် နို့ဆီဘူးတွေစီပေး၊ မျဉ်းဖြောင့်ဖြောင့်တန်းပြီး တစ်လုံးချင်း ဆားတိုက်စီနော်"

ခုကျတော့ မိဆယ်၏နောက်လိုက် စိုးနောင်က လေးလေးခိုင်၏ဆရာ ဖြစ်နေသည်။

စိုးနောင် ခိုင်းသလို လေးလေးခိုင် လုပ်ပေးပါ၏။ စိုးနောင်ကို အတော်ချစ်ပုံ၊ အလိုလိုက်ပုံရသည့် လေးလေးခိုင်ပါ။ မိဆယ်ကိုလည်း ပြုံးချိုစွာကြည့်၏။

"ကဲ ... စမယ်"



ဟု လေးလေးခိုင်က ဒိုင်လူကြီးပုံဖြင့်ပြော၏။ မိဆယ်ဘက်ကြည့်တော့ ဦးကြီးတင်မောင်လည်း ခြံစည်းရိုးကို လက်တင်၍ တစ်ဖက်ခြံမှ ပွဲကြည့်ပရိသတ် လုပ်နေပြီ။

စိုးနောင်မှ ပထမဆုံးစ၍ လေးခွဖြင့် နို့ဆီဘူးခွံတွေကို ပစ်သည်။

ဒေါင်ခနဲ တစ်လုံးမှန်၏။

စိုးနောင် ခပ်ကြွားကြွားလေး ကြည့်သည်က မိဆယ်ကိုပါ။

နောက်ထပ် လောက်စာလုံးကို ဆောင်းဘီအိတ်ကပ်ထဲမှနှိုက်၍ပစ်၏။

ဒေါင်ခနဲ ထိပြန်၏။

"ဟေး ... နှစ်လုံးတော့ ထိပြီကွ၊ ဟော ... သုံးလုံး၊ လေးလုံး၊ ဟာ ..."

ငါးလုံးမြောက်မှာ လေးလေးခိုင် အသံတစ်ချက်ငြိမ်၏။ ထိမှ မထိချေပကိုး။

မိဆယ်ကတော့ လက်ကလေးပိုက်၍ ခပ်အေးအေးဟန်လေးဖြင့် ကြည့်နေသည်ပါပဲ။

"ကိစ္စမရှိဘူး၊ တစ်လုံး ကျန်သေးတယ်၊ ပစ် ..."

ဟု ပြောခိုက် နောက်တစ်လုံးလည်းလွဲတော့ စိုးနောင် မျက်နှာပျက်ချင်၏။

မိဆယ်မှ ခပ်အေးအေးရပ်သည်။ လေးလေးခိုင် နို့ဆီဘူးခွံတွေ ပြန်စီပေးပြီးချိန်ထိ စောင့်၏။

www.burmeseclassic.com

www.burmeseclassic.com



တလောက်အကျိုးမှာပါသည့် အိတ်ကပ်ထဲမှ လောက်စာလုံးလေးတွေကိုနှိုက်တော့ ဦးတင်မောင် စိတ်ထဲ အံ့လည်းအံ့ဩချင်၊ ရယ်လည်း ရယ်ချင် ဖြစ်ရသည်။

ဤကောင်မလေး လောက်စာလုံးတွေ၊ လောက်ခွတွေကအစ ပါချေသည်ပဲ။ ပိုက်လာသည့် သားရေအိတ်ထဲမှာ နောက်ထပ် ဘာတွေများ ထည့်သို၍ ပန်းရုံသို့ မိဆယ် ယူဆောင်လာချေမည်မသိ။

"ကဲ ... စမယ်၊ ရယ်ဒီ ... ဝမ်း ... တူး ... သရီး"

ဟု လေးလေးခိုင် ပြောပြီးတာနှင့် ...

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

လက်ဖျားခါထိုက်ပါပေ၏ မိဆယ် ဟု လေးလေးခိုင် ပါးစပ်ကြီးဟ၍ ကြည့်ရပါချေပြီတည်း။ ဘယ့်နှယ်။ အိတ်ကပ်ထဲက လောက်စာလုံးတွေ တစ်လုံးပြီးတစ်လုံး ယူယူပြီး လေးခွနှင့်ချိန်ချိန်ပစ်လိုက်သည်မှာ ခြောက်လုံးစလုံး ဒေါင်ခနဲ ဒေါင်ခနဲ ထိမှန်ချေသည်ကိုး။

လေးလေးခိုင်မှ နဖူးကိုပစ်ရိုက်ရင်း ...

"ငါတော့ ရှုံးပါပြီ စိုးစိုးရေ၊ ချာတိတ်မလေးက လေးခွပစ်ပြိုင်ရင်း ရှုံးမှာပဲဆိုပြီး လောင်းထားတာ၊ ခုတော့ ရှုံးပြီ"

ဟု ညည်း၏။

စိုးနောင်မှာလည်း လက်မတည့်သူအဖြစ် အပြောမခံနိုင်၍ ကြိုးစားပမ်းစား ဆက်တိုက်ပစ်လေမယ် မထိဘဲလွဲသွားရတာမို့ မျက်နှာလေးရဲချင်ချင်။



မိဆယ်မှ လောက်ခွကို ခါးကြားမှာပြန်ထိုး၏။ နောက်တော့ လက်ဖဝါးနှစ်ဖက်ကို ဖုတ်ဖက်ခါသလို လုပ်ပြီးမှ ခြံစည်းရိုးသို့ လျှောက်သည်။ ခြံစည်းရိုးတန်းကိုကိုင်၍ ကျော်ခွဘာ ပန်းရုံတွင်းသို့ ပြန်ဝင်၏။

"မနက်ဖြန် နင် မိဆယ်ရဲ့ခြံထဲကိုလာ၊ စွန့်လွှတ်ပြိုင်မယ်"

ပြောတော့ ဦးတင်မောင်ရော၊ လေးလေးခိုင်ပါ နေနိုင်စွာပဲ ရယ်မိကြသည့်အဖြစ်။

"မိဆယ်က ဖေဖေနဲ့ စွန်လွှတ်နေကျ ဦးကြီးရဲ့"

ဟု မိဆယ် ပြောပြီး တစ်ချက်လှွတ်ခနဲ ငိုင်သည်။ နောက်တော့ ချက်ချင်း မျက်နှာကို ပြန်ထိန်းလိုက်သည်ပါပဲ။

"နင့်အဖေ ဘယ်မှာလဲ၊ နင့်ကို ငါ အရင်တုန်းက မတွေ့ဖူးပါဘူး၊ နင့်အဖေဆိုတာလည်း မတွေ့ဖူးပါဘူး"

ဟု စိုးနောင်မေးတော့ မိဆယ် တစ်ချက်မျက်တောင်ခတ်၏။

"ဖေဖေ ဆုံးပြီ"

ဟု ဖြေသံသည် တစ်ချက် တုန်ခါချင်၏။ ဒါပေမဲ့ မျက်နှာလေးကို ကြေကွဲရိပ်မထင်အောင် ထိန်းထားသည်။

စိုးနောင်ရော လေးလေးခိုင်ပါ မျက်နှာမကောင်းဘဲ ဖြစ်သွားလျက် မိဆယ်ကို တစ်ချက် ခပ်ငေးငေးကြည့်၏။

ပန်းရုံမှလူတွေကို လေးလေးခိုင်ရော၊ စိုးနောင်ရော သိပ်ဟက်ဟက်ပက်ပက် မပြောဆိုခဲ့ကြတာ ဤပဒုမ္မာခြံကျယ်ကြီးနှင့် အိမ်ကြီးကို ပြောင်းရွှေ့လာခဲ့သည့် လွန်ခဲ့သော သုံးလကတည်းကပါ။ အားလုံးမျက်နှာထား တည်တင်းကြလျက် ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



မာနတက်နေကြတာ အရမ်းကို ပေါ်တင်ကြီး သိသာလွန်းတာမို့ စိုးနောင်၏ဒက်ဒီနှင့် မာမီတို့ကလည်း ခပ်တင်းတင်းပဲ နေကြသည်ပါပဲ။

ခု မိဆယ်နှင့်ကျမှ စိုးနောင် မိတ်ဆွေဖြစ်ခဲ့ကြခြင်းပါ။

ဘာကြောင့်ရယ်မသိ။ ပန်းရောင်ဂါဝန်ရှည်လေးနှင့် ကုံကော်ပင်အောက်မှာရပ်လျက် မြက်ခင်းစိမ်းထက်မှာ လက်ကလေးနှစ်ဖက်ကို ချစ်စရာလေးဖြန့်ကာထားလျက် ချာလည်လေးဝဲနေသော မိဆယ်ကိုမြင်မြင်ချင်း စိုးနောင်ရင်မင်ခဲ့ချင်တာ အမှန်ပါ။

ခုတော့ … မိဆယ်ဆိုသည့် ကောင်မလေးသည်လည်း စိုးနောင်ကို နိုင်သွားခဲ့ချေပြီတည့်။ ဒါပေမဲ့ စိုးနောင်၏ရင်ထဲမှာ ခံပြင်းခြင်း ကင်းစင်လျက် ပျော်နေမိတာကို မိမိဘာသာပဲ သိနေသည်။ ရှုံးခဲ့သည့်အတွက် ရှက်တော့ ရှက်ချင်သည်ပေါ့။ ဒါပေမဲ့ မကျေမနပ်ကြီး ဖြစ်မနေတာ အမှန်ပါ။

"နင် … ဘယ်နှတန်းလဲ မိဆယ်"

"ခြောက်တန်း"

"ဒါဆို နင် ကျောင်းတက်ရင် စိုးစိုးနဲ့ အတန်းတူမှာ"

ဟု ဝမ်းသာအားရ စိုးနောင် ပြောမိရသည့်အဖြစ်။

မိဆယ် စိုးနောင်ကို ကြည့်မိသည်။

အရှုံးပေးခဲ့ရသူ တစ်ယောက်၏ ဒေါသမျိုး ကင်းစင်လျက် ကြည်လင်ကျေနပ်နေသည့် စိုးနောင်၏ မျက်နှာမှ အပြုံးနှင့် မျက်ဝန်းရီရီလေးတွေကြောင့် မိဆယ်လည်း ပြန်၍ခင်မင်သွားမိခဲ့ရသည်ပါပဲ။





မိုးမှုန်ပွင့်ကြဲ၊ မြစိမ်းစွဲထင်
မြက်ခင်းပြင်ထက်၊ ပုလဲမျက်ပွင့်
စံတားပွင့်တွေ၊ ကြွေနေဝေနေ
လှနေစေဆဲသာတကား …။

တိုးခုန်ဆင့်ကဲ၊ နှလုံးသည်းတွင်
စွဲစွဲထင်လျက်၊ သခင့်မျက်နှာ
ငွေလဝါသည်၊ ကာလရှည်မြဲ
ရင်မှာစွဲလျက်သာတကား …။

ကုံကော်ပွင့်ဦး၊ စံပယ်ဖူးနှင့်
ပုလဲပွင့်နှယ်၊ သင်းကြွယ်ဓိဇဝါ
ပန်းခက္ကာတို့၊ ဦးညို့ဦးခိုက်
လှမကိုင်ရိုကျိုး၊ ရင်မှသို့ဝှက်
မြတ်နိုးရက်ကြွား၊ ချစ်မီတာတွေ
ကာလရှည်မျှော်သာတကား …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

မိုးယံထက်မှာဖြင့် စွန်ဝါဝါလေးနှင့် စွန်နီနီလေးတွေက တလွင့်လွင့် တဝဲဝဲ။

ရစ်လုံးကို ကြိုးအလျှော့အတင်း လုပ်နေရင်းမှ ဖျတ်ခနဲ စိုးနောင် ကြည့်လိုက်မိသည်က မိဆယ်ကိုပါ။

အဝါရောင်စွန်လေးသည် မိဆယ်၏စွန်လေး။ ဘယ်တော့မဆို မိဆယ်၏စွန်လေးသည် အဝါရောင်လေးတွေ ဖြစ်နေတတ်စမြဲ။ စွန်လေးတစ်ခု ပျက်သွားလျှင် နောက်ထပ်စွန်ဖလေးသည် အဝါရောင်လေးပဲ ဖြစ်နေတတ်သည်။

ယခု စိုးနောင်၏ဘေးမှာလည်း အဝါရောင်မင်းသမီးလေးတစ်ပါး ရှိနေသည်ပါပဲ။

နက်မှောင်သော ဆံနွယ်လေးများက ယော်ကျားလေးတစ်ယောက်နှယ် ကုပ်ဝဲလျက် ဘိုကေထူထူအုပ်အုပ်လေးနှယ် ရှိနေသည်။ မျက်တောင်ကော့ကော့တွေက ဘေးတိုက်မို့ ပို၍ထူထူထဲထဲကြီးနှင့် ထင်နေသည်ပါပဲ။



ချိုချဉ်တစ်လုံးကို ပါးစောင်းထဲ ငုံထားတာမို့ မိဆယ်၏ဘယ်ဘက်ပါးပြင်လေးသည် ပို၍ဖောင်းဖောင်းထစ်ထစ်လေး ဖြစ်နေသည်။ နီရဲသော နှုတ်ခမ်းအိအိလေးသည် နှင်းဆီပွင့်ဖတ်လေးနှယ် စိုစိုလဲ့လဲ့နှင့် အရမ်းကိုလှနေသည်ပါပဲ။

မျက်နှာမှာ အခြယ်အသ မရှိသည်ကိုက မိဆယ်၏ ပင်ကိုအလှကို ကြွားဝင့်နေသည့်နှယ်ပါ။

ရွှေရည်ရိုပ်ဆမ်းထားသည့်နှယ် အသားတော် ဝါဝါဝင်းလျက် ရွှန်းရွှန်းစက်၏။

လက်လေး ခြေလေးတွေကအစ ပျောင်းပျောင်းနွဲ့နွဲ့နှင့် အပြစ်ဆိုစရာမရှိ။

ကိုယ်ဟန်လေးကလည်း နွဲ့နွဲ့ပျောင်းပျောင်း။

ရှပ်အကျီကွက်ကျဲကြီးနှင့် ပါတိတ်ထဘီ ဝါဝါလေးကို ဝတ်ထားတာမို့ ဆယ့်ခြောက်နှစ်သမီးလေးနှယ် ထင်ရ၏။

အရမ်းကို ဆွဲဆောင်နိုင်လွန်းသည်က လက်ခောက်လျက် အရာရာကို အရှုံးမပေးတတ်သည့် အားအင်များဖြင့် လွှမ်းမိုးနေပါသည့် မျက်နက်ဝန်းအစုံပါ။

နှာတံထင်းထင်းလေးနှင့် အရုပ်လေးချထားသလိုကို ငေးကြည့်မဝနိုင်စရာ အလှရှင်လေး။

သြော် ... သူ့၏ရင်ကို လွှမ်းမိုးကာလ ကြာရှည်ခဲ့ပြီ ဖြစ်သည့် မိန်းကလေး။

မိဆယ် ဆိုတာကတော့ ယနေ့တိုင် စိုးနောင်နှင့် ကလေးတုန်းကလိုပဲ အဖော်လုပ်သွားလာနေဆဲ။ စွန်လွှတ်လိုက်။ ဆေးခွပစ်လိုက်။ မပြောင်းလဲစွာဖြင့် ရှိနေတတ်သလို၊ ဦးကြီး

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နှင့် ကားရေဆေးလိုက်၊ ကားသုတ်လိုက်၊ ကားပြင်လိုက်နှင့် ပျော်နေတတ်စမြဲ။ ဦးကြီးသိန်း၏ ဥယျာဉ်မှာလည်း မိဆယ်လေး လေတချွန်ချွန်နှင့် ပေါက်ပြားတစ်လက်ဖြင့် ပေါင်းသင်မြေဆွ လုပ်တတ်တာတွေကို ကြိမ်ဖန်များစွာပဲ စိုးစိုး၏အိမ်ပေါ်ထပ် ပြတင်းဆီမှ ငေးကြည့်မြတ်နိုးမဝနိုင်စွာ ရှိခဲ့သည် မဟုတ်ပါလားလေ။

ရိုးချဉ်လေးကို အရသာခံစုပ်ပြီး မိဆယ် စိုးနောင်ကို ကြည့်တော့ ဖျတ်ခနဲအကြည့်ကို မိုးယံဆီသို့ မော့ကြည့်မိရပေမယ့် ရင်ထဲမှာ အနေခက်၏။

အငေးကြီး ငေးကြည့်မိသည့်အဖြစ်ကို မိဆယ် သိသွားမှာလည်း အရမ်းစိုးရိမ်သည်။ ငယ်တုန်းကနယ် မပြောင်းလဲစွာ မိဆယ် ဆက်ဆံပေမယ့် စိုးနောင့်ရင်ထဲမှာက မြတ်နိုးစွာဖြစ်တည်ရပါသည့် အချစ်တွေက နှစ်ကာလကြာရှည် ဖြစ်တည်ခဲ့ရသည်ပဲ။

အဖြစ်မှန်ကို မိဆယ် သိသွားလျှင်လည်း လက်ရှိ ပိုင်ဆိုင်နေရပါသည့် ရင်းနှီးမှုတွေ အနီးကပ်နေရမှုလေးတွေ အားလုံး ဆုံးရှုံးလိုက်ရမှာကို စိုးနောင် စိုးရိမ်ချောက်ချားသည်။

ဒါကြောင့်လည်း ရင်ထဲမှအဖြစ်ကို သိုသိပ်လျက် အချစ်ကြီး ချစ်ရပါသည့် မိန်းကလေးကို အရိပ်တကြည့်ကြည့်နှင့်သာ ကာလများကို ကုန်ဆုံးလာစေခဲ့သည်ပါပဲလေ။

“စိုးစိုး ... ပန်းရဂုံကို ဘယ်က မဟာဧည့်သည့်တော်ရောက်မယ်တော့ မသိဘူး၊ မနက်ဖြန် ကျောင်းပိတ်ရက်မှာ တစ်အိမ်လုံး အလှအပ ပြင်ဆင်ရမယ်တဲ့၊ ဘွားက ပြောတယ်



ဟိုသားအမိကလည်း ပျာဆလူး ခတ်နေတာပဲ၊ ထမင်းစားခန်းထဲမှာ ထမင်းဖြောင့်အောင် မစားရဘူး၊ သူတို့သားအမိ ငြင်းနေတာနဲ့ ထမင်းနင်လာတယ်၊ စိတ်ကုန်ရော”

နှုတ်ခမ်းလေးကို မှေ့ပစ်ပြီး မိဆယ် နှာခေါင်းလေး တစ်ချက် ရှုံ့ပြပုံလေးကို ချစ်မဝစွာကြည့်မိရင်းမှ ...

“ပြောပါဦး မိဆယ်၊ ဘာတွေ ငြင်းနေကြတာတဲ့လဲ”

ဟု မေးတော့ မိဆယ် တစ်ချက်မျက်စောင်းဖြင့် ကြည့်သည်။ ဒါလေးတွေကျတော့လည်း မိန်းကလေး ဆန်ပါရောလား မိဆယ်ရယ်ဟု ရင်ထဲမှ စိုးနောင် ခပ်ညည်းညည်းပြောမိရပါပြီ။

“ဘာလဲ ... အေးမြတ်ဖြူ အကြောင်းကို သိပ်စိတ်ဝင်စားနေတယ်လား၊ ဒီမှာတွေ့လား၊ လက်သီး”

ဟု လက်သီးဆုပ် သေးသေးလေးကိုပြတော့ ကြည့်နေစွာ စိုးနောင် ရယ်မိလျက် ...

“ဘာလုပ်မလို့လဲ၊ စိုးစိုး အကြောတွေတက်တာကို အကြောဖြေထုပေးမလို့လား၊ နေပါစေ”

ဟု ရယ်ဟဟဖြင့် ပြောတော့ မိဆယ် တည်တည်လေးကြည့်သည်။

“သတိလစ်သွားအောင် ပစ်ထိုးခဲ့မှာ သိလား၊ ဘာမှတ်လဲ၊ အဲဒီ မိုးနတ်ဒေဝီကိုဖြင့် မိဆယ်က ငယ်ကတည်းက ကင်းခဲ့တာ၊ ဘဝင်မြင့်တာ ကြည့်လို့ကို မရဘူး၊ သူနဲ့စိုးစိုးနဲ့ ခင်ကြရင် မိဆယ်ကတော့ ဒီနေရာကို အရိပ်လေးတောင် လာမထင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ စိုးနောင် ခပ်တိုးတိုးရယ်သည်။ အဘယ်မျှ ပျော်စရာကောင်းလိုက်ပါသည့် အချိန်လေးလည်းလေ။ မိဆယ်၏စိတ်ကောက်တေးပုံစံလေးကို ချစ်၍မဝ။ အဘယ်မျှ မိန်းကလေးဆန်လိုက်ပါသလဲ မိဆယ်ရယ်။

ရှားပါးစွာ ထိုသို့မိန်းကလေးဟန်လေးများကို မြင်ရလေတိုင်း ရင်ထဲမှာ ပို၍အချစ်တိုးရသည်ပါပဲ။

ခုလို အေးမြတ်ဖြူနှင့် ပတ်သက်၍ တစ်ခုခုမေးမိလိုက်တိုင်း စွာတာတာလေး လုပ်လာခိုက်များမှာ ရင်ထဲမှာ ပို၍ကြည်နူးရသည်။ မိဆယ် ရင်ထဲမှာ ရှိနေသည့် မနာလိုမှုလေးများလားဟု တွေးရင်းဖြင့်ပါ။

"မနာလိုလို့လား မိဆယ်လေး"

ဟု ချစ်စနိုးလေးပင် မမေးရဲ။ တော်ကြာ ဒေါတွေကန်ပြီး အခေါ်အပြော ကင်းပြတ်သွားမှာကို သေမလောက် စိုးနောင် ကြောက်ရသည်လေ။

ကိုယ်ကချစ်မြတ်နိုးရလွန်းသူ ဆိုတော့လည်း အစိုးရိမ်ကြီးရသည်ပါပဲ မိဆယ်လေးရယ် ... ဟု မချင့်မရဲ ဖြစ်ရသည်မှာ အိပ်ပျက်ညများစွာဖြင့် သက်သေဖြစ်တည်ခဲ့ပြီးပြီကောလေ။

စွန်လေးကို ရစ်လုံးဖြင့် ကြိုးလျှော့လိုက် တင်းလိုက်ဖြင့် ထိန်းနေရင်းမှ မိဆယ် သကြားလုံးကို စိတ်မရှည်တော့သလိုလေးဖြင့် တကျွတ်ကျွတ် ဝါးနေ၏။

"ဘယ်တုန်းကမှ ပန်းရဂုံရဲ့အလှအပကို စိတ်မဝင်စားကြတဲ့ ကြီးကြီးယဉ်နဲ့ အေးမြတ်ဖြူတို့က မနက်ဖြန်မှာ ပိုးခန်းဆီး ကျောက်စိမ်းရောင်တွေချည်း တပ်ချင်တာတို့၊ ဂန္ဓမာပန်း



အဖြူတွေချည်း ပန်းအိုးမှာ ထိုးထားချင်တာတို့ ... ရှိပြီးသား ကြမ်းခင်းဇောအမွေးပွ အကွက်လှလှနဲ့ ပန်းကနုတ် လက်ရာကြီးကို အလကားနေရင်း မျက်စိမွေးစူးပြီး ဒီနေ့ပဲ အစိမ်းရင့်ရောင် ပန်းကနုတ်တွေပါတဲ့ ကော်ဇောသစ်ကြီးတစ်ချပ်ကို သွားဝယ်ခဲ့ကြတယ်လေ၊ ဘာတွေမှန်း မသိပါဘူး စိုးစိုးရယ် ...

"အေးမြတ်ဖြူက ငွေဖလားကြီးထဲမှာ သစ္စာပန်းဖြူခက်တွေနဲ့ ဆက်တီစားပွဲမှာ ရွက်စိမ်းခက်တွေနဲ့ရောပြီး အလှစိုက်ပန်းအိုး ထိုးချင်တယ်တဲ့၊ အဲဒါကျတော့ ကြီးကြီးယဉ်က ဂန္ဓမာပွင့်ဖြူတွေပဲ တစ်ပြေးညီထားမယ်လို့ ငြင်းရော၊ ဘာမဟုတ်တဲ့ အဲဒီပန်းအိုးထိုးမယ့်ကိစ္စနဲ့ ငြင်းလိုက်ကြတာ၊ အလကား နားရှုပ်တယ်၊ ထမင်းတောင် ဘယ်လိုများ မိဆယ် လည်ချောင်းထဲ ဝင်တယ် မသိဘူး"

ဟုပြောပြီး မိဆယ် စွန်သိမ်းဖို့ ရစ်လုံးမှာ ကြိုးကို ပြန်ရစ်သိမ်းသည်။

"ဟင် ... ပြန်တော့မလို့လား"

ဟု ပြန်မှာကို နှမြောသလို စိုးနောင် မေးတော့ မိဆယ်ငဲ့ကြည့်သည်။ မျက်ခုံးထူထူစိမ်းစိမ်းကြီးအောက်မှ ကြင်နာနိုပ်လွမ်းလျက် အမြဲအလျှော့ပေးတတ်သော မှုပိုင်အေးချမ်းသည့်ဟန်ဖြင့် ကြည့်နေသည့် စိုးနောင်ကို မိဆယ် ခေါင်းညိတ်ပြပါ၏။

ဥပဒေကျောင်းသူ ကျောင်းသားဘဝသို့ ရောက်ခဲ့တာသည့်တိုင် ကျောင်းသွားဖော်အဖြစ် ရှိရပါသည့် စိုးနောင်ကို မိဆယ် ခင်တွယ်တာတော့ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ် စိုးစိုး၊ ဘွားက ဒီညနေ ထမင်းစောစားမယ်ပဲ၊ ပြီးရင် မိဆယ်ကိုလည်း ဘာပြောချင်လို့လဲ မသိဘူး၊ ဘွားအခန်းကို လာခဲ့ဖို့ မိဆယ်ကို အစောကတည်းက ခေါ်ထားတာ"

စွန်ကိုသိမ်းပြီး မိဆယ် ပြန်ဖို့ပြင်တော့ ထင့်ခနဲ စိုးနောင် ရင်ထဲဖြစ်လျက် ...

"နေဦး မိဆယ်၊ လာမယ့်ညသည်က ယောက်ျားလား မိန်းမလား"

မျက်နှာပျက်ပျက်နှင့် မေးလာသည့် စိုးနောင်ကို မိဆယ် တစ်ချက်ကြည့်သည်။ နောက်ပခုံးလေးတွန့်ကာ ...

"ဟိုသားအမိ ဆပ်စလူး သည်းနေ ကဲနေကြတာ မြင်တာမို့ မေးတောင် မေးမကြည့်တော့ပါဘူး စိုးစိုးရာ၊ ဒေါ်ကြီးနား မေးရင်တော့ သိမှာပါ၊ ဒေါ်ကြီးကလည်း ညစာစားပြီးချိန် မိဆယ် ပန်းကန်တွေ ဆေးကူတဲ့အချိန်လောက်မှာတော့ သူ့ဘာသာသူ ပြောပြချင် ပြောပြမှာပါ"

ဟု ဘာမှစိတ်ဝင်စားစရာ မရှိသည့်ကိစ္စကို ပြန်ပြောပြရသလို ပေါ့ပေါ့တန်တန်လေးပဲ ပြန်ဖြေပေးမယ့် စိုးနောင်၏ရင်ထဲမှာဖြင့် ပူလောင်ရပါပြီ။

လာသည့်လူသည် ယောက်ျားဖြစ်လျှင်အခက်။

မိဆယ်ကို ဘွားက ပြောစရာရှိသည်ဟု ခေါ်ထားသေးသည်ဟုလည်း ကြားခဲ့ရပြီးပြီ။

မိဆယ်ကိုများ စေစပ်ကြောင်းလမ်းဖို့များ ရှိလာချေပြီလားမသိ။



ပန်းရုံမှ ဒေါ်ကြီးတို့လို အလုပ်သမားများကလွဲလျှင် ဘွားမှအပ ကျန်တာတွေ အားလုံးက မိဆယ်ကို ကြည်လင်ချစ်ခင်ကြတာမဟုတ်။ စေတနာ မေတ္တာ ရှိကြတာမဟုတ်။

မိဆယ် ရှိနေခြင်းကြောင့် ပန်းရုံ၏ ကြွယ်ဝချမ်းသာမှုတွေ၊ ပိုင်ရေးပိုင်ခွင့်တွေကို ခွဲဝေပေးလိုက်ရမှာမို့ ဘယ်သူကမှ မိဆယ်ကို မေတ္တာမရှိကြ။

ဥစ္စာဓောကပ်လျက် မိဆယ်ကို မုန်းနေကြတာ မိဆယ်လည်း အသိပါပဲ။ ဘွားကလည်း သိထားသည်မို့ မိဆယ်အတွက် နောင်ရေးစိတ်အေးရအောင်များ ဘွားစီမံခဲ့ချင်လေပြီလား မသိ။

ပန်းရုံမှလူတွေ မိဆယ်ကို သူစိမ်းနှယ် နေကြတာကို မိဆယ် သိသလို အိမ်နီးချင်း စိုးနောင်ရော ဒက်ဒီနှင့်မာမီရော သိထားကြသည်ပဲလေ။

"မိဆယ်"

စိုးရိမ်သလို မျက်နှာမကောင်းနိုင်ဘဲ ငေးစိုက်ကြည့်ရင်း ခေါ်လိုက်သံသည် အဖျားတွင် တုန်ခါချင်၏။ မျက်နှာပျက်နေသော စိုးနောင်၏ မျက်နှာကို နားမလည်သလို မိဆယ် အံ့ဩဟန်လေးဖြင့်ကြည့်ကာ မေးဖျားလေး ဆတ်ခနဲပင့်၍ ...

"ဘာဖြစ်တာလဲ စိုးစိုးရဲ့၊ မျက်စိမျက်နှာပျက်ကြီးနဲ့ ဖြုန်းခနဲကြီး ထဖြစ်နေရတယ် လို့"

ဟု မေးတော့ စိုးနောင် မိဆယ်၏ မျက်နှာလေးကို ငေးနေအောင် ချစ်ရသည့် အချစ်များဖြင့် ဆုံးရှုံးမခံနိုင်သောရင်ဖြင့် ကြည့်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု ထူးရင်ဖြင့် စိုးစိုးကို ပြောပြဖို့ မမေ့ပါနဲ့ မိဆယ် ရယ်နော်"

ဟု ပြောတော့ မိဆယ် နားမလည်သလို စိုးနောင်ကို ကြည့်သည်။

"ဘာထူးမှာ ရှိလို့လဲ စိုးစိုးရဲ့၊ ဘာပြောပြရမှာလဲ"

ဟု ပြန်မေးနေတာမို့ ကလေးလိုပဲ အပြစ်ကင်းစင်စွာ နေတတ် ပြောတတ်ပုံလေးကို ချစ်မဝနိုင်စွာ ကြည့်ရင်းမှ စိုးရိမ်စိတ်တွေ ပိုပြည့်လာရလျက် ...

"အဲဒီ ဧည့်သည်ဆိုတာနဲ့ ပတ်သက်လို့ပေါ့ မိဆယ်ရယ်"

ဟု ဖြေလိုက်ရပါပြီ။ အသံဈော မျက်နှာပါ အပျက်ကြီးပျက်နေသည့် စိုးနောင်ကို မျက်နက်ဝန်းရွှန်းတောက်တောက်လေးတွေဖြင့် အတန်ကြာ မိဆယ် ကြည့်မိသည်။

"အဲဒီဧည့်သည်အကြောင်းကို စိုးစိုးကပါ ကြားထဲက လာ စိတ်ဝင်စားနေတယ်၊ ဟုတ် ... အံ့ဖွယ်အတိဖြင့် ရှိချေသည် တကားလို့ပဲ မိဆယ်ဖြင့် အော်လိုက်ချင်ပါရဲ့။ ဘာလဲ၊ အဲဒီသားအမိ စိတ်ဝင်စားနေတဲ့ အဲဒီ ဧည့်သည်စုတ်ကို အသွင်တူအောင် လိုက်စိတ်ဝင်စားနေတယ်ပေါ့ ဟုတ်လား"

ဟု မသိတတ်စွာ ဂျစ်တိုက်နေတော့ တစ်ယောက်တည်း မြတ်နိုးစွာ မျိုသိပ်ချစ်ရပါသည့် အချစ်များဖြင့် ရှူးချင်ရသည်မှာ စိုးနောင်ပါ။

"အဲဒီဧည့်သည်က အဲဒီသားအမိကိုပဲ ပန်းရဂုံမှာ မြင်မှာ မဟုတ်ဘူး မိဆယ်လေးရဲ့၊ ဒီက မိဆယ်ဆိုတဲ့ သွန်းသက်ပန် ကောင်မချောလေးကိုလည်း မြင်မှာဗျ"



ဟု ရင်ထဲက သောကကို ဘယ်လိုမှ မျိုသိပ်မထွော ဲ တစ်စွန်းတစ်စ ဖွင့်ချလိုက်တော့မှ မိဆယ် တစ်ချက်ငြိမ်သွား က် စွန်ဝါလေးနှင့် ရစ်လုံးကိုပိုက်လျက်ပုံလေးဖြင့် ခပ်ငေးငေး စ်ချက်ကြည့်သည်။ နောက်တော့မှ မိဆယ် မျက်ဝန်းတွေ ပြုံး ာလျက် စတင်၍ အသံထွက်ရယ်သည်။

"ရယ်ရတယ်ဟော့၊ မိဆယ်က ချောတယ် ဟုတ်လား၊ ဘုရားရေ ... မိဆယ်ဖြင့် အံ့သြလိုက်တာ၊ အေးမြတ်ဖြူ ဘယ်လောက်ချောတယ်ဆိုတာ လူတိုင်းအသိ၊ မိဆယ် ဂျစ်တူးကို ဘယ်သူ ဘယ်သူကမှ လူကြီးအရာ လူရာသူရာ သွင်းတာ မဟုတ်ဘူး၊ လက်စသတ်တော့ အဲဒီဧည့်သည်က မိဆယ်ကို မြင်မှာစိုးတယ် ဆိုပါတော့၊ ဘာ သွန်းသက်ပန် ဟုတ်လား၊ ဒီနာမည်ကြီးများ မိဆယ် မကြိုက်ပေါင်"

ဟု ပြောပြီး စိုးနောင်ကို တစ်ချက်ကြည့်သည်။

"အင်း ... စိတ်ချ၊ တစ်ခုခု ထူးခြားရင် မိဆယ် ပြောပြ မယ်လေ၊ ကဲ ... မိဆယ် သွားမယ်"

ဟု စိတ်ထဲမှာ ဘာအ... င်အတွယ်၊ ဘာစိုးရိမ်မှုမှ ်မရှစွာဘဲ မိဆယ် ခြကူးတံခါးလေးကို ဘွန်းဖွင့်တော့ စိုးနောင် ယ် အနီးသို့ကပ်လျက် ...

"စိုးစိုးမှာက မိဆယ်ပဲ အဖော်ရှိတာ"

ဟု ပြောမိသည်။ တကယ်က စိုးစိုးမှာ မိဆယ်တစ် ာက်ပဲ ချစ်မိရတာပါဟု ပြောချင်မိခြင်းပါ။ ဖွင့်မပြောရဲ၍သာ သံတိမ်ဖြင့် စိုးရိမ်ဓောနှင့် ခပ်ဖွဖွ ပြောမိစဉ်ခိုက် မိဆယ်ကလည်း ်ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလို့လဲ စိုးစိုးရဲ့၊ မိဆယ်မှာလည်း စိုးစိုးပဲရှိတဲ့ဥစ္စာ၊ ငယ်ကတည်းက မိဆယ်မှာ အဖော်မဲ့နေလို့ စိုးစိုးနဲ့ကစားတာ ဆော့တာတွေကို ဘွားကတောင် ဝမ်းသာနေခဲ့တာ၊ ဒီခြံကူးတံခါးလေးတောင် ခြံစည်းရိုးမှာ ဘွားအစီအမံနဲ့ ဖောက်ပေးခဲ့တာပဲ ...

"မိဆယ်ကလေ ပန်းရုံက ဘွားရယ်၊ ဒေါ်ကြီးနဲ့ ဦးကြီး တင်မောင်ရယ်၊ ဦးကြီးသိန်းနဲ့ ဒေါ်ခင်ထွေးရယ်ကလွဲရင် ဘယ်သူ့မှ ရင်ထဲမှာ သံယောဇဉ်မထားဘူး၊ မချစ်ဘူး၊ ဟော ... ပြီးတော့ ဟောဒီက ပဒုမ္မာသားကြီး စိုးစိုးရယ်၊ လေးလေးခိုင်နဲ့ အန်ကယ်တို့ အန့်တီတို့ကိုရယ်ချစ်တာ ဒါပဲရှိတာ"

ဟု ဖြေပြီး မိဆယ် ပန်းရုံခြံထဲ ရောက်သွားတော့ ခြံတံခါးလေးကို ကြည်နူးစိတ်ဖြင့် စိုးနောင် ကိုင်ထားရင်းမှ မျက်ရည်များ ဝဲတက်လာရသည်အထိ ပျော်သွားမိရသည်မှာပါပဲ။

မိဆယ်က စိုးစိုးအပေါ်မှာ သံယောဇဉ်ကြီးတာ ချစ်တာဟု သီးသန့်လေး ပြောလိုက်တာမျိုးကို ကြားလိုက်ချင်သေးသည်ပါပဲ မိဆယ်ရယ်။

မိဆယ်လေး ပြုံးပြထွက်သွားတော့ နေရာမှာရပ်ရင်း စိုးနောင် ကျန်ခဲ့သည်။

မင်း သိပ်လှတယ်ဆိုတာ ပန်းလေးတွေ သိကြပါတယ် မိဆယ်ရယ်။

သဘာဝအလှတရားများနဲ့ လှကြတဲ့ ပန်းလေးတွေတောင်မှ မင်းကို ဦးခိုက်ကြရတာပါ၊ အရှုံးပေးလိုက်ကြရတာပါ မိဆယ်လေးရယ်။



မင်းကို ချစ်ရတဲ့အချစ်တွေဟာ မြတ်နိုးစွာဖြင့် ရက်လကြာရှည်လွန်းမက ကြာရှည်ခဲ့ရပြီကောကွယ်။

အဲဒီအတွက် မျိုသိပ်ထားရတဲ့ စိုးစိုးရဲ့ နှလုံးအိမ်ဟာ ဗင်ပန်းမွန်းကျပ်လွန်းလှပါပြီ မိဆယ်ရယ်။

မင်းဟာ ငါ့ဘဝမှာ ရင်ကို အေးမြစေတဲ့ ငွေလဝါဝါ လေးပါ။

မောင့်ဘဝ ငွေလမင်းရယ်ပါ မိဆယ်လေးရယ်။

www.burmeseclassic.com



## အခန်း(၁၁)

ဒေါ်လေးခင်ထွေးကို အိုးတွေတိုက် ကူနေသည့် မိဆယ်အနီးသို့ ဘိုဘို ရောက်လာသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးထူထူ၊ မျက်လုံး လှလှနှင့် ဘိုကေထူဝဲဝဲလေးက နဖူးပေါ် ခပ်ဝဲဝဲလေးကျလျက် ဘိုဘို့အသွင်ကလည်း လူချောလေးပါပဲ။

ဒါပေမဲ့ ... ခက်သည်က ဆောင့်ကြွားကြွားနိုင်ခြင်းပါ။

"မိဆယ် ... ငါပြောမယ် ပြောမယ်နဲ့လုပ်နေတာ ကြာပြီ၊ နင့်ကို သတိပေးစရာရှိတယ်၊ ငါက နင့်အစ်ကို၊ နင့်ထက် ကြီးတယ်၊ ဒါကြောင့် ပြောသင့်တာကို ပြောမလို့၊ နင် အိုးခွက်ဆေးပြီးရင် ခြံထဲဆင်းခဲ့"

လေသံကိုက မာထောင့်ထောင့်နှင့်၊ ဘယ်လိုမှ နား ထဲသွင်းထားချင်စရာမကောင်း။

မိဆယ် အပြီးသတ်တိုက်နေသည့် အိုးကို ရေဇလုံ ထဲကျင်းပြီး ဆပ်ပြာမှုန့်မှာ အုန်းဆံဖတ်လေးတို့၍ နောက်တစ်ကျော့ အချောသတ်ပြန်တိုက်ပွတ်ကာ ရေဇလုံထဲ ပြန်ထည့်။ အိုးကို သပွတ်အူလေးနှင့် ပြောင်စင်အောင် ပွတ်တိုက်မြဲလာပ်နေတာမို့ ...



"စိတ်မရှည်တော့ဘူးနော် မိဆယ်၊ ငါ ပြောနေတာ ကြား ရဲ့လား"

"ကြားတယ်"

ဘိုဘို ဒေါ်နှင့်အော်ခိုက် မိဆယ်ကလည်း မျက်လုံး ဆူးတောက်လျက် မော့ကြည့်ပြီး တင်းတင်းဖြေသည်။

"ကြားရင် မြန်မြန်လုပ်ပါလား၊ မထီတရီ သိပ်လုပ်တာ ပဲ"

"အို ... မိဆယ် အလကားထိုင်နေတာမဟုတ်ဘူး၊ ဘိုဘိုသာ အလုပ်အားနေတိုင်း ဟိုလူ့ဩစာပေးချင်၊ ဒီလူ့ဩစာပေးချင် နဲ့ အဘိဓမ္မာများနေတာ၊ မိဆယ်ထက် တစ်နှစ်ပဲကြီးတာများ၊ လူကြီးကျနေတာပဲ၊ ပြောစရာရှိ ဒီမှာပြောပေါ့၊ မိဆယ် ဒီဇလုံကြီးကို တိုက်ရဦးမှာ"

အိုးတိုက်ဒန်ဇလုံကို တကယ်လည်း မိဆယ် အမြဲ ဆမ်း တိုက်နေကျပါ။ ပန်းကန်တွေ အိုးတွေ ဆေးကြောတိုက်ချွတ် ပြီးလျှင် ဒန်ဇလုံကြီးကို ပြောင်လက်နေအောင်တိုက်ချွတ်။

ပြီးလျှင် ရေစစ်အောင် နံရံမှာ ဖေးထောင်ထားခဲ့သည် ပါပဲ။ ဘယ်ခါကြည့်ကြည့် ပန်းကန်ဆေးဇလုံကြီးမှာ အတွင်းရော အပြင်ပါ ဖွဲပြာနိုင်နိုင်နှင့် တိုက်ချွတ်ထားတာမို့ သန့်စင်ပြောင်လက် နေသည်ပါပဲ။

"ဒီမှာ မပြောချင်လို့ပေါ့ဟ မြန်မြန်လုပ်"

ဟု တိုဆတ်ဆတ်ဖြင့်အော်တော့ အားမှ မနေသာ တော့သည့် ဒေါ်လေးခင်ထွေးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ်လေး လိုက်သွားလိုက်ပါ၊ ကျန်တာ ဒေါ်လေး လုပ်ပါ့မယ်၊ ဒီပန်းကန်တွေ အိုးတွေ ဒေါ်လေး ဆေးပါ့မယ်ဆိုလည်း မဟုတ်ဘူး၊ သူ့ပဲ ဆေးချင်နေတာ ဘိုဘိုရဲ့"

ဟု ပြောတော့ ဘိုဘို ဘာမှမပြော။ မိဆယ်ကိုပဲ မျက်ထောင့်နှင့်ကြည့်သည်။

မိဆယ်ကတော့ လုပ်စရာရှိတာဆက်လုပ်သည့်ပုံလေးဖြင့် ဇလုံကြီးကို တိုက်ချွတ်ဆေးကြောပြီး နေသားတကျ ထောင်ထားခဲ့ပြီးမှ လက်ကို ဆပ်ပြာနှင့် သေချာပွတ်တိုက်ဆေး။

လက်သုတ်ပြီး ခါးကို ချိုးချိုးချွတ်ချွတ် ချိုးသေးသည်။

နောက်တော့မှ မျက်နှာနီကြီးဖြင့် ကြည့်နေဆဲဖြစ်ပါသည့် ဘိုဘို့ကို ကြည့်သည်။

"ဘွား ခေါ်ထားသေးတယ်"

"ဘွား ပုတီးစိပ်နေသေးတယ်၊ နင့်ကို အကြာကြီး ငါကလည်းပြောမှာ မဟုတ်ပါဘူး လာခဲ့"

ရှေ့မှ ဆောင့်နင်းလျှောက်၍ နောက်ဖေးလှေကားဘက်မှပင် ဘိုဘို ခြံထဲ ဦးဆောင်ဆင်းတော့ ကိုယ့်ထက်ကြီးတာရော၊ အစ်ကိုဖြစ်တာကိုရော ထောက်၍ မိဆယ် လိုက်ဆင်းခဲ့ရပါ၏။

ဘိုဘိုမှ ကွံကော်ပင်အောက်မှ ခုံတန်းတွင် သွားထိုင်တော့၊ မိဆယ်လည်း ဘေးမှာထိုင်သည်။ ပန်းရုံအိမ်ကြီးကတော့ လျှပ်စစ်မီးရောင်များဖြင့် လင်းချင်းလျက် ပန်းရုံခြံထဲမှာလည်း မီးတိုင်များ ရှိနေတာမို့ လင်းနေသည်ပါပဲ။



"နင့်ကို သတိပေးစရာရှိတယ်၊ နင် ဟိုဘက်ခြံက စိုးနောင်ဆိုတဲ့ကောင်နဲ့ သိပ်တွဲလွန်းနေတယ်"

မထင်မှတ်တာကြီး ပြောချလာတာမို့ မိဆယ် ဆတ်ခနဲကြည့်သည်။

မျက်နှာလေးတင်းသွားလျက် ...

"စိုးစိုးက မိဆယ်နဲ့ ငယ်ကတည်းက ကစားဖော် တွဲဖော် တွဲဖက် အဲဒါဘာဖြစ်လဲ၊ မိဆယ်ကို မတူမတန်လုပ်ပြီး မခေါ်ပြောဘဲနေကြ၊ မကစားဘဲနေကြတဲ့လူတွေရှိလို့လည်း မိဆယ်က ခြံကျော်ပြီး တခြားလူကို သွားခင်ရ တွဲရ ကစားခဲ့ရတာ၊ မိဆယ်ကို စိုးစိုးနဲ့ သွားလာတာ လာမတားနဲ့"

ဘိုဘို၏မျက်နှာ တင်းသွားလျက် မိဆယ်၏ ဖူးဥ ...နေသော မျက်နှာလေးကို စိုက်ကြည့်ရင်းမှ ...

"လာမပြောနဲ့ ပြီးခဲ့တာတွေ လာမပြောနဲ့ လက်ရှိကိုပြော၊ နင် ကလေးမဟုတ်တော့ဘူး၊ အဲဒီကောင်လေးနဲ့ ပွန်းလှတ် လိုက် ကျောင်းတူတူတက်လိုက်နဲ့ မျက်စိနောက်တယ်ကွ"

"နောက်ရင် မျက်စိပိတ်ထားပါ၊ ဘယ်သူက ဘိုဘို့ရှေ့မှာ သွားလာပြနေလို့လဲ၊ လိုက်မကြည့်နဲ့ပေါ့၊ ဒီမှာ ဘွားက တောင် ဘာမှ မပြောဘူး၊ မိဆယ်ကို လာမတားနဲ့ ဆရာလာမလုပ်နဲ့၊ စိုးစိုးနဲ့ ဒီခြံထဲမှာလည်း စွန်လွှတ်ချင် လွှတ်မယ်၊ စိုးစိုးတို့ရဲ့ ပဒုမ္မာခြံမှာလည်း သွားပြီး မိဆယ် စွန်လွှတ်ချင်လွှတ်မယ်၊ မိဆယ်ကို လာတားလို့မရဘူး၊"

www.burmeseclassic.com



ဟု ပြတ်ပြတ်သားသားတော့ ဘိုဘို့လက်တွေက မိဆယ်၏ပခုံးလေးပေါ် မြဲမြဲလွှန်းစွာ တင်းတင်းကြီးဆုပ်ကိုင်လာ ရင်းမှ ...

"အို ... မသိဘူးကွာ၊ နင် အဲဒီကောင်နဲ့ တွဲသွားတွဲလာနဲ့ ဖြစ်နေတာကို ငါ ကြည့်နေ မြင်နေရတာ စိတ်ဆင်းရဲတယ် သူက ငါနဲ့ပြိုင်ဘက်၊ ငယ်ကတည်းက စာပြိုင်ဘက်၊ ကစား ရင်လည်း ပြိုင်ဘက် နည်းနည်းမှ ကြည့်မရဘူး"

ဟု ပြောနေသော မိဆယ် ဆောင့်တွန်းပစ်ရင်းမှ ...

"ဒီမှာ ဘိုဘို၊ နင်နဲ့ မိဆယ် စကားကြာကြာပြောရင်တော့ ကြီးကြီးညိုက လှမ်းလှမ်းအော်တတ်တာ ခုထိပဲဆိုတာ မမေ့ပါနဲ့ နင့်ကို မိဆယ် အဖော်လုပ်ဖို့ အစ်ကိုဆိုပြီး အားကိုးဖို့ဆိုတာဝေးရော၊ အဲသလောက်များဖြစ်ရင် ကြီးညို သေသွားလိမ့်မယ်၊ မိဆယ်ကိုလာပြီး ဘာမှ မတားနဲ့၊ စိုးစိုးဟာ မိဆယ်ရဲ့ ငယ်သူငယ်ချင်း မိဆယ်ရဲ့ အချစ်ဆုံး သူငယ်ချင်း၊ မိဆယ်ကို နားလည်ပေးတဲ့သူ၊ ဘယ်တော့ မဆို အလိုလိုက်တဲ့သူ"

မိဆယ်၏ နာကြည်းခံပြင်းဟန်လေးဖြင့် ပြောနေ သမျှကို ဘိုဘို အံခဲ၍ စိုက်ကြည့်နေရာမှ ...

"မသိဘူးကွာ၊ သူနဲ့မင်း ဒီလို တရင်းတနှီးကြီးနေတာကို ငါ မကြိုက်ဘူး၊ ဘွားကိုလည်း သတိသွားပေးရမယ်၊ နင် ကလေးမဟုတ်တော့ဘူးကွ ဒါပဲ"

ဟု ဒေါ်နှင့် မောနှင့်ပြောပြီး နေရာမှာ ချာခနဲ လှည့်ထွက်သွားတော့ မိဆယ် ခပ်မဲ့မဲ့ပြုံးသည်။



"မိဆယ်ဘဝကို အထီးကျန်ဖြစ်အောင် လာလုပ်လို့မရဘူး၊ မိဆယ်မှာ စိုးစိုးပဲရှိတာ"

ဟု ကုန်းအော်ပစ်လိုက်သည်ပါပဲ။

နောက်တော့မှ သက်ပြင်းရှိုက်ချလိုက်ပြီး ခုံတန်းပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်မိသည်။ နှုတ်ခမ်းလေးကို စူထား၏။ ဘာမှန်းလဲမသိ၊ အလကားနေရင်း လူကြီးကိုက်နှင့် လာပြီးဆရာ လုပ်နေသည်။ ပွစိပွစိလေး ရွတ်ရင်းဖြင့် မိဆယ် ပန်းရုံသို့ ပြန် ဝင်ခဲ့ပါ၏။

"ဘာဖြစ်ကြတာလဲ ကလေးရယ်၊ ဘိုဘိုကလည်း ရှူးရှားနဲ့ အပေါ်အိပ်တက်သွားလေရဲ့၊ ရန်ဖြစ်လာကြပြန်ပလား"

ဒေါ်ဓားထွေးမေတော့ မိဆယ် ခေါင်းပဲညိတ်ပြ သည်။ ဒေါ်ကြီးကတော့ ခပ်လှမ်းလှမ်းမှာ ကြောင်အိမ်ထဲ ဟင်း ခွဲတွေ စီရီထည့်ရင်း လှမ်းကြည့်နေ၏။

ဟင်းကျန်လျှင် သေချာအောင် [illegible] အိုးတွေကို အဖုံးဖွင့်ကာ ကြောင်အိမ်ထဲ ဒေါ်ကြီး အမြဲထည့်နေကျ။

"မောင်နှမချင်း တည့်တည့်နေကြမှပေါ့ ကလေးရယ်"

ဟု ဒေါ်လေးခင်ထွေး ခပ်ညည်းညည်းပြောရပေမယ့် ဘိုဘိုပဲ လွန်နေမည်ဆိုတာကိုတော့ ကြိုတွေးမိထားပြီးသားပါ။ မိဆယ် ကလည်း နည်းနည်းမှ အစွန်းတင်မခံ။

ဤကလေးနှစ်ယောက်နှင့် ဒေါ်လေးခင်ထွေး စိတ် မောရသည်ပါပဲ။

"ဘွားဆီ သွားမယ် ဒေါ်လေးရာ၊ ဘာပြောစရာရှိသလဲ မသိပါဘူး၊ ဘွားပြောတာကို အရင်နားမထောင်ရဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အလကားနေရင်း လောကကြီးကို မကောင်းဘက်က ချည်းကြည့်နေတဲ့ ကိုယ်တော်မြတ်ရဲ့ ဩဝါဒကို နာခံခဲ့ရတယ်၊ ဟွန်း ... စိတ်ပျက်ပါရဲ့"

ဟု တကယ့်ကို စိတ်ပျက်လက်ပျက်ပုံလေးဖြင့် ပြောပြီး မိဆယ် အပေါ်ထပ်သို့ တက်ခဲ့ပါ၏။

ဘွားအခန်းသို့ရောက်တော့ အခန်းထဲမှာ ကိုယ်တော်ချော ဘိုဘိုများ အတွန်းအတိုက်လုပ်ဖို့ အလျင်ရောက်နေမည်လားဟု နားစွင့်ရသေးသည်။ ဘာသံမျှ မကြားမှ အခန်းတွင်းသို့ မိဆယ် ဝင်ခဲ့ပါ၏။

ဘွား ပုတီးစိပ်ပြီးပြီ။

တရားစာအုပ်လေးပင် ဒရင်းမ်ဘက်မှာ ခပ်ရှောရှော မှီထိုင်၍ ဖတ်နေပြီ။

ဘွားသောကြမ်းပြင်မှာ ထိုင်ပြီး မိဆယ် ဘွား၏ခြေသလုံးတွေကို နှိပ်ပေးတော့ ပြုံး၍ ကြည့်ကာ ဆံစလေးများကို သပ်တင်ပေးလာပါ၏။

မိဆယ်၏ဘဝမှာ ဆံစများ ဖြူဖွေးနေလျက်၊ နူးညံ့ပျောင်းအိသော ထိုဆံနွယ် ဖွေးဖွေးများကို ဘီးကျော့ပတ်ထားကာ နွဲ့နှောင်းသောကိုယ်ဟန်ဖြင့် ဖြူနွဲ့နွဲ့ရှိသော ဘွားသည် တစ်ခုတည်းသော ရင်ခွင်လည်းဖြစ်ပါ၏။ ဤရင်ခွင်သည် **မိဆယ်ကို နိုင်စားလာသူများရှေ့မှာ ကာပေး၊ ကာကွယ်ပေးသော မဟာတံတိုင်းကြီးပါ။ အေးမြနွေးထွေးသော မေတ္တာငွေ့များ ယှက်ဖြာပေးရာ စခန်းသာပါ။ အေးမြသော စမ်းရေပမာပါ။**

**နွေးထွေးသော ရင်ငွေ့များ ပေးဆက်ရာပါ။**



ဘွားကို မိဆယ် ချစ်လည်းချစ်သည်။ ဘွားသည် မိဆယ်၏ဘဝမှာ မရှိမဖြစ်သောအရာ။

"မြေးလေးကို ဘွားပြောစရာရှိတယ်၊ မြေးလေးဟာ ကလေး မဟုတ်တော့ဘူး"

ဟု ပြောလာတော့ မိဆယ် မျက်လုံးဝိုင်းလေးနှင့် ဘွားကို ရုတ်ခနဲ မော့ကြည့်မိပါ၏။

ဘုရားရေ ...။ ဤနေ့မှာ မိဆယ်ကို ကလေးမဟုတ်တော့တာချည်းပဲ ပြောနေကြပါလားလေ။

"မိဆယ်ဟာ ... ဥပဒေတတိယနှစ်ကျောင်းသူဖြစ်နေပြီ၊ ဒီတော့ ကလေးလို နေတာတော့နေပေါ့ မြေးရယ်၊ ပထမဆုံးတစ်ခုပဲပြောင်းရမယ်၊ မြေးလေးဆံပင်ကို အရှည်စ,ထားတော့၊ ဟုတ်လား"

ဟုပြောတော့ ဆံပင်ထူထူအုပ်အုပ်လေးကို လက်ဖြင့် ပွတ်ရင်းမှ ...

"ဒါက အလုပ်ရှုပ်သက်သာတယ် ဘွားရဲ့"

ဟူ၍တော့ တစ်ချက်မျှ လေပျော့လေးနှင့် ချွဲကြည့်သေးသည်။ ဘွား ခေါင်းယမ်းပြတော့ သက်ပြင်းလေးရှိုက်ချပြီး စိတ်လက်ညစ်ပုံလေးဖြင့် တစ်ချက် ခပ်တွေတွေကြည့်၏။

တကယ့် ကလေးလေးနှယ်၊ ချစ်ဖို့ကောင်းသည့် မြေးလေးကို ဘွားကလည်း ပြန်၍ ပြုံးကြည့်သည်။

"ဘွားက ဆံပင်ရှည်ထားဆိုလည်း ထားရတော့မှာပေါ့ ဘွားရာ၊ ဘွားက ခိုင်းတာကိုး"

www.burmeseclassic.com



ဟု စိတ်လက်ညစ်နေတာလေးကိုလည်း မဖုံးဖိနိုင်စွာပဲ မိဆယ် ခပ်လေးလေးပြောတော့ ဘွား ရယ်ပါ၏။ ဘယ်တုန်းကမှ ဘွားစကားကို ပယ်ရှားခဲ့တာမျိုး မရှိတာမို့ ခုလည်း မိဆယ် နားထောင်ရှာသည်ပါပဲ။

"မိဆယ်က ဘွား ဘာပြောစရာအရေးတကြီးရှိသလဲလို့ပါ"

ဟု ပြောတော့ ဘွား ပြုံး၍ မိဆယ်၏ လက်လေးကို ထွေးဆုပ်သည်။

"ဒါ တစ်ခုပါပဲ မြေးရယ်၊ ကျန်တာ မိဆယ်လေးမှာ ဘာပြောဖို့ရှိလို့လဲ၊ မီးဖိုချောင်လည်း ဝင်တယ်၊ မိန်းကလေးအလုပ်၊ အိမ်မှုကိစ္စ နားလည်တယ်၊ လုပ်ကိုင်တယ်၊ စာလည်းတော်တယ်၊ ဘွားစကားလည်း နားထောင်တယ်၊ အားလုံး ဘာမှပြောဖို့မရှိဘူး၊ ခုလည်း မြေလေးကို ဆံပင်ရှည်လေးနဲ့ ဘွား မြင်ချင်လာ်လို့ ပြောရတာပါ၊ မြေးလေး ဆံပင်ရှည်လာရင် ဘွားမှာ လုပ်စရာတွေ အများကြီးရှိလာဦးမှာ"

ဟု ပြုံး၍ပြောတော့ မိဆယ် ဘွားကို မော့ကြည့်သည်။ ဘာတွေများ ဘွား ဆက်လုပ်ခိုင်းနေဦးမယ်မသိ။

စိတ်ညစ်လိုက်ပါရဲ့နော် ... ဟု ရင်ထဲမှ ကျိတ်၍ ညည်းချလိုက်မိရပါပြီ။

မိဆယ်ကို အပျိုကြီးလိုများ ရှူးတွေထုတ်ခိုင်းနေလျှင် ဒုက္ခ။ ဘွားကို နှိပ်ပေးနေရင်းမှ စိတ်အိုက် စိတ်လေးနေရသည်မှာ မိဆယ်ပါ။



## အခန်း(၁၂)

"မနေ့က ဘယ်သူမှ အငြိမ်မနေရပါဘူး စိုးစိုးရာ၊ ထုံးစံအတိုင်း ကြီးကြီးယဥ်တို့၊ ကြီးကြီးညိုတို့က လက်ညှိုးတညွှန်ညွှန်နဲ့ ဒီဗီရို ဟိုဘက်ရွှေ့၊ ဟိုဗီရို ဒီဘက်ကပ်နဲ့ ခါးချိုအောင် ရွှေ့ပေးကြရတာ၊ မနေ့တတ်တော့ မိဆယ် ဝင်လုပ်ပေးမိရော၊ ခါးနာနေတယ် စိုးစိုးရ"

အဝါနုရောင် ဘလောက်(စ်)ပွပွလေးမှာ ကော်လာနေရာလေး၌ ဇာနားလေးတွေ ချစ်စဖွယ်လေး အနားသတ်နေလျက်၊ အညိုနုရောင် ပြောင်ထဘီလေးကို မိဆယ် ဝတ်ထားသည်။ ပြောဆိုနေပုံလေးမှာလည်း တကယ့် ပီဘိကလေးလေးနှယ်သာတည့်။ လက်ထဲမှာပါလာသည့် အချဥ်ထုပ်ထဲ လက်ညှိုးလေးထည့်၍ လက်မနှင့်ညှပ်ကာ သရက်ပြားကိုထုတ်သည်။ နောက်တော့ ပါးစပ်ထဲအရသာခံ၍ တမြုံ့မြုံ့လုပ်နေ၏။

"ဒွေါ်လေးခင်ထွေးကို သနားတာနဲ့ မိဆယ်ပဲ ကျွန်းလှေကားထစ်နေရာတွေ၊ ပြီးတော့ ပွတ်လုံးနေရာတွေ အကုန်လုံး လိုက်ပွတ်ပေးရတာ၊ နေ့တိုင်းလည်း လုပ်နေကြတာပါပဲ စိုးစိုးရာ၊ ကြီးညိုနဲ့ ကြီးယဥ်တို့ သည်းနေတာ တော်

www.burmeseclassic.com



တော်ကြီးကို ချမ်းသာတဲ့ပုဂ္ဂိုလ်တစ်ယောက်တော့ဖြင့် ပန်းရုံကို မကြာမလင့်မီမှာ ရောက်ဖြစ်တော့မယ်ထင်ပါရဲ့၊ မချမ်းသာဘဲနဲ့များ အဲသလောက် ပျော်ယာမခတ်နေနိုင်ကြပါဘူး စိုးစိုးရာ"

မိဆယ် ပြောပြနေသမျှ စိုးစိုးဘေးမှ ထိုင်နားထောင်နေရင်း ရင်ထဲမှာ ပူပြီးရင်းပူရင်း ဖြစ်နေရသည်ပါပဲ။ အပူအပင်မရှိ ပြောနေသူက မိဆယ်။

"ခန်းစီးတွေ လဲတပ်တဲ့ဥစ္စာလည်း ပန်းရုံမှာ ဒီလောက်များတဲ့ ပြတင်းတွေ၊ တံခါးပေါက်တွေ ရှိနေတဲ့ဥစ္စာ၊ ပြောတော့သာ ခန်းဆီးလဲတာပဲဆိုပြီး ပေါ့ပေါ့လေးလုပ်တဲ့လူ သေရော ...

ဒီမနက်စောစောမှ လဲတပ်ရမယ့်တဲ့လေ၊ အားလုံးသန့်ပြီး မီးပူကျ ဖြစ်နေအောင်လို့လည်း၊ မနေ့ကတည်းက လဲတပ်ပါစေလား၊ မဟုတ်ဘူး၊ ကြီးယဉ်ပေါ့၊ ပိုးခန်းဆီး ကျောက်စိမ်းရင့်ရောင် ဆိုတာကိုလည်း တတွတ်တွတ်ပြောနေတာ၊ တစ်ခါပြောလည်း မှတ်မိပါတယ်၊ ဒေါ်ကြီးကိုများ နားထိုင်းနေတာ ကျနေတာပဲ၊ ဟော ... ဒေါ်ကြီးမောမှာစိုးလို့ မိဆယ် ဝင်ပြီး လုပ်ကိုင်ကူရရော ခန်းဆီတွေ တပ်လိုက်ရတာ လက်အံကိုကျရော ... ဗျူး"

ကြီးမားလွန်းသည့် ပန်းရုံအိမ်ကြီးမှ အခန်းတံခါးတိုင်းမှာရော၊ အဝင်တံခါးမကြီးမှာရော၊ ပြတင်းပေါက်တိုင်းမှာရော တစ်နံနက်နှင့် ခန်းဆီးများ အချိန်မီတပ်ရသည်ဆိုတာက တကယ်လည်း ပင်ပန်းသည်ပါပဲဟု စိုးစိုးတွေးမိရပါ၏။



ဒေါ်ကြီးနှင့် ဒေါ်လေးခင်ထွေးတို့ ပင်ပန်းမှာစိုး၍ လုပ်ကိုင်ကူပါသည့် မိဆယ်၏ စိတ်ရင်းဖြူပုံလေးကြောင့် ပို၍ ကြော်နိုးရ၊ အချစ်တိုးရသည်ပါပဲ။

"စိုးစိုး လာလုပ်ကူပေးချင်ပါတယ် မိဆယ်ရယ်၊ မိဆယ်လေး မောနေမှာ"

ချစ်ရသူလေးကို တကယ်လည်း ကူညီချင်စောနှင့် စိုးစိုး ခပ်တိုးတိုးပြောတော့ မိဆယ် ခေါင်းလေး ခါပြသည်။ တစ်နေ့ညက စိုးစိုးနှင့်ပတ်သက်၍ ဘိုဘိုလာပြီး ချုပ်ချယ်နေတာကိုလည်း အမှတ်ရမိပြန်သည်။ စိုးစိုး စိတ်မကောင်းမှာ စိုး၍သာ မိဆယ် ပြန်မပြောပြခြင်းပါ။

"မိဆယ်က ပန်းရုံမှာ စိုးစိုးလာပြီး မျက်နှာငယ်လေးနဲ့ လုပ်ကိုင်ပေးနေရမှာမျိုးကို လက်ပိုက်ကြည့်မနေနိုင်ပါဘူးနော်၊ အဆစ်ဝင်ပြီး ဒုက္ခမခံချင်ပါနဲ့ စိုးစိုးရယ်"

တကယ့်ကို မခံချင်ပုံလေးနှင့် ပြောတာမို့ စိုးစိုးရင်ထဲမှာ ကြည်နူးချမ်းမြေ့သွားရသည်သာပါပဲ။

"ညှို့သည်က နေ့လယ်စာစားဖို့ လာမှာပါ၊ ဘွားကိုယ်တိုင် ဖိတ်ထားတာ၊ ချက်တာပြုတ်တာတွေမှာ မိဆယ် လုပ်ကိုင်ပေးခဲ့တာပဲ၊ နူးခပ်ဖို့ ပန်းကန်တွေကအစ ထမင်းစားခန်းက စားပွဲကြီးမှာ အရန်သင့် လုပ်ပေးခဲ့တာ၊ အေးမြတ်ဖြူကတော့ အလှပြင်နေတာနဲ့ပဲ အခန်းထဲကကို ထွက်မလာတော့ဘူး ...

ဒေါ်လေးခင်ထွေးက ခပ်တိုးတိုးပြောပြလို့ သိရတာ အပြတ် အလှပြင်နေတာတဲ့၊ လာမယ့်ညှို့သည်ကို ပင်ကုံး

www.burmeseclassic.com

www.burmeseclassic.com



များ တစ်ခါတည်း စွပ်မလို့လားမသိပေါင်၊ မိဆယ်ဖြင့် ဒီလောက်ကြီးအလုပ်များအောင် လုပ်တဲ့လူကြီးကို မြင်ပြင်းကတ်တာနဲ့ကို သူမရောက်ခင် ဒီကိုအရင်လစ်လာတာ"

ဟု မိဆယ်ပြောတော့ စိုးစိုး တစ်ချက်ရယ်မိရင်းမှ...

"သူက ဖိတ်လို့လာရတာပဲ မိဆယ်ရာ"

ဟု ပြောမိရသည်။ အေးမြတ်ဖြူ အလုပြင်နေသည့်ဆိုတော့လည်း ရင်ထဲမှာ တစ်ချက်ပေါ့ပေါ့ပါးပါးဖြစ်၏။ အေးမြတ်ဖြူနှင့် လူကြီးများက ရည်ရွယ်ထားကြတာ ဖြစ်ချေမည်ပေါ့ဟု ဖြေသိမ့်တွေးကို တွေးယူလိုက်မိရပါ၏။

"ဒီလူက တော်တော်ကြီးကို ကိန်းကြီးခန်းကြီးနေတတ်လို့ ပန်းရုံက သူ့ကို ဒီလောက် ဂရုတစိုက်ကြီးလုပ်နေကြရတာဖြစ်မှာပေါ့၊ ဘွားကလည်း ဂရုစိုက်ကြဖို့ ဒေါ်ကြီးနဲ့ ဒေါ်လေးတို့ကို မှာတာ၊ သေချာချက်ပြုတ်ဖို့ကိစ္စအထိ ဘာကို ချက်ရမယ်၊ ဘာဟင်းတွေပါရမယ်နဲ့ ဘွားက စီစဉ်ပေးတာ"

ဟု ပြောပြီး မိဆယ် ညည့်သည်ကိစ္စကို ဘာမှ စိတ်လက်ဝင်စားပုံမရစွာဘဲ အချှဉ်ထုပ်ကို အရသာခံ၍ လက်ညှိုးလေးနှင့် ကော်စားနေသည်ပါပဲ။

"ဩော် ... ဟိုညက ဘွား ဘာပြောလည်း မိဆယ်ကို ညဘက် 'ပြောစရာရှိတယ်ဆိုတာလေ"

သတိတရနှင့်မေးတော့ မိဆယ် တစ်ချက်ရယ်၏။ ဆံပင်တိုတို ထူအုပ်အုပ်ကလေးကို လက်ဖြင့် ဖွပြရင်းမှ ...



"ဆံပင်အရှည်ထားရတော့မှာတဲ့လေ၊ နောက်ထပ်လည်း လုပ်စရာတွေ အများကြီးရှိသေးတယ်တဲ့၊ ဘာတွေများလုပ်မယ်မသိပါဘူး စိုးစိုးရာ၊ ဒီဆံပင်တိုတိုလေးတွေက ဘယ်လောက်အလုပ်ရှုပ်သက်သာလဲ၊ ဟောဒီလို လက်ချောင်းလေးတွေနဲ့ ထိုးပြီး ဆံပင်ဖြီးသလိုတောင် လုပ်လို့ရတာ၊ ခေါင်းလျှော်ရင်လည်း ရေချိုးတိုင်း အလွယ်တကူ ခေါင်းလျှော်ရည်နဲ့လျှော်လိုက်၊ တစ်အောင့်ဆို ခြောက်ရော၊ ခုဆံပင်ရှည်ထားရတော့မှာ စိတ်ရှုပ်ပါရဲ့၊ ဒါပေမဲ့ ဘွားပြောတာဆိုတော့ ခေါင်းညိတ်ရတာပဲပေါ့"

ဟု ကလေးလေးလိုပဲ စိတ်အိုက်ပုံလေးနှင့် ပြောနေသမျှ ဘေးမှ ငေးကြည့်ရင်း စိတ်ကူးဖြင့်ပင် မိဆယ်ကို ဆံပင်ရှည်လေးနှင့် စိုးစိုး မြင်ကြည့်လိုက်ရသည်ပါပဲ။ အရမ်းကိုပိုချောလာမှာ သေချာနေသည်လေ။ ကလေးလေးလို ဆံပင်တိုလေးနှင့် စိတ်လက်ပေါ့ပါးစွာ စကျက်လိုက်။ စွန်လွှတ်လိုက်နှင့်ရှိတတ်ပါသည့် မိဆယ်၏ တကယ့်အဖြူထည် ရိုးစင်းစင်းဘဝလေးကို အရမ်းမြတ်နိုးစွာ ပိုင်ဆိုင်လိုက်ချင်သည့် စိတ်တွေကလည်း ရင်ထဲမှ ထုထည်နှင့် ဖြစ်တည်နေရသည့်အဖြစ်။

"ညည့်သည်လာရင် မိဆယ်လည်း ရှိနေရမယ်လို့ ဘွားက ပြောတာ အဲဒါတစ်ခုတော့ မိဆယ် စိတ်နောက်လို့ ယောင်တောင်ပေါင်တောင်လုပ်ပြီး ဒီကို လစ်လာတာ သိလား၊ ဟိုသားအမိ ရှိုးတွေနဲ့ အိုက်တင်တွေ တစ်ခုလောက် ရှေ့ချပြီး မြင်ပြင်းကတ်အောင် လုပ်ပြကြမှာကို မိဆယ် ကြည့်မရချင်ပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ညှေ့သည်ကလည်း မိုးကုတ်က ဘွားသူငယ်ချင်းရဲ့ မြေး၊ အဲသလိုပြောတာပဲ၊ ဘွားက မိုးကုတ်သူမဟုတ်လား၊ အဲဒါ သူ့မြေးကို ဘွားဆီ အလည်အပတ်လာဖို့မှာ လွှတ်လိုက်သလားမသိပေါင်၊ ဘာလာလုပ်တယ်ဆိုတာတော့ ဘွားက မပြောပြပါဘူး၊ ဒေါ်ကြီး ဒေါ်လေးတို့လည်း သိပုံမရဘူး၊ ညှေ့သည်လာမယ် မိုးကုတ်က အဲဒါပဲ သိတယ်"

ဟု ပြောပြပြီး ဇက်လေးကို ဟိုသည်ချိုးလိုက် ပြီးမှ ...

"ဗီရိုတွေ ဟိုဘက်ရွှေ့ ဒီဘက်ထပ်နဲ့ အလုပ်များ ခန်းဆီးတွေ တပ်နဲ့၊ ပြီးတော့ ဘာမှလဲ ပိုထူးမလာပါဘူး၊ အစကတည်းက သန့်ပြီးလှနေတဲ့ ပန်းရုံကို ပိုလှအောင် သူတို့ကပဲ လုပ်ပေးတတ်သလို ဘာလိုလို့နဲ့"

ဟု ခါးနာထားရတာကို လက်ဖြင့်ပွတ်ရင် ပွစိပွစိ ရွတ်နေတော့ စိုးစိုး သနားသွားရသည်ပါပဲ။

မိုးကုတ်ကလာသည့် ညှေ့သည်၊ ဘွားသူငယ်ချင်း၏ မြေးဆိုကတည်းက ရင်ထဲမှာလည်း ပူလောင်လာပြန်၏။ ဘွားကလည်း မိဆယ်ကို ဆံပင်တွေ ဘာတွေ အရှည်ထားခိုင်းနေပြီ။ ဘာလုပ်ဖို့လဲမသိ။ ရင်ထဲမှာ ပူရသည့် အပူမီးသည် အညွှန့်တလူလူဖြင့် နလုံးအိမ်ကို လောင်မြိုက်စပြုလာပြန်ပြီတည့်။

မိုးကုတ်ကဆိုတော့ ချမ်းသာမည်ပါပဲ။

အေးမြတ်ဖြူ အရမ်းကို အလှအပပြင်ထားနှင့်နေရ လောက်အောင်ဆိုတော့ ချမ်းသာဖို့များသည်။



"အေးမြတ်သူ့အတွက်ပဲ ရည်မှန်းထားပြီး ဖိတ်ကျွေးတယ် ထား၊ တကယ် စေ့စပ်ဖြစ်သေးတာမှမဟုတ်တာ၊ မတော်တဆ မိဆယ်ရဲ့ အလှလေးတွေကို အဲဒီလူဟာ ငါ့လိုပဲ မြင်တတ်ရင်၊ အို ... မိဆယ်က မမြင်ဘဲနဲ့ကို လှနေတာပဲ ဥစ္စာ၊ ဒီလူချစ်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ ဒုက္ခပါပဲ"

ဟု စိုးစိုးတွေးရင်း မျက်နှာပျက်တက်တက်ဖြစ်လာသည်။

"ဆာတယ် စိုးစိုးရာ၊ လမ်းထိပ်က အအေးဆိုင်မှာ အအေးသွားသောက်ရအောင်"

"အိမ်မှာရှိသားပဲ မိဆယ်ရယ်၊ မာမီလည်းရှိနေတယ်၊ မိဆယ် စားချင်တာ၊ မိလုံးကို ခိုင်းပေါ့၊ မိလုံး လုပ်ပေးမှာပေါ့၊ နေပူနေပြီ မိဆယ်ရ"

"နေပူချိန်ပဲဥစ္စာ ပူမှာပေါ့၊ ပူလို့ အအေးသောက်ချင်လာတဲ့ ဥစ္စာ၊ အေးရင် ဘယ်သူက သောက်ချင်မှာတဲ့လဲ၊ ပြီးတော့ စိုးစိုးရဲ့ရေခဲသေတ္တာထဲမှာ ဖာလူဒါရှိလို့လား ... ကဲ"

ဘယ်တုန်းကများ မိဆယ်ကို စိုးစိုး နိုင်အောင်ပြောနိုင်လို့လဲလေ။

"မိလုံးကရော ဖာလူဒါ လုပ်ပေးတတ်လို့လား၊ ကဲ ... မိဆယ် ကျွေးမှာပါ စိုးစိုးကော်တရာ ပဒုမ္မာသားရဲ့၊ ဒီမှာ ပိုက်ဆံပါလာတယ်"

ဘလောက်အကျီ ဓာနားလေးကွပ်ထားသည့် ချစ်အိတ်ကပ်လှလှလေးထဲမှ ပိုက်ဆံကိုထုတ်ပြတော့ စိုးစိုး ခေါင်းခါမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိုးစိုး ကျွေးပါ့မယ် မိဆယ်ရာ၊ ဆိုးပါ ... ဆိုးပါ"

ဘာတတ်နိုင်မည်တဲ့လဲ။ ထုံးစံအတိုင်း အလိုလိုက်စွာပဲ လမ်းထိပ်ထွက်ရချေမည်ပေါ့။

ပဒုမ္မာသို့ပြန်ဝင်ကာ စိုးစိုး အဝတ်အစားလဲနေခိုက် ...

"ဘယ်လဲ မိဆယ်လေးရဲ့၊ ကြည့်စမ်း အချဉ်ထုပ်က လက်ထဲမှာ ဗိုက်နာတတ်တယ် သမီးလေးရဲ့"

အန်တီဆွေမှ သားဖြစ်သူ အဝတ်လဲဖို့ အခန်းတွင်းဝင်သွားတော့ ပြုံး၍မေးတာမို့ ...

"အအေးသောက်ချင်လို့ အန်တီ၊ အိမ်မှာ ညည့်သည်လာမှာမို့ မိဆယ် စိတ်ရှုပ်တာနဲ့ လစ်လာတာ"

ဟု ပွင့်လင်းစွာ ကလေးလိုပဲပြောတော့ အန်တီဆွေ ရယ်လျက်မှ ...

"ဘွား ဆူနေဦးမယ်နော် ကြပ်ကြပ်လစ်"

ဟု ပြောနေစဉ်ခိုက်မှာပဲ စိုးစိုး ထွက်လာတာမို့ မိဆယ် ထရပ်သည်။ အချဉ်ထုပ်လေးကို စားလက်စရပ်ထားလိုက်ကာ နောက်ဖေးဘက်သို့ သွားပြီး အမှိုက်ပုံးလေးထဲ ပစ်ထည့်လိုက်ရင်းမှ ...

"မိဆယ် အချဉ်ထုပ်ကို ပစ်လိုက်ပြီ အန်တီဆွေ၊ နောက် မစားတော့ဘူးနော်"

ဟု ချွဲနေတာမို့ ဒေါ်ဆွေဆွေမှာ မိဆယ်လေးကို ပို၍ ချစ်မိရသည်ပါပဲ။ မိဆယ်၏ဘဝကို ငယ်ကတည်းက သိမြင်ရ၊ နားလည်ခဲ့ရသည်မို့လည်း ဦးထက်စိုးနှင့် ဒေါ်ဆွေဆွေတို့မှာ ချစ်သနားစိတ်ဖြင့် သံယောဇဉ်ဖြစ်ခဲ့ရသည်မှာ အမှန်ပါ။



သားစိုးစိုးနှင့် အဖော်လုပ်၊ ကစားတာကိုလည်း ကျေနပ်ခဲ့သည်ပါပဲ။ သားမှာလည်း အဖော်ရသည်လေ။ ဘွားဆိုတာကလည်း မိဆယ်လေး အဖော်ရဖို့၊ ခြံစည်းရိုးမှာ တံခါးငယ်လေးပင် ဖောက်ဖို့ ခွင့်ပေးခဲ့သည်မဟုတ်ပါလား။

ဘွား၏ အကြင်နာနှင့် ဦးထက်စိုး ဒေါ်ဆွေဆွေတို့၏ မေတ္တာ၊ စိုးစိုး၏ လိုက်လျောစွာ အလိုလိုက် ပေးတတ်မှုများကြားမှာ မိဆယ် မကြီးပြင်းလာခဲ့ရလျှင် အဘယ်မျှထိ အထီးကျန်ဆန်ချေမည်မသိ။ ဒါကို ဒေါ်ဆွေဆွေနှင့် ဦးထက်စိုးတို့ မကြာခဏ ပြောမိတတ်သည်ပါပဲ။ မိဆယ်ကိုလည်း သမီးလေးနှယ် ချစ်မိသည်မှာလည်း အမှန်ပါ။

"အေးပါ နောက်တော့ မေ့သွားလို့ သိပ်စားချင်လို့ဆိုပြီး ဆီးပေါင်းထုပ်တွေ ထပ်စားဦးမှာပဲမဟုတ်လား၊ အန်တီဆွေ ရှေ့မှာ လူမိခံရတိုင်း ဒီလိုပဲ အမှိုက်ပုံးဝဲ သွားသွားပစ်ပြရတဲ့အကြိမ်တွေ ဘယ်လောက်ရှိပြီလဲ"

ဟု ဒေါ်ဆွေဆွေ ရယ်တစ်ဝက်ဖြင့်မေးတော့ မိဆယ် ရယ်ရုံပဲရယ်ပြသည်။ ဖြေမှမဖြေတတ်တော့ဘဲကိုးလေ။

စိုးစိုးကို လက်ကုတ်၍ အိမ်ပြင်သို့ သုတ်သုတ်လစ်ခဲ့သည်ပါပဲ။

"အချဉ်ထုပ်တို့ လက်ဖက်သုပ်တို့ ရှောက်သီးသုပ်တို့၊ အဲ ... သင်္ဘောသီးသုပ်တို့ ဘာတို့ညာတို့ဆိုတာ မိန်းကလေးတွေ သိပ်ကြိုက်တဲ့အစာ စိုးစိုးရဲ့၊ အဲဒါကြောင့် ငရုတ်သီးစပ်စပ်နဲ့ အဲသလို အသုပ်တွေနဲ့ ထမင်းစားလိုက်၊ အဲ ... အချဉ်ထုပ်လေး မြှုံ့လိုက်နဲ့ မိဆယ်က စားမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ စိုးစိုးကို လာမရှင်းပြနဲ့ မာမိုကို သွားရှင်းပြ၊ ဟုတ်လည်းဟုတ်သားပဲ၊ အချဉ်ထုပ်ကို ခေါက်ဆွဲကြော် စားသလိုစားတာ၊ သေလိမ့်မယ်"

ဆိုလာတော့ မိဆယ် ငြိမ်သွား၏။ ဆက်မပြောတော့။ ဖာလူဒါသောက်ဖို့ စိတ်အောကပ်လျက် ကတ္တရာလမ်းအတိုင်း လျှောက်သည်။

"ဟော ... ဟို ကားဘာဖြစ်နေတယ်မသိဘူး၊ ဘောနက်ဖုံးကြီးဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်နဲ့၊ အဲ ... လူကတော့ သားနားလို့"

အနောက်တိုင်းဝတ်စုံ မီးခိုးဖျော့ရောင်နှင့် သပ်ရပ်စွာဖြင့် မြင့်မားသော အရပ်ကြီးနှင့် လိုက်လိုက်ဖက်ဖက်ဝတ်ထားသည့် လူတစ်ယောက်။ ဘောနက်ဖုံးကို ဖွင့်ထားလျက် စိတ်အိုက်သလို ကားစက်ခေါင်းထဲ ငုံ့မိုးကြည့်နေတာကို နီးလာလေလေ ပို၍ ထင်ထင်ရှားရှားမြင်ရလေ။

ထုံးစံအတိုင်း ကူညီချင်စောကြီးသည့် မိဆယ်ကတော့ ဖြတ်ဆို ရောက်သွားလျက်မှ ...

"ဘာဖြစ်တာလဲဟင်"

ဟု မေးတော့ ငဲ့ကြည့်၏။ ထူထဲသော မျက်ခုံးတန်းကြီးအောက်မှ ညိုလဲ့လဲ့ မျက်ဝန်းသည် အနက်ဘက်သို့ လုပေမယ့် လုံးဝအနက်ကြီးမဟုတ်။ ညိုလဲ့လဲ့ပြေးသည်။ အသားကပန်းနုရောင်ဘက်လုသောအဖြူ။ နှာတံထင်းနေလျက် သေသပ်ပိရိသော နှုတ်ခမ်းနှင့် မေးရိုးပြန့်ပြန့်ဖြင့် ရုပ်ရည်သန့်ခန့်နေသော လူရွယ်တစ်ယောက်။



ဒါပေမဲ့ ... မိဆယ်ထက်တော့ ကြီးမည်။

"ဘာဖြစ်မှန်းမသိပါဘူး ချာတိတ်ရာ၊ ထိုးရပ်သွားတာပဲ"

ဟု ပြောပြီး တစ်ချက်သက်ပြင်းရှိုက်၏။

"ကားအကြောင်း မသိဘူးလား"

အရေးထဲ စစ်ကြောနေသည့် မိဆယ်ကို စိုးစိုး ဟန့်ချင်ပေမယ့် ထုံးစံအတိုင်း မျက်ရိပ်ပြဟန့်၍တော့ ဘာမှ အရာထင်မှာ မဟုတ်တာမို့ ငြိမ်လိုက်ရသည်ပါပဲ။ ဘာကြောင့်ဆို မိဆယ်က စိုးစိုးကို ကြည့်လာဖော်မှမရဘဲလေ။ ကားစက်ခေါင်းဘက်ကို ငုံ့မိုးကြည့်လျက် ဆရာအိုက်တင်ဖမ်းနေချေပြီကိုး။

"မိဆယ် ပြင်ကြည့်မယ်၊ ဟုတ်လား"

ဟု ပြောတော့ လူရွယ်မှ အံ့ဩသလို တစ်ချက်ကြည့်သည်။ မိန်းကလေးက ကားပြင်တတ်သည်ဆိုတာကိုးလေ။

ကားရှေ့ခန်းသို့ မိဆယ် ဝင်သည်။ စက်နှိုးကြည့်၏။ စက်သံက ပေါ်လာပြီးနောက် ပြန်၍ ရပ်သွားသည်။ တုံ့ခနဲ တုံ့ခနဲရပ်သွားခြင်း။

မိဆယ် ကားပေါ်မှ ပြန်ဆင်းလာ၏။ ကာဘာရိုက်တာ တတ်ဆီဝင်ပေါက်နေရာလေးမှာ ခါးကြားမှ လေးခွကိုထုတ်၍ ဆတ်ဆတ်လေးခေါက်သည်။

ကားဘီးနားမှာ တစ်ချက်ရပ်ပြီး ခြေထောက်ဖြင့် တစ်ချက်ကန်၏။

နောက်တော့ ခပ်တည်တည်လေးပဲ။

"စက်နှိုးကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတာမို့ လူရွယ်မှာ အံ့သြရိပ်ဖြင့်ပင် လှမ်းကြည့်ပြီးမှ နာရီကို တစ်ချက်ငုံ့ကြည့်ပြီး ကားတွင်းသို့ဝင်စက်နှိုးကြည့်တော့ စက်နှိုး၍ရချေသတည်း။

"ကာဘရိုက်တာကိုဝင်တဲ့ မာတ်ဆီဝင်ပေါက်ထဲမှာ အမှိုက်သေးသေးလေးကပ်ဝင်နေမှာပေါ့၊ အဲဒီဥစ္စာမရှိတော့လို့ ဒီလိုပြန်ကောင်းသွားတာ၊ ကဲ ... ဆရာ၊ ကားမောင်းလို့ရပြီ၊ ကားပြင်ဆင်ခကလေးတော့ ပေးခဲ့ပါ"

လက်ဝါးလေးဖြန့်၍ပြတော့ စိုးစိုးမှ ...

"ဟာ ... မိဆယ်ကလဲ"

ဟု ဟန့်မိပေမယ့် မိဆယ်ကတော့ ပြုံးပြုံးလေးလက်ဝါးဖြန့်မပျက်ဘဲ ရှိနေသည်ပါပဲ။ လူရွယ်မှာ မိဆယ်၏ပုံလေးကို ကားတွင်းမှ မော့ကြည့်ရင်း နှစ်သက်ပုံဖြင့် အသံထွက်အောင်လွတ်ခနဲ တစ်ချက်ရယ်မိ၊ ခင်မင်နှစ်လိုရိပ်ဖြင့်လည်း ကြည့်မိရင်းမှ ...

"ဟုတ်ကဲ့ ကျေးဇူးပါပဲ မိဆယ်၊ ဘယ်လောက်ကျလဲဟင်"

ဟု မေးသည်။ မေးသံက တရင်းတနှီးနိုင်သွားပြီ။ မိဆယ်၏ ကလေးဆန်သော ဟန်ပန်လေးကြောင့် စိတ်ထဲရင်းနှီးကျွမ်းဝင်ဖြစ်သွားပုံရသည်လေ။

"ငါးဆယ်ပေး၊ ဒါ ... လျှော့ပြောတာ"

ဟု ပြောတော့ လူရွယ်မှ အင်္ကျီအိတ်ကပ်တွင်းမှ ငါးဆယ်တန်တစ်ရွက်ကို ထုတ်ပေးသည်။

"ကျေးဇူးပဲ မိဆယ်"



ဟုလည်း ပြုံး၍ပြော၏။ မိဆယ်ဆိုသည့် အမည်ကို ...ေးမှရော မိဆယ်၏နှုတ်မှဖျ အမည်လေးတပ်တပ်၍ပြောနေခဲ့ ...မို့ လူရွယ်ကလည်း မှတ်မိစွာ ခေါ်မိခြင်းပါ။

"ဒါမှမဟုတ်ရင် ကိုယ်သွားရမယ့်နေရာကို နောက်ကျပြီးရောက်ရမှာ၊ ဒီကားပျက်တာကိုလည်း သူများကိုခေါ်ပြီးဒုက္ခမပေးချင်ဘူးလေ၊ ကိုယ့်ကိစ္စ ကိုယ့်ပြဿနာကို ကိုယ်တိုင်ပဲရှင်းတာ ပိုကောင်းတယ်မဟုတ်လား၊ ခုလို မိဆယ်နဲ့တွေ့လို့ အဆင်ပြေသွားရတာ ကျေးဇူးပဲ မိဆယ်"

ဟုပြောတော့ မိဆယ် ခေါင်းလေးညိတ်ပြသည်။

"နောက်ကို ကားမောင်းနေရုံတစ်ခုတည်းနဲ့ မပြည့်စုံသေးဘူးဆိုတာကိုလည်း သတိချပ်ပါ"

ဟု ဆရာလုပ်နေသည့် မိဆယ်ကို စိုးစိုး မျက်ရိပ်ပြ...ါခဲ့ရပါ၏။

ဘယ့်နှယ် ကိုယ့်ထက်ကြီးသည့်လူကိုများ ဆရာလုပ်...ရသည်လို့။

"အလကား ပိုက်ဆံသွားတောင်းတယ် မိဆယ့်ရာ"

"အို ... ဒီလောက် အဖိုးတန်ကားကြီးမောင်းနေပြီး ကိုယ့်ကား ဘာဖြစ်လို့ဖြစ်မှန်းမသိတဲ့ဥစ္စာ၊ ဒီလိုပဲပြောမှာပေါ့၊ စိုးစိုးလည်းတူတူပဲ၊ ကားပဲမောင်းတတ်တယ်"

ဟု ပြောလာတော့ မိဆယ်ကို ဆလံလေးသ,သလို...က်ဖြင့် နဖူးပေါ်တင်ပြရင်းမှ ...

"မိဆယ် ပါနေသားပဲ ဖျက်ကက်နစ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု စနေတော့ မိဆယ် မျက်စောင်းခဲသည်။

"မိဆယ်က ဦးကြီးတင်မောင်နဲ့ ကားပြင်တိုင်းဝင်လုပ်တာ ကားပလပ်ကို မှန်မှန်ဆေးပေးတာတို့ ကာဘရိက်တာကို သန့်ရှင်းရေးလုပ်တာတို့ ဓာတ်ဆီကို စစ်ပြီးမှ တိုင်ကီထဲ ထည့်တာတို့ ဖေလ်တာဘူးလဲတာတို့ ဘက်ထရီကို ဘယ် အချိန်ကျရင် လဲမှာတို့ အားလုံး လိုက်ကြည့်ထား လု ထားတော့ တော်ရုံဆို ကိုယ့်ဘာသာကိုယ် လုပ်ကိုင်လို့ရတာ ပေါ့"

"ဟုတ်ပါပြီ ဒေါ်မိဆယ်ရယ်၊ အဲသလောက်တတ်နေတဲ့ မိဆယ်ပါနေလို့ စိုးစိုးက ကားကို ဘယ်တော့မှ ပျက်မှာ မကြောက်ဘူး"

ဟု ပြောပြီး တစ်ချက်ပြုံးကြည့်တော့ မိဆယ် မျက် စောင်းလေးထိုးသည်။

"ပျက်ကြည့်ပါလား ခုလိုပဲ ပိုက်ဆံတောင်းမှာနော်၊ ကားရှိပြီး ဒီလောက် အသေးအမွှားလေးတောင် မပြင်တတ်၊ ဘာဖြ လို့ဖြစ်နေမှန်း မသိတတ်တဲ့ဥစ္စာ ဒဏ်ပေးတာ၊ ဟိုလူကြီး ကိုလည်း မိဆယ် ဒဏ်ပေးလိုက်တာ"

ဟု ပြောနေတော့ စိုးစိုးမှာ ဆိုးတေတေ ကောင် လေးကို ထုံးစံအတိုင်း ချစ်စိတ်နှင့် အလျှော့ပေးလိုက်ရသည်ပါပဲ

"မိဆယ် သင်ပေးလေ၊ စိုးစိုး လိုက်လုပ်မယ်"

ဟု ခပ်တိုးတိုးပြောတော့ မိဆယ် ပြုံး၍ ကြည့်လာ လျက်မှ ...



"ဟုတ်ပြီ ဒါဖြင့်ရင် ပလတ်ဆေးတာတို့ ကားရှေ့စက်ခန်း နေရာကို သန့်သန့်ရှင်းရှင်း ရေနဲ့ဆေးပြီး သုတ်တာတို့ အရင်သင်ပေးမယ်၊ လူတွေက သိန်းနဲ့ချီပြီး ကားဝယ်စီး ကြဖေမယ့် စက်ခေါင်းခန်းများ ဖွင့်လိုက်ရင် ပေတူးနေကြ ရော၊ အဲဒါ မကောင်းဘူး"

ဟု ဆရာဆက်လုပ်နေတာနှင့် မိဆယ်ကို လက် မြှောက်ပြလိုက်ရသည်က စိုးစိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

“ဟုတ်သားပဲ၊ သမီးလေး မိဆယ်ပြောတာ မှန်တယ်၊ ကားမောင်းပြီး ကားနဲ့ပတ်သက်လို့ ဘာမှ မလုပ်တတ်ဘဲ ငုတ်တုတ်ကြီးကြည့်နေရတာမျိုးကတော့ ယောကျာ်းလေး တစ်ယောက်အနေနဲ့ သိပ်မကောင်းလှဘူးကွယ်”

မာမီကပါ မိဆယ်လေးဘက်ကပြောနေတော့ စိုးစိုး စိတ်ညစ်ညစ်နှင့် ရယ်ပြလိုက်ရသည်ပါပဲ။

“မိဆယ်ကို ပြောပြပါဦး မာမီ၊ လမ်းမှာ လူတစ်ယောက် ကားပျက်တာကို ပြင်ပေးပြီး ပိုက်ဆံယူတယ်လေ၊ ဘယ် ကောင်းမလဲ၊ စိုးစိုးကိုလည်း ကားမပြင်တတ်ဘူးဆိုပြီး အပြစ်ပြောနေသေးတာ”

ဟု တိုင်လိုက်တာနှင့် မာမီက မိဆယ်ဘက်တော် သားကြီး ဖြစ်သွားသည်ပါပဲ။

“လမ်းလျှောက်မက္ကနစ်ဆိုတာ ပိုဈေးကြီးတယ် စိုးစိုးရဲ့၊ ကားပျက်တဲ့နေရာထိ လိုက်ပြင်ပေးရတာဆိုတော့ ပိုက်ဆံ ပိုပေးရတာမျိုး၊ ခုက ငါးဆယ်တည်းယူတာ နည်းသေး တယ်”



ဟု မိဆယ်ကြွားနေခိုက်မှာ စိုးစိုး လက်မြှောက်ပြ သည်။

“အရှုံးပေးပါတယ်ဗျာ၊ ပေးပါတယ်”

ဟု ပြောလိုက်ရပေမယ့် ခုလို မိဆယ်လေး ပဒုမ္မာ ကြာနေတာကို ရင်ထဲကျေနပ် ငြိမ်းချမ်းအေးနေသည်ပါပဲ။ ဆယ်လေးကို တတ်နိုင်လျှင် မျက်စိအောက်မှာပဲ စိုးစိုး ထားချင် သည်။ ခုလို မာမီ ပွဲစားလုပ်သည့်ကိစ္စ၊ တစ်ရက်တလေ သည့်ရက်မျိုးနှင့် ကျောင်းပိတ်ရက်တိုက်လျှင် မိဆယ် ပဒုမ္မာမှာ နေတတ်သည်လေ။ မာမီ၏ ရတနာပွဲစားအလုပ်ကလည်း အတွက် တကယ့်ဝင်ငွေတစ်ခုအဖြစ် ရပ်တည်သည် ပါပဲ။

ဒက်ဒီ၏ 'ပဒုမ္မာ'မိနီမားကက်သို့လည်း မာမီ ၍ ထိုင်ပေးတတ်သည်။ စိတ်ထားအေးချမ်းလျက် မိဆယ်လေး လည်း သမီးလေးနယ် ဒက်ဒီနှင့်မာမီတို့ ချစ်ကြတာမို့ တစ်ခါ ခါ မိဆယ်လေးကို အရဲကိုးချစ်ခွင့်ပန်ကြည့်ချင်။ မိဆယ်လေး က်ခံတာနှင့် လူကြီးချင်း စေ့စပ်နားဖောက်ထားလိုက်ချင်သည် စိုးစိုး၏ နှလုံးအိမ်မှာ ပြည့်သိပ်နေသည့်ဆန္ဒများဖြင့် အကြိမ် ခါ တွေးမိရသည်ပါပဲ။ ဒါပေမဲ့ မိဆယ်လေး စိတ်ဆိုးသွားမှာကို သည့်စိတ်ဖြင့်ပင် မဝံ့ရဲစွာဖြစ်နေရတာမို့ ဘယ်သောအခါတွင် ရင်တွင်းမှ ချစ်ရလေသမျှကို ဖွင့်ပြောပြနိုင်ချေတော့မည်မသိ။

“မိဆယ်”

ဒေါ်ကြီးမှ ပဒုမ္မာ၏မှန်တံခါးကြီးကိုဖွင့်၍ လှမ်းခေါ် ာ မိဆယ် လှည့်ကြည့်သည်။ ဒေါ်ဆွေဆွေမှလည်း ပြုံး၍...

“ဟော ... ဒေါ်ကြီး၊ လာထိုင်ပါဦး”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက် ...

"အစ်မကြီးက မိဆယ်ကို အခေါ်ခိုင်းလိုက်လို့ ခေ့ွ
ရေ၊ ဟိုမှာ ဥဒ္ဒေ့သည်ရောက်တာဖြင့် ကြာပြီ၊ စားသော
လို့လည်းပြီးပြီ၊ အဲဒါ ပန်းရုံအိမ်သားတွေနဲ့ အားလုံး ဘွား
မိတ်ဆက်ပေးပြီးပေမယ့်၊ မိဆယ် ကျန်နေသေးတာမို့ ဒီ
ရှိမှာပဲဆိုပြီး အခေါ်လွှတ်လိုက်တာ"

ဟု ပြောခိုက် မိဆယ် ဆံပင်လေးတွေ ဖွာခန်
အောင် ခေါင်းကို လက်ချောင်းလေးတွေဖြင့် စုံကုတ်၍ ...

"စိတ်ညစ်လိုက်တာ၊ ဘာလုပ်မှာတဲ့လဲ၊ မိဆယ်က က
ပဲ၊ သူတို့လူကြီးတွေချင်း သိကြရင်ပြီးတဲ့ဥစ္စာ၊ မသွားချ
ပါဘူး၊ လမ်းထိပ်ကို မိဆယ် စိုးစိုးနဲ့ ထွက်သွားတယ်
ပြောပေးပါ ဒေါ်ကြီးရာ"

ဟု လူကြီးကို အလိမ်ခိုင်းနေတော့ ဒေါ်ကြ
မျက်လုံးပြူး၍ မိဆယ်ကို ကြည့်သည်။

"အလိုတော် ... မလုပ်လိုက်ပါနဲ့၊ လိမ်တဲ့ကိစ္စ ကျွန်တော်
မပါပါရစေနဲ့၊ တော်နေကြာ ဘွားကိုယ်တိုင် လိုက်ခေါ်
တာမျိုးဆို မကောင်းဘူးနော်၊ ဟိုဥဒ္ဒေ့သည်ကလည်း လူ
သန့် လူရည်မွန်လေးပါတော်၊ လာခဲ့ပါ၊ မိဆယ် ထင်သ
လည်း ကိန်းကြီးခန်းကြီးနေတာမျိုးမဟုတ်ပေါင်၊ တက
လူရည်သန့်"

ဟု တစ်ခါပဲ တွေ့ရသေးသည့် ဥဒ္ဒေ့သည်ဘက်
များ စိတ်ဝမ်းလက်ပါ ပြောနေပုံကြီးကြောင့် မိဆယ် မျက်နှာ
လေးနှင့် ကြည့်နေသည်။



နောက်တော့ နေခဲ့၍လည်း ရမှာမဟုတ်တာ သိထား
တာမို့ ထရပ်လိုက်ရသည်ပါပဲ။

"အဲဒါကြောင့်ပြောတာ၊ အအေးဆိုင်မှာ ခဏဆက်ထိုင်ဦး
မယ်ဆိုတာကို၊ မရဘူး၊ စိုးစိုးပေါ့၊ ပြန်မယ်ချည်းလုပ်နေတာ၊
ခု ... မိဆယ် သွားရတော့မယ်၊ ဥဒ္ဒေ့သည်ကို သိထားတာ
လည်းမဟုတ်ဘဲနဲ့၊ ဟီးဟဲနဲ့ ရယ်ပြရ၊ လိမ်လိမ်မာမာ
ငြိမ်ငြိမ်သက်သက်လေး လူကြီးတွေကြားထဲမှာ နေပြရ၊
ဘယ်လောက် စိတ်အိုက်ဖို့ကောင်းလဲ၊ စိုးစိုးကြောင့် ခု
ဒီမှာ ဒေါ်ကြီး လာခေါ်တော့ မိဆယ်ကို တွေ့ရတာ"

မျက်နှာအိုလေးနှင့် စိုးစိုးကို မိဆယ် အပြစ်တင်
တော့ ...

"မပြန်လို့ရမလား၊ ဆိုင်ထဲမှာရှိတဲ့ ကောင်လေးတွေက
နင့်ကိုပဲ ကြည့်နေကြတာ"

ဟု စိုးစိုး ပြောလိုက်ချင်ပေမယ့် ရင်ထဲမှာ သဝန်တို
တွေ ပေါ်ကုန်မှာစိုးတာမို့ ငြိမ်နေလိုက်ရသည်ပါပဲ။

"ကဲ ကဲ ... သမီးလေး လိုက်သွား"

ဟု ရယ်မောပြောတော့ မိဆယ် ခေါင်းလေးကုတ်
၍ ဒေါ်ကြီးနောက် ပါသွားရပါ၏။

"စိတ်ညစ်တယ် ဒေါ်ကြီးရာ အဟုတ်"

ဟု တပျစ်တောက်တောက်ပြောညည်းလိုက်လာသည့်
ဆယ်မှာ အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်ထားသည့် ကားကို
မြင်တာနှင့် ...

"အဲတော့ ... ဒါ ... ဒါကြီးက ဥဒ္ဒေ့သည်ရဲ့ကားလား"

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားမေးလာသည့် မိဆယ်ကို ဒေါ်
ငဲ့ကြည့်ရင်းမှ ...

"ဟုတ်ပဲ့ . ဒါကြီးပါပဲ"

ဟုဖြေခိုက် ခြေဖျားလေးထောက်၍ နောက်ကြော
ကို ကုပ်ချောင်းချောင်းလေး ပြန်လှည့်မည်လုပ်နေတာမို့ ...

"ဟဲ့ ... ဟိုမှာ ဘွားစောင့်နေတယ် လာခဲ့"

ဟု ဒေါ်ကြီးမှ လက်မောင်းကို လှမ်းဆွဲရပါ၏

မဖြစ်။ မိဆယ် ဝင်တွေ့၍မဖြစ်။ မကြာသေးခင်
မှ မိဆယ် ကားပြင်ပေးခဲ့သည့် ကိုရွှေညှာသည်ကို မိဆယ်
ဘယ့်နှယ် မျက်နှာပြ၍ ကောင်းပါတော့မည်တဲ့လဲ။

ပိုက်ဆံငါးဆယ်က ခုထိ မိဆယ်အိတ်ကပ်ထဲ
ရှိနေဆဲ။ ဆရာအပြတ်လုပ်ခဲ့သေးသည့် ထိုလူကြီးကိုတော့
မိဆယ် မျက်နှာပူသည်လေ။

စိတ်ကြီးများရယ် ညစ်ပါဘိနော်ဟု ညည်းချ
ဖြင့် မိဆယ် ခေါင်းလေးခါပြရင်း ...

"မဖြစ်ဘူး ဒေါ်ကြီးရ စိတ်ညစ်ပါတယ်ဆိုနော်၊ မိဆယ်
လုပ်ခဲ့တာတွေ ဒေါ်ကြီး သိထားတာလည်းမဟုတ်ဘဲ
မိဆယ် ခြံထဲမှာ သွားနေမယ် ဒေါ်ကြီးရာ"

ဟု ခြေကန်ငြင်းနေပေမယ့် မရ။ ဒေါ်ကြီးက ဆွဲ
ဆွဲထားတာမို့ ပေကပ် ပေကပ်နှင့် ပါလာရပါ၏။

အခန်းတံခါးကိုဖွင့်တော့ ဧည့်ခန်းကျယ်ကြီးထဲ
ဆွေစုံမျိုးစုံကို ကိုယ်ထည်ကိုယ်ဝါ လက်တောက်စွာဖြင့် မိဆယ်
တွေ့ရပါ၏။



ဘွားတစ်ယောက်ပဲ မှိုင်းရင့်ရင့် အညိုရောင် ရင်ဖုံး
အင်္ကျီနှင့် ဖင်းမယ်ထဘီရှားညိုရောင်၊ ကတ္တီပါရင်ဖုံးအင်္ကျီ ရှား
ရောင်ဖြင့် ရှိနေသည်။

ကျန်တာတွေကတော့ တကယ့်အကောင်းစား အဝတ်
အစား ပိုးသားထည်တွေ၊ ပိုးချိတ်တွေနှင့် သားနားလှန်းနေသည်။
အေးမြတ်ဖြူမှာ အဖြူရောင် ဇာဝတ်စုံ ဂါဝန်ရှည်ကြီးနှင့် အင်္ဂလိပ်
ပုံပြင်ထဲက မင်းသမီးလေးနှယ်ရှိနေ၏။

ဇာသားဂါဝန်ကို ပိုးထည်နုနု အဖြူရောင်ပဲ အောက်
ခံအဖြစ် ထပ်ချုပ်ထားတာမို့ တလဲ့လဲ့ပြေးနေသည့် ဂါဝန်ဖြူလွလွ
လေးသည် အရမ်းကိုလှနေသည်ပါပဲ။

ရုပ်ရည်လေး ချောမွန်ညက်နေသည့် အေးမြတ်ဖြူ၏
ကိုယ်ဟန်နွဲ့နွဲ့ဖြင့်လည်း လိုက်လိုက်ဖက်ဖက်ရှိသည်။ အေးမြတ်ဖြူ
ဘက်ကို မျက်နှာမူ၍ ဧည့်သည်က စကားပြောနေ၏။

မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် မြင့်မားသော
အရပ်ကြီးကို နောက်ကျောဘက်မှ မိဆယ် တွေ့မြင်နေရသည်။
မမှားနိုင်။ ကားလည်း မမှားနိုင်။ လူလည်း မမှားနိုင်။ မိဆယ်
ပိုက်ဆံယူခဲ့သည့် ကားပျက်သည့်ပုဂ္ဂိုလ်မှ ပုဂ္ဂိုလ်။

စားပွဲထက်မှာ အအေးခွက်လေးတွေရှိနေ၏။ သစ်
သီးစုံပန်းကန်လည်း ရှိနေသည်။ စားသောက်ပြီးတာမို့ ဧည့်ခန်းမှာ
လာထိုင်ရင်း အအေးနှင့် သစ်သီးစုံဖြင့် ဧည့်သည်ကို ဧည့်ခံနေ
ကြတာဖြစ်မည်။

ဒါပေမဲ့ ခုပုံစံက ပန်းရင်ဂုံမှ ဘွားကလွဲလျှင် ကျန်
လူအားလုံးသည် အဝတ်အစားကောင်းတွေနှင့် ဧည့်သည့်လိုပုံစံ

www.burmeseclassic.com



ပေါက်နေကြသည်။ ပန်းရုံမှ ဖိတ်ကြား၍လာသည့် ဧည့်သည်များနှင့်တူနေသည်။

ဝတ်ကောင်းစားလှတွေက တန်ဖိုးအလွန်ကြီးနေသည်။ လက်ဝတ်ရတနာတွေကလည်း တဖျိုးဖျပ်ဖျပ်။ ဧည့်သည်ဖြစ်သည့်လူက မီးခိုးရောင်အနောက်တိုင်းဝတ်စုံကို သပ်သပ်ခပ်ခပ်ဝတ်ထားလျက် တည်တည်ငြိမ်ငြိမ်ဖြင့် အိမ်ရှင်ပုံပေါက်နေသည်။ ဧည့်သည်များကို ဧည့်ခံနေသည့် အိမ်ရှင်ပုံဖြစ်နေသည်။

"ကျွတ် ... လုပ်လိုက်ရင် အားလုံးဟာ ဓောက်ထိုးချည်းပဲ၊ ဘာလို့ ဒီလောက်ရတနာတွေ ထုတ်ဝတ်ထားရတာတဲ့လဲ"

ဟု စိန်လည်တုံနှင့် စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်နားကပ်တွေနှင့် စိန်ရင်ထိုးပါ ထိုးချိတ်ထားလျက် အဖြူရောင်ဂါဝန်ရှည်ကြီးနှင့် သတို့သမီးပုံပေါက်နေသည့် အေးမြတ်ဖြူကို ကြည့်ရင်း မိဆယ် စိတ်မောရသည်ပါပဲ။

"သိပ်ကြွားတာပဲ"

ဟု အမှန်အတိုင်း တွေးမိလိုက်ရသည်။ ကြီးကြီးညိုနှင့် ကြီးကြီးယဉ်လည်း ဘာထူးလို့လဲလေ။ တစ်ကိုယ်လုံး ညွတ်နေအောင် စိန်ထည်တွေချည်း ဝတ်ထားသည်။ ဘွားပဲ ကုလားရွှေကြိုးတစ်ကုံးနှင့် ပတ္တမြားလက်စွပ်တစ်ကွင်းကို ဝတ်ထားသည်။ ပတ္တမြားနားကပ်ကို ပန်ထားသည်။ လက်ကောက်ပင်မဝတ်။

ယခုတိုင် ရွှေဧည့်သည့်ကတော့ မိဆယ်ကို မမြင်သေး။ ကျောပေးလျက်ပုံစံဖြင့်ပင် အေးမြတ်ဖြူနှင့် ကြီးကြီးယဉ်တို့ကို စကားပြောနေဟန်တူသည်။

"လာလေ"



ဒေါ်ကြီးတိုးတိုးခေါ်တော့ မိဆယ် ဘွားကို လှမ်းကြည့်၏။ ဘွား ပြုံး၍ ကြည့်နေတာကိုမြင်ရသည်။ မိဆယ် စိတ်လက်ပေါ့စွာ လိုက်လာရတာကို ဘွား ရိပ်စားမိပုံရ၏။

ဒါကြောင့်လည်း မိဆယ်ကို ပြုံးကြည့်နေတာ ဖြစ်သည်ပေါ့။ ဒါပေမဲ့ ဘွား လှမ်းမခေါ်သေးဘဲ ကြည့်နေဆဲ။

"အဲဒါပါပဲ မောင်ကိုကို၊ စောစောက ဘွား မလှိုင်နဲ့ ခေါ်ခိုင်းတဲ့ မိဆယ်ဆိုတာ လာပါပြီ၊ ကျောင်းနာမည်က သွန်းသက်ပန်လေ"

ဟု ဘွားရယ်လျက် ဧည့်သည်ကိုပြောတော့ ရွှေဧည့်သည်မှ ချက်ချင်းကြီး ကိုယ်ကိုလှည့်လိုက်သည်။ အဝါရောင်ဘလောက်(စ်)လေးနှင့် အညိုနုရောင်ပြောင်ထဘီလေးကို ဝတ်ထားသည့်ပုံစံလေးဖြင့် တကယ့်အိမ်နေအဝတ်အစားအသွင်လေးဖြင့် နီးစင်းစွာရှိနေသည့် ကောင်မလေး။

စိတ်အိုက်ပုံလေးဖြင့် ခပ်ငေးငေးလှမ်းကြည့်နေသည့် မျက်နှာနုနုလေးထက်မှာ ပန်းဆီရိပ်သမ်းချင်၏။ ချာတိတ်မလေး ရှက်နေပြီဆိုတာကို ကိုကို နားလည်လိုက်ပုံဖြင့် ပြုံး၍ကြည့်သည်။ ရင်းနှီးသောအပြုံး။

"မိဆယ်နဲ့တော့ မိတ်ဆက်မပေးနဲ့တော့ ဘွား၊ ကျွန်တော် မိဆယ်နဲ့ သိကျွမ်းခဲ့ပြီးပါပြီ"

ဘွားဘက်ကို လှည့်၍ ပြောလိုက်သံသည် ပေါ့ပေါ့ပါးပါးနှင့် ပျော်ရိပ်သမ်း၏။

ပန်းရုံမှ အုံ့သြနေကြစဉ်ခိုက်မှာဖြင့် သူကတော့ မိဆယ်ရှိရာသို့ ကိုယ်ဟန်မတ်မတ်ဖြင့် လျှောက်လာနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ ပျော်ရိပ်သမ်းနေလျက် မျက်ဝန်းများမှာ ကလေးတစ်ယောက်ကို ချစ်စနိုး နောက်ပြောင်တော့မည့် ပျော်မြူးရွှင်ပျသည့် အရိပ်များ ပြည့်သိပ်နေသည်။

"ခု ကိုကိုက စိတ်မချရသေးတဲ့ကားကို သေချာပြင်ချင်လို့ မိဆယ်လေးကို ပန်းရုံထိ လာစောင့်နေတာဗျ"

ဟု ပြောတော့ မိဆယ် မျက်လုံးလေးပင့်၍ တစ်ချက်ကြည့်သည်။ ငုံ့မိုး၍ ပြုံးကြည့်နေသည့် မျက်ဝန်းညိုလဲ့လဲ့တွေကို မြင်တော့ မိဆယ် အနေခက်စွာ တစ်ချက်ခေါင်းပြန်ငုံ့၏။ ကိုယ်က ပန်းရုံသို့လာသည့် ညှော့သည်ဆိမှာ ကားပြင်ခဲ့ ဘာတွေကို လက်ဝါးဖြန့်၍ စတိုင်တင်ပြီး တောင်းခဲ့တာ လေ။

ခုမှ အနေကျပ်လျက် စိတ်ကျပ် စိတ်အိုက်နှင့် ဖြ နေရသည့်အဖြစ်။

"မိဆယ်က မသိလို့ပါ၊ ရော့ ... ပြန်ယူပါ"

အင်္ကျီအိတ်ကပ်လေးထဲမှာ ရှိနေဆဲ ပိုက်ဆံငါးဆ တန်ကို လုပ်မိလုပ်ရာပုံလေးဖြင့် မိဆယ် နှိုက်ယူပြီး ပြန်ပေးတော့ သူ ရယ်သည်။ တကယ့်ကို လွတ်လပ်စွာ ရွှင်ရွှင်ပျပျ ရယ်သည့် အရယ်။

"မဟုတ်ဘူး ဘာလို့ ပြန်ယူရမှာလဲ၊ ဒီလောက်တော်တဲ့ ချာတိတ်လေးကို ဘောက်ဆူးတောင် ထပ်ပေးရဦးမှာ တကယ် မိဆယ်က သိပ်တော်တာပဲ၊ နောက်ဆို မိဆ ပြောသလို ကားအကြောင်း နားလည်အောင် သင်ထားရ မိဆယ် သင်ပေးမလား"



ချစ်စနိုးလေး ငုံ့မိုးမေးနေတော့ မိဆယ် မော့ကြည့်မိသည်။ မြင့်လိုက်ပါသည့်အရပ်။ မိဆယ်ထက်ကို ခေါင်းတစ်လုံးကျော်ပြီး ပိုမြင့်နေသည်။

"မိဆယ်ကို ဦးကြီးတင်မောင် သင်ပေးတာ"

ဟု ဖြေတော့ သူရယ်သည်။ မိဆယ်ကို ပြုံး၍ကြည့်မြဲကြည့်လျက်။

"ဘွားက မိဆယ်လေးရော ခေါ်ပါဦးဆိုပြီး ဟို ... ဒေါ်ဒေါ်ကို ပြောကတည်းက ဒီမိဆယ်ပဲ ဖြစ်ရမယ်ဆိုပြီး ကိုကို ပျော်သွားတာပဲသိလား၊ ခုတော့ အဟုတ်ဖြစ်နေပြီ၊ ကဲ ... လာ"

သူ အနေခက်နေသည့် မိဆယ်ကို အလိုက်တသိ သူ စောင့်ခေါ်နေတော့ နောက်မှ ကုပ်ကုပ်လေး မိဆယ် လိုက်လာရသည်။ မိဆယ်ကို တရင်းတနှီး ပြောဆိုသည်ကိုက မိဆယ် သူ့အပေါ် ပြောဆိုရဲလာအောင်၊ အနေခက်တာလေးတွေ အတန်အသင့် ပေါ့ပါးသွားအောင်ဆိုတာ မိဆယ် နားလည်ပါသည် လေ။

မိဆယ်နှင့် တရင်းတနှီးပြောဆိုလျက် ခုလို ညှော့သည်လုပ်သည့် ကိုကိုကပဲ ဦးဆောင်ခေါ်လာတာ ကြည့်နေကြရင်းမှ ကြီးညိုနှင့် ကြီးယဉ်တို့ မျက်နှာမကောင်းချင်ကြတော့။

အေးမြတ်ဖြူကလည်း မျက်နှာလေးညိုလျက် ကြည့်နေသည်။ ဘဘထွန်းနှင့် ဘဘဒီပတို့ကတော့ ဘယ်တုန်းကများ သိခဲ့ကြပါလိမ့်ဟု တွေးဆနေကြပုံဖြင့် ခပ်ငေးငေးကြည့်နေ၏။

www.burmeseclassic.com



ဘိုဘိုကျတော့လည်း မျက်လုံးများမှာ ရန်လိုရိပ်များဖြင့် မိဆယ်ကို လှမ်းလှမ်းကြည့်နေသည်။ ဘာကိုမကျေနပ်နေသည်တော့မသိ။ မိဆယ် စိတ်လက်ညစ်လိုက်ပါဘိ။ ပြန်လှည့်ထွက်သွားပြီး ခြံထဲမှာပဲ ခပ်အေးအေး ထိုင်နေလိုက်ချင်သည်ပါပဲ။

"ကျွန်တော့်ကား ဒီကိုလာတုန်း ဒီလမ်းထိပ်လောက်မှာ ပျက်နေတာ၊ မိဆယ် ပြင်ပေးတာလေ ဘွားရဲ့၊ အဲဒီကတည်းက မိဆယ်ကို ကျွန်တော် သိသွားတာ"

ဟု ရယ်မောရှ၍ သူပြောခိုက်မှာ ဘွား ပြုံး၍ မိဆယ်ကို ကြည့်သည်။

"မိဆယ်က အဲဒီအတိုင်းပဲ မောင်ကိုကို၊ အချက်အပြုတ်လည်းရတယ်၊ ခြံရှင်းမလား၊ ပေါက်မလား ရတယ်၊ ကားလည်းပြင်လိုက်သေးတယ်၊ နေတော့လည်းကြည့်၊ ဒီလိုပဲ ကလေးလိုနေတာ၊ အခု ဥပဒေတတိယနှစ်ရောက်နေပြီလေ၊ ဘွားရဲ့သားအငယ်ဆုံးက မွေးတဲ့သမီးလေးပေါ့၊ မိဘများ မရှိကြတော့ ဘွားပဲ အဖေ အမေဖြစ်နေရတာ၊ အငယ်ဆုံးလေးဆိုတော့ တစ်ခါတစ်ခါ ဆိုးချင်တယ်၊ ဒါပါပဲ"

ဟု မိဆယ်၏ တော်တာ့တွေ အားလုံးကို ဘွား ဖွင့်ချပြပြီးမှ ဆိုးတယ်ဆိုတာလေးနှင့် ပိတ်ပြောလိုက်ပေမယ့် ကြီးယဉ်ကတော့ မျက်နှာပျက်နေပြီ။

စောစောက တည်ငြိမ်အေးချမ်းစွာပဲ အားလုံးနှင့် ပြောဆိုနေသည့် သူ့အသွင်က မိဆယ်နှင့် တွေ့လိုက်ပြီးတာနှင့် ပျော်ရွှင်ကြည်နူးခြင်းများ၊ တရင်းတနှီးနိုင်ခြင်းများဖြင့် ဖြစ်တည်သွားတာကို ဘွား သေချာတွေ့မြင်လိုက်ရချေသည်ပဲလေ။



ဘာကြောင့် ချွေးမဖြစ်သူ သွယ်လှယဉ် မျက်နှာပျက်ရသည်ဆိုတာ ဘွား နားလည်ရသည်ပေါ့။

သူကတော့ မိဆယ်ကို ငုံ့မိုးကြည့်ရင်းမှ ...

"မိဆယ်ချက်တာ စားကောင်းတယ်ဗျ"

ဟု ပြောမိရင်းမှ ပန်းရဂုံမှ အိမ်သားများနှင့် ခြားနားစွာ တောက်ပသော အဝတ်များနှင့်မဟုတ်ဘဲ အိမ်နေပုံစံရိုးရိုးလေး ဝတ်ထားလျက် ချစ်စရာပုံလေးဖြင့် ရိုးစင်းစွာရှိနေသည့် ကောင်မလေးကို ရင်ထဲမှာ အထင်တကြီးဖြင့် နှစ်သက်သွားမိရသည်ပါပဲ။

✿ ❤ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ဟင်း ဟင်း ... ရယ်ရတယ်သိလား၊ အဲဒီကိုကိုဆိုတာက မိဆယ် ပိုက်ဆံတောင်းခဲ့တဲ့ ကားပျက်တဲ့ ဆရာကြီးဖြစ်နေရော၊ မနေ့ကများ အငွေ့ဖြစ်ပြီး ပျောက်သွားချင်တာ၊ ရှက်တာပေါ့"

မိဆယ် ပြောနေပုံလေးကို နားထောင်ရင်း ကြည့်ရင်း ဖြင့်ပင် စိုးစိုး ရင်ထဲမှာ ပူပင်စိတ်တွေ ပို၍ ဖြစ်တည်ရသည်ပါပဲ။

ရွှန်လွှတ်နေရင်းမှ မိဆယ် စိတ်လက်ပေါ့ပါးစွာပဲ ပြောနေခြင်းပါ။

"ဒါကို ဘာလို့ မနက်ကမပြောပြတာလဲ မိဆယ်၊ ကျောင်းတက်ဖို့ တူတူသွားတုန်းကလည်း မပြောပြဘူး၊ တစ်နေ့လုံး အတန်းတွေတက်နေတုန်းလည်း မပြောပြဘူး၊ ခုမှ ဘာလို့ ပြောပြရတာလဲ"

တစ်နေကုန်ကြီး မပြောပြဘဲ ထားခဲ့တာကို ရင်ထဲ မအီမချင့်ဖြစ်လျက် မျက်နှာကြီးမှုန်တည်၍ မေးလာသော စိုးစိုးကို မိဆယ် တစ်ချက် အံ့သြသလိုကြည့်၏။ ဘယ်နှယ် အလကားနေရင်း လာစိတ်တိုနေရသည်လို့။



"အို ... သတိမှမရတာ၊ သူ့ကို မိဆယ်က ဘာလို့ ဒီလောက်ကြီး သတိတရဖြစ်ပြီး ပြောပြနေရမှာလဲ၊ ခုတောင်မှ ဟိုတစ်နေ့က ရွှန်လွှတ်ရင်း ဧည့်သည်တော်လာမယ့် အကြောင်း ပြောပြထားမိတာမို့ တိုက်ဆိုင်ပြီး ပြန်အမှတ်ရမိလို့ ပြောပြတဲ့ဥစ္စာ"

ဟုပြောတော့မှ စိုးစိုး မျက်နှာကြည်လာလျက် မ်းကို ပြုံးလန်းသွားသည်ပါပဲ။

ကိုကိုဆိုသည့်လူကို မိဆယ် လုံးဝ စိတ်ဝင်စားဖော် တာကို ရင်ထဲ ကျေနပ်သွားရသည်လေ။

"မိဆယ် ... အိမ်မှာ ကျောက်ကျောလုပ်ထားတယ်၊ အုန်းနို့တွေဆိုတာ မျက်နှာပြင်အပေါ်မှာ အထူကြီး၊ အထပ်လိုက်၊ မာမီက မိဆယ်ကို ခေါ်ခဲ့တဲ့၊ မှာထားတာ၊ ရွှန်လွှတ်တာ နားလိုက်ကြရအောင်၊ ဟုတ်လား"

ဟု ပြောတော့ မိဆယ် ခေါင်းညိတ်သည်။ မုန့်ဆိုင် မိဆယ်ကတော့ ကြိုက်သည်ချည်းပါပဲ။

"မိဆယ် ဘွားခေါ်နေတယ်"

ပန်းရုံမှာ ရွှန်လွှတ်ကြတာမို့ ပဒုမ္မာဘက်ကူးဖို့ င်နေခိုက်မှာပဲ ဘိုဘို ရောက်လာကာ မျက်နှာတည်နှင့် ပြော ာ့ မိဆယ် စိုးစိုးကို ကြည့်မိရပါ၏။

မျက်နှာကြီး တစ်နေ့တစ်နေ့ ပို၍ မှုန်တည်လာသော ဘိုဘို၏ မျက်နှာကြောကြီးကို စိုးစိုးကလည်း ရိပ်မိထားပုံဖြင့် င်အေးအေးပဲကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယ်တုန်းက အတန်းဖော်၊ ကစားဖော် ဆိုပေမဲ့ အရှုံးဆိုတာကို လက်မခံချင်တတ်သော ဘိုဘို၏ အတ္တစိတ်ကြီးမှုကြီးကြောင့် ခြံချင်းကပ်ပေမယ့် နောက်ပိုင်းမှာ ကျဲပါးစွာပဲ ကစားဖြစ်၊ ပြောဆိုဖြစ်ခဲ့ကြသည်မဟုတ်ပါလား။ နောက်ပိုင်း ကြီးလာတော့ ဘိုဘိုက သိသိသာသာကြီးကို ခပ်ကင်းကင်း နေပြချင်လာတော့၊ စိုးစိုးကလည်း အလိုက်တသိပဲ အလိုက်သင့် နေပေးလိုက်သည်ပါပဲ။ ဒါကြောင့် ရင်းနှီးကျွမ်းဝင်ခြင်းဆိုတာက တဖြည်းဖြည်း ကျဲပါးလွင့်စဉ်လာခဲ့ရသည်လေ။

ပြီးတော့ ဘိုဘိုက သတ္တဗေဒအဓိကဖြင့် တက္ကသိုလ်တက်ဖြစ်တော့ အတန်းလည်းမတူ၊ မေဂျာလည်း မတူကြတာမို့ ပို၍ အဆက်အဆံနည်းလာရခြင်းပါ။

"မိဆယ် ဘွားဆီကို အရင်သွားတွေ့လိုက်ဦးမယ် စိုးစိုး နောက်မှ မိဆယ် လာခဲ့မယ်လေ၊ ချန်ထားဖို့ပြောဦးနော် အန့်တီဆွေ ချန်ထားမယ်ဆိုတာ သိပါတယ်၊ များများ ချန်ထားဖို့ ပြောတာပါ ... အဟင်း ဟင်း"

ဟု ပြောပြီး မိဆယ် စိုးစိုးကိုကြည့်သည်။ မှုပိုင်အေးချမ်းသော အကြည့်ဖြင့် မိဆယ်ကို ပြုံး၍ကြည့်နေတာနှင့်ဆုံ၏။ ဘိုဘိုကတော့ ပို၍ မျက်နှာနီလာသည်။

"စိုးစိုး ပန်းရုံမှာ ဝင်စောင့်ဦးမလား"

မိဆယ် မေးတော့ စိတ်မရှည်သလို ဘိုဘို ဝင်၍ —

"ဘွားဆီကို ရောက်ဦးမှာလား၊ ဟိုမှာ ဘွားခေါ်နေတယ်"

ဟု လေသံမာထောင့်ထောင့်နှင့် ထအော်နေတာမို့ စိုးစိုး နားလည်ပုံဖြင့် ...



"အိမ်ကပဲစောင့်မယ် မိဆယ်၊ ကဲ ... ဘိုဘို ... စိုးစိုး သွားမယ်"

ဟု ပြောပြီး ထွက်သွားတော့ မိဆယ် မျက်နှာတည်ဆေးနှင့် ဘိုဘို့ကိုကြည့်သည်။

"စိုးစိုးက မိဆယ်ဆီလာတာ လွှတ်အော်ပြမနေနဲ့၊ ဘိုဘို့သူငယ်ချင်းဆိုပေမဲ့၊ ခု သိပ်ခင်ကြတော့တာ မဟုတ်ဘူး၊ မိဆယ်ရဲ့ သူငယ်ချင်းကို ဘိုဘို မျက်ထောင့်နဲ့လာမကြည့်နဲ့၊ ဘိုဘို့သူငယ်ချင်းတွေနဲ့ မိဆယ် မဆိုင်သလို၊ မိဆယ် သူငယ်ချင်းကိုလည်း မျက်နှာမာကြီးနဲ့ လာမဆက်ဆံပြနဲ့၊ ဘာမှ မဆိုင်ဘူး"

ဟု စွာတော့ ဘိုဘို တစ်ချက် ဟက်ခနဲရယ်သည်။

"စိုးစိုးနဲ့ပတ်သက်ရင် နင် သိပ်စွာပါလား၊ မိဆယ် ဟင် ... နင်က အရင့်ကတည်းကလည်း စွာတေးပါပဲ၊ ဒါပေမဲ့ နှစ်ထပ်ကွမ်းစွာတာကတော့ စိုးစိုးနဲ့ပတ်သက်လို့ပဲ ကဲ ... ဘွားခေါ်တယ်၊ သွားတော်မူပါတော့"

ဟု ပြောလာတော့ မိဆယ် ဆောင့်၍ နေရာမှ ဘာက်ဆတ်ဆတ် လျှောက်လာခိုက် ...

"ဘိုဘို အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

ဟု အပေါ်ထပ်ပြတင်းမှ လှမ်းခေါ်နေသည့် ကြီးညိုအသံက လွင့်လာတာမို့ ...

"ဟိုမှာ သွေးကြီးမွေးကြီးနဲ့ အမျိုးကြီးအမျိုးမှန်၊ နင့်မေမေ ခေါ်နေပြီ၊ ငါလို အစေအပါးသမီးနဲ့ စကားပြောတာကို

www.burmeseclassic.com

www.burmeseclassic.com



သူ့သား ဂုဏ်သနတယ်လို့ ထင်နေတာ၊ နောက်ကို မိဆယ်ကို ဘယ်သူက ခေါ်နိုင်းနိုင်း၊ ခေါ်ကြီးနဲ့တစ်ဆင့် ပြန်ခေါ်၊ ဘိုဘို ကိုယ်တိုင် လာမခေါ်နဲ့"

ဟု ကာလကြာရှည် မတူမတန်ကြီး အဆက်အဆံခံနေရသည့် ကြီးညို၏ ဆက်ဆံပုံကြီးကို သည်းမခံနိုင်တော့တာမို့ မျက်နှာလေးရဲတက်လာလျက် မိဆယ် အပြတ်ပြောချပစ်ခဲ့ပါ၏။

လေလားထစ်တွေအတိုင်း မိဆယ် တက်လာခဲ့သည်အထိ ရင်ထဲမှာ ဒေါသအရှိန်က လာဆောင့်နေဆဲ။ နေရာတကာ ဘွားကို တိုင်နေရမှာလည်း ဘွား ရောဂါသည်းမှာ ဆိုးသွားမှာစိုးတာကြောင့် မတိုင်ဘဲ နေခဲ့သည်ချည်းပါပဲ။

ဘွားက စိတ်အေးအေးနေရလျှင် သက်သာသည် မဟုတ်ပါလား။

ခုတလော ဘွား နေကောင်းသက်သာနေသည်မှာ အမှန်။

မိဆယ်က တိုင်စိတိုင်တောတောလုပ်လျှင် ဘွား စိတ်ရှုပ်မှာ သေချာသည်လေ။

ဒါကြောင့် မိဆယ် ငြိမ်ပေးနေသမျှ ပိုမိုကဲလာတာမို့ သည်းမခံနိုင်သည့်အဆုံး ပြောပစ်ခဲ့သည်။ ကောင်းတော့မကောင်း။ ပြောထည့်လိုက်ရသည့်သူကလည်း မိဆယ်၏ အစ်ကိုဝမ်းကွဲနှင့် ကြီးကြီးဖြစ်နေသည်လေ။

"ဘွား ခေါ်တယ်ဆို"

ဟု မိဆယ်မေးတော့ ဘွားရယ်သည်။



"မြေးကို နောက်လိုက်တာ ဖြစ်မှာပေါ့ကွယ်၊ အင်း ... ကောင်းတယ်၊ မောင်နှမချင်း နောက်နောက်ပြောင်ပြောင်နဲ့ ရင်းနှီးလာကြတာ"

ဟု ရယ်မောပြောနေတော့ မိဆယ် အခန်းတွင်းမှ ပြန်ထွက်ခဲ့ပါ၏။

ဘိုဘို့ကို အပြတ်သွားပြောမှာကိုဖြစ်မည်။ ဘိုဘို့အခန်းဆီ တောက်လျှောက်သွားပြီး တံခါးခေါက်တော့ ...

"ဝင်ခဲ့လေ"

ဟု ပြောတာမို့ မိဆယ် ဝင်လိုက်ရင်းမှ ...

"ဘိုဘို နောက်ကို စိုးစိုးနဲ့ မိဆယ် ရှိနေတဲ့အခါ နလို လိမ်ညာပြီး လာမပြောပါနဲ့"

ဟု မျက်ဝန်းလေးတွေ လက်တောက်လျက် မိဆယ် ပြောတော့ ဘိုဘို ပခုံးတွန့်ပြုံးသည်။

"နင် ကလေးမဟုတ်တော့ဘူး မိဆယ်"

ဟု ပြောတော့ မိဆယ် ခေါင်းလေး ဆတ်ခနဲ မော့ခဲ့ကာ ...

"လူဆိုတာ တစ်နေ့ထက်တစ်နေ့ ကြီးလာကြတာချည်းပဲ၊ စိုးစိုးတစ်ယောက်တည်းကို မိဆယ်ပေါင်းလာတာ၊ အပေါင်းအဖော်ဆိုလို့ သူတစ်ယောက်ပဲရှိတာ၊ မိဆယ်က ယောက်ျားတကာနဲ့ လျှောက်တွဲသွားနေတာမဟုတ်ဘူး၊ လာမပြောနဲ့"

ဘိုဘို့မျက်ခုံးကြီးပင့်တက်သွားလျက်မှ မိဆယ်အနီးသို့ ကပ်လာကာ ...

www.burmeseclassic.com



"ဘာလဲ ... အေးမြတ်ဖြူမှာ မိတ်ဆွေကောင်းလေးတွေ များတာကို ပြောတာလား"

"မဆိုင်တာကို ဆွဲမထည့်နဲ့၊ အေးမြတ်ဖြူကိစ္စကို မိဆယ် စိတ်မဝင်စားပါဘူး၊ မိဆယ်နဲ့ ပတ်သက်တာပဲ လာပြော တာ၊ နောက်ကို အဲသလို မိဆယ်ကို ဩဇာလာမပေးပါနဲ့၊ လိမ်ပြီး ဘွားခေါ်တယ်ဆိုပြီး လာမပြောနဲ့၊ ဒါပဲ"

ဟု ခပ်တင်းတင်းပြောပြီး မိဆယ် အခန်းတွင်းမှ ထွက်မည်ပြုစဉ် ဘိုဘို့လက်တွေက မိဆယ်၏လက်မောင်းကို ဆောင့်ဆွဲသည်။

"ဒီမှာ အေးမြတ်ဖြူမှာက မိဘရှိတယ်၊ နင့်မှာ မိဘရှိတာ မဟုတ်ဘူး၊ ငါက အစ်ကို၊ နင့်အတွက် ပြောပေးနေတာ ဒီလောက်ကြီး ကောင်လေးတစ်ယောက်နဲ့ ကြာရှည်တွဲနေ တာမကောင်းဘူး၊ အေး ... နင်က အေးမြတ်ဖြူကို လက် ညှိုးထိုးချင်လာမယ်၊ အဲဒါ ငါနဲ့မဆိုင်ဘူး၊ ဘာဘထွန်းနဲ့ ကြီးယဉ်ရှိတယ်၊ သူတို့ ဆုံးမလိမ့်မယ်၊ မဆုံးမချင်လည်း နေ၊ ငါနဲ့မဆိုင်ဘူး၊ ပြီးတော့ နင် ... အဲဒီကောင်နဲ့တွဲနေတာ ကို ငါ ကြည့်နေရတာကိုက ရင်ထဲမှာ ခံပြင်းနေတယ်ကွ သူက ငါ့မြို့ဘက်"

"အို ... ဘာဆိုင်လို့လဲ၊ အေးမြတ်ဖြူကိစ္စ လာမပြောနဲ့ဆို မိဆယ်နဲ့မဆိုင်ဘူး၊ ပြောတဲ့အထဲမှာလည်း မပါဘူး၊ မိဆယ် ကိုလွှတ်"

"မလွှတ်ဘူး၊ နင် အဲဒီကောင်နဲ့ ကျောင်းတူတူမတက်နဲ့ ငါ ရင်ထဲမှာ ခံပြင်းနေတယ်ဆိုကွာ"



"ဘွားတောင်မှ ခွင့်ပြုထားတာ၊ မိဆယ်တို့ တစ်သက်လုံး ဒီလိုသွားနေကျ"

တစ်ယောက်တစ်ခွန်းပြော။ မိဆယ်ကလည်း မျက် ဝန်းတောက်တောက်လေးတွေနှင့် ခပ်တင်းတင်းကြည့်။ ဘိုဘိုက လည်း လက်ကိုမလွှတ်ဘဲ မျက်နှာကြီးရဲလျက် ပြောနေကြစဉ် မှာပဲ အခန်းတံခါးစေ့ထားတာ ပွင့်လာလျက်မှ ကြီးညို ဝင်လာ၏။ သား၏ မီးပူတိုက်ထားသော အဝတ်တွေယူလာခြင်း။ မိဆယ်က ဆောင့်ရုန်း။ ဘိုဘိုက လက်ကိုမလွှတ်ဘဲထားနှင့် ဖြစ်နေသည့် မြင်ကွင်းကို မြင်တာနှင့် ...

"ဟဲ့ ... မိဆယ်၊ ညည်း ဘာကိစ္စနဲ့ ဘိုဘို့အခန်းထဲ ဝင်လာရတာလဲ၊ ညည်းနဲ့ သူနဲ့က မောင်နှမဆိုပေမယ့် တစ်ဝမ်းကွဲမောင်နှမ လက်ပွန်းတတီး အခန်းထဲ ဝင်ချင် တိုင်းဝင်လို့ဖြစ်မလားဟင်၊ မိန်းကလေးဖြစ်ပြီး ဘိုဘို့အခန်း ထဲ ဘာကိစ္စနဲ့ ဝင်လာရတာလဲ၊ မယ်မင်းကြီးမ ထွက် တော်မူပါ၊ ဘိုဘို့ကို မေမေ ပြောထားတယ်နော်၊ ဒီကောင်မ နဲ့ ကင်းအောင်နေဖို့ ရောရော ရောရောနဲ့ လုပ်မလာနဲ့ဆို တာ"

"ဒီမှာ မိဆယ်က ဘိုဘို့အခန်းထဲဝင်လာတာ နောက်ကို လူလိမ်မလုပ်ဖို့ ပြောဖို့လာတာ၊ ဒါပဲ၊ မိဆယ်ကလည်း ဒီလောက် မိဆယ်ကို လူရာမသွင်းတဲ့ မိသားစုထဲက သွေး တစ်စက်နဲ့မှ ခင်မင်ချင်စိတ် မရှိပါဘူး၊ မိဆယ်ကို နှိမ်လာကြတာ၊ ပန်းရဂုံမှာနေရတဲ့ မိဆယ်တစ်သက်ရှိနေပြီ မိဆယ် နားလည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ပြန်ပြောရကောင်းလားဟု ဒေါသဖြ
လက်ထဲမှ အဝတ်တစ်ထပ်ကို ပစ်ချကာ ရှေ့သို့တိုး၍ မိဆယ်၏ပါး
လေးကို ဖြန်းခနဲချလိုက်သည်က ကြီးညိုပါ။

"ဟာ ... မေမေ"

ဘိုဘိုမှ အမေလုပ်သူကို ဆွဲရထိန်းရနှင့် မိဆယ်
ပါးပြင်လေးကို လက်ဖဝါးဖြင့် အုပ်မိုး၍ မျက်ရည်များ ဝိုင်းလည်
နေသည့် မျက်ဝန်းများဖြင့် ကြီးညိုကို ကြည့်နေသည်။

နှုတ်ခမ်းကို သွားဖြင့် ဖေးကိုက်ထားလျက် မျက်
နှာလေးက မာထန်ထန်လေးဖြစ်နေပြီ။ ငယ်တုန်းကလိုဆိုလျှင်ဖြင့်
ကြီးကြီးဆိုတာကို သိပ်အလေးမထားဖြစ်ဘဲ တစ်ခုခု ပြန်လုပ်မိ
မှာ သေချာသည်။ ခုတော့ ဖေဖေ့အစ်မ မိဆယ်၏ ကြီးကြီးဆိုသည့်
အသိဖြင့်ပင် ကိုယ်ထိလက်ရောက် တုံ့ပြန်ဖို့ကို ဝန်လေးနေမိရခြင်း
ပါ။ ဒါပေမဲ့ ရင်ထဲမှာ နာကျင်နေသည်။

ဒေါသနှင့် နာကြည်းခြင်းများသည် ခံပြင်းခြင်းနှင့်
အတူ ရင်မှာ မွေလျက် မိဆယ် အခန်းတွင်းမှ ပြေးထွက်မိပါ၏။

"အိမ်ကို ကြိုဟ်ပေးမယ့်ကောင်မကို မေမေရိုက်ချင်တယ်
ဖယ်စမ်း ဘိုဘို၊ ဒီကလေးဟာ အစေခံသွေးပိပိ သိပ်ရိုင်း
တာ၊ ကြီးမှန်းမသိ ငယ်မှန်းမသိ နှုတ်စွမ်းသိပ်ထက်နေတဲ့
ကလေး"

ဟု ပြောနေသံကို မိဆယ် နာကြည်းနေသော ရင်
ဖြင့်ပင် ကြားနေရသည်။

ဒေါသကြောင့် တစ်ကိုယ်လုံး လောင်မြိုက်သည်သို့
ခံစားရရင်းမှ မိဆယ် အပေါ်ထပ်မှပြေးဆင်းဖို့ လှေကားရှိရာသို့



ဦးတည်ပြေးလာမိခိုက် ရင်ထဲမှာ နောက်ကျိမောဟိုက်လာသည့်
ဆဒနာကို ရုတ်ခြည်းမွန်းကျပ်စွာ ခံစားလိုက်ရပါပြီ။

လှေကားထစ်တွေကို နင်းဖြတ် ဆင်းလာခိုက်မှာ
မိုက်ခနဲ တစ်ချက်ဖြစ်၏။

နာကြည်းခြင်းသည် ရင်ကို အုံကျင်းဖွဲ့၍ ထုထည်
နှင့် ဝန်အပိကြီးပိနေပြီ။

မိဆယ်၏ကိုယ်လေး လေထဲလွင့်ခနဲ ဝဲသွားသည့်
နယ်သာတည့်။

✿ ❤ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

မိုးကုတ်မှ ဘွားဘွား ထည့်ပေးလိုက်သည့် တရားစာအုပ်များကို ဘွားဘွား ဒေါ်မမကြီးအားပေးဖို့ ကားလေးနှင့် သူ ထွက်ခဲ့ကာ ပန်းရုံ၏ ဆင်ဝင်အောက်မှာ ကားကို ထိုးရပ်ပြီး ပန်းရုံအိမ်ကြီး၏ ဧည့်ခန်းဆောင်ကျယ်ကြီးတွင်းသို့ ခြေလှမ်းအဝင်မှာ တစ်ချက် မှင်တက်သွားမိရပါ၏။

မိဆယ်ကို လှေကားရှိရာဘက်သို့ အရူးမလေးနှယ် ပြေးလာနေတာကို မြင်၏။

မျက်နှာကို လက်ဖဝါးလေးဖြင့် အုပ်မိုးထားတာကိုလည်း မြင်သည်။ ခြေလှမ်းအရွေ့သည် ဒယိမ်းဒယိုင် ဖြစ်ချင်နေတာမို့ စိုးရိမ်စိတ်ဖြင့် မိဆယ်၏ အမည်ကို လှမ်းခေါ်မိမလို ဖြစ်ခိုက်မှာ မိဆယ်လေးကတော့ လှေကားထစ်တွေအတိုင်း ဆင်းလာနေပြီမို့ ...

"မိဆယ်"

ဟု တစ်ချက်ခေါ်လည်းခေါ်မိ။ ခြေလှမ်းကျဲကြီးနှင့် လှေကားရှိရာသို့ ပြေးသွားမိခိုက်မှာ ဘယ်လိုမှ အချိန်မမီလိုက်နိုင်တော့။



သူ အရမ်းကို စိုးရိမ်မိထားသည့်အဖြစ်သည် တကယ်ပဲ ဖြစ်သွားရပါပြီ။

မိဆယ်၏ ကိုယ်လေး ဇွေ့ခနဲ ညွတ်ကျသွားသည်က အရုပ်ကြိုးပြတ်။ ပြီးတော့ လှေကားထစ်တွေအတိုင်း ကိုယ်လေး တလိမ့်ခေါက်ကွေးကျလာချေပြီတည်း။ သူ လှေကားရှိရာသို့ ပြေးစဉ်ခိုက်မှာ မိဆယ်၏ကိုယ်လေး ဧည့်ခန်းကြမ်းပြင်မှာ ပုံပုံလေးနေပြီ။ စိုးရိမ်တကြီး ရင်ခွင်ထဲ ပွေ့ယူလိုက်မိလျက်မှ ခေါင်းလေးကို သိမ်းပွေ့၍ ထိန်းကိုင်ထားမိရင်း ...

"မိဆယ် ... မိဆယ် ... ချာတိတ် ... ချာတိတ်လေး"

ဟု ခေါ်နေမိသည်။ ရင်ထဲမှာ စိုးရိမ်နေမိတာတွေပဲ ရှိနေသည်။

အရမ်းကို ပျော်ပျော်နေတတ်ပုံရသည့် ဤချာတိတ်လေးကို အတော်ကြီး ထိခိုက်နာကျင်အောင် တစ်စုံတစ်ယောက်က ပြောခဲ့၊ ဆက်ဆံခဲ့မည်ဟု သူ ထင်သည်။ အရမ်းကို ကြေကွဲနာကျင်စွာ မိဆယ်လေး ငိုရှိုက်ပြေးလာခဲ့တာကို သူ မြင်ခဲ့ရသည်ပဲလေ။

နဖူးစောင်းဆီမှ သွေးတွေက တစိမ့်စိမ့်ယိုစီးကျလာနေကြတာမို့ လက်ဖြင့် အုပ်ဖိပေးထားရင်းမှ ...

"မိဆယ် ... မိဆယ်လေး"

ဟု မျက်နှာ အပျက်ပျက်နှင့် ပွေ့ခေါ်နေမိရာမှာ ဆတ်ခနဲ ပွေ့ချီလိုက်မိရပါပြီ။ မိဆယ်ကို ဆေးရုံပို့မှဖြစ်မည်။ မိဆယ်၏ ပြိုကျသံကြောင့်ထင့်။ နောက်ဖေးမီးဖိုဆောင်မှ ဒေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါ်ခင်ထွေးတို့ ထွက်လာကြတော့ မြင်ကွင်းကို သည်းတုန်အူတုန် မြင်လိုက်ရပါပြီတည်း။

"ဘုရား ... မိဆယ်လေး ဘယ့်နှယ် ဖြစ်လိုက်တာလဲ"

ဟု မျက်နှာမှာ သွေးဖျော့ကျလျက် ဒေါ်ကြီးနှင့် ဒေါ်ခင်ထွေး ပြေးလာခိုက်မှာ အပေါ်ထပ်စင်္ကြံမှာ လက်ရန်းကို လက်ဖြင့်ဖေးထောက်၍ ရပ်ကြည့်နေသည့် ဒေါ်ခင်မမညိုကို သူမော့ကြည့် တွေ့မြင်လိုက်ရပါ၏။ ဒေါ်ခင်မမညို၏ မျက်နှာက အရမ်းကို သိသာစွာပျက်နေသည်။ ဘိုဘိုလည်း အပြေးအလွှား အောက်သို့ဆင်းလာ၏။

နောက်တော့ ဘွား၏ပါးလျားသော ကိုယ်ဟန်နွဲ့နွဲ့သည် စင်္ကြံတွင် ပေါ်လာလျက်မှ ...

"မြေးလေး မိဆယ်၊ ဘာဖြစ်တာလဲ အမယ်လေး ... ဘုရား ... ဘုရား၊ ခင်မမ အမေ့ကိုတွဲစမ်း၊ မြေးဆီကို ပို့ပေးစမ်း"

ဟု ပြောနေစဉ်ခိုက် မိဆယ်၏ကိုယ်လေး တစ်ချက်လွန့်၏။ ညည်းသံသဲ့သဲ့ ပေါ်လာတာမို့ တစ်ချက် သူ့ရင်ထဲ ဝမ်းသာသွားရသည်။ အရမ်းကို စိတ်ပူနေမိတာ မိမိဘာသာလည်း သိနေ၏။

မိဆယ်၏ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ထားရာမှ ဆိုဖာခုံတန်းရှည်ကြီးရှိရာသို့ ပွေ့ချီခေါ်လာမိခဲ့ပါ၏။

"မူးတယ် ... မူးတယ်၊ ဘယ်သူလဲ ... ဒါ ဘယ်သူလဲ၊ ဘိုဘိုလား ... ဖယ် ... ဖယ်"



ရှပ်အင်္ကျီကို စမ်းမိ၍ထင့် လက်လေးတွေ အတင်းတွန်းဖယ်နေတော့တာမို့ ...

"မိဆယ် ... မိဆယ်"

ဟု သူ ခေါ်မိရပါ၏။ မိဆယ်ထံမှ သတိကောင်းကောင်းရှိနေဟန် မတွေ့တာကို သိလာရတော့ စိုးရိမ်လာမိရပြန်ပါပြီ။

"မိဆယ်က အစေခံသမီးလေ၊ အစေခံ ... ဖယ်"

ဟု ပြောနေသမျှမှာ နာကြည်းသံတွေ ပါနေ၏။ ဘွားမှာ အနီးသို့ရောက်လာပြီ။ ဘွားလဲသွားမှာစိုးတာမို့ ဘိုဘိုရော၊ ဒေါ်ခင်မမညိုရော ဘေးမှာ တွဲထိန်းထားကြသည်ပါပဲ။ အိမ်မှာ ဘဘထွန်းနှင့် ဘဘဒီပတို့လည်း ရှိမနေကြ။ အေးမြတ်ဖြူနှင့် ကြီးယဉ်လည်း မတွေ့ရ။

"ဘာပဲဖြစ်ဖြစ် မိဆယ်ကို ဆေးရုံပို့ရင်ကောင်းမယ်ထင်တယ်၊ ခေါင်းလည်းထိထားတယ်၊ ကျွန်တော် ဆေးရုံပို့ချင်တယ် ဘွား"

ဟု ပြောတော့ ဒေါ်ခင်မမကြီး သူ့ကို ခေါင်းညိတ်ပြ၏။

မိဆယ်၏လက်လေးတွေက သူ့ကို တွန်းထိုးနေတာမို့ သူ့ကိုယ်သူ ငုံ့ကိုင်း၍ မိဆယ်၏နားနားကပ်ကာ ...

"ကိုကိုပါ ... ကိုကိုပါ ချာတိတ်ရ"

ဟု တတွတ်တွတ်ပြောနေခိုက်မှာပဲ မိဆယ်သတိလစ်သွားပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအရမ်းကို ပျက်နေသည့် ဒေါ်ခင်မမညိုနှင့် ဘိုဘိုတို့၏ အသွင်တွေကို သူ တစ်ချက်လှမ်းကြည့်လျက်။ ယခုတိုင် ဒေါ်ခင်မမညို၏နှုတ်မှ မိဆယ်အတွက် ပူပင်သော လေငွေ့မျှ သမ်းမလာတာကို အံ့ဩစိတ်ဖြင့် သတိထားမိလိုက်ရပါ၏။

သူ ခြေလှမ်းကျဲကြီးနှင့် ကားရှိရာသို့ လျှောက်ခိုက်သွားမှ နောက်က လိုက်လာသည်။

ကားပေါ်တက်စဉ်ခိုက်မှာ လေသံတင်းတင်းဖြင့် ...

"ဘာလို့ မိဆယ် ခုလိုဖြစ်ရတယ်ဆိုတာ ဘွား သိတယ် ဘိုဘို၊ နင်တို့သားအမိကြောင့်ပဲဖြစ်ရမယ်၊ ခုနလေးကပဲ ဘွားဆီ မိဆယ် လာခဲ့တာ၊ ကလေးကို နာကြည်းအောင် လုပ်ကြတာ လွန်လုပြီ ခင်မမ၊ ဒါ ညည်းမောင်အရင်းက မွေးတဲ့ကလေးပါကွယ်၊ လက်က အမာရွတ်ကို ညည်း အမှတ်တရငုံ့ကြည့်စမ်းပါ၊ ညည်းတို့သားအမိ နေခဲ့၊ မလှိုင် မိဆယ်အတွက် လိုအပ်မယ့် အိပ်ရာ အသုံးအဆောင်ပစ္စည်းကိုယူပြီး မောင်တင်မောင်နဲ့ ကန်တော်ကြီးဆေးရုံကို လိုက်လာခဲ့၊ ကဲ ... ခင်ထွေး၊ ကားထဲဝင်"

ဘွားအသံက မာလျက် ပြတ်တောင်းနေ၏။

"ဖြစ်ပါ့မလား မေမေ၊ မေမေ့ရောဂါနဲ့"

"ငါ့မြေး မိဆယ်နောင်ရေး စိတ်မချရမချင်း ငါ မသေနိုင်သေးဘူး ခင်မမ၊ ညည်းမျက်နှာ ငါ မြင်နေရတာ ရင်ထဲနာလိုက်တာအေ၊ ကလေးအတွက် ခုထိ ညည်း တစ်ခွန်းတောင် စိုးရိမ်စကားမပြောသေးဘူးနော်"



ဟု နာနာကြည်းကြည်း ဘွားပြောပြီး လက်ရိပ်ပြတာနှင့် သူ ကားကို စက်နှိုးမောင်းထွက်ခဲ့ပါ၏။

ကိုကို သနားလိုက်တာ မိဆယ်ရယ်။ စိတ်ပူနေမိလိုက်ရတာ ဟု ရင်တွင်းမှ ပြောနေမိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ခွမ်းခနဲ ရေလုံအိုးကို မြေပေါ်ချခွဲလိုက်သံ။ ဖေဖေ့ အလောင်းပြင်ထားရာ ခြေရင်းတွင် ထောင်ထားသောကပ်ကို ဖေဖေ့ အလောင်းနောက်မှ သယ်ယူသွားတာ။ ရေလုံအိုးကွဲနှင့် ရေများရှိနေဆဲမြေပြင်။

ဖေဖေ့ကိုသယ်ယူသွားရာ ခေါင်းပေါ်မှ ပါသွားသော ကုဋ္ဌီးစလောင်းမှ ထမင်းထုပ်။

မိဆယ်၏ ရင်ထဲမှာ လောင်မြိုက်နေသည်။

ဖေဖေ မရှိတော့ဘူး။ ဖေဖေ့ကို မိဆယ် ဆုံးရှုံးလိုက်ရပြီ။

"ဖေဖေ"

မိဆယ် အော်ခေါ်မိရင်းမှ ကိုယ်ကို ကျုံး၍ ထလိုက်မိပါ၏။ ဖေဖေ့ခေါင်းကို ကြိုးဆိုင်းကာ မြေတွင်းထဲချနေကြပြီ။ ဖေဖေ့ကို လိုက်ပို့သူများက ကျင်းထဲသို့ မြေတစ်ဆုပ်တစ်ခဲစီ ချပေးကြသည်။ တချို့က တစ်ယောက်တစ်လက် ဝိုင်းဖို့ပေးနေကြတာတွေကို မိဆယ် ငိုယိုရင်း မြင်နေရသည်။ မိဆယ်၏ လက်လေးကို ထွေးဆုပ်ထားသော ဦးကြီးခေါင်းမှ ...



"မိဆယ် ... သမီး ဖေဖေ့ကို မြေလက်တစ်ဆုပ်နဲ့ နှုတ်ဆက်လိုက်ပါကွယ်"

ဟု ဆို့ဆို့နင့်နင့်ပြောတော့ မိဆယ် မြေနီစွေးစွေးတွေကို လက်ဖြင့်ဆုပ်၍ ဖေဖေ့ကျင်းထဲ ချမိပါ၏။ နောက်တော့ နောက်ထပ် တစ်ဆုပ်။ နောက်ထပ်တစ်ဆုပ်။ မိဆယ်၏နှလုံးသားသားတွေကို တစ်စစီဆုပ်ထည့်နေရသည်သို့ ကြေကြေကွဲကွဲခံစားနေမိရရင်းမှ ...

"ဖေဖေရေ ..."

ဟု အော်ခေါ်မိပြန်သည်။

ဖေဖေ မထူးပါလား။ ဖေဖေမှ မရှိတော့ဘဲလေ။ မြေပုံမို့မို့ကို မိဆယ် ကြောင်စီစီမျက်ဝန်းလေးတွေဖြင့် ငေးကြည့်နေမိသည်။ ဒေါ်ကြီးမြမေမှ မိဆယ်၏ ကိုယ်လေးကို ပွေ့ပိုက်ထားရင်း တတွတ်တွတ်နှင့် ဘာတွေမှန်းမသိ ချော့မော့ပြောနေသံတွေ နားထဲသို့ လေထိုးသလို တစီစီကြားနေရသည်။ မိဆယ်၏ နားထဲမှာ အသတိုးသံတွေချည်းပါပဲလား။ အပြင်မှာ လေတွေတိုက်နေသည် ထင်၏။ ဒါပေမဲ့ မိဆယ်ရပ်နေသည့် မြေပုံမို့မို့ဘေးမှ မြေခနေရာလေးကျတော့ အရမ်းတိတ်ဆိတ်နေပြန်ပါလား။

"ပန်းရင်ကိုရောက်ရင် ဘယ်တော့မှ ဘယ်သူ့ကိုမှ အရှုံးမပေးရဘူးနော် ကြားလား သမီး၊ မိဆယ်ဆိုတာ ဘယ်တော့မှ မြုပ်သွားရတယ်ဆိုတာ မရှိတဲ့သဘောကို ဆောင်တာ"

ဖေဖေ့အသံက ဟိုးအဝေးကြီးစီမှ တဖြည်းဖြည်းကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ် ဖေဖေ့ကိုရှာနေမိရင်းမှ ...

"ဟုတ်ကဲ့ပါ၊ မိဆယ် အရှုံးမပေးပါဘူး ဖေဖေ၊ ဖေဖေ ဘယ်မှာလဲဟင် ဘယ်မှာလဲ"

မိဆယ် အော်ခေါ်နေစဉ်ခိုက်မှာပဲ ဖေဖေ့အသံ ပျောက်သွားသည်။ လေတိုးသံတွေ ပိုကျယ်လာ၏။ မိဆယ်၏ အားမှ လူတွေလည်း ပျောက်ကွယ်သွားကြပြီ။

ကြီးမားလင်းထိန်သော အလင်းတန်းတစ်ခုက မိဆယ် အနီးမှာ ထိုးကျနေ၏။

မိဆယ် ဘယ်မှာရပ်နေပါလိမ့်။ ဖေဖေ့မြေပုံနားမှာ လည်း မဟုတ်တော့ပါလား။ မိဆယ်တစ်ယောက်တည်း လေတိုက် နေသည့်လွင်ပြင်ကျယ်ကြီးထဲမှာ ရောက်နေပြန်ပြီ။

"ဖေဖေရေ ..."

မိဆယ် ထပ်ခေါ်မိပြန်ပါပြီ။ ရင်ထဲမှာ ပူလောင်နေ သည်။ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေသည်။ ခေါင်းပေါ်မှာ တူကြီးနှင့် ထုနေသည်လားမသိ။ ခေါင်းထဲက နာလိုက်တာ။

"မိဆယ် ... မိဆယ် ... မြေးလေး ... မြေးလေးရယ်"

ဟင် ... ဘွားခေါ်သံပါလား။ ဟုတ်သည်။ ဘွား၏ အသံ။

"ဘွား ..."

မိဆယ် တစ်ချက် တိုးတိုးလေးခေါ်ကြည့်မိသည်။ ကြီးကြီးညို၏ အစေခံမသမီး ဆိုသည့် အသံက ဘွား၏အသံနေ ရာမှာ ဝင်လာပြန်၏။



"ဟုတ်တယ် မိဆယ် အမေက အစေခံ၊ အစေခံပါ ကြီးညို၊ ဘွားရေ ... ဘွား ဘယ်မှာလဲ"

မိဆယ်၏ လက်လေးတွေကို လာ၍ ထွေးဆုပ်လိုက် သလား။

"မြေး ... မြေးလေး"

မိဆယ်၏ နားတွင်းသို့ တိုးဝင်လာနေသည့် ဘွား၏ သံ။ ယခုကျတော့ ဘွားအသံတစ်ခုတည်းပဲ ရှိနေတော့သည်။ လေတိုးသံတွေလည်း ငြိမ်ကျသွားပြန်ပြီ။

မျက်စိကို အားယူ၍ မိဆယ် ဖွင့်ကြည့်မိတော့ နာကြက်ဖြူဖြူ။ မှိုး၍ စိတ်ပူစွာ ကြည့်နေသည့်ဘွား။ တော့ ... ပြီးတော့ ယောက်ျားတစ်ယောက်။

ခေါင်းထဲမှာကိုက်နေသည်။ ဘိုဘိုများလားဟု ခံပြင်း နှင့် အားယူ၍ သေချာကြည့်ပြီး ဝေဝါးနေဆဲအာရုံဖြင့်ပင် ...

"ဘယ်သူလဲ ဘိုဘိုလား၊ ဘိုဘို့ကို မိဆယ်နားမှာ မရှိပါ စေနဲ့ ဘွားရယ်"

ဟု ခပ်လေးလေးပြောနေ၏။ မိဆယ်၏အသွင်လေး ကယောင်ကတမ်းအသွင်လေးပါ။

သူ မိဆယ်၏မျက်နှာနုနုလေးကို ထိထိခိုက်ခိုက် ကြည့်ရင်း ...

"ကိုကိုပါ ... ကိုကိုပါ မိဆယ်၊ မိဆယ် ကားပြင်ပေးတဲ့ ကိုကိုလေ"

ဟု ခပ်တိုးတိုးလေး ညင်ညင်သာသာ ပြောပြမိရင်းမှ မိန်းကလေး၏ ရင်ထဲမှာ ဘိုဘိုတို့သားအမိပေါ် နာကြည်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို နာနာကျင်ကျင်ဖြင့် ရင်မှာ သိမ်းထားချေမည့် အဖြစ်တွေ ပန်းရုံမှာ ဖြစ်တည်ခဲ့ချေမည်ဟု နားလည်လိုက်မိရပါသည် ပါပဲ။

ကိုယ်ပူရှိန်လည်းတက်။ ပါးပြင်နုနုထက်မှာ လက် ငါးချောင်းရာကြီး ထင်နေတာကို သူ ငုံ့မိုးကြည့်ရင်း တွေ့မြင် နေရတာမို့ ရင်ထဲမှာ နင့်နေအောင် ထိခိုက်ရပါ၏။ လက်မောင်းတွေ မှာလည်း လှေကားထက်မှ ကျသည့်အရှိန်ကြောင့် ညိုမည်းရာထင် နေသည်။

ပျော့ပျော့လေးလည်း နေတတ်။ ရိုးစင်းစွာလည်း နေတတ်သည့်ချာတိတ်မလေး။

ထိုမျှ ချစ်စရာကောင်းသည့် ချာတိတ်လေး၏ မညှာမတာ ပါးရိုက်ထားလိုက်သည်မှာ လက်ငါးချောင်းရာကြီး ထင်နေသည်။

“လုပ်ရက်လိုက်တာကွာ”

ခံပြင်းစိတ်နှင့် တွေးမိလျက် မျက်နှာထက်မှ ဆံချည်ချည် ချွေးလေးတွေကို သူဖွဖွလေးသုတ်ပေးမိပါ၏။ ခေါင်းမှာ ပတ်တီးဖြင့် စည်းထားလျက် နဖူးစောင်းနေရာမှာလည်း ညိုမည်းရာစွဲနေသည်။ ကျထားသည့်ဒဏ်ကြောင့်ဆိုတာ သူ နားလည်၏။

မိဆယ်၏ အသားလေးတွေကို သူ အရမ်းကြီးမထိ ရက်။ နာသွားမှာစိုးသည်။

မျက်တောင်ရှည်များ မေးစင်းပိတ်ကျလျက် အဖျား ရှိန်ကြီးနေသည့် မိဆယ်ကို သူ မကြည့်ရက်။ တကယ့်အပြစ်ကင်း စင်သည့် ချာတိတ်မလေး။



မျက်နှာကို လက်ဝါးလေးဖြင့် အုပ်မိုး၍ အပေါ်ထပ် ကြီးမှာ ပြေးခဲ့သည့် ပုံလေးကို သူ မြင်ယောင်မိဆဲ။ အဘယ်မျှ ထိ မိဆယ် ကြေကွဲခံစားပြီး ပြေးခဲ့ရှာပါလိမ့်။

“မိဆယ်ရယ်”

ရင်ထဲမှ တိုးဖွဖွညည်းမိရင်း မိဆယ်၏ ဆံစလေး များကို သူ ရပ်ပေးမိသည်။

သူ့ထံမှာ လက်ဝါးလေးဖြန့်၍ ကာပြင်ခတောင်း သည့် ချစ်စရာ့ဟန်လေးကို သူ မြင်ခဲ့ရကာတည်းက ဤကောင်မ လေး၏ အသွင်လေးနှင့် ကလေးဆန်ပုံလေးကို နှစ်နှစ်သက်သက် ကြီး ဖြစ်သွားခဲ့ရသည်ပဲ။ အဘယ်မျှထိ အပြစ်ကင်းစင်လျက် ကလေးတစ်ယောက်နှယ် ချစ်ဖို့ကောင်းလိုက်ပါသလဲလေ။

“လုပ်ရက်လိုက်တာဗျာ”

နောက်တစ်ကြိမ် သူ ရင်တနင့်နင့်ဖြင့် တွေးမိရ ပြန်ပါပြီ။

အဖျားရှိန်ဖြင့် မိဆယ် ကန်ကျောက်ပစ်နေသည့် စောင်ကို ဒေါ်ကြီးမှ မျက်ရည်ကျနေရင်းဖြင့် ပြန်ပြန်ခြုံပေးနေတာ ကို သူ ငေးကြည့်မိသည်။

မိဆယ်ဆိုသည့် ကောင်မလေးသည် ပန်းရုံမှ အိမ်သားများထက် အလုပ်သမားများ၏ အကြင်နာဖြင့် ကာလ ကြာရှည်စွာ နေထိုင်ခဲ့ချေမည်ထင့်။

မိဆယ်ကို ဆေးရုံခုတင်ထက်မှာလည်း သူပဲ ပွေ့ တင်ပေးခဲ့သည်။ တောက်လျှောက်လည်း သူ ရှိနေသည်။ အိမ် ပြန်ဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှ တာဝန်ကျဆရာဝန်ကြီးက ဘွားနှင့်သိထားရင်းနှီးထားပြီးသားဖြစ်နေသည်။

အစစလိုအပ်သမျှ ဆရာဝန်ကြီးကိုယ်တိုင် လုပ်ကိုင်ပေးပါ၏။ ခေါင်းကိုလည်း ခတ်မှန်ရိုက်ပြီးပြီ။ ဘာမျှ ခေါင်းကို မထိခိုက်ဟု အဖြေရတာမို့ သူရော ဘွားရော အားလုံး တစ်ထစ်တော့ ရင်အေးသွားရသည်ပါပဲ။

"ကဲ ... ဒေါ်ဒေါ် လူနာအတွက် လိုအပ်တဲ့ဆေး ကျွန်တော် အခု ထပ်ထိုးထားပြီးပြီ ဒေါ်ဒေါ် ပြန်နားသင့်တယ်၊ ဗာလေးက ရှော့ခ်လည်းဖြစ်ထားတယ်၊ တစ်ခုခုကို ထိထိခိုက်ခိုက် ခံစားထားပုံရတယ်၊ ကျထားတဲ့ အရှိန်ကြောင့်ရော ခေါင်းလည်း နည်းနည်းထိထားတာဆိုတော့ အဖျားရှိန်ဝင်တာပါ၊ ဒေါ်ဒေါ် ပြန်အနားယူပါ ကလေးက ကောင်းသွားမှာပါ၊ ဒီမှာ လူတွေရှိတာပဲ စပယ်ရှယ်နာ့စ် လည်းရပြီပဲ"

ဟု ဆရာဝန်ကြီးမှပြောတော့ သူ ဘွားကိုကြည့်သည်။

"ဘွား ... ဦးကြီးတင်မောင်နဲ့ ပြန်သွားလိုက်ပါ၊ ဘွားကို ပြန်ပို့ပေးပါဗျာ၊ ဒီမှာ ကျွန်တော် ရှိနေမှာပဲ ဘွားရယ်၊ ဒေါ်ကြီးနဲ့ ဒေါ်ခင်ထွေးလည်း ကျန်နေမှာပါ၊ ဆရာမလည်း ရှိနေတာပဲ"

ဟု ပြောတော့ ဘွား တစ်ချက် စဉ်းစားသလို ငြိမ်နေသည်။ စောစောကပဲ ဆရာဝန်ကြီးမှ ထိုးခိုင်းသည့်ဆေးကို ဆရာမလေး ထိုးပေးခဲ့တာမို့ မိဆယ့် အသက်မှန်မှန်ရှူ၍ အိပ်မောကျစပြုလာပြီ။



"ခင်ထွေး ... ညည်း အစ်မကြီးနဲ့ တူတူလိုက်သွား၊ ဟိုမှာ အစ်မကြီးနားမှာနေ"

ဟု ဒေါ်ကြီးမှပြောတော့ ဒေါ်ခင်ထွေး ခေါင်းညိတ်သည်။

သဘောက ဒေါ်မမကြီး ပြန်နားဖို့ အတည်ပြုပေးသည့်သဘောပါ။

ဆရာဝန်ကြီး ဦးသော်ကောင်းကလည်း ဘွားအတွက် လိုအပ်မည့် ဆေးတစ်လုံး ထိုးပေးလိုက်ကာ၊ ပြန့်ဖို့ တိုက်တွန်းနေတာမို့ ဘွားမှာ မပြန်ချင်ဘဲနှင့် ပြန်သွားခဲ့ရပါ၏။

သူ ကုလားထိုင်ထက်မှာ ထိုင်ရင်း မိဆယ်၏မျက်နှာလေးကို ငုံ့မိုး၍ ကြည့်မိသည်။

မိဆယ်၏ မျက်နှာထက်မှာ ချွေးလေးတွေကို ဖွဖွလေးသုတ်ပေးမိရင်းမှ သက်ပြင်းရှိုက်မိပါ၏။

မိဆယ်၏ နှုတ်မှ ပွင့်ကျခဲ့သော ကယောင်ကတမ်းပြောခဲ့ပါသည့်စကား။

နာကြည်းသံဖြင့် ပြောခဲ့သောစကား။

အစေခံသမီးဆိုသည့် စကားသံလေး။

မိဆယ်ကို သူ ထပ်၍ ငုံ့မိုးကြည့်မိပြန်၏။

နုနုနယ်နယ်လေးနှင့် ဖွေးဥလွန်းပါသည့် ဤမိန်းကလေးသည် အစေခံမတစ်ယောက်၏ သမီးအဖြစ် ပန်းရုံမှာ ယ်ကြဥ်ခြင်းများ ခံခဲ့ရရှာချေမည်လား။

အနှိမ်ခံအဖြစ် ရှိခဲ့ရချေမည်လား။

www.burmeseclassic.com

www.burmeseclassic.com



ယခုထက်တိုင်လည်း ပန်းရဂုံမှာ ဘယ်သူ့ဘယ်သူ
ဆေးရုံသို့ ပြန်သလဲလိုက်လာကြတာ မရှိသေး။ မပူ၍ပဲ မလာခြင်း
လား။ ဘွား မကြိုက်ဘဲ ဆူမှာစိုး၍လားတော့မသိ။ ဘယ်သူ
လိုက်မလာကြတာတော့အမှန်။

"မိဆယ်ရယ်၊ ချာတိတ်မလေးရယ်"

မိဆယ်၏ လက်ဖဝါးလေးကို သူ ထွေးခနဲ ဆုပ်
လျက်မှ သိလိုက်ရသည်က မိဆယ်ကို သူ အတော်ကြီးသံယော
ကြီးမိနေပြီဖြစ်သည်အထိ။

မိဆယ်အတွက် ပျာပျာသလဲလေး ခြေထောက်လေး
တွေ ဆုပ်ပေးလိုက်၊ စောင်ခြုံပေးလိုက်၊ ဘုရားစာတွေရွတ်လိုက်
နှင့် မျက်ရည်ကျနေရှာသော ဒေါ်ကြီးဆိုသူကို ခပ်ငေးငေးကြည့်
သည်။

"မိဆယ်ဆိုတာ အိမ်က အိမ်ဖော်ကြီးတွေရဲ့ မေတ္တာရိပ်
မှာပဲ ကြီးပြင်းလာခဲ့ရသလိုပါပဲလား ကလေးရယ်၊ ဒါတော
မင်းကိုကြည့်လိုက်ရင် ဘာအပူအပင်မှမရှိတဲ့ ကလေးတစ်
ယောက်လိုပါပဲလား၊ အဲသလို မင်းနေတတ်အောင်
ဒီပန်းရဂုံမှာ မင်း ဘယ်လိုများ လေ့ကျင့်ယူခဲ့သလဲ မိဆယ်
ရယ်၊ မင်းကို ကိုကြီးသနားလိုက်တာ၊ သနားလိုက်တာဗျာ"

သူ တိုးတိုးဖွဖွ ညည်းလိုက်မိသည်က ...

"မိဆယ်လေးရယ်"

ဟူ၍ တိုးတိုးဖွဖွ ခေါ်ဝေ့သံပါ။ သူ့လက်တွေက
မိဆယ်၏လက်လေးကို ထွေးဆုပ်ထားမိရဆဲ။



အရာရာကို မိဆယ်ရှေ့မှာ ရပ်တည်လျက် မိဆယ်
ဘဝလေးကို ဖေးကူမည့်လက်များအဖြစ် သူ ဆုပ်ကိုင်ထားလိုက်
မိရပါခဲ့သည့်အဖြစ်။

ထိုအခိုက်မှာပဲ ဆေးရုံ၏ အထူးလူနာခန်းဆီမှ ခန်းဆီး
ဖြူဖြူလေး ရုတ်ခနဲ သိမ်းဖယ်လိုက်လျက် မျက်နှာအပျက်အပျက်
နှင့် အလောတကြီးဝင်ချလာသည့် ကောင်လေးတစ်ယောက်ကို
သူ မြင်လိုက်ရပါပြီ။ ဤကောင်လေးကို သူ မှတ်မိသည်။ ကား
ပျက်စဉ်က မိဆယ်နှင့်အတူပါလာသည့်ကောင်လေး။ ခုတော့
မျက်နှာပျက်ပျက်နှင့် စိုးရိမ်တကြီး မိဆယ်အနီးသို့ တိုးကပ်လာရင်း
မှ ဘယ်သူ့ကိုမှ သတိမထားနိုင်တော့သလို ကိုယ်ကြီး ငုံ့ကိုင်း
မိုး၍ ...

"မိဆယ်လေး ... မိဆယ်"

ဟု ခြေမကိုင်မိ လက်မကိုင်မိပုံဖြင့် တဖွဖွခေါ်ရင်း
မျက်ရည်များ ဝဲတက်လာတာကို သူ မြင်လိုက်ရပါ၏။ မိဆယ်
အပေါ် အတော်သံယောဇဉ်ကြီးမှန်း သူ တစ်ခါတည်း သဘော
ပေါက်သွားလိုက်ရသည်ပါပဲ။

ကောင်လေးနောက်မှ အမျိုးသားကြီးတစ်ဦးနှင့်
အမျိုးသမီးကြီးတစ်ဦးတို့လည်း ပူပန်တကြီးရောက်လာကြသည်
ပါပဲ။

"ဦးသိန်း လာပြောပြလို့ သိရတာ ဒေါ်ကြီးရယ်၊ ဘယ့်နှယ်
ဖြစ်တာလဲ၊ ကလေးခမျာ သေကောင်ပေါင်းလဲပါလား"

အမျိုးသမီးကြီးမှ မိဆယ်၏ ဆံစလေးများကို
သပ်တင်ပေးနေရင်းမှ အသံတုန်တုန်ဖြင့် မေးတော့ ဒေါ်ကြီး
မျက်ရည်ကျလာ၏။

www.burmeseclassic.com



"ဘယ်လိုဖြစ်တယ်တော့ မသိပါဘူး ဆွေလေးရယ်၊ ဘိုဘိုနဲ့ တစ်ခုခု ဖြစ်တယ်ထင်တယ်၊ ဘိုဘိုကို အတော်ကြီး မကျေမနပ်ယောင်ယမ်းပြီး ပြောနေတာ အခါခါပဲ၊ ခင်မည်နဲ့လည်း ဘာဖြစ်ခဲ့မယ်မသိပါဘူးကွယ်၊ ဒေါ်ကြီးတို့မှာကလည်း ပန်းရုံ့ရဲ့ အစေအပါးမဟုတ်လား၊ အတွင်းရေးကို သိပ်ပြောလို့မကောင်းပါဘူး၊ ဒီကလေးဟာ တကယ့်သနားစရာလေးပါ၊ မနောဖြူလေးပါ"

ဟု ပြောငိုတော့ သူ့ရင်ထဲမှာ မကောင်းနိုင်တော့။ ဆွေလေးဟု ဒေါ်ကြီးမှခေါ်ရင်း ပြောပြနေပါသည့် အမျိုးသမီးကြီးမှလည်း မျက်ရည်ကျလိုက်တာကို သူ မြင်ရသည်။

"စိုးစိုးနဲ့တောင် ညနေပိုင်းက စွန်လွှတ်နေသေးတာ၊ ဖြစ်ရလေ မိဆယ်ရယ်၊ တောက် ... သိပ်နိုင်စားကြတယ်ဗျာ"

တက်တစ်ချက်ကို မခံနိုင်သလို ပြင်းပြင်းခေါက်ပစ်ရင်း မိဆယ်၏မျက်နှာလေးကို မျက်ရည်ဝေစွာ ခပ်တွေတွေကြည့်နေသည့် စိုးစိုးဆိုသည့်ကောင်လေးကို သူအကဲခတ်သလို တစ်ချက်ကြည့်မိ၏။

မိဆယ်ကိုလည်း သူ တစ်ချက် ငုံ့မိုးကြည့်မိသည်။ လောလောဆယ်မှာ သူ ဘာမှ ဝင်မပြောဘဲ နားထောင်သမားသက်သက်ဖြစ်နေ၏။

"သူ့ခမျာ စိုးစိုးနဲ့ ရှိနေတုန်းက ပျော်ပျော်ရွှင်ရွှင်ပါ ဒေါ်ကြီးရ၊ အိမ်ကိုလိုက်ပြီး ကျောက်ကျောစားမယ်ဆိုတဲ့ ဥစ္စာ၊ ပန်းရုံမှာ ခဏစောင့်ပါဦးလားလို့တောင် မိဆယ် ပြောသေးတယ်၊ စောင့်မိခဲ့ရင် အကောင်းသား မိဆယ်ရယ်၊ ခုလို ဖြစ်ချင်မှဖြစ်မှာ"



ဟု ယူကျုံးမရ စိုးစိုး ပြောပြီးမှ မျက်တောင်ကို တဖျပ်ဖျပ်ခတ်သည်။ ဘိုဘို့ကြောင့် စိုးစိုး ပြန်မိခဲ့ခြင်းအတွက် ရင်ထဲမှာ နောင်တဖြစ်ချင်၏။

နောက်တော့မှ မိဆယ်၏ လက်လေးကို ထွေးဆုပ်ထားလျက် တိတ်ဆိတ်စွာ မိဆယ်၏ မျက်နှာလေးကိုကြည့်နေသည့် သူ့ကို စိုးစိုး ထိုအခါမှသတိပြုမိပုံဖြင့် ကြည့်လာ၏။ မိဆယ်၏ လက်လေးကို ထွေးဆုပ်ထားတာကိုလည်း တစ်ချက်ကြည့်သည်။

"မောင်ကိုကိုပဲ တွေ့လိုက်တာ စိုးစိုးရယ်၊ မိဆယ်ကို ဒီက မောင်ကိုကိုပဲ ဆေးရုံထိလိုက်ပို့ရတာ"

ဟု ဒေါ်ကြီးမှ ပြောပြခိုက် သူ တည်ငြိမ်သည့်ဟန်ဖြင့် ခေါင်းညိတ်ပြပါ၏။

"ဟုတ်တယ် စိုးစိုး၊ မင်းရဲ့သူငယ်ချင်းကို ကိုယ်ပဲ လိုက်ပို့ပေးခဲ့တာ၊ အခု စိတ်ချရပြီလို့ ဆရာဝန်ကြီးက ပြောပါတယ်"

BURMESE CLASSIC .com

ဟု ပြောပြမိပါ၏။ မိဆယ်၏လက်လေးကို ထွေးဆုပ်ထားတာကိုတော့ မလွှတ်တော့။ ထွေးဆုပ်ထားသော ဤလက်နုထွေးလေးကို သူ့ဘဝမှာ ဘယ်သောအခါတွင်မှ လက်တွဲမဖြုတ်တော့ဖို့ သူ ဆုံးဖြတ်ထားပြီးခဲ့ပြီပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"မိဆယ် တစ်ချက်သတိလစ်သွားတာ ဒေါ်ကြီးရယ်၊ ဖေ
မှာထားတာလေ၊ မိဆယ် အရှုံးမပေးရဘူးဆိုတာ၊ အဲဒါ
မိဆယ် နားမထောင်လိုက်မိသလို ဖြစ်သွားရတာ၊ ကြိုးညို
မိဆယ်ကို ပါးရိုက်တော့ ငိုပြီး ပြေးထွက်မိခဲ့တာလေ၊
တယ်ဆိုတာ အရှုံးပေးတာပဲ"

မိဆယ်အတွက် ပန်းသီးစိတ်လေးတွေ ပန်းကန်ပြ
ငယ်လေးထဲ ထည့်နေရာမှ ဒေါ်ကြီး ခေါင်းယမ်း၏။

"ခင်မမညိုဟာ မိဆယ်ရဲ့ကြိုးကြိုးမို့ အရွယ်ရလာတဲ့ မိဆ
လေး ဆင်ခြင်တုံတရားနဲ့ ပြန်မလုပ်နိုင်သမျှ ငိုမိတဲ့ကိစ္
မိဆယ်ရဲ့ဖေဖေ နားလည်မှာပါ ကလေးရယ်၊ အင်း
ခင်မမညိုဟာ ဟိုအရင်ငယ်ကတည်းက ဒီလိုပဲ လက်သွ
ခဲ့တာ၊ အကျင်ကိုဆိုလည်း မိဆယ်ဖေဖေနဲ့ ချစ်ရကောင်
လာဆိုပြီး ပါးရိုက်ပစ်ခဲ့တာလေ၊ ကိုလေးက ကျောင်း
အပြန် မြင်လည်းမြင်ရော အကျင့်လက်ကို ဆွဲပြီး ပန်း
က တန်းဆင်းချသွားတာ"



ဟု အတိတ်ကို ပြန်အောက်မေ့သလို ရီဝေဝေကြီး ဆေးရုံ၏ အခန်းနံရံကိုကြည့်၍ ဒေါ်ကြီး ခပ်လေးလေးပြောရှာ၏။ ဘကယ်လည်း အမေကို ရိုက်ခဲ့သည့်လက်က သမီးလေးကိုပါ ဆက်၍ ပန်းရဂုံမှာ ရိုက်ခဲ့ပါသည့်အဖြစ်အတွက်လည်း ဒေါ်ကြီး ရင်ထဲမှာ ထိခိုက်မိသည် မဟုတ်ပါလား။

မိဆယ်လေး ဆေးရုံတက်တာ သုံးရက်ရှိပြီ။ ဦးထွန်းမြတ်နှင့် သွယ်လှယဉ်ရော၊ အေးမြတ်ဖြူရော၊ ဦးဒီပနှင့် ကာယကံရှင် ဒေါ်ခင်မမညိုရော တစ်ခေါက်မျှ ရောက်မလာကြ။ ဤအတွက်လည်း ဒေါ်ကြီးလှိုင် ရင်ထဲမှာ ကြေကွဲချင်၏။

"အင်း ... သူတို့ဘက်က အကြောင်းပြကြတာကတော့ အစ်မကြီးမြင်ရင် ဒီဆေးရုံထဲမှာပဲ စိတ်ဆိုးဆိုးနဲ့ တစ်ခုခု ဆူမှာကို စိုးရိမ်တဲ့ အကြောင်းပြတာပဲ၊ သောလူကြားရင် ရှက်တယ်ဆိုတာလည်းပါတယ်၊ မိဆယ်ဆိုးတာ လူမသိဘူး၊ သူတို့ပဲ အဆိုးဖြစ်တယ်နဲ့ ပြောနေကြတာ၊ မိဆယ်ကို သွားကြည့်ချိန်မှာ ဘွားက ဆူပူရင်း ရောဂါတိုးမယ်ဆိုတာ မျိုးကိုလည်း အေးမြတ်ဖြူက ပြောသေးတယ်"

ဟု ခင်ပွန်းသည် ဦးတင်မောင် ခပ်ညည်းညည်းပြောပြခဲ့သည့် စကားကို ဒေါ်ကြီးလှိုင် ပြန်၍ အမှတ်ရနေမိ၏။ ဦးတင်မောင်က ပန်းရဂုံမှာလည်း ရှိနေတာမို့ ဟိုမှာ သူတို့အချင်းချင်း ပြောဆိုကြတာတွေကို ကြားကြားနေရသည်မဟုတ်ပါလား။

ဆေးရုံမှာပဲ ရှိနေရသည့် ဒေါ်ကြီးလှိုင်ကို ဦးတင်မောင်မှ ရင်ထဲ မကောင်းဘဲရှိရလေသမျှ ခပ်ညည်းညည်း ပြောပြတတ်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်လေးကို ဒေါ်ကြီး ငုံကြည့်တော့ မျက်နှာတည် လေးနှင့် မျက်နှာကြက်ကို မော့ငေးကြည့်နေတာကို မြင်၏။ ပန်းသီးစိတ်လေးကိုလည်း မစားဖြစ်။

"မိဆယ် သိတယ် ဒေါ်ကြီး၊ မိဆယ် ပန်းရုံကို ရောက် လာတဲ့အတွက် သူတို့မှာ ဥစ္စာအမွေ လျော့ပြီးရတော့မှာ ဆိုပြီး ပစ္စည်းဓာကပ် မကြည်မဖြူဖြစ်ကြ၊ မိဆယ်လို အစေခံသမီးက ပန်းရုံမှာ ရှိနေတာကိုလည်း သူတို့ မျိုး ဂုဏ်ထိတယ်လို့ မှတ်ယူကြနဲ့ ဖြစ်ခဲ့ကြတာတွေ ဖြစ်နေကြ တာတွေကို မိဆယ် အရွယ်လေးရလာလေလေ သိနားလည် လာလေလေပါ ...

ဖေဖေ့ကို အမွေပြတ်ကြော်ငြာခဲ့မိတာကိုလည်း ပြန် ရုပ်သိမ်းကြောင်း ဘွားက မိဆယ် ပန်းရုံရောက်ပြီးမှ ပြန်ကြေညာခဲ့တော့ ပိုဆိုးခဲ့တယ်ဆိုတာ မိဆယ် ဆင်ခြင်နား လည်လာတဲ့ အရွယ်ကတည်းက နားလည်ခဲ့တာပါ"

ဟု မျက်နှာထက်တွင် ကြေကွဲရိပ်ထင်လျက် မိဆယ် ပြောတော့ ဒေါ်ကြီး ရင်ထဲမှာ မကောင်း။

ဤသို့ ကြေကြေကွဲကွဲလေး မိဆယ် ပြောနေတာမျိုး လည်း ဒေါ်ကြီး တစ်ခါမျှ မမြင်ခဲ့စဖူး။

ဤကလေးသည် ရင်ထဲမှ ဝေဒနာကို ဘေးလူတွေ မသိအောင် မျိုသိပ်ဟန်လုပ်ထားနိုင်စွမ်း၊ ထိန်းသိမ်းဖုံးကွယ်ထား နိုင်စွမ်း ရှိပါကလားလေဟု နားလည်လာမိရသည်နှင့်အမျှ ဒေါ်ကြီး ရင်ထဲမှာ ပို၍ ထိထိခိုက်ခိုက် ဖြစ်ရပါ၏။ မိဆယ်ဆိုတာ ကိုယ် သွေးသားထဲက သမီးလေးနှယ် ဒေါ်ကြီး ချစ်ရသည်မဟုတ်ပါလား။



"တကယ်တော့ ဒေါ်ကြီးရယ်၊ မိဆယ် အဲဒီငွေကြေးဥစ္စာ တွေကို မမက်မောပါဘူး၊ မိဆယ်ရမယ့် အမွေပုံတွေနဲ့ သူတို့ဆီက မုန်ကန်စွာရမယ့်မေတ္တာ၊ တစ်ခုခုကို မိဆယ် ရွေးပါဆိုရင် သူတို့ဆီက တကယ့်ကိုချစ်တဲ့မေတ္တာကို မိဆယ်ရွေးမှာပါ၊ ခုတော့ ဆွေမျိုးရိပ်အလယ်မှာ မိဆယ်ဟာ မေတ္တာရိပ်ပျောက်နေရတဲ့ဘဝပါ"

BURMESE CLASSIC .com

အသံသည် တစ်ချက် တိမ်ဝင်၏။ ကာလကြာရှည် ...ာ ရင်ထဲ မျိုသိပ်ထားရလေသမျှ ပေါက်ကွဲပွင့်အန်ကျလာသည့် ...ား‌လေးများကို ဒေါ်ကြီး ရင်တနင့်နင့်ဖြင့် နားထောင်နေမိရ ...ပြီတည်း။

အခန်းပြင်ဘက်မှာ ခန်းဆီးကိုကွယ်ရပ်ရင်း ရင်ထဲ ...ာ မကောင်းနိုင်စွာအဲ နားထောင်နေမိရပါသည့် သူ့ရင်ထဲမှာ ...ည်း မိဆယ်၏ ဘဝလေးကို စာနာနားလည်စိတ်ဖြင့် မကြား ...က်နိုင်တော့သလို ခံစားနေမိရသည်ပါပဲ။

လက်တွင်းမှ ပန်းစည်းကို သူ ငုံ့ကြည့်မိ၏။ ...င်းဆီပွင့်ဖြူဖြူများသည် အငုံတချို့နှင့်အတူ စိမ်းခက်ခက် အရွက် ...းများ ခြံရံလျက် ကြွေစက္ကူ ပန်းနုရောင်လေးနှင့် ကန်တော့ပုံ ...င်ထွေးထွေး ထုပ်ပတ်ထားကာ အောက်မှ ဖဲကြိုးဝါလေးဖြင့် ...ပစွာရှိနေပါ၏။ မိဆယ်၏ရင်လေးတွေ လန်းကြည်ပါစေတော့ ...၍ သူ ယူလာခဲ့ပါသည့် ပန်းစည်း။

ယခုတော့ မိဆယ်လေး၏ ရင်ထဲမှာ ကြေကွဲမှာ ...ျင်နေသည့် ဝေဒနာတွေ တနင့်တပိုးဖြင့် ရင်ဖွင့်ထားသမျှတွေ ...ို သူ တိတ်ဆိတ်စွာ ရပ်၍ နားထောင်နေရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဟနေသည့် ခန်းဆီးလေးကြားမှ မိဆယ်၏ ကြေကွဲမှုဝေဒနာများ စွန်းထင်းနေပါသည့် မျက်နှာနုနုလေးကို ခပ်ငေးငေး သူ ကြည့်နေမိရဆဲပါ။

"ဘွားရယ်၊ ဒေါ်ကြီးတို့ရယ် ရှိလို့သာ မိဆယ်မှာ ပန်းရဂုံအိမ်ကြီးမှာ စကားပြောခွင့်ဆိုတာ ရှိနေသလိုပါ၊ မိဆယ်ကို လူရေးလူရာသွင်းပြီး ကျန်တဲ့လူတွေက စကားပြောချင်ကြတာမဟုတ်ဘူး၊ မိဆယ်လေ ... အဲဒီဒဏ်ကို ပန်းရဂုံမှာ ရောက်ခဲ့ရတဲ့တစ်သက် ခံစားခဲ့ရတာပါ ...

အပယ်ခံဘဝတွေ၊ အနှိမ်ခံဘဝတွေရဲ့ ရင်ထဲက ကြေကွဲနာကျင်မှုတွေ၊ ခါးသီးနာကြည်းမှုတွေ၊ ခံပြင်းတဲ့ပြန်လိုမှုတွေကို အဲသလို အနှိမ်ခံ၊ အပယ်ခံတွေသာ နားလည်စာနာနိုင်ကြတာပါ၊ မိဆယ်လေ အဲဒီဝေဒနာမျိုးစုံတွေကို နေ့တိုင်း ခံစားရတယ်၊ ရင်ဆိုင်ရတယ်၊ လက်ခံထားနေရတယ်၊ သိပ်ကို ကြာလှပါပြီ ဒေါ်ကြီးရယ်"

အသံလေးက အရမ်းကိုကြေကွဲဖွယ် အဖြစ်တစ်ခုကို ရင်နှင့်မဆံ့အောင် ခံစားနေရသည့် ဘဝတစ်ခုအား ရှိုက်ငင်ဖွင့်ချပြနေသည်နှယ်ပါတကား။ တိုးလှိုက်နေသော မိဆယ်၏ အသံလေးသည် နုနုညံ့ညံ့ဖြင့် သိမ်သိမ်မွေ့မွေ့ပဲရှိနေသည်။ ရန်တွေ့သလိုပြောနေသံမျိုးမဟုတ်။ သူ သက်ပြင်းရှိုက်ချမိရင်းမှ မိဆယ်၏ မျက်နှာဖွေးဥဥလေးကို မကြည့်ရက်နိုင်တော့သလို ခံစားလာရပါပြီ။

"ဖေဖေက သိထားတယ်လေ ဒေါ်ကြီး၊ မိဆယ် ပန်းရဂုံကိုရောက်ရင် အနှိမ်ခံရတော့မယ်ဆိုတာ၊ အဲဒါကြောင့်လည်း မှာခဲ့တာပေါ့၊ ဘယ်သူ့ကိုမှ အရှုံးမပေးရဘူး၊ ဘယ်တော့မှ



အရှုံးမပေးရဘူး ဆိုတာလေ၊ အခု မိဆယ် ပန်းရဂုံကို ပြန်ရောက်ရင် အရှုံးမပေးတဲ့ မိဆယ်အဖြစ်ပဲ ရှိရမှာ ...

ဒဏ်ရာဒဏ်ချက်တွေနဲ့ ဆေးရုံကို သတိလစ်ပြီး ရောက်၊ နောက် ဆေးရုံက ဆင်းလာတဲ့ မိဆယ်ဟာ သိုးကလေးလို အားလုံးကို ကြောက်ရွံ့ပြီး ငြိမ်ကုပ်သွားရှာတဲ့ ကောင်မလေးအဖြစ် ပန်းရဂုံကို မိဆယ် ပြန်လို့ဘယ်ဖြစ်မလဲ၊ လက်ဖျားထိမခံ မိဆယ်အဖြစ်ပဲ ပြန်ရမှာပေါ့၊ ဒါမှမဟုတ်ရင် မိဆယ်ဆိုတာ သူတို့နိုင်ဖတ်ဖြစ်ပြီး မြုပ်သွားတဲ့ မိဆယ် ဖြစ်သွားမှာပေါ့"

မိဆယ်၏ အသံလေးတွေက ပြတ်သားရိပ်ထင်လာ၏။ လက်တောက်လာသော မျက်နက်ဝန်း၏အရောင်သည့် ဖိတ်ဖိတ်လဲ့လဲ့ပြေး၏။

သူ ... သူ မြတ်နိုးအထင်ကြီး၍ မဝနိုင်အောင် ဖြစ်လာရသည်ကော မိဆယ်ရယ်။

လောကကို အရှုံးမပေးသော မိန်းမငယ်လေးတစ်ဦး။

ကြေကွဲခြင်း၊ နာကြည်းခံစားခြင်းများစွာကို မနိုင်ရင်ကန် ခံစားနေရပေမယ့် အရှုံးပေးဖို့ စိတ်ကူးထဲမရှိသည့် ချာတိတ်မလေး။

အရှုံးပေးရင်းဖြင့် ဘဝလေး နစ်နစ်ဝင်ဝင်ဖြစ်သွားမှာကို လက်မခံတတ်ပါသည့် ဖွဲ့နွဲ့နှင့် ချာတိတ်မလေး။

ထိုစိတ်ဓာတ်လေးကို သူ နှစ်နှစ်သက်သက်နှင့် တန်ဖိုးထားစွာ။ သြော် ... အထင်ကြီးစွာဖြင့် မြတ်နိုးသွားရချေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



သူ နောက်သို့ ခြေသုံးလေးငါးလှမ်းစာမျှ နောက်ဆုတ်လိုက်သည်။ ခြေသံမကြားစေရ။ နောက်တော့မှ ခြေသံပေး၍ ပြန်လျှောက်လာသည်။ တစ်ချက်မျှ ခပ်မျှင်မျှင်လေး ချောင်းဟန့်သည်။ သူ ရောက်လာခြင်းသည် ယခုမှရောက်လာခြင်း။ ထိုသို့ မိဆယ်လေး မှတ်ထင်စေရမည်လေ။

ခန်းဆီးစကို တိမ်းဖယ်၍ သူ ပန်းစည်းကို ဖွဖွကိုင်ကာ ပြုံး၍ လျှောက်လာသည်။

နက်ပြာရင့်ရောင် အနောက်တိုင်းဝတ်စုံနှင့် အသားဖြူဖြူ အရပ်မြင့်မြင့် ကျစ်ကျစ်ကြီးနှင့် ညိုလဲ့လဲ့ဖြင့် ပြုံးရိပ်သန်းနေသော မျက်ဝန်းများပိုင်ရှင် သူ့ကို မိဆယ် လှမ်းကြည့်ရင်းမှ —

"ဟင် ... ကိုကြီး၊ ပန်းစည်းလေးက လှလိုက်တာ"

ဟု စောစောက ပြောနေသည့် စကားများနှင့် ဘယ်လိုမှမပတ်သက်စွာ ပေါ့ပါးဟန်လေးဖြင့် ပြောလာတော့ သူ အထင်တကြီးဖြင့် ငုံ့မိုးကြည့်ရင်းမှ ...

"မိဆယ်ရယ် ... မင်းလေးရဲ့အပူကို ဘေးလူမသိအောင် မျိုသိပ်ဟန်ဆောင်ထားနိုင်လှချေလား ချာတိတ်ရယ်"

ဟု တွေးမိရပေမယ့် သူ့နှုတ်ခမ်းတွေကတော့ ပြုံးနေမြဲရှိရကာ ဘာမျှ မကြားထားရသည့်လူတစ်ယောက်နှယ်။

"မိဆယ်လေး နေအမြန်ကောင်းဖို့ စိတ်ကြည်လင်ဖို့ ကိုကြီး ယူလာတာ"

ဟု ပြောလိုက်ရသည်မါပဲ။

"ကျေးဇူးတင်လိုက်တာ ကိုကြီးရယ်၊ မိဆယ်လေ မနက်ဖြန် ဆေးရုံက ဆင်းရတော့မှာ၊ စောစောက ဆရာဝန်ကြီး



လာကြည့်ရင်းပြောသွားတာ၊ ဘွားလာရင်လည်း မိဆယ် ပြောပြရမယ်၊ ဘွား ဝမ်းသာမှာ၊ ဘွား ပင်ပန်းတာကို မိဆယ် မကြည့်ရက်ပါဘူး ကိုကြီးရယ်၊ နေ့တိုင်း မနက်တစ်ခါ ညနေပိုင်းတစ်ခါ လာလာနေရတာ ဘွားက ရောဂါနဲ့"

ဟု ပြောပြီး လက်တွင်းမှာ ရောက်နေပြီဖြစ်သည့် နှင်းဆီပန်းစည်းကို ငုံ့၍ မွှေးသည်။

သူ ခုတင်ဘေးမှာ ကုလားထိုင်တွင် ဝင်ထိုင်ပြီး မိဆယ် ဆေးရုံကဆင်းလျှင် တစ်ခါတည်းသာ သူ့ဘဝတွင်းသို့ ခေါ်သွားလိုက်ချင်တော့သည်ပါပဲ။

ပန်းရဂုံမှာဆို မိဆယ်လေး ပြန်၍ စိတ်ဆင်းရဲနေရမည်။ ရင်ထဲမှ ဝေဒနာကို လူတွေမသိအောင် ခံစားရင်း ဂျစ်ဒူးတူး ကောင်မလေးအဖြစ် နေပြရချေဦးမည်။

မိဆယ်ကို ပန်းရဂုံသို့ပင် သူ ပြန်မလွှတ်ချင်တော့အောင်ကို မြတ်နိုးမိရ၊ ချစ်မိရ၊ အသနားပိုရပါပြီ။

ဒါပေမဲ့ လက်တွေ့ကျတော့ လုပ်၍မှ မဖြစ်နိုင်ချေဘဲလေ။

မိဆယ်ကို သူခေါ်ထားပိုင်ခွင့်မှ မရှိချေဘဲ။

ဤကောင်မလေးကို သူ အရမ်းချစ်နေမိတာကို ကြာလေ ပိုနားလည်လာရလေပါ။

"မိဆယ်လေးရယ် ပန်းရဂုံကို ကိုကြီး စရောက်တဲ့နေ့က အဲဒီက အိမ်သားတွေနဲ့ ဘွား မိတ်ဆက်ပေးပြီး မိဆယ်ရော ... မိဆယ်ဆိုပြီး ဒေါ်ကြီးတို့ကို မေးတုန်းက အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးလည်းကြားမိရအော ကိုကြီးရင်ထဲမှာ ဘယ်လို
ဝမ်းသာသွားမှန်းကိုမသိတာ ပျော်လိုက်မိတာ မိဆယ်ရာ
အဲဒါ မင်းလေးကို ချစ်နေမိလို့ဆိုတာ နောက်မှ ကိုကြီး
နားလည်လာမိရတာ၊ အဲဒီအဖြစ်တွေကို ဘယ်နေ့မှာ ကိုကြီး
မင်းကို ဖွင့်ပြောပြနိုင်မှာလဲ မသိဘူး မိဆယ်ရယ်"

ဟု တွေးမိလျက် ရင်ထဲမှာ ချစ်မြတ်နိုးရမှုတွေ
နက်ရှိုင်းစွာ ဖြစ်တည်လာနေရသည်ပါပဲ။

သူ မိဆယ်၏ ဘဝလေးကို နားလည်သနားစိတ်
ဖြင့် သူ့ရင်ခွင်မှာ ငြိမ်းအေးစွာ လုံခြုံစွာထားလိုသည်မှာ မှန်သော
သစ္စာဖြင့် ဖြစ်တည်ရပါသည့် အချစ်ဖြင့် တိုင်တည်လိုက်ချင်
သည်။

ချစ်ရသည်က သည်းဖျားတိုင်မျှပါ မိဆယ်ရယ်။

ဘယ်လိုနည်းနှင့်မှ မိဆယ်လေးကို သူ မခွဲနိုင်တော့
တာ။ အဆုံးရှုံးမခံနိုင်တာ မိမိဘာသာပဲ သိနေရသည့်အဖြစ်။

ဤမိန်းကလေးနှင့် ဝေးရလျှင် သူ့ဘဝသည် ဆောက်
တည်ရာမဲ့ဖြစ်ချိမ့်မည်ဟု နားလည်ထားနှင့်မိရသည့်စိတ်ဖြင့်ပင်
မိဆယ်လေးကို ပိုင်ဆိုင်ရသည့်ဘဝကို သူ ဖြစ်အောင်တည်ဆောက်
ရမည်ဟု ဆုံးဖြတ်ချက်ချထားမိရသည်ပါပဲ။

သူ့နှလုံးအိမ်တွင်းသို့ မိဆယ် စိုးမိုးဝင်ရောက်လာခြင်း
သည် ခံစားမှုများစွာကို ပေးအပ်ရင်းဖြင့် လွှမ်းမိုးလာခြင်း။

သနားကြင်နာခြင်း၊ မြတ်နိုးချစ်ကြင်ခြင်း၊ တန်ဖိုး
ထားစွာ၊ တမ်းမက်စွာ အထင်ကြီးစွာဖြင့် သူ့နှလုံးအိမ်အတွင်းသို့
ပိုင်စိုးစွာ ဝင်ရောက်လာခြင်းမျိုးသာတည့်။



ထိုအခိုက် အခန်းတံခါးမှ ခန်းဆီးစလေးကို တိမ်းဖယ်
၍ဝင်လာသည်က စိုးစိုး။

စိုးစိုး၏လက်တွင်းမှာ အပန်းရောင်နှင်းဆီပန်းစည်း
ကြီးသည် လှပသော ဖဲကြိုးပန်းရောင်လေးဖြင့် ပန်းစည်းအုပ်
ပန်းစက္ကူလှလှလေးဖြင့် ထွေးပတ်လျက် ပါလာ၏။

စိုးစိုး၏မျက်ဝန်းတွေက မိဆယ်၏ လက်တွင်းမှ
အဖြူရောင်ဖြင့် လှပဖွေးဆွတ်စွာရှိနှင့်နေပြီဖြစ်သည့် နှင်းဆီပွင့်
များကို ခပ်ငေးငေးကြည့်နေတာကို သူ မြင်၏။ အခန်းတွင်းမှာ
တော့ နှင်းဆီ၏ရနံ့က မွှေးရနံ့သင်းသင်းဖြင့် လှိုင်ဝေလျက်သာ
တည့်။

ထိုအခိုက် အနေကျူ့အနေခက်စွာဖြင့် မျက်နှာထက်
မှာ မရတရဲအရိပ်တွေ ပြည့်သိပ်လျက် အခန်းတွင်းသို့ ဝင်လာ
သည်က ဘိုဘို။ ရှိုင်ပုဆိုး အညိုကွက်နှင့် ရှပ်လက်ရှည်အဖြူ
ကို ဝတ်ထားသည်ကလည်း အမြင်ကိုဆန်းစေ၏။ ဘယ်တုန်းက
မှ ဘိုဘို ထိုသို့မဝတ်ခဲ့ဖူးပဲလေ။ ကြောင်ကျားကျားအင်္ကျီနှင့်
ဂျင်းဘောင်းဘီကိုသာဝတ်တတ်သည့် ဘိုဘို့ကို ပုဆိုးလေး သပ်သပ်
ရပ်ရပ်ဝတ်လျက် မြန်မာဝတ်စုံလေးဖြင့် သန့်ခန့်စွာ တွေ့လိုက်
ရတာမို့ ဒေါ်ကြီးပင် အံ့သြစိတ်ဖြင့် ငေးကြည့်မိသည်ပါပဲ။
မိဆယ်ကို ဒေါ်ကြီးကြည့်တော့ ခုတင်ထက်မှာ ခေါင်းအုံးတွေကို
ဆင့်မှီ၍ ခပ်လျော့လျော့လေးထိုင်ရင်း တည်ငြိမ်စွာ ကြည့်နေတာကို
မြင်၏။

"ငါ ဟိုနေ့ကတည်းက လာချင်တာ မိဆယ်၊ နင် သတိ
ရရချင်း ငါ့ကိုမြင်ရင် ပိုဆိုးမှာစိုးလို့၊ နောက်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



မလာရဲလို့ပါဟာ၊ ငါ စိတ်မကောင်းဘူး မိဆယ်၊ ငါ့ကြောင့်ဖြစ်ရတာပါဟာ"

မျက်နှာမကောင်းစွာ တကယ့်ကို ရင်ထဲရှိသည့်အတိုင်း ဘိုဘို ပြောနေတော့ မောင်နှမချင်း စိတ်ပြေအဆင်ပြေကြတော့မည်ပဲဟု ဒေါ်ကြီး ဝမ်းသာမိပါ၏။ ဒါပေမဲ့ မိဆယ်ကိုကြည့်လိုက်တော့ မျက်နှာလေးက ပြကတေ့တည်နေသည်။ မေမေ့ကို တစ်ချိန်သောအခါက ပန်းရဂုံမှာ ပါးရိုက်ခဲ့သည့် မိန်းမတစ်ယောက်၏ သားသည် မိဆယ်၏ရှေ့မှာ ရောက်နေချေသည်ပဲဟု နာကျင်သောရင်ဖြင့် မိဆယ် နာကြည်းစိတ်ဖြင့် တွေးဖြစ်သည်ကို မိဆယ်သာပဲ သိပါသည် မေမေ။



## အခန်း(၁၈)

မိဆယ် ဆေးရုံဆင်းလာတော့ ပန်းရဂုံ၏ ဆင်ဝင်အောက်မှာ ပန်းရဂုံမှ မာစီဒီးကားနှင့် ဧည့်သည်၏ကားတစ်စီးက ဦးစွာဆိုက်ထားပြီးပြီ။

ထုံးစံအတိုင်း အေးမြတ်ဖြူထံ အလည်လာသည့် ရေတတ်၊ လူချမ်းသာထဲမှ ကောင်လေးတစ်ယောက်ယောက်၏ကားပဲဖြစ်ချေမည်ပေါ့။

ငွေကို ကိုးကွယ်ထားတတ်သည့် စရိုက်ရှိပါသော ဘဘထွန်းနှင့် ကြီးကြီးယဉ်တို့အတွက်မှာ သမီးနှင့် ထိုသို့ ထိတ်ထိတ်ကြ လူချမ်းသာ၏ သားသမီးများနှင့် သူတို့သမီးလေး ဆွဲသွားတွဲလာ၊ ဝင်ထွက်သွားလာဝေါင်းသင်းကြတာကို ကျေနပ်ကြသည်။

အေးမြတ်ဖြူအတွက် ထိုသို့သော အပေါင်းအသင်းများဖြင့် ပေါင်းသင်းခြင်းသည် နောင်ရေးအတွက် စိတ်မအေးရာ ရှိဟု ထင်ထားကြပုံလည်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားစာအုပ်ဖြင့် အနေများသော ဘွားမှာ သားငယ်ဖြစ်သူ မျက်ကွယ်မှာ ဆုံးပါးသွားပြီးသည့်နောက်မှာ ပို၍ အရာရာကို စိတ်လျှော့ထားလိုက်ပုံရသည်။

အေးမြတ်ဖြူ နေထိုင်သွားလာတာကို မကြိုက်၍ သားဖြစ်သူကို တိုးတိုးတိတ်တိတ် သတိပေးဖူးပေမယ့် ...

"သူတို့က လူယဉ်ကျေး လူချမ်းသာ သားသမီးတွေပါ မေမေ၊ အောက်တန်းစားတွေမှ မဟုတ်တာ၊ စိတ်မပူပါနဲ့၊ သမီးကလည်း နောက်ဆုံးနှစ် သင်္ချာကျောင်းသူဖြစ်နေပြီပဲ အရာရာ ထိန်းသိမ်းတတ်မှာပါ"

ဟု ပြောလိုက်တာမို့ ဘွား နောက်ထပ် ဘာမျှမပြောတော့တာ ယနေ့တိုင်ပါ။

မိဆယ်ကို ဘွား ငုံ့ကြည့်သည်။ တိတ်ဆိတ်စွာပဲ ကားနောက်ခန်းမှာ လိုက်ပါလာသည့် မြေး၏ မျက်နှာလေးမှာ ထုံးစံအတိုင်း ဘယ်သူ့ကိုမှ မကြောက်သည့် ထိမထင်ပုံလေးပဲ ရှိနေသည်ပါပဲ။ ပန်းရောင်နှင့် နီးလာလေ မိဆယ်၏ မျက်နှာလေး ပိုတည်လာလေပါ။

ကားရှေ့ခန်းမှာရှိနေသည့် ကိုကို့ကို ဘွား လှမ်းကြည့်မိပါ၏။ တည်ငြိမ်စွာပဲ ကိုကို ကိုယ်တိုင်မောင်းနေသည်ပါပဲ။ မိဆယ်၏ ဆေးရုံမှအပြန်၊ ပြန်ပါလာရပါသော ဓာတ်ဘူး ယောလစ်ပုလင်း၊ ဖန်ခွက်၊ မတ်ခွက်၊ ဇွန်း၊ လက်သုတ်ပဝါ၊ အိပ်ရာအိပ်ခင်းတွေ အားလုံးကိုတော့ စိုးစိုး မောင်းလာသည့်နောက်မှ လိုက်လာသောကားဖြင့် ဒေါ်ကြီးတို့မှ ယူလာသည်။



ကိုကို၏ကားနှင့် လိုက်ဖို့ ဘွားပဲ မိဆယ်ကို ခေါ်ခဲ့ခြင်းပါ။ ဘွားထိုင်သည့် ကားမှာ မိဆယ် လိုက်ရမည်ပဲလေ။

ကိုကိုရော၊ စိုးစိုးပါ မိဆယ် ဆေးရုံက ဆင်းလျှင် ကားဖြင့် လာကြိုမည်ဟု မိဆယ်ကို ပြောထားကြသလို လာကြိုကြသည်ပါပဲ။

အိမ်မှ ကားကို သားကြီးထွန်းမြတ်မှ ပိုးထည်စက်ရုံမှာ အလုပ်သမားတွေနှင့် အစည်းအဝေးရှိသည်ဆိုကာ ယူသွားသည်။ မာစီးဒီးကိုကျတော့လည်း အေးမြတ်ဖြူက ...

သူ့သူငယ်ချင်းမွေးနေ့ ဖိတ်ထားတာမို့ ယူသွားရမည်ဆိုကာ မောင်းထွက်သွားသည်။ မိဆယ် ဆေးရုံကဆင်းလျှင် ပြန်လာဖို့ကိစ္စအတွက် ဘယ်သူမှ စိတ်ဝင်တစားမရှိကြတာကို ဘွားကိုယ်တိုင် ရင်နာစိတ်ဖြင့် နားလည်တွေ့မြင်နေရသည့်အဖြစ်။ ကားရပ်လိုက်တော့ မိဆယ် ကားပေါ်မှဆင်းနိုင်ဖို့ ကိုကိုမှ ရှေ့ခန်းမှ ချက်ချင်းဖွင့်ဆင်းကာ ကားတံခါးကို ဖွင့်ပေးသည်။

"ရပါတယ် ကိုကြီးရယ်၊ မိဆယ်က ကလေးပါ၊ မဟုတ်တာ၊ ငရဲကြီးတော့မှာပါပဲ"

ဟု ရိုသေလေးစားစိတ်လေးဖြင့် မိဆယ် ပြောပုံလေးကို ပြုံး၍ ကြည့်ကာ ...

"မိဆယ်က ကလေးမို့ကူညီရတာပေါ့၊ ဟုတ်ဘူးလား... ဘွား"

ဟု ပြောသံတွင် တရင်းတနှီး လေငွေ့တွေ ယှက်ဖြာပါလာ၏။ မိဆယ်ကို ဆေးရုံကအစ ပူပန်တကြီးလိုက်ပို့ပေးခဲ့တာကို သိရတာမို့ သူ့ကို မိဆယ် ပို၍ ခင်မင်ကျေးဇူးတင်မိရသည်မှာ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုကိုရယ်၊ ကဲ ... မြေး ခြံထဲမှာပဲ ခဏ အပန်းဖြေလိုက်. ဟုတ်လား၊ စိုးစိုးရေ ကိုကိုနဲ့အတူ မိဆယ်နဲ့ပဲ ခြံထဲမှာ နေလိုက်ပါကွယ်၊ အဲဒီပစ္စည်းတွေ အိမ်ကလူတွေ သယ်ပါလိမ့်မယ်"

ဟု နောက်ကားမှ ပလတ်စတစ်ခြင်းနီကြီးကို ဆွဲလာနေသည့် စိုးစိုးကိုလည်း ဘွား လှမ်းပြောသည်။ မိဆယ် သိသည်ပေါ့။ ပန်းရဂုံစည့်ခန်းမှာ အေးမြတ်ဖြူနှင့် သူငယ်ချင်းတွေ ရှိရှိနေကြချေမည်လေ။ တစ်ယောက်တည်းသော သူငယ်ချင်းလား။ သူငယ်ချင်းလေးငါးယောက်လား။ ရှိချေမည်ပေါ့။ ထိုအုပ်စုနှင့်ရော အေးမြတ်ဖြူနှင့်ပါ မိဆယ်ကို မတွေ့စေချင်။ မဆုံစေချင်၍ ဖြစ်ချေမည်ဟု။

ဆေးရုံကဆင်းလာခါစ မိဆယ်၏စိတ်ထဲမှာ အခန့်မသင့်စရာ တစ်ခုခုကြားရမှာ မြင်သွားရမှာမျိုးကို ဘွား စိုးရိမ်ပုံရသည်လေ။

မိဆယ် ကိုယ်တိုင်ကလည်း လောလောဆယ်မှာ ပန်းခြံလေးကိုဖြတ်၍ အေးမြလတ်ဆတ်သောလေကို ရှူရှိုက်ရင်း ခြံထဲမှာပဲ ရှိနေချင်သည်။

ဆေးရုံမှာ တစ်ပတ်ကြာနေခဲ့ရသည်မို့ အိမ်ပြန်ရောက်ရတော့ ရင်ထဲမှာ ပျော်မိတာ၊ လန်းလာတာအမှန်ပါ။

"ရတယ် ဘွား၊ ဒါတွေကိုတော့ စိုးစိုး သယ်ပေးလိုက်ပါမယ်၊ မိဆယ် ကိုကြီးနဲ့ပဲ ခြံထဲမှာ နေလိုက်နော်၊ စိုးစိုး ပြန်လာခဲ့မယ်"



ဦးကြီးတင်မောင်က ဦးထွန်းမြတ်သွားသော ပိုးထည်ဆက်ရုံသို့ ကားမောင်းပို့ရတာမို့ မရှိ။

ပန်းခြံထဲမှာ ပန်းတွေ ပွင့်ပြင်မြေထောင်မြောက်နေရာမှ ဦးကြီးသိန်းကတော့ ဝမ်းသာအားရ ပြေးလာရင်း ပစ္စည်းတွေ သယ်ယူရှာသည်။ မိဆယ်ကိုလည်း ပြုံးကြည့်ကာ ...

"ကလေးပြန်လာလို့ ဝမ်းသာတယ်ကွယ်၊ ခေါင်းတွေ ဘာတွေ မူးနေသေးလားဟင်"

ဟု မေးရှာ၏။ နောက်တော့ ဘိုဘို၏ အခန်းပြင်ရှိရာဘက်သို့ တစ်ချက် ဦးကြီးသိန်း လှမ်းကြည့်၏။

"ဘိုဘိုလည်း မျှော်နေတာ မိန်းကလေး၊ သူ ခုနောက်ပိုင်းမှာ စိတ်မကောင်းဖြစ်နေရှာတာ၊ သူ့ကြောင့် ဖြစ်တာလို့ ဦးကြီးကို လာပြောပြရှာတာ၊ မိဆယ်ကို ဆေးရုံမှာ သွားကြည့်ချင်နေတာ၊ မနေ့ကမှ အရဲကိုးသွားရတာ၊ မိဆယ်က အရမ်းကို စိတ်ဆိုးစိတ်နာနေမှာလို့လည်း သူ ညည်းတယ် ...

ခုလည်း မိန်းကလေးတို့ကား ဝင်လာတာတွေ့မှ အိမ်ထဲသုတ်သုတ်ပြန်ဝင်သွားတာ၊ မလာခင်တုန်းကတော့ မျှော်နေရှာသား၊ မိဆယ် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့နဲ့တူပါရဲ့၊ အင်း ... ဒီလောက် ဆောင့်ကြွားကြွားနိုင်တဲ့ ကောင်လေး၊ ခုလို မဝံ့မရဲနဲ့ အားငယ်နေတာ၊ စိတ်မကောင်းဖြစ်နေတာ မြင်ရတော့လည်း ဦးကြီး အံ့ဩစိတ်နဲ့ သနားမိတယ် မိဆယ်ရယ်"

ဟု စကားရှည်ကြီးကို ခပ်ညည်းညည်းပင် ပြောရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေက မိဆယ်နဲ့ စကားပြောနေတာ မြင်ရင် ဘိုဘို့ကိုယ်ခန္ဓာမှာရှိနေတဲ့ ကျက်သရေတွေ ကွာကျကုန်မှာကျနေတာပါပဲ ဦးကြီးရာ မပြောချင်ပါဘူး၊ ကင်းနေတာပဲကောင်းပါတယ်"

ဟု မိဆယ် တိုပြတ်ပြတ်လေးပြောပြီး ...

"မိဆယ် ခြံထဲခဏနေလိုက်ဦးမယ် ဦးကြီး"

ဟုပဲ ပြောကာ ဆက်လျှောက်တော့ ဘေးမှ သူ တိတ်ဆိတ်စွာပဲ လိုက်လာရပါ၏။

သူများ၏ အိမ်တွင်းရေးကိစ္စဆိုတာကို ဝင်ပါလည်း မကောင်း၊ မေး၍လည်းမကောင်းတာမို့ ငြိမ်သက်စွာ နားထောင်သမားသက်သက်ပဲ လုပ်ခဲ့ရသည်မှာ 'အမှန်။

"ဒီမှာ ထိုင်ပါလား မိဆယ်၊ ဒီခုံတန်းလေးက ထိုင်ကြည့်ရင် မိဆယ်ရဲ့ပန်းခြံကိုလည်း လှမ်းမြင်နေရတယ်၊ ကံ့ကော်ရိပ်လေးကလည်း အေးတယ်၊ မြက်ခင်းကြီးကလည်း စိမ်းမြနေတာပဲ"

ဟု သူပြောပြီး ကံ့ကော်ပင်အောက်မှ ခုံတန်းပြတွင် ထိုင်ဖို့ မိဆယ်ကို ပြောတော့ မိဆယ် နားထောင်သည်။

သူ ဘေးမှာရပ်နေရင်းဖြင့်ပင် ပန်းဥယျာဉ်ကို မျက်နှာမူ၍ ခပ်ငေးငေးကြည့်၏။ ပြီးတော့မှ ပြုံး၍ မိဆယ်ကို ငုံ့မိုးကြည့်ကာ ...

"မိဆယ် ဘာလို့ ကိုယ့်ကို ကိုကြီးလို့ခေါ်တာလဲ ဟင်၊ အစက ကိုကိုလို့ ခေါ်တာပါ"



ဟု ပြောတော့ မိဆယ် မော့ကြည့်သည်။ ပြုံး၍ကြည့်နေသည့် အကြည့်တွေထဲမှာ အကြင်နာရိပ်များ သိမ်မွေ့ငြိမ်းအေးစွာ တည်ရှိနေကြတာကို မိဆယ် ခံစားတွေ့မြင်မိရပါ၏။

"ကိုကိုဆိုတာက ကိုကြီးရဲ့နာမည်လည်းဖြစ်နေတော့ ငယ်တဲ့မိဆယ်က နာမည်ခေါ်ပြီး ပြောသလိုကြီးဖြစ်နေတာမို့ပါ၊ ကိုကြီးဆိုတော့ လေးစားရာလည်း ရောက်တယ်လေ"

ဟု ဖြေတာမို့ သူ့ရင်ထဲ ကြည်နူးအေးချမ်းရသည်ပါပဲ။ မိဆယ်ဆိုတာ ဂျစ်တူးတူးလေးဟု ထင်ရပေမယ့် တကယ်တမ်းကျတော့ ယဉ်ကျေးသိမ်မွေ့ နားလည်တတ်သည့် ကလေးမလေးမဟုတ်ပါလားလေ။

ထိုအခိုက်မှာပဲ ဆင်ဝင်အောက်သို့ ပန်းရုံ၏ မှန်တံခါးမှ ထွက်လျှောက်လာသည့် အေးမြတ်ဖြူနှင့် သူငယ်ချင်းကောင်လေးတစ်ယောက်ကို သူ လှမ်းမြင်သည်။

စိုးစိုးကလည်း နောက်မှ ထွက်လာ၏။

"ဟော ... စိုးစိုး၊ ဘယ်လဲ ... အော်ဟော် ... ကြီးညိုလက်ချက်နဲ့ ငိုကြီးချက်မဖြစ်ပြီး အလကားနေရင်း လှေကားပေါ်ကချော်ကျ၊ ဆေးရုံရောက်၊ လူတွေကို ဒုက္ခပေးတဲ့ကောင်မလေးဆီ သွားမလို့လား၊ ဘွားခမျာ ရောဂါတစ်ဖက်နဲ့ နေ့တိုင်း သွားသွားကြည့်နေရတာ"

ဟု ခပ်မဲ့မဲ့ပြုံး၍ ပြောတော့ စိုးစိုး မခံချင်။ သူစိမ်းတစ်ယောက်၏ရှေ့မှာ ပြောချေတာမို့လည်း မိဆယ်ကိုယ်စား ခံပြင်း၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အဲသလိုပြောဖို့တော့ ဘယ်ဖြစ်မလဲ မမအေးမြတ်၊ မိဆယ်ဟာ မမအေးမြတ်ရဲ့ညီမပဲ"

"အို … အစေခံရဲ့သမီးပဲ၊ ပြောတော့ ဘာဖြစ်လဲ၊ ကဲ … ဒေးဗစ်၊ ယူ တစ်နေ့တုန်းက မေးဖူးတဲ့မေးခွန်းအတွက် လည်း အဖြေတစ်ခု တစ်ခါတည်းရသွားတာပေါ့နော်၊ အေးမြတ်ဖြူတို့အိမ်မှာ တွေ့တွေ့နေရတဲ့ မိဆယ်ဆိုတဲ့ ကောင်မလေးအကြောင်း ဆိုတာလေ၊ ယူ စိတ်ဝင်စားသေး တယ်ဆိုရင်တော့၊ အေးမြတ်ဖြူက အောင်သွယ်ပေးပါ့မယ်"

ကျောင်းမှာတွဲသည့် ကောင်လေးဖြစ်သော ဒေးဗစ်ကို ခပ်ထေ့ထေ့ပဲ အေးမြတ်ဖြူ ပြုံးကြည့်သည်။ ဘယ့်နှယ် တပူးတွဲတွဲ နှင့်ကျတော့ အေးမြတ်ဖြူနှင့် နေပြီးတော့ ပန်းရဂုံကိုလာရင်း တွေ့ရသည့် မိဆယ်ဆိုသည့် ကောင်မလေးကိုမှ စိတ်ဝင်တစား ကြီး မေးထားသည်ကိုးလေ။

"ကိုယ် ဒီကိုလာတာ မင်းနဲ့ ခင်မင်မှုရှိလို့ပါ အေးမြတ် ဖြူ၊ သယ်လ်မာမွေးနေ့ပွဲမှာလည်း ဆုံမိကြ၊ အပြန်မှာ လိုက်လည်ဖို့လည်း ပြောတာနဲ့ ကိုယ် လိုက်လာခဲ့တာပါ၊ မိဆယ်ဆိုတာကို စိတ်ဝင်စားရင် ကိုယ့်ဘာသာပဲ ဖွင့်ပြော ယူမှာပါ၊ သူက အေးချမ်းတယ် အေးမြတ်ဖြူ၊ ဒါပေမဲ့ အလကားနေရင်း ကိုယ့်ကို အေးမြတ်ဖြူ ကောလွတ်တာ ကိုတော့ အံ့သြတယ်၊ ကိုယ်က သဘောရိုးနဲ့ မိဆယ် အကြောင်းမေးမိတာပါ၊ ထစ်ဆို စိတ်ကောက်လွန်းလို့ ကိုယ် ချော့ခဲ့ရတာလည်းများလှပြီ၊ အဲဒါကို ကိုယ် စိတ် အကုန်ဆုံးဖြစ်လာတယ်၊ ကိုစိုးစိုး ကျွန်တော် အားနာတယ်



ဗျာ၊ ခင်ဗျားရှေ့မှာ မဆိုင်တာတွေကို ကျွန်တော်တို့နှစ် ယောက် ပြောဖြစ်ရတဲ့အတွက်ပါ"

ဟု ပြောပြီး အရပ်မြင့်မြင့်မားမားနှင့် ဒေးဗစ် ထွက်သွားတော့ စိုးစိုး ရပ်ကြည့်ကျန်ခဲ့ပါ၏။ ဘာကိုမှ ဝင်ပြော ခွင့် စကားလုံးမှ မရှိချေဘဲလေ။

အေးမြတ်ဖြူကို စိုးစိုး ငဲ့ကြည့်တော့ မျက်နှာတင်း နေတာကို တွေ့ရပါ၏။

မိဆယ်နှင့် ပတ်သက်လာလျှင် အလကားနေရင်း ဘုတ်ပြိုင်ပြိုင်လုပ်ချင်၊ နှိမ်ချင်နေတာ စိုးစိုး နားလည်သည်။ အလုချင်းပြိုင်ချင်သည်။ အစေခံသမီးဆိုပြီး နှိမ်ချင်သည်။ ကာလ ကြာရှည်စွာ ပန်းရဂုံ၏အိမ်နီးချင်းအဖြစ် မိဆယ်၏ သူငယ်ချင်း အဖြစ် ရှိခဲ့ရသည်မို့ ပန်းရဂုံနှင့်ပတ်သက်၍ အတော်များများကို စိုးစိုး နားလည်နေခဲ့ရသည် မဟုတ်ပါလား။

ခုလည်း ဒေးဗစ်ဆိုသူက ရိုးရိုးမေးမိတာကို အခွင့် သင့်ခိုက် စိုးစိုးနှင့်တိုးစဉ်မှာ မိဆယ်၏သူငယ်ချင်းအဖြစ် ခပ်ထေ့ ထေ့ပြောလည်းပြော။ အစေခံသမီးဆိုတာ သိအောင် လုပ်ပြတာ မျိုးကို အေးမြတ်ဖြူ လုပ်ခဲ့ခြင်း။

ခုတော့ မာစီးဒီးကားနောက်မှာရပ်ထားသည့် ဗင်န် ကားဖြူလေးကို ဒေးဗစ် မောင်းထွက်သွားပြီ။ အေးမြတ်ဖြူအပေါ် တကယ်လည်း စိတ်ကုန်လာနေပုံရသည်ပါပဲ။ နှုတ်ဆက်မသွား။

အေးမြတ်ဖြူ ဆိုတာ အိမ်ကို အလည်လာသည့် သူငယ်ချင်းများကို မိဆယ်ဆိုတာ အစေခံသမီးဟူ၍ ပြောပြော ပြ၊ ဘွားက သနားလို့ ခေါ်ထားတာဆိုတာကို ပြောပြ၊ အဖေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သူက ဆင်းရဲစွာသေ၍ သမီးကို ခေါ်ထားရတာဟု ပြောပြရ နှင့် မိဆယ် မျက်နှာငယ်အောင် ပြောခဲ့တာတွေ မိဆယ်လည်း သိရှာသည်ပဲ။

ဒါပေမဲ့ ဘယ်တုန်းကမှ မိဆယ်ကလည်း ဂရုမစိုက်ခဲ့

မိဆယ်ရှိရာသို့ စိုးစိုး လှမ်းကြည့်မိပါ၏။ ပန်းခြံ ဘက်ကို မျက်နှာမူသည့် ခုံတန်းလေးမှာ ကိုကိုနှင့် ရှိနေသည့် နေရာ စိုးစိုး ထွက်ခဲ့ပါ၏။

အေးမြတ်ဖြူသာ ... လောင်မြိုက်ခြင်းနှင့် ပြည့်ဝနေ သော ဝန်တိုစိတ်ဖြင့် အာဃာတစိတ်များဖြင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါ၏။

❀ ❤ ❀



## အခန်း(၁၉)

"မြေးလေးကို ဘွား မေးစရာရှိတယ်၊ မြေး မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့ပါ ဘွား၊ မိဆယ် ဖြေပါ့မယ်"

မိဆယ် စာကြည့်နေသည့်စားပွဲဘေးမှာ ဘွားရပ် ပျက် ဆံစလေးများကို ဖွဖွသပ်ပေးနေတာကို မိဆယ် ရင်ထဲ ကြည်နူးစိတ်ဖြင့် ငြိမ်သက်ခံယူမိသည်ပါပဲ။

ဤနေ့ပဲ မိဆယ် ကျောင်းစတက်သည်လေ။

"မြေးလေးမှာ ချစ်သူရယ်လို့ ရှိသလားကွယ်"

ဟု မေးလာတော့ မိဆယ် အံ့သြစိတ်ဖြင့် ဘွားကို မော့ကြည့်မိရပါပြီ။

ဘွားထိုင်ဖို့ကုလားထိုင်လေး တရွှေ့ချပေးရင်း ...

"မရှိပါဘူး ဘွားရယ်၊ မိဆယ်က ကလေးပဲဥစ္စာ"

ဟု ဖြေပြီး ဘွားထိုင်သည့်ကုလားထိုင်ရှေ့ကြမ်းပြင်မှာ ထိုင်လိုက်ပြီး ဘွား၏ပေါင်ပေါ် ခေါင်းလေးတင်ကာ ကလေးလိုပဲ နွဲ့လေးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ်က ဘွားကိုပဲချစ်တာ၊ ခုတောင်မှ ဘွားကို
နိုပ်ပေးတော့မလို့ဥစ္စာ၊ ဘွားက မိဆယ်ဆီရောက်လာလို့

ဟု ပြောတော့ ဘွား ပြုံး၍ မျက်နှာလေးကို ဆွဲ
၍ နဖူးပြင်လေးကို ဖွဖွငုံ့နမ်းလာပါ၏။ မိဆယ် ရင်ထဲမှာ
အေးလိုက်ပါဘိ။ ပျော်သည့် အပျော်ကလည်း အတောမသတ်
တစိမ့်စိမ့်ဖြင့် မြင့်တက်လာသော ကြည်နူးပီတိအဟုန်သည် နှ
အိမ်ဝယ် ပြည့်ပြည့်သိပ်သိပ် တိုးတိုးဝင်ဝင်။

မိဆယ်မှာ ဘွားတစ်ယောက်ပဲ ချွဲနွဲ့စရာရှိသည်
မဟုတ်ပါလားလေ။ မိဆယ်ကို ဘွား အရမ်းကို သံယောဇဉ်ကြီး
မိဆယ် အသိ။

တစ်ခါတစ်ခါ ညများမှာ ဘွား ခြေသံမကြားအောင်
လာတတ်တာ။

မိဆယ်၏နဖူးလေးကို အိပ်ပျော်ပြီအထင်နှင့်
အောင် ဖွဖွလေးနမ်းသွားတတ်တာ၊ စောင်ခြုံပေးခဲ့တတ်တာ
ကို မိဆယ် ကြုံကြုံခဲ့ရတိုင်း အိပ်ပျော်ဟန်ဆောင်ရင်း ရင်ထဲ
အရမ်းကို ပျော်နေမိရတတ်သည် မဟုတ်ပါလား။

"အင်း ... ဟုတ်ပါပြီလေ၊ ဘွားကလည်း ထင်မိသ
မိဆယ်လေး အဲဒီလို ချစ်သူသန်ရယ်လို့ ရှိမှာမဟုတ်ပါ
လို့၊ ဒါပေမဲ့ ဘွား ပွင့်ပွင့်ပြောရရင် စိုးစိုးနဲ့များ သံယော
တွယ်နေကြသလားလို့ပါကွယ်၊ နေဦး မြေး၊ ဘွား
သဘောမတူလို့ပြောတာမဟုတ်ဘူးနော်၊ စိုးစိုးဆိုတာလည်း
ဘွားရဲ့ မြေးလိုပါပဲ၊ သူလိမ္မာတာ ဘွားသိပါတယ်"



ဟု ပြောလာတော့ မိဆယ် မျက်နှာလေး ရဲခနဲဖြစ်။
စိတ်ထဲ အိုက်ကျသွားရလျက် ခေါင်းလေးခါရင်းမှ ...

"ဟာ ... ဘွားကလည်း စိုးစိုးက မိဆယ်ရဲ့ သူငယ်ချင်းပဲဥစ္စာ၊
မိဆယ်တို့က ရိုးရိုးသားသားပါ၊ တစ်ခါမှ စိုးစိုးကလည်း
မိဆယ်ကို ကြိုက်တယ်လို့ မပြောဖူးပါဘူး၊ မိဆယ်ကလည်း
ရိုးရိုးပဲ သူငယ်ချင်းလို မောင်နှမလိုပဲ စိတ်ထဲမှတ်ထား
တာ"

ဟု ပြောပြီး ခေါင်းကို စုံကုတ်ကာ စိတ်ရှုပ်နောက်
ကျိုပုံလေးဖြင့် ...

"မိဆယ်ဖြင့် အနေကိုခက်ရော ဘွားရယ်"

ဟု ပြောလာတော့ ဘွား ရယ်သည်။ မိဆယ်၏
ခေါင်းလေးကို ချော့မော့သလို ငုံ့နမ်း၏။

"မဟုတ်ဘူး မြေးရဲ့၊ ဘွားမှာက မေးဖို့ဝတ္တရားရှိလို့ မေး
သင့်လို့ မေးမိရတာပါ၊ မြေးလေးကို မေးလိုက်တော့
ပိုရှင်းသွားတာပေါ့ ဟုတ်ဘူးလား၊ ကဲ ကဲ ... စာဆက်ကြည့်
တစ်အောင့်လောက်မှ ဘွားအခန်းကိုလာ၊ လာလောဆယ်
ဘွား အခန်းပြန်ပြီး ပုတီးစိပ်ချေဦးမယ်"

ဟု ပြောကာ ထရပ်တော့ မိဆယ် ခေါင်းလေး
ခါရင်း ...

"မိဆယ် ဘွားကို နှိပ်ပေးတော့မှာ ဘွား ပုတီးစိပ်ရင်း
မိဆယ် နှိပ်ပေးတာကိုခံပေါ့၊ မိဆယ် ဘွားနဲ့လိုက်ခဲ့မယ်"

ဟု ပြောတော့ ဘွား ခေါင်းခါသည်။ ကျက်လက်စ
စာအုပ်ကို လက်ညှိုးထိုးပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"စာဖိုကို တစ်ဝက်လောက်နဲ့ကျက်ပြီး ချန်ထားခဲ့ရင် တကယ် တမ်း ပြန်ပြီးဖြေတဲ့အခါမှာ စာတစ်ဝက်ပဲမှတ်မိပြီး အဆင် ပြတ်တယ် မြေးရဲ့၊ ကျက်လိုက်ချေဦး"

ဟု ပြောပြီး အခန်းတွင်းမှ ထွက်သွားတော့ မိဆယ် ခပ်တွေတွေလေး ကျန်ခဲ့ပါ၏။

ဘာကြောင့်များ ထိုအမေးကို မိဆယ်အား ဘွား လာမေးရပါလိမ့်။

မိဆယ် စိတ်ရှုပ်သွားတာကို ဘွား သိပုံဖြင့်လည်း စကားစကိုဖြတ်၍ အခန်းမှ ပြန်ထွက်သွားတာပဲ ဖြစ်မည်ဟု န လည်ဖြစ်၏။

မိဆယ်၏အတွေးထဲ စိုးစိုး ရောက်လာသည်။ စိုး ဆိုတာ မိဆယ် ဆိုးသမျှ နိုင်သမျှကို စိတ်ရှည်တတ်စွာဖြင့် လိုက် လျှောအလိုလိုက်ပေးတတ်သူ။

မိဆယ်၏ ဘဝလေးကို အထီးကျန်ဆိုသော အ ကို ဖယ်ရှားပေးခဲ့သူ ငယ်သူငယ်ချင်း။

စိုးစိုးကို မိဆယ် သံယောဇဉ်ကြီးတာတော့ အမှန်ပါ

စိုးစိုးနှင့် ပတ်သက်၍ ဘိုဘိုပြောလာလျှင် မိဆ တစ်ခွန်းမျှ မခံတတ်ခဲ့တာ အမှန်ပါပဲလေ။

မိဆယ် စာဆက်ကျက်ပေမယ့် မရနိုင်တော့တာ သက်ပြင်းရှိုက်ပြီး စာအုပ်လေးကို ပိတ်ပစ်လိုက်ကာ ဘွားအခ သို့ ထွက်ဖို့ပြင်၏။ ဒါပေမဲ့ ရင်ထဲမှာ တစ်ခုကို ကြိုသိနေနှင့်သည့် ခံစားရသည်။



ဤနေ့မှာ ဘွား မိဆယ်ကို ထူးခြားသော တစ်ခုခုကို ဘွားအခန်းမှာ မိဆယ် ရောက်လျှင်ဖြင့် ဘွား ပြောချေတော့မည်ဟု။

ထိုသို့ မိဆယ် ဘာကြောင့် တွေးမိ၊ နားလည်နေ နှင့်မိရတာကို မိဆယ် မသိ။

အလိုလိုသိနေသလို ခံစားနေရသည်လေ။

ဘွားအခန်းသို့ မိဆယ်ရောက်တော့ ပုတီးစိပ်နေဆဲ ဘွားမှ လက်ရိပ်ပြသည်။ ဘွားဘေးမှာလာထိုင်ဆိုသည့် သဘော။ မိဆယ် ဘွားဘေး ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ဒရင်းဘက်မှာ ညောင်းနေသည့် ဘွား၏ခြေသလုံးကို နှိပ်ပေးမိပါ၏။

ဘွား စိတ်ပုတီးကုံးကို လည်မှာဆွဲလိုက်ကာ မိဆယ် ကို ပြုံးကြည့်သည်။ မိဆယ်မှ ဆေးတိုက်ဖို့ ရေဖန်ချိုင့်တွင်းမှ ရေကို ဖန်ခွက်တွင်း လောင်းထည့်တော့ ဘွား လက်ကာသည်။

"တစ်အောင့်လောက်နေမှပဲ ဘွား သောက်မယ် မြေး၊ မြေးကို ဘွား ပြောစရာရှိတယ်၊ ဘွားဟာ အသက်ကြီးပြီ၊ ကျန်းမာရေးဆိုတာကလည်း ဆရာဝန်ကြီးတွေနဲ့ တောက် လျှောက်ကုသနေရတာ မြေး အသိ၊ ဘွားရဲ့နှလုံးရောဂါက လည်းရှိသေးတယ်၊ အဆစ်အမြစ်ကိုက်နေတာတို့၊ သွေးတိုး တို့ဆိုတာလည်း ပါသေးတယ်၊ အဆိုးဆုံးကတော့ ဘွား ဟာ အသက်ကြီးနေပြီ၊ မီးဇာကုန် ဆီခန်းဆိုတာ ဘွားတို့ အရွယ်ကိုပြောတာ မြေး"

ဟု ပြောတော့ မိဆယ်ရင်ထဲ ချောက်ချားစိတ်ဖြင့်...

"မပြောပါနဲ့ ဘွားရယ်၊ မိဆယ်မှာ ဘွားပဲရှိတာ"

www.burmeseclassic.com



ဟု ရင်ထဲခံစားရသမျှ ပြောမိရင်း အရမ်းကို
ကွဲထိခိုက်လာရသည်ပါပဲ။

ဘွား၏နှုတ်မှ ထိုသို့သော သေခြင်းတရားကို
လည်းခံစားရင်း ပြောလာသည့် စကားမျိုးကို မိဆယ် မကြားခဲ့ရ
မိဆယ်ရှေ့မှာ ဘွားရှိတယ်ဆိုတာမျိုးကိုသာ ကြားကြားနေခဲ့ရ
ပဲလေ။

ပန်းရဂုံမှ မိဆယ်၏ သွေးသားတွေကလည်း
အရှိန်ဖြင့်သာ မိဆယ်ကို ပေါ်တင်ကြီး အရမ်းမပြောရဲကြ
မထိခလုတ် ထိခလုတ် ပြောတာတို့၊ နှိမ်ချင်တာတို့ကို မိ
သိထားသည်။ သို့နှယ်လည်း ဘွားကလည်း မြင်နေတတ်သ
ပါပဲ။

တတ်နိုင်သလောက်တော့ ဘွား ဝင်မပြော။ အ
ထက်အလွန် ဖြစ်လာလျှင်သာ ဘွားမှ ဝင်ပြောတတ်။ ဟန့်
သည်။

ယခုတော့ ဘွားသည် မိဆယ်ကို ချန်ထားခဲ့ရစ်
နောင်တမလွန်ခရီးကို ထွက်ခွာမည့် နိမိတ်ဦးစကားများကို
လင့်ထားသလိုကြီး ပြောလာတော့ မိဆယ် ရင်ထဲမှာ ဘယ်
ဆောက်တည်ရာမရချင်။ ဘွားကို မိဆယ်မှ မခွဲနိုင်ဘဲလေ။

"ဘယ်ဟုတ်မလဲ မြေးရယ်၊ ဘွားက ဖြစ်တတ်တဲ့
ကိုပြောတာ၊ ဘယ်လောက်ပဲချစ်ချစ် အချိန်တန်ရင် သေ
တရားကို မလွန်ဆန်နိုင်ကြဘဲ ချစ်ကြသူတွေကို ချန်
ခွဲခွာသွားကြရတာ လူတွေနဲ့ ဒီလူ့ဘဝကြီးမှာ မပြောင်
နိုင်စွာ ရှိမြဲရှိနေမယ့် ဓမ္မတာပဲကွယ် ...



ဘွားက မြေးအတွက်ကို နောက်ဆံတင်းတယ်၊ ဘွားရဲ့သား၊ ဘွားရဲ့ချွေးမ၊ ဘွားရဲ့သမီး၊ သမက်တွေ အင်း ... အဲဒီက ပေါက်ဖွားတဲ့ ဘွားရဲ့မြေးတွေဟာ မိဆယ်လေးအပေါ် ဘယ်လိုသဘောထားကြတယ် ဆိုတာ ဘွား သိထားတယ်မဟုတ်လား၊ မြေးအတွက် ဘွား နောက်ဆံတင်းတာကို ဘယ်လိုမှ ဖြေဖျောက်ယူလို့ မရနိုင်ဘူး၊ ဘွား ရင်ထဲမှာ စိတ္တဇတစ်ခုလို အမြဲရှိနေခဲ့တယ်"

မိဆယ် တစ်ချက် မျက်လွှာချ၍ မျက်တောင်ကို
ခနဲခတ်သည်။ ဘွားသည် မိဆယ်ကို ချန်ထားရစ်ခဲ့ရတော့
ဟုများ စိတ်ထဲ မှတ်ယူ တုံးတုံးချနေချေပြီလား။

သွေးသွယ်သော လက်ချောင်းဖြူဖြူထက်မှ အကြော
အတန်ဖြိုင်းထနေပြီဖြစ်သည်။ ဘွား၏လက်ကို ထွေးဆုပ်ထား
မိဆယ် ရင်ထဲမှ ဟာစ်၍ ... ဟာစ်၍ ငိုနေမိပေမယ့် လက်
မှာတော့ ဘွား မျက်ရည်ကျလာမှာ စိုးတာကြောင့် အောင့်
ရသည်ပါပဲ။

"မြေးလေးမှာ ချစ်သူရယ်လို့လည်းမရှိဘူးဆိုတော့ ဘွား တစ်ခုစီစဉ်ထားခဲ့ချင်တယ်၊ မြေးလေးကို ဘွား စေ့စပ်ထားခဲ့ချင်တယ်၊ အိမ်ထောင်ချပေးခဲ့ချင်တယ်၊ သင့်တော်တဲ့ သူငယ်လေးကိုလည်း တွေ့ထားပြီးပါပြီ၊ သူ့ဘက်က လူကြီးမိဘနဲ့လည်း စကားကမ်းတယ်၊ မြေးလေး လက်ခံပါ မြေးရယ်၊ နာမည်ကို ဘွားပြောပြရင် မြေးလေး အံ့သြမှာ ဒါပေမဲ့ လောလောဆယ်မှာ ဘွား မပြောပြချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဘွား ပြုံး၍ကြည့်တော့ မိဆယ် ခေါင်း လေးယမ်းကာ ...

"ဟင့်အင်း ... မိဆယ် မစေ့စပ်ချင်ဘူး၊ လက်လည်းမထပ် ချင်ဘူး၊ ဘွားလည်း မသေရဘူး၊ ဘွားကို မြေး မခွဲနိုင်ဘူး ဘွား အဲသလို့ သေစကားမပြောပါနဲ့ ဘွားရဲ့ မြေးမှာ ဘွားပဲရှိတာ၊ ဖေဖေလည်း မိဆယ်ကို ငယ်ကတည်းက ထားရစ်ခဲ့ရတာ၊ မေမေဆိုတာ ဓာတ်ပုံကြောင့်သာ အမေ့ မှုံကို မြင်ဖူးရတာ၊ ဓာတ်ပုံသာမရှိရင် မိဆယ် မှတ်တောင် မှတ်မိမှာမဟုတ်ဘူး၊ မိဆယ်လေ ဘွားကို သိပ်ချစ်တာ ဘွားရဲ့"

ဟု ဘယ်လိုမှ ထိန်းမထားနိုင်တော့ဘဲ ပေါက်ပေါက် ကွဲကွဲလေး ငိုယိုပြောရင်းမှ မိဆယ် ဘွား၏ရင်ခွင်ထဲ ခေါင်း တိုးဝင်ရင်း တရှိုက်ငင်ငင်ဖြစ်ရပါပြီ။

မိဆယ်၏ ရင်ထဲမှာ ဘွားကို မခွဲနိုင်တာတစ်ခု သိနေတော့သည့်အဖြစ်။

"ဘယ်ဟုတ်မလဲ မြေးရယ်၊ ဘွားက မြေးအတွက် စိတ် ချထားချင်တယ်၊ မြေးအတွက်လေ ဘွား စိတ်ပူပြီး ငါ့မြေး ရင် ဆိုတဲ့ အတွေးနဲ့ အိပ်မရအောင် ဖြစ်နေရတဲ့ညတွေ မနည်းလှတော့ဘူး၊ ဘွား စိတ်ချပါရစေ ...

ဘွား သက်ရှိထင်ရှား ဘဝလေးမှာ ငါ့မြေးလေး အတွက် ရင်အေးရပြီဆိုပြီး ဘွား တရားအလုပ်လုပ်၊ အိပ် ရေးဝဝအိပ် ရတဲ့ ဘဝလေးနဲ့ နေပါရစေ မြေးလေးရယ် မြေးလေးကို ဘွား တောင်းပန်ချင်တယ်၊ ဘွား စကားကို နားထောင်ပါ မြေးရယ်၊ ဘွားကို ချစ်ရင် နားထောင်ပါ



ဟု ဘွား ပြောနေရင်းမှ အသံတုန်လာကာ မျက် ရည်တွေ ဖြာခနဲကျလာတော့ မိဆယ် အငိုတိတ်ကျသွားကာ ဘွား၏ မျက်နှာဖြူဖြူညှိုကို မော့ကြည့်မိသည်။ သက်ကြီးရွယ်အို ဘွား၏ နောက်ဆံငင်ရသည့် ချစ်ဓာတ်ဟုန် ပြင်းထန်သော ခံစား မှုများမှ ဖြာကျလာသော မျက်ရည်များကို မိဆယ် မြင်နေရပါ ပြီ။

မိဆယ်အတွက် ဘွား မျက်ရည်ကျနေခြင်းသည် ချစ်လွန်း၍။

ဟုတ်သည် ချစ်လွန်း၍ ဖြစ်ချေသည်တကား။

"ဘွား"

မိဆယ် အသံတိမ်လေးနှင့် ခပ်တိုးတိုးခေါ်သည်။ ဘွား၏ပေါင်ပေါ်မှာ ခေါင်းလေးကို ဖေးတင်ထားပြီး ဘွား၏ သဘီစဖြင့် မျက်နှာလေးကို ပွတ်လူးကာ မျက်ရည်ကို သုတ်ပစ် သည်။ ဒါပေမဲ့ မျက်ရည်က ပြန်ကျလာရသည်ပါပဲ။

မိဆယ်ဆိုတာ တော်ရုံနှင့်မငိုတတ်သည့် ဂျစ်တိုက် သော ကောင်မလေးဆိုတာ လူတွေ ာတ်မှတ်နားလည်ထားကြ သမယ့် တကယ်တမ်းမှာဖြင့် အရမ်းကိုခံစား၊ ကြေကွဲတတ်သော နှလုံးအိမ်လေးရှိနေတာကို ဘွား နားလည်မှာပါလေ။

"ဘွား တကယ်ပဲ အဲသလို စေ့စပ်ပေး လက်ထပ်ပေးလိုက် ရရင် အရမ်းကို စိတ်ချပြီး စိတ်ချမ်းသာမှာမဟုတ်လားဟင်၊ ဘွား မိဆယ်ကိုချစ်လို့ ဒီလိုစီမံချင်တယ်ဆိုတာလည်း မိဆယ် နားလည်နေပါတယ် ဘွားရယ်၊ ဘွား မိဆယ် အတွက် ရင်မအေးအောင်ဖြစ်ရတာကိုလည်း မိဆယ် သိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မိဆယ်လေ ဘွားကို ချစ်လည်းချစ်တယ်၊ ဘွား စကားနားထောင်ပါ့မယ်၊ ဘွား စိတ်အေးချမ်းသာ တရားအလုပ်လုပ်နိုင်အောင် မိဆယ်ကြောင့် ရတာက်မအေးရတဲ့စိတ်တွေ ငြိမ်းအေးရအောင် မိဆယ် ချစ်တဲ့ဘွားရဲ့စကားကို မိဆယ် နားထောင်ပါ့မယ်"

ဟု ပြောတော့ ဘွား အတန်ကြာ မိဆယ်၏မျက်နှာလေးကို ငုံ့မိုးကြည့်သည်။

နောက်တော့ ပိန်သွယ်နေသော လက်မောင်းများဖြင့် ငုံ့ကိုင်းပွေ့ယူပြီး မိဆယ်၏ကိုယ်လေးကို ရင်ခွင်မှာထားကာ မျက်ရည်များ တန့်ဆည်မရစွာ ဖြိုင်ကျလာရှာသည်။

"မြေးကို ဘွား ချစ်လွန်းလို့ စီမံတာကို မြေးလေး နားလည်ရှာတဲ့အတွက် ဘွား ဝမ်းသာတယ်၊ မြေးကို ဘွား သိပ်ချစ်တာပါ၊ ဘွားရဲ့သားငယ်အပေါ်မှာ ဘွား မာနတွေထားခဲ့မိတယ် ...

မိန်းမတစ်ယောက် မျက်နှာကိုပဲကြည့်ပြီး အိမ်ကထွက်သွားတဲ့သား၊ အမေကိုမှ မဆက်သွယ်တဲ့သားဆိုပြီး မျိုးဂုဏ်မာန၊ ပစ္စည်းဂုဏ်မာနတွေနဲ့ မောက်မာရင်း မာနကြီးမိခဲ့လေသမျှ သားငယ်မရှိတော့တဲ့အခါမှ ဘွားရင်တွေ မွမွကြေရတော့တာပဲ မြေးရယ်၊ မြေးအတွက် ဘွား တာဝန်ကျေခဲ့ချင်တယ်၊ ဒီလောက်ဂုဏ်မနေမောက်တဲ့ ဘွားရဲ့သားသမီး၊ မြေးရဲ့ဘကြီး ကြီးကြီးတို့လက်ထဲမှာ ဘယ်လိုမှ စိတ်မချနိုင်လွန်းလို့ပါကွယ် မြေးရယ်၊ မြေးလေးလိမ္မာတာကို ဘွားသိပါတယ်"



ဟု ပြောရင်း ဘွား ငိုရှာ၏။ ဖေဖေ့ကို သတိရ၍ ဆိုတာ မိဆယ် သိပါ၏။ ဖေဖေ ဘွား၏မျက်ကွယ်မှာ ဆုံးခဲ့တာကို ဘွား အရမ်းစိတ်ထိခိုက်ခဲ့ရှာသည် မဟုတ်ပါလား။

သားကို မတွေ့ရလေခြင်းဟု ယူကျုံးမရစိတ်ဖြင့် နဟူသမျှကို ဘွား လုံးဝစွန့်လွှတ်စွန့်ပစ်ခဲ့သည်ပဲလေ။

"မြေးလေးကို စိုးစိုးနဲ့ မေတ္တာမျှတယ်ဆိုရင်လည်း လူကြီးချင်း ပြောဆိုစေ့စပ်ထားလိုက်ကြဖို့ပါပဲ၊ ဒါပေမဲ့ မြေးကို ကြည့်ရတာ ဟုတ်မယ်မထင်တာနဲ့ မေးကြည့်တာ၊ အင်း ... ခုတစ်ယောက်ကလည်း တကယ့်ကို သင့်တော်တဲ့ သူငယ်လေးပါပဲ၊ မြေးရဲ့မွေးနေ့က လာမယ့် တနင်္ဂနွေနေ့မှာကျမှာ၊ အဲဒီနေ့မှာ စေ့စပ်တဲ့သတင်းကို ဘွား ကြေညာမယ်၊ တစ်ပတ်ကြာရင် လက်ထပ်ပွဲကျင်းပမယ် ...

လောလောဆယ် ပန်းရဂုံအိမ်သားတွေတောင် ဘွား အသိမပေးဘူး၊ ငွေချမ်းသာသလောက် ငွေကို အရမ်းမက်တဲ့ ဘွားရဲ့သားသမီးတွေအကြောင်း၊ မြေးတွေအကြောင်း ဘွား သိတယ်၊ ကပျက်ယပျက်ဖြစ်အောင် လုပ်ကြမှာ"

ဟု ပြောနေသည့် ဘွားကို မိဆယ် မော့ငေးကြည့်သည်ပါပဲ။

"မိဆယ် မြေးလေးကို ဘွားပြောပြချင်တယ်၊ ဒါပေမဲ့ မနက်ဖြန် ညနေမှ မြေးကို ဘွားရဲ့အခန်းထဲမှာ ဘွား အသိပေးမယ်၊ ကြိုသိရင် ပိုပြီး မြေးအနေခက်မှာ၊ သူငယ်လေးက မြေးကို အတော်ကြီးတန်ဖိုးထားရှာတာ၊ ဘွားတော့ဖြင့် အဲဒီလို တစ်ဖက်ကစကားကမ်းလာတုန်းကဖြင့် မြေး အတွက် ဝမ်းသာမိတာပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မိဆယ် တစ်ချက် တွေခနဲဖြစ်၏။ ဒါပေမဲ့ ဘယ်သူဆိုတာကိုလည်း မိဆယ် သိချင်စိတ်လည်းမရှိ။ ဘွား စိတ်ချလက်ချဖြစ်ဖို့ မိဆယ် ခေါင်းညိတ်လိုက်သည်ပါပဲ။ ဘယ်သူဖြစ်ဖြစ် မိဆယ် စိတ်မဝင်စား။

ဒါပေမဲ့ ဖျတ်ခနဲ အသိတစ်ခု ဝင်လာလျက်မှ အရေးတကြီး မေးမိလိုက်ရပါပြီ။

"ဘွား ... မိဆယ်ရဲ့မေမေဟာ ပန်းရုံမှာ အဆေအပါးအဖြစ် နေခဲ့ရတယ်ဆိုတာ အဲဒီမိသားစု သိရဲ့လားဟင်"

ဘွား မိဆယ်၏ မျက်နှာလေးကို ငုံ့မိုးကြည့်သည်။ လက်တောက်သော မျက်နက်ဝန်းလေးတွေကို တည့်မတ်စွာ ဘွား ငုံ့မိုးကြည့်ရင်းမှ တစ်ချက် ကျေနပ်စွာပြုံး၏။

"သိတာပေါ့ မြေးရယ်၊ အဲဒါသိထားတဲ့ သူငယ်လေးက မိဆယ်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး လက်ထပ်ချင်တာ၊ အဲဒါကို ဘွားကျေနပ်တယ်၊ ကျေနပ်နေတယ် မြေးလေးရယ်"

ဟု ပြောပြီး မိဆယ်၏နဖူးလေးကို ဘွား ဖွဖွလေး နမ်းသည်။ မျက်နှာကို လက်ဖဝါးဖြင့် ဖေးယူပင့်မော့၍ ...

"ဘွားရဲ့မြေးဟာ ဘွားအတွက်တော့ တစ်ပင်တိုင်မြနန်းက မင်းသမီးလေးတစ်ပါးပါကွယ်၊ မြေးအဘွားမို့ ဒီလိုတွေးတာမဆန်းဘူးလို့ မြေးလေး ထင်မှာပေါ့၊ အင်း ... အဲဒီ သူငယ်လေးကလည်း မြေးကို တော်ဝင်မင်းသမီးလေး တစ်ပါးကို တင်တောင်းသလို တင်တောင်းတာ၊ မြတ်နိုးစွာ



လက်ထပ်ခွင့်တောင်းတာ၊ အဲဒါကို မြေးရဲ့နောင်ရေးအတွက် စိတ်ချရတာကြောင့်ရော၊ သူ့မေတ္တာကို သိရတာကြောင့်ရော၊ ကျေနပ်ပီတိဖြစ်ရတယ်၊ ကြည်နူးရတယ် မြေး"

ဟု ပြောပြီး မိဆယ်၏ မျက်နှာလေးကို နမ်း၏။ နဖူးပြင်လေး။ ပါးပြင်လေးတွေကို ဘွား ခပ်ဖွဖွနမ်းရင်းမှ ဝမ်းသာလွန်းစွာ ငိုကြွေးပြန်တာကို မိဆယ် ငြိမ်သက်စွာ အနမ်းလေးခံယူရင်း တွေ့မြင်နေရတော့ မျက်ရည်လိုက်ကျလာမိရတော့သည်ပါပဲ။

ရင်ထဲမှာ နားလည်ပေးလိုက်ရသည်က မကြာလင့်မီ မိဆယ်ကို လူတစ်ယောက်နှင့် စေ့စပ်ပေးချေတော့မည်ဟု။

မိဆယ်၏ဘဝကို ပိုင်စိုးမည့် လူတစ်ယောက်သည် မိဆယ်၏ဘဝတွင်းသို့ တိုးဝင်ဖို့ နီးကပ်လာချေပြီတည့်။

ထိုသူ့ကို မိဆယ် ချစ်နိုင်ပါမည်တဲ့လား။

ဘွားကရော ဘာကြောင့် လျှို့ဝှက်ထားချင်ရတာလဲ။ မနက်ဖြန်မှ မိဆယ်ကို ပြောပြမည်တဲ့လေ။

ဘယ်သူနှင့်ပဲဖြစ်ဖြစ် မိဆယ်၏ဘွား စိတ်ချလက်ချဖြစ်ဖို့၊ မိဆယ် ခေါင်းညိတ်ဖို့ ဆုံးဖြတ်ထားပြီးခဲ့သည့်နောက်မှာ ထိုသူ့ကိုသိဖို့ ဘာမျှ အရေးမကြီးတော့။ ဒါပေမဲ့ မိဆယ်ကို ခွင့်မပန်ဘဲ လူကြီးချင်း အပိုင်ကိုင်၍ မိဆယ်၏ဘဝကို ပိုင်စိုးဖို့ ခြေလှမ်းခဲ့သည့် အတွက်တော့ ရင်ထဲမှာ တစ်ချက်နာကျင်ချင်၏။

ဘွားခေါင်းညိတ်လျှင် မိဆယ် ခေါင်းမညိတ်ဘဲ နေ၍မရတာကို သိ၍လည်း ဖြစ်ချင်ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ထိုသူ့နှင့်မိဆယ် ဘဝတစ်ခုမှာ လက်တွဲသွားရချေတော့မည်တကား။

အပျိုစင်လေး၏ ရင်မှာ စိတ်ရှုပ်နှောက်ကျိုလျက် ဘာတွေလာဖြစ်နေပါလိမ့်ဟု ပင်ပန်းစွာ တွေးဖြစ်နေချေသည်ပါပဲ။

ပျော်ရွှင်ရိပ်ဟူ၍ မြူမျှမရှိနေတာကိုလည်း အေးစက်နေသော ခံစားမှုဖြင့် နားလည်လိုက်ရသည်ပါပဲ။



## အခန်း(၂၀)

ခါတိုင်းနေ့များလို မိဆယ် ခြံထဲသို့ပင် မဆင်းဖြစ်။ စိုးစိုးထံသို့လည်း မိဆယ် မသွားဖြစ်။ ဘယ်ကိုမှမသွားဘဲ အခန်းထဲ အောင်းနေမိသည်ကိုက ဤညနေမှာ မိဆယ်နှင့် စေ့စပ်ပေးမည့် သူ၊ ဘယ်သူဆိုတာ ဘွား ပြောပြချမည်ဆိုသည့် အသိတစ်ခုဖြင့် စိတ်ရှုပ်နေ၍ပါ။

ရင်ထဲမှာ စိတ်လှုပ်ရှားမှု၊ ရှက်သွေးဖြာနေမှုတွေ ရှိမနေ။ ခံစားမနေရ။ စိတ်ရှုပ်နေတာပဲရှိသည်။

ဘွား စိတ်ချမ်းသာစေချင်၍သာ မိဆယ် ခေါင်းညိတ်လိုက်ရပေမယ့် မိဆယ်၏ ဘဝလေးကို လွတ်လပ်ပေါ့ပါးစွာပဲ အနှောင့်အယှက်ကင်းကင်းဖြင့် နေသွားချင်တာအမှန်။

စေ့စပ်ထားပြီဆိုကတည်းက မိဆယ်ဘဝ၊ တစ်ဝက်ကို ထိုသူက ပိုင်ချေမည်ပဲလေ။

ညနေကျတော့ ညစာစားပြီးတာနှင့် အပေါ်ထပ်သို့ မိဆယ် တက်ခဲ့သည်။

www.burmeseclassic.com



လေကားထိပ်မှာ ဘိုဘိုနှင့် ဆုံ၏။ ဆံပင်ကို သေသေသပ်သပ် ဖြီးထားကာ၊ ခုတလော ဘိုဘို ချည်ချောပုဆိုးတွေ ဘာတွေနှင့် စတစ်ကော်လာ အင်္ကျီလက်ရှည်လေးနှင့် အရမ်းကို လူရည်မွန်ပုံလေးပေါက်နေအောင် ဝတ်နေတတ်တာကို မိဆယ် သတိထားမိ၏။

ခါတိုင်းလို ဂျင်းဘောင်းဘီနှင့် ကြောင်ကျားကျား အင်္ကျီတွေကို မဝတ်။

"နေပါဦး မိဆယ်ရယ်၊ နင် ငါ့ကို စိတ်နာနေတုန်းပဲလား ဟင်၊ မေမေ နင့်ကို ပါးရိုက်တာ မြင်ခဲ့ရကတည်းက ရင်ထဲမှာ ငါ အရမ်းစိတ်မကောင်း ဖြစ်ခဲ့ရတာပါ၊ အခု နင် နေကောင်းလာတဲ့အချိန်၊ ကျောင်းပြန်တက်နိုင်တဲ့အချိန်ထိ ငါ စောင့်နေပြီးမှ ခုလို တောင်းပန်ရဲတာပါ မိဆယ်၊ ငါ မှားသွားတယ်ဟာ၊ နင့်ပါးမှာ မေမေ့လက်ချောင်းရာကြီး ထင်သွားတာ၊ မြင်နေရတဲ့ ငါ့ရင်ထဲမှာ ငါ့နှလုံးအိမ်ကို ရိုက်ထားသလို ခံစားရတာပါ၊ နင် ယုံပါ"

ဟု ဓွတ်တိုး၍ မျက်နှာပျက်ပျက်နှင့် တောင်းပန်လာတော့ မိဆယ် တစ်ချက်တန့်သည်။

ရှေ့အနာဂတ်ခရီးသည် မည်သို့ရှိလာချေမည်မသိ။ မိဆယ်ကို စေ့စပ်ပေးပြီးသည့်နောက်မှာ၊ ဘွားက လက်ထပ်ပေးမည့်ရက်ကို ကြာကြာဆွဲမထားတော့မှာကို သိထားရပြီးပြီ။ ပန်းရုံမှ မိဆယ် ထွက်ခွာသွားရချေဖို့ လမ်းများသည်။ ခွဲခွာရမည့်ကာလနှင့် အနီးတကပ်အချိန်လေးမှာ ရှိရခိုက်၊ တဖက်ရန်ဖြစ်မနေတာ ဘာကောင်းပါသည်လေဟု တွေးဖြစ်လျက် ...



"ပြီးခဲ့ပါပြီ ဘိုဘို၊ မိဆယ် အဲဒါကို မေ့ထားလိုက်ပါပြီ၊ ကဲ ... မိဆယ် သွားမယ်"

"မဟုတ်ဘူး မိဆယ်၊ နင် အခဲမကျေဘဲ ဖြစ်နေမှာကို ငါ စိုးရိမ်နေတုန်းပဲ၊ တကယ်မှ စိတ်ပြေတာဟုတ်ရဲ့လား"

ဟု မေးနေတော့ မိဆယ် ကြည့်သည်။ မညာတတ်သည့်အကျင့်က ငယ်ကျင့်လိုမို့ ...

"မေ့ထားတယ်ဆိုတာနဲ့ စိတ်ပြေတယ်ဆိုတာ တခြားစီပါ၊ မေ့ထားလိုက်ပေမယ့်၊ နင်နဲ့ငါကြားမှာက နင့်အမေရှိနေဦးမှာပဲ မဟုတ်လား၊ မတူမတန် စကားတွေပြောနေတာကိုလည်း ငါ ကြားနေရဦးမှာပဲ မဟုတ်လား၊ နာကြည်းခြင်းဆိုတာက ခေါင်းမာတတ်တာတော့အမှန်ပဲ၊ တော်ရုံနဲ့ ပြေပျောက်သွားနိုင်ခဲသားပဲ ...

ငါ့ကို ရိုက်ခဲ့တဲ့ လက်ချောင်းရာတွေ ငါ့ပါးပြင်မှာ လောလောဆယ် ရှာမတွေ့နိုင်တော့ပေမယ့်၊ ငါ့နှလုံးသားမှာ လက်ချောင်းရာငါးခုက ရှိနေတယ် ဘိုဘို၊ အဲဒါ ငါ့ကို ရိုက်တဲ့ လက်ချောင်းရာ မဟုတ်ဘူး"

မိဆယ် ပြောနေသမျှကို ဘိုဘို ထိခိုက်စွာ နားထောင်နေပါ၏။ မိဆယ် သက်ပြင်းရှိုက်မိသည်။ မိဆယ်မှ မလိမ်တတ်တာ ဘိုဘို ... ဟု တွေးမိရလျက်မှ ...

"ငါ့နှလုံးသားမှာ ထင်နေတဲ့ လက်ချောင်းရာငါးခုဟာ ငါ့အမေကို နင့်အမေက ရိုက်ခဲ့တဲ့ လက်ချောင်းရာတွေပဲ ဘိုဘို၊ ကဲပါဟယ် ... ငါ့ကို လမ်းဖယ်ပေးပါ၊ နင် ခုလို ငါ့အပေါ် စိတ်ပြောင်းလာတာ၊ ကြင်နာစိတ်ဝင်တာ၊ စာနာလာတတ်တာကို ငါ ဝမ်းသာပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... မကြည့်နဲ့ဘူး၊ ဒီလို နင်ပြောင်းလဲ
လေလေ နင့်အမေက ငါ့အပေါ်မှာ ပြောလာမယ့်စကားလေ
ဟာ ငါ့ရင်မှာ နာနာကျင်ကျင် တိုးဝင်လာနေစေလေ
ဖြစ်မယ်ဆိုတာကို ငါ ကြိုတင်နားလည်ထားလို့ပါပဲ"

ဟု ပြောပြီး မိဆယ် အခန်းရှိရာသို့ ဆက်လျှော
တော့ ဘိုဘို မျက်နှာမကောင်းဘဲ ကိုယ်ကို ဘေးသို့ဖယ်ပေးလိုက်
ရှာသည်ပါပဲ။

မိဆယ်ကတော့ နောက်ကို လှည့်မကြည့်တော့ဘဲ
အခန်းတွင်းသို့ ဝင်ကာ ခုတင်ပေါ်လှဲ၍ စိတ်မောကိုယ်မောဖြင့်
မျက်စိကို စုံမှိတ်ထားလိုက်ရပါ၏။

နာရီဝက်လောက်ပဲ ကြာမည်။ ဒေါ်ကြီး မိဆယ်ထံ
လာခေါ်၏။

"အစ်မကြီးက မိဆယ်ကို အခန်းလာခဲ့ပါတဲ့"

ဟု ပြောတာမို့ မိဆယ် စိတ်ညစ်ညစ်နှင့် ထထိုင်
ခိုက်မှာပဲ ...

"အဝတ်အစားလဲလာဖို့ အစ်မကြီးက ခပ်တိုးတိုးမှာတယ်"

ဟု တိုးတိုး ဆက်ပြောလာတာနှင့် ...

"ရပါတယ် ဒေါ်ကြီးရာ၊ ဘွားဆီ သွားတာပဲ"

ဟု ပြောပြီး မိဆယ် ထထွက်ခဲ့ပါ၏။

မိဆယ်နှင့် ဘွား သဘောမျှထားသည့် လူ၏အမည်
ကို ဘွား ပြောပြမည့်ကိစ္စကို သွားနားထောင်ရသလိုကြီးမို့ မိဆယ်
စိတ်ထဲ ရှုပ်ထွေးနေသည်။ ဘွား ခေါ်တာဆိုတော့လည်း မသွားဘဲ
နေ၍မဖြစ်။



ဘွား၏အခန်းတံခါးရွက်ကို ခပ်ဖြည်းဖြည်းတွန်း
ဖွင့်၍ မိဆယ် ဝင်လိုက်တော့ ဘွားအခန်းရှိ ဆိုဖာဆက်တီကြီး
ဆက်မှာ ကိုကြီးနှင့် အဘွားနှင့်ရွယ်တူ အမျိုးသမီးကြီးတစ်ဦးကို
မိဆယ် တွေ့ရပါ၏။ ပန်းရဂုံသို့ ကိုကြီးနှင့် သူ့အဘွားဟု
ဆင်ထားမိသော ဘွားဘွားတို့ အလည်ရောက်လာကြသည့်ထင့်။

ကိုကြီးက ရခိုင်ပုဆိုး ရှားညိုရောင်နှင့် ပိုးသားလည်
ကတုံး ရှပ်လက်ရှည် နံ့သာရောင်ကို ဝတ်ထား၏။ ခါးတိုင်းလို
အနောက်တိုင်းဝတ်စုံနှင့် မဟုတ်တာမို့ ပို၍ နုပျိုသွားသယောင်
ပါ။

ဘွားနှယ်ပင် ဖြူနေပြီဖြစ်သော ဆံပင်နွယ်များကို
ဆွဲဘီးကြီးဖြင့် ဘီးကျောပတ်ထားလျက် ပိုးထည်ရင်ဖုံးအင်္ကျီ
လက်ရှည်၊ ဇင်းမယ်ထဘီငွေချည်ထိုး မှိုင်းရင့်ရင့် အညိုသွေးဖြင့်၊
သားရေလက်ပွေ့အိတ်ကြီးကို ပိုက်ထားကာ၊ အသွေးကောင်း
တွေ့မြားနားကပ်ကြီးနှင့် အရည်လဲ့ပြေးနေသော ပတ္တမြားလက်စွပ်
ကြီးဖြင့် ရှိနေသော ကိုကြီး၏အဘွား။

လက်ထဲမှာလည်း ပတ္တမြားစီလက်ကောက်ကို ဝတ်
ထား၏။ အသားအရေ ဖြူဥနေလျက် ရုပ်ရည်ကလည်း ခန့်သန့်
သာ ကျက်သရေရှိနေတာအမှန်။

အိမ်နေအင်္ကျီဘလောက်စ် အဝါနုလေးနှင့် ပါတိတ်
ထဘီအဝါကွက်လေးများပါသည့် အဝတ်လေးဖြင့် အခန်းတွင်းသို့
ဝင်လာသည့် မိဆယ်ကို သူ လှမ်းကြည့်မိစဉ်ခိုက်မှာ မျက်ဝန်းရိပ်
မှာ နူးညံ့သိမ်မွေ့စွာ ကြင်နာရိပ်လွှမ်းခြုံ၏။ ဘွားကတော့ မိဆယ်
ကို လှမ်းကြည့်ရင်းမှ ...

www.burmeseclassic.com



"လာခဲ့ မြေး၊ ဒီမှာ မြေးကိုတွေ့ဖို့ မြေးရဲ့ကိုကြီး
ကိုကြီးရဲ့ဘွားဘွား ဒေါ်သီရိ စောင့်နေတာ၊ ဘွားသီရိရဲ့
ခေါ်ပေါ့ ဟုတ်လား၊ ကဲ ... မယ်သီရိ အဲဒါ ကျုပ်ရဲ့မြေး
အထွေးမ မိဆယ်ဆိုတာ၊ ကျောင်းနာမည်က သွန်းသက်
လေ၊ သားငယ် ကျန်ခဲ့တဲ့ သမီးလေးပေါ့"

ဟု ပြုံး၍ပြောတော့ ဘွားသီရိမှ ရွှေကိုင်းမျက်မှန်
လေးဖြင့် လှမ်းကြည့်ရင်းမှ ...

"မျက်လုံးနဲ့ နှုတ်ခမ်းလေးက ကိုကိုလေးအတိုင်းပါလား
မမကြီးရယ်၊ အင်း ... ဒီကလေးနှစ်ယောက်က ဘဝ
တွေပါ၊ မိဘများရှိကြတော့တာမှ မဟုတ်ချေဘဲလေ၊ ငါတို့
မိဘနေရာ ဘွားအေနေရာ နေနေကြရတာ၊ ခုလည်း
ဒီမြေး တယ်လီဖုန်းနဲ့ တဂျီဂျီပြောလွန်းလို့ ကြာရင် ငါ့မြေး
အသက်တိုတော့မှာပဲဆိုပြီး မိုးကုတ်က ပြေးလာခဲ့ရတော့
တာ၊ အင်း ... ဘွားရဲ့မြေးမလေးကဖြင့် ချစ်စရာလေးကိုး
လာပါဦး ဘွားဆီကို"

ဟု ချစ်စနိုးလေးခေါ်နေတော့ မိဆယ် တစ်ချက်
တွေခနဲဖြစ်ရပါပြီ။ ရင်ထဲမှာ တစ်ခုခုကို နားလည်လာသလိုရှိလာ
ရပြီ။ ဖျတ်ခနဲ ကိုကိုကြီးကို ကြည့်မိတော့ ငြိမ်းအေးသော မှုိင်း
အကြည့်ဖြင့် ရွှန်းရွှန်းစားစားကြီး ပြုံးကြည့်နေတာကို မြင်ရပါ၏။

ဘုရားရေ ... မိဆယ်ကို စေ့စပ်မည့်သူဆိုတာ
စေ့စပ်မည့်လူဆိုတာ ကိုကြီးများလား။

ကိုကြီး၏အဘွားသီရိက မိုးကုတ်မှ ဘာကိစ္စနှင့်
အရေးတကြီး ရောက်လာရပါသလဲ။



မိဆယ်စိတ်ထဲ အနေခက်နေရလျက် ကိုကြီး၏
ဘွားဘေးမှာရှိသည့် ဆိုဖာမှာ ထိုင်လိုက်ရသည်။ ကိုကြီး၏
ဘွားသီရိက ထိုင်ခိုင်းနေပြီကိုးလေ။

"မြေးလေး"

ဘွား ခပ်တိုးတိုးခေါ်တော့ မိဆယ် ကြည့်မိရပါပြီ။
"မြေးလေးကို ဘွားပြောခဲ့တဲ့ ဘွားစိတ်ချစွာ မြေးဘဝကို
လုံလုံခြုံခြုံ အေးအေးချမ်းချမ်း စောင့်ရှောက်မယ့်သူဟာ
ဒီက မောင်ကိုကိုပဲ မြေး၊ အခု ဘွားရဲ့အခန်းမှာ မောင်ကိုကို
ရဲ့ဘွား ဘွားသီရိရယ်၊ မြေးရဲ့ဘွားရယ်၊ မောင်ကိုကိုရယ်၊
မြေးရယ် ဒီလေးယောက်တည်းနဲ့ စေ့စပ်ခြင်းကို ဘွား
အထိမ်းအမှတ်ပြုမယ်၊ ဘွားသီရိမျာ မိုးကုတ်ကကို လာ
ရရှာတာ မြေး ...

ကဲ ကဲ ... မောင်ကိုကို ဘွားတို့ နှစ်ဖက်ဘွားအေ
များရှေ့မှာ မြေးလေးကို စေ့စပ်လက်စွပ်ဝတ်ပေးခွင့် ဘွား
ခွင့်ပြုပါတယ်ကွယ်"

ဟု ပြောတော့ မိဆယ် ခေါင်းလေးငုံ့ချလိုက်မိရပါ
ပြီ။ အရမ်းကို အံ့သြဖို့ကောင်းနေသည်။ ဤသူက မိဆယ်ကို
ချစ်မြတ်နိုးစွာ လက်ထပ်လို့သတဲ့လား။ မိဆယ်ကို ဘာမှလည်း
ခွင့်မပြောခဲ့။ ဂရုစိုက်တာ၊ သနားကြင်နာစွာ ပြောဆိုတတ်၊
ကြည့်တတ်၊ စာနာပေးရတတ်တာတွေ၊ စိတ်ပူခဲ့တာတွေကိုတော့
မိဆယ် တွေ့မြင်ခဲ့ဖူးသည်။

ဒါပေမဲ့ ... ချစ်ရိပ်ချစ်ငွေ့များကို ကိုကြီးထံမှ မိဆယ်
တယ်တုန်းကမှ မတွေ့မိဖူးခဲ့။ မရိပ်စားမိဖူးခဲ့။ မိဆယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကို စေ့စပ်ထားမည့်ကိစ္စကို ပန်းရုံမှာ ဘယ်သူ့ကိုမှ ဘွား အသိမပေးဘဲ အရမ်းကို လျှို့ဝှက်သိုသိပ်ထားတာကိုက အေးမြ ဖြူနှင့် အရမ်းကို ရင်းနှီးစေချင်သည့် ကြီးယဉ်၏အကြောင်း ဘွား သိထားတာကြောင့်မို့လား။

လောလောဆယ်မှာတော့ မိဆယ်သည် အံ့ဩစိတ် နှင့်အတူ အနေခက်ခြင်းဆိုတာကို ရောနှောခံစားရင်းဖြင့် ခေါင်း မမော့ရဲလောက်အောင် ဖြစ်နေမိရသည်ပါပဲ။

"မြေးက ခုမှ သိရတာ"

ဟု ဘွားပြောနေသံကို မိဆယ် ကြားနေရသည် မိဆယ်၏အနီးသို့ ကိုကြီး လျှောက်လာသလို မိဆယ် သိနေရ ရှားညိုရောင်ပုဆိုး၏ အနားစကို မြင်နေရသည်။

ဖြူလျက် သန့်ရှင်းနေသော ခြေဖမိုးအစုံ မိဆ သောမှာ ရပ်လိုက်တာကိုလည်း ကြမ်းပြင်ကို ငုံ့ကြည့်နေသ အကြည့်တွေဖြင့် တွေ့နေရသည်ပါပဲ။

သူကိုယ်တိုင်ကလည်း မိဆယ်၏ ဝင်းနုန ရွှေရည်ရိပ်ဥနေသည့် မျက်နှာလေးကို ငုံ့မိုး၍ စိတ်လှုပ်ရှား မြတ်နိုးလွန်းစွာဖြင့် ကြည့်ရင်းမှ ...

"မိဆယ် ..."

ဟု ခပ်တိုးတိုးခေါ်၏။ အသံတွင် စိတ်လှုပ်ရှား များသည် နူးညံ့ခြင်းဖြင့်အတူ တိုးတိုးသက်သက် စီးမျောပါလာသ အဖြစ်။ ဤယမင်းရုပ်လေးကို သူ ပိုင်ဆိုင်ရချေတော့မည်သာတ ရင်ထဲတွင် ကြည်နူးချမ်းမြေ့ခြင်းသည် အင်အားနှင့် နက်ရှိုင်း တည်ရချေသည်ပါပဲ။



မိဆယ်၏ လက်ဖမိုးဖြူဥဥလေးတွေကို အညင် သာ သူ ထွေးယူလိုက်ပြီးမှ ချွေးစေးလေးတွေ စေးထန်းထန်း စ်စပြုနေသည့် လက်လေးကို ဆွဲဖြန့်လိုက်မိသည်။ လက်သူ ကြွယ်လေးကို သူ့လက်တွေက သိမ်မွေ့ညင်သာလွန်းစွာ ဖေးကိုင် ထားလိုက်ပြီးမှ အရည်သွေးကောင်း ပတ္တမြားလုံးချော၊ ပိုးကြိုးခွ ထားသည့် စေ့စပ်လက်စွပ်ကို ဝတ်ဆင်ပေးမိလိုက်ရပါပြီ။

"ဒါ ... ငါ့ဘဝကို ပိုင်စိုးမယ့်၊ ငါကလည်း ပိုင်ဆိုင်သွား ရမယ့် ငါ့ရဲ့မိဆယ်လေးပါလား"

ဟု တွေးနေ၊ နားလည်နေမိရသည်ကိုက ရင်ထဲမှာ အကြည်နူးကြီး ကြည်နူးရ။ ငြိမ်းချမ်းစွာ တစိမ့်စိမ့်ချစ်စိတ်တွေ လှုပ်ရှားစွာ တိုးလာရ။ ရင်တွေ နွေးထွေးရှိန်းမြစွာ လှုပ်ရှားနေမိရ သည်မှာ အမှန်ပါ။

စေ့စပ်ပွဲလေးသည် နှစ်ဖက်မှ အဘွားနှစ်ဦးတည်း ဖြင့်ပင် တိတ်ဆိတ်စွာ၊ အေးချမ်းစွာ ငြိမ်သက်စွာ ဖြစ်တည်နေရချေ ပြီတည့်။

မလိုလားသော မျက်ဝန်းအကြည့်များ၊ ရန်လိုမှုများ ပိတ်ဖုံးနေသည့် တည်တင်းသော နှုတ်ခမ်းများ၊ သူစိမ်းပြင်ပြင်ရှိ သော ခံစားမှုများဖြင့် ပိတ်ဖုံးသော ပန်းရုံအိမ်သားများ ရှိမနေကြ။

ဘွားက မိဆယ်ကို ကတ္တီပါဘူးလေးကို ကမ်းပေး သည်။ အထဲမှာ ဘာရှိနေချေမည်ဆိုတာ မိဆယ် သိနေ၏။ မိဆယ်၏လက်လေးတွေ ဘူးလေးကို ဖွင့်လိုက်တော့ တောက်ပ နေသော စိန်တလုံးမြှုပ် လက်စွပ်တစ်ကွင်း။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ် ဘာလုပ်ရမည်ဆိုတာ နားလည်နေမိရပြီး သည့်နောက်မှာ ဘွားကို တစ်ချက် မိဆယ် လှမ်းကြည့်မိသည်။ အရမ်းကို ပျော်နေသည့် ဘွား၏မျက်ဝန်းတောက်တောက်တွေ၊ အပြုံးလန်းလန်းတွေ၊ ဘယ်တုန်းကမှ မမြင်ရသည့် စိတ်အေးချမ်းသာလွန်းစွာဖြင့် ရှိနေပါသည့် အရိပ်တွေကို မိဆယ် တွေ့မြင်နေရသည်။ ဘွား ငါ့အတွက် နောက်ဆံတင်းနေရတဲ့ ခံစားမှုတွေက ကင်းလွတ်သွားရတဲ့ အပြုံးတွေ အကြည့်တွေပါလား ဟု မျက်ရည်ဝဲစွာဖြင့် မိဆယ် ငေးကြည့်ရင်း နားလည်နေမိရပါ၏။ မိဆယ် ကိုကြီးကိုမော့မကြည့်မိပါ။ မကြည့်ရဲ၍လား။ ရှက်နေ၍လား။ မိဆယ် မသိ။ ကြည့်ဖို့ဝန်လေးနေမိရလျက်မှ ကိုကြီး၏ ဘယ်လက်သူကြွယ်မှာ စေ့စပ်လက်စွပ်ကို မိဆယ် ဝတ်ပေးလိုက်ရပါပြီ။

ကိုကြီး၏လက်တွေ တစ်ချက်တုန်သလို ဖြစ်သွားတာကို မိဆယ် သိလိုက်ရသည်။ ဖျတ်ခနဲ မော့ကြည့်မိတော့ မိဆယ်၏ မျက်နှာလေးကို ငုံ့မိုး၍ ခပ်ငေးငေးကြည့်နေသည့်အကြည့်ကို တွေ့ရပါ၏။ မျက်ရည်ကြည်တွေ မသိမသာလဲ့နေသည်ဟု မိဆယ် ထင်သည်။ ကိုကြီး၏ နှုတ်ခမ်းတွေ ပြုံးလာလျက်မှ ...

"ဆက်ဝတ်ပေးလေ"

ဟု ခပ်တိုးတိုးပြောလာသံက သိမ်မွေ့ငြိမ်းအေး၏။ မိဆယ် ခေါင်းလေး ပြန်ငုံ့လိုက်ကာ လက်စွပ်လေးကို ပြီးအောင် ဝတ်ပေးလိုက်မိရပါပြီ။

မိဆယ် ထိုင်နေသည့် နှစ်ယောက်ထိုင် ဆိုဖာကြီးမှာပဲ ကိုကြီး ထိုင်ချလိုက်စဉ်ခိုက်မှာ ဘွားနှစ်ယောက်၏မျက်ဝန်းတွေမှာ ကြည်နူးမျက်ရည်တွေ ဝေနေကြပြီ။



တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြကာ ဘွားနှင့် ဘွားသီရိတို့ ထရပ်ကြပါ၏။

"ခြံထဲခဏဆင်းကြတာပေါ့ မယ်သီရိရယ်၊ လာ"

ဟု ပြောကာ ဘွား အလျင်ဦးဆောင်၍ အခန်းတွင်းမှ ထွက်တော့ ဘွားသီရိမှ ပြုံး၍ အခန်းတွင်းမှ ထွက်သည်။

"မိဆယ်"

မိဆယ်၏ လက်လေးကို ထွေးဆုပ်၍ သူခေါ်တော့ မိဆယ် တစ်ချက်မော့ကြည့်သည်။

မှုပိုင်အေးချမ်းတည်ငြိမ်သော အပြုံးကို မိဆယ် မြင်လိုက်ရပါ၏။ မိဆယ်၏လက်တွင်းမှ ပတ္တမြားလက်စွပ်လေးကို ငုံ့မိုး၍ သူ ကြည့်သည်။ လက်လေးကို ခပ်ဖြည်းဖြည်းပင့်ယူသည်။ နောက်တော့ ...။ နောက်တော့ ... မိဆယ်၏လက်ဖမိုးလေးကို သူ ဖွဖွညင်ညင် နမ်းရှိုက်လိုက်ပါ၏။ ပူနွေးသော သူ့နှုတ်ခမ်းသည် နူးညံ့လွန်းစွာပဲ လက်ဖမိုးထက်၌ ဖေးဖေးတင်တင် ...

နောက်တော့ မိဆယ်၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်ပင့်မော့စေလိုက်ကာ ငုံ့ငို၍ စိတ်လှုပ်ရှားစွာကြည့်သည်။

"ကိုကြီး အရမ်းကို မျှော်လင့်ထားတာတွေ၊ တကယ်ပဲ ဖြစ်လာပြီ မိဆယ်၊ မိဆယ်ကို ကိုကြီး သိပ်ချစ်တယ်၊ အရမ်းကို မြတ်နိုးတယ်၊ ကိုကြီးရဲ့ဘဝထက် မိဆယ်ဟာ ကိုကြီးအတွက် အရမ်းအရေးကြီးတယ်၊ ဘယ်လိုချစ်မှန်း မသိအောင်ကို ချစ်တယ် မိဆယ်လေးရယ်၊ အဲဒါကို ယုံနော်၊ ချစ်လွန်းလို့၊ ဘွားကို အတင်းနားပူနားဆာလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဘယ်တုန်းကလဲ သိလားဟင်၊ မိဆယ်လေး ဆေးရုံ တက်ကတည်းကပေါ့၊ မိဆယ်ကိုလေ၊ ကိုကြီး ဘယ်လိုမှ အဆုံးရှုံးမခံနိုင်အောင် ချစ်တာပါ ကလေးရယ်၊ ချစ်ရတာ ပါဗျာ"

ကိုကြီး၏အသံတွေ လှိုက်ခါလျက်မှ ကိုကြီး၏မျက်နှာ ငိုက်ကျလာကာ မိဆယ်၏နဖူးပြင်ထက်သို့ မြတ်နိုးသူ၏ အနမ်းဦးအဖြစ်၊ အနမ်းဖူးတစ်ပွင့်သည် နူးညံ့စွာ ကျရွေ၏။



## အခန်း(၂၁)

"ဟင် ... ဘွားရယ်၊ မိဆယ် အဲသလိုမှ မနေတတ်တာ၊ စိတ်ရှုပ်တယ် ဘွားရဲ့"

ပိုးချိတ်ထဘီ အဖြူလေးက အရမ်းကိုနူးညံ့လျက် အရမ်းကိုလည်းလှသည်။ ဖြူနုလွန်း၍ အရည်တလဲ့လဲ့ ပြေးနေသည်ပါပဲ။ ပိုးရင်စေ့လက်ရှည် လည်ထောင်လေးမှာ အရည်ကောင်း ပုလဲကြယ်သီးတပ်ထားပြီးသားပါ။ ပုလဲကြယ်သီးလေးက လက်ရာ ကောင်း ရွှေရည်ကောင်း ပန်းတိမ်လက်ရာလေးဖြင့် ဖွေးဖွေးဆွတ် အောဖြင့် ရွှေစင်သားခြံရံလျက် ရှိနေပါ၏။

ပုလဲကို လှပစွာ ရွှေဖြင့် ပုံသွင်းဖော်ထားသည်က ကြာပွင့်လွှာများနှယ်မို့ ပန်းထိမ်လက်ရာ မြောက်လွန်းလှသည်ပါပဲ။

ဆံပင်ထူအုပ်အုပ်လေးကို ပုလဲဆံကုပ်လေးဖြင့် ချစ်စဖွယ်လေးထိန်းအုပ်ထားပြန်သည်မို့ အရမ်းကိုချစ်ဖို့ကောင်းနေသည့်မြေးလေးကို ဘွား ပြုံး၍ ကြည့်မဝနိုင်သလိုပဲဖြစ်ရပါ၏။

ပုလဲရင်ထိုး၊ ပုလဲလည်ဆွဲ လှလှလေးနှင့် ပုလဲလက်ကောက်လေးကို မိဆယ်အားဆင်ပေးသည်။ ရတနာတွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တုန်းကမှ ဝတ်ဆင်တာမျိုးလည်းမရှိ။ စိတ်လည်းမဝင်စားသောမြေး။

ခုလည်း အဘွားလုပ်သူက ဆင်ထားသည်မို့သာ စိတ်ရှုပ်ထွေးပုံလေးဖြင့် ဝတ်ထားရှာပေမယ့် စိတ်ထဲမှာ အနေကျုပ်နေသည့်အသွင်။

လောဘတရားကင်းစင်လျက် အရမ်းကို ဖြူစင်သောမြေးလေးကို ဘွား ချစ်၍မဝ။

မျက်နှာမှာ သနပ်ခါးလေးဝင်းမွှန်နေအောင် လိမ်းထားလျက် ပေါင်ဒါပါးပါးလေး တို့ပတ်ဖြင့် တို့လိုက်တာနှင့်ပဲ မိဆယ်၏ ဝင်းအိအိအလှလေးက ခေါင်းတမော့မော့နှင့် ကြွားခြင်းမကကြွားနေပြီ။

ပင်ကိုသွေးနှုတ်ခမ်းရဲရဲလေးကို ပန်းနုရောင်ပြေပြေလေးပဲဆိုးဖို့ ဘွားမှ ရွေးချယ်ပေး၏။ နှုတ်ခမ်းဆိုးဆေးဆိုတာ မိဆယ်မှ ဆိုးဖို့ စိတ်မဝင်စားသောပစ္စည်းမို့ ဘွားမှ ရယ်မော၍ ကိုယ်တိုင်ပဲဆိုးပေးရပါ၏။

"အင်း ... ဒီမြေးကလေးကဖြင့် မျက်နှာပြောင်လေးနဲ့ အလှမခြယ် ဘာမခြယ် ရှိထားလေသမျှ ခုမှပဲ အလှအပပစ္စည်းလေးတွေနဲ့ ထိတွေ့ရရှာတော့တဲ့ အသားဖြစ်တော့တာပဲ"

ဟု ရယ်၍ ဘွားပြောပါ၏။

ပန်းရဂုံမှာ မိဆယ်၏ ဆယ့်ကိုးနှစ်မြောက် မွေးနေ့ပွဲလေးကျင်းပဖို့ ဘွား စီစဉ်ပေးတာကို ကြီးညိုတို့၊ ဘဘထွန်းတို့က အလုပ်ပိုတွေဟု မှတ်ယူထားပုံလည်းရ ...



စိတ်လည်းမဝင်စားကြတာ မိဆယ် သိပါသည်။

ဒါပေမဲ့ ဘွား စီစဉ်တာမို့ မွေးနေ့ပွဲမှာတော့ ရှိနေကြသည်ပါပဲ။ မနေဘဲ တခြားသွားဖို့ ခရဲကြ၍ဆိုတာ မိဆယ် သိပါသည်။

မွေးနေ့ပွဲ ကျင်းပပေးသည်ဆိုပေမယ့် လူတွေ အရမ်းများများစားစားကြီး ဖိတ်တာမျိုးမဟုတ်။ ဘွားဘက်မှ မိတ်ဆွေတချို့၊ ဘွားသိရှိ၏မိတ်ဆွေအချို့၊ ကိုကြီး၏မိတ်ဆွေတချို့လောက်ပါ။ မိဆယ်မှ မွေးနေ့ဆို၍ ဖိတ်ထားရသည်က စိုးစိုး။ ဤတစ်ယောက်ပဲ မိဆယ်၏မိတ်ဆွေသူငယ်ချင်းဟူ၍ ရှိသည်ပဲလေ။

ပြီးတော့ အန်ကယ်ထက်နှင့် အန်တီဆွေတို့၊ လေးလေးခိုင်တို့ပဲရှိသည်။ ကျန်တာကတော့ ပန်းရဂုံအိမ်သားများသာ။

"ကဲ ... မိဆယ် အောက်ထပ်ဆင်းရအောင်၊ လူတွေစုံပြီ၊ ဘွားရဲ့မြေးလေး ဘယ်လောက်လှတယ်ဆိုတာ မြင်သူတိုင်းငေးခနဲဖြစ်ကြရမှာ"

ဟု ဘွား ပြုံး၍ပြောတော့ ပေကတ်ကတ်ပုံလေးဖြင့် နောက်လေးတွန့်လျက် ...

"ဘာတွေလဲ မသိဘူး ဘွားရာ၊ မိဆယ် ဒီဥစ္စာတွေနဲ့ စိတ်ကိုကျုပ်ရောပဲ"

ဟု ဘွားဆင်ပေးတာမို့ မငြင်းသာဘဲ ဝတ်ထားရပေမယ့် ပေတေတေလေးတော့ တစ်ချက်ပြောမိသေးသည်။ ဒေါ်ကြီးမှ ရယ်လျက် ...

"ပုလဲနှစ်လေးလိုပဲ မိဆယ်လေးရယ်၊ လှလိုက်တာ၊ အဟုတ်၊ ပုလဲဆံကုတ်လေးကလည်း လှမှလှ"

www.burmeseclassic.com

www.burmeseclassic.com



တကယ့်အရည်အသွေးကောင်း ပုလဲများကို ရွှေစင်ဝင်းဝင်းဖြင့် လက်ရာမြောက်ပန်းထိမ်မှာအပ်၍ လုပ်ခိုင်းထားသည့် လက်ရာများမို့ အရမ်းကို လှနေတာလည်းအမှန်ပါ။

မိဆယ် လေ့ကားကြီးအတိုင်း ဘွားလက်ကိုဆွဲ၍ မျက်နှာလေး ရဲအမ်းအမ်းကြီးဖြင့် အနေခက်စွာ ဆင်းလာတော့ ဘယ်သူ့ကိုမှ မကြည့်ရဲ။

ဧည့်ပရိသတ်ထဲမှ လူတွေကတော့ မွေးနေ့ရှင် မိန်းကလေးကို လှမ်းကြည့်နေကြပြီ။ ဘွားသိရှိမှ သူ့ဘေးမှာရပ်လျက် မြေးချွေးမလောင်းလေး၏အလှကို ကြည်ကြည်နူးနူးကြီး ကြည့်နေပါပြီတည်း။

သူ၏ရင်ထဲမှာဖြင့် မြတ်နိုးမှုတွေ ပိုတိုးလာရလျက် ကြည့်မဝနိုင်တော့။

ရင်စေ့အင်္ကျီလေးနှင့် ပိုးချိတ်ဖြူလေးကို ဝတ်ထားလျက် တကယ့်ပုလဲနှစ်လေးနှယ် ဖြူဖြူစင်စင်လေးကို လှနေပါသည့် မိန်းကလေး။

ဩော် ... သူ၏ဘဝသခင်၊ ချစ်ရသူလေး။

ဖြူဥနေသော ပုလဲများထက်ပင် မိဆယ်၏အလှလေးတွေက နုနုစင်စင်လေးနှင့် နူးညံ့ထွေးအိနေသည်ပါပဲ။

"မိဆယ်လေးရယ်"

ဟု ချစ်မဝနိုင်စွာ ရင်မှာ ခေါ်မိလျက် မြတ်နိုးမဆုံးနိုင်စွာ ကြည့်နေမိရပါ၏။

ဘွားမှ သူ့လက်မောင်းကိုပုတ်၍ မိဆယ်ထံ တူတူသွားကြဖို့ ခြေလှမ်းခိုက်မှာပဲ စိုးစိုး၏ ဒက်ဒီနှင့် မာမီတို့ အလျင်ရောက်သွားကြလျက် ...



"ဘွားရေ ... ကျွန်တော်တို့ရဲ့သမီးလေး မိဆယ် ဒီလောက်လှတာ ဒီနေ့မှ ပိုသိရတော့တယ်ဗျာ၊ မိဆယ်လေး ချောတာတော့သိပါတယ်၊ ဒီနေ့ပိုလှနေတယ်ဗျ၊ ဒီအဝတ်အစားနဲ့ဆိုတော့ ကျွန်တော်တို့သမီးလေး မင်းသမီးလုပ်လို့ရပြီဗျ"

ဟု ရယ်မောရ၍ စိုးစိုး၏ဒက်ဒီလုပ်သူမှ ပြောနေတာကို သူ ကြားရခိုက် ရင်ထဲမှာ တစ်ချက် တစ်မျိုးဖြစ်၏။ သူ၏မိဆယ်ကို သူပဲအလှကြည့်မည်ပေါ့။ မင်းသမီးဆို အားလုံးက ဝိုင်းကြည့်ဖြစ်ကြမှာကို ကြို၍ သဝန်တိုချင်ချင်ဖြစ်လာရပြီ။

ဤအဖြစ်ကလည်း သူ့အတွက် ထူးဆန်းသည်။ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်၍ ပထမဆုံးခံစားရသော ခံစားမှု။ မိဆယ်တစ်ယောက်ကိုပဲ သူ ချစ်မြတ်နိုးရသည်နှင့်အမျှ ဤအကြိမ်တွင် ပထမဆုံးအကြိမ်အဖြစ်လည်း သဝန်တိုခြင်းဆိုသည့်အရာကို စတင်ခံစားမိလာရသည့်အဖြစ်။

စိုးစိုးကိုကြည့်တော့ ခပ်ငေးငေးကြည့်နေတာကို မြင်၏။

ဘတ်(သ်)ဒေးပရဲဆင့်ကိုလည်း စိုးစိုးပေးနေတာကို သူ မြင်သည်။

စိုးစိုးကိုယ်တိုင်လည်း မိဆယ်၏ ပိုးထည်မြန်မာဝတ်စုံလေးနှင့် အရမ်းကို ချောမွန်ညက်စွာလှနေသည့် အလှတရားကို မိန့်မိန့်မောမော ငေးခနဲကြည့်နေသည့်အသွင်။

သူ မိဆယ် အနီးသို့ ဘွားနှင့်အတူ ရောက်သွားချိန်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"နှင် ... နှင့်မွေးနေ့မှာ ချော့ပါစေလို့ စိုးစိုး ဆုတောင်း ပေးပါတယ် မိဆယ်၊ ဟက်ပီးဘတ်(သ်)ဒေးပါ မိဆယ် ဒါ စိုးစိုး မွေးနေ့လက်ဆောင်၊ မိဆယ်တစ်ယောက်တည်း ရှိချိန်ကျမှ ဖွင့်ကြည့်ရမယ်နော်၊ ကတိပေး ဟုတ်လား"

ဟု ပြောနေတာကို သူ ကြားနေရသည်။ မိဆယ်က လည်း ပြုံး၍ လက်ခံယူရင်း ...

"လက်ဆောင်မလိုပါဘူး စိုးစိုးရယ်၊ ဘာမို့လို့ ဒီလောက်မှာ နေတာလဲ စိုးစိုးရဲ့၊ ဒါပေမဲ့ မိဆယ် ကတိပေးပါတယ် မိဆယ်တစ်ယောက်တည်း ကြည့်ပါ့မယ်"

ဟု ပြောပြီးမှ အနေခက်ပုံလေးဖြင့် ဆံစလေးကို တစ်ချက် လက်ဖဝါးဖြူဖြူလေးဖြင့် ပွတ်တိုက်လျက် ...

"ဒီလိုကြီးနေရတာ အနေခက်တယ် စိုးစိုးရဲ့၊ ဘွားပေါ် ဘွား အလှပြင်ပေးတာ၊ ဆင်ပေးတာ၊ သိပ်ခွကျတာပဲ စိုးစိုးရဲ့"

ဟု ငယ်ပေါင်းပီပီ ပွင့်လင်းစွာပဲ လွတ်ခနဲ ကလေး လိုပြောတော့ စိုးစိုး ငေးခနဲစိုက်ကြည့်ဖြစ်တာကို သူ မြင်နေရသည်။

သူ ရှေ့တိုးလျှက်မှ ...

"မိဆယ်လေးအတွက် ကိုကြီးရဲ့ဘတ်(သ်)ဒေးပရဲဆင့်"

ဟု ပြောပြီး ပြုံး၍ပေးတော့ မိဆယ် မျက်နှာလေး တစ်ချက် အနေခက်သလို ဖြစ်သွားတာကိုမြင်၏။ စေ့စပ်ထားသည့် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရပ်နေရတာကို အနေခက်မှာ မှန်း သူ နားလည်သည်ပါပဲ။ မိဆယ်ဆိုတာ အရမ်းကို သန့်စင် သည့် အပျိုစင်လေးဆိုတာ သူ နားလည်သည်။



စေ့စပ်သည့်ညနေမှာ မိဆယ်၏နဖူးလေးကို သူ ငုံ့ နမ်းမိခိုက်မှာ မိဆယ်၏ကိုယ်လေး ဆတ်ဆတ်တုန်သွားရှာတာ။

အနေခက်လွန်းစွာဖြင့် မျက်နှာလေး နီနီအမ်းလျက် မျက်ရည်လေးတွေဝဲတက် အရှက်သည်းသွားရှာတာကို သူ မမေ့ နိုင်။ မြတ်နိုးတန်ဖိုးထား၍လည်း မဝနိုင်အောင်ပါ။

ပရိသတ်ကို အစားအသောက်ဖြင့် ဧည့်ခံသည်။ ဘွားသီရိနှင့် ဘွားဒေါ်ခင်မကြီးတို့ အစီအမံဖြင့် ထောပတ်ထမင်း၊ ကြက်သားဟင်း၊ သခွားအချဉ်သုပ်၊ ကြက်သားနှင့် ကုလားပဲဟင်း ချိုရည်တို့ဖြင့် ဘာလချောင်ကြော်ပါတွဲလျက် ဧည့်ခံခြင်းပါ။

စားသောက်ပြီးတော့ အအေးဖြင့် ဧည့်ခံပြီးတာနှင့် ဘွားသီရိနှင့် ဘွားဒေါ်ခင်မကြီးတို့မှ ပြုံး၍ တူယှဉ်ရပ်လိုက်ကြ ရင်းမှ ...

"ကျွန်မ တစ်ခု တစ်ဆက်တည်း အသိပေးချင်ပါတယ်၊ ဒီက ကျွန်မရဲ့သူငယ်ချင်း မယ်သီရိရဲ့မြေး မောင်ကိုကိုနဲ့ ကျွန်မရဲ့မြေး သွန်းသက်ပန်တို့ ဒီနေ့မှာပဲ စေ့စပ်ပြီးကြောင်း အသိမ်းအမှတ်ပါပဲ၊ ဒီကလေးနှစ်ယောက်ရဲ့ မင်္ဂလာဘွဲ့ကို လည်း မကြာမီ ကျင်းပဖြစ်မှာပါ"

ဟု ဘွားဒေါ်ခင်မကြီးမှ တရားဝင်ပြောခိုက်မှာ သူ အရမ်းကို ကြည်နူးစိတ်ဖြင့် မိဆယ်၏ မျက်နှာနုနုထွေးလေး တို လှမ်းကြည့်မိသည်။

မိဆယ် မျက်လွှာလေးချထားလျက် မျက်နှာလေး ရဲနေ၏။ ရှက်နေခြင်းဟု နားလည်ဖြစ်လျက် မိဆယ်အနားသို့ တိုးကပ်သွားလိုက်ချင်သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တည်ငြိမ်သည့်ဟန်ဖြင့် ခပ်လှမ်းလှမ်းမှာ ရပ်လျက်ရှိနေသည့် နေရာမှပင် ပြုံး၍ မိဆယ်ကို ကြည့်နေမိပါ၏။ ဖျတ်ခနဲ သတိရလိုက်သည်က စိုးစိုး။

စိုးစိုးကို သူ ကြည့်လိုက်တော့ အခန်းထောင့်နေရာမှာ ဘာကိုမှ လတ်တလော နားမလည်နိုင်တော့သလို ဖြူဖျော့သွားသည့် မျက်နှာဖြင့် မိဆယ်၏မျက်နှာလေးကို တွေငေးငေးကြီး ကြည့်နေသည့်အဖြစ်ကို မြင်ရပါ၏။

စိုးစိုး၏ ဒက်ဒီနှင့် မာမီပင် ဟင်ခနဲ ခုမှ သိလိုက်ကြသည့်နှယ်ပါ။

သူ ချက်ချင်း နားလည်လိုက်မိသည်က မိဆယ်ကို တောင်းရမ်းပေးဖို့ နားပူနားဆာ ကျီတိုက်ခဲ့ခြင်းသည် အမှန်ကြီးမှန်ချေသည်ဟု။

ဒါမှမဟုတ်လျှင် သူ နောက်ကျသွားနိုင်ချေမည်ဟု။

မိဆယ်ကတော့ ဘယ်သူ့ကိုမှ မကြည့်။ မျက်လွှာလေး ချထားဆဲ။

ဘွားသီရိမှ သူ့ထံလျှောက်လာကာ မြေးကို လက်တွဲ၍ မိဆယ်ရပ်နေသည့်နေရာ၏ဘေးမှာ ယှဉ်တွဲရပ်စေတော့ ဧည့်သည်များမှ လက်ခုပ်တီးကြပါ၏။ သူနှင့်မိဆယ်ကို တူတူလျှောက်စေလျက် ဧည့်သည်များကို နှုတ်ဆက်ဖို့ ဘွားသီရိမှ ပြောတော့ ...

"ဟင့်အင်း ... မိဆယ် ရှက်တယ်"

ဟု တိုးသက်သက်လေး ပြောရှာတာမို့ သူ ရယ်၍ ဘွားဘက်ကိုကြည့်ကာ ...



"ဒီမှာပဲရပ်ပြီး ဧည့်သည်တွေကို ပြုံးပြလိုက်မယ် ဘွားရာ၊ အားလုံးကို ခြုံပြီး ပြုံးတာပေါ့နော်၊ မိဆယ် ရှက်မှာပေါ့ ဘွားရယ် သနားပါတယ်"

ဟု အလိုလို အလိုက်သိစွာ မိဆယ်ဘက်မှ ပြောပေးနေတာမို့ ဘွားသီရိမှ ဘွားဒေါ်ခင်မကြီးကိုကြည့်ရင်း ...

"အင်း ... ခုကတည်းက အလိုလိုက်နေတာ အမြင်ပဲနော်၊ မြေးက မိဆယ်လေးကို အရမ်းချစ်တာ ခင်မကြီးရဲ့၊ သူ့ တကယ့်ကို သူ့ဘဝအတွက် ကျေနပ်နေတာ"

ဟု ပြောနေခိုက် သူ မိဆယ်ကို ငုံ့မိုးကြည့်ရင်းမှ ...

"ဘွားပြောတာ ကြားတယ်မဟုတ်လား မိဆယ်၊ အဲဒါ အမှန်ပဲဗျ"

ဟု မြတ်နိုးစွာ ခပ်တိုးတိုးပြောမိတော့ မိဆယ် တစ်ချက် မော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွား၏။

ဘဘထွန်းနှင့် ကြီးကြီးယဉ်၊ ဦးဒီပနှင့် ကြီးကြီးညို၊ ဘိုဘိုနှင့် အေးမြတ်ဖြူတို့၏ မျက်နှာမှာ သိသိသာသာကြီး ပျက်ယွင်းနေကြပြီ။ ဘာဆိုဘာမှ မသိလိုက်ကြရဘဲ ခုမှ သိလိုက်ရချေသည်ကိုး။

"ခေါင်းချည်းငုံ့မနေနဲ့လေ၊ တစ်ချက်လောက်တော့ ဧည့်သည်တွေကို ကြည့်လိုက်ပါဦး"

ဟု သူ တိုက်တွန်းတာမို့ မိဆယ် ရှက်အမ်းအမ်းလေး တစ်ချက်အားယူကြည့်လိုက်ရပါ၏။ အကြည့်က စိုးစိုးရှိရာသို့ ရောက်လျက် တစ်ချက် တန့်ခနဲဖြစ်သည်။ စိုးစိုး၏အကြည့်တွေက မျက်လုံးအရောင်များ မှေးမှိန်ဖျော့ကျလျက် ရီဝေနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်၏မျက်နှာလေးကို မျက်တောင်မခတ်ကြည့်နေသည်။ နောက် နီးရာကုလားထိုင်မှာ စိုးစိုး ခြေကုန်လက်ပန်းကျသလို ထိုင်ချလိုက်တာကို မိဆယ် မြင်၏။

စိုးစိုး၏အကြည့်တွေက မိဆယ်၏မျက်နှာလေးထက်မှာ ကျရောက်နေဆဲ။

အစဉ်တစိုက်ကြီးကြည့်လျက် ရှိရာမှ ခေါင်းတစ်ချက် ငိုက်ခနဲ ကျသွားတာကို မိဆယ် မြင်လိုက်ရပါပြီ။

မိဆယ်၏ လက်လေးကို တစ်ချက်ဖျစ်ညှစ်လိုက်တော့ မိဆယ် ကိုကြီးကို မော့ကြည့်တော့ မိဆယ်၏မျက်နှာလေးကို စူးစမ်းသလို ကြည့်နေသည့်အကြည့်ကို မြင်ရသည်။

ကိုကြီး၏ မျက်ဝန်းတွေထဲမှာ မြင်နေကျ စိတ်ရှည်ကြင်နာတတ်သော အရိပ်များ မှေးမှိန်ဖျော့သွားလျက် စူးစမ်းသည့်အတွေးတွေဖြင့် နစ်နစ်နဲနဲ တစ်ခုခုကို တွေးနေသည့်ပုံမျိုး လွှမ်းမိုးလာသည်ဟု မိဆယ် ထင်မိသည်။

စိုးစိုးကို မိဆယ် တစ်ချက်လှမ်းကြည့်လိုက်တော့ ယခုတိုင် ခေါင်းမော့မလာသေး။ နောက်မှ ခပ်ဖြည်းဖြည်းမော့လာလျက် မိဆယ်ကို လှမ်းကြည့်သည်။

အားယူပြုံးပြသည့် အပြုံးသည် ကြေကွဲနေသည့် မျက်နှာထက်တွင် ထင်ချေ၏။

စိုးစိုး တကယ်ဝမ်းသာ၍ ပြုံးခြင်းမဟုတ်တာ ကြေကြေကွဲကွဲ ခံစားနေရတာကို မိဆယ် နားလည်လိုက်မိပြီ။

ဘာကြောင့်ဆို စိုးစိုးက မိဆယ်၏ ကာလကြာရှည်စွာ ပေါင်းခဲ့ရပါသည့် အချစ်ဆုံး ငယ်ပေါင်းသူငယ်ချင်းပဲလေ။



ကိုကြီး၏ လက်တွေက တင်းခနဲနေအောင် မိဆယ်၏လက်လေးတွေကို ပိုင်စိုးစွာ ဆုပ်ကိုင်ထားလျက်မှ ...

"ပရိသတ်ကို ပြုံးပြလိုက်လေ မိဆယ်"

ဟု တည်ငြိမ်စွာ ပြောလာပါ၏။

ကိုကြီးကို မိဆယ် ကြည့်မိတော့ စောစောကလို မျက်နှာမျိုးမဟုတ်တော့။

တည်ငြိမ်လျက် မိဆယ်အပေါ် ကြင်နာသည့်အကြည့်တွေ ပြန်လည်ရောက်ရှိနေပြီ။

ပြုံးသည့်အပြုံးသည် အရာရာကို စိတ်ကျေနပ်လျက် အနိုင်ရထားသည့် လူတစ်ယောက်၏ အပြုံးမျိုးဖြစ်နေသည်ဟု နားလည်ဖြစ်၏။

ထိုအပြုံးကို မိဆယ် မနှစ်သက်သလို ဖြစ်လာမိရလျက် ...

"အောင်နိုင်သူတစ်ယောက်ရဲ့အပြုံးမျိုးကို ဘာကြောင့် ပြုံးနေတာလဲ ကိုကြီးရယ်"

ဟု မေးလိုက်ချင်စိတ် ဖြစ်တည်၏။

ဒါပေမဲ့ လက်တွေ့မှာတော့ မိဆယ် မမေးဖြစ်။ မေး၍လည်း ဘာမျှ အကျိုးမထူးတော့သည်ပဲလေ။

မိဆယ်၏ လက်လေးကို ပိုင်စိုးစွာ ထွေးဆုပ်ထားသည့် ကိုကြီး၏ ဖြူနုသောလက်ကို မိဆယ် တစ်ချက်ကြည့်မိလျက် ဤလက်အစုံသည် မိဆယ်၏ဘဝမှာ အစဉ်လက်တွဲသွားစေသည့်သူအဖြစ် ဘွား ရွေးချယ်ပေးလိုက်ခြင်းပါလားဟု နားလည်ဆိုက်မိရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ဧည့်ပရိသတ်တွေ စဲသွားတော့ မိဆယ်၏ဘေး ကိုကြီး ရပ်၍ ပြုံးကြည့်ကာ ...

"ကိုကြီးရဲ့ ပရဲဆင့်လေးကို ကြည့်ပါဦးလား မိဆယ်"

ဟု ပြောတော့ မိဆယ် ပထမဆုံး ကိုကြီး ဘတ်(သ်)ဒေးပရဲဆင့် ဘူးလေးကို ဖောက်ဖွင့်လိုက်မိပါ၏။

သူကတော့ ဖြူစင်သော ပုလဲပွင့်လေးများနှင့်အပြ ဖူးနုဖြူစင်လွန်းစွာ လှနေပါသည့် ရင်တွင်းမှ မြတ်နိုးရပ်လေး ကြည့်မဝသလို တငုံ့မိုးမိုးကြည့်နေသည်မှာ ဘေးလူများပင် ရှိ နေရသည်အထိပါ။

ဘွားနှင့် ဘွားသီရိတို့ကတော့ အပေါ်ထပ်စာကြ ဆောင်သို့ တက်သွားကြပြီ။

ဘိုးဘိုးရှိစဉ်က စုဆောင်းဖတ်ရှုခဲ့သည့် စာအုပ် က မနည်းမနော။ ဗီရိုကြီးများဖြင့်အပြည့် အစီအရီ သေသ ရှိနေကြပါ၏။ မိဆယ် အားသည့်အခါများမှာ ဘိုးဘိုး၏စာအု တွေ ထိုင်ထိုင်ဖတ်ဖြစ်ခဲ့သည်ပဲ။



မင်္ဂလာကိစ္စ သွားရောက်၍ ဘွားနှစ်ယောက် တိုင် င်ကြမှာကို သူ ရိပ်မိသည်။

မိဆယ်ကတော့ လှပသော ရွှေရောင်ကတ်ဖုံးဘူးလေး ကို ဖွင့်နေပါ၏။ ဘူးလေး၏ အဖုံးပွင့်သွားတော့ ရှည်မြင့်မြင့်ဘူး လေးထဲမှ ဖန်သားဖြင့်ရှိနေသည့် လှပသော မင်းသမီးရုပ်လေး။ ါဝန်လေးကဖြူဖြူလေးနှင့် ဖားဖားလှလှလေး။ ဆံနွယ်လေးများ က ရွှေရောင်။

မျက်ဝန်းပြာလေးတွေက အရမ်းကို ချစ်ဖို့ကောင်း နေသည်။

"ဟယ် ... ချစ်စရာလေးနော် ကိုကြီး"

ဟု မော့ပြောမိတော့ ကိုကြီး ပြုံး၍ ခေါင်းညိတ်သည်။ ချစ်စနိုးကြည့်လျက်မှ ...

"မိဆယ်က ကိုကြီးအတွက် အရမ်းကို ချစ်စရာကောင်းတဲ့ ချာတိတ်လေးမို့ ပျင်းတဲ့အခါ ဟောဒီသော့လေးပေးပြီး ဒီအရုပ်လေးနဲ့ဆော့နေ၊ ပျော်နေရအောင် ကိုကြီးက လက်ဆောင်ပေးတာ"

ဟု ပြောလည်းပြော၊ သော့ခလုတ်လေးကို လက် ဖြင့် အသာနှိပ်လိုက်တော့ ...

ဟက်ပီးဘတ်(သ်)ဒေးတူယူဆိုသည့် ဂီတသံလေး ထွက်လာ၏။ တကယ့်ကို ကြည်စင်လျက် ချစ်ဖို့ပျော်ဖို့ကောင်း သည့် ဂီတသံစဉ်လေးများပါ။

မင်းသမီးရုပ်လေးကလည်း ချစ်စဖွယ်လေး လှည့် ပတ်ကနေတော့ မိဆယ် သဘောကျလွန်း၍ မျက်ဝန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းတောက်ကြည်လဲ့နေကာ အရုပ်လေးကနေသည့်အတိုင်း မျက်ဝန်းလေးတွေ ရွှေ့လျားနေပါ၏။ နှုတ်ခမ်းလေးကလည်း လှုတ်လပ်ပေါ့ပါးသော ကလေးတစ်ယောက်၏ အပျော်ပြုံးလေးနှယ်ပင် မျက်နှာထက်မှာ ချစ်စရာလေးရှိနေပါ၏။

သူ ရင်ထဲမှာ ကျေနပ်သွားသည်။ သူ၏လက်ဆောင်လေးကို မိဆယ်လေး အရမ်းနှစ်သက် သဘောကျနေသည့်အတွက်ပါ။ ရင်ထဲမှာ ကြည်နူးစိတ်ဖြင့် မိဆယ်၏မျက်နှာလေးကိုသာ ချစ်မဝနိုင်စွာ တစိမ့်စိမ့်ကြည့်နေမိပါ၏။

"ပျော်စရာလေးနော် ကိုကြီး၊ မိဆယ် သိပ်ကြိုက်တာပဲ"

ဟု ရင်ထဲရှိသည့်အတိုင်း ရိုးစင်းစွာ ပြောနေပုံလေးကိုလည်း သူ မြတ်နိုးနှစ်သက်သွားမိရသည်ပါပဲ။

ဧည့်ခန်းမှာ သူနှင့်မိဆယ်ပဲ ရှိနေသည်။ ဒေါ်ကြီးတို့လို အလုပ်သမားတွေကတော့ သိမ်းဆည်းဆေးကြောနေကြ၍ မအားကြတာမို့ နောက်ဖေးဆောင်မှာရှိနေ၏။ ကျန်သည့် ပန်းရုံအိမ်သားများကတော့ ဧည့်ပရိသတ်စဲတာနှင့် အားလုံး အပေါ်ထပ်သို့ တက်သွားကြကာ ဘယ်သူမှ ပြန်ဆင်းမလာကြတော့တာကို သူ သတိထားမိလိုက်ရသည်ပါပဲ။

မိဆယ်၏ မွေးစပ်မင်္ဂလာသတင်းကြောင့် ဘယ်သူကမှ လာ၍ ကျေနပ်ကြည်နူးစွာ လက်ဆွဲနှုတ်ဆက်ကြ၊ ချစ်စိတ်ဖြင့် ကျီစယ်ကြသည့် ရင်းနှီးချစ်ကြည်သော သားချင်းများ၏ အပြုအမူများသည် လောလောဆယ်မှာ ကင်းပြတ်နေပါ၏။

ဘယ်သူမှ လာရောက်နှုတ်ဆက်၊ နောက်ပြောင်ဖော်လေးမျှပင် မရှိကြ။



အေးမြတ်ဖြူ ဆိုလျှင် မျက်နှာလေးတည်တင်းနေလျက် မိဆယ်၏ မျက်နှာလေးကို တည်စူးစူးကြီး ကြည့်သွားတာကိုပင် သူ သတိထားမိခဲ့ရသေးသည်ပဲ။

ဘာကြောင့် မိဆယ်အပေါ် ထိုသို့ ဟန်ဆောင်ပန်ဆောင်လေးပင် ဝမ်းသာစကား မပြောဖြစ်ကြတာကို သူ နားလည်သည်။

သူ ပထမဆုံး ပန်းရုံသို့ စတင်ရောက်သည့်နေ့ကသိုအပ်သည်ထက် ပို၍ ရင်းနှီးစွာ အရောတဝင်ဖြင့်နေပြ၊ ဆက်ဆံပြသည့် ကြီးယဉ်နှင့် အေးမြတ်ဖြူတို့၏ ပုံလေးကလည်း အရမ်းကို အတွင်းမနေကို ဖော်နေသည်ပဲလေ။

အေးမြတ်ဖြူ လှတာတော့ အမှန်ပါ။ ဒါပေမဲ့ သူ့နှလုံးအိမ်က ဖြူစင်ရိုးစင်းစွာဖြင့် ချစ်စဖွယ်လေးရှိနေသည်ပါသည့် မိဆယ်ကိုမှ မြတ်နိုးခဲ့ရသည်ပဲ။

မိဆယ်ကတော့ ထုံးစံအတိုင်း ကလေးလိုပဲ နောက်ဆစ်ကျော့ သော့ခလုတ်လေးနှိပ်၍ စိတ်ထဲရှိသည့်အတိုင်း ဟန်ဆောင်စွာဘဲ အရုပ်လေးနှင့် ပျော်[illegible]၏။

"အဲသလို ဟန်မဆောင်တတ်တဲ့ ရိုးစင်းမှုလေးကို ကိုကြီး မြတ်နိုးမိတာ"

ဟု မချင့်မရဲလေးတွေးမိလျက် မိဆယ်၏မျက်နှာလေးကိုသာ ကြည့်နေမိရပါ၏။

"မိဆယ် ကိုကြီးပေးတဲ့ ဘတ်(သ်)ဒေးပရဲဆင့်ကို ကြိုက်တယ်နော်၊ ဒါပေမဲ့ ကိုကြီး လေးလေးနက်နက် တစ်ခုပြောခဲ့မယ်၊ မိဆယ်ရဲ့မွေးနေ့မှာ ကိုကြီးပေးတဲ့ လက်ဆောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခုတည်းမဟုတ်ဘူး၊ ဒီထက်မကတန်ဖိုးကြီးတဲ့ အရာကို လည်း မိဆယ်အတွက် အပ်နှင်းပြီးပေးထားတယ်၊ အဲဒါ ဘာလဲ၊ သိလား"

ဟု မိဆယ်၏ဘေးမှာ သူ ညင်ညင်သာသာ ထိုင်ချ ရင်း ခပ်တိုးတိုးမေးတော့ မိဆယ် သူ့ကိုကြည့်သည်။

နောက်တော့ မစဉ်းစားသလို ခပ်တွေတွေလေးဖြစ် နေ၏။

"ကိုကြီးရဲ့အချစ်နဲ့ ကိုကြီးရဲ့ဘဝကို မိဆယ်အတွက် ထာဝရမြတ်နိုးစွာ အပ်နှင်းထားတယ်ဆိုတာ မိဆယ် နား လည်ထားနော်၊ ယုံကြည်ထားရမယ်နော်၊ အဲဒါ မိဆယ်တစ် သက်လုံး သိမ်းထားရမယ့်အရာတွေပဲ၊ ဘယ်မှာ သိမ်းထား ရမလဲသိလားဟင်၊ မိဆယ်ရဲ့နှလုံးသားထဲမှာသိမ်းထား"

သူ့အသံတွေထဲမှာ သိမ်မွေ့နူးညံ့ခြင်းတရားများဖြင့် ပြည့်ဝနေသော ချစ်ခြင်းများသည် စီးမျှောလွင့်ပျံ့ပါလာပါ၏။

မိဆယ်၏လက်လေးကိုလည်း သူ အညင်အသာပဲ ထွေးဆုပ်လိုက်မိကာ ...

"မိဆယ် မင်းလေးကို ကိုကြီး အရမ်းကို မြတ်နိုးတယ်၊ မခွဲနိုင်အောင်ချစ်တယ်၊ အဲဒါကို မိဆယ် ယုံထားရမယ် နော်"

ဟု ထပ်ပြောသည်။ သူ၏အချစ်ကို မိဆယ် ယုံကြည်အောင်၊ အားကိုးနားလည်လာအောင်၊ မိဆယ်၏နှလုံးသား တွင်းသို့ တိုးဝင်တည်မြဲအောင် ခပ်ဖြည်းဖြည်းနားဝင်အောင် သူ ပြောသည်။ စိတ်ရှည်လက်ရှည်နားဝင်အောင် ပြောနေသည့် အသွင်။



မိဆယ် သူ့ကို မော့ကြည့်လာတော့ အေးချမ်းသော ...ိုင်အပြုံးကို ပြုံးမိပါ၏။

မိဆယ်၏ မျက်ဝန်းလေးတွေထဲမှာ အဖြေတစ်ခုကို ...ိုင်ဖို့ သူ ကြိုးစားပါ၏။

သူနှင့်ပတ်သက်၍ မိဆယ်၏နှလုံးသားထဲမှာ မည် ...ိုခံစားဆုံးဖြတ်ထားသလဲဆိုတာကို နားလည်နိုင်ဖို့ အဖြေတစ်ခု ...ို ရှာနေသည့်အကြည့်။

သူ အရမ်းကို မြတ်နိုးနှစ်သက်သည့် မျက်နက်ဝန်း ...က်တောက်တောက်လေးတွေကို သူ စိတ်လှုပ်ရှားစွာပဲ တငံ့မိုးမိုး ကြည့်နေမိရပြီ။

"မိဆယ် ယုံပါတယ် ကိုကြီး"

ဟု ဖြေလိုက်သံကို ကြားရခိုက် သူ၏ရင် ငြိမ်းအေး ...ချမ်းမြေ့ရချေသတည်း။

ဘယ်အရာနှင့်မျှ မလဲနိုင်သည့် တန်ဖိုးကြီးမားလွန်း ...ါသော ရတနာတစ်ပါးကို သူ ပိုင်ဆိုင်လိုက်ရပါပြီ။

မိဆယ်၏ ယုံကြည်စွာဖြင့် သူ၏အချစ်ကို နားလည် ...ိုက်သည့်အဖြစ်ထက် အဘယ်အရာသည် ပို၍ တန်ဖိုးကြီးမြင့်၍ ...မြတ်နိုးဖွယ်အတိဖြင့် ရှိပါချေမည်တဲ့လဲ။

မိဆယ်၏လက်လေးကို ဟန်မဆောင်နိုင်စွာပဲ သူ ...ဆုပ်ကိုင်လိုက်မိရင်းမှ ...

"ကိုကြီး အရမ်းကိုပျော်လည်းပျော်၊ ကြည်နူးလည်းကြည်နူး ရပါတယ် မိဆယ်လေး၊ ကိုကြီးရဲ့အချစ်ကို ယုံကြည်တဲ့ မိဆယ်ကို ကျေးဇူးလည်းတင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လှုပ်ရှားစွာ ပြောရင်း မချင့်မရဲလေး လက်ကို တင်းနေအောင် ထွေးထွေးဆုပ်ဆုပ် ဖြစ်သွားရပါ၏။

"ကိုကြီးကို ချစ်တယ် မဟုတ်လားဟင်"

ဟု ဖွင့်မေးလိုက်ချင်သေမယ့် မိဆယ်လေး အနေကျို့မှာကို နားလည်ပေးစိတ်ဖြင့် မမေးရက်တော့သည်ကိုက ချစ်ရလွန်း၍ပါ။

ထိုအခိုက်မှာပဲ အပေါ်ထပ်မှ ဘွားသိရီနှင့် ဘွားတို့ ပြန်ဆင်းလာကြပါ၏။

ဘွားသိရီမှ မိဆယ်၏ဘေးမှာ ရပ်လိုက်လျက် ...

"ဒါ ဘွားရဲ့မြေးကို ဘွားက မင်္ဂလာရက်မှာ အမှတ်တရ ပေးတာ"

ဟု ပြောပြီး လည်တွင်ဆွဲထားသော ရွှေဆွဲကိုးနှင့် စိန်မြရုံခြယ် လော့ကက်သီးကို မိဆယ်၏လည်တွင် ကိုယ်တိုင်ဆွဲပေးတော့ မိဆယ် အားနာစိတ်ဖြင့် ...

"ဟင် ... ဘွားသိရီ၊ မိဆယ် ဒါတွေ မဝတ်တတ်ဘူး"

ဟု အလောတကြီးလေး ပြောလည်းပြော၊ ပြန်ပေးမလိုလေး ကယောင်ကတမ်းဖြစ်နေရှာတော့ သူ ချစ်စိတ်တိုးရပါ၏။

တကယ့်ကို လောဘမရှိသည့် ရိုးစင်းသောအဖြူထည် မိန်းကလေး။

မိဆယ်ကို ကြည့်နေရသည်ကိုက တကယ့်အဖြူရောင် ပန်းလေးတစ်ပွင့်ကို အနီးကပ်ကြည့်နေရသလို ရိုးစင်းဖြူစင်လျက် ရင်ကိုငြိမ်းအေးစေသည့် အဖြစ်ပါတကား။



"ခင်မမကြီးရဲ့မြေးကတော့ တကယ့်ကို ကလေးလိုပါလား၊ အင်း ... သိရီဖြင့် ကိုကို့အတွက် ကျေနပ်ကြည်နူးရတော့တာပဲ၊ ဒီကလေး အိမ်ထောင်ဖက် အရွေးတော်သားပဲ"

ဟု ဘွားသိရီ ပြောတော့ သူ ပြုံး၍ ...

"ကဲ ... ကိုကို၊ ဘွားတို့ ပြန်ကြရအောင်၊ မြေးလေး မိဆယ်လည်း ဧည့်ပရိသတ်တွေကြားထဲ နေခဲ့ရတာ ပင်ပန်းရောပေါ့၊ နားပါစေဦး၊ ကဲ ... မြေးလေးမိဆယ် ဘွားတို့ ပြန်မယ်၊ ခင်မမ သိရီပြန်မယ်"

ဟု ပြောတော့ မိဆယ်နှင့် ဘွားတို့ ကားနားအထိ လိုက်ပို့ရပါ၏။

ဘွားသိရီ၏ မျက်နှာထက်တွင် လင်းလဲ့နေသည့် ကြည်နူးပြုံးဖြင့် မိဆယ်နှင့်ပတ်သက်၍ အဘယ်မျှအထိ ကျေနပ်နေတာ။ မိဆယ်ကို အဘယ်မျှချစ်နေတာကို သူ နားလည်ပြီးပါပြီ။ မိဆယ်၏ လောဘကင်းတာလေးနှင့် ရိုးစင်းဖြူစင်တာလေးဖြင့်ပင် ဘွားသိရီ အရမ်းကို ကျေနပ်ရင်အေးနေရချေမည်သာ။ ဘာကြောင့်ဆို သူနှင့် ဘွားသိရီတို့ထံ လာ၍ပတ်သက်ကြသည့် မိန်းကလေးများနှင့် မိဘများသည် အဓိကအားဖြင့် ဘွားသိရီ၏ ကြွယ်ဝချမ်းသာမှုကြောင့်ဆိုတာ သိသိနေခဲ့ကြရသည်ကိုးလေ။ ဘွားသိရီနှင့် သူ့ကားလေးထွက်သွားတော့ မိဆယ်နှင့် ဘွားမှ ဆင်ဝင်ကြီးအောက်မှာ ကျန်ရစ်သည်။ လက်ပြနှုတ်ဆက်သွားသော ကိုကြီး၏ အသွင်က အရာရာကို ကျေနပ်ပျော်ရွှင်လျက် ဘဝတစ်ခုလုံး ပြည့်စုံနေသည့်နှယ်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘွားနှင့်မိဆယ် ဧည့်ခန်းတွင်းသို့ ပြန်ဝင်လာတော့...

"ကဲ ... မြေးလေးအနားယူ၊ အဝတ်အစားလဲ ရေမိုးတစ်ချက် ချိုးလိုက်၊ ဘွားလည်း တစ်ရေးလောက် မှေးလိုက်ဦးမယ် ဟုတ်လား၊ နောက်မှ ဘွား မြေးကို ပြောပြစရာတွေ ရှိတယ်၊ ဒီနေ့ဟာ ဘွားဘဝမှာ အပျော်ဆုံးနေ့တစ်နေ့ပါပဲ မြေးရယ်၊ ကဲ ကဲ ... မြေးအခန်းကို မြေးသွားတော့"

ဟု ပြောတာမို့ ဘွားကိုတွဲကာ ဘွား၏အခန်းထဲထိ ပို့ပေးခဲ့၏။ ဘွားအိပ်ရာထက်မှာ လှဲပြီးမှ စောင်ပါးလေးတစ်ထည် ခြုံပေးခဲ့ပြီးမှ မိဆယ် အခန်းတွင်းမှ ထွက်ခဲ့ပါ၏။

ဘွားလည်း ပင်ပန်းရှာချေမည်ပေါ့ဟု တွေးဖြစ်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားစေချင်သည်ပါပဲ။

မိဆယ် အခန်းတွင်းသို့ရောက်တော့ အဝတ်အစားလဲ၊ ရေမိုးချိုးပြီး အိမ်နေအဝတ်ဟောင်းလေးကို ကမန်းကတန်း ကောက်ဝတ်ရသည်။ သခုမှပဲ ရင်ထဲ လွတ်လပ်ပေါ့ပါးသွားရသည်ပါပဲ။ အဝတ်သစ်တွေနှင့် မိဆယ် အနေကျပ်လိုက်သည်မှ အရမ်းပဲလေ။

နောက်မှ စောစောကတည်းက ဒေါ်ကြီးနှင့် ဒေါ်လေးခင်ထွေးတို့ သယ်ယူပြီး မိဆယ်၏အခန်းစားပွဲထက်မှာ လာတင်ထားပေးသည့် လက်ဆောင်ပစ္စည်းများကိုတွေ့မှ ...

"အော် ... စိုးစိုး ဘာများလက်ဆောင်ပေးထားပါလိမ့်"

ဟု တွေးဖြစ်လျက် စားပွဲရှိရာသို့ လျှောက်ခဲ့ပါ၏။ ရေစိုနေသော ဆံပင်နက်နက်လေးတွေကို မွေးပွတဘက်ကြီးနှင့် မိဆယ် ပွတ်သုတ်ရင်း လျှောက်လာခြင်းပါ။



မွေးနေ့လက်ဆောင်ကို ကိုကြီးက သူပေးသည့်လက်ဆောင်ကို သီးသန့်ချန်ထားစေခဲ့ကာ မိဆယ်နှင့်အတူ ပထမဆုံး ဖွင့်ခိုင်းခဲ့တာမို့၊ လက်ဆောင်တစ်ခုပဲ မိဆယ် ကိုကြီးနှင့်အတူ အောက်ထပ်ဧည့်ခန်းမှာ ကြည့်ဖြစ်ခဲ့ရခြင်းပါ။

ဒေါ်ကြီးနှင့် ဒေါ်လေးခင်ထွေးတို့မှ ကျန်လက်ဆောင်ထုပ်တွေကို အပေါ်ထပ်သို့ သယ်ပြီးထားခဲ့ကြခြင်းပါ။

မိဆယ် လက်ဆောင်ပစ္စည်းထုပ်လေးကို ရွေးယူပြီး အထုပ်လေးကို ဖြည်းဖြည်းချင်းဖြေသည်။

"မိဆယ်တစ်ယောက်ရှိချိန်ကျမှ ဖွင့်ကြည့်ရမယ်နော်၊ ကတိပေးဟုတ်လား"

ဟု ခင်မင်ရိပ်များ ပြည့်နေသည့် မျက်ဝန်းအကြည့်တွေဖြင့် မိဆယ်ကို ကြည့်ရင်း ပြောခဲ့တာကို အမှတ်ရမိသည်။

အပေါ်မှ စက္ကူပတ်ကို ဖြေပြီးတော့ အတွင်းဘက်မှ ဘူးလေးကို သူ ဖွင့်ကြည့်သည်။

ကတ္တီပါနက်ပြာရောင် ဘူးလေးတစ်ဘူး။

"ဘာပါလိမ့် ... စိုးစိုးကတော့လေ၊ ဘာအဖိုးတန်ပစ္စည်း ဝယ်ပေးတယ် မသိပါဘူး၊ ပိုက်ဆံကုန်တော့မှာပဲ"

ဟု တွေးဖြစ်လျက် ကတ္တီပါဘူးလေးကို ဖွင့်ကြည့်တော့၊ နန်းကြိုးလက်ရာများဖြင့် လှပစွာပုံဖော်ထားသည့် ပန်းပွင့်ပုံ နီလာလက်စွပ်လေး။

ပန်းပွင့်၏ အလယ်ဝတ်မှုန် ဝတ်ဆံနေရာလေးမှ အရည်သွေးကောင်း နီလာကျောက်လေးတစ်ပွင့်က ပြာလဲ့စင်ကြည်စွာ ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါဘူးလေးကို ယူလိုက်ကတည်းက စာအိတ်လေးတစ်အိတ်ကိုပါ ဘူးအောက်မှာ တွေ့ထားရတာမို့ မိဆယ် စာအိတ်လေးကို ယူ၍ ဖွင့်ကြည့်လိုက်မိရပါ၏။

အပြာနုရောင် စာရွက်ကလေးမှာ ကဗျာလေးတစ်ပုဒ်။

ထူးထူးဆန်းဆန်း ကဗျာတွေ ဘာတွေနှင့် မွေးနေ့လက်ဆောင်ပေးတာမို့ မိဆယ် တစ်ချက်အံ့သြချင်၏။ စိုးစိုး ဘယ်တုန်းကများ ကဗျာတွေ ကျိတ်စပ်တတ်နေပါလိမ့်ဟု တွေးဖြစ်၏။

စိုးစိုး၏ ကဗျာလေးဆိုတော့လည်း မိဆယ် ဖတ်ချင်နေစိတ်ဖြင့် အလောတကြီးလေးပဲ ဖတ်မိလိုက်ရပါပြီ။

**မိုးမှုန်ပွင့်ကြဲ၊ မြစိမ်းစွဲထင်၊**
**မြက်ခင်းပြင်ထက်၊ ပုလဲမျက်ပွင့်**
**စံကားပွင့်တွေ၊ ကြွေနေဝေနေ**
**လှနေစေဆဲသာတကား ...။**

**တိုးခုန်ဆင့်ကဲ၊ နှလုံးသည်းတွင်၊**
**စွဲစွဲထင်လျက်၊ သခင့်မျက်နှာ**
**ငွေလဝါသည်၊ ကာလရှည်မြဲ**
**ရင်မှာစွဲလျက်သာတကား ...။**



**ကံ့ကော်ပွင့်ဦး၊ စံပယ်ဖူးနှင့်**
**ပုလဲပွင့်နယ်၊ သင်းကြွယ်စီဝေါ**
**ပန်းစတွာတို့၊ ဦးညိုဦးခိုက်**
**လှမကိုဂ္ဂိုကို၊ ရင်မှာသိုဝှက်**
**မြတ်နိုးရက်ကြာ၊ ချစ်မိတာတွေ**
**ကာလရှည်လျှက်သာတကား ...။**

**မြတ်နိုးတဲ့ ...**
**စိုးစိုး**

မိဆယ်၏ရင်တွေ ဖြောင်းဆန်ကုန်ရပါပြီ။ ကဗျာလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရင်းမှ ရင်ထဲတွင် အံ့သြခြင်းလည်းဖြစ်ရသည်။

"စိုးစိုးရယ် ... နင် ကာလကြာရှည်အောင်၊ နင့်အချစ်တွေကို မျိုသိပ်ထားတယ်နော်၊ မိဆယ် အဲဒါကို မသိခဲ့ဘူး စိုးစိုးရယ်၊ ခုလို နင်ဖွင့်ပြောချိန်မှာ၊ ငါ့ခွေစပ်ပွဲက ဖြစ်ရတာ၊ နင့်ရှေ့မှာဆိုတော့၊ နင် ... နင် အရမ်းခံစားရမှာ"

ဟု စိုးစိုးအပေါ် ငယ်ပေါင်းဆိုသည့် သံယောဇဉ်ဖြင့် စာနာနားလည်ရင်း မျက်ရည်ဝဲလာရသည်ပါပဲ။

အဖြစ်သည် တိုက်ဆိုင်လွန်းလှသည့်အဖြစ်။

မိဆယ်ကို ကိုကြီးနှင့် တရားဝင် လူသိရှင်ကြား ခွေစပ်ကြေညာချိန်တွင်မှ စိုးစိုးသည် မျိုသိပ်ထားသည့် အချစ်များကို မိဆယ်အား ဖွင့်ပြောပြခဲ့သည့်အဖြစ်။

စိုးစိုး မိဆယ်အပေါ် စိတ်ရှည်အလိုလိုက်ခဲ့တာ။ ချစ်စနိုး စနဲ့နောက်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် မိဆယ်၏ နှလုံးအိမ်ဆီသို့ တိုးဝင်လာ
နေလျက် ရင်ထဲမှာ ဆို့တက်လာရသည်။

အားလုံးသည် ကျန်ရစ်ခဲ့ချေပြီကောလေ။

ထိုအခိုက် တယ်လီဖုန်းလာကြောင်း ဒေါ်ကြီး
အခန်းတွင်းသို့ ဝင်လာရင်း ပြောတော့ မိဆယ် အောက်ထပ်သို့
ဆင်းခဲ့ရပါ၏။

"ဟယ်လို ... မိဆယ်ပါ"

"မိဆယ်"

ဆို့ဆို့နင့်နင့်ခေါ်သံသည် တုန်ခါ၏။ စိုးစိုးဆိုတာ
သိလိုက်လျက် မိဆယ် တယ်လီဖုန်းလက်ကိုင်လေးကို တင်းခဲနေ
အောင် ဆုပ်ထားမိလျက် အသံလေး တိတ်ကျသွားရပါ၏။
ရင်ထဲမှာ မိဆယ်လည်း နာကျင်ဆို့နင့်နေရသည်ပါပဲ။ စိုးစိုး၏
သနားစိတ်က ရင်မှာပြည့်သိပ်နေသည်။ အဘယ်မျှထိ စိုးစိုး အခွဲ
အလမ်းကြီးတတ်တာ မိဆယ် အသိဆုံးပဲလေ။

"တောင်းပန်ပါတယ် မိဆယ်ရာ"

ဘာကို တောင်းပန်တာလဲ စိုးစိုးရယ်၊ ကဗျာလေး
အတွက်လား ... ဟု မမေးရက်။

"အဲဒီကဗျာလေးကို နင် မေ့လိုက်ပါ မိဆယ်၊ ငါ ... ငါ
ပြန်ရုပ်သိမ်းလိုက်ပါတယ်"

အသံတိမ်ကျသွားလျက် ခေတ္တငြိမ်နေပြီးမှ တယ်လီ
ဖုန်းကို စိုးစိုး ချသွားသည်။

တယ်လီဖုန်းလေးကို ကိုင်ထားလျက် ပုံစံလေးဖြင့်
ပင် မိဆယ် ငိုင်တွေတွေလေး ကျန်ရစ်ခဲ့ရပါ၏။



ကိုကြီးနှင့် စေ့စပ်မည့်ကိစ္စကို မိဆယ် စိုးစိုးကို ဖွင့်
မပြောပြဖြစ်ခဲ့ခြင်းမှာ အနေခက်သော အပျိုစင်လေး၏ စိတ်ကြောင့်
ဆိုတာ စိုးစိုး နားလည်နိုင်ပါ့မည်လားလေ။ သက်ပြင်းငွေ့ငွေ့
မိဆယ် ချမိရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"နင် အဲဒီစေ့စပ်ကြောင်းလမ်းမှုကို ပယ်ဖျက်ဖို့ တောင်းဆို ရမယ် မိဆယ်၊ ငါ သဘောမတူဘူး၊ နင် ဘယ်ကောင်နဲ့မှ မချစ်တာလည်း ငါ သိတယ်၊ နင့်ကို ငါချစ်နေတာ မိဆယ်၊ နင် မနေ့က မမျှော်လင့်ဘဲ စေ့စပ်တာကို ငါ သိရတော့ ရင်ထဲမှာ မီးမြိုက်တာပဲ၊ ငါ မမျှော်လင့်ထားမိဘူး မိဆယ်၊ အဲဒီလို နင့်ကို ဘွားက စေ့စပ်ပေးလိုက်မှာကို ငါ မမျှော်လင့်မိဘူး"

တကယ်တမ်း မမျှော်လင့်တာကြားလိုက်ရ၍ အံ့အား သင့်နေရသည်မှာ မိဆယ်ပါ။ ဘိုဘို၏ စကားတွေက မိဆယ်၏ နှလုံးသွေးကို တန့်ခနဲ ရပ်ပစ်လိုက်တော့မည့်နှယ်ပါ။ တစ်ချိန်လုံး မိဆယ်ကို အကောင်းမမြင်တတ်သော ဘိုဘို၊ မိဆယ် ဆေးရုံတက် ရမှ ပျော့ပျောင်းညင်သာ ပြောချင်လာပါသည့် ဘိုဘို။

ယခု ဘိုဘိုသည်လည်း မိဆယ်ကို ချစ်မြတ်နိုးနေပါ သတဲ့။



စိုးစိုးကလည်း၊ မနေ့ကမှ ကဗျာလေးတစ်ပုဒ်ရေး သား၍ မိဆယ်၏ မွေးနေ့မှာ သူ၏မြတ်နိုးမှုများကို တန်ဖိုးထားစွာ ပြောခဲ့ခြင်း။ မိဆယ်၏ မွေးနေ့မို့ သူ၏ မွန်မြတ်သောအချစ်ဖြင့် သက်ဆောင် ပေးအပ်ခွင့်ပန်ခြင်းသဘောဖြင့် စိုးစိုး ရင်ဖွင့်ကဗျာ လေးရေးခြင်းဆိုတာ မိဆယ် နားလည်သည်လေ။

ယခုကျတော့ ဘိုဘိုကလည်း ချစ်ပြန်ချေသည်တဲ့။

မိဆယ် စိတ်နောက်ကျိလာလျက် ...

"နင် ရူးနေတာလား ဘိုဘို"

"ဟုတ်တယ်၊ ငါ ရူးနေတာ၊ နင် စိုးစိုးနဲ့အတူရှိနေတုန်းမှာ ငါလာလာပြီး ပြောမိတာမျိုး၊ နင့်ကို မခံချင်အောင် ပြောနေမိတာမျိုး၊ စိုးစိုးနဲ့ နင့်ကို အတူတူမတွဲဖို့ ဟန့်နေမိတာမျိုးတွေအားလုံးဟာ နင့်ကို ချစ်တဲ့ဇောနဲ့ပါလားဆိုတာ မနေ့က ပိုပြီး ငါ နားလည်လာမိတယ် ...

နင် ဆေးရုံတက်ရတုန်းကလည်း ငါ အရမ်းကို ထိခိုက်ရတာ၊ နင့်ကိုလည်း လာကြည့်ချင်၊ တောင်းပန်ချင်တာ၊ နင် စိတ်ရှုပ်သွားမှာစိုးလို့ ဒေါ်သဖြစ်ဖြစ်နဲ့ အော်မှာစိုးလို့ နေ့တိုင်းမလာဖြစ်တာပါဟာ၊ ငါလေ နင့်ကို စိုးစိုးနဲ့ မတွဲစေချင်တာကလည်း ဝန်တိုလွန်းလို့ပါ မိဆယ်ရာ၊ ခု ... ခု နင်က စေ့စပ်လိုက်ပြီ၊ ဘွား စီမံတာဆိုတာ ငါ နားလည်တယ်၊ နင် ပြန်ငြင်းလိုက်ဟာ၊ နော် ... နော် မိဆယ်"

အရမ်းကိုခံစားရင်း ပြောနေသည့် ဘိုဘို့ကို မိဆယ် ငေးငေးယမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို ဘာမှတ်နေလို့လဲ၊ မိဆယ်က ဘွား အစီအမံကို ဘယ်တော့မှ မငြင်းဘူးဆိုတာ နားလည်ထား၊ နင့်ကိုလည်း မချစ်ဘူး၊ နင့်အမေကိုလည်း ငါ နာကြည်းတယ်၊ ငါ့ကို တစ်လျှောက်လုံး နှိမ်ခဲ့တာ၊ ငါ့အမေက ဒီအိမ်မှာ အစေခံဖြစ်ခဲ့တာမို့၊ အစေခံသမီးဆိုပြီး မတူမတန်လုပ်ခဲ့တာ၊ ငါ မေ့မယ် ထင်သလား၊ ငါ့ကိုချစ်တဲ့ ဘွားရဲ့အစီအမံဖြစ်ခဲ့တာကို ငါ နားထောင်ရမယ်၊ ဘွားဟာ ငါ့ဘဝထဲ ငါသိပ်ချစ်တဲ့ ဘွားရဲ့အစီအမံကို ငါ ဘယ်တော့မှ မလွန်ဆန်ဘူးမှတ်"

ဟု ပြောတော့ ဘိုဘို ခေါင်းယမ်းသည်။ မိဆယ်၏ မျက်နှာလေးကို မလွှတ်တမ်းကြည့်ရင်းမှ တစ်ဖွတ်ထိုးဆန်စွာဝဲ—

"ဘယ်သွားမလို့လဲ မိဆယ်၊ နင် သူ့ကို မယူရဘူးဆိုကွာ ငါ တကယ်ချစ်နေတာဟ၊ ဘာမှတ်နေလဲ"

ဟု ပြန်အော်တော့ မိဆယ် လက်လေးကို ဆောင့်ရုန်းသည်။

"နင်နဲ့ငါ ဆွေမျိုးသားချင်းဖြစ်ကြပေမယ့် နင့်အမေရဲ့သွေး ငါ့ဘဝမှာ ဘယ်တော့မှ အရောမခံဘူး၊ ငါ့အမေကို ဝါး ရိုက်ခဲ့တဲ့ နင့်အမေရဲ့ လက်ဝါးအရှိန်ဟာ ဘယ်လောက် ပြင်းထန်သလဲဆိုတာ ငါ့ပါးမှာ ခံခဲ့ရတဲ့ဒဏ်ရာနဲ့ ငါ နားလည်ထားတယ်၊ နင် ငါ့ရှေ့က ဖယ်ပါ"

မိဆယ် မျက်နှာလေး နီမြန်းလျက် ပြောခိုက်မှာ ဘိုဘို ဖွတ်တိုး၍ မိဆယ်၏ လက်မောင်းရင်းဘက်ကို လက်ဖြင့် တင်းမာစွာ ဆွဲလာလျက် ...



"ဘွားအစီအမံကို ငါမသိခဲ့ရလို့ပေါ့ မိဆယ်၊ ဒါမှမဟုတ်ရင် နင်နဲ့ငါ ကြိုက်နေပါပြီဆိုပြီး သွားလိမ်ပြောမှာ၊ အဲဒီ စေ့စပ်ပွဲဖြစ်ဖို့တောင်မရှိဘူး၊ နင်က ငါ့အခန်းထဲလည်း ရန်တွေ့ဖို့ ဝင်ခဲ့ဖူးတာ၊ အဲဒါကို နင်နဲ့ငါ တိတ်တိတ် ချိန်းတွေ့တုန်း မေမေတွေ့လို့ဆိုပြီး ယုံအောင်ကိုပြောမိမှာ၊ ခုလည်း အဲသလိုပဲ၊ ငါ ပြောမှာပဲ မိဆယ်"

ဟု မိဆယ်ကို အဆုံးရှုံးမခံနိုင်သည့်ဓာဖြင့် ငယ်ကျင့်လိုပဲ တစ်ဖွတ်ထိုးကြီး ပြောချလာတော့ မိဆယ် ဒေါသဖြစ်ဖြစ်နှင့် ဘိုဘို၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်မိရပါပြီ။

"နင် ငါ့ကိုယ်ကျင့်တရားကို နှိမ့်ကျအောင် စော်ကားတယ်၊ ဒီမှာ ဘိုဘို ငါက ငါ့ကိုယ်ကျင့်တရားကို ဘယ်တော့မှ နှိမ့်ကျထိပါးတာ ခံမှာမဟုတ်ဘူးဆိုတာ နားလည်ထား"

ဟု ပြောပြီး အံ့ခဲ၍ကြည့်တော့ ဘိုဘို ခပ်ပြုံးပြုံးပဲ မိဆယ်ကို ငုံ့မိုးကြည့်သည်။ လက်က မိဆယ်၏ပခုံးပေါ် ပိုင်စိုးစွာ ဆုပ်ကိုင်လာပြီ။

"ကျေရောပေါ့ မိဆယ်၊ ခု နင် ငါ့ပါးကို ရိုက်ခဲ့ပြီးပြီပဲ ကျေပြီပေါ့ ဟုတ်လား"

ဟု ချစ်ဓာနှင့် စိတ်မဆိုးနိုင်ဘဲပြောနေတော့ မိဆယ် ဆောင့်ရုန်းသည်။

တဓာက်ကန်းချစ်စိတ်ကြီးနှင့် အတင်းကြီး မိဆယ်ကို လက်ထပ်ပိုင်ဆိုင်ဖို့ပဲ ဇောကပ်နေသည့် ဘိုဘို့ကို စိတ်လည်း ကုန်လာမိသည်။ ဘာကိုမှ အလေးအနက် မတွေးတတ်တဲ့ ဓာရမ်းကို သိသာသည်ပဲလေ။ ကိုယ့်အတွက်ပဲကိုယ်ကြည့်တတ်သည့် အတ္တသမားဆိုတာ ထင်းခနဲ ပေါ်နေသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘိုဘို၏မျက်နှာလေးကတော့ ဘယ်တုန်းကမှ မိဆယ်မတွေ့ခဲ့ဖူးသည့် ညှိုးဖျော့သော မျက်နှာလေးဖြင့်ပါ။ ဘိုဘို၏မျက်ဝန်းတွေထဲမှာလည်း မိဆယ်ကို အသနားခံနေသည့် အရိပ်တွေ ပြည့်သိပ်ညှိုးဖျော့စွာ ပြည့်နေကြသည်ပါပဲ။

"ဒီမှာ ဘိုဘို၊ နင်တို့သားအမိ သားအဖတစ်တွေက ငွေတို့၊ မျိုးရိုးဂုဏ်တို့ကို ကိုးကွယ်ကြတဲ့သူတွေ၊ မိဆယ်က ကိုယ်ကျင့်တရားကို ကိုးကွယ်တဲ့သူ၊ ဘွားစီမံတာကို ငါ လက်ခံပြီးပြီ၊ ငါ ဘယ်တော့မှ အဲဒါကို မပြောင်းလဲနိုင်ဘူး၊ ဒါပဲ"

ဟု ပြတ်ပြတ်ပြောချလိုက်ရပါ၏။ စိုးစိုးအတွက် မိဆယ်၏ရင်ထဲမှာ နာကျင်စိတ်၊ သနားရစိတ်တွေ ပြည့်သိပ်နေတာ အမှန်။ စိုးစိုး၏ နှလုံးသားမှာ နာကျင်ခံစားနေရမည့် ခံစားမှုများအတိုင်း မိဆယ်ရင်ထဲမှာ နာကျင်နေမိရသည်။ စိုးစိုးကို သနားနေမိရသည်။ ငိုစိုးဆိုတာ မိဆယ်၏ အထီးကျန်ဘဝလေးမှာ ငယ်ပေါင်းဖော်။ လိုက်လျောအလိုလိုက်တတ်သည့် သူငယ်ချင်း။

ဒါပေမဲ့ ဘွား၏အစီအမံကို မိဆယ် ခေါင်းညိတ်ထားပြီးသည့်နောက်မှာ။ ကိုကြီးနှင့်စေ့စပ်မှု တရားဝင်ကြေညာပြီးသည့်နောက်မှာ။ လက်ထပ်ရက်ပင် လူကြီးများ သတ်မှတ်ပြီးသည့်နောက်မှာ။ မိဆယ် ဘယ်တော့မှ ဘွား အစီအမံကို မပြောင်းလဲပစ်ရက်နိုင်။ အပြစ်မဲ့သည့် ကိုကြီး၏မေတ္တာကိုလည်း ဥပေက္ခာမပြုရက်နိုင်။ မိဆယ်၏ ကိုယ်ကျင့်တရားကိုလည်း နိမ့်ကျမခံနိုင်။ မိဆယ် ကိုကြီးကို လက်ထပ်ရမည် ... လက်ထပ်မည်။ သစ္စာ



ရှိရှိနှင့် ဘဝတစ်လျှောက်လုံး ကိုကြီးနှင့် လက်တွဲ၍ မခွဲမခွာ နေထိုင်သွားမည်။

ဒါ ... မိဆယ်၏ ဆုံးဖြတ်ထားချက်။

ဤအရာကို မိဆယ် အပြောင်းအလဲမခံနိုင်။ ဘယ်တော့မှ မပြောင်းလဲနိုင်။ မိဆယ်ဘက်က ပြတ်ပြတ်သားသားပြောလာတော့ ဘိုဘို မျက်နှာတစ်ချက်တင်းလာ၏။ မိဆယ်၏လက်လေးကို တင်းခဲနေအောင် ဆုပ်၍ ...

"ဘိုဘိုဆိုတာ ဖြစ်ချင်တာကို ရအောင်ယူတတ်တယ်ကွ"

ဟု အော်တော့ ...

"မိဆယ်ကိုတော့ မရနိုင်ဘူး ဘိုဘို"

ဟု ငြင်းကာ လက်ဆောင့်ရုန်းခိုက်မှာပဲ ခပ်လှမ်းလှမ်းမှ ရယ်သံကို ကြားရတာမို့ နှစ်ယောက်သား လှမ်းကြည့်တော့ အေးမြတ်ဖြူ ...။

"ဒါပေါ့လေ၊ ပိုက်ဆံချမ်းသာတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရတော့မယ့် သူဌေးကတော်လောင်းလေးဖြစ်လာတော့ ပန်းရုံမှာ ခြေပုန်းခုတ် မှုန်ခဲ့တဲ့ ဘိုဘို့ကို ခွာချတာ မဆန်းတော့ပါဘူးရှင်၊ အဟင်းဟင်း ... အောက်တန်းစား ဆိုပြန်တော့လည်း အသည်းခိုက်အောင် နာတတ်တယ်၊ လုပ်လိုက်တာကဖြင့် အောက်တန်းကျလှချေလား မိဆယ်၊ ဘိုဘို့ကို နင် အသည်းကွဲအောင် လုပ်ခဲ့တာပေါ့ ဟုတ်လား"

ဟု ကိုကို့အပေါ် မျှော်လင့်ထားမိသမျှ ဖြစ်မလာသည့်အကြောင်း မျက်နှာထားလေးနှင့် အခွင့်သာခိုက်မှာ ပက်ပက်စက်စက်ကြီး ပြောချလိုက်တော့ မိဆယ် မျက်နက်ဝန်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



လက်တောက်လာသည်။ အေးမြတ်ဖြူ၏မျက်နှာလေးကို ခပ်စူးစူး ပြန်စိုက်ကြည့်သည်။

"ဟုတ်တယ်၊ သူနဲ့ငါ ချစ်နေခဲ့ကြတာ"

ဟု ဘိုဘို အခွင့်အရေးကို လက်လွှတ်မခံဘဲပြောချ ကာ မိဆယ်၏မျက်နှာလေးကို ငုံ့မိုးကြည့်၍ ...

"ဘိုဘို ရာကျွေးပါ့မယ် မိဆယ်ရာနော်၊ ချမ်းချမ်းသာသာ ထားပါ့မယ်"

ဟု လိုချင်တာပဲ နားလည်လျက် ပြောလာတော့ မိဆယ် ထောင်းခနဲဖြစ်လာရပါပြီ။ ရုတ်ခနဲ ဘိုဘို့ကို ဆောင့်တွန်း ပစ်လိုက်တော့ ရုတ်တရက်ကြီးမို့ ဘိုဘို နောက်လန်ကျသွားပါ၏။ အေးမြတ်ဖြူမှ ဘိုဘို လဲကျသွားတာ။ ခေါင်းဖြင့် ခုံတန်းစောင်း ရိုက်မိတာ။ ဘိုဘို၏ ခေါင်းမှ သွေးထွက်လာတာမြင်သည်နှင့် ...

"ဟင် ... နင်ရိုင်းလှချေလားဟင်"

ဟု ပြောလည်းပြော။ ရှေ့သို့ တိုးလာကာ လက်ကို အမြှောက် ...

"ဒုတ်"ခနဲ အေးမြတ်ဖြူ၏လက်ကို ဖြတ်ရိုက်ချ လိုက်သည်။ ပန်းပင်ပျိုးထားသည့်အပင်ပေါက်ကို ကာထားသော နှစ်တောင်သာ သာဝါးလုံးကို ဆတ်ခနဲ ဆွဲနုတ်၍ မိဆယ် ဖြတ် ရိုက်လိုက်ခြင်းပါ။

"ဟာ ... မိဆယ် ... မိဆယ်"

ဟု တားသံနှင့် ပြေးလာသံကြောင့် ကြည့်လိုက် တော့ ကိုကြီး။ ဘယ်အချိန်ရောက်၍ ခပ်လှမ်းလှမ်းမှ ရွက်လှပင် ကြီးကို ကွယ်ရင်း နားထောင်နေသည်တော့ မသိ။ အပြေးပင်



ကိုကြီးရောက်လာကာ မိဆယ်၏လက်ထဲမှ ဝါးလုံးတိုလေးကို ကိုကြီး ယူသည်။ မိဆယ်၏ မျက်နှာလေးကို ကြည့်သည်။

ကိုကြီး၏မျက်ဝန်းတွေမှာ မိဆယ်၏ သစ္စာကို နှစ်သက်သည့်အရိပ်တွေကို ပြည့်သိပ်စွာ တွေ့မြင်နေရပါ၏။

"ကိုကြီး စောစောကပဲရောက်တာ၊ ကားကို ဟိုးဘက်က သရက်ရိပ်မှာ ထိုးရပ်ထားခဲ့ပြီးမှ ပန်းရုံအိမ်ထဲကိုဝင်ဖို့ လျှောက်ခဲ့တာ၊ မိဆယ်နဲ့ ဘိုဘို့ကို ဒီဘက်မှာ လှမ်းမြင် တာနဲ့ ကိုကြီး လျှောက်ခဲ့တာ"

ဟု မိဆယ်၏ မျက်နှာလေးကို ငုံ့မိုးကြည့်ရင်းမှ ခပ်ဖွဖွပြောသည်။

ဘိုဘို၏သားမှာ ကိုကြီး ဒူးတစ်ဖက်ထောက်၍ ဆိုင်ချကာ ဆွဲထူပေးပါ၏။ ခေါင်းမှ သွေးတွေကို ကိုကြီးကိုယ် ပိုင် လက်ကိုင်ပဝါဖြင့် သုတ်ပေးသည်။

လက်ကို လက်ဖဝါးတစ်ဖက်ဖြင့် အုပ်မိုး၍ ရပ်နေ သည့် အေးမြတ်ဖြူကို ကိုကြီး မော့ကြည့်ပါ၏။

"အတိုချုပ်ပြောရရင် အဲဒီက ရွက်လှရုံအုပ်အုပ်ကြီးကို ကျွန်တော် ကွယ်ရပ်နေတာပါ၊ မအေးမြတ်ဖြူ ဒီဘက်ကို ရောက်မလာခင်ကတည်းကပါပဲ အားလုံး ကျွန်တော် ကြားပါတယ်၊ မိဆယ်ရဲ့သစ္စာနဲ့ သစ္စာရှိမှုကို ကျွန်တော် နားထောင်ရင်း သဘောလဲကျ ဆက်လည်းနားထောင်ချင် လို့ အသံမပေးဘဲ အဲဒီမှာ ရှိနေတာပါ၊ ဘိုဘို ... မိဆယ် က ခင်ဗျားကို လက်မခံနိုင်တာ သိနေပြီပဲဗျာ၊ မိဆယ် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်စေချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု တည်ငြိမ်စွာပဲပြောတော့ ဘိုဘို အံ့ခဲ၍ ငြိမ်၏။ ရှက်လည်း ရှက်နေပုံရသည်။ မျက်နှာကြီး နီနေပါ၏။

အရမ်းကို တည်ငြိမ်၍ လူကြီးဆန်ဆန်ဖြင့် ကိုကြီး ပြောနေတော့ ဘိုဘို့ခမျာ ကလေးတစ်ယောက် လူကြီးရှေ့မှောက်မှာ လက်ပိုက်ရပ်ရင်း ကိုယ်လုပ်ခဲ့သည့်အပြစ်အတွက် အနေခက်နေသည့်ပုံမျိုး ဖြစ်နေသည်ပါပဲ။

"အဖြစ်မှန်ကိုတော့ ဘွားကို အသိပေးသင့်တာမို့ ကျွန်တော် ပြောပြမှ ဖြစ်မှာပါ၊ နောက်မှ မလိုတဲ့ဘက်က တစ်မျိုးတစ် မြည်ပြောတဲ့စကားကို ဘွားအရင်ကြားလိုက်ရရင် မကောင်းတတ်လို့ပါ ...

ကျွန်တော်ဟာ မိဆယ်ကို မြတ်နိုးလို့ လက်ထပ်ဖို့ အထိ ရည်ရွယ်ပြီး ချစ်တဲ့သူတစ်ယောက်ပါ၊ မိဆယ်ရဲ့ အရေးဟာ ကျွန်တော့်ရဲ့အရေးပါပဲ၊ မိဆယ်နဲ့ပတ်သက်လာရင် ဘယ်တော့မှ ကျွန်တော်ဟာ ငြိမ်ခံမှာ မဟုတ်ပါဘူး ကဲ ... ဒါကိုထားပါလေ၊ ဘိုဘို့ကို ဆေးခန်းတော့ ပြရလိမ့်မယ်၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါမယ်၊ မိဆယ် အခန်းမှာ ပြန်နားနေလိုက်နော် ဟုတ်လား"

ဟု တောက်လျှောက်တည်ငြိမ်စွာပြောသည်။ မိဆယ်နှင့်ပတ်သက်လာလျှင် ကိုကြီး ဘယ်တော့မှ ခံမှာမဟုတ်တာကို အတိအလင်းပဲ ကိုကြီး တည်ငြိမ်စွာ ပြောခဲ့သည်ပါပဲ။

လူတစ်ယောက်ခေါင်းမှ သွေးထွက်သံယို ဖြစ်တာမို့ မျက်နှာလွှဲသွား၍ မသင့်တာမို့ လူ့အသိဖြင့် ကိုကြီး လိုက်ပို့ပေးခြင်းဆိုတာ မိဆယ် နားလည်ပါသည်လေ။



ကိုကြီးမှ မိဆယ်ကို ဘေးမှာရပ်၍ ငုံ့မိုးကြည့်ရင်း ...

"မိဆယ်ကို ကိုကြီး အမြဲယုံကြည်ထားတယ်၊ မိဆယ်ရဲ့ ကိုယ်ကျင့်တရားကိုလည်း ကိုကြီး ယုံကြည်တယ်၊ ဒါကြောင့် မိဆယ်ကို ကိုကြီး မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်ဖို့ဆုံးဖြတ်ထားတာပေါ့၊ အခု ပိုပြီးတောင် တန်ဖိုးထားပြီး ယုံကြည်ရတယ် မိဆယ်၊ ကဲ ... သွားအနားယူ၊ မိဆယ်ရဲ့အခန်းကို ရောက်တဲ့အခါ ပြတင်းမှာလာရပ်ပြ၊ ကိုကြီး ဒီကစောင့်ကြည့်မယ်၊ မိဆယ်ကို မိဆယ်ရဲ့အခန်းမှာ ပြန်တွေ့ရမှ ကိုကြီး ဒီနေရာကခွာမယ်၊ ဘိုဘို့ကို ဆေးခန်းပို့ပေးမယ်"

ဟု ပြောတော့ မိဆယ် ခေါင်းလေးညိတ်ပြကာ ...န်းရဂုံတွင်းသို့ မိဆယ် ဝင်ခဲ့ပါ၏။

ဘိုဘို ဒဏ်ရာရသည့်ကိစ္စ ဘယ်သူမှ မသိအောင် မိဆယ် ကိုယ့်အခန်းကိုယ်ပြန်ရောက်ဖို့ လိုအပ်သည်ဟု ကိုကြီး ...ားလည်ထားပုံဖြင့် ပြောခြင်းပါ။

ကြီးကြီးညိုသိလျှင် ဘာမျှ မေးစမ်းတော့မှာမဟုတ် ...ဲနှင့် အော်ကြီးဟစ်ကျယ်ဖြင့် မိဆယ်ကို ပြောချေမှာ ကိုကြီး ...ားလည်ထားပုံရ၏။

ပန်းရဂုံမှ အိမ်သားတွေ၏ စိတ်ထားတွေ မိဆယ် ...ပေါ် မည်သို့ရှိကြတာကို ဘွားလည်း အတန်အသင့်လောက် ...တော့ ကိုကြီးနှင့် ဘွားသိရိုကို ဖွင့်ပြောပြထားချေမည်ပေါ့။ ...ါကြောင့် မိဆယ်ကို အလျင်လွှတ်ခြင်းဆိုတာ နားလည်ရျက် ...ခန်းသို့ပြန်ရ။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းမှရပ်၍ ကိုကြီးတို့ရပ်နေရာဘက်ကို လှမ်းကြည့်မိပါ၏။

ထိုအခါမှ ကိုကြီး ဘိုဘို့ကို ဆေးခန်းပို့ဖို့ ခေါ်သွားမိပါ၏။

ဘိုဘို၏ဒဏ်ရာကလည်း အပေါ်ယံလောက်ပဲမို့ ကိုကြီး အေးအေးတည်ငြိမ်စွာပဲ ခေါ်သွားခြင်းဆိုတာ မိဆယ် နားလည်မိပါ၏။

ဘာပဲဖြစ်ဖြစ် ကိုကြီးကို မိဆယ် လေးစားကျေနပ်သွားမိရသည်ပါပဲ။

တည်ငြိမ်စွာပဲ အေးမြတ်ဖြူနှင့် ဘိုဘို့ကို ပြောခဲ့ဆိုခဲ့သည့် ကိုကြီး၏ ဟန်ပန်မူရာများကို မိဆယ် ကျေနပ်သည်လေ။

မိဆယ်နှင့်ပတ်သက်လာလျှင် မားမားမတ်မတ်ရပ်မည်ဟုလည်း အတိအလင်း ကိုကြီး ပြောခဲ့သည်။

နှုတ်ခမ်းလေးမှာ ကျေနပ်စွာ ပွင့်လန်းလာသည့် အပြုံးတစ်ပွင့်သည် လင်းလက်နေသော နေရောင်အောက်မှာ မှန်ပြတင်းလေးကိုမှီရင်း ရပ်နေသည့် မိဆယ်ထံမှ ပွင့်လန်းလာရပါတော့သတည်း။

✿ ❤ ✿



## အခန်း(၂၄)

ရင်ထဲမှာ ခံစားနေရသည့် ဆုံးရှုံးရခြင်းဝေဒနာသည် အံ့ကျင်းဖွဲ့လျက် ဆောက်တည်ရာမဲ့ ခံစားနာကျင်စေ၏။

အစဉ်တစိုက် တတွဲတွဲနှင့် ရှိခဲ့ရပါသည့် အရိပ်လေးမှာ နှစ်ကာလကြာရှည်စွာ ရှိခဲ့ရပါသော မိဆယ်။

ဘဝ၏ငွေလမင်းလေး မိဆယ်။

ယခုတော့ မိဆယ်သည် ကိုကို၏မိဆယ်ဖြစ်ခဲ့ရချေပြီ။ စိုးစိုးရင်ထဲမှာ နေထိုင်မရ။ မိဆယ်နှင့် ဝေးခြင်းမက ဝေးကြရချေပြီပဲ ... ဟု နားလည်လာရလေ၊ နေ၍မရ။ ဆောက်တည်ရာမဲ့ဖြစ်နေရလေ။

မိဆယ်လေး စေ့စပ်လိုက်သည့်နေ့မှစ၍ စိုးစိုး ဘာမျှ ဟုတ်တိပတ်တိ မစားနိုင်တော့။ ရင်ထဲမှာ ကြေကွဲနေသည်။ နှလုံးအိမ်တစ်ခုလုံး ထုတ်ပေးလိုက်ရသည့်နှယ်ပါလားဟု နားလည်နေရလျက် ရင်ထဲဆို့ကျပ်နေရသည့်အဖြစ်။

မိဆယ် စေ့စပ်လိုက်တာမို့ စိုးစိုး အတန်းမတက်ဘဲ ကော်ထဲညစ်နေသမျှ အိမ်ထဲအောင်းနေပြန်လျှင်လည်းမဖြစ်။ ပန်းရုံမှ ကြီးညိုနှင့် ကြီးယဉ်အကြောင်း စိုးစိုး သိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်နှင့် ကိုကို့ကြားမှာ ဤအချက်ဖြင့်ပင် အကျိုး ပျက်အောင် လုပ်ကြချေမည်။ ပြောကြချေမည်။ မိဆယ်နှင့်စိုးစိုး တို့ ချစ်ခဲ့ကြသည်ဟုပြောနိုင်သည်။ မိဆယ်လေးအပေါ် ကိုကို့ အထင်မလွဲစေချင်။

ဘာပဲဖြစ်ဖြစ်။ လူသိရှင်ကြား စေ့စပ်ထားပြီးသည့် မိန်းကလေးတစ်ယောက်အဖို့ ထိုသူနှင့်ပဲ လက်ထပ်ဖြစ်သင့်သည် မဟုတ်ပါလား။ ပျက်သွားလျှင် မိန်းကလေးဘက်က သိက္ခာကျချေ မည်။

ဒါကြောင့် စိုးစိုး အတန်းတက်မြဲတက်ရပါ၏။

ဒါပေမဲ့ မိဆယ်ကို ကိုယ်တိုင်ကားမောင်း၍ ကိုကို လိုက်ပို့ပေးတတ်၊ ပန်းရုံသို့လည်း ပြန်ပို့ပေးဖို့ ကျောင်းမှာ လာကြိုပေးတတ်သည်မို့ ကိုယ်တိုင်မဲ့ စိုးစိုးတစ်ယောက်တည်း ပဒုမ္မာမှ ထွက်ခဲ့ရပါ၏။

အတန်းတက်မှ ကမန်းကတန်း အတန်းထဲဝင် လွှတ်ရာခုံမှာ ဝင်ထိုင်ပြီး ဟန်လုပ်၍ စာတွေ တကုန်းကုန်းရေးမှတ် ယမယ့် ရင်ထဲမှာ မိဆယ်လေးပဲရှိနေတာ။ မိမိဘာသာပဲ သိရပါသည့် အဖြစ်။

မိဆယ်လေးကို စိုးစိုး လှမ်းကြည့်လျှင် မျက်နှာလေး ညှိုး၍ တစ်ချက်တစ်ချက် ကြည့်တာလေးနှင့် ဆုံတတ်သည်။ ထိုအခါမျိုးမှာ စိုးစိုး အားယူ၍ ခပ်သဲ့သဲ့ပြုံးပြမိရပါ၏။

တစ်ယောက်တည်း ကျောင်းတက်ရသည်ကိုက စိုးစိုး အတွက် ထူးဆန်းနေသည့်အဖြစ်။



ငယ်ကတည်းက ကျောင်းသွားဖော် မိဆယ်လေး မလာခဲ့နိုင်တော့ဘဲလေ။

ပဒုမ္မာသို့ပြန်ရောက်ချိန်သည်လည်း ရင်ထဲမှာ ဝေဒနာ ဖို့သက်သက်လို ဖြစ်နေရသည်ပါပဲ။

မိဆယ်နှင့် စွန်လွှတ်နေကျ အဖြစ်တွေ၊ မိဆယ်နှင့် အတူ စားသောက်နေကျ လမ်းထိပ်အအေးဆိုင်လေးမှ ကြည်နူးခဲ့ နောက်ခဲ့ ပြောင်ခဲ့ရသည့် အဖြစ်လေးတွေသည် ယခုကျတော့ လုံးအိမ်ကို နှိပ်စက်ရန်သက်သက်အဖြစ် ကျန်ရစ်ခဲ့၏။

မိဆယ်လေး စေ့စပ်ပြီဆိုတာ သိခဲ့ရသည့်နေ့က ဒုမ္မာမှာ ဟန်လုပ်မရနိုင်စွာ ပုံပုံကျဖြစ်ခဲ့ရသည့် စိုးစိုး၏အဖြစ်။ စိုး၏ မျက်ရည်များ ဝဲလာသမျှကို ဒက်ဒီနှင့် မာမီပင် မျက် ည်ဝဲစွာ ထိထိခိုက်ခိုက်ကြီး ကြည့်ခဲ့ရသည်လေ။

"အေးကွယ် … မိဆယ်လေး၊ ကျောင်းမပြီးသေးတာမို့ ကျောင်းပြီးမှပဲ စကားကမ်းမယ်လို့ မာမီ မျှော်လင့်စဉ်းစား ထားမိတာ၊ မိဆယ်လေး တွဲတာကလည်း သားတစ်ယောက် ပဲမဟုတ်လား၊ ခုလို ကျောင်းမပြီးခင်မှာတော့ ဖြူဖြူစင်စင် လေးတွေပဲ တွဲကြ၊ ပေါင်းကြရင် ပြီးပြီး အေးချမ်းပါတယ် လေဆိုပြီး နေခဲ့မိတာ၊ မာမီ့ရင်ထဲ နောင်တရချင်လိုက်တာ ကွယ်"

ဟု သား၏ သောကကို သိထားသည့် မာမီမှာ မချို င်ကဲပြောခဲ့ရှာသည်ပဲ။ ယူကျုံးမရစွာ ပြောခဲ့ပါသည့် မာမီ့ကို ည်း စိုးစိုး ဘာမျှ မပြောခဲ့။ ရင်ထဲမှာ နားလည်ထား လက်ခံ ားလိုက်ရပြီးပြီပဲလေ။ မိဆယ်လေးကို ဤဘဝတွင် အဆုံးရှုံး ဆုံးရှုံးလိုက်ရချေပြီပဲဟု။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ပြန်လာလျှင် အခန်းအောင်း၍ တိတ်ဆိတ်စွာပဲ စိုးစိုး ကြေကွဲခြင်းဝေဒနာကို ခံစားနေမိရမြဲ။

ဩော် ... ဤဝေဒနာသည် ထာဝရ စိုးစိုး၏ဘဝမှာ တည်မြဲစွာ ခံစားဖြစ်တည်ချေမည်ကော မိဆယ် ... ဟု စိုးစိုး တွေးမိရင်း မျက်စိကို စုံမှိတ်ချလိုက်မိပါပြီ။

"စိုးစိုး"

အခန်းတံခါးဝမှာ ခြေစုံလေးရပ်၍ ခေါ်လာသည့် ခေါ်သံ။ ဤအသံလေးသည် ချစ်ရပါသော မိန်းကလေး၏အသံ ပြတင်းကို လက်ဖြင့် ဖေးထောက်၍ အပြင်ဘက်မှ ပိန္နဲပင်ကြီးကို ငေးကြည့်နေမိရာမှ စိုးစိုးကိုယ်ကြီး ရုတ်ခနဲ လှည့်သွားမိလျက်မှ—

"မိဆယ်လေး"

ဟု ဟိုယခင်တုန်းကနယ် တစ်ချက် စိတ်လွတ်သွားကာ ဝမ်းသာလွန်းစွာ ခေါ်မိလိုက်ရပါပြီ။ ဟိုတုန်းကနယ်ပင် မိဆယ်လေး ပဒုမ္မာသို့ အလည်လာသည့် အချိန်တုန်းက ခံစားမှုဖြင့်ပါ။ ဒါပေမဲ့ ချက်ချင်း သတိပြန်ဝင်လာကာ မျက်ဝန်းများ ရုတ်ခြည်းမှိန်ကျသွားလျက် မိဆယ်၏မျက်နှာလေးကို ခပ်ငေးငေး ကြည့်သည်။

"မိဆယ်ရယ်"

ဟု တိုးသဲ့သဲ့ ခပ်ညည်းညည်း ခေါ်မိရပါသည့်အဖြစ် နောက်မှ အခန်းတွင်းမှ စိုးစိုး ထွက်လာသည်။ အခန်းတံခါးဝမှာ ရပ်နေသည့် မိဆယ်လေးကို စောင့်ခေါ်၍ ခါတိုင်းထိုင်နေကျ စွန်လွှတ်သည့် နေရာလေးဆီသို့ နှစ်ယောက်သား လျှောက်ခဲ့ကြပါ၏။



"စိုးစိုး"

လျှောက်နေရာမှ စိုးစိုး တစ်ချက်ငဲ့ကြည့်သည်။ မျက်နှာလေးညှိုးကျလျက် မော့ကြည့်သည့် မိဆယ်၏ မျက်နှာနုနုထွေးကို တစ်ချက်ငေးကြည့်ဖြစ်၏။

"ဘာလို့ စေ့စပ်မယ့်ကိစ္စကို စိုးစိုးကို အသိမပေးတာလဲ မိဆယ်ရယ်၊ စိုးစိုးသိရင် မိဆယ် စိတ်အနှောင့်အယှက်ဖြစ်အောင် အဲဒီကဗျာလေးကို မပေးခဲ့ပါဘူး၊ အဲဒီကိစ္စအတွက် စိုးစိုး တောင်းပန်ပါတယ် မိဆယ်"

ဟု ပြောတော့ မိဆယ် ရင်ထဲမှာ မကောင်း။ ဆုံးရှုံးထားပြီးရသည့် လူတစ်ယောက်၏ ကြေကွဲနာကျင်စွာ တောင်းပန်လာခြင်းကို မိဆယ် မည်သည့်အင်အားဖြင့် ကြည့်ရက်နိုင်ကြားရက်နိုင်ပါမည်တဲ့လဲလေ။

"ဘွားက ရုတ်တရက် ဖွင့်ပြောပြီး စီစဉ်တာပါ စိုးစိုး၊ ဘွား စိတ်ချမ်းသာအောင် မိဆယ် လက်ခံတာပါ၊ စိုးစိုးကို ဖွင့်ပြောဖို့ကျတော့လည်း မိဆယ် ရှက်လို့ပါ၊ မိဆယ် စိတ်မကောင်းဘူး စိုးစိုး"

ဟု ပြောနေရင်းမှ အသံလေး တိုးတိမ်ကျသွားလျက် စိုးစိုးကို မော့ကြည့်သည်။

မိဆယ်၏ မျက်ဝန်းအိမ်လေးတွေမှာ မျက်ရည်ဝေ့ချင်နေ၏။

"မိဆယ်ကြောင့် မိဆယ်ရဲ့ငယ်သူငယ်ချင်းမှာ ဝေဒနာကျန်ရစ်ခဲ့ရတာကို မိဆယ် စိတ်မကောင်းဘူး စိုးစိုးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိုးစိုး ခံစားရမှာကို မိဆယ် သိနေတယ်၊ မိဆယ် လေ စိတ်မကောင်းဘူး"

အသံလေးက ပြတ်တောင်းတောင်း ဖြစ်ချင်၏။ တိုးတိမ်တိမ်တော့ဖြစ်နေပြီ။

ငယ်တုန်းက အထီးကျန်မဖြစ်ရအောင် မိဆယ်၏ ဘဝလေးမှာ အဖော်အဖြစ် အစဉ်တစိုက် ရှိခဲ့ပါလျက် စိုးစိုးကို မိဆယ်ကြောင့် ဝေဒနာမဖြစ်စေချင်ဘူး အမှန်ပါ။

"မိဆယ် စိုးစိုးကို အစ်ကိုတစ်ယောက်လို ချစ်ပါတယ်၊ သူငယ်ချင်းတစ်ယောက်လိုလည်း ချစ်ပါတယ်၊ အဲဒါကို ယုံပါ စိုးစိုးရယ်"

ဟု ပြောတော့ စိုးစိုး ရင်ထဲမှာ နင့်နေအောင် ခံစားရပါ၏။

"ဒါပေမဲ့ စိုးစိုးရဲ့မေတ္တာကို မိဆယ် ယုံပါတယ်၊ တန်ဖိုးလည်း ထားပါတယ်၊ အသိအမှတ်လည်းပြုပါတယ်၊ အဲဒါကြောင့်မို့ မိဆယ် စိုးစိုးရဲ့ကဗျာလေးကို သိမ်းထားပါတယ် စိုးစိုးရယ်၊ မိဆယ် စိုးစိုးကို အစ်ကိုလိုပဲ ချစ်ရတာကို နားလည်နော်၊ မိဆယ် ပန်းရဂုံမှာ မရှိတော့ရင်လည်း စိုးစိုး အတန်းမှန်မှန်တက်၊ စာမှန်မှန်ကျက်နော်၊ စိတ်မလေ ပါနဲ့ စိုးစိုးရယ်၊ မိဆယ် အဲဒါကို စိုးရိမ်နေလွန်းလို့ပါ"

ကြီးမားစွာ နာေင်ငင်ထားပါသည့် ငယ်သံယောဇဉ် ဖြင့် မိဆယ်မှာနေတော့ စိုးစိုး ရင်ထဲမှာ ကြေကွဲပြီးရင်းကြေကွဲ ရရင်းပါ။



ပန်းရဂုံမှာ မိဆယ် မရှိရင်ဆိုသော စကားသည် နှလုံးအိမ်ကို ဆုပ်ညှစ်လိုက်သည့်နှယ် နာနာကျင်ကျင်နှင့် ချောက်ချားနေစေနှင့်ပြီပဲ။

ဒါပေမဲ့ အနိုင်နိုင်အားယူခေါင်းညိတ်ရင်းမှ ...

"စိတ်ချပါ မိဆယ်၊ စိုးစိုး မိဆယ်မှာတဲ့အတိုင်း စာကြိုးစားပါ့မယ်"

ဟု အားယူ၍ ပြောရသည်။

စိုးစိုးရဲ့အချစ်ကို ယုံကြည်တဲ့အတွက်ရော၊ အသိအမှတ်ပြုတဲ့အတွက်ရော အရမ်းကျေးဇူးတင်ပါတယ် မိဆယ်ရယ် ဟု ပြောချင်ပေမယ့် မပြောဖြစ်တော့ပါ။

မိုးရေများ စိုစွတ်နေသော နေ့တစ်နေ့မှာ စိမ်းမြမြ စိုနေသော မြက်ခင်းထက်၌ ကံကော်ပင်အောက်မှာ လက်လေးနှစ်ဖက်ဖြန့်၍ ပန်းရောင်ဂါဝန်လှလှလေးကို ချာလည်ဝဲနေအောင် လှည့်ပတ်၍ ချစ်စရာချစ်စရာလေးကနေပါသည့် ကောင်မလေးတစ်ယောက်နှင့် စတင်ဆုံစည်းခဲ့ပါသည့် မြင်ကွင်းလေးကို ပြန်၍ မြင်၏။

ထိုဘဝ ထိုအချိန်လေးကို ပြန်၍ ရောက်လိုက်ချင်ပါသည်ကော မိဆယ်ရယ်။

ထိုဘဝမှပြန်၍ လူ့ဘဝကို ခရီးပြန်ဆန့်။ ထိုအခါမှာ နောက်ကျလေသူအဖြစ် မဟုတ်ရပါဘဲနှင့် မိဆယ်၏အချစ်ကို ဦးစွာခွင့်ပန် ပိုင်ဆိုင်ရသည့် ငယ်သူငယ်ချင်းတစ်ယောက်အဖြစ် ပြန်၍ ရယူလိုက်ချင်သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် အချိန်တွေအားလုံး လွန်မြောက်ခဲ့ရ ပြီပဲ။

"စိုးစိုးကို မိဆယ် အမှတ်တရလာပေးတာ၊ စိုးစိုး သိမ်း ထားနော်၊ သတိရတဲ့အခါ မိဆယ်ရဲ့ စွန်ဝါဝါလေးကို စိုးစိုး လွှတ်ပေါ့"

ဟု ပြောပြီး လက်ထဲမှာ တောက်လျှောက်ပါလာ သည့် စွန်ဝါဝါလေးနှင့် ရစ်လုံးကိုပါ မိဆယ်ပေးတော့ ရင်ထဲမှာ ဟန်ဆောင်မရနိုင်လောက်အောင် ကြေကြေပြုန်းရသည်ပါပဲ။

"မိဆယ်ရယ် ... ပြန်တော့နော်၊ ပြန်တော့ကွာ"

ဟု အနိုင်နိုင် ထိန်းထားရသော ကြေကွဲနေသည့် ရင်ဖြင့် ပြောလည်းပြော၊ မိဆယ်၏လက်တွင်းမှ စွန်ဝါဝါနှင့် ရစ်လုံးဘီးကိုလည်း ယူရင်း မျက်ရည်တစ်ချက်ဝဲချင်၏။

မိဆယ်လည်း စွန်ဝါဝါလေးကို ပေးစဉ်ခိုက် တစ် ချက်ရှိုက်သံလွင့်သည်။

"ငယ်တုန်းကတည်းက ကစားဖော်၊ ကျောင်းသွားဖော် မိဆယ်ရဲ့အဖော်၊ စိုးစိုးကို မိဆယ် အမြဲအမှတ်ရနေမှာပါ"

ဟု ပြောပြီးတာနှင့် မိဆယ် နေရာလေးမှ ချာခနဲ လှည့်ထွက်ပြေးသွားပါချေပြီတကား။ နှလုံးအိမ်သည် မိဆယ်နှင့် အတူ ပါသွားခဲ့ချေပြီပဲဟု စိုးစိုး ခံစားလျက် ဆို့နင့်နေသော ခံစားမှုဖြင့် ကျန်ရစ်ခဲ့ရခြင်း၏ဝေဒနာကို ရင်နှင့်မဆံ့ သိမ်းဆည်း လျက် စိုးစိုး ကျန်ရစ်ခဲ့ရပါချေသည်တည်း။



## အခန်း(၂၅)

ပန်းရုံ၏အပေါ်ထပ် လသာဆောင်မှာ ရပ်လျက် မြင်ကွင်းကို ခပ်ငေးငေးကြည့်မိသည်။ ရင်ထဲမှာတော့ မတည် ငြိမ်ချေ။ စိမ်းမြမြ မြက်ခင်းထက်မှာ ရပ်လျက် တစ်ယောက်နှင့် တစ်ယောက် ကြည့်နေကြတာ။

မိဆယ်၏လက်တွင်းမှ စွန်ဝါဝါလေးနှင့် ရစ်လုံးဘီး တို ကမ်းပေးတာ။ စိုးစိုးမှ ယူလိုက်တာ။ နောက်တော့ ... နောက် တော့ မိဆယ်လေး။ ပဒုမ္မာခြံတွင်းမှ ပြေးထွက်လာတာ။ အားလုံး ကို သူ မြင်နေခဲ့ရပြီးပြီ။

မိဆယ်လေးရဲ့ ငယ်သူငယ်ချင်းပဲလေ ... ဟု ဖြေ သိမ့်နားလည်တွေးမျိုး တွေးယူမိပေမယ့် ရင်ထဲမှာ အေးငြိမ်းသွား ခြင်းမျိုး ဖြစ်မလာ။

မြင့်မားသော သံယောဇဉ်အဟုန်ဖြင့် ရှိနေကြချေ မည်ပဲဟု နားလည်ဖြစ်နေလျက် ရင်သည် လောင်မြိုက်၏။

မိဆယ် စေ့စပ်ကြောင်း ဘွားပြောသည့်နေ့ကလည်း စိုးစိုး အရမ်းကို မျက်နှာဖြူဖျော့ကျသွားခဲ့တာ သူ အမြင်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်၏ ငယ်သူငယ်ချင်း ... ဟု သူ နားလည်ထားရပေမယ့် စိုးစိုးနှင့် ကျောင်းတူတူ မသွားစေချင်သည့်ဖောပဲကပ်နေခဲ့တာမို့လည်း နောက်နေ့ မနက်မှစ၍ မိဆယ်ကို သူ အစောကြီး သွားကြိုစောင့်။ မိဆယ်ကို ကျောင်းလိုက်ပို့။

အပြန်ကို စောင့်ကြိုပေးနေမိတတ်တာတွေကို အမှန်အတိုင်းဝန်ခံရလျှင်‸ သဝန်တိုစိတ်ဖြင့်ပါ။

ယခုလည်း မိဆယ်ထံ ညနေဘက်လာမိခိုက် မိဆယ် ပန်းရုံမှာ ရှိမနေ။

ဘွားကလည်း ဘုရားဆောင်မှာ ရှိနေသည်။ အနှောင့်အယှက်မပေးလိုတာနှင့် လသာဆောင်ဘက် ထွက်ရပ်မိခြင်းပါ။

အပေါ်ထပ်ကို တက်ခဲ့စဉ်ကတည်းက အေးမြတ်ဖြူ၏မေမေ ကြီးယဉ်မှ ပြုံးထေ့ထေ့ဖြင့် တစ်ချက်ကြည့်နေရင်းမှ ...

“မိဆယ်လား မရှိဘူး၊ အလွမ်းသယ်နေတာယ်၊ အို ... မဟုတ်ဘူး၊ အလွမ်းသယ်ဖို့ သွားလိုက်လေရဲ့”

ဟု ပြောကတည်းက ရင်ထဲမှာ တစ်ချက်အောင့်ချင်၏။

အေးမြတ်ဖြူကို တုတ်ဖြင့် မိဆယ် ဆော်ထည့်လိုက်တာ ကြီးယဉ် မကျေနပ်။

ဘိုဘို့ကို တွန်းထည့်လိုက်၍ ခေါင်းထိ သွေးထွက်တာကိုလည်း ကြီးညို မကျေနပ်။

ဒါပေမဲ့ အဖြစ်စုံကို ဘွားအား အစအဆုံး သူ တောက်လျှောက်ကြီး ခပ်ပွင့်ပွင့်ပဲ ပြောပြတိုင်တောခဲ့တာ ပန်းရုံမှာ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။



ဘဘထွန်းနှင့် အန်ကယ်ဒီပလည်း ရင်ထဲမှာတော့ သိပ်ကျေလည်ပုံမရ။

ဒါပေမဲ့ မှားသည်က သူတို့သားသမီးဘက်ကမှန်း သိထားပုံဖြင့် ငြိမ်နေခဲ့ကြရပါ၏။

နောက်ပိုင်းမှာ သူ့အပေါ်မှာ ကြီးယဉ်နှင့် ကြီးညိုတို့ ဟန်လုပ်ပြုံးမှုကို အနိုင်နိုင်ပြုံး၍ တန်းတန်းပဲ ဆက်ဆံခဲ့ကြချေသည်ပါပဲ။

မိဆယ်နှင့်ပတ်သက်၍ ဘွားကလည်း သားနှင့်သမီးကိုရော မြေးနှစ်ကောင်ဖြစ်သည့် ဘိုဘိုနှင့် အေးမြတ်ဖြူကိုရော အပြတ်ပြောခဲ့သည်မဟုတ်ပါလား။

“မိဆယ်ဟာ မင်းတို့ ဘယ်လိုသဘောပဲထားထား ဘယ်လိုပဲ နိမ့်စရာအဖြစ်သတ်မှတ်သတ်မှတ် အဲဒါဟာ နင်တို့ရဲ့ သွေးပဲ၊ ဒီကလေးကို နှစ်ရှည်လများ ဖယ်ကြဉ်ခဲ့ကြ၊ အနိုင်ကျင့်ခဲ့ကြ၊ အထီးကျန်ဖြစ်အောင် တွန်းပို့ခဲ့ကြတာများခဲ့ပြီပဲ၊ အခု သူ့ဘဝသူကျောင်းဖို့၊ သူ့ဘဝဖော်နဲ့သူ ရှိကြရတော့မယ့်အချိန်မှာ စိတ်ကောင်းလေးတစ်ချက်လောက်တော့ဖြင့် ရှိဖူးတယ်ရှိအောင်မွေးကြဖို့ ကောင်းပြီ”

ဟု ခေါင်းမှဒဏ်ရာနှင့် ဘိုဘို့ကို တစ်ချက်စိတ်မပူဘဲ ခပ်ပြတ်ပြတ်ပဲ ပြောချခဲ့တော့ အားလုံးငြိမ်ကြသည်။ ဘွားထံမှ ရရှိမည့် အမွေပုံနှင့် ငွေကြေးများ၊ ပန်းရုံအိမ်ကြီး၏ ကျယ်ဝန်းခံ့ထည်ခြင်းများသည် ပွင့်လာမည့်ပါးစပ်များနှင့် ပြောလာမည့် စကားများကို လျှာဖျားမှာပဲ ရုတ်တရက်ပဲ စုစည်းကျန်ရစ်စေလျက် အသံမထွက်လာစေခဲ့တော့သည့်အဖြစ်။ ဒါကို ဘေးလူဖြစ်သည့်သူပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိရသည်ပါပဲ။ ကြီးယဉ်ဆိုတာ အေးမြတ်ဖြူနှင့် ရင်းနှီးစေလို၍ သမီးကို အလှဆုံးပြင်ဆင်ဝတ်စားစေကာ ပန်းရဂုံသို့ သူ စတင်ရောက်သည့်နေ့မှာ ညှော်ခံစကားပြောစေ၊ ညှော်ဝတ်ပြုခဲ့စေသည့် မဟုတ်ပါလား။

အရာရာကို ငွေကြေးဖြင့် တိုင်းတာကြ၊ တန်ဖိုးသတ်မှတ်ကြတာကို သူ နားလည်ထားမိသည်မှာ ပန်းရဂုံသို့ အရောက် အပေါက်များလာရလေ ပိုနားလည်လာရလေအဖြစ်မျိုးဖြင့်ပါ။

ထိုအခိုက်မှာပဲ အောက်ထပ်မှ မိဆယ်၏ ဒေါသကဲလျက်ရှိပါသော အသံလေးကို ကြားလိုက်ရတာမို့ ဆင်းလာလက်စ လှေကားမှ ကမန်းကတန်း ဆင်းလာခဲ့ရပါပြီ။

"စိုးစိုးက မိဆယ်ရဲ့ ငယ်သူငယ်ချင်းပါ ကြီးညို၊ မိဆယ်ကို ဒီလိုစော်ကားတဲ့စကားမျိုး မပြောသင့်ဘူး၊ မိဆယ် စိုးစိုးဆီသွားတာ ငယ်သံယောဇဉ်အတိုင်းပဲ၊ ဘာမှ မပြောင်းလဲဘူး၊ မိဆယ်ရဲ့ သူငယ်ချင်းကို မိဆယ် ဘယ်ချိန်မှာ တွေ့တွေ့ အဖြူအစင်ပဲ၊ ဘာမှ မဆန်းပြားဘူး၊ ဒါကြောင့် မိဆယ် အိမ်ထောင်ကျသွားရင်လည်း တွေ့လို့ရတယ်၊ ဒါကို လာပြီး ခနိုးခနဲ့မပြောပါနဲ့"

ဆင်းလက်စခြေလှမ်းကို တုံ့ခနဲရပ်လိုက်မိလျက်ရင်ထဲ မောသွားရသည်ပါပဲ။ လက်ထပ်ရမည့်ဇနီးလောင်းကို ငယ်ပေါင်း စိုးစိုးနှင့် ပုတ်ခတ်နေတာ၊ သူ သွားနားထောင်ပေးရမှာကျတော့လည်း စိတ်ထဲရှုပ်ရ၊ အနေခက်ရသည်ပါပဲ။ မဟုတ်တာထားပါ။ သူက ခင်ပွန်းလောင်းအနေဖြင့် နားထောင်ပေးရ၊ ဝင်ပြောပေးရနှင့် ဖြစ်ဖို့ကျတော့ တစ်မျိုးကြီး ဖြစ်နေပြန်သည်။



"ကြီးညိုတို့က မြင်တာကိုပြောတာ၊ စေတနာနဲ့ပြောတာ မိဆယ်၊ ကိုယ်ကလက်ထပ်ရတော့မှာ၊ အနေအထိုင် သူများပြောစရာမဖြစ်အောင် နေဖို့ပြောတာ၊ ညည်းကို အပြစ်လိုက်ရှာနေတာ မဟုတ်ဘူး၊ ညည်းက ဟိုးအရင်က တည်းက ဘိုဘိုက စေတနာနဲ့ သတိပေးရင်လည်း စိုးစိုးနဲ့ ပတ်သက်လာရင် ဆတ်ဆတ်ခါ ပြန်ရှာခဲ့တာချည်းပဲ မဟုတ်လား"

ဟု ပြောသံကို သူ ကြားရ၏။ ထမင်းစားခန်းဆီမှ သံတွေကတော့ လှေကားမှဆင်းလာသည့် သူ့မှာ အားလုံး ကြားနေရပါပြီ။

"မဟုတ်တာပြောရင် ဘယ်သူမှ မခံဘူး ကြီးညို၊ အဲသလိုသာ ဆုံးမတတ်ရင် ဒီအိမ်မှာ မိဆယ် ဘယ်ယောကျ်ားလေးကိုမှ တွဲနေတာမဟုတ်ဘူး၊ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ ခေါ်လာလိုက်၊ ဆက်ဆံလိုက်၊ သွားလာလိုက်နဲ့ ရှိတာမဟုတ်ဘူး၊ ဗိုင်းကောင်းကျောက်ဖိ ဆုံးမတတ်တဲ့ စရိုက်လေးများရှိရင် ပါးစပ်တောင်ပိတ်ဖို့ ကြီးညို အချိန်မရဘူး"

ဟု ပြောတော့ ကြီးယဉ်၏အသံ ...

"ဟဲ့ ... နင်တို့တွေဝရီးကိစ္စ ငါ့သမီး မပြောနဲ့"

ဟု ဝင်အော်သံကို ကြားရပါ၏။

"မိဆယ် ဒီကိုစရောက်ကတည်းက ငွေတွေ အမွေတွေ ပေးရတော့မှာပဲဆိုပြီး၊ ကြောက်နေကြတာ မိဆယ်သိတယ်၊ မိဆယ်ဖြင့် သည်ခေတ်တွင် သည်ကာလ၊ ငွေစတဲ့ရှေ့ဆောင်၊ မွဲရင်ဖြင့်လူ့ဘောင်မှာ၊ ခွေးတောင်မှမလေး၊ မျိုး

www.burmeseclassic.com

www.burmeseclassic.com



စာတိနွယ်မှန်ပင်၊ ငွေခန်ရှိဦးမှအေး၊ ဘူးတောင်းနှစ်စောင် ခြမ်းပေါ၊ ပုံဆိုသော်မဝေး၊ တစ်ဝမ်းဝင်၊ တစ်မိမွေးသော်မှ ပေးနိုင်မှချစ်ကြည်၊ ဆွေမျိုးကိုမဆိုထားပါနှင့်၊ ငွေအားသာ ဖြစ်ပါတော့သည်လို့ အချုပ်တန်းဆရာဖေ ရေးခဲ့တဲ့ ငွေမျက်နှာ … ဆိုတဲ့ စာကိုသာ ဟစ်ဆိုလိုက်ချင်ပါရဲ့"

ဟု သံနေသံထားနှင့် ပြောချသံကြားတော့ လွှတ်ခနဲ သူ တစ်ချက်မျှ စိတ်ရှုပ်သည့်ကြားမှ ပြုံးလိုက်မိရသည်ပါပဲ။

စိုးစိုးနှင့် မရိုးသားသယောင် ပြောနေသည့် ကြီးယဉ် နှင့် ကြီးညိုတို့ခမျာ အောင့်ခနဲဖြစ်သွားကြပုံဖြင့် တစ်ချက်တော့ အသံတွေ တိတ်ကျသွားပြီးမှ …

"အံမယ် … ငါ့အဖေထားခဲ့တဲ့ စာအုပ်တွေ စာကြည့်ခန်းထဲ မှာ ဖတ်ဖတ်ပြီး၊ ဘယ်အချိန်ကျ၊ ဘယ်စာနဲ့ ပြန်ပြောရမယ် လို့၊ မှတ်မှတ်ထားနေတယ်ပေါ့လေ၊ ဟင် … ကဗျာဆရာ သမီး၊ စာရေးဆရာသမီး၊ ဉာဏ်ရည်များထက်ပါ့အေ၊ ညည်းအဖေလိုပဲ ဉာဏ်ကောင်းသလောက်၊ မိုက်ကန်းတဲ့ ကလေး"

ဟု ပြောလာတော့ ဘိုးဘိုး၏ စာကြည့်ခန်းမှစာအုပ် များကို ဖတ်လွှန်းသည့် မိဆယ်မှ …

"မိဆယ်က မှန်တာ ပြောတာ"

ဟု တိုပြတ်ပြတ်လေး ပြောချပြီး ထမင်းစားခန်းမှ ထွက်လာတော့ လှေကားတစ်ဝက်မှာ ရပ်နေသည့် သူ့ကို မြင်၏။

သူ ရှိနေမှန်း မိဆယ် သိထားပုံမရ။ ထုံးစံအတိုင်း သူကလည်း ကားကို ဆင်ဝင်အောက်မှာမရပ်ဘဲ၊ ခြံအဝင် ခပ်



လှမ်းလှမ်းမှ သရက်ပင်ရိပ်မှာပဲ ထားခဲ့တာမို့၊ မိဆယ်မှာ သူ ရောက်နေမှန်းမသိနိုင်။ သူ့ကားကို မမြင်ခဲ့ရဘဲကိုးလေ။

စိုးစိုးထံမှအပြန် ထမင်းစားခန်းမှာ တစ်ခုခု မိဆယ် ငင်စားတာဖြစ်မည်။

ထိုအခါမှ ကြီးဒေါ်တွေနှင့် စကားအချေအတင်ဖြစ် ကြဟန်တူ၏။

"ကိုကြီး ရောက်နေတာ ကြာပြီလားဟင်"

ဟု မေးတော့ သူ တည်ငြိမ်စွာပဲ ခေါင်းညိတ်ဖြေ သည်။

"မိဆယ် စိုးစိုးဆီသွားတာ ကိုကြီး၊ မိဆယ်ရဲ့စွန်ဝါလေး ကို အမှတ်တရ လက်ဆောင်သွားပေးတာ"

ဟု ပြောပြနေသည့် မိဆယ်၏ မျက်နှာလေးကို တစ်ချက် ခပ်ငေးငေးပင် အပေါ်စီးမှ ကြည့်မိ၏။

ရင်ထဲမှာ ဆောက်တည်ရာမဲ့ဖြစ်နေသော သံသယ နှင့် သဝန်တိုခြင်းသည် ရိုးစင်းဖြူစင်သော မျက်နှာလေးဖြင့် ပြောနေပါသည့် မိဆယ်၏မျက်နှာနုနုလေးကို မြင်ရခိုက် ပျောက် လွင့်ရပြန်ချေသည်ပါပဲ။

ချစ်စိတ်သည် အတိုင်းအဆမဲ့၊ ဖြစ်တည်ရပါသည့် အချစ်မို့၊ မြတ်နိုးခြင်းဖြင့် အရာရာကို ဖြေသိမ့်ယူတတ်ဖို့ အလိုလို နှလုံးအိမ်က ကြိုးစားလာတတ်သည်ကော မိဆယ်ရယ်။

ဪ … မြတ်နိုးခြင်းဖြင့်၊ ကြိုးစားယူတတ်လာပါ သည် မိဆယ်။

www.burmeseclassic.com

www.burmeseclassic.com





ဖြူလဲ့ဖြူဖွေး၊ ပွင့်လွှာဖွေးဥ
ပြိုင်ဘက်တုကင်း၊ လှအဆင်းမှာ
ပန်းရွှေကြာနှယ်၊ နုပွင့်သွယ်ရစ်
လွှန်ဖျိုမျှစ်၏ ...။

ဝါလဲ့ဝါသွေး၊ စံကားမွှေးနှယ်
ထွန်းလင်းကြွယ်နှ၊ ရွှေစင်ဥသို့
မြမြိတ်စိုနှင့်၊ ဖျိုမျှစ်တင့်တယ်
အလှကြွယ်၏ ...။

တစ်ယောက်တည်းသာ၊ ချစ်မိပါသည်
ငါ၏အချစ်၊ သစ္စာဖြစ်သော်ဝ်
ဆင်းလှတော်ဝင်၊ လှသခင်သည်
ရင်မှာတည်သည့်၊ သူ၏အချစ်
တုံ့ပြန်လှစ်ကာ၊ ချစ်မိပါစေ
ချစ်မိစေသား၊ သစ္စာထားမည် ...
ဩော် ...
ချစ်မိစေသား သစ္စာထားမည် ...။ ။



## အခန်း(၂၆)

"သာဓု ... သာဓု ... သာဓုပါ မြေးတို့ရယ်၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ ကြင်နာချမ်းမြေ့နားလည်ခွင့်လွှတ်နိုင်စွမ်းတဲ့ အိမ်ထောင်တစ်ခုအဖြစ်လည်း ရာသက်ပန်တည်မြဲကြပါစေ၊ သားလိမ္မာ သမီးလိမ္မာလေးတွေ ရတနာနဲ့တူတဲ့ ရင်သွေးလေးတွေ ရနိုင်ကြပါစေ"

ဟု ဘွား ဆုတောင်းပေးရင်းမှ တစ်ချက် မျက်ရည်ဝဲ၏။

ဘွား၏ မျက်ဝန်းများသည် အိုမင်းသည့်အရွယ်နှင့် မမျှ လက်တောက်ကြတာကို မိဆယ် ငယ်ဘဝ ပန်းရုံသို့စရောက်ကတည်းက အမှတ်ထင်ထင် မြင်မိခဲ့သည်ပဲ။

ထိုမျက်ဝန်းတောက်တောက်များတွင် မျက်ရည်တို့ ဝဲစို့လျက် ယခု ရှိကြချေသည်တည့်။

ဤမျက်ရည်များသည် မိဆယ်၏ ဘဝလေးအတွက် နောင်ရေးစိတ်အေးလက်ချ ဖြစ်သွား၍ ဖြစ်တည်ရသော ပီတိမျက်ရည်များဟု မိဆယ် နားလည်ထားမိရသည်ပါပဲ။

www.burmeseclassic.com



ပန်းရုံမှာပဲ မင်္ဂလာအခမ်းအနားသည် ပြီးဆုံးလွန်မြောက်ခဲ့ပြီ။

မကြာမလင့်မီမှာပင် မိဆယ်သည် ပန်းရုံကို ချန်ထားရစ်ခဲ့ကာ ကိုကြီး၏နောက်သို့ လိုက်ပါသွားရချေတော့မည်။ ဘွားကို ခွဲထားရစ်ခဲ့ရမှာကို မိဆယ် ရင်ထဲမှာ ဆို့နေသည်။ တစ်မြို့တည်းနေကြရမှာ ဖြစ်လေမယ့် ခါတိုင်းလို ဘွားနှင့် တစ်အိမ်တည်းမှ မဟုတ်ချေတော့ဘဲလေ။

"ဘွားပြောတဲ့အထဲမှာ ပါတယ်နော်၊ မြေးတို့နှစ်ယောက် သေချာနားထောင် ကြင်နာချမ်းမြေ့ နားလည်ခွင့်လွှတ်တဲ့ အိမ်ထောင်တစ်ခုအဖြစ် ရာသက်ပန် တည်မြဲကြပါစေဆိုတာလေ၊ တစ်ယောက်အပေါ် တစ်ယောက် ကြင်နာကြရင် ညှာတာမှုဆိုတာ ရှိနေကြမှာပါပဲ၊ တစ်ယောက်အပေါ်တစ်ယောက် နားလည်ခွင့်လွှတ်နိုင်ဖို့လည်း အရေးကြီးတယ် ... ခွင့်လွှတ်မှုမမြဲရင် တစ်ယောက်အပေါ်တစ်ယောက် အမြင်မကြည်ဘဲဖြစ်ကြမယ်၊ အမှတ်အတေးဆိုတာ ရှိတတ်တယ်၊ တစ်ယောက်အပေါ်တစ်ယောက် အမှတ်အတေး ရှိတတ်တဲ့ အိမ်ထောင်ဆိုတာ ကြာရှည်မှာ ဒုက္ခဖြစ်တတ်တယ်၊ ခွင့်လွှတ်မှုရှိဖို့ တစ်ယောက်အပေါ်တစ်ယောက် နားလည်တတ်ကြဖို့လိုတယ်၊ အဲဒါကို မြေးတို့ မြဲမြဲမှတ်ထားကြနော်"

ဟု ဘွားပြောတော့ သူနှင့် မိဆယ် ခေါင်းလေး ငုံ့ချ၍ တရိုတသေပင် ...

"ဟုတ်ကဲ့ပါ ဘွား"



ဟု ဖြေမိကြရပါ၏။

"မြေးကိုကို ဘွားရဲ့မြေးလေး မိဆယ်ဟာ ငယ်ကတည်းက ... စ်ယောက်တည်းလို ဖြစ်ရရှာတဲ့ကလေးပါ၊ ဘွားရဲ့တစ်မျက်နှာပဲရှိခဲ့တာ၊ ငယ်ကတည်းက လောကဓံဆိုတာကို ခါးခါးသီးသီး နာကျင်တဲ့ရင်နဲ့ ရင်ဆိုင်ခဲ့ရရှာတာ၊ ဘွားပြောတာ မောင်ကိုကို နားလည်မှာပါကွယ်၊ ဒီကလေးမှာ ခေါင်းမာတတ်တာလေးတွေ မှန်တယ်ထင်ရင်နောက်မဆုတ်တတ်တာလေးတွေ ရှိတတ်တယ်၊ အဲဒါကို မြေးကိုကို နားလည်ပေးဖို့လိုတယ်"

အိမ်ထောင်ချပေးလိုက်ရပြန်တော့လည်း ကိုကြီးနှင့် မိဆယ် အဆင်မပြေမှာကို ဘွား စိုးရိမ်နေရှာပါလားဟု မိဆယ် နားလည်မိလျက် ရင်ထဲမှာ ဘွားနှင့် မခွဲရက်နိုင်စွာ ကြေကွဲနေသည်ပါပဲ။ ဘွားကို မိဆယ် အရမ်းသနားသည်လေ။ ဘွားမှာ မိဆယ်နှင့်ပတ်သက်၍ အပူအပင်ကြီးလှချေသည်မဟုတ်ပါလား။

"စိတ်ချပါ ဘွား၊ ကျွန်တော် မိဆယ်ကိုမြတ်နိုးလို့ ရာသက်ပန်အတွက် မျှော်ကိုးပြီး လက်ထပ်ခွင့်တောင်းပေးဖို့ ဘွားသီရိကို ပူဆာခဲ့ရတာပါ၊ မိဆယ်ကိုလည်း ကျွန်တော် နားလည်ပါတယ်၊ သူဆိုးလည်း ကျွန်တော် ခွင့်လွှတ်နိုင်မှာပါ"

ဟု ကိုကြီးဖြေတော့ မိဆယ် ဘွားကို မော့ကြည့်ကာ ...

"ကိုကြီးက ဆိုးရင်ကော ဘွား"

ဟု ကလေးလေးလို စိတ်ကောက်သံလေးနှင့် မေးလာတော့ ဘွား ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘေးမှာ ငြိမ်သက်စွာထိုင်ရင်း ပြုံးကြည့်နေသည့် ဘွားသီရိကို ငုံကြည့်၍ ...

"ကြားတယ် မဟုတ်လား မယ့်သီရိ၊ ခုကတည်းက ဂ တူးတူးစလုပ်နေပြီ၊ ဘယ့်နှယ်လဲ ကိုကို၊ စိတ်ရှည်ပါ့မလား"

ဟု ဘွားသီရိကိုလည်းပြော၊ ပြုံး၍လည်း ကိုကြီးထ မေးတော့ ...

"ကျွန်တော်က အမြဲလိမ္မာမှာမို့ မိဆယ်တိုင်ဖို့ မလိုတော့ ပါဘူး ဘွားရယ်"

ဟု ချစ်စနိုး မိဆယ်ကို ငုံ့ကြည့်၍ ပြောနေတော့ မိဆယ် မျက်စောင်းထိုးမိပါ၏။ သူတော်ကောင်းသိပ်လုပ်တာပဲ ဟု စိတ်ထဲမှ ကလေးစိတ်ဖြင့်ပင် အတင်းအုပ်မိလိုက်ရသည့်အဖြစ်။

"ကဲ ... မြေး၊ ဒါ ဘွားက မြေးလေးအတွက် လက်ဖွဲ့ တာ၊ အိမ်ရောက်မှကြည့်၊ ပန်းရဂုံနဲ့ပတ်သက်လို့ သားငယ် ရဲ့ပိုင်ဆိုင်ခွင့်အမွေအနှစ်ကိုလည်း ဘွား မိဆယ်အတွက် စီမံပြီး အမွေပုံအဖြစ် ထားရစ်ခဲ့မယ်၊ နေဦး မြေး၊ မငြင်းနဲ့ မြေး ဘွားကိုပဲချစ်တာ ဘွား သိတယ်၊ ဒါပေမဲ့ တမလွန် မှာရှိနေတဲ့ သားငယ်နဲ့ပတ်သက်လို့ ဘွားမှာ တာဝန်ရှိတယ်၊ သားငယ်ရဲ့သမီးလေးကို ဘွား တာဝန်ကျေခဲ့ရမှုဖြစ်မယ်"

ဟု ဘွားပြောတော့ မိဆယ် ဘွားကမ်းပေးနေသည့် ယွန်းသေတ္တာကို ငေးကြည့်ရင်း ရင်ထဲမှဆို့နင့်နေရပါပြီ။ ဖေဖေ

ဖေဖေ မိဆယ်ကိုပို့ဖို့ စီမံပေးခဲ့သော ပန်းရဂုံ၊ ထိုပန်းရဂုံမှ ဖေဖေ၏မိခင် ဘွား။ ပြီးတော့ ကာလကြာရှည်စွာ ဆွေမျိုးများအလယ်မှာ အခေါ်အပြော ကင်းချင်သမျှကို တွေ့မြင် နားလည်နေရလျက် ကြီးပြင်းလာခဲ့ရမှုများ။



သြော် ... ယခုတော့ဖြင့် မိဆယ်သည် မိဆယ်အပေါ် နားလည်ချစ်ခင်၊ သံယောဇဉ်ကြီးရပါသည့် ဘွားကို ထားရစ်ခဲ့ကာ ကိုကြီးနှင့်အတူ လိုက်ပါသွားရချေတော့မည်။ ထိုသို့ လိုက်သွား သည့်အခါမှာ မြေးလေးမျက်နှာ မငယ်စေဖို့ ဘွားသည် မိဆယ် အတွက် အဖိုးတန်ပစ္စည်းထည့်ထားပုံရသော ယွန်းသေတ္တာကို ပေးလျက်ရှိချေသည်တကား။

မိဆယ်ကို ချစ်တာကြောင့်ရော။

မိဆယ် မျက်နှာမငယ်ဖို့ရော။

ထိုယွန်းသေတ္တာကို ပေးခြင်းဆိုတာ မိဆယ် နားလည် နေရလျက် ခေါင်းကို ခပ်လေးလေးခါရင်းမှ ...

"မိဆယ်လေ ဘွား မိဆယ်ကို ချစ်ရင် လုံလောက်ပါပြီ၊ မိဆယ်ကို ဘွား ချစ်တယ်ဆိုတာလည်း မိဆယ် သိပါတယ်၊ အဲဒါနဲ့ မိဆယ် ကျေနပ်ပါပြီ ဘွားရယ်၊ ဘွားရဲ့ပစ္စည်းတွေ ဘွားပဲယူထားပါ၊ မိဆယ်လေ ဘွားနဲ့ခွဲရမှာ ရင်ထဲမှာ မရှိဘူး ဘွားရဲ့"

ဟု ပြောရင်း ထိန်းနေသည့်ကြားမှ မျက်ရည်များ ဖြိုင်ဖြိုင်မိုးမိုး ကျလာတော့ ကျိတ်၍ ဘွား မျက်ရည်သုတ်သည်။ အားယူ၍လည်း ပြုံးသည်။ မိဆယ်၏လက်လေးကို ဖွတ်ယူ၍ ယွန်းသေတ္တာကို ထည့်ပေးနေရာမှ ကိုယ်ကိုကိုင်းညွတ်လိုက်ကာ မိဆယ်၏ရင်ခွင်ထဲ ဘွားထည့်ပေးလိုက်ရှာပါ၏။

"ဘွားနဲ့ မြေးက တစ်မြို့တည်းပဲဥစ္စာ၊ လာလည်ပေါ့၊ ဘွားလည်း လာလည်မှာပေါ့၊ ဟော ... မယ်သီရိဆို မနက်ဖြန် မိုးကုတ်ပြန်ရတော့မှာ၊ ကိုကိုလည်း ဒီမှာရှိနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ မယ်သီရိနဲ့ ကိုကို့ကိုများ အားနာစမ်းပါဦးမြေးရယ်၊ သူတို့ကမှ တစ်မြို့စီ၊ တစ်နယ်စီကွယ့်”

ဟု ဘွား အားယူပြုံး၍ ဖျောင်းဖျတော့ သူမနေသာတော့။ မိဆယ်၏လက်လေးကို ထွေးဆုပ်၍ ...

“ဘွားဆီကို မိဆယ် သွားချင်ရင် ကိုကြီး လိုက်ပို့ပေးမယ်လေ”

ဟု ပြောပြီးမှ ပြုံး၍ ...

“မိဆယ်က ကားတော့ အပြင်ကောင်း ဘွားသီရိ၊ ဒါပေမဲ့ ကားကိုကျတော့ ရန်ကုန်မြို့ထဲ မမောင်းရဲဘူး၊ မောင်းတော့ မောင်းတတ်တယ်၊ ဒါပေမဲ့ ကြောက်တဲ့ မိကြောက်၊ ကားကျတော့ ပြင်လိုက်တာ ဖျတ်ဆို မိဆယ်လက်ထဲ ငွေငါးဆယ်လျှော့ခနဲ ဝင်သွားတာပဲ”

ဟု စတွေ့ခဲ့တာလေးကို မမေ့နိုင်စွာပြောရင်း မိဆယ်ကို ချစ်စနိုးလေး ကြည့်တော့ မိဆယ် ရှက်ချင်၏။

“အဲလိုမှန်းသိ မတောင်းပါဘူး၊ တစ်သက်လုံး အပြောခံထိတော့မှာပဲ”

ဟု ကလေးလို ပြန်စွာတော့ ဘွားသီရိပင် မနေနိုင်စွာ ရယ်လိုက်ပါ၏။

“ကဲ ... မိဆယ်လေး ပစ္စည်းတွေသိမ်းထားတာ သွားယူချေဦး၊ မလှိုင်နဲ့ ခင်ထွေးတို့ သယ်ပေးကြလိမ့်မယ်”

ဟု ဘွားပြောတော့ မိဆယ်၏လက်ထဲမှ ယွန်းသေတ္တာလေးကို မိဆယ် ကိုကြီးလက်ထဲ ထည့်ပေးခဲ့ကာ ဘွားအခန်းမှ ထွက်ခဲ့ပါ၏။



မိဆယ်၏အခန်းလေးသို့ဝင်လာတော့ အဝတ်အစားသေတ္တာကအစ သေချာအခန်းထောင့်မှာထား၍ မိဆယ်၏ စာအုပ်တွေ၊ အသုံးအဆောင်တွေကို သိမ်းထုပ်နေသည့် ဒေါ်ကြီးနှင့် ဒေါ်လေးခင်ထွေးတို့ကို တွေ့ရပါ၏။

ဒေါ်ကြီးရော ဒေါ်လေးခင်ထွေးရော ဝမ်းနည်းဝမ်းသာ ဖြစ်နေကြရှာလျက် မျက်ရည်ဝဲနေကြသည်ပါပဲ။

“ခုလို မိဆယ်လေး တင့်တောင့်တင့်တယ် ဖြစ်ရတာကိုတော့ ဒေါ်ကြီးတို့ ဝမ်းသာတယ်၊ ပန်ရဂုံက မျက်နှာထားရှင်ကြီးတွေနဲ့ ဝေးရာကို ရောက်ရတာလည်း ဝမ်းသာတယ်၊ ဒါပေမဲ့ ကလေးရယ် ... ဒေါ်ကြီးတို့တော့ လွမ်းကျန်ရစ်ရမှာ”

ဟု ရင်ထဲရှိတာကို ရိုးစင်းစွာပြောရင်း မျက်ရည်ကျတော့ မိဆယ် ရင်ထဲမကောင်းနိုင်။

“မိဆယ် လာလည်မှာပေါ့”

ဟု ပြောတော့မှ ဒေါ်ကြီး ခေါင်းညိတ်သည်။ ဒေါ်လေးခင်ထွေးကတော့ အခန်းထောင့်မှာ မျက်ရည်သုတ်နေ၏။ စားပွဲထက်မှ ဓာတ်ပုံတွေကို အဝတ်အစားသေတ္တာထဲထည့်ဖို့ ပြင်နေသည်။

မိဆယ် ဖေဖေနှင့် မေမေဓာတ်ပုံကြီးကို စားပွဲထက်မှ မသိမ်းယူမီ ကြမ်းပြင်တွင် ထိုင်၍ကန်တော့၏။

မိဆယ်၏ လက်ထပ်မင်္ဂလာပြုရပါသည့် ဤနေ့မှာ မိဆယ်၏ မိဘနှစ်ပါးကို ကန်တော့ခြင်းပါ။

ဖေဖေ နေခဲ့ပါသောအခန်း။ ဖေဖေ၏အငွေ့အသက်များ ရှိနေဆဲဟု ယုံကြည်ရပါသော အခန်းလေးမှာ မိဆယ် ယခု

www.burmeseclassic.com



လို ဖေဖေနှင့် မေမေ့ကို ကန်တော့ရသည့်အတွက် ရင်ထဲမှာ လွမ်းစိတ်နှင့် မျက်ရည်ဝေရပါ၏။

"ဖေဖေ့ကို မိဆယ် လွမ်းလိုက်တာ ဖေဖေရယ်၊ ဖေဖေနဲ့ မေမေ့ကို ခုလို မိဆယ် ကန်တော့နေတာကို ဖေဖေ မြင်နေလားဟင်၊ သာဓုခေါ်နေပြီလား ဖေဖေရယ်"

မိဆယ် တွေးနေမိရင်းမှ မျက်ရည်တွေ ဝိုင်းစုလာနေပြီ။

"မိဆယ်ကို ... မိဆယ်ကို ဆုတွေပေးပါလား၊ ဖေဖေနဲ့ မေမေရယ်"

မိဆယ် ကန်တော့နေရင်းမှ အံခဲထိန်းနေရင်းဖြင့်ပင် မျက်ရည်များ ဖြိုင်ဖြိုင်မိုးမိုး ကျလာရပါပြီတည်း။

အခန်းလေးသည် တိတ်ဆိတ်နေ၏။

မင်္ဂလာဆောင်ရသည့်နေ့မှာ သတို့သမီးငယ်လေးသည် ကွယ်လွန်ခဲ့ပြီဖြစ်သည့် မိဘနှစ်ပါး၏ဓာတ်ပုံကို ကန်တော့နေပါသည့် မြင်ကွင်းသည် ကြေကွဲဖွယ်အတိဖြင့် ရှိချေသည်တည့်။

သူ မိဆယ်ထံ လိုက်လာခိုက်မှာ အခန်းတွင်းဝယ် ခြေစုံရပ်လျက် မြင်ကွင်းကို တိတ်ဆိတ်စွာပဲ ထိထိခိုက်ခိုက်ကြီး ကြည့်မိရပါပြီ။

မိဆယ်လေးကို ကူညီပေးဖို့ သူ လိုက်လာခြင်းပါ။

ယခုကျတော့ သတို့သမီးငယ်လေး၏ ကြေပြုန်းနေသည့်ရင်ဖြင့် မိဘနှစ်ပါးကို ကန်တော့နေသည့်အဖြစ်ကို ရင်တနင့်နင့်ဖြင့် သူ မြင်လိုက်ရပါပြီ။



အခန်းထောင့်မှာရပ်၍ မျက်ရည် ကျိတ်သုတ်နေသည့် ဒေါ်ကြီးနှင့် ဒေါ်လေးတို့ကို သူ အသံမပေးဖို့ မျက်ရိပ်ပြကာ မိဆယ်အနီးသို့ သူ ခြေလှမ်းညင်ညင်ဖြင့် လျှောက်ခဲ့သည်။

မိဆယ်၏ဘေးမှာ သူ ဝင်ထိုင်လိုက်ကာ မိဆယ်၏ ဖေဖေနှင့် မေမေ့ကို သူ ကန်တော့ပါ၏။

ဘေးမှာထိုင်ကန်တော့နေသည့် သူ့ကို မိဆယ် ငဲ့ကြည့်လာခိုက် မျက်ရည်များ တအိအိပြိုကျနေသည့် မျက်နှာလေးကို ကြင်နာစိတ်ဖြင့် ငုံ့မိုးကြည့်ရင်းမှ မိဆယ်၏လက်လေးကို ဖွဖွညင်ညင် သူ တွေးဆုပ်သည်။

မိဆယ်၏ မျက်နက်ဝန်းလေးများကို မလွှတ်တမ်း သူ အစဉ်တစိုက်ကြည့်နေရင်းမှ ...

"မိဆယ်"

ဟု တိုးတိုးခေါ်သည်။

"မိဆယ်ရဲ့ဘဝမှာ ကိုကြီးရှိတယ်၊ အဲဒါ တစ်သက်တာအတွက်ရှိနေတဲ့အဖြစ်၊ အားမငယ်ရဘူးကြားလား မိဆယ်၊ ကိုကြီးမှာလည်း မိဆယ် ရှိနေတယ်၊ မိဆယ်မှာလည်း ကိုကြီးရှိနေတယ်၊ မိဆယ်ရဲ့ဘဝလေး အမြဲငြိမ်းအေးဖို့ ကိုကြီး ကတိပေးတယ်၊ မိဆယ်ရဲ့ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ဖေဖေနဲ့ မေမေ့ရှေ့မှာ ကိုကြီး ကတိပေးတယ်၊ မိဆယ်ကို ကိုကြီးရဲ့အရိပ်မှာ တစ်သက်လုံး ငြိမ်းငြိမ်းအေးအေးရှိစေရမယ်၊ ကြင်နာမြတ်နိုးမယ်နော်"

ဟု ပြောလာသည့် ကိုကြီး၏မျက်နှာကို မိဆယ် မော့ကြည့်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မှုပိုင် လူကြီးဆန်သောအပြုံးဖြင့် ငုံ့မိုးကြည့်နေပါသည့်ကိုကြီး။

ဖြူသော အသားကြောင့်ထင်။ ကိုကြီး၏ထူတန်းနေသော မျက်ခုံးနက်ကြီးက ထင်းနေသည်။ ညိုလဲ့လဲ့မျက်ဝန်းရှိပ်ဝယ် တွေ့နေကျ ကြင်နာရိပ်များ ပြည့်သိပ်နေကြသည်ပါပဲ။ တန်းနေသော နှာတံထင်းထင်းကြီးနှင့် သေသပ်ပိရိသော နှုတ်ခမ်း။ မေးရိုးပြန့်ပြန့်နှင့် မြင့်မားကျစ်လျစ်သော ကိုယ်ဟန်။

ယခု မိဆယ်ဘောမှာ ယှဉ်တွဲထိုင်လျက် ဖေဖေနှင့် မေမေ့ကို ကန်တော့ခဲ့ပါသော ကိုကြီး။

ဤသူသည် မိဆယ်၏ဘဝကို ပိုင်စိုးပါမည့် ခင်ပွန်းသည်။

မိဆယ်၏ဘဝမှာ အစဉ်တစိုက် လက်တွဲဖော်အဖြစ်တည်ရှိသွားရပါမည့် ခင်ပွန်းသည်ပါတကား။

ဤခင်ပွန်းသည်သည် ဖေဖေနှင့်မေမေ့ကို တိုင်တည်၍ ကတိစကားကိုပေးခဲ့ပြီးပြီ။

ကိုကြီး၏မေတ္တာရိပ်မှာ မိဆယ်၏ဘဝလေးကို အေးမြလုံခြုံစေပါမည်ဟု ...

မိဆယ် ဖေဖေနှင့် မေမေ့ကို ကြည့်မိရပါ၏။

လက်လေးကိုယှက်၍ မျက်ဝန်းကို စုံမှိတ်ချကာ ...

"ဒီနေ့ မိဆယ် လက်ထပ်ပါတယ် ဖေဖေနဲ့ မေမေ၊ ဖေဖေပို့ပေးခဲ့တဲ့ ပန်းရဂုံမှာ ဘွားဟာ မိဆယ်ရဲ့ဘဝလေးကို ဖေဖေ မျှော်လင့်ထားသလိုပဲ စောင့်ရှောက်ပါတယ်၊ ချစ်ပါတယ်၊ မိဆယ်ရဲ့ ဘဝလေးကို အစစ လုံခြုံအေးချမ်းရအောင် စီမံပေးပါတယ် ဖေဖေ၊ ဖေဖေ စိတ်ချပါတော့"

ဟု တိတ်ဆိတ်စွာတွေးရင်းမှ မိဆယ် မျက်ရည်များဖြိုင်ခနဲ ထပ်ကျ၏။

သူ့ဘေးမှာ တိတ်ဆိတ်စွာရှိနေရင်းဖြင့် မိဆယ်၏ ကြေပြွန်းနေသည့် ရင်တွင်းဝေဒနာကို မကြည့်ရက်နိုင်စွာပဲ လက်လေးကို ထွေးဆုပ်ယူလိုက်ကာ ကိုယ်လေးကို သူ့ဘက်ဆွဲလှည့်လိုက်မိလျက် မျက်ရည်လေးများကို ဖွဖွညင်ညင် သုတ်ပေးနေမိရပါပြီ။

ဤမိန်းကလေးကို ဂုစ်တူးတူး ကျွတ်ဆတ်ဆတ်ဖြင့် အလွန်စွာတေးတေးနိုင်သော ကောင်မလေးအဖြစ် လူတွေမြင်ကောင်းမြင်ချင်ကြမည်။

ဒါပေမဲ့ ဤမိန်းကလေး၏ရင်တွင်းမှာ နှစ်ကာလကြာရှည်စွာ ဖြစ်တည်ထိန်းကျောင်းလျက် အစဉ်တစိုက်ရှိနေပါသော နာကျင်ကြေကွဲခြင်းနှင့် အထီးကျန်ဆန်ခြင်းဝေဒနာများကို ထိတိပပနားလည်လာရလေ၊ ပို၍ ကြင်နာမြတ်နိုးရလေပါ။ အသနားပိုရလေပါ။

မိဆယ်နှလုံးသားလေးသည် ရိုးစင်းဖြူစင်ခြင်းနှင့် အတူ သိမ်မွေ့နူးညံ့လွန်းတတ်တာ၊ ခံစားနာကျင်လွယ်လွန်းတတ်တာ၊ မေတ္တာကိုင်တော်မွတ်တောင့်တတတ်တာ၊ ဒါတွေကို သူ ပို၍နားလည်လာရပါပြီ။

ကွယ်လွန်ခဲ့ပြီဖြစ်သည့် မိဘနှစ်ပါး၏ မေတ္တာငွေ့ကို မိဆယ်လေး အဘယ်မျှထိ မွတ်သိပ်စွာ တောင့်တခဲ့ရှာချေမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့တော့ မိဆယ်လေးရယ်၊ တိတ်တော့နော်၊ ဟို
ဘွားတို့စောင့်နေကြတယ်၊ ကဲ ... လာ လာ"

ဟု ချော့မော့သံဖြင့် ခေါ်ပြီးမှ ဒေါ်ကြီးတို့ကို
ကြည့်သည်။

"ပေါ့ပေါ့ပါးပါး ပစ္စည်းလောက်ပဲ ဒေါ်ကြီးနဲ့ ဒေါ်
ကားပေါ်တင်ပေးပါ၊ တချို့လေးလံတာကိုတော့ ဒီမှာ
ထားခဲ့မယ်၊ ပြီးမှ ကျွန်တော့်အလုပ်သမားကောင်လေး
လွှတ်ပြီး ပစ်ကပ်ကားနဲ့ လာသယ်ပါ့မယ်"

ဟု ပြောတော့ ဒေါ်ကြီးနှင့် ဒေါ်လေး ခေါင်းညိတ်
သည်။

"စိတ်ချပါ ဒေါ်ကြီးနဲ့ ဒေါ်လေး၊ ဒေါ်ကြီးတို့ ဘာပြော
တယ်ဆိုတာ ကျွန်တော် သိနေတယ်၊ မိဆယ်လေး
ကျွန်တော် ဂရုစိုက်မှာပါ၊ စိတ်ချမ်းသာအောင်ထားမှာ
နောက်ထပ် သူ့ ဘယ်တော့မှ စိတ်မညစ်စေရတော့ပါဘူး
မပင်ပန်းစေရတော့ပါဘူးခင်ဗျာ"

ဟု ပြောတော့ ဒေါ်ကြီးခမျာ မျက်ရည်ကျ
လျက် ...

"ဝမ်းသာပါတယ် မောင်ကိုကိုရယ်၊ အဲဒါပဲ ဒေါ်ကြီးမှာ
တာ၊ ဒါပေမဲ့ ဒေါ်ကြီးတို့က ဒီပန်းရုံမှာ အိမ်သားမဟုတ်
အစေအပါးပဲဖြစ်နေတော့ မှာခွင့်မရှိသလိုမို့ပါ၊ ခုလို ဒေါ်ကြီး
တို့ မှာချင်ပြောချင်တဲ့ စကားကို မောင်ကိုကို သိနှင့်နေတာ
လက်ခံပေးတာ၊ ကတိပေးတာကို ကျေးဇူးတင်ပါတယ်
မိဆယ်လေးဟာ ဒေါ်ကြီးတို့လက်ထဲ ကြီးလာရသလိုပါ"



ဟု ပြောတော့ မိဆယ် ဒေါ်ကြီးတို့ကိုကြည့်၍ ကျိတ်မျက်ရည်ကျသည်။

နောက်တော့ မိဆယ် ကြမ်းပြင်တွင် ပျပ်ဝပ်စွာထိုင်၍ ဒေါ်ကြီးနှင့် ဒေါ်လေးကို ကန်တော့ပါ၏။ ဆုပင်မပေးနိုင်လောက်အောင် ဒေါ်ကြီးနှင့် ဒေါ်လေးတို့ခမျာ မျက်ရည်သာ ဖြိုင်ကျနေရှာပါ၏။

မိဆယ်မှ ဖေဖေနှင့် မေမေ့ဓာတ်ပုံကို ပိုက်၍ သူ့ဖေးကိုင်ထားသော လက်ကိုမှီတွယ်ကာ အခန်းတွင်းမှ ထွက်ခွာခဲ့ရပါပြီ။

ဖေဖေနေခဲ့သော အခန်းနှင့် အသုံးအဆောင်ပစ္စည်းများ။

ဩော် ... ယခုတော့ မိဆယ် နေခဲ့ဖူးသော အခန်းနှင့် အသုံးအဆောင်ပစ္စည်းများသည် အခန်းတွင်းမှနေ၍ သခင်မကို နှုတ်ဆက်ကျန်ရစ်ခဲ့ချေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

ဘွားသီရိကို ကန်တော့ပြီးသည့်နောက်မှာ ကိုကြီးမှ မိဆယ်ကို မြရိပ်ငြိမ်၏ လသာဆောင်သို့ ခေါ်ခဲ့ပါ၏။

မြရိပ်ငြိမ်သည် ကျယ်ပြန့်လျက် ပန်းရုံနယ်ပင် မြက်ခင်းပြန့်ပြန့်။ ဥယျာဉ်လှလှနှင့် စီရီသွယ်တန်းစွာ အုံ့ဆိုင်းပေါက်နေပါသော ကုံကော်ပင်တန်း။ စိဇ္ဇဝါပန်းခင်းများနှင့် စံကားဖြူပင်တန်းတို့လည်း ရှိကြချေသည်ပါပဲ။

"မိဆယ်လေး ..."

သူ မိဆယ်၏ပခုံးလေးကို တွေးဖက်ထားလိုက်မိရင်းမှ ခပ်တိုးတိုးခေါ်မိပါ၏။

ရှက်စိတ်ဖြင့် မိဆယ် သူ့လက်တွေကိုဖယ်တော့ သူ ခပ်ဖွဖွရယ်အသည်။

"ကိုကြီး မိဆယ်ကို စတွေ့ခဲ့တဲ့နေ့လေးကို ပြန်အမှတ်ရတယ်ဗျ၊ အဲဒီနေ့က ကိုကြီးဖြင့် လမ်းလယ်မှာ ကားကြီးရပ်ပြီး ဓာတ်ချေးရိုက်နေတာ၊ အဲဒီတုန်းက ဖြုတ်ဆို မိဆယ်လေး ကိုကြီးရပ်နေတဲ့ဘေးမှာ လာရပ်ပြီး ဘာဖြစ်တာလဲ



ဟင် ... လို့မေးရော ကိုကြီး စိတ်ညစ်ညစ်နဲ့ ဘာဖြစ်မှန်း မသိပါဘူး ချာတိတ်ရာလို့ ဖြေခဲ့တာလေ၊ ဟား ဟား ... အဲဒီချာတိတ်လေးက ကားပြင်လိုက်တာများကြော့လို့၊ အဲဒီကတည်းက ကိုကြီး မိဆယ်လေးကို ချစ်သွားတာ ... အဟုတ်"

ဟု ပြောတော့ မိဆယ် ရှက်ချင်သည်။ မိဆယ်ကလည်း မိဆယ်ပဲလေ။ ကိုကြီးဆီမှာ ကားပြင်ခ တောင်းခဲ့မိဖူးတာကိုး။ ခုကျတော့ မိဆယ်၏ကိုကြီး လာဖြစ်နေရပြီ။ တစ်သက်လုံး ဒီကိစ္စချည်းပဲ ပြောပြောရယ်နေလျှင် အခက်။

"ပန်းရုံမှာ ကိုကြီးရောက်တော့ မိဆယ် ဆိုတာလည်း ကြားလိုက်ရော ကိုကြီးဖြင့် ဝမ်းသာလိုက်တာ၊ မိဆယ်လေးရော မိဆယ်ခေါ်ပါ၊ မိတ်ဆက်ပေးရအောင်လို့ ဘွားပြောတော့ အဲဒီနာမည်လည်းကြားရော ပျော်လိုက်တာအရမ်း၊ မိဆယ် သိရဲ့လား"

ဟု ပြုံး၍ ငုံ့မိုးကြည့်ရင်း မေးတော့ မိဆယ် ရှက်အမ်းအမ်းလေး ခေါင်းငုံ့ချကာ ...

"ဘယ်သိမှာလဲ ကိုကြီးကလဲ"

"ဟား ဟား ... တကယ်တမ်းတွေ့တော့ မျက်နှာလေးကို ရဲလို့၊ ကိုကြီးကို ပိုက်ဆံငါးဆယ် ပြန်ပေးတာလေ၊ ချစ်ဖို့ကောင်းလိုက်တာ မိဆယ်ရာ၊ ကိုကြီးဖြင့် တစ်ခါတည်း နှင့်နေအောင်ချစ်သွားတာ"

ဟု ပြောပြီး မိဆယ်၏မျက်နှာလေးကို ဆွဲမော့ကာ ခပ်ဖွဖွနမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်၏နဖူးပြင်ထက်မှာ ကိုကြီး၏ သိမ်မွေ့သော အနမ်းက ပိုင်စိုးစွာပဲ ကျရောက်လာစဉ်ခိုက် မိဆယ်ရင်တွေ အရမ်းခုန်နေမိရသည်ပါပဲ။ မိဆယ်၏ပခုံးလေးကို သိုင်းဝင်မွေ့ကာ ကိုကြီး မြရိပ်ငြိမ်တွင်းသို့ ဝင်ခဲ့သည်။

ရွှေဝါနုရောင် ပိုးခန်းဆီးစကို တိမ်းဖယ်၍ အခန်းတွင်းသို့ ဦးဆောင်ခေါ်ခဲ့ပါ၏။

ရွှေဝါနုရောင် လွှမ်းခြုံနေသော မင်္ဂလာခန်းဆောင်ပါတကား။

ပိုးသားအိပ်ရာခင်းသည် ရွှေဝါနုရောင်။ ပိုးချည်ဖြင့် ပန်းထိုးထားပါသော ခေါင်းအုံးများသည်လည်း ရွှေဝါနုရောင်။

အို ... ဆိုဖာဆက်တီများ။ ပြတင်းခန်းဆီးများ။ အားလုံးသည်လည်း ရွှေဝါနုရောင်သာတည့်။

အခန်းနံရံများမှာ ပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထားသည်။ အားလုံး ပန်းပွင့်ပုံများသာ။

ဖွင့်ထားသော ပြတင်းဆီမှ လေနုအေးသည် တစိမ့်စိမ့်တိုးဝင်ဖြတ်သန်း၏။

ကျောက်ဖြူထွင်း ပန်းအိုးမှာဖြင့် စီဇဝါပန်းပြုများ ထိုးစိုက်ထားတာမို့ အခန်းလေးသည် စီဇဝါပန်းရနံ့ဖြင့် မွှေးပျံ့ထုံလှောင်လျက်။

"မိဆယ်လေးက ခုလို ကြိုးကြိုးချိတ်ဖြူဖြူ ပိုးရင်စေ့ဖြူဖြူလေးနဲ့ ဘွားသီရိ ဆင်ပေးလိုက်တဲ့ ဒီစိန်ထည်လက်ရာ လက်ဝတ်ရတနာတွေနဲ့ အရမ်းကိုလိုက်တာပဲ၊ ကျက်သရေလည်းရှိတယ်"



ဟု ပြောပြီး မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖေးညှပ်၍ ညင်ညင်သာသာပင် မော့သည်။ မြတ်နိုးမှုကဲသော ကိုကြီး၏ မျက်ဝန်းတွေမှာ ချစ်စိတ်ဖြင့် အရမ်းလှုပ်ရှားနေရပါသည့် ခံစားမှုများသည်လည်း ရောထွေး၍ ပါလာနေကြပြီ။

မိဆယ်၏ မျက်နှာလေးထက်မှာ ကိုကြီး၏ အနမ်းတအတန်ကြာပါ၏။

မိဆယ်၏နဖူးပြင်လေးထက်မှာ။ ပါးပြင်နုနုထက်မှာ ဖွဖွညင်ညင် ဖြတ်သန်းသည်။

"ချစ်လိုက်ရတာ မိဆယ်လေးရယ်၊ ဘယ်လိုချစ်မှန်းကို မသိအောင်ပါ အချစ်ဆုံးလေးရယ်"

ဟု တိုးတိုးသက်သက် သူ ညည်းသည်။ တရှိုက်မက်မက်နမ်း၍ မဝနိုင်သလို ဖြစ်ရချေသည်ကော မိဆယ်ရယ်။

"မိဆယ် ကိုကြီးကို ချစ်တယ် မဟုတ်လားဟင်"

ဟု စိတ်လှုပ်ရှားစွာ ငုံ့မိုးမေးတော့ မိဆယ် ဘာပြန်ဖြေရမှန်းမသိ။

ဘွား စီမံပေးတာကို လက်ခံဖို့ပဲ မိဆယ် နားလည်ထားလျက် ဘွား စိတ်ချမ်းသာအောင် ကိုကြီးကို လက်ထပ်ခဲ့ခြင်းသည် အဖြစ်မှန်ပဲ မဟုတ်လားလေ။

ဒါပေမဲ့ ကိုကြီး၏ အချစ်ကိုတော့ မိဆယ် ယုံကြည်သည်။ အားလည်းကိုးပါသည်။

"မိဆယ် ကိုကြီးကို အားကိုးတာတော့ အမှန်ပါ၊ မိဆယ် မဖြေတတ်ဘူး ကိုကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေတော့ တစ်ချက် ကိုကြီး မိဆယ်ကိုကြည့်သည်။ မျက်နှာလည်း ကွက်ခနဲ တစ်ချက်ပျက်၏။ နောက်မှ အားယူ၍ ကိုကြီးပြုံးသည်။ သက်ပြင်းရှိုက်ချလိုက်လျက်မှ မိဆယ်၏ ကိုယ်လေးကို အညင်အသာ လွှတ်ပေးပါ၏။

"ဟုတ်သားပဲ၊ မိဆယ်က ကလေးလိုပဲ နေတတ်တာ၊ ကိုကြီး စိတ်လောကြီးသွားတယ်၊ ဘယ်ဖြေတတ်မလဲ၊ ကဲ ကဲ ... မိဆယ်လေး ရေမိုးချိုးလိုက်ဦး ကိုကြီးလည်း ချိုးမယ်"

ဟု ပျက်နေသည့်မျက်နှာကို ချက်ချင်း ပြန်ထိန်းကာ ကိုကြီးပြောတော့ မိဆယ် တစ်ချက်အကဲခတ်သလို ကြည့်မိပါ၏။ ကိုကြီးများ မိဆယ်ကို စိတ်ဆိုးနေပြီလားဟု ...

"မိဆယ်က မဖြေတတ်တာပါ၊ ကိုကြီးကို မိဆယ် မမုန်းပါဘူး၊ အားလည်းကိုးတယ်၊ ကြည်လည်းကြည်ညိုပါတယ် ကိုကြီးရယ်၊ မိဆယ် မဖြေတတ်လို့ပါ"

ဟု ခပ်တိုးတိုးပြောတော့ ကိုကြီး၏မျက်နှာတွင် ပျော်ရိပ်သန်းသွားတာကို မိဆယ် မြင်ရပါ၏။ ကိုကြီး၏လက်တွေက မိဆယ်၏ ကိုယ်လေးကို ထွေးခနဲပွေ့ယူလိုက်ရင်းမှ ...

"ကိုကြီးက တစ်ခါတစ်ခါ သိပ်စိတ်စောတတ်တာ၊ မိဆယ်ရဲ့နှုတ်က ကြားချင်တာပဲ သိတယ်လေ၊ ချစ်တာကိုး မိဆယ်လေးရယ်၊ မမုန်းဘူးဆိုတဲ့ အဖြေတစ်ခုနဲ့ပဲ ကိုကြီး ဝမ်းသာနေပြီးသားပါ၊ ဘာလို့ဆို ကိုကြီးက မိဆယ်နဲ့ နီးချင်တာတစ်ခုပဲသိပြီး အလောတကြီးနဲ့ ဘွားသိရိကို ဖုန်းနဲ့တကျိုကျိုပူဆာ၊ မိဆယ်ရဲ့ဘွားဆီကို လူကြီးချင်း တောင်းရမ်းခိုင်းခဲ့တာ မဟုတ်လား၊ မိဆယ်ကို ချစ်ခွင့်ပန်ပြီး အဖြေစောင့်ရ၊ ပြီးမှ စေ့စပ်လက်ထပ်ရဆို အရမ်းကြာတယ်ကွာ၊ ကိုကြီး မစောင့်နိုင်ဘူး၊ အဲသလောက်ချစ်တာ"



ဟု ပြောရှာတော့ မိဆယ် ရင်ထဲမှာ အားနာရသည်။ မိဆယ်ကို ချစ်သည့်အဖြေ ကိုကြီးဘက်မှ မိဆယ်ကို ရအောင် လက်ထပ်ယူခြင်းဆိုတာကိုလည်း မိဆယ် ယုံကြည်ထားလျက် ကိုကြီးအပေါ် အပြစ်မမြင်နိုင်ဘဲဖြစ်မိရတာကိုက တုံ့ပြန်ချစ်စိတ်ကြောင့်များ ဖြစ်ချေမည်တဲ့လားမသိ။

"မိဆယ်လေးကို ပန်းရဂုံကလူတွေ နိုင်စားကြတာ၊ မတူမတန်လုပ်ကြတာကိုလည်း ကိုကြီး လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ကိုကြီးချစ်တဲ့ မိဆယ်ကို ကိုကြီးရဲ့ရင်ခွင်မှာ ငြိမ်းအေးလုံခြုံစေချင်တာလည်း ပါပါတယ် ကလေးရယ်"

ကိုကြီး၏ အသံတွေ တုန်ခါချင်၏။ ငုံ့မိုး၍ မိဆယ်၏ ဆံနွယ်လေးများကို နမ်းရှိုက်သည်။ ကိုကြီး၏ရင်ခွင်မှာ ပါးလေးဖေးအပ်ထားရင်းမှ မိဆယ် ရင်ထဲ ချမ်းမြေ့ကြည်နူးမိရသည်ပါပဲ။

ကိုကြီးသည် မိဆယ်ကို အရမ်းချစ်မြတ်နိုးသော ကိုကြီးပါလားလေ။

"မိဆယ်လေး ဘယ်သူ့ကိုမှ မချစ်ဖူးပါဘူး ကိုကြီးရယ်"

ဟု တိုးတိုးမျှင်မျှင်လေး ပြောတော့ သူ့ရင်တွေ သိမ့်ခနဲဖြစ်ရလျက် မိဆယ်၏မျက်နှာလေးကို ဆွဲမော့ကာ စိတ်လှုပ်ရှားစွာဖြင့် ...

"ဒါဆို ... ဒါဆို ... ကိုကြီးဟာ မိဆယ်ရဲ့ကိုကြီးပဲပေါ့နော်၊ ဟုတ်လား ... ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လှုပ်ရှားစွာမေးမိလျက်မှ မိဆယ်၏ကိုယ်လေးကို တန်ဖိုးထားစွာပဲ မလွတ်တမ်းတင်းနေအောင် ပွေ့ငင်ထားမိပြန်ပါပြီ။

"မိဆယ်ဟာ ကိုကြီးရဲ့ မိဆယ်အဖြစ် တစ်သက်တာရှိနေမှာပါရှင်"

ဟု မိဆယ်ရင်ထဲမှ တိုးတိတ်စွာပဲ ဖြေမိလိုက်ရပါပြီ။ ဘွားက ကိုကြီးကို ဘဝတစ်သက်တာ လက်တွဲသွားဖို့ ဆုံးဖြတ်ထားခဲ့ချေသည်ပဲလေ။

"ချစ်တယ်ဆိုတာကို မိဆယ် မဖြေတတ်တာက မိဆယ်လေ လွတ်လွတ်လပ်လပ်ပဲ တကယ့်ကို ကလေးလိုပဲ ဖြူဖြူစင်စင်လေးနဲ့ အချစ်ကို စိတ်ဝင်စားရမှန်းမသိရလို့ပါ ကိုကြီး၊ မိဆယ် ပြန်မဖြေတတ်တာကို ခွင့်လွှတ်နော်"

ဟု ခေါင်းလေးငုံ့၍ပြောတော့ ကိုကြီး မိဆယ်၏ ကိုယ်လေးကို ကလေးတစ်ယောက်နှယ်ပင် ပွေ့ငင်၍ နှစ်ယောက်အတူ ချာလည်ဝဲပစ်ရင်းမှ ...

"တကယ့် ဖြူဖြူစင်စင် မိဆယ်လေးကို ကိုကြီးပိုင်ဆိုင်ခွင့်ရတဲ့အတွက် ကိုကြီး ကျေနပ်ပြီးသားပါ၊ ကိုကြီးကို မမုန်းဘူးဆိုတာနဲ့ပဲ မိဆယ်ရဲ့ရင်ထဲက အဖြေကို မှန်းဆနားလည်နေမိပြီးသားပါ၊ တကယ့်ကလေးလိုပါပဲလား မိဆယ်ရယ် ... ဟင်"

ဟု ချစ်စနိုးလေး ငုံ့မိုးကြည့်ရင်း ကိုကြီးပြောသည်။ စိတ်လက်လွတ်ကြီး မိဆယ်၏ကိုယ်လေးကို မလွတ်တမ်းပွေ့ရင်း နှစ်ယောက်အတူ ချာလည်ဝဲပစ်သည့် ကိုကြီး၏ ကလေးဆန်စွာ



ပျော်လိုက်မှုလေးကို မိဆယ် နှစ်သက်သွားမိရသည်ပါပဲ။ ကိုကြီးပျော်သွားတာကိုလည်း ကြည်နူးမိရသည်ပါပဲ ကိုကြီးရယ်။

"လာ ... ကိုကြီး မိဆယ်ကို ပေးစရာ အပ်စရာတွေရှိတယ်"

ဟု ကိုကြီးပြောပြီး မိဆယ်၏ကိုယ်လေးကို ပွေ့ငင်လျက်ဖြင့်ပင် ဆိုဖာထက်မှာထိုင်သည်။ နောက်မှ ကိုကြီးထရပ်ကာ ခေါင်းအုံးအောက်မှ သော့တွဲကို သွားယူသည်။

"ဒါ ... မိဆယ်ကို သော့အပ်တာ၊ မြရိပ်ငြိမ်ရဲ့သော့"

ဟု ပြုံး၍ပြောပြီး မိဆယ်၏လက်လေးကို ဖြန့်စေကာ သော့တွဲကို ထည့်ပေးသည်။

နောက် ... ကုတ်အင်္ကျီအိတ်ကပ်တွင်းမှ သော့ကို ယူကာ ...

"ဒါကတော့ မီးခံသေတ္တာသော့ မိဆယ် လိုအပ်တာယူသုံး၊ အိမ်အတွက် စီမံချင်တာကို ထုတ်သုံး ဟုတ်လား"

ဟု အပ်ပြန်၏။

နောက်တော့ မိဆယ်ကို လက်ဆွဲခေါ်ခဲ့ကာ ဗီရိုတစ်လုံးကို ဖွင့်သည်။

အတွင်းမှ အဆင့်ဆင့် စီရီထပ်လျက်ရှိနေသော ယွန်းသေတ္တာများကို မိဆယ်ကို ပြလာပါ၏။

"ဒီထဲမှာ ရတနာတစ်ဆင်စာတွေရှိတယ် မိဆယ်၊ မိဆယ်ကြိုက်တာယူဝတ်၊ ဒါက ပတ္တမြားတစ်ဆင်စာ ကိုကြီး အားလုံး လက်ရွေးစင်ရတနာတွေနဲ့ချည်း မိဆယ်လေး အတွက် လုပ်ထားတာ"

www.burmeseclassic.com



ဟု ပြောလည်းပြော။ အပေါ်ဆုံးမှ ယွန်းသေတ္တာကို ယူ၍ ဖွင့်ပြတော့ အသွေးကောင်း ပတ္တမြားပွင့်များ၊ လဲ့လဲ့ဖြာနေသည့် လက်ဝတ်ရတနာများ။

“ဟင် ... အများကြီးပဲ မိဆယ် မဝတ်တတ်ဘူး၊ မိဆယ်က ဒီလိုပဲနေတတ်တာ”

ဟု ပြောတော့ ကိုကြီး ရယ်သည်။ ကြည်နူးစွာ နှစ်နှစ်သက်သက်ရယ်ခြင်း။

မိဆယ်၏ ကိုယ်လေးကို ပွေ့ယူလိုက်ရင်းမှ ...

“အဲဒီလို ရိုးစင်းတာလေးကို ကိုကြီး ပိုချစ်နေမိရတာဗျ”

ဟု မချင့်မရဲ ညည်းသည်။

“ဟန်ကိုမလုပ်နိုင်တော့တာ သိလား မိဆယ်၊ စွဲစွဲလမ်းလမ်းကြီးကို ဖြစ်ရတာ၊ မိဆယ်နဲ့များ လက်မထပ်ရရင်ဖြင့် ကိုကြီး ရူးမယ်ထင်တယ်၊ အဟုတ် ပြုစားထားလိုက်သလိုကြီးပဲ”

ဟု ထပ်ပြောလာတော့ မိဆယ် မျက်စောင်းတစ်ချက် ထိုးမိရသည်။

“ကိုကြီးကို မိဆယ် ဘာမှ မပြုစားပါဘူးနော်”

ဟု ပြောတော့ ကိုကြီး ရယ်သည်။ အရမ်းကို ပျော်နေသည့် လူတစ်ယောက်၏ ကျေနပ်ကြည်နူးနေသည့် ရယ်မောမှု။ အရာရာ ပြီးပြည့်စုံလျက်ရှိနေသည့် လူတစ်ယောက်၏ အပျော် အားလုံးသည် ကိုကြီးထံမှာ ရှိနေကြချေသည့်အဖြစ်။

“သော့တွေ ဘာတွေကတော့ ကိုကြီးပဲ ကိုင်ပါ မိဆယ် နားမလည်ဘူး၊ ကျောင်းတက်နေရတုန်းပဲဥစ္စာ၊ ကိုကြီး ကိုင်နော်”



ဟု ပြောပေမယ့် မရ။ ခေါင်းခါသည်။

“ကိုကြီးဆီမှာ တစ်စုံရှိတယ်၊ ဒီသော့တွဲကိုတော့ မိဆယ် ယူထား၊ မငြင်းနဲ့၊ ငြင်းနေလို့လည်း အပိုပဲ မရဘူး”

ဟု ပြောပြီး ကြည့်မဝသလိုပဲ ငုံ့မိုးကြည့်နေသည် ပါပဲ။

“ဘွား ပေးလာတဲ့ ယွန်းသေတ္တာကို မိဆယ်ကြည့်ဖို့လိုတယ်၊ ဘွားက မြေးအတွက် မင်္ဂလာလက်ဖွဲ့တာ၊ မင်္ဂလာဦးကာလမှာ တန်ဖိုးထားပြီး ကြည့်ရမယ်နော်၊ လာ”

ဟု ကိုကြီးပြောလာပုံကျတော့လည်း လူကြီးဆန်သည်။ မိဆယ် ခေါင်းလေးညိတ်ပြကာ ကိုကြီးနှင့်အတူပဲ ယွန်းသေတ္တာကို ဖွင့်ကြည့်ပါ၏။

“ဘွားရယ် ...”

ရတနာထည် လက်ဝတ်ပစ္စည်းများသည် ယွန်းသေတ္တာထဲမှာ ပြည့်သိပ်နေသည်ပါပဲ။

မိဆယ် မျက်ရည်ကျလာတော့ သူ မိဆယ်၏ ချက်ရည်များကို ဖွဖွသုတ်ပေးရင်းမှ ...

“ဘွားက မိဆယ်လေးအတွက် အရမ်းစိတ်ပူတာ၊ တာဝန်ကျေချင်တာ၊ ချစ်ရှာတာပါ မိဆယ်ရယ်၊ ဘွားသိရဲ့ဆီမှာ သူ ဘယ်ထိ မိဆယ်အတွက် စိတ်ပူတယ်ဆိုတာကို ဖွင့်ပြောပြတာ”

ဟု ကိုကြီး ရှင်းပြနေတော့ မိဆယ် တစ်ချက် ရှိုက်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ် သိပါတယ်၊ ဘွား ဘယ်ထိ စိတ်ပူတယ်ဆိုတာကို လေ"

ဟု ပြောမိ၏။ ထိုသို့စိတ်ပူသောကဖြစ်ရ၊ နောက်ဆုံး ဝင်ရန်နှင့် ပင်ပန်းလှပါသည့် ဘွား၏နှလုံးအိမ်ကို ငြိမ်းအေးစေဖို့ ဘွားအလိုကျ မိဆယ် အိမ်ထောင်ပြုခဲ့သည်ပဲလေ။

ဟုတ်သည်။

မိဆယ် ချစ်မှန်း၊ မချစ်မှန်းမသိနိုင်ပါဘဲနှင့် ကိုကြီး ကို လက်ထပ်မိခဲ့ခြင်းသည် စွန့်စားရာရောက်ချေမည်လား။

အကယ်၍ စွန့်စားလွန်းသည်ပဲရှိစေဦး၊ ဘွား၏ နှလုံးစိတ်ဝမ်း ငြိမ်းအေးစေဖို့ စွန့်စားရတာမို့ မိဆယ် ကျေနပ်ပါ သည်လေ။

မိဆယ် ကျေနပ်ကြည်နူးနိုင်ပါသည့် ကိုကြီးရယ်

✿ ❤ ✿



## အခန်း(၂၈)

"အေး ... မြေး ချစ်မြတ်နိုးတဲ့ မိန်းကလေးကို ဘွား နှစ် သက်ကြည်ဖြူစိတ်နဲ့ လက်ထပ်ပေးခဲ့ပြီ၊ မြေး ဒီရန်ကုန်ကို လာတော့မယ်ဆိုကတည်းက မမကြီးဆီကို ဝင်ဖို့ပြောခဲ့ မှာခဲ့တာပဲ၊ မမကြီးဆိုတာ ဘွားနဲ့ ငယ်သူငယ်ချင်း၊ အိမ် ထောင်တွေကျပြီး တစ်မြို့တစ်နယ်စီ နေကြပေမယ့်၊ အရင် စိတ်အတိုင်းပဲ ချစ်ကြခင်ကြတာ ...

"မမကြီးရဲ့မြေးဆိုတာ ဘွားရဲ့မြေးပဲ၊ အခု ဒီကလေး နှစ်ယောက် အိမ်ထောင်ကျကြပြီ၊ လိမ္မာကြဖို့ လိုတယ်၊ သည်းခံတတ်ဖို့ လိုတယ်၊ အထူးသဖြင့် မြေးကိုကို၊ မြေး က မိဆယ်လေးထက် ကြီးတယ်၊ စိတ်ရှည် အလိုလိုက် တတ်ရမယ်၊ နားလည်ပေးနိုင်စွမ်း ရှိရမယ် ... ကြားလား"

"ဟုတ်ကဲ့ပါ ဘွား စိတ်ချပါ"

"ဘွားတို့လူကြီးနှစ်ယောက် မျက်နှာနာရအောင် မြေးတို့ကို မလုပ်ပါနဲ့၊ မိဆယ်လေး တစ်ခုခုအမှားအယွင်းရှိရင် နား

www.burmeseclassic.com

www.burmeseclassic.com



လည် နားဝင်အောင် ဖျောင်းဖျပြောရမယ်၊ ကလေးဖြစ်တဲ့ မိဆယ်ကို ဟိန်းဟိန်းဟောက်ဟောက် မလုပ်နဲ့"

"ဘွားရာ ... ဘွားပြောတာနဲ့ပဲ ကျွန်တော်ဖြင့် လူဆိုးကြီး ဖြစ်ရတော့မှာ"

"လူကြီးဆိုတာ လူကြီးစကားပဲပြောကြရတယ်၊ အိမ်ထောင်တစ်ခုကို တည်ပြီးပြီ၊ မြဲအောင်ပြုဖို့ဆိုတာ ဓာယက်ရှင်တွေက ပိုပြီး အဓိကကျတယ်၊ မိဆယ်လေး ... သူဆိုးရင် ဘွားဆီကို စာလှမ်းရေး ကြားလား"

ဟု ပြောတော့ မိဆယ် ခေါင်းလေးပဲညိတ်ပြရပါ၏။ ကိုကြီးက မဆိုးပါဘူးဟု ပြောပေးချင်ပေမယ့် ပြောရမှာရှက်သည်။ ယောကျ်ားဘက်က ကာကွယ်ပေးနေသည်ဟု ဘွားသီရိ ရယ်သွားလျှင် ရှက်သည်ပေါ့။

"ဘွားက ဟိုမှာ အလုပ်ကိစ္စတွေရှိတယ်၊ ရတနာအလုပ်ဆိုတော့ ဂရုတစိုက်နဲ့ ရှိနေမှကောင်းတာ"

ဟု ဘွားသီရိ ပြောပါ၏။ ဤနေ့မှာပဲ ဘွားသီရိ လေယာဉ်ဖြင့် မန္တလေးသို့ အလျင်သွားမည်။ မန္တလေးမှာ အလုပ်ကိစ္စရှိသည်တဲ့။

ထိုမှ မိုးကုတ်သို့ ခရီးဆက်မည်။

ကိုကြီးတို့မှာ မိုးကုတ်၌ ရတနာတွင်းလုပ်ငန်းရှိတာ၊ အောင်မြင်တာတွေကိုတော့ အထိုက်အလျှောက် မိဆယ် သိခဲ့ရပါပြီ။ ဘွားသီရိကိုယ်တိုင်ပဲ ပြောပြထားသည်ပဲလေ။

ဘွားသီရိကို ကိုကြီးနှင့် မိဆယ် တူတူကန်တော့ကြပါ၏။



လေဆိပ်သို့လိုက်ပို့ပေးကာ ဘွားသီရိမှ လေယာဉ် မထွက်ခွာမီမှာပဲ ပြန်ဖို့ပြောနေတာမို့ လေဆိပ်သို့ ဘွား ဝင်သွားတာနှင့် ဘွားသီရိ အလိုကျ ပြန်ခဲ့ရသည်ပါပဲ။

မိုးကုတ်ရတနာမြေမှာ ရတနာတွင်းပိုင်များအဖြစ် မိဘစဉ်ဆက်ရှိခဲ့ကြတာမို့ ဘွားသီရိမှာ မိုးကုတ်ရှိ ရတနာတွင်း လုပ်ငန်းနှင့်ပတ်သက်၍ မပြန်မဖြစ် ပြန်ရခြင်းပါ။

မန္တလေးသို့လည်း အလုပ်ကိစ္စဖြင့်ပင် ဝင်ရမှာပါ။

ကျန်းမာနေဆဲဖြစ်လျက် သွက်လက်စွာ သွားလာနေဆဲဖြစ်ပါသော ဘွားသီရိ၏ ကျန်းမာရေးကောင်းခြင်းဆိုသည့် ကံကောင်းခြင်းအတွက် မိဆယ် ဝမ်းသာရသည်ပါပဲ။

ဘွားဆိုလျှင် ကျန်းမာရေးမှ မကောင်းရှာဘဲလေ။ ဒါပေမဲ့ ဘွားနှင့် ဘွားသီရိတို့မှာ တူညီသောစိတ်ထားတွေကတော့ ရှိကြချေသည်ပါပဲ။ စိတ်ထက်ကိုယ်ထက်နှင့် ရှိသည့်နေရာတွင်ပါ။

အပြန်မှာ ကိုကြီးမှ မိဆယ်၏ လက်လေးကို လက်တစ်ဖက်ဖြင့် ထွေးခနဲဆုပ်ကိုင်လျက် ...

"မိဆယ်လေးကို ကိုကြီးရဲ့သစ္စာရတနာ ရွှေဆိုင်ကို ခေါ်သွားရဦးမယ်"

ဟု ပြုံး၍ပြောတော့ မိဆယ် မော့ကြည့်မိပါ၏။ ကိုကြီး၏မျက်ဝန်းတွေကတော့ ရွှန်းကြည်နေလျက် ညိုလဲ့လဲ့ပြေးနေသည်ပါပဲ။ အရမ်းကို စိတ်ချမ်းမြေ့သူတစ်ယောက်၏ ကြည်လင်သည့် မျက်ဝန်းမျိုး။

မိဆယ်၏ဘဝကို ပိုင်စိုးပါသည့်သူ။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်ကို သိမ်မွေ့ကြင်နာစွာဖြင့် ချစ်မြတ်နိုးပါချေသည့်သူ။

ထိုသူသည် မိဆယ်၏ခင်ပွန်းဖြစ်နေခြင်းကို နားလည်သိထားနေရပေမယ့် ဤမျှ မြန်မြန်ဆန်ဆန်ကြီး လက်ထပ်လိုက်ရသည့်အဖြစ်အတွက် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် လက်ရှိမှာ ဘာတွေဖြစ်နေချေပြီလဲဆိုတာကို နားမလည်နိုင်တော့သလို ဖြစ်နေသည်။

မိဆယ်သည် အိမ်ထောင်ရှင်မိန်းကလေးတစ်ယောက် ဖြစ်သွားခဲ့ရပြီးပြီ။

လွတ်လပ်ကြည်စင်စွာ စွန့်လွှတ်တတ်ပါသော ...

အချဉ်ထုပ်တွေကို မက်မောစွာ စားတတ်ပါသော ...

မိမိကို လှောင်ထေ့ထေ့ပြောသူများကို ခွန်းတုံ့ပြန်တတ်ပါသော လူဆိုးလေးဖြစ်ရပါသည့် မိဆယ်။

"ဘာတွေ တွေးနေတာလဲ မိဆယ်လေး ... ဟင်"

မိဆယ်ကို ကြည့်ရှုမှုဖြင့် မိဆယ် တစ်ခုခု တွေးနေခြင်းဆိုတာကို သိနိုင်စွမ်းပါသည့် ကိုကြီးကို အံ့သြချင်သည်ပါပဲ။

"မိဆယ် တွေးရမှာက အတိတ်က ကြေကွဲစရာတွေမဟုတ်ဘူးနော်၊ လက်ရှိဘဝမှာ အေးချမ်းလုံခြုံတဲ့ဘဝကို တည်ဆောက်ဖို့၊ မြတ်နိုးသက်ကြာတဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်ဖို့ အဲဒါကိုတွေး၊ ပန်းရဂုံကိုတွေးတဲ့အခါ မိဆယ်အပေါ် ကြင်နာတဲ့ ဘွားတို့၊ ဒေါ်ကြီးနဲ့ ဒေါ်လေးတို့ ဦးကြီးတို့အကြောင်းတွေကိုတွေး၊ စိတ်အနှောင့်အယှက်ပေးတဲ့ လူတွေအကြောင်းကို မတွေးနဲ့တော့ ဟုတ်လား ..."



ကားမောင်းနေရင်းဖြင့် ကိုကြီးတည်ငြိမ်စွာ ပြောနေတော့...

"ကိုကြီးက အရမ်းလူကြီးဆန်နေပြန်ပါရောလား"

ဟု ငေးကြည့် တွေးမိဖြစ်ပါ၏။ မိဆယ်နှင့်အတူရှိခိုက် တစ်ခါတစ်ခါမှာ ကိုကြီးသည် ကလေးဆန်နေတတ်သည်။ ယခုလို ဖျောင်းဖျပြောသည့် အချိန်မျိုး၊ နားဝင်အောင်ပြောသည့် အချိန်မျိုးမှာကျတော့လည်း လူကြီးဆန်နေပြန်သည်။

မိဆယ်အပေါ် ကောင်းသည့်လူများအကြောင်း တွေးပါဟု ကိုကြီးပြောတော့ ဖျတ်ခနဲ မြင်ယောင်မိသည်က စိုးစိုး။

စိုးစိုးဆိုတာ မိဆယ်၏ ငယ်ပေါင်းဖော်ပဲလေ။ မိဆယ်ကို အမြဲ အလိုလိုက်သည့်သူပဲလေ။

စိုးစိုးနှင့် မိဆယ်ဆိုတာ သူငယ်ချင်းဟူ၍ ကိုကြီး မေ့သွားတာများလား။

ကိုကြီးကို မိဆယ် ပထမဆုံး စတွေ့သည့်နေ့က စိုးစိုးသည် မိဆယ်နှင့်အတူ ပါခဲ့သည်ပဲ။

မိဆယ်ကို စိုးစိုး အရမ်းအလိုလိုက်တတ်တာကို အမှတ်ထင်ထင်ဖြစ်လျက်၊ ထိုကာလလေးကို ရင်မှာ လွမ်းစိတ်ဖြစ်သည်မှာ အမှန်ပါ။

"ကဲ ... ရောက်ပြီ၊ ဆင်းကြရအောင် ဟုတ်လား၊ သစ္စာရဲ့ သခင်မသစ်လေးကို ကိုကြီးရဲ့ ဝန်ထမ်းတွေလည်း မြင်ဖူးသွားကြရအောင်ပေါ့၊ မင်္ဂလာနေ့က မန်နေဂျာ အန်ကယ်ကြီးပဲ ရောက်ခဲ့တာ၊ သူပဲ မိဆယ်ကို မြင်ဖူးလိုက်ရတယ်လေ၊ ခု ... အားလုံး တွေ့ကြရအောင်ပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတာနှင့် မိဆယ် ပေကပ်ကပ်လေး ထိုင်နေလိုက်လျက် ...

"ဟင့်အင်း ... မိဆယ်ကို ကြည့်ကြမှာ"

ဟု ရှက်စိတ်ဖြင့် ပြောတော့ ကိုကြီးရယ်သည်။ မိဆယ်ကို ငုံ့မိုးကြည့်လျက် ကားတံခါးကို ဖွင့်လျက်ပုံကြီးဖြင့် လက်ကို တံခါးပေါ်ဖေးတင်ကာ ရယ်သံဖြင့် ...

"ဟောဗျာ ... ကြည့်စေချင်လို့ ခေါ်လာပါတယ်ဆိုမှ၊ ဘယ့်နှယ် ကြည့်ကြမှာစိုးလို့ မဆင်းဘဲနေရတာတဲ့လဲ၊ မိဆယ်လေးကို ကိုကြီးက ကြွားချင်နေတာ၊ ကဲ ... ဆင်းပါ မိဆယ်ရယ်နော်"

ဟု လက်ကမ်းပေးရင်း ခေါ်နေတော့ သားလူတွေကြည့်မှာစိုးစိတ်ဖြင့် မိဆယ် ဆင်းလိုက်ရသည်ပါပဲ။

အနော်ရထားလမ်းမှာ မြေညီထပ်၌ ခန်းမကျယ်ကြီးဖြင့် မှန်ဗီရိုကြီးအပြည့် မီးထွန်းလျက်ပုံစံဖြင့် တဖိတ်ဖိတ်လက်နေသော ရတနာထည်များဖြင့် ခင်းကျင်းထားပါသည့် သစ္စာ၏ တခမ်းတနားအဖြစ်ကို မိဆယ် တစ်ချက် တွေခနဲ ငေးဖြစ်၏။

အရည်အသွေးကောင်း ပတ္တမြားလက်ဝတ်ရတနာများ။

စိမ့်းလဲ့လဲ့ဖြင့် ကြည့်စင်နေသော ပြောင်ခေါင်းစိမ်းလက်ဝတ်ရတနာများ။

နီလာလက်ဝတ်ပစ္စည်းများဖြင့် အညံ့ပန်းကျောက်ရောင်စုံ လက်ဝတ်ရတနာထည်များ။



အားလုံးသည် ပန်းတိမ်လက်ရာ မြောက်မြောက်ဖြင့် အရမ်းကို နုကြွလှပနေလျက် အရောင်တွေ တလဲ့လဲ့ တဖိတ်ဖိတ် ပြေးနေသည်ပါပဲ။

အားလုံးသည် မိုးကုတ်တွင်းထွက် ရတနာများချည်းပါ။

"ကိုကြီး အဲသလောက် ချမ်းသာမယ်ဆိုတာ မိဆယ်သိရင် ဘွားစိမ်တာကို ခေါင်းတောင်ညိတ်ရဲမှာမဟုတ်ပါဘူး ကိုကြီးရယ်"

ဟု ကိုကြီး၏ ရုံးခန်းကျယ်ကြီးထဲ နှစ်ယောက်သားရောက်သွားတာနှင့် မိဆယ် မျက်နှာငယ်လေးနှင့်ပြောတော့ သူကလေးတစ်ယောက်လိုပဲ နှစ်ခြိုက်လွတ်လပ်စွာရယ်သည်။

မိဆယ်၏ကိုယ်လေးကို ပွေ့ယူ၍ နဖူးချင်းထိလိုက်ကာ ...

"ဘာဖြစ်လို့ ..."

ဟု ချစ်စနိုးမေးတော့ ...

"ချမ်းသာလွန်းလို့ အလွယ်နဲ့ ခေါင်းညိတ်တယ်လို့ ထင်ခံရမှာ မိဆယ် စိုးတယ်၊ ရှက်စရာကြီး၊ ပြီးတော့ ... မိဆယ်နဲ့လည်း မတန်ပါဘူး"

ဟု အသံတိမ်လေးနှင့်ဖြေတော့ သူ မျက်နှာမကောင်း။ မျက်လွှာလေးချလျက် မိဆယ် ငြိမ်နေတာလေးကို ခပ်ငေးငေးကြည့်သည်။

အနိမ်ခံဘဝဖြင့် နေရလွန်း၍သာ ကြက်ခေါင်းဆိတ်ခံ ပြန်ပြောတယ်၊ စွာတတ်ပေမယ့် ရင်ထဲမှာ မျိုသိပ်ထိန်းအောင်း

www.burmeseclassic.com

www.burmeseclassic.com



စွာ ရှိခဲ့ပါသော အားငယ်ရိပ်လေးသည် ခေါင်းလေးပြူ၍ မိဆယ်ရင်တွင်းမှ လှစ်ပြလိုက်သယောင်ပါတကား။

"ဘာလို့ မိဆယ်က ကိုကြီးနဲ့ မတန်ရမှာလဲ၊ ဘာလို့ ဒီလိုပြောရတာလဲ မိဆယ်၊ ဟင် ... ကိုကြီး မြတ်နိုးလွန်းလို့ တန်ဖိုးထားပြီး လက်ထပ်ထားတဲ့ဥစ္စာ"

ဟု တိုးဖွဖွ သူ မေးလည်းမေး။ မိဆယ်၏မျက်နှာလေးကိုလည်း လက်ဖဝါးဖြင့်ဖေးညှပ်၍ ထိထိခိုက်ခိုက် ကြည့်မိရပါပြီ။

"မိဆယ်လေ ကိုကြီးအတွက် စိုးရိမ်တာပါ၊ မိဆယ်ကတော့ ဖေဖေနဲ့ မေမေ့သမီး ဖြစ်ရတဲ့အတွက် ဂုဏ်ယူပါတယ်၊ မေမေ့ကို ချစ်လွန်းလို့ ပန်းရဂုံကနေပြီး မေမေ့လက်ကိုဆွဲဆင်းရဲတဲ့ ဖေဖေ့အချစ်အတွက်လည်း ကြည်နူးပါတယ်၊ ဒါပေမဲ့ ကိုကြီးဘက်က ကြည့်ရင် အစေခံရဲ့သမီးဆိုတာ ရှက်စရာဖြစ်မှာ မိဆယ် စိုးရိမ်တယ်၊ ကိုကြီးက အရမ်းကို ချမ်းသာနေတာ"

ဟု ပြောတော့ သူ ခေါင်းခါသည်။

မိဆယ်၏ မျက်နှာလေးကို ဖေးညှပ်ပင့်မော့နေစေရင်းဖြင့် မိဆယ်၏မျက်ဝန်းများကို တည့်တည့်ငုံ့မိုးကြည့်သည်။

"အဲဒါတွေအားလုံး ကိုကြီး သိထားတာပဲ၊ မိဆယ်ကို ချစ်လို့ လက်ထပ်ထားတာ ဘာမှရှက်နှာငယ်ဖို့မရှိဘူး၊ မဆိုင်တာတွေမပြောနဲ့ မိဆယ်၊ မိဆယ်ရဲ့အကြောင်းတွေ အားလုံး ကိုကြီး သိထားခဲ့တာပဲ"



ဟု ပြောပြီး မိဆယ်ကို ဆိုဖာထက်မှာ ထိုင်ခိုင်းသည်။ ကိုကြီးလည်း ထိုင်သည်။

"ကဲ ... မိဆယ်ကို ကိုကြီး မေးမယ်၊ မင်္ဂလာအထိမ်းအမှတ်အဖြစ် မိဆယ် ဘာလုပ်ချင်သေးလဲ၊ ကောင်းမှုတစ်ခုခုဆိုပါတော့ ... ဟင်"

ဟု ပြုံး၍မေးတော့ မိဆယ် သိပါသည်။ မိဆယ်၏ စိတ်အာရုံလေးတွေပြောင်းနိုင်ဖို့ ဆိုတာကိုပါ။ ပြီးတော့ မိဆယ် စိတ်ချမ်းသာအောင် ဆိုတာကိုပါ။

"မိဆယ် တကယ်ပြောရမှာလား ဟင်"

ဟု မေးတော့ သူ ရယ်မိသည်။ မိဆယ်၏ဦးခေါင်းလေးကို လက်ဖြင့်သိမ်းယူ၍ ပခုံးပေါ်ဖေးတင်ထားကာ လက်ဖြင့် အုပ်မိုးထားရင်းမှ ...

"ဟောဗျာ ... ပြောဖို့ မေးထားခါမှ တကယ်ပြောရမှာလား ဆိုတော့ ခက်ပြီပဲ"

ဟု ရယ်၍ပြောသည်။ မိဆယ် ကိုကြီး၏ပခုံးထက်မှ ခေါင်းလေးကို ညင်ညင်သာသာ ပြန်မတ်လိုက်ရင်းမှ ကိုကြီးကို မော့ကြည့်မိပါ၏။

မိဆယ်၏မျက်ဝန်းလေးတွေမှာ ရီဝေဝေအရိပ်လေးတွေ ဖြတ်သန်းသွားသည်ဟု သူထင်သည်။ မြင်နေကျ လက်တောက်နေသော မျက်နက်ဝန်းလေးတွေမဟုတ်။ ဝေဒနာတစ်ခုခုကို ကြေကြေပြုန်းပြုန်း ခံစားထိန်းချုပ်လိုက်ရပါသည့် မျက်ဝန်းရီဝေဝေလေးများ။

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ်ရဲ့ဖေဖေဆုံးတော့ အစစ ဖေဖေ မှာထားတဲ့အတိုင်း လုပ်ပေးခဲ့တာ၊ ရက်လည်ဆွမ်းသွတ်တဲ့ကိစ္စအထိ စီမံပေးခဲ့တာ၊ မိဆယ်ကို ဘွားဆီပို့ပေးခဲ့တာ၊ အဲဒါတွေကို အစစ ဦးကြီးဒေါင်းနဲ့ ဒေါ်ကြီးမြမေးတို့ပဲ လုပ်ပေးခဲ့ကြတာပါ ...

မိဆယ်လေ ... အရင်ဟုန်းကဆိုရင် မိဆယ်ရဲ့မုန့်ဖိုး ထဲကစုပြီး တစ်ခါတစ်ခါ သွားကန်တော့တယ်၊ ဦးကြီးတို့ မှာ အသက်လည်း ကြီးလာရှာပါပြီ၊ နွမ်းပါးရှာပါတယ် ကိုကြီးရယ်၊ ပစ္စည်းရတနာ နွမ်းပါးရှာပေမယ့် မေတ္တာမှာ ကြွယ်ဝလွန်းတဲ့သူတွေပါ၊ မိဆယ်ရဲ့ဖေဖေ ရှာပနမြေချတဲ့ အထိ ဆွမ်းသွတ်တဲ့အထိ လုပ်ပေးခဲ့တဲ့ကျေးဇူးနဲ့ပဲ ဆပ်မကုန်နိုင်တဲ့ မိဆယ် ကျေးဇူးရှင်များ ဖြစ်ကြပါတယ် ကိုကြီး"

ဟု ပြောနေတော့ သူ ခပ်ငေးငေးနားထောင်သည်။ မိဆယ်၏ မျက်နှာနုနုထွေးလေးကို ဆွဲယူ၍ ကိုယ်လေးကိုပါ သိမ်းယူလိုက်ကာ သူ့ရင်ခွင်မှာ အပ်ထားလိုက်မိရပါ၏။

"မိဆယ်လေး သွားကန်တော့ချင်လား၊ သွားကြမယ်လေ အခုပဲ သွားကြတာပေါ့၊ မိဆယ်ရဲ့ ကျေးဇူးရှင်ဟာ ကိုကြီးရဲ့ ကျေးဇူးရှင်ပါပဲ"

ဟု ပြောမိရသည်။

"ကျေးဇူးတင်လိုက်တာ ကိုကြီးရယ်၊ မိဆယ်လေး ပိုက်ဆံ စုထားတာ ရှိသေးတယ်"

ဟု ပြောတော့ သူ ငုံ့မိုးကြည့်ရင်းမှ စိတ်ရှည်အောင် လိုက်ရှာပ် ...



"ဟုတ်ပြီ ... အဲဒီပိုက်ဆံစုထားတာနဲ့ ကန်တော့ချင်တယ် မဟုတ်လား ကန်တော့လေ၊ ကန်တော့ပေါ့၊ ကိုကြီးလည်း ကန်တော့မယ်၊ ကိုကြီးစုထားတဲ့ ပိုက်ဆံနဲ့ပေါ့"

ဟု ပြောတော့ မိဆယ် အားနာသလိုလည်း ကြည့်၊ ကျေးဇူးတင် ဝမ်းသာသလိုလည်း ကြည့်ရှာပါ၏။

"မိဆယ်ရဲ့ဖေဖေ ဆုံးခဲ့တဲ့အဖြစ်ဟာ မိဆယ်အတွက် အရာရာ ဆုံးရှုံးခံလိုက်ရသလိုပါပဲ ကိုကြီးရယ်၊ မိဆယ် တစ်ယောက်တည်း ကျန်ခဲ့တာ၊ ဖေဖေ့ကို ခေါ်သွားကြတာ၊ ရေလုံအိုးခွဲလိုက်တာတွေ၊ အို ... အားလုံး အားလုံး မိဆယ် ရဲ့အိပ်မက်တွေမှာ လာလာမြင်နေရတုန်းပဲ၊ ဖေဖေ့ကိုမိဆယ် အရမ်းချစ်တာ၊ ဖေဖေ ရေးခဲ့တဲ့စာတွေပါတဲ့ မဂ္ဂဇင်းတို့ ဘာတို့ကို မိဆယ်သိမ်းထားတာ၊ ည ဘယ်သူမှ မိဆယ်ရဲ့ အခန်းထဲ မလာနိုင်တော့တဲ့အချိန်ကျမှ ဖေဖေ့ စာတွေနဲ့အတူ မိဆယ် နေတယ်"

ဟု ပြောတော့ သူ မကြားရက်တော့သလို ခေါင်းလေးကို ရင်မှာ ဖေးကပ်ထားမိလျက် လက်ဖဝါးဖြင့် ခေါင်းလေးကို သိမ်းအုပ်ထားမိရသည်ပါပဲ။

"အခု ကိုကြီးရှိနေပြီပဲ မိဆယ်၊ မိဆယ် နားလည်ထားရမယ်နော်၊ တစ်သက်လုံး နားလည်ထားရမယ်၊ မိဆယ်ကို ချစ်တဲ့ ကိုကြီး ရှိနေတယ်၊ အဲဒါ ကိုကြီးရဲ့ဘဝတစ်သက်နဲ့ မိဆယ်ရဲ့ဘဝတစ်သက်တာအတွက် ဖြစ်တည်နေရမယ့် လက်တွဲဖော်ပဲ၊ လုံခြုံမှုကို ပေးမယ့်သူ၊ မြတ်နိုးခြင်းတွေကို ပေးမယ့်သူ၊ ချစ်မယ့်သူ၊ အို ... ကိုကြီးထက် မိဆယ်က ပိုပြီး အရေးကြီးနေတယ်ဆိုမှ ပြည့်စုံမှာပါ ကလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီးတာနှင့် မိဆယ်၏ နဖူးပြင်လေးကို ငုံ့၍ ဖွဖွညင်ညင် နမ်းရှိုက်မိပါ၏။

သိမ်မွေ့သော နှုတ်ခမ်းအထိသည် နဖူးပြင်နုနုထက်မှာ အတန်ကြာငြိတင်၏။

"ကိုကြီးဘဝမှာ မိဆယ်ဆီက အရေးတကြီးတစ်ခုပဲလိုချင်တာရှိတယ်၊ အဲဒါ ဘာလဲသိလားဟင်"

ဟု ခပ်တိုးတိုး ငုံ့မိုးမေးသံတွင် စိတ်လှုပ်ရှားသံတွေ ရောထွေးနေသည်ပါပဲ။

ကိုကြီး၏နှုတ်ဖျားမှ နွေးထွေးသော လေငွေ့သည် မိဆယ်၏ ဆံယဉ်နုကိုဖြတ်လျက် ပါးပြင်ထက်သို့ လာငြိတင်သည်။

"တစ်ချက်မေးကြည့်ပါဦး မိဆယ်လေးရယ်၊ ကိုကြီးလေ မိဆယ်လေးကို မြင်မြင်ချင်း ချစ်မိတာ၊ အဲသလောက်ချစ်တယ်၊ ကိုကြီးကို မိဆယ် တစ်ခုပဲပေး"

ပြောပြီးတာနှင့် မိဆယ်၏ ကိုယ်လေးကို ထွေးပွေ့၍ မဝနိုင်သလို သိမ်းပွေ့ထားမိရင်းမှ ...

"မိဆယ်ဆီက အချစ်တစ်ခုတည်းကိုပဲ ကိုကြီး လိုချင်တယ် မိဆယ်ရယ်၊ အချစ်တစ်ခုတည်းပါပဲကွယ်"

ကိုကြီး၏အသံမှာ စိတ်လှုပ်ရှားခြင်းနှင့်အတူ ချစ်ခြင်းနှင့် တမ်းမက်မျှော်လင့်ခြင်းများ စီးမျောပါဝင်လာပါ၏။

ကိုကြီး စေ့ပိတ်ချက်ချထားပါသည့် မှန်တံခါးရွက်နှင့် ကတ္တီပါပွင့်ဆုပ်များပါသည့် ခန်းဆီးစကြီးသည် ငြိမ်သက်စွာဖြင့် မိဆယ်ဆိုသည့် သခင်မလေးကို လှမ်းကြည့်နေဟန်ရှိနေပေမယ့် မိဆယ်၏ ရင်တွေကတော့ အရမ်းကိုခုန်နေမိရသည်ပါပဲ။



မိဆယ် တစ်ခုတော့ နားလည်လိုက်မိပါ၏။

မိဆယ်သည် မိဆယ်ကို အရမ်းချစ်မြတ်နိုးသည့် ကိုကြီးနှင့် လက်ထပ်ခွင့်ရသည့်အတွက် ကံကောင်းသည်ဟူ၍ပါ။

ကိုကြီးကျတော့။ ဩော် ... ကိုကြီးကျတော့ ကံကောင်းပါရဲ့လား။

ကိုကြီးကို မိဆယ် ချစ်နေမိပါရဲ့လား။

မိဆယ် မသိ။ ဟုတ်သည်။ မသိ။ ဒါပေမဲ့ ကိုကြီး၏မေတ္တာရိပ်မှာ မိဆယ် ရင်ငြိမ်းချမ်းမြေ့နေရတာတော့ အမှန်။

ထိုခံစားမှုသည် ချစ်ခြင်းဟု ဆိုပါလျှင်။ မိဆယ်သည် ကိုကြီးကို ချစ်နေမိချေတာပဲ ဖြစ်ချေမည်တည့်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

"ဟော ... မိန်းကလေး၊ လာ ... လာ မမြမေရေ ... မိဆယ်လေး လာတယ်ဟေ့၊ ကြွပါမောင်ရင် ...ကြွပါ"

ဦးကြီးဒေါင်း၏ အိမ်ငယ်လေးရှေ့မှာ မာစီးဒီးကား နက်ကြီး ထိုးရပ်သွားကာ၊ ကားတွင်းမှ နှစ်ယောက်သား ဆင်းကြခိုက်မှာ ဦးကြီးဒေါင်းမှာ ဝမ်းပန်းတသာ ဆီးကြိုရှာပါ၏။ အိမ်တွင်းဘက်ကိုလည်း လှည့်၍ ဒေါ်ကြီး ဒေါ်မြမေကိုခေါ်သည်။

မိဆယ်၏ မင်္ဂလာပွဲသို့လည်း မိဆယ်၏ဆန္ဒဖြင့် ဘွားကိုယ်တိုင်လည်း ကျေနပ်ကြည်ဖြူစွာပဲ ဦးကြီးဒေါင်းနှင့် ဒေါ်ကြီးတို့ကို ဖိတ်ခဲ့သည်။

ကိုကြီးကိုလည်း ဦးကြီးဒေါင်းနှင့် ဒေါ်ကြီးမြမေတို့ နှုတ်ဆက်ကြရစဉ်ခိုက်တုန်းက အိမ်ထောင်ကျ ကံကောင်းလေခြင်း ဟု မိဆယ်အတွက် ဝမ်းသာခဲ့ကြရှာတာ မိဆယ် နားလည်မိခဲ့ရသည်ပါပဲ။

ဖေဖေ ဆုံးပါးစဉ်က အစစလုပ်ခဲ့ပေးခဲ့ကြတာ။ ဖေဖေ မကျန်းမာစဉ်ကရော၊ ဆေးရုံတက်စဉ်ရော၊ ဆေးရုံမှ ဆင်း



သာပြီးသည့်နောက် ဝေး နာဆိုးလာချိန်မှာရော ဆွေမျိုးရင်းချာနှယ် အစစ ဦးကြီးဒေါင်းတို့ပဲ လုပ်ကိုင်ပေးခဲ့ကြသည်ပဲ။ ထိုသို့ လုပ်ကိုင်ပေးခြင်းမှာ တကယ့်စိတ်ရင်း စေတနာမှန်ဖြင့် ချစ်လွန်း၍ လုပ်ကိုင်ပေးခြင်းဆိုတာလည်း မိဆယ် သိသည်။

ဟန်ဆောင်မှုကင်းစွာဖြင့် မေတ္တာရင်းမှန်ဖြင့် ပြုစုခြင်း၊ ကူညီခြင်းများ၊ ဖေဖေဆုံးတော့ မျက်ရည်ကျ ထိခိုက်ခြင်းများကို မိဆယ် ဘယ်တော့မှ မေ့၍မရ။

မိဆယ် တွေ့ကြုံခဲ့ရပါသည့် ကြီးညိုနှင့် ဘဘထွန်းတို့၏ မေတ္တာငွေ့ကင်းကုန်ပါသည့် အဖြစ်များနှင့် ဆန့်ကျင်စွာပဲ၊ ဦးကြီးဒေါင်းတို့၏ မေတ္တာက လေးနက်ခိုင်ကြည်ကြသည်ပဲ။

"လာ ... လာ ... ဒီမှာထိုင်၊ ထိုင်ပါ မောင်ရင်၊ မိဆယ်ကတော့ လာနေကျဆိုတော့ အထူးပြောဖို့မလိုဘူး၊ မောင်ရင်က ခုမှစရောက်ရတာ၊ ညီ့သည်လိုဖြစ်နေမှာ၊ ဝမ်းသာတယ်ကွယ်၊ ခုလို အလည်အပတ်လာတာကိုရော၊ မိဆယ်လေးကို မြတ်နိုးလက်ထပ်တာကိုရော အင်း ... ဒီကလေးက တကယ့်အဖြူအစင်လေးကွယ်၊ အရိုးအစင်းလေး"

ဟု ဦးကြီးဒေါင်း ပြောရှာသည်။

ဒေါ်ကြီးမြမေမှ ရေနွေးကြမ်းပန်းကန်နှင့် ရေနွေးကြမ်းအိုးကို ထန်းလျက်ထည့်ထားရာ ပန်းကန်လေးနှင့်အတူ ဗန်းတစ်ခုဖြင့် ထွက်လာသည်။

"ကျွန်တော့်ကိုလည်း မိဆယ်လိုပဲ သွေးသားရင်းလိုပဲ မှတ်ယူပေးပါဦး ဦးကြီး၊ ဦးကြီးတို့နဲ့ပတ်သက်ပြီး မိဆယ်လေး အားလုံး ကျွန်တော့်ကို ပြောပြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တရိုတသေ သူ ပြောသည်။ ဒေါ်ကြီးလက်မှ လင်ပန်းကို သူ ယူသည်။ သူကိုယ်တိုင်ပဲ ရေနွေးကြမ်းကို ပန်းကန်လုံးထဲ ငှဲ့ထည့်သည်။ ဦးကြီးတို့ရှေ့မှာလည်း ရေနွေးကြမ်းပန်းကန်ကိုချပေးပါ၏။

မိဆယ် ကိုကြီးကို ငေးကြည့်မိရပါပြီ။ မိဆယ်နှင့် ပတ်သက်သူများကို အားလုံး တလေးတစား ဆက်ဆံပေးတတ်တာ တရိုတသေနှင့် ရှိနေတာကို ရင်ထဲမှာ ကြည်နူးမိရပါ၏။

မိဆယ်ကို ချစ်လွန်း၍လည်းပါမည်။ ပြီးတော့ မူလစိတ်ထားကိုက လူကြီးများကို လေးစားရိုသေရင်းစွဲလည်း ရှိချေမည်။

ကိုကြီးကို မိဆယ် ပို၍ ကြည်ညိုကျေနပ်မိရသည်ပါပဲ။

ကိုကြီးကိုယ်တိုင်ပဲ ဆေးဝါးအချို့နှင့် မုန့်ဘူးများ၊ မုန့်ပုံးများနှင့် စာအိတ်ဖြင့် သီးသန့်လေးထည့်ထားသော ငွေကြေးအပါအဝင်၊ ထည့်ထားရာ ပလတ်စတစ်ခြင်းနီလေးကို ဦးကြီးခေါင်းတို့လင်မယားရှေ့မှာ တရိုတသေချ၍ ...

"ကဲ ... မိဆယ်လေး ကိုကြီးတို့ ကန်တော့ကြရအောင်"

ဟု ပြောတော့ မိဆယ် ကြည်နူးလွန်းစွာ ခေါင်းလေးညိတ်ပြမိရင်းမှ ကိုကြီးနှင့်အတူ ကန်တော့မိရပါပြီ။

ဦးကြီးခေါင်းနှင့် ဒေါ်ကြီးမြမေတို့မှ အသံတိုးတိုးတုန်တုန်ဖြင့် ဆုပေးကြရှာပါ၏။

"သာဓု ... သာဓု ... သာဓုပါ မိဆယ်လေးရယ်၊ ဦးကြီးတို့ရဲ့ သားနဲ့သမီးလေး စိတ်၏ချမ်းသာကိုယ်၏ချမ်းသာ



ရှိကြပါစေ၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ မေတ္တာပန်းကုံး ရှည်လျားကြပါစေ၊ ခိုင်မြဲကြပါစေကွယ်"

ဟု ဦးကြီးခေါင်းမှ ဆုတောင်းပေးသည်။ ဒေါ်ကြီးမြမေကတော့ နှုတ်မှ တိုးတိုးဖွဖွ ဆုတောင်းနေရှာသည်ပါပဲ။

ခုလို မိဘအရာထား၍ မိဆယ်ကို လာကန်တော့သည့်အတွက် ဒေါ်ကြီးမြမေမှာ မျက်ရည်များလည်နေအောင် ဝမ်းသာကြည်နူးရှာသည့်အဖြစ်။

"ဒီပစ္စည်းတွေ မလိုပါဘူး သားရယ်၊ ခုလို မိဘနေရာထားပြီးလာတာကိုပဲ ဦးကြီးတို့ ကြည်နူးရပါပြီ၊ မိဆယ်လေးကို ကြင်နာလို့ လက်ထပ်တယ်ဆိုတာ ဦးကြီး သိပါတယ် သားရယ်၊ ဒါပေမဲ့ ကလေးမို့ သူ တစ်ခုခုဆိုးရင် မှားရင် ခွင့်လွှတ်ပေးပါ၊ ဖျောင်းဖျပေးပါ၊ မှားတာကို မှန်အောင် သင်ပေးပါကွယ်"

ဟု ဦးကြီးခေါင်း ပြောတော့ သူ ပြုံး၍ ...

"မိဆယ်က လိမ္မာပါတယ် ဦးကြီး"

ဟု ဖြေတော့ ဦးကြီးခေါင်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်သွားသည်ပါပဲ။

"မိဆယ်လေးက ဟိုးအရင်တုန်းကလည်း မောင်တင်မောင်နဲ့ ဦးကြီးတို့ဆီကို လိုက်ပို့ခိုင်းတယ်၊ တစ်ခုခု လာကန်တော့တာချည်းပါပဲ၊ မယူခဲ့နဲ့ လူပဲ တွေ့ရမြင်ရ ပျော်ပါပြီဆိုလည်း မရဘူး၊ တစ်ခါတစ်ခါကျတော့လည်း ကျောင်းအပြန် မောင်စိုးစိုးနဲ့ ရောက်လာတတ်တယ်၊ သူ့အမေကြီးအကြိုက်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲကြော်တို့ ဘာတို့ ဝယ်လာပြီး ပို့ပေးချင်ပေး
တတ်တာ"

ဟု ပြောတော့ မိဆယ်ကို သူ တစ်ချက်ကြည့်မိသည်။

အမှန်အတိုင်းဝန်ခံရလျှင် ... စိုးစိုးနှင့်ပတ်သက်လာ
လျှင် သူ့ရင်ထဲမှာ ဝန်တိုခြင်းဆိုတာ ဖြစ်ဖြစ်နေမိရသည်ပါပဲ။
စိုးစိုးနှင့် မိဆယ် ကျောင်းတူတူသွားကြ၊ ပြန်ကြတာကို ...

သူ မိဆယ်နှင့် လက်မထပ်ဖြစ်ခင်ကတည်းက
သိထားသည့်အကြောင်း ဖြစ်နေပေမယ့် ရင်ထဲမှ ဝန်တိုစိတ်ကို
ဘယ်လိုမှ မောင်းနှင်ထုတ်၍မရနိုင်တာအမှန်။

သူငယ်ချင်းတွေပဲလေ ... ဟု ဘယ်လိုပဲ ဖြေသိမ့်တွေး
ဝန်တိုစိတ်ကတော့ ခေါင်းပြူ၍ နှလုံးအိမ်မှ ထိုးထွက်
နှိပ်စက်နေမြဲ။

"စိုးစိုးရော နေကောင်းရဲ့လား၊ တွေ့တဲ့အခါ ဦးကြီးတို့ဆီ
အလည်လာဖို့ ပြောပေးပါဦး၊ အင်း ... ခုတော့ သူ့ခများ
ကျောင်းသွားဖော် မဲ့သွားတာပေါ့လေ၊ မိဆယ်လေးအပေါ်
တော့ အတော်ကြီးကို စိတ်ရှည်အလိုလိုက်ရှာတဲ့ ကလေး
သဘောကောင်း စိတ်ဖြူလေး"

ဦးကြီးခေါင်းမှ အရိုးခံစိတ်ဖြင့် ပြောနေပေမယ့်
သူ့ရင်ထဲမှာတော့ ဦးကြီးခေါင်းတို့လင်မယားထံ ဘယ်နှကြိမ်များ
မိဆယ်တို့ လာကြပါလိမ့်ဟု တွေးဖြစ်၏။

အို ... ကျောင်းသွားဖော်အဖြစ် နှစ်နှင့်ချီ၍ တူတူ
သွားလာခဲ့ကြသည်ပဲ။ ဘွားကိုယ်တိုင်ပင် မိဆယ်နှင့် စိုးစိုးတို့
စိတ်ချယုံကြည်ချေသည်မို့၊ ရိုးစင်းဖြူစင်စွာပဲ တွဲကြခြင်းဆိုတာ



သူ ယုံကြည်သည်။ မိဆယ်ကို သူ ယုံပါသည်လေ။ ဒါပေမဲ့ ...
ယုံသည်ဆိုသည့်စိတ်က သပ်သပ်။

ချစ်လွန်းစိတ်ဖြင့်လားမသိ။ ဝန်တိုစိတ်က ဖြစ်ဖြစ်
လာနေပြန်၏။

မယုံဘူးလားဆိုတော့လည်း ယုံကြည်ချင်သည်။

သဝန်မတိုဘူးလားဆိုတော့လည်း သဝန်တိုချင်နေ
ပြန်သည်။

သက်ပြင်းကို မှုတ်၍ သူ ချမိရပါ၏။

"ကဲ ... မိဆယ် ... ကိုကြီးတို့ ပြန်ကြရအောင်၊ ဦးကြီးနဲ့
ဒေါ်ကြီး ... ကျွန်တော်တို့ ပြန်ကြပါဦးမယ်ခင်ဗျ"

ဟု ပြောတော့ ပြုံး၍ ခေါင်းညိတ်သည်။

"နောက်လည်း လာလည်ပါ မောင်ရင်"

ဟု ပြောတော့ သူ ခေါင်းညိတ်ပြပါ၏။ အိမ်လေးပေါ်
မှ ဆင်းခဲ့ကြတော့ ဦးကြီးခေါင်းတို့ ကားနားအထိ လိုက်ပို့ပေး
သည်။

"စိုးစိုးကိုတွေ့ရင် မိဆယ် ပြောလိုက်ပါ့မယ်၊ ဦးကြီးတို့ဆီ
အလည်သွားလိုက်ပါဦးလို့၊ မိဆယ် သွားမယ် ဦးကြီးနဲ့
ဒေါ်ကြီးမေ"

ဟု ပြောတော့ ခေါင်းညိတ်ကြပါ၏။ မိဆယ်
လက်လေးပြ၍ ကားထွက်သွားမှ ကိုယ်လေး ကားရှေ့ခန်းမှန်ဘက်
သို့ မျက်နှာပြန်မူသည်။ ကန့်တော့ချင်တာ ကန်တော့ရ၍လား။
မျက်နှာနုနုထွေးလေးမှာ ကျေနပ်ရိပ်လေးတွေ လန်းကြည်စွာ
ရှိနေကြသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ်"

၆ သူ ခပ်တိုးတိုး ခေါ်မိပါ၏။ မိဆယ်ကြည့်တော့ တစ်ခုခုကို တွေးနေ၊ ချိန်ဆနေသလို ခပ်ဆဆ ဖြစ်နေသည့် ကိုကြီး၏ မျက်နှာကို မိဆယ် မြင်ရပါပြီ။

"မိဆယ် ... ကိုကြီးနဲ့ လက်ထပ်လိုက်ရတဲ့အတွက်"

ခပ်တိုးတိုး စကားသံသည် တစ်ချက် ပြတ်တောင်းသွားလျက် မိဆယ်ကို ငဲ့ကြည့်လာပြန်သည်။

ကိုကြီး၏မျက်ဝန်းတွေထဲမှာ ရှုပ်ထွေးရိပ်တွေ ပြည့်သိပ်နေကြပါလားဟု မိဆယ် နားလည်လိုက်ရလျက် ရင်ထဲမှာ အုံ့ညြချင်၏။ ဘာကိစ္စများ ကိုကြီး၏စိတ်ကို နှောင့်ယှက်လိုက်ပါချေသည်လဲ။

"ကိုကြီးနဲ့ လက်ထပ်လိုက်ရတဲ့အတွက် မိဆယ် စိတ်ဆင်းရဲနေရလားဟင်"

ဟု မေးချလိုက်သံကြောင့် မိဆယ် ဘာပြန်ဖြေရမှန်းပင် မသိတော့။

လက်ထပ်ပြီးခါမှ ခုမှ ဘာကြောင့် ဤမေးခွန်းမျိုး ကိုကြီး မေးလာရပါသလဲ။

"ဟင့်အင်း ... မဆင်းရဲပါဘူး၊ မိဆယ် ကိုကြီးနဲ့ လက်ထပ်လိုက်ရလို့ သိပ်ပျော်နေပါတယ်"

ဟု ဖြေပေးလိုက်ရမှာတဲ့လား။

မိဆယ်နဲ့ ကိုကြီး သမီးရည်းစားပင် ဖြစ်လိုက်ရသည် မရှိ။ ခုလိုကြီး ချက်ချင်းကြီး လက်ထပ်ရ။ လက်ထပ်ပြီးရက်ပိုင်းအတွင်းမှာပဲ မိဆယ်က ကိုကြီးနဲ့ လက်ထပ်ခွင့်ရ၍ ပျော်လိုက်



တာ ကိုကြီးရယ် ... ဟု ဖြေရမှာမျိုးကိုတော့ မိဆယ်ပဲ။ ရှက်သည်ပေါ့။ မိန်းကလေးပဲ ဥစ္စာ။

ဘယ့်နှယ်ကြီး အလိုက်မသိ၊ မေးရသည်လို့ ကိုကြီးရယ် ... ဟု စိတ်ညစ်ညစ်နှင့် စိတ်ထဲမှာ ဟစ်၍သာ ညည်းချလိုက်မိရတော့သည်ပါပဲ။

မိဆယ် မဖြေရဲစွာ ခေါင်းလေးငုံ့ချလိုက်တော့ ကိုကြီးထံမှ သက်ပြင်းရှိုက်ချသံကို ကြားရပါ၏။ ကိုကြီး စိတ်ညစ်သွားချေပြီလားမသိ။

အနေခက်သည့်ကြားမှ ကိုကြီးကို မော့ကြည့်တော့ မိဆယ်ကို ကြည့်မနေတော့။ ကားရှေ့ဘက်ကိုပဲ အာရုံစိုက်ဟန်ဖြင့် ကားကိုမောင်းနေသည်။ ကိုကြီးမျက်နှာမကောင်း။

စိတ်များညစ်လိုက်ပါရဲ့နော် ... ဟု မိဆယ် ညည်းလိုက်မိရပြန်ပါပြီ။

"ကိုကြီး"

မိဆယ် ခပ်တိုးတိုးခေါ်မှ တစ်ချက် ငဲ့ကြည့်သည်။ မျက်ဝန်းများက မှိုင်းညို့ညို့။

"ကိုကြီးရော ... မိဆယ်နဲ့ လက်ထပ်ရတာ၊ စိတ်ဆင်းရဲလားဟင်"

ဟု မေးတော့ တစ်ချက် ကိုကြီးကြည့်သည်။

"မိဆယ် သိပါတယ်၊ ကိုကြီး မိဆယ်ကို ဘယ်ထိ ချစ်တယ်ဆိုတာ၊ ဘာလို့ စိတ်ဆင်းရဲရမှာလဲ"

ဟု ဖြေသည်။ မိဆယ် တံတွေးတစ်ချက် မျိုချရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိဆယ်ကို အလိုလိုက်ပါသည့် ကိုကြီးကို စိတ်မရှုပ်စေချင်။

ပြီးတော့ ဘာကြောင့်ရယ်မသိ။ ကိုကြီးကို စိတ်မညစ်စေချင်။ ဒါ ... မိဆယ်၏ရင်တွင်းမှ ဖြစ်တည်ရပါသည့်အဖြစ်မှန်ပါပဲ။

"မိဆယ် စိတ်မဆင်းရဲပါဘူး ကိုကြီးရယ်"

ဟု အားယူ၍ပြောရသည်။ ရှက်စိတ်ဖြင့် တံတွေးမျိုချမိသည်ကိုက ဘယ်နကြိမ်လောက်ရှိပြီးမှ ထွက်လာသည့်အသံလဲမသိ။ အသံက တိုးတိုးလေး။

မိဆယ် မျက်နှာလေး တစ်ရှိန်ရှိန် ပူနေသည်။

ကားမောင်းနေရာမှ ကိုကြီး၏လက်တစ်ဖက်က ရုတ်ခနဲ မိဆယ်၏လက်လေးကို ထွေးဆုပ်၍ ဖျစ်ညှစ်သည်။ မော့ကြည့်တော့ အရှေ့မျက်နှာ... အရမ်းကို ကြည်နူးရွှန်းတောက်နေပါသည့် မျက်ဝန်းနှင့်ဆုံ၏။ ချစ်ရိပ်များ ပြည့်သိပ်နေလျက်မှ ...

"ကိုကြီးလေ ဘာဖြစ်နေတယ် မသိပါဘူး မိဆယ်ရာ၊ မိဆယ်ကို ချစ်တာပဲသိနေတယ်၊ တအားကြီးကိုချစ်တာ၊ သိပ်ချစ်တော့ တစ်ခါတစ်ခါ ဘာတွေမှန်းမသိဘူး မိဆယ်ရာ၊ ဟိုတွေး ဒီတွေးနဲ့ ဖြစ်လာရော"

ဟု ခပ်ညည်းညည်းလည်းပြောသည်။

"မြရိပ်ငြိမ်ကိုရောက်ရင် မိဆယ်ကို ကိုကြီး တစ်ခုပြမယ် အဟင်းဟင်း၊ တကယ်က မင်္ဂလာဦးရက်ကတည်းက မိဆယ်ကိုပြဖို့ ကိုကြီးစိတ်ထဲမှာ ရှက်တက်တက်ဖြစ်နေလို့ ကိုကြီး သိပ်ကဗျာဆန်နေတာပဲလို့ မိဆယ် နောက်မှာစိုးလို့"



ဟု ပြောနေပုံကို မိဆယ် ငေးကြည့်သည်။ ခုကျတော့လည်း အရာရာမှာ စိတ်လက်ပေါ့ပါးလျက် ပျော်ရိပ်များ ပြည့်သိပ်နေပါသည့်ဟန်။

ကလေးတစ်ယောက် ရှက်တက်တက်ဖြင့် တစ်ခုခုကို ဝန်ခံဖို့ အားယူနေသည့်ဟန်။

မြရိပ်ငြိမ်သို့ရောက်တော့ ကိုကြီး မိဆယ်၏လက်ကလေးကို ထွေးယူ၍ တောက်လျှောက် အိမ်ပေါ်ထပ်အခန်းသို့ တက်ခဲ့ပါ၏။

ခြေလှမ်းတွေက အရမ်းကို ပေါ့ပေါ့ပါးပါးနိုင်သည်။ ဘာဆိုဘာမျှ စိတ်ရှုပ်ထားတာမျိုး မဖြစ်ခဲ့ရသည့်ပုံစံ။

မိဆယ်ပင် ရော၍ အပျော်တွေ ကူးစက်သွားရသည်ပါပဲ။

"ဘာလဲ ကိုကြီးရ၊ ဘာပြမှာလဲ"

ဟု တစ်ချက်ရယ်၍ မေးတော့ ကိုကြီး ရယ်၍ကြည့်သည်။ လက်ညိုးတစ်ချောင်းထောင်ပြပြီး ...

"တွေ့ရမယ်၊ အခု တွေ့ရမှာ"

ဟု ပြောပြီး အခန်းတွင်းသို့ဝင်။ ဆိုဖာထက်မှာ မိဆယ်ကို ထိုင်ခိုင်းပြီး ဗီရိုကို သွားဖွင့်၏။ အံဆွဲတွင်းမှ စာအုပ်တစ်အုပ်ကိုယူသည်။ တစ်ချက် မိဆယ်ကို လှမ်းကြည့်ပြီး ရှက်သလိုရယ်ပြတော့ ကလေးဆန်လွန်းလှသည့် ကိုကြီးဟု မိဆယ် မြင်မိရပါ၏။

စာအုပ်တွင်းမှ စာအိတ်လေးတစ်အိတ်ကို ကိုကြီး ထုတ်ယူလိုက်ကာ မိဆယ်ထံသို့ လျှောက်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း ... မရယ်ရဘူးနော် မိဆယ်"

ကြိုတင် ရယ်လျက် ကိုကြီးမှ အလျင်ပြောလာတော့ မိဆယ် ပြုံးမိချင်သည်။

"ရော့ ... ဖတ်ကြည့်"

ရှက်ကိုးရှက်ကန်းပုံဖြင့် စာအိတ်ကိုပေးတော့ မိဆယ် ဘာမျှ မမေးတော့။ ဤမျှ ကိုကြီး ရှက်အမ်းအမ်းဖြစ်နေသည့်ဥစ္စာ၊ မေးလျှင် ပိုဆိုးချေမည်ပေါ့။

မိဆယ် စာအုပ်တွင်းမှ စာရွက်ခေါက်ကလေးကို ဖြန့်ဖတ်လိုက်ရပါပြီ။

ဖြူလှဲဖြူမွေး ပွင့်လှာဖွေးဥ
ပြုတ်ဘက်တုကင်း၊ လှအဆင်းမှာ
ပန်းရွှေကြာနယ်၊ နုပွင့်သွယ်ရစ်၊
လွှန်ပျိုမျစ်၏ ...

ကဗျာလေးပါလား။

မိဆယ် ကိုကြီးကို မော့ခနဲကြည့်မိတော့ မိဆယ်၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်၍ ကိုကြီး တစိမ့်စိမ့် ကြည့်သည်။ ကိုကြီး၏ မျက်ဝန်းတွေမှာ နူးညံ့ရိပ်များ အုပ်မိုးလျက် စိတ်လှုပ်ရှားစွာဖြင့် ...

"တကယ်ပါ မိဆယ်ရယ်၊ ကိုကြီးလေ ... မိဆယ်ကို စတွေ့ရတဲ့နေ့ကတည်းက၊ မိဆယ်လေးကိုပဲ မြင်မြင်နေမိတာ၊ အရမ်းကိုချစ်မိတာ၊ မိဆယ်ရဲ့ ရိုးစင်းတဲ့ဟန်လေးနဲ့ ရှိနေတဲ့ ဒီမျက်နှာလှလှလေးကို ဘယ်လိုမှ မေ့ပျောက်ပစ်လို့ မရနိုင်တာ"



ဟု ပြောပြီး ပါးပြင်လေးကို ခပ်ဖွဖွနမ်းသည်။

မျက်နှာလေးကို ဖေးညှပ်ထားတာကိုလည်း မလွှတ်သေး။ တစိမ့်စိမ့်ကြည့်နေမြဲ။

"မိဆယ်လေးရဲ့ အလှက တကယ့်ကို ရင်ငြိမ်းတဲ့အလှ၊ အေးမြတဲ့ကန်ရေမှာပွင့်တဲ့ ကြာပန်းလေးတစ်ပွင့်လိုပဲ ရင်ကို ငြိမ်းအေးစေတဲ့အလှ၊ ပြီးတော့ ... စံကားဝါပန်းလေးလို လည်း အသားလေးတွေက ရွှေရည်ဆမ်းနေတဲ့အလှ၊ ဒီချာတိတ်လေးကို ကိုကြီး အရမ်းချစ်သွားတာ၊ တကယ်ပါကွာ၊ ပြုစားသို့ ငင်ထားလိုက်သလိုပါပဲ"

ကိုကြီး၏အသံတွေထဲမှာ သိမ်မွေ့ခြင်းတွေလည်း ပါနေသည်။ လှုပ်ရှားတမ်းမက်ခြင်းတွေလည်း ပါနေသည်။ ကိုကြီး၏ မျက်ဝန်းတွေက ငြိမ်းအေးသောအကြည့်။

မြတ်နိုးမှုကဲနေသောအကြည့်။ နောက် ... တမ်းမက်လွမ်းစွာဖြင့် စိတ်တွေ လှုပ်ခတ်နေသည့်အကြည့်။ ထိုဝေဒနာ အကြည့်များ ရောထွေးလျက် ရှိနေကြချေသည်ပါပဲ။ ကိုကြီး၏ မျက်ဝန်းများကို မော့မကြည့်ရဲတော့သလိုဖြစ်လျက် မိဆယ် တသိမ့်သိမ့်ခုန်နေသောရင်ဖြင့် ခေါင်းလေးငုံ့ချမိပါ၏။ ဒါပေမဲ့ မငုံ့ကိုကြီးက မျက်နှာလေးကိုဖေးညှပ် ပင့်မော့ထားရင်းမှ တရှိုက်ရှိုက် ငုံ့မှီးနမ်းရှိုက်ပါ၏။

"ကိုကြီးလေ မိဆယ်ကို သိပ်ချစ်တဲ့ အချစ်တွေကို သစ္စာအဖြစ် တိုင်တည်ပြီး ဆုတောင်းခဲ့မိတယ်၊ ကိုကြီးကို မိဆယ် တုံ့ပြန်ချစ်ပါစေသားလို့လေ၊ ချစ်ပါစေသားလို့လေ အဲသလိုကို သစ္စာထားတိုင်တည်မိတဲ့အထိ မိဆယ်လေးကို ကိုကြီး အရူးအမူးချစ်ရ၊ မြတ်နိုးရတာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မိဆယ်၏ကိုယ်လေးကို သူ သိမ်းကျုံးပွေ့ငင်ထားမိလိုက်ရပါပြီ။

"မိဆယ်နဲ့ စတွေ့တဲ့နေ့ အဲဒီညမှာ ကိုကြီး ဒီကဗျာကို စပ်ဖြစ်တယ်၊ မိဆယ် ဖတ်ကြည့်နော်"

ဟု ပြောပြီး မိဆယ်၏ကိုယ်လေးကို ညင်ညင်သာသာလေး ဘေးဘက်မှ ထိုင်နေစေလျက် လက်တစ်ဖက်က သိုင်းငင်ပွေ့ထားရင်းမှ ပြုံး၍ကြည့်တော့ မိဆယ် ကဗျာလေးကို ငုံ၍ဖတ်ရပါ၏။

မိဆယ်၏ ရင်တွေ ကြည်နူးလွန်းစွာဖြင့် တသိမ့်သိမ့်ခုန်နေပါလားဟု မိမိဘာသာ သိနေရပါသည့်အဖြစ်။

ဝါလဲ့ဝါသွေး၊ စံကားမွှေးနှယ်
ထွန်းလင်းကြွယ်နှု၊ ရွှေစင်ဦးသို့
မြမြိုတ်စိုနှင့်၊ ပျို့မျှစ်တင့်တယ်
အလှကြွယ်၏။

တစ်ယောက်တည်းသာ၊ ချစ်မိပါသည့်
ငါ၏အချစ်၊ သစ္စာဖြစ်သော်ဝ်
ဆင်းလှတော်ဝင်၊ လှသခင်သည်
ရင်မှာတည်သည့်၊ သူ၏အချစ်
တုံ့ပြန်လှစ်ကာ၊ ချစ်မိပါစေ၊
ချစ်မိစေသား၊ သစ္စာထားမည်၊
သြော် ...
ချစ်မိစေသား သစ္စာထားမည်။



ရေးတတ်လိုက်တာ ကိုကြီးရယ်ဟု မိဆယ် တွေးဖြစ်လျက် ကိုကြီးအချစ်ကို ပို၍ နားလည်လာမိရသည်ပါပဲ။

"ကိုကြီးက သိပ်တော်တာပဲနော်"

ဟု ပြောတော့ ကိုကြီး ရယ်သည်။ မိဆယ်၏ပခုံးလေးကို ဆွဲပွေ့ယူရင်းမှ ...

"ချီးမွမ်းခံချင်လို့မဟုတ်ဘူးဗျ၊ အဖြေတောင်းနေတာ အဖြေတောင်းနေတာ မိဆယ်လေးရ၊ အကင်းမပါးလိုက်တာဗျာ"

ဟု ပြောတော့ မိဆယ် ရှက်အမ်းအမ်းလေးဖြင့် ...

"ဘာဖြေရမှာလဲ ကိုကြီးရဲ့"

"ကိုကြီးကို ချစ်တယ်ဆိုတာကိုပေါ့၊ ကိုကြီးရဲ့အချစ်ကို သစ္စာတည်ပြီး ကိုကြီးရဲ့အချစ်ကို မိဆယ် တုံ့ပြန်ချစ်ပါစေလို့ ဆုတောင်းတဲ့အဖြစ်ကိုသိအောင် ဒီလောက်ပေါ်တင်ကြီးဖွင့်ပြောနေတာတောင် မဖြေသေးဘူးလား မိဆယ်ရယ် ... ဟင်"

ဟု စိတ်လှုပ်ရှားစွာ မျက်နှာလေးကို ဆွဲမော့မေးလာတော့ မိဆယ် မျက်ဝန်းလေးတွေကို မှေးပိတ်ချမိလိုက်ရပါပြီ။

"ကိုကြီးရဲ့ဆုတောင်း ပြည့်ပါတယ် ကိုကြီးရယ်"

ဟု မိဆယ် ခပ်တိုးတိုးဖြေတော့ ကိုကြီး၏လက်တွေ ဆယ်၏ ကိုယ်လေးကို ရုတ်ခနဲ တင်းနေအောင် ဆွဲပွေ့လိုက်င်းမှ ...

"အို ... မိဆယ်လေးရယ်"

ဟု ကြည်နူးဝမ်းသာဖြင့် ပြောသံသည် တုန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင်တော့ သူ မိဆယ်ကို တစာမ်းမက်မက်၊ တမြတ်နိုးနိုးဖြင့် နမ်းလိုက်မိရပါပြီ။

ပွေ့ပိုက်ထားသော လက်တွေက မြဲမြဲလွန်းနေသည်။

အနမ်းသည် ပထမတော့ သိမ်မွေ့ညင်သာ၏။ နောက်တော့ တဖြည်းဖြည်း ပြင်းပြတမ်းမက်ခြင်းဖြင့် ရှည်ကြာချေသည်တည့်။



## အခန်း(၃၀)

"ဘွား နေကောင်းပါတယ် မြေးရယ်၊ ဘွားအတွက် စိတ်မပူပါနဲ့၊ မြေးလေးကို စိတ်ချလက်ချဖြစ်ရတော့ သောကအေးရတယ်မဟုတ်လား၊ ဘွား ပိုပြီး ကျန်းမာအသက်ရှည်လာမှာပါ"

ဟု ဘွားပြောတော့ မိဆယ် ဘွား၏မျက်နှာကို ငေးကြည့်ဖြစ်၏။

ကျောင်းပိတ်ရက်မို့ မိဆယ် ပန်းရဂုံမှာ နေ့တစ်ဝက်နေချင်တာ ကိုကြီးကိုပြောတော့ ကိုကြီးကိုယ်တိုင်ပဲ လိုက်ပို့ပေးပါ၏။

ဘွားနှင့် စကားစမြည်ပြောပြီး ဘွားကို ခြေဆုပ်လက်နယ် ကိုကြီး ပြုစုခဲ့သည်ပဲ။

ဘွား စိတ်ချမ်းသာအောင်နေတတ်၊ ပြောတတ်သော ကိုကြီး ...။

ဘွားကို ခြေဆုပ်လက်နယ်ပြုသည်ဆိုရာ၌ တကယ့်မေတ္တာဖြင့် တရိုတသေပြုခြင်းဆိုတာ မိဆယ် နားလည်လျက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကို လေးစားသည်နှင့်အမျှ အကြည်ညိုပိုရပြန်သည်ပါပဲ။ ဘွား စိတ်ချမ်းသာနေတာကို မြင်ရလေ၊ မိဆယ် ရင်ထဲမှာ ငြိမ်းအေးကြည်မွေ့ရလေပါ။

သစ္စာရတနာဆိုင်သို့ ကိုကြီး မာစီးဒီးကားဖြင့် ထွက်သွားပါ၏။

"နေ့လယ်စာစားဖို့ ကိုကြီး ဒီကိုလာခဲ့မှာနော်၊ တစ်ယောက်တည်းမစားချင်ဘူး မိဆယ်ရာ၊ အခုမှ ခက်တော့တာ၊ တစ်ယောက်တည်းကို ဘယ်လိုမှ မနေတတ်တော့သလိုကြီး။ ကောင်မလေးနော် ... ကောင်မလေး တော်တော်ကြီး ပြုစားထား"

ဟု ကားပေါ်တက်ခါနီး ကိုကြီး ပြောနေတော့ မိဆယ် ပြုံးမိရလျက် ...

"မိဆယ် စောင့်နေပါ့မယ် ကိုကြီး"

ဟု ဖြေရသည်။ ကိုကြီးလုပ်ပုံကြောင့် မိဆယ် ပန်းရဂုံမှာ နေ့လယ်စာ စား၍ဖြစ်တော့မှာမဟုတ်။ ဒေါ်ကြီးခမှာ မိဆယ်အကြိုက် ငါးပိရည်ကျိုကို ပုစွန်ခြောက်နိုင်နိုင်ထောင်း၍ မွှေးမြနေအောင် ကျိုထားရတာ အလကားဖြစ်ရတော့မည်။ သခွားသီးစိတ်လေးတွေနှင့် တို့မြုပ်ရင်း ငါးပိရည်ကျိုကို စားရတာ အရမ်းကို မိဆယ် ထမင်းမြိန်တတ်တာ ငယ်ကတည်းပါပဲလေ။

အကုန်အကျသက်သာသည့် ဟင်းအမည်ကို ငယ်စဉ်တုန်းကတည်းက ပိုကြိုက်တတ်သလို ဖြစ်ခဲ့ရတာကိုက တစ်မျိုးတော့ ကောင်းခဲ့သည်ပါပဲ။ ဒါမှ ကြီးကြီး၏ မျက်စောင်းဒဏ်မှ လွတ်ရချေမည်ပေါ့။



ကိုကြီး၏ကား ထွက်သွားမှ မိဆယ် ဘွားထံ ပြန်တက်ခဲ့သည်။

ဘွား ဘုရားဆောင်သို့ဝင်ကာ ပုတီးစိပ်သည့်အချိန်ကျမှပဲ မိဆယ် ဘွားကို နှိပ်နယ်ပေးတာကိုရပ်လိုက်ရကာ အောက်ထပ်သို့ ပြန်ဆင်းရပါ၏။

"စိုးစိုး နေမကောင်းဖြစ်နေတယ် မြေး၊ မြေးရဲ့သူငယ်ချင်းကို လှမ်းမေးသွားမေးချေဦး"

ဟု ဘွား ဘုရားဆောင်ဝင်ခါနီးမှ ပြောပြတာမို့ မိဆယ် စိုးစိုးဆီသွားဖို့ စိတ်စောမိရသည်ပါပဲ။

"ဒါကြောင့် နှစ်ရက်သုံးရက်တောင် စိုးစိုးကို အတန်းတက်တာ မတွေ့ခဲ့ရတာကိုး"

ဟု စိတ်ထဲမှ တွေးမိရပါ၏။ မိဆယ်ကြောင့် စိတ်ညစ်၍များ အတန်းမတက်နေခြင်းလားဟု တွေးဖြစ်လျက် စိုးစိုး၏ အိမ်မှာသို့လည်း မိဆယ် ဖုန်းမဆက်ရဲ။

ပန်းရဂုံသို့ သီးသန့်ကြီး မေးပြန်လျှင်လည်းမကောင်း။

စိုးစိုး အတန်းမတက်တာကို ဘာကြောင့်လဲဟု ဘွားမှ စဉ်းစားမိလိုက်လျှင် မကောင်း။

ဒါကြောင့်လည်း မိဆယ် ဖုန်းမဆက်ရဲခဲ့။ ရင်ထဲမှာတော့ စိုးစိုး စိတ်လေပြီး အတန်းတွေပျက်။ စာတွေလွတ်ကုန်မှာ စိုးခဲ့ရသည်မှာ အမှန်ပါ။

ဒါကလည်း ငယ်ပေါင်းဖော် သူငယ်ချင်းမို့ မိဆယ် မှုခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံသို့ရောက်လျှင် စိုးစိုးထံသို့ သွားဖို့ကိုတော့ မိဆယ် ဆုံးဖြတ်ထားသည်ပါပဲ။

ခုလို နေမကောင်းတာသိရတော့ ရင်ထဲမှာ မကောင်း ပြန်။

စိုးစိုး ညတွေများ အိပ်ပျက်နေရျှာမည်လား။

စိုးစိုးနှင့်ပတ်သက်လာလျှင် စိုးရိမ်ပူပန်ခြင်းဆိုတာ ရှိတာမှန်ပေမယ့် ရိုးစင်းဖြူစင်သော ငယ်ပေါင်းဖော်သူငယ်ချင်း ဆိုသည့် သံယောဇဉ်အဖြူထည်သက်သက်ဖြင့် ဆိုတာကို မိဆယ် ၏ ကိုယ်စောင့်နတ်တွေ သိကြပါသည်လေ။

"ဟော ... မိဆယ်လေး၊ လာ ... အစ်မကြီး ဘုရားဆောင် ဝင်နေပြီထင်ရဲ့၊ အစ်မကြီးလည်း မိဆယ်ရဲ့နောင်ရေး စိတ်အေးရလို့ထင်ပါရဲ့၊ ပိုပြီး ဘုရားတရားအလုပ် လုပ်နိုင်လာတယ်၊ အသားအရေတွေတောင် ကောင်းလာ တယ် မိဆယ်ရဲ့၊ ဒီမှာ လာမြည်းကြည့်စမ်း၊ ချိုမွှေးနေတာ"

ဒေါ်ကြီး သေချာရှာဝယ်လာသည့် မြေအိုးလေး ထဲမှ ငါးပိရည်ကျိုနံ့ကတော့ဖြင့် မွှေးမြနေသည်ပါပဲ။

ငါးပိရည်ကျိုဆိုတာ မြေအိုးလေးနှင့်မှ ပိုချိုသည် ဆိုကာ ဒေါ်ကြီး သေချာဝယ်ထားသည့် မြေအိုးလေးထဲမှာ အငွေ့ထောင်းထောင်းထနေသည့် ငါးပိရည်ကျိုက ပုစွန်ခြောက် သင်းလျက် ရှိနေပါ၏။

"ပြန်ရင် မိဆယ် ကြွေရည်သုတ်အုတ်ငယ်လေးနဲ့ ထည့် သွားမယ် ဒေါ်ကြီးရာ"



ဟု ဟိုတုန်းကလိုပဲ ကလေးဆန်စွာ မိဆယ်ပြော တော့ ဒေါ်ကြီး ကျေနပ်စွာလည်းကြည့်။ လွမ်းတသလိုလည်း ဖြစ်လျက်ရှိရသည်ပါပဲ။ မိဆယ်လေးမရှိတော့ အဘယ်မျှ မျက်စိရှာရတာကို မိဆယ်လေးကို ပြန်မပြောပြချင်တော့ပါ။ ကလေးစိတ်ညစ်မည်လေ။

"ယူပါတော် ... ယူပါ၊ ဒီမှာလည်းစားပါ၊ အိမ်ကိုလည်း သယ်ပါတော်"

ဟု ပြောတော့ မိဆယ် ရယ်၍ ဒေါ်ကြီးကိုဖက် သည်။

"ဒေါ်ကြီးရဲ့ ငါ ပိရည်ကျိုကိုလွမ်းတယ်၊ အဟုတ်"

"ဩော် ... ကောင်းပါရှင့်၊ ဒေါ်ကြီးကိုဖြင့် မလွမ်းဘဲ အစား အသောက်ကိုလွမ်းတယ် ဟုတ်လား၊ အမယ်လေး ... ကျုပ် သံယောဇဉ်ကြီးရကျိုးနပ်ချက်"

ဟု ဒေါ်ကြီးပြောတော့ မိဆယ် ပြုံး၍ ဒေါ်ကြီးကို ဖက်ချော့ရပါ၏။

တကယ်လည်း ဒေါ်ကြီး ကျွမ်းတိုသွားပုံရ၏။ ဒေါ်ကြီးကိုလွမ်းလိုက်တာ ... ဟု ချွဲသံလေး မျှော်လင့်ထားတာ မဟုတ်ပါလား။

"ဒေါ်ကြီးကို မလွမ်းရင် မိဆယ် ဘယ်လူဖြစ်တော့မလဲ၊ မိဆယ်က ဒေါ်ကြီးရဲ့မိဆယ်ပဲဥစ္စာ"

ဟု ချော့တော့ မျက်စောင်းခဲ၍ကြည့်သည်။ ဒါပေမဲ့ ကျေနပ်ရိပ်ကို မျက်ဝန်းများမှာ မြင်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆာပြီလား ... စားလေ၊ ငါးမြင်းဟင်းရည်ချက်ထားသေးတယ်၊ ရေတ်သီးစပ်စပ်နဲ့၊ တခြားဟင်းတွေတော့ မကျက်သေးဘူး၊ ဒီငါးပိရည်ကျိုနဲ့ သခွားသီးစိပ်ရယ်၊ ငါးမြင်းဟင်းရည် အစပ်ချက်ရယ် ... လိုက်ပါတယ်"

ကျွေးလိုဇောဖြင့် ဒေါ်ကြီးခမျာ ပြောရှာပေမယ့်၊ မိဆယ် ခေါင်းလေးခါပြလိုက်ရသည်ပါပဲ။

"ကိုကြီးက ထမင်းစားလာခေါ်မှာတဲ့၊ ဟင်းတွေ ချိုင့်လေးနဲ့ ထည့်သွားမယ်လေ"

ဟု ပြောတော့ ဒေါ်ကြီး မျက်စိစွေ၍ တစ်ချက်ကြည့်သည်။

"ကောင်းပါလေ့တော် ... ကောင်းပါလေ့"

ဟု ငေါ့ထေ့ထေ့ဖြင့် ပြောပေမယ့် မိဆယ် အလိုကျချိုင့်နှင့် ထည့်ပေးလိုက်မှာတော့ သေချာသည်ပါပဲ။

"ဟဲ့ ... ဒါ ဘယ်လဲ"

"စိုးစိုးဆီကိုလေဒေါ်ကြီးရဲ့၊ စိုးစိုး ဖျားနေတယ်ဆို၊ ဘွားပြောတယ်"

ဟု ပြောတော့ ဒေါ်ကြီး သတိရသလိုဖြင့် ...

"ဟုတ်ပါရဲ့ ... အဲဒါ ပြောဖို့ဥစ္စာ ညည်းအတွက် ငါးပိရည်ကျိုဖောကပ်နေရတာနဲ့ မေ့သွားရတော့တာပဲ၊ စိုးစိုး ဖျားနေတယ် မိဆယ်၊ အခု မရှိဘူး၊ သူ့ဒက်ဒီနဲ့ ဆွေလေးတို့ သူ့ကို ဆေးခန်းခေါ်သွားတယ်၊ ဆေးခန်းဆိုတာထက် သူတို့ရဲ့ သမားတော်ကြီးအိမ်ကို ခေါ်သွားတယ်ဆိုလား၊ ကောင်လေးဖျားတာ အဖျားကြီးတယ်တဲ့"



ဟု ပြောပြီး တစ်ချက် ဒေါ်ကြီး ငိုင်၏။

"အင်း ... ဒီကလေးလည်း မိဆယ်လေး အိမ်ထောင်ရက်သားကျသွားတာနဲ့ အဖော်မဲ့ရရှာတာပါပဲ၊ သူလည်း မျက်စိရှာမှာပဲ၊ သတိရရှာမှာပါပဲ အေရယ်၊ အင်း ... သံယောဇဉ်၊ သံယောဇဉ် ... တကယ့်ကို ပင်ပန်းဆင်းရဲစေတတ်ပါလား၊ ခွဲခွာရပြီ၊ ကျန်ရစ်ခဲ့ရပြီဆိုရင်ဖြင့် သံယောဇဉ်ဆိုတဲ့အရာက ပင်ပန်းစေတတ်ပြန်တာပါပဲ"

ဟု ခပ်ညည်းညည်း ပြောသည်။

"သံယောဇဉ်ဆိုတာမျိုးက၊ အတူတကွရှိနေချိန်ကျတော့ ရင်ကို ငြိမ်းစေတယ် မိဆယ်၊ အဲ ... ခွဲရပြီဟော့ဆိုရင်တော့ ကျန်တဲ့သူ ခံပေရော့ပဲ"

ဟု ဒေါ်ကြီး ထပ်ပြောတော့ မိဆယ် ခပ်ငေးငေးပင် အပြင်ဘက်ကို ငေးကြည့်နားထောင်ဖြစ်၏။

စိုးစိုး အဘယ်မျှထိ ခံစားရမည်ဆိုတာ မိဆယ် နားလည်ပါသည်။

ဒေါ်ကြီးထက်ပို၍ မိဆယ် နားလည်ထားပါသည်လေ။ မိဆယ်ကို ချစ်မြတ်နိုးရလေသမျှ ဖွင့်ဟပြောသည့်နေ့မှာပင် မိဆယ် ဇော့စပ်ခဲ့ရတာ။ စိုးစိုး အရှမ်းကို စိတ်ထိခိုက်သွားခဲ့ရတာကို ဖြူဖျော့ကျသွားသော မျက်နှာဖြင့်ပင် မိဆယ် နားလည်ရလျက် ရင်ထဲမှာ မကောင်းနိုင်။

"ဘာလို့ မိဆယ်ကိုမှ ချစ်ရတာလဲ စိုးစိုးရယ်"

ဟု တွေးမိရင်းမှ ရင်ထဲမှာ ထိခိုက်ခဲ့ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုး မရှိသေးဆိုတာကြောင့် မိဆယ် ပဒုမ္မာသို့မသွားဖြစ်သေးဘဲ မီးဖိုဆောင်မှာပဲ ဒေါ်ကြီးတို့ကို ကူလုပ်ပေးနေမိပါ၏။

ပြတင်းပေါက်မှ လှမ်းကြည့်လျှင် ပဒုမ္မာသို့ ကားဝင်လာတာကို မြင်တာမို့လည်း လှမ်းလှမ်းကြည့်ဖြစ်ပါ၏။

ဆယ့်တစ်နာရီလောက်မှ စိုးစိုးတို့ ကားလေးဝင်လာတာမို့ မိဆယ် ထရပ်သည်။

"မိဆယ် သွားကြည့်လိုက်ဦးမယ် ဒေါ်ကြီး၊ စိုးစိုး ဓာတ်တော်ဆိုးတယ် ထင်ပါရဲ့"

ဟု စိတ်ပူသည့်အတိုင်း ပြောဖြစ်ကာ မိဆယ် ပဒုမ္မာသို့ ခြံကူးတံခါးလေးမှ ဝင်ခဲ့ပါ၏။

လေးလေးခိုင်ကို စိုးစိုးအခန်းမှ ထွက်လာတာ အလျင်တွေ့ရတာမို့ ...

"စိုးစိုး ဖျားလို့ဆို၊ သိပ်ဆိုးနေလား လေးလေးခိုင်"

ဟု မေးမိတော့ လေးလေးခိုင် သက်ပြင်းရှိုက်သည်။

"အဖျားတစ်ရေသုံးရှိတယ်၊ အစားအသောက်ကလည်း ပျက်တယ်၊ စွပ်ပြုတ်လည်း ဟုတ်တိပတ်တိ မသောက်ဘူး၊ ခက်တယ်ကွာ ဒီကောင်နဲ့၊ လေးလေးခိုင် ရင်မောတယ်၊ အင်း ... အထဲမှာရှိတယ်၊ ဝင်သွားလိုက်ချေဦး၊ မမဆွေလည်းရှိတယ်"

ဟု ပြောတော့ မိဆယ် စိုးစိုး၏အခန်းသို့ ဝင်ခဲ့ပါ၏။

အိပ်ရာထက်မှာ စိုးစိုးလှဲနေသည်။ မျက်ဝန်းများကို ပိတ်ထား၏။ အသားအရေ ဖြူဖျော့နေလျက် ပါးနားချောင်ကျသွားပါသည့် စိုးစိုး။



ခုတင်ဘေးဗီရိုမှာ စွန့်ဝါဝါလေးကို သေချာတင်ထားတာမြင်တော့ မိဆယ် ရင်ထဲမှာမကောင်း။

အန်တီဆွေမှာ ခြေသံကြောင့် လှည့်ကြည့်လျက် မိဆယ်ကို မြင်တော့ မျက်ရည်များ ဝဲလာကာ ခပ်ငေးငေး တစ်ချက်ကြည့်သည်။

"စိုးစိုးရယ်"

မိဆယ် ခပ်တိုးတိုးခေါ်မိလျက် ခုတင်ဘေး ကုလားထိုင်မှာ သွားထိုင်သည်။ စိုးစိုး၏လက်ကို စမ်းကြည့်သည်။ ကိုယ်ပူရှိန်ရှိနေသည်ပဲ။

"တိုက်ဖွိုက်လို့ပြောတယ် မိဆယ်လေး၊ ခက်တာက စွပ်ပြုတ်ရည်လေးတောင် ဟုတ်တိပတ်တိမသောက်ဘူးကွယ်၊ ခက်တာပါပဲ"

ဟု ညည်းသည်။ မိဆယ်လေးကိုလည်း ဒေါ်ဆွေဆွေ နမြောစိတ်ဖြင့် ကြည့်မိသည်ဝါပဲ။

ကိုယ့်သမီးလေးအဖြစ် စိတ်ကူးယဉ် မျှော်လင့်ထားမိသမျှတွေ လွင့်ပါးပျောက်ကွယ်သွားခဲ့ရသည့်အတွက်လည်း ယူကျုံးမရ။

"ဘုရားကို ငါ ... စောစော ချွေးမအတောင်း စောမိခဲ့ရင် ငါ့သမီးလေးဖြစ်ရမှာ၊ ငါ့သားလေးလည်း ခုလို ကျိတ်ပြီး၊ ကြေကွဲခံစားနေရရှာမှာ မဟုတ်ဘူး၊ မိဆယ်လေးမှာတော့ အပြစ်မရှိရှာပါဘူး၊ ကိုယ့်ဘက်ကမှ စကားမကမ်းဖြစ်ခဲ့တဲ့ အပြစ်ပဲရှိခဲ့တာ၊ ဒီကလေးနှစ်ယောက်ကို၊ ငါ့သား ငါ့သမီးတွေအဖြစ်၊ မြင်ရမှာလို့ စိတ်ထဲ အမျှော်လင့်ကြီး မျှော်လင့်ခဲ့မိတာ၊ အားလုံး ဆုံးရှုံးရပါပေါ့လားလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မချိတင်ကဲတွေးရင်း မျက်ရည်သာ ဝဲရသည်ပါပဲ။

သား၏ဝေဒနာကို အမေမို့ ခေါ်ဆွေဆွေ သိသည်။

သားဖြစ်သူ ဖွင့်ပြောဖို့မလို။

မိခင်တို့၏ သဘာဝမှပေးသော အသိဖြင့်ပင် သား၏ ဝေဒနာကို သိနေရသည်ကိုက ပို၍ ရင်ကို မချိစေသည့်အဖြစ်။

"အန်ကယ်ရောဟင်"

"အလုပ်မှာ ... အလုပ်သမားတွေနဲ့ ဒီနေ့ အစည်းအဝေး လုပ်ဖို့ရှိတယ်လေ၊ ပဒုမ္မာမိနီမားကက်ကို သွားလိုက်လေရဲ့၊ မီတင်ပြီးတာနဲ့ ပြန်လာမှာပါ"

ပုံမှန်ပြုနေကျ အစည်းအဝေးဆိုတာကလည်း အလုပ်သမားတွေဘက်မှ လိုအပ်သော တောင်းဆိုမှုနှင့် မီနီမားကက်၏ တိုးတက်မှုအတွက် ပြုလုပ်ရမည့်ကိစ္စတွေကအစ စည်းဝေးရတာမို့ ပဒုမ္မာ၏မန်နေဂျာ၊ ပိုင်ရှင်နှင့် ဝန်ထမ်းအားလုံး မပျက်မကွက် တက်ရသည့် အစည်းအဝေးပါ။

ဆုံးဖြတ်ပေးရမှာက ပိုင်ရှင်ဖြစ်သည့် ဦးထက်စိုး ကိုယ်တိုင်ဖြစ်တာမို့ ပျက်ကွက်၍မရ။

"မိဆယ်လေး ... တစ်ခုခုသောက်ပါလား"

ဟု ပြောပြီး အန်တီဆွေ ထရပ်လိုက်တော့ မိဆယ် ခေါင်းလေးခါရင်းမှ ...

"ဟင့်အင်း ... မိဆယ် မသောက်တော့ဘူး အန်တီဆွေ၊ မစားချင်ဘူး၊ စိုးစိုး ဒီလောက်ဖျားတာ မိဆယ် မသိဘူး၊ ကျောင်းပျက်လို့ မိဆယ် လာကြည့်တာ၊ ပန်းရဂုံရောက်မှ ဘွားနဲ့ ဒေါ်ကြီးတို့ ဒေါ်လေးတို့ ပြောပြမှ သိရတာ၊ စောစောသိရင် မိဆယ် စောပြီးလာကြည့်ပါတယ် အန်တီဆွေရယ်"



ဟု စိတ်ထဲမကောင်းနိုင်ဘဲပြောရင်း အရမ်းကို ပိန်ကျသွားသည့် စိုးစိုးကိုပဲ မျက်နှာငယ်လေးနှင့် ကြည့်နေမိပါ၏။

စိုးစိုး၏လက်ကို မိဆယ် ကိုင်လိုက်မိစဉ်ခိုက်မှာ ကိုယ်ပူရှိန်ကြီးနေတာကို သိနေ၏။ စိုးစိုး၏ မျက်ဝန်းတွေ ပွင့်လာတော့ မိဆယ် ကိုယ်လေးကိုင်း၍ ...

"စိုးစိုး သက်သာရဲ့လားဟင်"

ဟု မေးမိသည်။ စိုးစိုး ပြန်မဖြေ။ မိဆယ်၏မျက်နှာလေးကို တစ်ချက် ခပ်ငေးငေးကြည့်သည်။ နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ထင်၏။

"မိဆယ် ... နင် ဘယ်တုန်းက ရောက်တာလဲ"

ဟု တိုးသဲ့သဲ့မေးသည်။ စိုးစိုး၏ လက်တွေက လက်ကောက်ဝတ်ပေါ် တင်ထားသည့် မိဆယ်၏ လက်လေးကို အုပ်မိုးတွေးဆုပ်ထားရင်းမှ ...

"မိဆယ် ဟိုမှာနေရတာ အဆင်ပြေရဲ့လားဟင်"

ဟု စိတ်မချနိုင်သလို မေးလာတော့ သံယောဇဉ်ကြီးသည့် စိုးစိုးကို မချိစွာကြည့်ရင်း မိဆယ် ခေါင်းလေးပဲ ညိတ်ပြသည်။

"အဆင်ပြေပါတယ် စိုးစိုးရယ်၊ စိုးစိုးရဲ့ကျန်းမာရေးကို ဂရုစိုက်နော်၊ မိဆယ် ဒီကပြန်ရင် စိုးစိုးရဲ့ မှတ်စုတွေ ယူသွားမယ်၊ ကျောင်းပျက်တဲ့ဥစ္စာတွေ မိဆယ် ပြန်ကျက်ထားပေးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ခေါင်းခါသည်။ မိဆယ်၏လက်ရေးတွေမြင်ရလျှင် ပို၍ ခံစားရမှာကို စိုးစိုးတစ်ယောက်ပဲ သိချေသည်လေ။

ဒါပေမဲ့ မိဆယ်လေးကို တား၍ရမှာမဟုတ်တာကိုလည်း ကြိုသိနှင့်နေသည်။

မိဆယ် မှတ်စုတွေအားလုံး ကူးထည့်ပေးချေတော့မည်ဆိုတာ သိထားနှင့်လိုက်ရပါပြီ။

"တစ်ခုခု သောက်ပါလား စိုးစိုးရယ်၊ ဖျော်ရည်ပဲဖြစ်ဖြစ်၊ စွပ်ပြုတ်ရည်ပဲဖြစ်ဖြစ် သောက်ပါလားဟင်၊ မိဆယ် တိုက်မယ်လေ၊ အားရှိမှဖြစ်မှာ စိုးစိုးရဲ့"

ဟု ပြောတော့ တစ်ချက် ငေးကြည့်သည်။ ရင်ထဲမှာ ဘယ်လိုမှ ဖြေ၍မရ။ မြတ်နိုးရပါသည့် ကြွေရုပ်လေးကို သူများလက်ထဲ ထည့်ပေးလိုက်ရသည့်နေ့ကတည်းက ကြေကြေပြုန်းနေသည့်ရင်မှာ ဆောက်တည်ရာမဲ့ဖြစ်နေရသည်ပါပဲ မိဆယ်ရယ် ... ဟု စိုးစိုး ပင့်သက်ဖြင့် တွေးမိရပါ၏။

"ဟုတ်သားပဲ စိုးစိုးရယ်၊ စွပ်ပြုတ်သောက်လိုက်နော် သား၊ မာမီ သွားယူလာခဲ့မယ်၊ ပြီးရင် ဆေးသောက်လိုက်နော်၊ မိဆယ်လေးရှိတုန်း စကားလေး တပြောပြောနဲ့ သောက်လိုက်ရင် ဝင်မှန်းမသိ ဝင်သွားမှာ၊ သူငယ်ချင်းနှစ်ယောက် ပြန်ဆုံတုန်း စကားစမြည်ပြောရင်းပေါ့ သားရယ်"

ဟု ပြောလည်းပြော၊ သားကို အစားဝင်စေချင်သည့်စောဖြင့် ဒေါ်ဆွေဆွေ အခန်းတွင်းမှ စွပ်ပြုတ်ပန်းကန်လေး ပူပူနွေးနွေး ပြန်နွေးပြီး ယူလာဖို့ ထွက်သွားရှာပါ၏။



"အစားအသောက်တော့ စားမှပေါ့ စိုးစိုးရယ်၊ ဖျားနေပါတယ်ဆိုမှ ပါးစပ်တော့ပျက်မှာပေါ့၊ ဒါပေမဲ့ အဲသလိုပါးစပ်က အစားအသောက်ပျက်တာကို အလိုမလိုက်ရဘူးစိုးစိုးရဲ့၊ ဝင်အောင်စားရတယ်၊ ကြိတ်မှိတ်စားရတယ်၊ ဒါမှ အာဟာရလေးမပြတ်ဘဲ ဖြစ်နေမှာပေါ့"

ဟု ပြောတော့ စိုးစိုး ခပ်ငေးငေးကြည့်မြဲကြည့်သည်။

"အရင်အတိုင်းပါပဲလား မိဆယ်ရယ်၊ နင် ငါ့ကို ဆရာလာလုပ်လိုက် ပြောလိုက် အဲဒါကို ငါ နာခံလိုက်ရနဲ့ ဘာမှ မပြောင်းလဲပါလား"

ဟု ရင်ထဲနင့်နေအောင် ခံစားရင်း တွေးဖြစ်ရပါ၏။

ကိုယ်ကို တစ်ချက်မတ်ဖို့ ကြိုးစားတော့ မိဆယ်ကမန်းကတန်းလေးမေးသည်။

"ဘာလိုချင်လို့လဲဟင်"

"ရင်ထဲမှာ ပူတယ် မိဆယ်ရယ်၊ ရေသောက်ချင်တယ်၊ ဟိုဖန်ချိုင့်မှာ ရေရှိတယ်၊ ယူပေးပါလား"

ဟု ပြောတော့ မိဆယ် ခေါင်းလေးညိတ်ပြရင်း ...

"ဒါဖြင့် မိဆယ် စိုးစိုးကို ဒီမှာ အရင်ထူပေးခဲ့မယ်၊ ပြီးမှ ဖန်ခွက်ထဲ ရေလောင်းထည့်လာမယ်နော်၊ ရေယူလာပြီးမှဆိုရင် ထူရပြုရတာခက်တယ်"

ဟု ပြောပြီး စိုးစိုး လက်ထောက်၍ အားယူထနေဟန်ကို ခေါင်းအုံးတွေ ခုတင်ထက်မှာ မှီထောင်ပေးပြီး ဆွဲထူပေးမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးလည်း အားပြု၍ ကြိုးစားထရှာသည်ပါပဲ။ စိုးစိုး၏မျက်ဝန်းတွေက တစ်နေရာသို့ ခပ်ငေးငေးကြီးကြည့်နေတာမို့ မိဆယ် နောက်ဘက်ကို ခေါင်းလေးလှည့်ကြည့်လိုက်တော့ တံခါးဝမှာ မတ်မတ်ကြီး ရပ်၍ ခပ်ငိုင်ငိုင်ကြည့်နေသည့် ကိုကြီး။

သူ၏မျက်ဝန်းတွေက မိဆယ်နှင့် စိုးစိုးတို့ဆီမှာပဲ တောက်လျှောက်ကြီးရှိနေသည်။

မျက်နှာက နည်းနည်းတည်နေ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

"ဟော ... ကိုကြီး ဒီမှာ စိုးစိုး ဖျားနေတာ၊ လာလေထိုင်ပါ ကိုကြီးရဲ့"

ဟု မိဆယ် စိုးစိုးကို ပွေ့ထူနေသည့် မြင်ကွင်းကို ဗလောင်ဆူနေသော ရင်ဖြင့် ကြည့်နေရသည်ကိုက ရင်ကိုပင်ပန်းနှောင့်ယှက်လွန်းနေချေပြီတည့်။

"သိပ် ရင်းနှီးလွန်းနေပါလား မိဆယ်ရယ်၊ မင်းတို့ အရင်တုန်းကလည်း ဒီလောက်ကြီးထိ ရင်းနှီးလွန်းခဲ့ကြသလား။ ကြည့်စမ်း ခုလို ပွေ့ထူနေရတဲ့အဖြစ်ဟာ ဘယ်လိုမှမထူးဆန်းတဲ့ အဖြစ်တစ်ခုလိုပဲ မိဆယ်ရဲ့ပုံလေးက ဖြစ်နေတယ်"

ဟု တွေးနေမိရင်းမှ ရင်ထဲမှာ ပို၍ လောင်မြိုက်လာသည်။

စိုးစိုး၏ကိုယ်ကို နေသားတကျပင် ခေါင်းအုံးမှာ မှီစေ၍ မိဆယ် ထိုင်စေသည်။

သူ ဟန်မပျက်အောင် မနည်းထိန်းပြီး အခန်းတွင်းသို့ ဝင်လာရပါ၏။ အခန်းတွင်းမှာ ဘယ်သူမှလဲ ရှိမနေ။



မိဆယ်သည် ဤသို့ပင် စိုးစိုး၏အခန်းကို ယခင်တုန်းကလည်း တစ်ယောက်တည်း ရဲတင်းစွာ ဝင်ထွက်ခဲ့ချေသည်လား။ စိုးစိုးနှင့် နှစ်ယောက်တည်း နေခဲ့သည်လား။

အတွေးများစွာဖြင့် သူ့ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိလာစဉ်ခိုက်မှာ အငွေ့တထောင်းထောင်းနှင့် စွပ်ပြုတ်ပန်းကန်လေးကို လင်ပန်းဖြင့် ထည့်ယူလာသည့် ဒေါ်ဆွေဆွေမှ အခန်းတွင်းဝင်လာလျက် ...

"ဪ ... မောင်ကိုကိုတောင် ရောက်နေမှကိုး၊ မိဆယ်ကို လာခေါ်တာလား"

"ဟုတ်ကဲ့ ... ထမင်းစားပြန်ဖို့ပါ အန်တီဆွေ"

ဟု ပြုံး၍ မေးလာသည့် အန်တီဆွေကို သူ ဟန်မပျက် အားယူပြုံးရင်း ဖြေရပေမယ့် ရင်ထဲမှာတော့ သဝန်တိုစိတ်တွေက အုံချင်းဖွဲ့နေပြီ။

"စိုးစိုး နေမကောင်းလို့ မိဆယ်လေး လူမမာလာမေးတာလေ၊ စွပ်ပြုတ်တိုက်ချင်တာနဲ့ အန်တီဆွေ သွားယူလိုက်တာ၊ ကဲ ကဲ ... မိဆယ်လေး လိုက်သွား၊ မောင်ကိုကို အားနာစရာ"

"ရပါတယ် အန်တီဆွေ၊ ကျွန်တော် မဆာလှသေးပါဘူး"

ဟု ဟန်မပျက် ဖြေရပေမယ့် စိုးစိုး၏ရှေ့မှောက်မှ မိဆယ်လေးကို ချက်ချင်း လက်ဆွဲခေါ်သွားချင်သည်က ရင်ထဲမှ အဖြစ်မှန်ပါ။

"စိုးစိုး ရေသောက်ချင်တယ်တဲ့ အန်တီဆွေ၊ ရေအရင်သောက်နော်၊ မိဆယ် ယူပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ရေဖန်ခွက်လေးထဲ ဖန်ချိုင့်မှ ရေလောင်းထည့်နေသည့် မိဆယ်ကို သူ လိုက်ကြည့်နေတာကို စိုးစိုးကလည်း လိုက်ကြည့်နေသည်။ နောက် စိုးစိုး၏အကြည့်တွေက သူ့ထံသို့ တစ်ချက်ကူး၏။

မိဆယ်ပေးသည့် ရေခွက်လေးကိုယူပြီး စိုးစိုး သောက်သည်။ နောက်တော့ ပြုံး၍ ...

"မိဆယ် ကိုကိုကြီးနဲ့ လိုက်သွားနော်၊ စိုးစိုးကို မာမီပဲ စွပ်ပြုတ်တိုက်လိမ့်မယ်၊ စိတ်ချ ဆေးလည်းသောက်ပါ့မယ်"

ဟု ပြောနေပုံကြီးကြောင့် သူ့ရင်ထဲမှာ ပို၍ ရှုပ်ထွေးလာရသည်။

မိဆယ်က စိုးစိုး ဆေးမသောက်မှာကို စိုးရိမ်နေ၍သာ ထိုသို့ပြောတာဖြစ်ချေမည်ပေါ့။

အတွေးသည် ရင်ကို မျက်တက်တက်ဖြစ်လုဖြစ်ခင် စိုးမိုးနှောင့်ယှက်စပြုလာချေပြီတည့်။

"ဒါဖြင့် မိဆယ် ပြန်မယ် စိုးစိုး၊ နောက်နေ့မှ မိဆယ် ညနေဘက်လာကြည့်မယ်၊ ကျောင်းပြန်ချိန်ကျရင် လှည့်ဝင်လာခဲ့မယ်၊ ဆေးမှန်မှန်သောက်၊ မိဆယ် ပြောသလို ဝင်အောင်စား၊ ဒါမှ ကျောင်းပြန်တက်နိုင်မှာ"

ဟုပြောတော့ ဖျတ်ခနဲတစ်ချက် သူ ကြည့်မိပြန်ပါပြီ။

စိုးစိုး ကျောင်းမတက်၍ မိဆယ် ပန်းရုံသို့ လာချင်သည်ဟုပဲ တွေးဖြစ်လျက် သူ ရောက်လာတော့လည်း ပန်းရုံမှာ ရှိမနေဘဲ စိုးစိုးအခန်းထဲရောက်နေတာကို ပက်ပင်းတိုးခဲ့ရသည်ပဲလေ။



မိဆယ် စာအုပ်စားပွဲသို့သွားကာ မှတ်စုစာအုပ်တွေ သွားယူနေတော့ စိုးစိုး ခေါင်းလေးမတ်၍ ...

"မယူပါနဲ့ မိဆယ်ရယ်၊ ထားခဲ့ပါ ... ထားခဲ့ပါ၊ မာမီ စာအုပ်တွေ ပေးမယူပါနဲ့"

ဟု အားနာစိတ်ဖြင့် တားနေတာမို့ ခေါ်ဆွေဆွေ ပြုံး၍ ...

"အားနာလို့၊ သား အတင်းထပြီး စာအုပ်တွေ ပြန်ယူနေပါ့မယ် မိဆယ်လေးရယ်၊ ထားခဲ့ ... ထားခဲ့"

ဟု ပြောနေတော့ သက်ပြင်းရှိုက်ပြီး မိဆယ် စာအုပ်တွေ ပြန်ချထားခဲ့ရသည်။

"နောက်မှ မိဆယ် သတ်သတ်စာအုပ်လေးထဲကူးထည့်ပြီး ယူလာပေးမှာ ဘာမှတ်လဲ"

ဟု ပြောနေပုံလေးကို သူ အကဲခတ်သလို ကြည့်မိ၏။ အရိုးစင်းခဲပုံလေးဖြင့် ပြောနေခြင်းပဲလေဟု နားလည်မိသလို ရှိပေမယ့် ရင်ထဲမှာ သဝန်တိုနေမိသည်ကတော့ တားဆီး၍မရနိုင်ဘဲ ဖြစ်နေရသည်ပါပဲ။

"ကိုကြီး ဆာပြီလား၊ ကဲ ... စိုးစိုး မိဆယ် ပြန်မယ်၊ အန်တီဆွေ မိဆယ် သွားမယ်နော်၊ အန်ကယ်လာရင် ပြောပြနော်၊ မိဆယ် လာသွားတယ်လို့"

ဟု နှုတ်ဆက်ပြီး မိဆယ် သူနှင့်ပြန်လိုက်တော့ သူ ဘာစကားမှမပြောမိ။ နှုတ်ဆိတ်လျက် ပန်းရုံသို့ ပြန်လျှောက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရုံသို့ မိဆယ်ကို ဝင်ခေါ်တော့ ပဒုမ္မာသို့ သွားလိုက်ပြီဆိုတာ သိလိုက်ရကတည်းက ရင်ထဲ တစ်ချက် ထင့်ခနဲဖြစ်၏။ စိုးစိုး နေမကောင်းဟု ဒေါ်ကြီးကတော့ ပြောပြသည်ပါပဲ။

ပဒုမ္မာသို့ရောက်တော့လည်း ဧည့်ခန်းမှာ လူမရှိ။ စကားပြောသံကြားသည့်အခန်းသို့ လျှောက်ခဲ့တော့လည်း ခန်းဆီးစလေးလှစ်လိုက်တာနှင့် စိုးစိုးကို ပွေ့ထူပေးသည့် မိဆယ်ကို မြင်ရသည်ပါပဲ။

ရင်ထဲမှာ ပင်ပန်းဆင်းရဲစွာ နှိပ်စက်သည့် လောင်မြိုက်ခြင်းသည် အတိုင်းအဆမဲ့ချင်သည်ပဲ။

"ငါးပိရည်ကျို ဝင်ယူမယ် ကိုကြီးရာ၊ ကိုကြီးကတော့ မကြိုက်ဘူးနော်၊ ဒါပေမဲ့ မိဆယ်ကို ပေးစားနော်၊ မိဆယ် ကြိုက်တယ် ကိုကြီးရဲ့ ဒေါ်ကြီးလက်ရာက သိပ်ကောင်းတာ၊ ငါးမြင်းအစပ်ချက်လည်း ဒေါ်ကြီးက ယူသွားတဲ့"

ဟု အစားအသောက် ခုံမင်ပုံလေးဖြင့် ကလေးနှယ် ပြောနေသည့် မိဆယ်ကို တစ်ချက်ငဲ့၍ ငုံ့မိုးကြည့်မိရသည်ပါပဲ။

တကယ့်ကို အပြစ်ကင်းစင်သော မျက်နှာလေးပါလားလေ။

ဘာမျှ ဖောက်ပြန်တတ်ခြင်းမရှိသည့် တကယ့်အရိုးခံ မျက်နှာနုနုစင်စင်လေး။ ဟန်ပန်မူရာလေး။

သူ့ သက်ပြင်းကို ပင်ပန်းကြီးစွာ ကျိတ်၍ ချမိလိုက်ရပြန်ပါ၏။

✿ ❤ ✿



## အခန်း(၃၁)

စာကြည့်ခန်းမှာ တကုပ်ကုပ်နှင့် မှတ်စုတွေ ကူးနေသည့် မိဆယ်ကို သူ စာတစ်အုပ်ဖတ်ရင်းဖြင့် လှမ်းလှမ်းကြည့်နေမိပါ၏။

စိုးစိုးအတွက် ကူးနေခြင်းဆိုတာ သူ နားလည်၏။ သာစာအုပ်သစ်တစ်အုပ်မှာ တကုပ်ကုပ် ရေးနေသည်ကိုက တော့ပါလက်ပါ။

စီးကရက်ဘူးကို အိတ်ကပ်ထဲမှ နှိုက်ယူ၍ သူ စစ်လိပ်ထုတ် မီးညှိရှိုက်ဖွာသည်။

စာကြည့်ခန်းတွင်းမှ သူ ထွက်ခွာခဲ့တာကို မိဆယ် သိလိုက်ပုံမရ။ စာကူးသည့်အထဲမှာ စိတ်နှစ်နေပုံရသည်။

သူ့အာရုံထဲမှာ စိုးစိုးကို မိဆယ် ပွေ့ထူပေးနေတာကို မြင်မြင်နေရသည်။

ရင်ထဲမှာ လောင်မြိုက်နေသည့် ဝန်တိုစိတ်သည် မိဆယ်ကို ဖြစ်ထွန်းနေစေသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သူ မိဆယ်ကို ချစ်လွန်း၍ လူကြီးချင်းနားဖောက်ကာ ရအောင် လက်ထပ်ယူခဲ့တာတော့ အမှန်ပါ။

ဒါပေမဲ့ မိဆယ်ထံမှ အချစ်ကို ရယူပိုင်ဆိုင်ချင်လာတာအမှန်။

သူနှင့်အတူရှိနေသော မိဆယ်သည် အခြားသူတစ်ယောက်ကို လွမ်းနေမှာ စိုးရိမ်လာသည်။ ဝန်တိုခြင်းဖြစ်တည်လာသည်။

မိဆယ်မှာ ချစ်သူမရှိဟု ဘွားသီရိက သူ့ကို ပြောပြခဲ့သည်ပဲ။ ဘွားဒေါ်မမကြီးကိုယ်တိုင် ဘွားသီရိကို ပြောပြခဲ့သည်တဲ့။

ဒါပေမဲ့ စိုးစိုးနှင့် မိဆယ် နေထိုင်တာက အရမ်းကိုရင်းနှီးကျွမ်းဝင်နိုင်လွန်းနေသည်က မျက်မြင်ကိစ္စ ဖြစ်နေခဲ့ပြီးပြီ။

ဒါထားပါ။

မိဆယ် စိုးစိုးနှင့် ချစ်ခဲ့သည်ပဲထား။

လောလောဆယ်မှာ သူသည် မိဆယ်၏ ခင်ပွန်းဖြစ်ခဲ့ပြီးပြီ။ စိုးစိုးအပေါ် မိဆယ် ဆက်၍ သံယောဇဉ်တင်နေတာမျိုးအထိတော့ သူ လက်ပိုက်၍ ကြည့်နူးနစ်သိမ့်ကြည့်နိုင်စွမ်းမရှိနိုင်။

မိဆယ်နှင့်ပတ်သက်၍ မိဆယ် ပြောခဲ့သည့် ချစ်သူမရှိဆိုသည့် စကားကိုလည်း သူ ယုံချင်သည်။ တစ်ဖက်ကလည်း မိဆယ်ကို စိုးစိုးနှင့် သံသယဖြစ်ချင်သည်။

စိုးစိုးနှင့် ချစ်နေတာကို ဘွားဒေါ်မမကြီး မသိအောင် မိဆယ် လိမ်ပြောနိုင်သည်ပဲ။



လုံးချာလည်နေသော သံသယမီးသည် နှလုံးအိမ်မှာ တမြည့်မြည့်ဖြစ်နေပြီ။ နောက်တော့ ဟုန်းခနဲတောက်တော့မည့်နှယ် အရှိန်တက်လာနေသည့်အဖြစ်။

ရက်ပိုင်းအတွင်းကမှ လက်ထပ်ခဲ့ရပါသော သူ၏ မိန်းမသည် ငယ်ချစ်အတွက် မှတ်စုတွေ ကြိုးကုတ်ကြိုးပမ်း ကူးပေးနေတာကို ခင်ပွန်းသည်မှ ဘေးက ထိုင်ကြည့်နေရသည့် အဖြစ်မျိုးထက် ရက်ဖို့ကောင်းတာ ဘယ်မှာရှာရတော့မည်တဲ့လဲ။

ငယ်ချစ်နေမကောင်းတာကို သွားပြုစုတာလည်း ဘေးမှ ကြည့်ခဲ့ရတာမျိုး။

စာကူးပေးနေတာကိုလည်း ငုတ်တုတ်ကြည့်နေရတာမျိုး ဖြစ်နေချေပြီလား။

သူ စိတ်မောမောနှင့် အခန်းတွင်းသို့ ဝင်ခဲ့ကာ ခုတင်ထက်မှာ ထိုင်မိလျက် ငိုင်နေမိပါ၏။

စီးကရက်ကို ရှိုက်ဖွာရင်း ရင်ထဲမှာ မငြိမ်မသက် အခက်ကြီးခက်နေရသည့်အဖြစ်။ နောက်ဆုံးတော့ သူ ရုတ်ခနဲ ထရပ်ကာ မိဆယ်၏ ဗီရိုရှေ့မှာ သွားရပ်မိပါပြီ။

သူ့ထံမှာလည်း သော့တွဲတစ်တွဲရှိနေသည်မို့ ဗီရိုကို အလွယ်တကူ သူ ဖွင့်ကြည့် ရှာဖွေနိုင်သည်။

စိုးစိုးနှင့်ပတ်သက်၍ မိဆယ် သိမ်းဆည်းထားသည့် စာတွေကို သူ ရှာဖွေတွေ့ရှိနိုင်သည်။ ဘာပဲဖြစ်ဖြစ်။ တစ်ခုခုကို သူ သေသေချာချာ သိလိုက်ရတာက ပိုကောင်းမည်။

စိုးစိုးနှင့်ပတ်သက်တာ ဘာမျှ ရှိမနေလျှင်လည်း သူ့သံသယတွေ ပြေပြေသွားနိုင်သည်ပဲ။ တွေ့လျှင်လည်း အဖြစ်မှန်ကို သူ တိတိပပ သိလိုက်ရသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်။ သူ သိချင်နေသည်။

ယောက်ယက်ခတ်စွာ ခံစားနေရသည့် အဖြစ်ထက် စာလျှင် တစ်ခုခုကို သေချာသိလိုက်ရတာကမှ တော်ဦးမည်။

ဒါပေမဲ့ မိဆယ်၏ဗီရိုကို ဖွင့်မွှေရမှာကျတော့ ရင်ထဲမှာ လိပ်ပြာမလုံ။

မကောင်းတာကိုလည်း သူ နားလည်သည်။ မလုပ်သင့်တာကိုလည်း သိနေသည်။

သိလိုဇောကတစ်ဖက်၊ ဆင်ခြင်တုံတရားက တစ်ဖက် အတန်ကြာ လွန်ဆွဲနေသည့်အဖြစ်။

နောက်ဆုံးတော့ သိလိုဇောက အနိုင်ယူသွားတာမို့ ဖွတ်နှစ်၍ သော့ဖွင့်ကြည့်လိုက်မိရပါပြီ။ ကိုယ့်မိန်းမဗီရိုပဲဟု ကိုယ့်ဘက်ကိုယ်တွေးပေးလျက် ဖွတ်ဖွင့်ကြည့်ရပေမယ့် ရင်ထဲမှာ တစ်ခုခု မလုပ်သင့်တာကို လုပ်မိသလို လိပ်ပြာမလုံချင်ပြန်။

ချစ်ဇောဖြင့် ဖွတ်တိုးလုပ်မိတာမို့ အံဆွဲကို ဆွဲဖွင့်ခိုက် နောက်ဘက်ကို မလုံသလို တစ်ချက်လှည့်ကြည့်မိသေးသည်။

နောက်တော့ ကမန်းကတန်းပဲ ပစ္စည်းတွေကို ရှာဖွေမိ၏။

အားလုံးက အစီအရီ၊ သေသေသပ်သပ်ရှိနေသည့် ပစ္စည်းများပါ။

သားရေပိုက်ဆံအိတ်လေးနှင့် စိပ်ပုတီးတစ်ကုံး၊ ဒိုင်ယာရီစာအုပ်ပြာလေးတစ်အုပ်နှင့် တယ်လီဖုန်းနံပါတ်မှတ်ထားသော မှတ်စုစာအုပ်သေးသေးလေးတစ်အုပ်။

ရွှေရောင်ဖောင်တိန် လှလှလေးတစ်ချောင်း



စာအိတ်ဖြူတစ်အိတ်။

ကမန်းကတန်း စာအိတ်ဖြူကို သူ ဖွင့်ကြည့်မိ၏။ သူ မျှော်လင့်ထားသလို စာအိတ်အထပ်လိုက်ကြီးတွေကိုတော့ မတွေ့ရ။ စာအိတ်ဖြူတစ်အိတ်ပဲ ရှိနေသည့်အဖြစ်။

အထဲမှာ စာရွက်နှစ်ရွက်ကို တစ်ခုစီခေါက်လျက် ပုံစံဖြင့် တွေ့ရတာမို့ တစ်ရွက်ကို အလျင်ဆွဲထုတ်မိပါ၏။

မြင်လိုက်တာနှင့် သူ သိလိုက်ပြီ။ ရင်ထဲမှာ တစ်ချက်ကြည်နူးမိရသည့်အဖြစ်။

သူ၏ကဗျာစာရွက်လေးဆိုတာ ခေါက်လျက်ပုံစံဖြင့်ပဲ သိလိုက်နှင့်ပြီးပြီ။

မိဆယ်သည် သူ၏ကဗျာလေးကို တမြတ်တနိုး သိမ်းထားပါလားလေ ... ဟု တွေးဖြစ်၏။

ကဗျာလေးကို သူ ဖွင့်ဖတ်ကြည့်တော့ ...

**ဖြူလဲ့မွေး၊ ပွင့်လွှာမွှေးဥ**

**ဖြိုင်ဘက်တုကင်း၊ လှအဆင်းမှာ**

**ပန်းချွေကြာနယ်၊ နုပွင့်သွယ်ရစ်**

**လွန်ပျိုမျစ်၏ ...။**

ဟု အစချီရေးထားသည့် သူ့ကဗျာလေးကို **တကယ်**ပဲ တွေ့လိုက်ရသည်ပါပဲ။

"မိဆယ်လေးရယ်"

ကြည်နူးစိတ်သည် ပျော်ရွှင်မြူးထူးစွာပဲ **ကလေးတစ်**ယောက်၏ ခံစားမှုနယ်ပင် ပေါ့ပေါ့ပါးပါး ကြည်ကြည်**ရင်ခုန်**ကြီးနှလုံးအိမ်၌ ဖြစ်ထွန်း၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိဝင်လာလျက် နောက်ထပ်စာရွက်ခေါက်လေးကို စာအိတ်ထဲမှ သူ ထုတ်လိုက်မိရပါ၏။

စာရွက်လေးကို သူ ဖြန့်လိုက်တော့ ကဗျာကလေးတစ်ပုဒ်။

ကဗျာလေးကို သူ တိတ်ဆိတ်စွာဖတ်နေမိသည်။ ဖတ်နေရင်းဖြင့်ပင် မျက်ဝန်းများ ရီဝေလာကြရပါပြီ။

ကဗျာ၏အဆုံးပိုဒ်လေးကို သူ နောက်တစ်ကြော့ ထပ်ဖတ်ဖြစ်ပါ၏။

**ကံကော်ပွင့်ဦး၊ စံပယ်ဖူးနှင့်**
**ပုလဲပွင့်နုယ်၊ သင်းကြွယ်စီဝေ**
**ပန်းခတ္တာတို့၊ ဦးညိုဦးနိုက်**
**လှမကိုင်ကို၊ ရင်မှာသိုဝှက်**
**မြတ်နိုးရက်ကြာ၊ ချစ်မိတာတွေ**
**ကာလရှည်လျက်သာတကား ...။**

ဆိုသည့် ကဗျာအဆုံးပိုဒ်။

ကဗျာ၏အဆုံးမှာ မြတ်နိုးတဲ့ စိုးစိုး ... ဆိုသည့် လက်မှတ်။

သူ ရင်ထဲမှာ အကွဲကွဲ အကြေကြေ ဖြစ်ရပြီ။

သူ၏မိဆယ်သည် စိုးစိုး၏ကဗျာလေးကို သိမ်းထားဆဲ ...

သိမ်းထားသည့်နေရာသည်ပင်လျှင် သူ၏ကဗျာလေးနှင့်တူတူ သိမ်းထားသည့်အဖြစ်။



ဪ ... တူတူထားသည့်အဖြစ်။ သူ၏အချစ်ကို စိုးစိုး၏အချစ်နှင့် တန်းညှိရည်တူ ထားပါသည့်အဖြစ်။

လက်ထပ်ထားပါသည့် ခင်ပွန်းသည်၏ မြတ်နိုးစွာပေးအပ်ပါသော ကဗျာကို ချစ်သူဟောင်း၏ကဗျာနှင့် တူတူသိမ်းဆည်းထားပါသည့် မိဆယ်။

ယနေ့မှာလည်း စိုးစိုးကို သွား၍ တကူးတက ပြုစုနေပါသည့် မိဆယ်။

သူ၏တစ်တစ်ယောက်တည်းအပေါ် ထားရှိအပ်ပါသော သစ္စာချစ်ကို တိုင်တည်၍ မိဆယ်မှ သူ့ကို ပြန်ချစ်မိပါစေသားဟု သစ္စာထားရပါသည့် ကဗျာသည် ငယ်ချစ်ဟောင်း၏ကဗျာနှင့် တန်းတူထားရမည့် အဆင့်လေးလောက်သာ ခပ်ညံ့ညံ့ရှိနေပါသလား။

တန်ဖိုးကျနေပါသလား။

မိမိ၏ဇနီးသည် မိမိ၏တန်ဖိုးထား၍ ပေးထားပါသော ကဗျာကို ချစ်သူဟောင်းကဗျာနှင့် တွဲထားတာကို သိနေရပါသည့်အဖြစ်ထက် အဘယ်အဖြစ်သည် ရက်ဖွယ်လိလိရှိပါချေမည်တဲ့လဲ။

မီးဝင်းဝင်းတောက်မျှဖြင့် ကဗျာစာရွက်နှစ်ရွက်စလုံးကို ဖြန့်ပစ်လိုက်ကာ လက်မှာထပ်လျက်. တက်တစ်ချက် သူခေါက်မိလိုက်ပြီ။

နောက်တက်ကို သူလှည့်လိုက်တော့ အခန်းတွင်းမှာ ငြိမ်ငြိမ်သက်သက်ကလေး ရပ်နေလျက် တည်တည်ငြိမ်ငြိမ်အသွင်လေးဖြင့် ရပ်ကြည့်နေသည့် မိဆယ်ကို သူ တွေ့လိုက်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ ကဗျာတွေဖတ်ရင်း ဆောက်တည်ရာမဲ့ အရှက်သည်းချိန်မှာ မိဆယ်သည် သူ့နောက်ပါးမှာ ရပ်နေလျက် တိတ်ဆိတ်စွာ စောင့်ကြည့်နေခဲ့ပြီဟု နားလည်လိုက်ရပေမယ့် ခံပြင်းစိတ်က လွှမ်းမိုးထားနေနှင့်ပြီမို့ ...

"လုပ်ရက်လိုက်တာ မိဆယ်ရာ၊ ဟင် ... ဒီကဗျာကို မင်းမို့ ငါ့ကဗျာလေးနဲ့ တူတူထားရက်တယ်ကွာ"

ဟု ခံပြင်းစိတ်ဖြင့် မချိတင်ကဲ ပြောခိုက် မိဆယ် သူ့ကိုပဲ တိတ်ဆိတ်လွန်းစွာ ကြည့်မြဲကြည့်နေသည်။ မိဆယ်၏ အကြည့်တွေက၊ ကဗျာလေးဆီသို့မရောက်။ သူ့ထံမှာပဲ တန့်နေ၏။

"ဘာလို့ မိဆယ်ရဲ့ဗီရိုကို ဖွင့်ရှာတာလဲ ကိုကြီး၊ မိဆယ် ဘာမရိုးသားတာ လုပ်ထားတယ်ထင်လို့၊ မိဆယ် မသိအောင် ဝင်မွှေရတာလဲ"

ဟု အေးဆေးဟန်လေးဖြင့်ပဲ မေးလာတော့ သူ ပို၍ ခံပြင်းလာသည်။

ချစ်ဖော်သည် အရှက်တရားကို အထွတ်အဖျားသို့တိုင် တွန်းပို့လျက် ရှိနေပြန်၏။

ချစ်လွန်း၍ ပေးပါသည့် ကဗျာကို သူ တစ်ချက်ယူကျုံးမရသလို ငုံ့ကြည့်မိလျက်မှ ...

"မင်း ဘာကိစ္စကြောင့် စိုးစိုးရဲ့ကဗျာကို သိမ်းထားရတာလဲ မိဆယ်၊ ဟင် ငါ့ကဗျာနဲ့ ဘာလို့ တူတူသိမ်းထားရတာလဲ၊ ပြီးတော့ ... အဲဒီကဗျာကို ဘာလို့ မြရိပ်ငြိမ်ထိ သယ်လာရတာလဲ၊ ဘာလို့ ... ဒီနေ့မှာ၊ သူ့ကို သွားပြုစုရတာလဲ၊ ဘာလို့ ... သူ့အတွက်မှတ်စုတွေ ကူးပေးနေရတာလဲ၊



မင်းဟာ ငါ့မိန်းမ၊ ငါ့အပေါ်မှာ သစ္စာရှိရမယ်၊ ငါ့ရင်ခွင်မှာ ရှိနေတဲ့ ငါ့မိန်းမဟာ၊ သူ့ငယ်ချစ်ကိုလွမ်းနေတဲ့ ခံစားမှုတွေနဲ့ အတူရှိနေတာကို၊ ငါ ... ရှက်တယ်"

သူ့အသံက ပြတ်တောင်းတောင်းနိုင်သည်။ ရှတတ နိုင်သည်။ မျက်ဝန်းများ လက်တောက်လာလျက် မျက်နှာက ရဲနေ၏။ အရှက်သည်းခံပြင်းနေသော မျက်နှာ။

"ငယ်ချစ် ဟုတ်လား ကိုကြီး"

မိဆယ်၏နှုတ်မှ အေးစက်စက်မေးလာသည့်မေးခွန်း။ ရှေ့သို့ တိုးလာလျက် လက်တောက်နေသော မျက်နက်ဝန်းများဖြင့် တည်တည်လေးပဲ မိဆယ် သူ့ကို ရင်ဆိုင်ကြည့်သည်။

သူ တစ်ခါတုန်းက နှစ်သက်မြတ်နိုး၍ မဝနိုင်ပါသည့် မျက်ဝန်းအကြည့်မျိုး။

ဘယ်သူ့ကိုမှ အရှုံးမပေးသော အကြည့်မျိုး။

ယခုတော့ သူ၏မိန်းမသည် ထိုအကြည့်မျိုးဖြင့် ခင်ပွန်းသည်ကို တုံ့ပြန်ကြည့်ရဲသော မိန်းမဖြစ်နေချေပြီတည့်။

"စိုးစိုးဟာ မိဆယ်ရဲ့ ငယ်သူငယ်ချင်း ... ငယ်ပေါင်းစိုးစိုး ဘယ်အထိ မိဆယ်ကို သံယောဇဉ်ကြီးတယ်၊ စိတ်ရှည်တယ် ဆိုတာ ကိုကြီး မသိဘူး၊ အထီးကျန်ဘဝမှာရှိတဲ့ မိဆယ်ကို အဖော်အဖြစ်ရှိခဲ့တဲ့ မိဆယ်ရဲ့ကစားဖော် စကားပြောဖော် ဆိုးနွဲ့ရတဲ့သူ၊ မိဆယ်ကို အလိုလိုက် စိတ်ရှည်တဲ့သူ၊ အဲဒါကို ကိုကြီး နားလည်မှာမဟုတ်ဘူး၊ မိဆယ်ပဲ နားလည်တယ်၊ ဒီသံယောဇဉ် ဘယ်လောက်ကြီးတယ်ဆိုတာလေ ဘယ်လောက်ငဲ့ညှာတတ်တယ်ဆိုတာလေ အဲဒါဟာ

www.burmeseclassic.com



သံယောဇဉ်နဲ့ တန်ဖိုးထားခြင်းပဲ ကိုကြီး၊ ချစ်ခြင်းဆိုတာနဲ့ မဆိုင်တဲ့ သံယောဇဉ်နဲ့ တန်ဖိုးထားခြင်းပဲ”

မိဆယ် သူ့ကို တည့်မတ်စွာပဲကြည့်သည်။ တည်ငြိမ်လွန်းနေသည့် အကြည့်။

“မိဆယ်ကို စိုးစို ချစ်တဲ့အကြောင်း ဖွင့်ပြောတဲ့ကဗျာလေးကို မိဆယ် ဘာလို့ သိမ်းထားလဲဆိုတော့ မိဆယ် ရှင်းပြမယ်၊ စိုးစိုးရဲ့သံယောဇဉ်နဲ့ သူ့အချစ်ကို တန်ဖိုးထားပြီး သိမ်းထားတာ၊ မိဆယ်ရဲ့ငယ်ပေါင်းဖော် သူငယ်ချင်းအပေါ်မှာ မိဆယ် တန်ဖိုးထားတယ်၊ သူ့အချစ်ကို လက်မခံနိုင်တာနဲ့ သူ့ကဗျာကို မိဆယ် ဆုတ်ပစ်ရမှာလား ...

“သူ့အချစ်ကို မိဆယ် မတုံ့ပြန်နိုင်တာက သတ်သတ်၊ သူ့အချစ်ကို မိဆယ် ယုံကြည်တာကသတ်သတ်၊ သူဟာ မိဆယ်ကို အဲဒီကဗျာလေးပေးတာဟာ အက္ခရာတင် စာလုံးအနေနဲ့ ပေးတာမျိုးမဟုတ်ဘူး၊ နှလုံးသားကို ရင်းပြီး ပေးတာ၊ ဒါကို မိဆယ် နားလည်တယ်၊ စိုးစိုးကို မိဆယ် မချစ်ဘူး၊ ဒါပေမဲ့ စိုးစိုးရဲ့အချစ်ကိုတော့ မိဆယ် တန်ဖိုးလျှော့ချမပစ်ရက်ဘူး၊ ဒါကြောင့် သူ့ကဗျာလေးကို မိဆယ် သိမ်းထားတာ”

မိဆယ် ပြောနေသမျှတွေသည် သူ့ရင်ကို လောင်မြိုက်နေသည်ဟု ခံစားရမိလျက် ...

“မင်း ... သူ့ကဗျာကို မဆုတ်ရက်လို့ သိမ်းလာတယ်ဟုတ်လား၊ ဒါဖြင့် ငါ့ကဗျာကို ငါ ဆုတ်တယ်ကွာ ဆုတ်ပစ်တယ်၊ မင်းဟာ ... မင်းဟာ စိုးစိုးကို ဒီနေ့မှာ



သွားပြုစုလာသေးတယ်၊ ဟင် ... ငါ့ကို လက်ထပ်ထားတဲ့ ငါ့မယားက သူ့ကိုချစ်ကြောင်း ကဗျာပေးဖွင့်ပြောတဲ့ လူတစ်ယောက်ကို သွားပြုစုတယ်၊ အဲဒါကို ငါက အခုပီတိတွေနဲ့ ပြန်စဉ်းစားပြီး ကြည်နူးပေးနေရဦးမယ်လို့ မင်း ပြောချင်နေတာလား မိဆယ်၊ ဟင် ... မင်းကို ငါ ချစ်လွန်းလို့ လက်ထပ်ထားတာကွ၊ ချစ်လွန်းလို့ လက်ထပ်ထားတာ”

ဟု ပြောလည်းပြော။ သူ မြတ်နိုးစွာ စပ်ခဲ့သော ကဗျာ။

ချစ်မြတ်နိုးလွန်းစွာ ပေးခဲ့ပါသည့် ကဗျာလေးကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲပစ်ရင်းမှ အံခဲထားမိရပါပြီ။ ဘာတဲ့၊ သံယောဇဉ်နှင့်အချစ်ကို တန်ဖိုးထား၍ စိုးစိုး၏ကဗျာကို သိမ်းဆည်းပြီးထားသည်တဲ့။

သံယောဇဉ် ... ဘာသံယောဇဉ်လဲ၊ အလကား။

သူနှင့် လက်ထပ်ထားသောမိန်းမသည် ငယ်သူငယ်ချင်းပေါင်းဖော်၏ ချစ်ကဗျာကို သိမ်းထားသည်ဆိုခြင်းမှာ ငယ်သံယောဇဉ်နှင့် ထိုသူငယ်ချင်း၏ရင်မှ ချစ်သောအချစ်ကို ယုံကြည်၍တဲ့။ တန်ဖိုးထား၍တဲ့။

ဒါကို ယောက်ျားလုပ်သူက ကျေနပ်စွာ သဘောတူပေးလိုက်ရမည်တဲ့လား။

သူ၏ကဗျာကို ငယ်ချစ်ကဗျာဖြင့် မိန်းမက တူညီပြန်သိမ်းခွင့်ကို သဘောတူမျှ ပေးထားလိုက်ရမည်တဲ့လား။

အဘယ်မျှ ရှုံးနိမ့်နိမ့်နိုင်လိုက်ပါသည့် အဖြစ်ပါလဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိဆယ်ကို ကိုကြီး မယုံကြည်ဘူးဆိုတာ အတိအလင်း ပြောတာလား ကိုကြီး"

မိဆယ်သည် ကြမ်းပေါ် လွင့်ချပြန့်ကြဲနေသော ကဗျာစာရွက် အပိုင်းအစငယ်များကို လိုက်ကြည့်ပြီး အေးစက်စွာ မေးလာတော့ သူ ပို၍ ခံပြင်းလာသည်။

ကဗျာလေးအတွက် မိဆယ် ဘာမျှ မခံစားရပါလား ဟု ...

"ဒီမှာ မိဆယ်၊ အေးစက်စက်နဲ့ ငါ့ကို မမေးနဲ့၊ မင်း ... မင်းကို ငါ ဘယ်တော့မှ ကွာရှင်းပေးမှာမဟုတ်ဘူးဆိုတာ နားလည်ထား၊ မင်းအချစ်တွေ ငါ့အတွက်မရှိဘူးဆိုတာ သိထားရပေမယ့် ငါ မင်းကို ကွာရှင်းပေးလိုက်မယ်မထင်နဲ့၊ ကိုကိုဆိုတဲ့ကောင်ဟာ အလွယ်တကူ လက်မထပ်သလို အလွယ်တကူလည်း မကွာရှင်းဘူး၊ မင်း ငါ့ကို မချစ်ဘူး မဟုတ်လား၊ အေး ... ငါ့ကိုချစ်ဖို့ ဘယ်တော့မှ မတောင်း ဆိုတော့ဘူး စိတ်ချ၊ ဒါပေမဲ့ ငါဟာ ခပ်ညံ့ညံ့ကောင်တစ် ကောင် မဟုတ်ဘူးဆိုတာ နားလည်ထား"

အံခဲ၍ သူ တင်းပြတ်ပြတ်ပြောတော့ မိဆယ် ခပ် အေးအေးပဲကြည့်နေသည်။ မာနရိပ်သည် မိဆယ်၏မျက်ဝန်းဝယ် ထင်းခနဲပေါ်၏။

"စိုးစိုးဆီကို ဘယ်တော့မှ မင်း မသွားရတော့ဘူး၊ မြရိပ် ငြိမ်မှာ စိုးစိုးရဲ့ကဗျာနဲ့ မင်းတစ်သက်လုံးနေပါ၊ မင်း အဲဒီဘဝကိုပဲ ရမယ် မိဆယ်၊ စိုးစိုးဆီကို မင်း သွားခွင့် ဒီတစ်သက်မရဘူး၊ အဲဒါ ငါပိုင်တဲ့ ငါ့မယားကို ငါ



ထုတ်လိုက်တဲ့ စည်းကမ်းပဲ၊ အမိန့်ပဲ၊ မင်း ဒီအခန်းမှာ မင်းရဲ့မြတ်နိုးအပ်တဲ့ကဗျာနဲ့ မင်းနဲ့ ငါ့အိမ်ထောင်တစ်သက် မှာ နေခွင့် ငါပေးမယ်"

ဟု ချစ်ရလေသမျှ နာကြည်းစွာ သူ တောက်လျှောက် ပြောပြီး ခြေလှမ်းကျဲဖြင့် အခန်းတွင်းမှ ထွက်သည်။

တံခါးဝရောက်တော့ တစ်ချက် သူ ပြန်လှည့်ကြည့် သည်။

နှလုံးအိမ်တစ်ခုလုံး ကြေကြေပြုန်းပြုန်း ဖြစ်နေသည့် ဝေဒနာကို အလူးအလဲ ခံစားနေရသူတစ်ဦး၏ ဝေဒနာမျက်နှာ သည် အထင်းသား။

"မင်းရဲ့ဗီရိုကို ငါ ဖွင့်မိခဲ့တယ် မိဆယ်၊ အဲဒါ ချစ်လွန်း တဲ့ဇောကြောင့်ပဲ၊ ဘာပဲဖြစ်ဖြစ် ... အဲဒီအတွက် ငါ တောင်း ပန်ပါတယ်၊ နောက်ကို ဒီအခန်းထဲကို ငါ ဘယ် တော့မှ ဝင်လာမှာ မဟုတ်တော့တဲ့အတွက် မင်းရဲ့ပစ္စည်း တွေကို ဘယ်တော့မှ မင်းမသိဘဲ ကိုင်မိတော့မှမဟုတ် တော့ပါဘူး၊ မင်းရဲ့ကဗျာလေးနဲ့ မင်း ကြိုက်သလိုနေပါ၊ ဒါပေမဲ့ ..."

အသံက တိုပြတ်လျက် မာဆတ်ဆတ်နိုင်နေ၏။ မိဆယ်ကလည်း ဘာမျှ ပြန်မပြော။

တည်တည်ငြိမ်ငြိမ်ပဲ သူ့ကို ကြည့်နေသည်။

"ဒါပေမဲ့ ... ငါ့မယားအဖြစ်က မင်း ဘယ်တော့မှ လွတ် မြောက်မှာမဟုတ်ဘူး မိဆယ်၊ မင်းဟာ ငါ့မယားအဖြစ် ငါ့တစ်သက် ... မင်းတစ်သက် နေသွားရလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ ချစ်လို့လက်ထပ်ထားတာ၊ ကွာရှင်းဖို့ လက်ထပ်ထားတာမဟုတ်ဘူး”

ပြောပြီးတာနှင့် လှည့်ထွက်သွားသည်။ နောက်တော့ အပေါ်ထပ် လှေကားထစ်များကို ဖြတ်နင်းဆင်းသွားသည့် ခြေသံပြင်းပြင်းကို မိဆယ် ကြားနေရပါ၏။

ဘာမျှမကြာလိုက်။ ကားတစ်စီး အရှိန်ဖြင့် မောင်းထွက်သွားသံကို ကြားရသည်။

ကိုကြီး မြရိပ်ငြိမ်မှ သွားလိုက်ပြီ။ မိဆယ်ကို ချစ်မြတ်နိုးသည့် အချစ်အားလုံးကို မရုပ်သိမ်းစွာပဲ ထားရှိလျက် စိမ်းကားနာကြည်းခြင်းကို ရင်မှာ သိမ်းဆည်းထားလိုက်ကာ ကိုကြီး မိဆယ်ထံမှ ထွက်ခွာသွားပြီ။ မြရိပ်ငြိမ်သို့ ကိုကြီး ပြန်လာမှာ မိဆယ် သိသည်။

ဒါပေမဲ့ မိဆယ်ထံမှ ထွက်ခွာသွားခဲ့ပြီးပြီ။

မိဆယ်တလည်း ထိုအဖြစ်ကို ငြိမ်သက်ခံနေရမည်တဲ့လား။ အပြစ်ကျူးလွန်သူတစ်ယောက်အဖြစ် ငြိမ်သက်ခံနေရမည်တဲ့လား။



## အခန်း(၃၂)

မနက် လက်ဖက်ရည်ပွဲမှာ တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ကြဘဲ တိတ်ဆိတ်စွာပဲ ရှိနေကြတော့ အိမ်ဖော်ကြီး ဒေါ်စိန်ပင် အကဲခတ်သလို ကြည့်နေသည့်အဖြစ်။

“မိဆယ်”

လက်ဖက်ရည်သောက်ပြီးတာမို့ နေရာမှ ထလိုက်သည့် မိဆယ်ကို သူ စတင်၍ခေါ်သည်။ မိဆယ် သူ့ကို တည်ငြိမ်သည့်ဟန်လေးဖြင့်ပဲ ကြည့်လာ၏။ မျက်ဝန်းများက အေးစက်လွန်းနေသည်ဟု သူထင်သည်။

“ကျောင်းသွားဖို့ လိုက်ပို့ပေးမယ်၊ ဒီကပဲ စောင့်နေမယ်၊ ပြီးတဲ့အခါ ဆင်းလာပါ”

သူ ပြော၍ လက်ကျန်လက်ဖက်ရည်ကို သောက်စဉ်ခိုက် မိဆယ် ဘာမျှ ပြန်မပြော။ နေရာမှထွက်သွားကာ အပေါ်ထပ်သို့တက်သွား၏။

ခဏကြာတော့ မိဆယ် လွယ်အိတ်လေး လွယ်လျက် ဆင်းလာ၏။ ခါတိုင်းနေ့တွေထက်တော့ အချိန်စောနေသေးသည်။ ဒါပေမဲ့ သူ ထရပ်လိုက်ကာ ပေါ်တီကိုသို့ လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားသောကားတွင်းသို့ သူ အလျှင်ဝင်သည်။ မိဆယ်လေး နောက်ဘက်တံခါးကို ဖွင့်ဝင်တော့ တစ်ချက် ရင်ထဲ အောင့်ခနဲ သူ ဖြစ်ရသည်ပါပဲ။

ခါတိုင်းနေ့တွေလို သူကလည်း ရှေ့ခန်းကိုဖွင့်မပေး။ မိဆယ်ကလည်း နောက်ဘက် တံခါးကိုပဲ ဖွင့်၍ဝင်ထိုင်သည်။

လွယ်အိတ်လေးကိုပိုက်၍ မိဆယ် လမ်းဘက်ကိုပဲ ငေးကြည့်ရင်း တောက်လျှောက်လိုက်လာစဉ်ခိုက် သူကလည်း မိဆယ်ကို ဘာဆိုဘာမျှ စကားမပြောဖြစ်။

ပို့နေကျ ဝတ္တရားမပျက်အောင် လိုက်ပို့ပေးသည့် ခင်ပွန်းသည်တစ်ယောက်၏ တာဝန်ကျေအသွင်မျိုးဖြင့်ပဲ သူကလည်း မိဆယ်ကို ကျောင်းလိုက်ပို့သည့်အဖြစ်။

ရပ်နေကျနေရာ သစ်ရိပ်အောက်မှာ ကားကို သူ ရပ်ပေးသည်။

မိဆယ် ကားပေါ်မှဆင်းတော့ ...

"ညနေလာကြိုမယ်၊ စောင့်နေ"

ဟု သူ ပြောပြီးတာနှင့် ကားကို မောင်းထွက်ခဲ့ပါ၏။

သစ္စာရတနာဆိုင်သို့ သူရောက်ပြီး ရုံးခန်းနေရာမှာ သူ သွားထိုင်ကာ ရတနာအရောင်းစာရင်း၊ လက်ကျန်စာရင်းနှင့် မနေ့က ဘဏ်သွင်းငွေ ထုတ်ငွေစာရင်းများကို စစ်ဆေးနေရပေမယ့် ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိနေလျက် လန်းဆတ်မှုမရှိ။ အလုပ်ထဲမှာ စိတ်မရောက်။

"တောက် ..."



တက်ငါစ်ချက်ကို ခေါက်မိလျက် စာရင်းစာအုပ်ကို ဆောင့်ခနဲ သူ ပိတ်ပစ်မိကာ စီးကရက်တစ်လိပ်ကို ထုတ်ညှိမီးရှိုက် ဖွာပစ်ရင်း ကုလားထိုင်ကျောမှီမှာ မှီချထားမိသည်။ အားကုန်အား ပြတ်နေသည့်နှယ်ပါလားဟု နားလည်ရလျက် တော်ရုံစိတ်ထိခိုက် မှုမျိုး မဟုတ်တာကို မိမိဘာသာ နားလည်နေမိရသည့်အဖြစ်။

ပျောင်းအိသော သားရေဖုံးနောက်မှီမှာ ခေါင်းကို ဖေးတင်ထားရင်းမှ သက်ပြင်းကြမ်းကို ရှိုက်ချမိပေမယ့် ရင်သည် ပေါ့ပါးမလာနိုင်။ တင်းကျပ်ကျပ်နှင့် လှောင်ပိတ်နေသော ဝေဒနာ ကိုသာ ခံစားနေရဆဲ။

နေ့လယ်စာလည်း မြရိပ်ညိုသို့ သူ သွားမစားဖြစ် တော့။ ရုံးခန်းမှာပဲ လက်ဖက်ရည် မှာသောက်လိုက်သည်ပါပဲ။

ရပ်နေကျသစ်ရိပ်မှာ သူ ကြို၍ရောက်သည်။ အတန်း ပြီး၍ ပြန်ကြသော မိဆယ်၏ သူငယ်ချင်းကောင်မလေးတချို့ကို သူ လှမ်းမြင်၏။ ဒါပေမဲ့ မိဆယ် ရောက်မလာသေး။

တဖြည်းဖြည်း လူရှင်းလာပြီ။ မိဆယ် ရောက်မလာ။

ရင်ထဲတွင် ထင့်ခနဲဖြစ်၏။ မိဆယ် ပြန်သွားချေပြီ လား။

သူ လာကြိုမှာကို မကြိုက်၍ မိဆယ် ကားငှား၍ပဲ ပြန်သွားပြီလား။ ဒါမှမဟုတ် ... သူငယ်ချင်းတစ်ယောက်ယောက်၏ ကားနှင့်ပဲ လိုက်သွားချေပြီလား။

မိဆယ်၏မာနကို သူ နားလည်သည်။ ဘယ်သူ့ကား နှင့်မှတော့ ကပ်လိုက်သွားမှာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အငှားကားတစ်စီးစီးနှင့် ပြန်ချင်ပြန်သွားမည်။ ဒါမှ မဟုတ် ဘတ်စ်ကားဖြင့် ပြန်ချင်ပြန်မည်။

“အလကား ... ဆိုးစရာမရှိ ဆိုးတဲ့ မိန်းမကလေး”

နာရီဝက်လောက်ထိ စောင့်ကြည့်ပြီးသည့်နောက်မှာတော့ ဒေါပွပွနှင့် တွေးမိကာ ကားကို ဆောင့်ကြီးအောင့်ကြီး မောင်းထွက်မိခဲ့ရပါပြီ။

ဤပုံအတိုင်းဆိုလျှင် ကောင်မလေး မြရိပ်ငြိမ်သို့ ပြန်ချင်မှပြန်မည်။

စိတ်ကောက်ကောက်နှင့် ပန်းရဂုံသို့ ရောက်နေချေမည်လားမသိ။

လက်ထပ်ပြီး ဘာမှ မကြာသေး။ ရောဂါသည်အသွား စိတ်ရှုပ်အောင် သွားလုပ်နေပြီလားမသိ။

တောက်လျှောက် ပန်းရဂုံသို့ သူကားကို မောင်းခဲ့ပါ၏။

ဒါပေမဲ့ ပန်းရဂုံရောက်တော့ ဟန်မပျက်ပင် ဝင်ခဲ့ကာ မိဆယ်ကို ဟိုဟိုသည်သည်ကြည့်တော့ မတွေ့ရ။ မေးလည်း မမေးရဲ။

စကားများထားတာကို ဘွား မသိစေချင်။

စိုးစိုးထံများ ရောက်ချေမည်လားဟု သူ တွေးမိရပြန်သည်။ ဘာကြောင့်ဆို ...

မိဆယ်မပါဘဲ သူတစ်ယောက်တည်း လာသည်ဟု ဒေါ်ကြီးမှ ထင်၍ မေးနေသေးသည်ကိုး။



စိုးစိုးထံသို့ တိုက်ရိုက် မိဆယ် သွားလိုက်ချေသည်လားမသိ။

ပဒုမ္မာသို့ ခြံကူးတံခါးမှ သူ လျှောက်ခဲ့ကာ စိုးစိုး၏အခန်းသို့ လူမမာမေးပုံစံမျိုးဖြင့် သွားတွေ့တော့လည်း အိပ်ရာထက်မှာ မှိန်းနေသည့် စိုးစိုးကိုပဲ တွေ့ရတာမို့ ဟန်မပျက် ခဏတော့ ထိုင်ဖြစ်ခဲ့ရသည်။

စိုးစိုးထံသို့လည်း မိဆယ် မလာ။

“သက်သာရဲ့လား စိုးစိုး”

ဟု ဟန်မပျက် သူ မေးရ။ လူမမာတကယ် လာမေးသည်ထင်၍ စိုးစိုး၏မေမေမှ ဖျော်ခံသည့် ကော်ဖီကို သောက်ရ။ စကားစမြည်ပြောရနှင့် ဆယ်မိနစ်လောက် အချိန်ကုန်သွားရပြန်ပြီ။

ရင်ထဲမှာ စိတ်ပူနေတာကို ဟန်လုပ်ဖုံးဖိထားရင်းမှ နာရီကို တစ်ချက် သူ ကြည့်ကာ ...

“ပြန်ဦးမယ် စိုးစိုး၊ အန်တီ ပြန်ပါဦးမယ်ခင်ဗျ”

ဟု ပြောကာ နှုတ်ဆက်ပြန်ခဲ့ရပါ၏။

ပန်းရဂုံမှာလည်း မိဆယ် ရှိမနေ။ ပဒုမ္မာမှာလည်း မိဆယ် မရှိပြန်။

ရင်ထဲမှာ ပူပင်စိတ်သည် ဖြစ်ထွန်းလျက် မြရိပ်ငြိမ်သို့ ချက်ချင်း ပြန်ရောက်ချင်နေမိရသည်ပါပဲ။

ဟန်မပျက် ဘွားကို သူ ဝင်၍နှုတ်ဆက်ရသည်။ မိဆယ်နှင့် သူ့ကိစ္စကို ဘွား ဘာမျှ သိထားပုံမရ။ အေးချမ်းစွာ ငြိမ်းနေသည့် ဘွား၏အပြုံးဖြင့်ပင် သူ နားလည်ထားပြီးပြီလေ။

www.burmeseclassic.com



"ဒီကိုလာမယ်ဆိုတာ မိဆယ်မသိဘူး ဘွား၊ ကိစ္စတစ်ခုနဲ့လာရင်း ပန်းရဂုံဘက်ရောက်လာတာနဲ့ ဘွားကိုရော စိုးစိုးကိုရော ကျွန်တော် ဝင်ကြည့်တာပါ၊ ဘွားလည်း နေကောင်း နေကြောင်း စိုးစိုးလည်း သက်သာကြောင်း မိဆယ်ကို ကျွန်တော် ပြောပြလိုက်ပါမယ်"

ဟု ပြောရသည်။ ဘွား ပြုံး၍ ခေါင်းညိတ်ရင်း ...

"တနင်္ဂနွေနေ့ကျရင် အိမ်ကိုလာခဲ့ကြ၊ မုန့်ဟင်းခါး ချက်စားကြမယ်ကွယ်"

ဟု ဘွားပြောတော့ ဟုတ်ကဲ့ဟု ခေါင်းညိတ်ပြရသည်။ ပန်းရဂုံမှ အထွက်မှာ ကားဖြင့် ပြန်လာသည့် ဘိုဘိုနှင့်ဆုံ၏။ ဘိုဘို၏ မျက်နှာကတော့ ထုံးစံအတိုင်း ခပ်တည်တည်။

မိဆယ်နှင့်သူ အိမ်ထောင်ကျသွားတာကို ခုတိုင် ရင်ထဲမှာ ကျေနပ်နိုင်ပုံမရ။

မျက်ဝန်းအကြည့်သည် ရန်လိုရိပ် သန်းနေ၏။

သူကလည်း ခပ်တည်တည်ပဲ ပြန်ကြည့်ကာ ကားတွင်းသို့ဝင်သည်။

မြရိပ်ငြိမ်သို့ သူရောက်တော့ ဒေါ်စိန်မှ ...

"မိဆယ်ရော ..."

ဟု အတူပြန်ပါမလာသည့် မိဆယ်ကို မေးလာတာနဲ့ သူ သိလိုက်ရပြီ။ မြရိပ်ငြိမ်သို့ မိဆယ် ပြန်မလာသေးဟူ၍။ အိမ်ဖော်ဒေါ်စိန်မှ မနက်ကတည်းက သူတို့နှစ်ယောက်ကို အကဲခတ်နေတာ သူ အသိ။ ဒေါ်စိန်ဆိုတာကလည်း မြရိပ်ငြိမ်မှာ အိမ်မှုကိစ္စလုပ်ဖို့ ဘွားသိရီ မိုးကုတ်အိမ်မှ တစ်ခါတည်းခေါ်လာခဲ့တာ



မိဆယ်နှင့်သူ အဆင်မပြေဖြစ်ရိပ်များ သန်းလာလျှင် ဘွားသိရီထံ တယ်လီဖုန်းဖြင့် သတင်းပို့နိုင်သည့်အခြေအနေ။

မိုးကုတ်အိမ်မှာ ဒေါ်စိန်ဆိုတာ သူငယ်ကတည်းက ရှိခဲ့တာ။ ဘွားသိရီ၏ လက်စွဲ အိမ်ဖော်ကြီးပါ။

"ပန်းရဂုံမှာ ခဏနေခဲ့တယ်"

ဟု မယုတ်မလွန် သူဖြေပြီး တောက်လျှောက် အပေါ်ထပ်သို့ ခြေလှမ်းကျဲကြီးနှင့် တက်ခဲ့ရပါပြီ။

မိဆယ် ရှိမနေမှန်း သိထားနှင့်ရပြီဖြစ်သည့် အခန်းထဲရောက်တော့ ချက်ချင်း အိပ်ရာသို့ လျှောက်ကာ ခေါင်းအုံးကို ဆွဲလှန်ပစ်လိုက်သည်။ ထင်ဟားသည့်အတိုင်းပါပဲလေ။

သူပေးခဲ့ပါသော သော့တွဲသည် ခေါင်းအုံးအောက်မှာ ရှိနှင့်နေ၏။

မိဆယ် ချန်ထားရစ်ခဲ့ပါလေသော သော့တွဲ။

အခန်းထဲလျှောက်၍ စားပွဲထက်မှာ၊ မှန်တင်ခုံထက်မှာ၊ ခေါင်းအုံးအောက်မှာ ဆက်၍ ရှာနေမိသည်က စာတစ်စောင် ဆောက်များ ရေးချန်ထားမည်လားဟု ...။

ဘာစာမျှမရှိ။

စာလေးတစ်စောင်သော်မျှ ရေးမထားဘဲ မိဆယ်သည် သူ့ကို မြရိပ်ငြိမ်မှာ ကျန်ရစ်စေလျက် ထွက်ခွာသွားချေပြီသည်။

ရင်ထဲမှာ ဆောက်တည်ရာမဲ့ ဖြစ်ချင်ပြီ။

စိုးစိုးထံမှာလည်း ရှိမနေ။ ပန်းရဂုံမှာလည်း ရှိမနေ။

မြရိပ်ငြိမ်မှာလည်း မိဆယ် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ရင်သည် လောင်မြိုက်လျက် ယယ်ထိပ်ကို သွေးဆောင်နေသည့်နှယ်၊ ဒေါင်းတောက်အောင် သူ ပူနေမိရယ်ပြီ။

ဖျတ်ခနဲ သတိရမိသည်က မိဆယ်၏ဗီရို။

ဗီရိုအံဆွဲထဲမှာများ မိဆယ် စာရေးချန်ထားရစ်ခဲ့မည်လား။

ကမန်းကတန်း ဗီရိုကို သော့ဖြင့်ဖွင့်၍ အလောတကြီးပဲ အံဆွဲကိုဖွင့်မိသည်။ စာရှိလျှင် စာကိုဖတ်၍ မိဆယ် ဘယ်သွားမည်လဲ ဆိုတာကို ခြေရာခံနိုင်ချေမည်လားဆိုသည့် ဓောဖြင့်ပါ။

ဒါပေမဲ့ ဘာစာမျှမရှိ။ စိုးစိုး၏ ကဗျာလေးထည့်ထားရာ စာအိတ်ကိုတော့ သူ ပစ်ချထားခဲ့သည့်အံဆွဲထောင့်နေရာမှာ လက်ရာမပျက် တွေ့ရသည်။

အံဆွဲကိုဖွ၍ ရှာနေရင်းမှ ဒိုင်ယာရီစာအုပ်ပြာလေးကို အာရုံစိုက်မိလျက် ကမန်းကတန်း ယူ၍ ဖွင့်မိရပါပြီ။

ဒိုင်ယာရီ၏ ပထမစာမျက်နှာမှာ လိပ်စာအချို့ရှိ၏။

နောက် ... နေ့စွဲအလိုက် ခပ်တိုတိုလေး ရေးမှတ်ထားတာတွေကို တွေ့ရသည်။

ပန်းရဂုံမှာ ကြီးညိုတို့ ကြီးယဉ်တို့၏ ခပ်တင်းတင်းဖြင့် ကင်းအောင်နေတတ်ကြသည့် ဆက်ဆံမှုများ။ နောက် ဘွားနှင့်ပတ်သက်၍ ရေးသားထားမှုများ။

စိုးစိုးနှင့် စွန်လွှတ်ခဲ့တာတွေ။ မုန့်ဝယ်စားတာတွေ။

အားလုံးသည် ရိုးရိုးစင်းစင်းနှင့် ဖြူဖြူစင်စင်တွေသာ။

စိုးစိုးနှင့်ပတ်သက်၍ ချစ်သူနှစ်ယောက်အဖြစ်သွားလာတာမျိုး ရေးသားထားတာမျိုးလည်း ရှိမနေ။



တစ်မျက်နှာသို့ရောက်တော့ သူ စိတ်ထဲ ထိတ်ခနဲဖြစ်၏။

ဘွားက မိဆယ်ကို မေးတယ်။ စိုးစိုးနဲ့ ချစ်နေသလားတဲ့။ မိဆယ်နဲ့ စိုးစိုးတို့က သူငယ်ချင်းတွေပဲ။ မိဆယ် ပြန်ဖြေရတာပေါ့။ မိဆယ်နဲ့ စိုးစိုး ဘာမှ မဖြစ်ပါဘူးလို့။

အဲဒီတော့ ဘွားက ပြောတယ်၊ မိဆယ်ကို လူတစ်ယောက်နဲ့ စေ့စပ်ပေးချင်တယ်တဲ့၊ အကယ်၍ မိဆယ်မှာ ချစ်သူမရှိဘူးဆိုရင်ပေါ့တဲ့၊ မိဆယ်နဲ့ စိုးစိုးတို့ ချစ်သူတွေဆိုရင်တော့ ဘွားက သဘောတူပါတယ်တဲ့၊ အကယ်၍ မဟုတ်ကြဘူးဆိုရင်တော့ ဘွား စေ့စပ်ပေးလိုတဲ့သူဟာ တကယ် သင့်လျော်တဲ့လူမို့ ဘွားနောက်ဆံမတင်းရအောင် မိဆယ် လက်ခံစေချင်တယ်တဲ့ ...

ဘွားကို မိဆယ် ချစ်တယ်၊ စိတ်ချမ်းသာစေချင်တယ်၊ မိဆယ်ကြောင့် ရင်မအေးရတဲ့ဘဝမျိုးကို မဖြစ်စေချင်ဘူး၊ မိဆယ် ခေါင်းညိတ်လိုက်ပါတယ် ...

ဘယ်သူနဲ့ စေ့စပ်ရမယ်ဆိုတာ မိဆယ် မမေးချင်ပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ်ပါ၊ ဘွားကိုချစ်တဲ့ မြေးတစ်ယောက်မို့ မိဆယ် ခေါင်းညိတ်ဖို့ဆုံးဖြတ်ထားပြီးပြီပဲလေ။

ဒိုင်ယာရီကို သူဖတ်နေရင်းမှ နောင်တသည် ဦးစွာနှလုံးအိမ်ကို နှိပ်စက်ချေပြီတည့်။

သူ ... သူ အမှားကြီးမှားခဲ့ချေပြီတကား။

မိဆယ်နှင့် စိုးစိုးသည် ချစ်သူတွေမှ မဖြစ်ခဲ့ချေဘဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စိုးစိုး၏ ကဗျာက ဘယ့်နယ်လုပ်၍ မိဆယ်ထံမှာ ရှိနေရပါသလဲ။

ရင်ထဲမှာ ရှုပ်ထွေးစွာ နားမလည်နိုင်ရပါသည့်အဖြစ်။

နောက်တစ်နေ့ကို သူ ဆက်ဖတ်ဖြစ်ပါ၏။

မိဆယ် စေ့စပ်ရမယ့်သူက ကိုကြီး ဖြစ်နေတာကို ဒီညနေမှ မိဆယ် သိရတယ်၊ ဘွားရယ် ... ဘွားသီရိရယ်၊ ကိုကြီးရယ်၊ ပြီးတော့ မိဆယ်ရယ်၊ ဒီလေးယောက်ပဲရှိတဲ့ ဘွားရဲ့အခန်းထဲမှာ ကိုကြီးက မိဆယ်ကို စေ့စပ်လက်စွပ်လေး ဝတ်ပေးတယ်၊ မိဆယ်ကလည်း ကိုကြီးကို ဘွားစီမံပေးတဲ့အတိုင်းပဲ စေ့စပ်လက်စွပ်လေး ဘွားဆီကယူပြီး ဝတ်ပေးရတယ်၊ ကိုကြီးက မိဆယ်ကို ချစ်မြတ်နိုးတယ်တဲ့လေ။

မိဆယ် အံ့ဩမိတာ။

မိဆယ်ကျတော့ ဘွား စိတ်ချမ်းသာအောင် လက်ခံရတာမို့ ရင်ထဲမှာ ကိုကြီးကို ချစ်မိနေလားမချစ်ဘူးလားဆိုတာ မဖြေတတ်၊ နားမလည်တတ်သလိုပါပဲ။

သူ အလောတကြီးပင် နောက်ရက်တွေကို ဆက်ဖတ်ခဲ့ရပါပြီ။

မိဆယ်သည် သူ့ကို စေ့စပ်ကြောင်းလမ်းခြင်း လက်ခံခဲ့ရသည့်နေ့မှာ အချစ်ဆိုတာကို နားမလည်နိုင်သေးသည့် တကယ့်ရိုးစင်းလွန်းစွာရှိနေပါသည့် ကလေးတစ်ယောက်နှယ်သာတည့်။ လူတစ်ယောက်ကို ချစ်မှန်း မချစ်မှန်း မခွဲခြားတတ်စွာဖြင့်ပဲ စေ့စပ်မှုကို လက်ခံပေးလိုက်ရသည့် ချာတိတ်မလေး။



မိဆယ်၏ ဒိုင်ယာရီစာမျက်နှာလေးများကို တောက်လျှောက်ကြီး သူ အလောတကြီး ဖတ်မိနေရဆဲ။

မနေ့က သူ မိဆယ်၏ ဒိုင်ယာရီလေးကို ဘာကြောင့် ယူမဖတ်မိခဲ့ရပါသလဲ။

ထိုအတွက် ရင်ထဲမှာ ယူကျုံးမရချင်။

ကိုကြီးနဲ့ စေ့စပ်တဲ့နေ့ဟာ မိဆယ်ရဲ့မွေးနေ့ပွဲလုပ်တဲ့နေ့မို့ စိုးစိုးက မွေးနေ့လက်ဆောင်အဖြစ် နက်ပြာရောင် ကတ္တီပါဘူးလေးထဲမှာ နီလာလက်စွပ်လေးတစ်ကွင်းထည့်ပြီး လက်ဆောင်ပေးတယ်၊ ပြီးတော့ စာအိတ်လေးနဲ့ ကဗျာလေးတစ်ပုဒ်လည်း ထည့်ပေးတယ်၊ ဘုရားရေ ... စိုးစိုးက မိဆယ်ကို ချစ်နေသတဲ့။ မိဆယ် အံ့ဩလိုက်တာ။ မိဆယ် စေ့စပ်တဲ့နေ့မှာမှ စိုးစိုးက သူ့အချစ်ကို ဖွင့်ပြောမိရတဲ့အတွက် မိဆယ်ကို ဖုန်းဆက်ပြီး တောင်းပန်ခဲ့တယ်။

မိဆယ်လေ ... စိုးစိုးကို အစ်ကိုတစ်ယောက်လိုပဲ ချစ်တာ။ ငယ်ပေါင်းဖော် သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်တာ။ သံယောဇဉ်ကြီးတာ။

ဒါပေမဲ့ ခုလို စိုးစိုး စိတ်ဆင်းရဲရရှာတာကိုတော့ ငယ်သံယောဇဉ်စိတ်နဲ့ မိဆယ်ရင်ထဲမှာ မကောင်းဘူး။ စိုးစိုး မိဆယ်ကို တကယ်ချစ်မြတ်နိုးတယ်ဆိုတာလည်း မိဆယ် ယုံပါတယ်။ ဒါပေမဲ့ မိဆယ်က အစ်ကိုလိုပဲချစ်တာ။

စိုးစိုးပေးတဲ့ လက်စွပ်လေးနဲ့ ကဗျာလေးကိုတော့ စိုးစိုးရဲ့မေတ္တာကို နားလည်တဲ့အနေနဲ့ မိဆယ် သိမ်းထားဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်တယ်။ စိုးစိုးကို မိဆယ် ချစ်သလို မချစ်နိုင်ပေမယ့်၊ စိုးစိုးရဲ့သံယောဇဉ်ရယ်၊ မိဆယ်ရဲ့ ငယ်သံယောဇဉ်ရယ်ကြောင့် စိုးစိုးရဲ့ကဗျာလေးကို မဆုတ်ပစ်ရက်နိုင်ဘူး၊ လက်စွပ်လေးကို မပစ်လိုက်ရက်နိုင်ဘူး။

စိုးစိုးက အထီးကျန် မိဆယ်ရဲ့ အဖော်အဖြစ် ငယ်ကတည်းက ရှိခဲ့တဲ့ သံယောဇဉ် ငယ်ပေါင်းဖော်ပဲလေ။

သူ ရင်တွေ ယောက်ယက်ခတ်လိုက်ဆူနေပြီ။

ကမန်းကတန်း ဒိုင်ယာရီကို ဆက်ဖတ်ရင်းမှ ...

"ကိုကြီးတော့ဖြင့် အမှားကြီးမှားနေပါပေါ့လား၊ မှားခဲ့ပါပေါ့လား မိဆယ်ရယ် ..."

ဟု တွေးနေမိရပါ၏။ သူ့လက်တွေ တုန်နေကြတာကို မိမိဘာသာ တွေ့မြင်နေရပါသည့်အဖြစ်။

ကိုကြီးက မိဆယ်ကို ကဗျာလေးတစ်ပုဒ် ပြတယ်။ မိဆယ်ကို ဘယ်ထိ ချစ်မြတ်နိုးတယ်ဆိုတာ မိဆယ် သိရတဲ့နေ့ပါပဲ။

ကိုကြီးရဲ့ ကဗျာလေးထဲက စာသားလေးတွေက အရမ်းနူးညံ့တယ်။ ဘယ်ထိချစ်တယ်ဆိုတာကိုလည်း မိဆယ်ကို ပြန်ပြောပြနေသလိုပါပဲ။

မိဆယ်ကို မြင်မြင်ချင်း ချစ်ခဲ့တာကိုတော့ ကိုကြီး မိဆယ်ကို လက်ထပ်ရတဲ့နေ့ကတည်းက ပြောပြခဲ့ရှာတာပါ။

ကဗျာလေးကို သည်နေ့မှပြတာ။ ပြဖို့ ကိုကြီး ရှက်နေတာလေးက အပြစ်ကင်းတဲ့ ကလေးတစ်ယောက်လိုပါပဲ။



မိဆယ်တစ်ယောက်တည်းကိုပဲ ချစ်တဲ့ ကိုကြီးရဲ့ သစ္စာကို တိုင်တည်ပြီး ဆုတောင်းချင်တယ်တဲ့။

မိဆယ်က ကိုကြီးကို ပြန်ချစ်မိပါစေသားရယ်လို့ ဆုတောင်းချင်တယ်တဲ့လေ။

တကယ်ပါပဲ ကိုကြီးရယ်။

ကိုကြီးရဲ့ သစ္စာတည်တဲ့အချစ်ကြောင့်ပဲ ဖြစ်မှာပါ။

မိဆယ်လေ ... ကိုကြီးကို ပြန်ချစ်မိပါတယ်။ ချစ်မိရပါပြီ ကိုကြီးရယ်။

သူ ... သူ မျက်ရည်များ ဝဲလာလျက် သူ အဘယ်မျှထိ ညံ့ဖျင်းခဲ့ပြီဆိုတာ နားလည်နေမိရပါပြီ။

ယူကျုံးမရစွာဖြင့် ဒိုင်ယာရီကို ငုံ့မိုးစိုက်ကြည့်ရင်း ရင်ထဲမှာ မိဆယ်ကို ဘယ်လိုက်ရှာရမှန်းမသိဘဲ အရူးကြီးလို ဖြစ်လာနေရပြီ။

မိဆယ် မြတ်နိုးစွာဖြင့် ကူးယူထားပါသည့် ကဗျာလေးကိုလည်း ဒိုင်ယာရီထဲမှာ မျက်တောင်မခတ် သူ စိုက်ကြည့်နေမိရပါ၏။

မနေ့က သူ ဒေါသဖြင့် နာနာကြည်းကြည်းဆုတ်ပစ်ခဲ့သော ကဗျာလေးသည် ရှိမနေတော့။ ဒါပေမဲ့ ... ထိုကဗျာစာရွက်လေးကို သူ ပေးခဲ့စဉ်တုန်းက ...

သူ မသိအောင် မိဆယ်လေး ဤဒိုင်ယာရီမှာ ကူးထားချေသည်မို့ သူ ငုံ့မိုးဖတ်ကြည့်နေမိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**တစ်ယောက်တည်းသာ၊ ချစ်မိပါသည်၊**
**ငါ၏အချစ်၊ သစ္စာဖြစ်သော်ဝ်**
**ဆင်းလှတော်ဝင်၊ လှသခင်သည်**
**ရင်မှာတည်သည့်၊ သူ၏အချစ်**
**တုံ့ပြန်လှစ်ကာ၊ ချစ်မိပါစေ**
**ချစ်မိစေသား၊ သစ္စာထားမည် ...**
**ချော် ... ချစ်မိစေသား သစ္စာထားမည်။**

ဟု သူ အဆုံးသတ်ရေးထားပါသည့် ကဗျာလေး။

သူ တိုင်တည်ခဲ့သော သစ္စာချစ်ကြောင့် မိဆယ်သည် သူ့ကို ပြန်ချစ်ခဲ့ပါ၏။

"ကိုကြီးရဲ့ဆုတောင်း ပြည့်ပါတယ် ကိုကြီးရယ်"

ဟု ကဗျာလေးကို မိဆယ် ဖတ်ရသည့်နေ့က၊ ခပ်တိုးတိုးလေး ဖြေခဲ့တာကို ဘာကြောင့် မနေ့ကပြန်၍ သတိမရနိုင်ခဲ့ရပါသတဲ့လဲ။

ထိုဖြေသည့်နေ့က သူ အရမ်းပျော်လျက် မိဆယ်လေးကို မြတ်နိုးစွာ နမ်းခဲ့တာ၊ ပျော်ခဲ့တာတွေကို ဘာကြောင့် မနေ့က သူ သတိမရနိုင်ခဲ့ရပါသတဲ့လဲ။

သူသည် အဘယ်မျှထိ ဝန်တိုစိတ်၏ စေစားမှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိခဲ့ပါသလဲ။

ချစ်ဓာကြီးသည့်စိတ်ဖြင့် ဝန်တိုစိတ် အုပ်မိုးနေသမျှ မဆင်ခြင်စွာပဲ မိဆယ်ကို ပြင်းထန်သော စကားလုံးများဖြင့် စွပ်စွဲပြောဆိုခဲ့မိသည်အထိ သူ ညံ့ဖျင်းခဲ့သည်ပဲ။

စာအုပ်ကို သူ ဆုံးအောင် ဆက်မဖတ်နိုင်တော့။



မနေ့က သူ ပြောခဲ့သမျှတွေအပေါ် မိဆယ် မည်သို့ ခံစားပြီး ရေးသားထားချေမည်ဆိုတာကိုလည်း ဆက်မဖတ်ရဲတော့။

စာအုပ်ကို ပိတ်ပစ်လိုက်ကာ ဗီရိုအံဆွဲတွင်းသို့ထည့်လိုက်မိရင်းမှ ကတ္တီပါဘူးပြားလေးတစ်ဘူး အံဆွဲထောင့်မှာ ရှိနေတာကိုမြင်၏။ စိုးစိုးပေးသော လက်စွပ်လေးထည့်ထားရာ ဘူးလေးပဲ ဖြစ်မည်။

ယခုကျတော့ ထိုဘူးကို မြင်နေရသည့်တိုင် ရင်ထဲမှာ ဝန်တိုစိတ်မရှိ။

မိဆယ်အတွက်ပဲ စိတ်ပူနေသည်။ မိဆယ်ကိုပဲ တွေ့ချင်နေသည်။ မြရိပ်ငြိမ်မှ မိဆယ် ထွက်သွားပြီဟု နားလည်နေမိရလျက် အရူးတစ်ယောက်လိုပဲ အိမ်ပေါ်မှ ပြန်ပြေးဆင်းမိရပါ၏။

သူပေးထားသည့် ယွန်းသေတ္တာငယ်လေးများသည် လက်ရာခြေရာမပျက်ရှိနေ ကျန်ရစ်ခဲ့သည်မို့ ဘာလက်ဝတ်ရတနာကိုမှ မိဆယ် မယူဘဲ သော့တွဲကိုပါ ထားရစ်ခဲ့ကာ တစ်နေရာသို့ ထွက်သွားပြီဆိုတာကို နားလည်နေမိရပါပြီ။

ကမန်းကတန်း ကားပေါ်သို့ သူ တက်သည်။

စက်နှိုးမောင်းထွက်ခဲ့ပေမယ့် ဘယ်ကို လိုက်ရမှန်းမသိ။

ခေါင်းတွေ နောက်နေလျက် ဒေါင်းတောက်အောင် စိတ်ပူနေမိတာတွေပဲ ရှိနေသည်။ စိတ်ပေါက်ပေါက်နှင့် စိတ်လိုက်မာန်ပါ တစ်နေရာမှာ ဆေးတွေ ဘာတွေသောက်ပြီး သေကြောင်းကြံလိုက်လျှင် သူ ဘယ့်နှယ်လုပ်ရမည်တဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ငါ သေလိုက်တာပဲ ကောင်းမယ်၊ ဒီလောက် ညံ့တဲ့ကောင် ... သေလိုက်"

မအီမချင့်ကြီး အပြစ်ဖို့နေမိသည်ကလည်း ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်နေ၏။

ခေါင်းက တောက်လျှောက် အလုပ်လုပ်နေသည်။ တစ်ကိုယ်လုံး ထုံပူနေ၏။

မိဆယ် ဘယ်မှာရှိနေနိုင်မည်လဲ။

မနက်က အရမ်းကို အေးစက်စွာ သူ့ကိုကြည့်ခဲ့သည့် မိဆယ်၏ မာနမျက်ဝန်းလေးများကို ပြန်၍ မြင်မိသည်။

ဤမျှ တည်ငြိမ်သည့် မာနကြီးသော ကောင်မလေးသည် သေကြောင်းကြံသည့် ညံ့ဖျင်းမိုက်မဲမည့် ကောင်မလေးမျိုးတော့ မဖြစ်နိုင်။

တစ်နေရာကို သွားဖို့တော့ ဆုံးဖြတ်ထားနှင့်ပြီးသည့် အသွင်မျိုးဖြင့် တည်ငြိမ်လွန်းခဲ့တာကိုတော့ ခုမှ လာပြီး သတိထားနေမိသည်။

သူကလည်း သူပါပဲလေ။ မိဆယ်ထက်ကြီးပါလျက်နှင့် ကလေးဆိုးကြီးနှယ် သဝန်တိုစိတ်ဖြင့် စကားပင် ဟဟမပြောခဲ့အောင် ကြီးကျယ်နေမိခဲ့သည်ကိုး။

ယခုကျတော့ မိဆယ်ကို ဘယ်လိုက်ခေါ်ရမှန်းမသိ။

မိဆယ် မရှိဘဲလည်း နေနိုင်တာမဟုတ်။ ခုကျတော့ အရူးနှယ် ဆောက်တည်ရာမဲ့ဖြစ်နေသည်။

ပန်းရုံနှင့် ပဒုမ္မာကလွဲ၍ မိဆယ် ဘယ်ကိုမှ သွားလာတတ်တာမျိုးမရှိ။



ခု ... ဟိုမှာလည်း ရှိမနေ။

နောက်ကျိနေသော ရင်ဖြင့် ခေါင်းတွေဆူလာခိုက် ဖျတ်ခနဲ အသိတစ်ခုဝင်၏။

ရုတ်ခနဲမျှော်လင့်စိတ်ဖြင့် ကမန်းကတန်းပဲ ကားကို အရှိန်မြှင့်မောင်းမိလိုက်ရပါပြီ။

ချစ်ရလွန်းစိတ်ဖြင့် တုနှိုင်းမရအောင် ပူပင်ရပါသည် ညောာ မိဆယ်ရယ်။ မိဆယ် သူ့ကို ခွင့်လွှတ်တန် ခွင့်လွှတ်ကောင်းရဲ့ဟု မဝံ့မရဲဖြင့် ...

မျှော်လင့်ချင်သည်ကိုက ...

မိဆယ်ကို ချစ်ရလွန်းသည့်စိတ်ဖြင့်ပါ။ မခွဲနိုင်သည့်စိတ်ဖြင့်ပါ။

✿ ❤ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

သူ တစ်ခါက မိဆယ်ကို လိုက်ပို့ပေးခဲ့ဖူးသော ဦးကြီးဒေါင်း၏အိမ်ရှေ့မှာ မာစီးဒီးကားကို ထိုးရပ်ပြီးတာနှင့် ဘယ်လိုမှ ဟန်ဆောင်မရနိုင်စွာပဲ စိုးရိမ်ဇောဖြင့် အိမ်ပေါ်သို့ ခြေလှမ်းကျဲကြီးနှင့် တက်မိရပါ၏။

ဤနေရာတွင်မှ မိဆယ်ကို မတွေ့ရလျှင်ဖြင့် ဘယ်သို့ လိုက်ရမှန်းပင် မသိနိုင်တော့။

ညှော့ခန်းငယ်လေးသည် လူသူရှင်းနေ၏။

ထိုအခိုက်မှာပဲ သူ့ကားသံကြောင့်ရော၊ အိမ်ပေါ် တက်လာသည့် ခြေသံကြောင့်ရော ဖြစ်ချေမည်ထင့်။ ညှော့ခန်းသို့ ဦးကြီးဒေါင်း နောက်ဖေးခန်းမှ ထွက်လာ၏။

သူ့ကိုတွေ့တော့ တစ်ချက် အကဲခတ်သလို ကြည့် သည်။

မျက်စိမျက်နှာ အပျက်ကြီးပျက်လျက်ဖြင့် သူ အလောတကြီးပင် မေးမိလိုက်ရပါပြီ။



"မိဆယ် ... ရှိနေလား ဦးကြီးဒေါင်း ... ဟင် ... မိဆယ် ကို၊ ကျွန်တော် ပြန်ခေါ်မှဖြစ်မှာ၊ ပြန်ခေါ်ဖို့လာတာပါ"

ဟု ပြောတော့ ဦးကြီးဒေါင်း တစ်ချက်ကြည့်သည်။

ဒေါ်ကြီးမြမေလည်း နောက်ဘက်အခန်းမှ ထွက်လာ ပါ၏။ ဒါပေမဲ့ ... သူ၏မိဆယ်လေးကိုတော့ မတွေ့ရ။ ရင်ထဲမှာ မုန်တိုင်းနှယ် မွှေနေရပြီ။ ဤနေရာလေးမှာ မိဆယ် ရှိမနေပြီလား။ မရှိပြီတဲ့လား။

"အင်း ... လောင်မြိုက်တဲ့သဘောကိုဆောင်တဲ့၊ ဒိဝန်တို ခြင်းမီးကို အချိန်မီ ငြိမ်းသတ်နိုင်ခဲ့တဲ့အတွက်၊ တော်ပါသေး ရဲ့ မောင်ရင်ရယ်၊ ကဲ ကဲ ... နောင်ကို မဖြစ်စေနဲ့၊ မိဆယ် သမီးလေး၊ လိုက်သွားပါကွယ်၊ မောင်ကိုကို လိုက်လာမင့်ဟာ၊ သူ့ခများ၊ ပူပန်တကြီးလာတာပါ ကလေး ရယ်"

ဟု တစ်ဖက်ခန်းဘက်ကိုကြည့်၍ ခေါ်တာနှင့် သူ ဘယ်လိုမှ ဟန်မလုပ်နိုင်ဘဲ အခန်းထဲ ဇွတ်ကြီးဝင်ချသွားမိရပါ ပြီ။ မိဆယ်လေးရှိနေပြီဆိုသည့် အသိဖြင့်ပင် ရင်သည် အဆမတန် ခုန်နေလျက် တစ်ထစ်တော့ အေးသွားရသည်ပါပဲ။

မိဆယ်လေး ခွင့်မလွှတ်မှာကို ကြောက်၍ ရင်ဟွေ မတန်တဆကြီး ခုန်နေတာက သတ်သတ်။

မိဆယ်လေး ရှိနေပြီဆိုတာ သိရ၍ ရင်တစ်ချက် အေးသွားရသည်က သတ်သတ်။

အခန်းလေးမှာ မိဆယ်သည် ငြိမ်ငြိမ်သက်သက်ပင် အခန်းထောင့်မှာ ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက် မျက်ဝန်းလေးများဖြင့်ပင် သူ့ကို ငြိမ်ငြိမ်သက်သက်လေး ကြည့်နေသည်။

သူ ... မိဆယ်၏ဘေးမှာ ဒူးတစ်ဖက်ထောက်ပုံစံဖြင့် ထိုင်ချလိုက်ပြီး မိဆယ်၏လက်ကို မလွှတ်တမ်း ထွေးဆုပ်ကာ ...

"စိတ်ထဲကျေတာ မကျေတာ၊ ဘေးဖယ်ထား မိဆယ်၊ မကျေနပ်တာရှိလည်း၊ မကျေနပ်နဲ့၊ စိတ်ဆိုးချင်လည်း စိတ်ဆိုး၊ ကိုကြီးကို စကားမပြောဘဲ လောလောဆယ်နေချင်လည်းနေ၊ စိတ်နာနာနဲ့ အထင်သေးချင်လည်းသေး၊ မိဆယ် သဘော၊ ဒါပေမဲ့ မိဆယ် ဒီမှာနေလို့မရဘူး၊ ကိုကြီးနဲ့ လိုက်ကိုလိုက်ခဲ့ရမယ်၊ မြရိပ်ငြိမ်မှာ မိဆယ်မရှိဘဲ ကိုကြီး ဘယ်လိုမှ မနေတတ်ဘူး၊ အဲဒါ ကြပ်ကြပ်သိထားဖို့လိုတယ်"

ဟု ပြောပြီး မိဆယ် ဆောင့်ရုန်းနေသည့် လက်ကို မလွှတ်ဘဲ ကောက်ခနဲ ပွေ့ချီ၍ ခေါ်ချသွားတော့ မိဆယ် ထု ရိုက်ရင်းမှ ...

"ဘာလာလုပ်တာလဲ၊ အဓိပ္ပာယ်မရှိတာတွေ မလုပ်ပါနဲ့၊ မိဆယ် မလိုက်ဘူး၊ မိဆယ်ရဲ့သိက္ခာကို ထိပါးတဲ့ရွာ နောက်ကို မိဆယ် မလိုက်ဘူး"

ဟု ပြောနေပေမယ့် သူ မလွှတ်။ ချော့ပြော၍လည်း ရမှာမဟုတ်တာကို သူ နားလည်သည်။ ဒါကြောင့် ... ပွေ့ချီ ချသွားသည့်နည်းကိုပဲ သူ ရွေးရ၏။ ဒါမှ အချိန်တိုအတွင်း မြရိပ်ငြိမ်သို့ သူ မိဆယ်ကို ပြန်ခေါ်သွားနိုင်မည်လေ။



ပြောပြ၊ ရှင်းပြ၊ ချော့မော့ရန့်င် ဦးကြီးဒေါင်းအိမ်မှာ အချိန်ကုန် ကြာနေမှာထက်၊ အမြန်ဆုံး မိဆယ်ကို သူ့အရိပ်မှာ ပြန်ခေါ်ထားဖို့ အရေးကြီးသည် မဟုတ်ပါလား။ ဦးကြီးဒေါင်းကို တောင်းပန်သလို၊ ခွင့်တောင်းသလိုဖြင့် သူကြည့်တော့ လူကြီးမို့ထင့်။ ကြည့်ရမှာ အားနာသလို တစ်ဖက်ကို မသိမသာ မျက်နှာလွှဲ၍၊ ပြုံးချင်နေသမျှ ထိန်းရင်းဖြင့် ...

"လိုက်သွား မိဆယ် ... လိုက်သွား"

ဟု ပြောရှာသည်ပါပဲ။ ဒေါ်ကြီးမြမေကတော့ မိန်းမသားပီပီ၊ အိမ်ထောင်တစ်ခု ပြန်အဆင်ပြေ ရင်ကြားစေ့တာကို ဝမ်းသာနေဟန်တူသည်။

BURMESE CLASSIC .com

ကားတံခါးကို သူ ဖွင့်ဖို့ခက်နေတော့ ဦးကြီးဒေါင်း လာကူဖွင့်ပေးရှာ၏။

မိဆယ်က ခြေကန်ရုန်းနေတော့ ကားတံခါးကို ဘယ်လိုမှ ဖွင့်မရနိုင်ဘဲ ဖြစ်နေရသည်ကိုး။ ဘေးမှလူတွေ ကြည့်နေမှာကို သူ မရှက်နိုင်။ စိတ်ကြီးသည့် ဤကောင်မလေးကို ခေါင်ခေါ်သွားဖို့က အရေးကြီးသည်လေ။

"မိဆယ် ... သမီး၊ မဆိုးနဲ့၊ ဦးကြီးဒေါင်း ကိုယ်တိုင် ထည့်ပေးနေတာ လိုက်သွား၊ ကားထဲမှာ ငြိမ်ငြိမ်သက်သက်လိုက်၊ နားမထောင်ရင် ဦးကြီးဒေါင်း စိတ်ဆိုးမှာ"

ဟု ငေါက်သလို တစ်ချက်ပြောတော့ မိဆယ် ဆတ်ခနဲ သူ့ကိုကြည့်သည်။ အရမ်းကို လက်တောက်နေသည့် မျက်နက်ဝန်းလေးများဖြင့် ကြည့်နေခြင်း။ တစ်ခါတုန်းက ထိုမျက်တစ်တစ် အကြည့်လေးကို သူ ချစ်စနိုးဖြစ်စိတ်ဖြင့် မမေ့နိုင်အောင် နှုလမ်းခဲ့မိရသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ထိုရှုစ်တိုက်သည့် အကြည့်လေးကို ချစ်စိတ်ဖြင့် သူ ငုံမိုးကြည့်မိရပါ၏။

တောင်းပန်သလိုလည်း ပြုံးပြရသည်။ သူ ပြုံးပြတာကို မိဆယ် ကြည့်ရပုံမပေါ်။

မျက်စောင်းဖြင့် တုံ့ပြန်၏။ တကယ့် ကလေးဆိုး ကြီးနယ်ပါလားဟု တွေးလျက် သူ ပြုံးကြည့်နေမိရဆဲပါ။

"ဘွားဆီလိုက်ပြီး ရှာမှာစိုးလို့ ဒီမှာ လာနေတဲ့ဥစ္စာ ဒီထိ လိုက်လာတယ်၊ ဘာလို့ လိုက်ရှာနေတာလဲ"

မိဆယ် စွာတော့ သူ ပြုံး၍ကြည့်ရင်း ...

"ဒါဖြင့် ကိုကြီး လိုက်ရှာမယ်ဆိုတာတော့ မိဆယ်လေး သိထားတယ် ဆိုပါတယ်၊ သိရက်နဲ့ လူကြီးစိတ်ပူအောင် ဘာလို့ ထွက်သွားရတာလဲ"

ဟု ချစ်စိတ်ဖြင့် ချော့သလိုပြောတော့ မျက်နှာလေး နီအမ်းနေလျက်မှ ...

"မိဆယ်ကို မြရိပ်ငြိမ်မှာ လှောင်ထားပြီး မျက်နှာထား ကြီးနဲ့ ဆက်ဆံ၊ မိဆယ်ရဲ့သိက္ခာကိုကျတော့ မယုံကြည်တဲ့ အထင်သေးနေနိုင်ဖို့အတွက်ကတော့ မိဆယ်ကို ပြန်ရှာ ဖြစ်မှာမို့ လိုက်ရှာ လိုက်ခေါ်မယ်ဆိုတာ နားလည်ထားလို့ ပြောတာ၊ မိဆယ် မလိုက်ချင်ဘူးလို့ ပြောထားတယ်နော် ခု ... ဦးကြီးဒေါင်း ထည့်လို့ လိုက်ချင်လိုက်ရမှာ၊ ဒါမှ ဘယ်နေ့ဖြစ်ဖြစ် ပြန်ထွက်ပြေးမှာပဲ၊ မြရိပ်ငြိမ်မှာ မနေဘူး မိဆယ်ကို ဘာမှတ်နေလဲ"



ဟု စွာနေခိုက် ဦးကြီးဒေါင်း မျက်ရိပ်ပြသည်။ ကားမောင်းထွက်သွားတော့ ဆိုသည့်သဘော။ သူ ကားတွင်းသို့ ဝင်ကာ စက်နှိုးမောင်းထွက်ခဲ့ပါ၏။

ဦးကြီးဒေါင်း စကားကြောင့် မိဆယ် လိုက်လာပေမယ့် ရင်ထဲမှာ ကျေနပ်နေပုံမရ။

မိဆယ်၏ လက်လေးကို သူ ဆွဲဆုပ်မိတော့ မိဆယ် ငြိမ်မခံ။ ဆောင့်ခနဲ ရုန်း၏။

သူကလည်း မလွှတ်။ ဖွတ်တိုးဆုပ်ကိုင်သည်။

"ချစ်လွန်းလို့ လက်ထပ်ယူထားတာ ဘာမှတ်နေလဲ၊ ကိုကြီး ဘယ်ထိချစ်တယ်ဆိုတာ သိရက်နဲ့ မဆိုးနဲ့"

သူ စိတ်မရှည်သလို တစ်ချက် ဝေါက်ဆတ်ဆတ် ပြောပြီးမှ သက်ပြင်းရှိုက်သည်။

"ကိုကြီး မှားသွားတယ် မိဆယ်ရယ်နော်၊ သိပ်ချစ်တတ်တဲ့ လူတစ်ယောက်ဟာ ချစ်စိတ်ကြောင့် မှားတတ်တာမျိုး ရှိတယ်၊ အဲဒါမျိုးကိုကျတော့ ခွင့်လွှတ်ပေးရတယ် မိဆယ်ရဲ့"

မိဆယ် ပြန်မပြော။ ငြိမ်ငြိမ်သက်သက်ပဲ ထိုင်လျက် ရှေ့တည့်တည့်ကို ကြည့်နေ၏။

"မိဆယ် မရှိတော့ ကိုကြီးဒေါင်း မီးတောက်တာပဲ၊ ပန်းရုံလည်း ရောက်ပြီးပြီ၊ မရှိဘူးဆိုတာသိလို့ စဉ်းစား လိုက်ရတာ၊ ဘယ်မှာရှိမယ်ဆိုတာကိုလေ"

မိဆယ် တစ်ချက် သူ့ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းရဂုံကို ရောက်တယ် ဟုတ်လား၊ ထားပါ၊ ပဒုမ္မာကို ရောက်တာကျတော့ ဘာဖြစ်လို့ ချန်ထားရတာလဲ"

မိဆယ် မေးတော့ သူ ချော့သလို မိဆယ်၏လက်လေးကို ထွေးဆုပ်၍ ...

"မရောက်ပါဘူး"

ဟု လိမ်ပြောမိသည်ကိုက မိဆယ် စိတ်ဆိုးမှာစိုး၍ပါ။

"ပန်းရဂုံကို ရောက်ရက်နဲ့ စိုးစိုးဆီမှာ မိဆယ်ကို မရှာပါဘူးလို့ ပြောရင်ဖြင့် လိမ်မှန်း သိသာလွန်းပါတယ် ကိုကြီးရယ်၊ မိဆယ်မှာ ဦးနှောက်ရှိတယ်၊ တွေးတတ်တယ်"

သူ မချင့်မရဲဖြင့် မိဆယ်၏နဖူးလေးကို ထုပစ်မိရင်းမှ ...

"အဲဒါဆိုလည်း စောစောကလိုပဲ၊ ချစ်စိတ်ကြောင့်မှားတဲ့ အမှားမျိုးမို့ ခွင့်လွှတ်ထိုက်ပါတယ် မိဆယ်ရယ်၊ လိုက်ရှာတယ် ဆိုတာက စိတ်ပူလို့ဆိုတာကို နားလည်ထားဖို့တော့ ကောင်းပါတယ်"

ဟု ပြောပြီး မိဆယ်ကို တောင်းပန်သလို ကြည့်မိရင်းမှ ...

"ကိုကြီးလေ၊ တကယ်ပဲ မိဆယ်လေး တစ်ယောက်တည်းကိုသာ ချစ်တာ၊ ကိုကြီးရဲ့အချစ်ကို သစ္စာတည်ပြီးတော့ ပြောချင်ပါရဲ့ မိဆယ်ရယ်၊ မနေ့က ကိုကြီး မှားခဲ့တဲ့အမှားတွေဟာ မိဆယ်ကို ချစ်ဇောနဲ့ သဝန်ကြောင်မိတာပါ၊ ကိုကြီးလေ မိဆယ်ကို သူများတွေ ကြည့်တာတောင် သိမ်



ခံချင်တာ မဟုတ်ဘူး၊ စိတ်ထားနုတာ မဟုတ်ဘူး မိဆယ်၊ ချစ်လွန်းလို့ ဖြစ်လာတာ မိဆယ်လေးကို စမြင်မြင်ချင်း ချစ်မိတာပါ၊ မိဆယ်ရယ်၊ ဒီတစ်ခါ ခွင့်လွှတ်နော်၊ နောက်ဘယ်တော့မှ မိဆယ်ရဲ့သိက္ခာကို မထိပါးစေရဘူး၊ စိတ်ချ"

အရမ်းကြီး တောင်းပန်နေတာမို့ မိဆယ် တစ်ချက်ငဲ့ကြည့်သည်။ မျက်နှာမကောင်းနိုင်ဘဲ ချော့မော့ပြောနေရှာသည့် ကိုကြီး။

ဦးကြီးခေါင်းအိမ်သို့ ပေါက်ချလာကာ မိဆယ်ကို ခေါ်ခဲ့သည်ကလည်း ပွေ့ချီပြီး မလွှတ်တမ်းရအောင် ပြန်ခေါ်ခဲ့ရသည့် တစ်ဇွတ်ထိုး တခောက်ကန်းပုံကြီးဖြင့် မဟုတ်ပါလား။

"မိဆယ် ကိုကြီးကို ချစ်တယ်ဆိုတာလည်း ကိုကြီး သိပါတယ်"

"အံမယ် ... ကိုယ့်ကိုစွ ကိုယ်ရှင်းပါ၊ မိဆယ်ကို ဆွဲမထည့်ပါနဲ့"

ဟု ပြောတော့ သူ ရယ်မိသည်။ မိဆယ်၏လက်လေးကို မလွှတ်နိုင်စွာပဲ ဆုပ်ကိုင်ထားလျက်မှ ...

"ဘယ့်နှယ် မပြောရမှာလဲ၊ မိဆယ်က ကိုကြီးရဲ့မိန်းမပဲ၊ ကိုကြီးရဲ့ကဗျာလေးကို မိဆယ် ပြန်ကူးထားတာပဲဥစ္စာ"

မိဆယ် တစ်ချက် သူ့ကိုကြည့်ပြီး မျက်နှာလေးကို မဲ့ပစ်ကာ ...

"ဒါနဲ့များ မိဆယ် အခန်းထဲ တစ်သက်မဝင်တော့ဘူး၊ ဘာညာနဲ့ လေသံကြီးကဖြင့်ကြီးပါ၊ ခုကျတော့ မိဆယ်ဒိုင်ယာရီ ခိုးဖတ်ခဲ့ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူပြီး ပစ္စည်းတွေ ဝင်မွှေပြီး သဲလွန်စ ရှာရတာပါ မိဆယ်ရယ်၊ ဘာလေးများ ခြေရာကောက်နိုင်အောင် ချန်ထားရစ်ခဲ့မလဲ ဆိုပြီးတော့ပေါ့"

ဟု ပြောနေစဉ်ခိုက်မှာပဲ ကားလေးက မြရိပ်ငြိမ်သို့ ဝင်လာပါပြီ။ ပေါ်တီကိုအောက်မှာ ကားကို ထိုးရပ်ပြီးတာနှင့် မိဆယ်၏ လက်ကလေးကို မလွှတ်သေးဘဲ ကားထဲမှ ဆွဲခေါ်ကာ အပေါ်ထပ်သို့ မိဆယ်၏ကိုယ်လေးကို မြှောက်ခနဲပါအောင် ပွေ့ဝင်၍ တောက်လျှောက်တက်ခဲ့ပါ၏။

မြရိပ်ငြိမ်မှာ ဘယ်သူပဲကြည့်ကြည့် သူ အရေးမစိုက်။ ဦးကြီးခေါင်း အိမ်မှာပင် သူ ဤသို့ မိဆယ်လေးကို ရအောင်ခေါ်ခဲ့သည်ပဲလေ။

အခန်းထဲရောက်တော့ မိဆယ်၏ကိုယ်လေးကို ဆိုဖာရှည်ကြီးထက်မှာ ထိုင်စေကာ ဒေါးမှာကပ်၍ ထိုင်လိုက်ရင်း ရင်ခွင်ထဲ မိဆယ်၏ကိုယ်လေးကို တင်းခနဲနေအောင် ပွေ့ဝင်ထားမိလိုက်ရပါပြီ။

"ဒီည ဘွားသီရိဆီက ဆူတဲ့ဖုန်း မဝင်ဖြစ်တာ ကိုကြီးကံကောင်းသွားတာ မိဆယ်ရဲ့။ ဒေါ်စိန်က မိဆယ်ပြန်မပါဘဲ ကိုကြီးတစ်ယောက်တည်းသာ ငှငိုင်ငိုင်နဲ့ ပြန်လာလို့ဖြင့် ဘွားသီရိကို တန်းသတင်းပို့မှာ၊ ဘွားသီရိက ဖုန်းနဲ့လှမ်းမေးမှာ၊ မိဆယ် မရှိကတည်းက ဒေါ်စိန်က ပတ်ချောင်းနေတာဗျ၊ ကိုကြီး မျက်နှာရိပ်ကိုလေ"

"အမယ် ... ဘွားသီရိဆူမှာစိုးလို့ ရအောင်ရှာခေါ်လာတာပေါ့လေ"



"ဟော ... ပြောရင်း ဆိုရင်း ကောက်တေး ဖြစ်ပြန်ပြီကွာ၊ ကိုကြီးကိုကြည့် ညစာ မစားရသေးဘူး၊ အလုပ်ကပြန် မိဆယ်ကို ကျောင်းမှာဝင်ကြို မရှိတော့ စိတ်ပူပြီး ဟိုရှာဒီရှာ ဘယ်လောက် ပင်ပန်းတယ်မှတ်လဲ၊ မယားဓောက်ပြီး ထမင်းမေ့ ဟင်းမေ့ ဖြစ်နေတာ"

"မိဆယ်ကတော့ ကိုကြီးကို မကျေနပ်ဘူး"

"ဘာလုပ်လုပ် ရတယ်၊ ထွက်မသွားရင် ပြီးရော"

ဟုပြောတော့ စိတ်ရှည်နေသည့် ကိုကြီးကို မိဆယ်တစ်ချက် အကဲခတ်သလို ကြည့်၏။ တကယ်ပဲ ကိုကြီးမှာ စိတ်ပန်းကိုယ်ပန်း ဖြစ်နေသည့် အသွင်ဖြင့်ပါ။

ဒါပေမဲ့ မိဆယ် ရှိနေတာမို့ အရမ်းပျော်နေမှန်းတော့ ကိုကြီး၏ ကြည်စင်နေသော အပျော်မျက်ဝန်းများဖြင့် နားလည်လိုက်မိရသည်ပါပဲ။

"ကိုကြီးကတော့ ကိုကြီးရဲ့အချစ်နဲ့ သစ္စာကို ယုံတယ်၊ အဲဒီအချစ်နဲ့ သစ္စာကြောင့် မိဆယ် ကိုကြီးကို နားလည်ခွင့်လွှတ်နိုင်မှာပါ၊ ကိုကြီး မိဆယ်ကို ဘယ်ထိချစ်လဲဆိုတာ အခုပြမယ်"

ဟု ပြောပြီး စာရေးစားပွဲထက်မှ စာရေးစက္ကူနှင့် ဘောလ်ပင်ကိုယူသည်။

ရှေ့မှ ဆက်တီစားပွဲမှာ သူ ချရေးလိုက်သည့်အသူ၏ နှလုံးအိမ်တွင်းမှ ကဗျာလေးတစ်ပုဒ်သာတည်း။

သူ ရေးနေသမျှကို မိဆယ် ငြိမ်သက်စွာ လိုက်ဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရဲ့ရင်ထဲမှာ ... ကိုကြီးရဲ့မိဆယ်လေးကို ချစ်တဲ့ အချစ်တွေ ရှိနေတာမို့ ဒီသစ္စာတိုင်ကဗျာလေးဟာ အမြဲရှိနေတယ်၊ ဒါကြောင့် ကိုကြီး ချက်ချင်း ပြန်ရေးနိုင်တယ်၊ မနေ့က ကိုကြီး ကဗျာလေးကို ဆုတ်ပစ်မိခဲ့တယ်၊ အခု အဲဒီကဗျာလေးကို ပြန်ရေးပြပါပြီ မိဆယ်ရယ်၊ ကိုကြီး ချစ်လွန်းတာကိုထောက်ပြီး၊ မိဆယ် ကိုကြီးကို ခွင့်လွှတ်ပေးနော်၊ မိဆယ်လည်း ကိုကြီးကို ချစ်နေတာပဲ ဥစ္စာ"

ချော့လည်းချော့။ တောင်းလည်း တောင်းပန်။

ချစ်စနိုးလေးလည်း စကားအပိတ်မှာ ထည့်ပြောတော့ မိဆယ် သူ့ပခုံးကိုထု၏။

"အဲဒါ ထည့်မပြောနဲ့လေ၊ ကိုကြီးကိစ္စ ကိုကြီးရှင်းပါဆိုမှ မိဆယ်ကို ဆွဲမထည့်နဲ့"

"ဟောဗျာ ... နို့ မိဆယ်က ချစ်နေတဲ့ဥစ္စာ၊ ငြင်းလို့ရတာမှ မဟုတ်တာဘဲ"

သူ ရယ်လျက်ပြောပြီး မိဆယ်၏ ကိုယ်လေးကို ထွေးပွေ့ကာ မျက်နှာလေးကို ရင်မှာဖေးကပ်ထားလျက် ခေါင်းလေးကို လက်ဖြင့်အုပ်မိုး သိမ်းမွေ့ယူထားမိလိုက်ရသည်ပါပဲ။

"ချစ်လိုက်ရတာ မိဆယ်လေးရယ်"

မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်ပင့်မော့စေကာ ခပ်ညည်းညည်း သူ ပြောမိရင်းမှ ပါးပြင်နုနုထက်သို့ သိမ်မွေ့မြတ်နိုးစွာ ငုံ့ငုံ့မိုးမိုး နမ်းရှိုက်လိုက်မိရပါပြီ။

"ကိုကြီးကို စိတ်နာတာတွေ လွှင့်ပါးပြီး ချစ်မိတဲ့စိတ်တွေ ဖြစ်လာဖို့ ကိုကြီး မိဆယ်ရဲ့နှလုံးအိမ်က အဖြေတစ်ခုကို



ဘယ်လောက်ကြာအောင် ထပ်စောင့်ရဦးမှာလဲ မိဆယ် ... ဟင်းပထမရလိုက်ပြီးပြီဖြစ်တဲ့ အချစ်ကို ကိုကြီးရဲ့အမှားကြောင့် ဆုံးရှုံးလိုက်ရပြီဆိုရင် မိဆယ် ခွင့်လွှတ်နားလည်ပြီး ကိုကြီးရဲ့မပြောင်းလဲနိုင်တဲ့ သစ္စာချစ်အပေါ် ပြန်ချစ်မိလာစေဖို့အတွက် ဘယ်လောက်ကြာအောင် စောင့်ရစောင့်ရ ကိုကြီးစောင့်ပါမယ်"

ဟု ပြောသံတွင် စိတ်ထိခိုက်ခြင်း၏ အငွေ့အသက်များ ယှက်ဖြာပါလာကြသည်ပါပဲ။

ကဗျာလေးကိုလည်း မိဆယ်၏လက်ထဲ ပြန်၍ ကိုကြီး ထည့်ပေးလာသည်။

"မိဆယ် ... သိမ်းထားနော် ..."

ဟုပြောတော့ မိဆယ် ကဗျာလေးကို ငုံ့ဖတ်ကြည့်မိပါ၏။

နောက်တော့ ကိုကြီးကို မော့ကြည့်မိသည်။ တောက်လျှောက် မိဆယ်၏မျက်နှာလေးကိုပဲ အကဲခတ်နိုင်ဖို့ ကြိုးစားအဖြေရှာနေသည့် ကိုကြီး၏မျက်ဝန်းများနှင့် ဆုံသည်။

ကဗျာလေးက ကိုကြီးကို ခွင့်လွှတ်ပေးဖို့ တောင်းပန်နေသည့်နှယ်ပါ။

"ချစ်လွန်းလို့ပါ မိဆယ်ရယ်"

သူ တောင်းပန်သလို ပြောလာတော့ မိဆယ် တစ်ချက် မျက်လွှာချ၏။

နောက် ... စိတ်လေး လျှော့ချလိုက်သလို သက်ပြင်းချလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဟာလေ လုပ်ချင်တာ လုပ်ပြီးရင် အရမ်းပြန်ချော့တော့တာပဲ၊ ဒါ ... နောက်ဆုံး အကြိမ်ပဲနော်၊ နောက်တစ်ခေါက်ဆို မရဘူး၊ ဒါပဲ"

ဟု ပြောလိုက်သံလေးသည် သူ့နှလုံးအိမ်သို့ အပျော်များဖြင့် စိတ်ကူးမျှောလွင့်လျက် မြူးထူးစွာ တိုးဝင်ချေသည်တည့်။

သူ ... ဘယ်လိုမှ ဟန်ဆောင်မရနိုင်စွာပဲ မိဆယ်၏ ကိုယ်လေးကို ရုတ်ခနဲ သိမ်းပွေ့ယူပြီး တင်းနေအောင် ပွေ့ငင်ထားမိရင်းမှ ...

"အို ... မိဆယ်ရယ်၊ ကိုကြီးရဲ့ အချစ်ဆုံးရယ်"

ဟု ခပ်ညည်းညည်းလည်းပြော။ မချင့်မရဲဖြင့်လည်း နမ်းရှိုက်မဝဖြစ်ရလျက် ရင်တွင်းမှ မြတ်နိုးသူလေးကို မလွှတ်တမ်းသာ ထွေးပွေ့ထားမိလိုက်ရပါချေ၏။

ဇီဇဝါပန်းဖြူတို့ဆီမှ မွှေးမြလှိုင်ကြူသည့် ပန်းရနံ့တို့ အခန်းတွင်းဝယ် သင်းထုံစီးပျံ့ချေသည်တည့်။

သစ္စာဖြင့် တိုင်တည်အပ်ပါသော အချစ်သည် အချစ်ကိုသာ တုံ့ပြန်ဖြစ်တည်စေနိုင်စွမ်းချေသ⸺်တကား။

မိဆယ်၏ မျက်လွှာလေးတွေ မေးယုက်အကျမှာ ကိုကြီး၏အချစ်ဖြင့် ထုံးမွမ်းအပ်ပါသည့် ဤရင်ခွင်ကျယ်သည်သာလျှင် ရင်ငြိမ်းစေမည်ဟု အး ကိုးစိတ်ဖြင့် မြတ်နိုးစွာပ် ခေါင်းလေးကို မှေးမှီအပ်ထားမိလု ာ်ရပါ၏။

အချစ်သည် ခွင့်လွှတ်ခြင်းကို ဖန်ဆင်းပေးနိုင်စွမ်းပါသည်ကော ကိုကြီးရယ်။



*ဖြူလဲ့ဖြူ မွှေး ပွင့်လွှာမွေ့ဥ*
*ပြိုင်ဘက်တုကင်း၊ လှအဆင်းမှာ*
*ပန်းရွေကြာနှယ်၊ နုပွင့်သွယ်ရှစ်*
*လွန်ပျိုမျစ်၏ ...။*

*ဝါလဲ့ဝါသွေး၊ စကားမွှေးနှယ်*
*လွန်းလင်းကြွယ်နု၊ ရွှေစင်ဥသို့*
*မြမြိတ်စို့နှင့်၊ ပျိုမျစ်တင့်တယ်*
*အလှကြွယ်၏ ...။*

*တစ်ယောက်တည်းသာ ချစ်မိပါသည့်*
*ငါ၏အချစ်၊ သစ္စာဖြစ်သော်ဝ်*
*ဆင်းလှတော်ဝင်၊ လှသခင်သည်*
*ရင်မှာတည်သည့်၊ သူ၏အချစ်*
*တုံ့ပြန်လှစ်ကာ၊ ချစ်မိပါစေ*
*ချစ်မိစေသား၊ သစ္စာထားမည်*
*ပြော် ...*
*ချစ်မိစေသား သစ္စာထားမည်။ ။*

www.burmeseclassic.com

www.burmeseclassic.com



မျှဝေခံစားခြင်းများစွာဖြင့်




မဟာရ(လှိုင်ကော်)
(၂၄-၇-၁၉၉၁)

အမှတ်(၉၀)၊ အုန်းတောလမ်း
ဒေါ်ဥစ္စုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
(ဖုန်း - ၀၈၃/၂၁၃၂၃)

BURMESE CLASSIC .com
www.burmeseclassic.com